၁၉၉၂၂

သိမ်တောင်ရိုက်းလုံးဆိုင်ရာ

ဩဝါဒါစရိယ

ပိဋကတ္တယဆေက

ဂန္ထဓုရ-ဝိပဿနာဓုရ

ဆည်ကြီးတောရဆရာတော်

ဘုရားကြီး

စီရင်ရေးသားတော်မူအပ်သော

# အာရိယာဝိဇ္ဇာမဂ္ဂအာလင်းပြ

# ကျမ်း

၁၉၅၅-ခုနှစ်

ရွှေပြည်တန်စာပုံနှိပ်တိုက်

(တွတ်အင်ဆန်း-စန်းပွင့်ကုမ္ပဏီ)

အမှတ် ၁၂-နှင်းပန်းလမ်း၊ရေကျော်ဈေး

ရန်ကုန်မြို့။

# ရွှေပြည်တန်စာပေ

ဒွဋ္ဌတရား — အမှတ်စဉ် (၁)

ဒုတိယ-ပုံနှိပ်ခြင်း
အုပ်ရေ-၃၅၀၀

၁၃၁၆-ခု ၁၉၅၅-ခု

သိမ်တောင်ကိုလ်းလုံးဆိုင်ရာ ဩဝါဒါစရိယ



ဆည်ကြီးဆရာတော်ဘုရားကြီး

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး - ရန်ကုန်။

# ကျေးဇူးတော်ဂုဏ်ကို ရည်မှန်းလျက်

**ကျမ်းပြုပုဂ္ဂိုလ် သက်တော် ၇၃-နှစ် ဝါတော် ၄၉-ဝါရှိ ဆည်ကြီးတောရ ဆရာတော်ဘုရားကြီး၏ သက်တော်ရှည်ရာ အနာကင်း ကြောင်း ပူဇော်လျက်၊**


ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး, သိမ်တောင် ဆရာတော်ဘုရားကြီးနှင့် သက်တော်ထင်ရှားရှိ ဆည်ကြီးတောရ - ဆရာတော်ဘုရားတို့အား

ကိုယ်တိုင် ကိုယ်ကြပ် ဆည်းကပ်ပြုစု ကိုးကွယ်ခဲ့သောကျေးဇူးရှင် သိမ်တောင်စကြာတော် ဒါယကာကြီး ကွယ်လွန်သူ မြစ်သား - ဦးစံဖေ၏ ဇနီး အသက် ၇၆ နှစ်ရှိ၊ စကြာတော်အမကြီး ဒေါ်ဘွင့်အား အသက်ရှည်ရာ အနာကင်းကြောင်း ဆုတောင်းလျက် ဓမ္မဒါနကုသိုလ်။

**သား သမီး များ**

၁၃၁၆-ခုနှစ်၊ တပို့တွဲလ
၁၉၅၅-ခုနှစ်၊ ဖေဖေါ်ဝါရီလ

''ပဏာမ, အာသီသ, ဝတ္ထုပုဗ္ဗက, သုံးရပ်ဖြင့်
သာသနာ သုံးရပ် ပူဇော်ခြင်း။''



ဇဝန သာမိ ရတနံ၊ ဇဝနာစရိ ဝဏ္ဏံ၊
ဇဝန ကာမိ ပရိညံ၊ ဇဝနာဘာဇိ သီတလံ။

ဇဝနသာမိ ရတနတ္တံ၊ ခန္ဓာငါးလီ ဇဝနထေရ်၏ အရှင်, နှစ်ဆယ့်လေးပါးသော ဂုဏ်တော်ကို၏ သခင် ရတနာ သုံးအင်ကိုလည်းကောင်း။

ဇဝနာဝစရိပ၊ သာသနာရောင် အလင်း ခေတ်ဖြင့် အဝိဇ္ဇာမှောင် မခြင်းမကင်စေတဲ့ ဇဝနထေရ်၏ - အာစ ရိယ ပါစရိယ ပရမ္ပရသာဝက, ဆ ရာ ဘု ရား ကို လည်းကောင်း။

ဝန္ဒနံ၊ သဒ္ဒါမြတ်နိုး လက်ပုမိုး၍ ရှိခိုးခြင်းကို။
ကတွာ၊ လက်မှန်မသွ ရှေးပဌမက ပြုပြီး၍။

ဇဝနကာမိ ပရိသုဒ္ဓ၊ လျှင်မြန်သိလို ဇဝန အမည်ရှိ သော ပုဂ္ဂိုလ်သည် အလိုရှိအပ်သော ကိလေသာ ပယ် သတ်သည့် ပရိသုဂုဏ်သုံးရပ်ကိုလည်းကောင်း။

ဇဝန ဘာဝိ သီတလဒ္ဓ၊ အတွင်ရှင်ဦး ဇဝနထေရ်သည်၊ ပဟာန်တဒင် မှီ၍အပ်သော ဆက်ဆက် အေးမြ အသစ်တကိုလည်းကောင်း။

သမိဇ္ဈန္တု၊ ကြံ တင့် အလျှင် ဦးအောင်,ဆွတ်ခူး ပန်ဆင်၍ တလုံးတဝတည်း ပြည့်စုံကြ စေကုန်သတည်း။

စက်ဝိုင်းဂါထာဆရာစဉ်ဆက်

# နိဒါနုပဒေသ

မယှံ အာစရိယော အသုကာစရိယဿ သန္တိကာ
ဥဂ္ဂဏှိ သော အသုကာစရိယဿာတိ ဧဝံ သဗ္ဗံ အာစရိယ
ပရမ္ပရံ ထေရဝါဒံ အာဟရိတွာ ယာဝ ဥပါလိတ္ထေရော
သမ္မာသမ္ဗုဒ္ဓဿ သန္တိကေ ဥဂ္ဂဏှီတိ ပါဠေပတွာဌာပေယိ၊

သမန္တ ပါသာဒိက အဋ္ဌကထာ ဥပဒေသအရ အနုလောမ အားဖြင့် ပဋိပတ္တိ သာသနာပြု ဂန္ထဓုရ ဝိပဿနာဓုရ ဆရာတော် အရှင် ''**ဇဝန**'' ၏*ပဉ္စမ ပုဗ္ဗာစရိယကား၊ မိတ္ထီလာခရိုင် ဝမ်းတွင်းနယ် ထီးလှိုင် တိုက် ဆည်ရွာ ရွှေတွင်းတူး, ဂိဏ်းထောက် အရှင် ဥဂ္ဂံသ* ဒုတိယမှာ အင်းမကြီး သိမ်ဘောင် အရှင်ဇော တိက*တတိယတွင်၊ လယ်တီဆရာတော်, စံကျောင်း ဆရာတော်, သဲအင်းသာသနာပိုင်, ဗားကရာ, မင်းအို, ချောင်းကောက်, ကျော်အောင် စံထားမှ အထက်သို့ ဆန့်သော်-ဆရာ့-ဆရာ ဆရာတော်များ (ပ) သောဏ ထေရ်, ဒါသက ထေရ်, ဥပါလိထေရ်, သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား ထိုမှအဆက် နောင်တော်ကဿပ (ပ) တဏှင်္ကရာစသည့် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း အာစရိယ, ပါစရိယ ပရမ္ပရ အဆင့်ဆင့် တို့တည်း။ ပဋိလောမအားဖြင့် အောက်သို့ ပြန်သော် ဆရာစဉ်ဆက် မှဆင်းသက်ခဲ့သော ပဋိပတ္တိ သာသနာပြု ဆရာတော် အရှင်ဇဝန, ထေရ်ပင်လျှင်တည်း။

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


နိဒါန်း

၁။ ဒုတိယအကြိမ် ပုံနှိပ် ထုတ်ဝေခြင်း အကြောင်း။ (က)

၂။ နိဒါန်း။

၃။ တရားဓမ္မနှင့် ဂိုဏ်းဝါဒ။

၁။ ပဏာမ-ကျမ်းဦးစကား။ ၁

၂။ ဥပယောဇဉ်။ ၈

၃။ အထင်အမြင် မှားနေသော အကြောင်း နှင့် အသိ အမြင် မှားအောင် လှည့်စား သော သဘောတရား ပြဆိုခန်း။ ၉

၄။ ခေတ်ရှစ်ပါးဖြင့် စစ်တမ်း ထုတ်၍
သဘာဝ ဓမ္မကို ဖေါ်ထုတ်ခန်း။ ၁၀

၅။ ခန္ဓာ ငါးပါးကို ဖြစ်စေတတ်သော
မျိုးစေ့ အနုသယ ခုနှစ်ပါးနှင့် သဘာဝ
ဓမ္မတရား သရုပ်နှင့် သဘောများကို
အကျယ်တဝင့် ရှင်းပြခန်း။ ၁၉

၆။ လူဖြစ်ခြင်း၏ အကြောင်းတရားများနှင့်
လူဖြစ်ပေါ်လာပုံ၊ ပဋိသန္ဓေ တည်ဟန်
ရုပ် ကိုယ်ခန္ဓာတည်ဆောက်ပုံနှင့်
နာမ် ခန္ဓာ ဆက် စပ်ပုံများ။ ၂၇

၇။ လူတယောက် အဘို့ တနှစ်လျှင် အစာ
အဟာရ ၁၁ တင်းနှင့် တပိတ်သား စား
မျိုကြောင်းနှင့် ရုပ်ကြီးပွားမှုကိုပြပုံ။ ၄၆

၈။ ပဋိသန္ဓေတည်ခမ်းနှင့် ဇာတိဒုက္ခကို
ဥပမာနှင့်တကွ အ လ င်း သိ မြင် အောင်
ရှင်းပြခန်း ၅၁

၉။ ဇာတိ ဒုက္ခ အကြောင်းနှင့်ဆက်၍
ဇရာဗျာဓိမရဏ-အိုနာသေ
ဘေးကြောင့် သိဒ္ဓတ္ထ မင်းသား တော

ထွက်ခမ်းကို စံပြုအဖြစ် သိမြင်အောင်
ဝေဘာန်ခမ်း။ ၅၇

၁၀။ သူခလိုသော ကြောင့် ဒုက္ခရစရိယာ
ကျင့်သုံးခမ်းနှင့် အလင်းမှရပင်ပန်း
ဗျာပုံ။ ၆၅

၁၁။ ကျိုးစားလျှင်ဘုရားဖြစ်နိုင်သော်လည်း
အခွင့်မရ၍ ဘုရားဖြစ် အချိန် ကြံ့ကြာ
နေဟန်၊ အခွင့်သင့်သစ်ဖြင့် အခွင့် ယူ၍
ဘုရားဖြစ်ပုံအကြောင်း။ ၇၂

၁၂။ ဗောဓိပင်နှင့် ပလ္လင် တော် ပေါ်တွင်
ဝိရိယကို အစွမ်းကုန်ပြုတော်မူခြင်း။ ၇၆

၁၃။ သမ္မာ ဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်း ပေါက်
သိမြင်ရရှိပုံ။ ၇၀

၁၄။ မဂ် ဖိုလ် အရသာကို တွေ့ရပုံ၊ ဘဝ
သံသရာမှ လွတ်မြောက် တော့ပြီဖြစ်၍
(အနေက ဇာတိ သံသာရံ)ဥဒါန်း
ကျူးရင့်သော ပဌမ ဗုဒ္ဓ ဝစန-ဘုရား၏
ရှေးဦးစကား။ ၈၄

၁၅။ ပဒိုသန္တေတည်နေခမ်းတွင် မိမိတို့အလို
ကျခိုင်းထားသော ကာ လက်သမားက
ဘာဝ တည်ဆောက်ပေးနေပုံ။ ၈၆

၁၆။ ယောက်ျား မိန်းမတို့၏ အဆင်းဓာတ်
နှင့် တဏှာ ဥပါဒါန် အဇ္ဈင်ကာသဖြင့်
အဆင်းရဲ မရပ်နိုင်ခြင်း။ ၉၀

၁၇။ ငါတဲ့ ငါ့ဟဲ့ အတ္တ ဒိဋ္ဌိ အစွဲရှိသမျှ
အပါယ်ရွာကို အိမ်မှတ်စွဲ ဖြစ်ခြင်း
အကြောင်း။ ၉၂

၁၈။ အန္ဓ ပုထုဇန်နှင့် သောတာပန်၊ ခံစား
သော ကာမဂုဏ်ငါးတန် အာရုံပြခန်း။ ၉၉

၁၉။ အတ္တ ဒိဋ္ဌိ-သက္ကာယ ဒိဋ္ဌိများကို သမ္မာ
ဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်အောင်
လက်ထောက်၍ပြခြင်း။ ၁၀၀

၂၀။ ကမ္ဘာ့သူကမ္ဘာ့သား အန္ဓပုထုဇန်များ
၌ အဆင်း သဏ္ဍာန် ရုပ်ဟန်ပေါ်တွင်
မျက်စေ့လည်သောဒါဏ်ချက်ကြောင့်
အတွင်း လူနာအဖြစ် ဆေးရုံ တက်ရ
ခြင်းအကြောင်း။ ၁၀၂

၂၁။ သမ္မာ ဒိဋ္ဌိ ဝိဇ္ဇာ ဖြစ်အောင် စီစဉ်သော
နည်းလမ်း၊ ၁၀၀

၂၂။ ပညာမဲ့ နှင့် ပညာရှိ အဖြစ် မိမိကိုယ်
ကို မိမိ စစ်တမ်းထုတ်ခြင်း။ ၁၁၅

၂၃။ ဥပါဒါန်၏ အာရုံ ခန္ဓာငါးစုံ သက္ကာယ
အစု အပုံ။ ၁၆

၂၄။ ချုပ်ငြိမ်းလျှင် နိဗ္ဗာန်ဘုံ။ ၁၂၀

၂၅။ တရားအားမထုတ်မှီ ပြုလုပ်ရမည့်
ပုဗ္ဗ ကိစ္စ ဂဏာမဘောဂလာသုတ်ကို
ထုတ်ဆောင်ပြခြင်း။ ၁၂၅

၂၆။ သမာဓိညာဏ်အား ညဥ့်သုံးယံ
ပွားများနည်း။ ၁၃၇

၂၇။ ဇာဂရိယပုတ်လေးပါး သတိပဋ္ဌာန် တရား
အတိုချုပ် ပွားများနည်း။ ၁၃၈

၂၈။ ဝိပဿနာလုပ်ငန်း-အနိစ္စ-ဒုက္ခ-အနတ္တ-
လက္ခဏာရေး သုံးပါးဖြင့် စစ်တမ်း
ထုတ်ပုံ ဤအခန်းတွင် ဗုဒ္ဓ ဘုရားကိုယ်

တော်ထိုင် နိသျှည်းပြုသော ရာဟုလော
ဝါဒသုတ်လာအတိုင်း ပိဋကတ်ကျမ်းဂန်
အရပ်ရပ်မှ မှုရင်း ကျင့်စဉ်များကို
ပြထားသည်။ ၁၄၇

၂၉။ မဟာ ရာဟုလောဝါဒ သုတ်တော် တဖန် ထုတ်ဖော်၍ပြခြင်း။ ၁၅၆

၃၀။ ဗြဟ္မာဝိုရ်တရား လေးပါး ပိုင်းခြား ပွား များပုံပြခြင်း။ ၁၇၅

၃၁။ အသုဘပွားနည်း ဝိပဿနာ အနိစ္စသိမ်း ဆည်းပုံပြခြင်း။ ၁၇၆

၃၂။ သားတော်ရာဟုလာအား ပေးတော်မူသော အမွေ အာနာ - ပါဏ သိမ်းဆည်း လေဟု ပြခြင်း။ ၁၇၇

၃၃။ ဈာန်မဂ်ဖိုလ် တားဆီးတတ်သော အတိတ် ကံ၊ ကန့်တော့ တောင်းပန် သော လမ်း စဉ်မှန်။ ၁၈၁

၃၄။ ကန့်တော့ရသော အကျိုးဆက်၊ ဂရုကံ ပျောက်ပျက်၍ အဝိစိသို့ ဆင်းသက်မသွား၊

ယောက်ျား ပြန်ဖြစ်ခါ ရဟန္တာ ဖြစ်ရသည့်
သောရေယျ သူဌေးသားဝတ္ထု။ ၁၈၅

၃၅။ သူမိုက်ရှောင်ကြဉ် ပညာရှင်မှီဝဲလျှင် ငရဲမီး
စဲမည်ကိုပြခြင်း။ ၁၈၈

၃၆။ အာယတန ၁၂-ပါး, ဗိုလ် ၅-ပါး, အညီအမျှ
ထား၍ ကြိုးမားသော ဝီရိယဖြင့် မနေမနား
ပွားပုံ ဥပမာဒံ၍ပြခြင်း။ ၁၉၁

၃၇။ ယောဂီပုဂ္ဂိုလ်တိုင်းဆရာမကောင်းရ ဟူသော
အာရမ္မဏ တခြား၊ ပေါ်သော အာရုံ
တခြား သဘာဝအတိုင်း ပစ္စည်းဆက်နှီး၍
မှတ်သား။ ၁၉၃

၃၈။ ခန္ဓဝဂ် ပါဠိတော်လာ ခန္ဓာငါးပါး ဥပမာ
အကျယ်နှင့် အဓိပ္ပါယ်များ။ ၁၉၅

၃၉။ ရုပ်ပေါ် ထင်သော သမ္မသန ဉာဏ်ဖြင့်ပုံ
ဥပမာဒံ၍ပြခြင်း။ ၁၉၈

၄၀။ ရုပ်, ဥဒယဗ္ဗယဉာဏ် သန္တတိ အစဉ်ပြတ်
ဟန်ပြခြင်း။ ၂၀၄

၄၁။ ဥဒယဗ္ဗယဉာဏ်ရင့်သန်ရှု၍ ထူးလှသော
အရောင် အလင်းပေါ်လာသော် မလွတ်နိုင်

မခွါနိုင်, အဖန်ဖန် ငြိတွယ်လျှင် မဂ်ဖိုလ်
အန္တရာယ်ပြခြင်း။ ၂၁၀

၄၂။ အလင်းရောင် သဘာဝပေါ်မှ ဥပေက္ခာပြုပြီး
အဖြစ်အပျက် ရှု၍ ရင့်သန်လျှင် ဥဒယဗ္ဗယ
ဉာဏ်အောင်ပြီ။ ၂၁၂

၄၃။ ဘင်္ဂဉာဏ် ပေါ်လာပုံကို အာကာရပမာဏ၍
ပြခြင်း။ ၂၁၃

၄၄။ ဘယဉာဏ် တဆင့် ဘင်္ဂဉာဏ်ရင့်၍ ပေါ်
လာပုံပြခြင်း။ ၂၂၂

၄၅။ အာဒီနဝဉာဏ် သဘာဝအတိုင်း ပေါ်ပြန်ကို
ပြခြင်း။ ၂၂၄

၄၆။ နိဗ္ဗိန္ဒာဉာဏ် အပြစ်မြင် မီးတွေ့ဘော့ အချစ်
မဝင်ငြီးငွေ့ သည်ကို ပြခြင်း ၂၂၅

၄၇။ မုဉ္စိတုကမျတာ ဉာဏ်, ငြီး ငွေ့ သော
အန္တရာယ်မှ တ က ယ် လွ တ် လို သည်ကို
ပြခြင်း။ ၂၂၆

၄၈။ ပဋိသင်္ခါဉာဏ် လွတ်လိုသော ဘေးအပေါင်း
လွတ်ကြောင်းရှာရသည်ကိုပြခြင်း။ ၂၂၇

# ဝိဇ္ဇာ နှင့် စရဏ


၆၀။ အဓိပ္ပါယ်အဖွင့်။ ၃၃၄

၆၁။ လောကီဝိဇ္ဇာ နှင့် လောကုတ္တရာ ဝိဇ္ဇာရှင်းတမ်းကြီး။ ၃၃၅

၆၂။ ဝိဇ္ဇာနှင့်စရဏနှစ်ပါးကို ဥပမာဖြင့်ပြပုံ။ ၃၃၈

၆၃။ တိရစ္ဆာန် ဝိဇ္ဇာ အတတ် ၃၃ - မျိုး သရုပ်နှင့်သဘော။ ၃၄၅

၆၄။ ဖြပ္ပကာ ဝိဇ္ဇာနှင့် ဗုဒ္ဓ ဝိဇ္ဇာ။ ၃၄၈

၆၅။ စရဏသရုပ်နှင့်အဓိပ္ပါယ်။ ၃၄၉

၆၆။ စရဏအသင်းအပင်းနှင့် ဝိဇ္ဇာအသင်း အပင်း။ ၃၅၀

၄၉။ သင်္ခါရုပေက္ခာဉာဏ်, သင်္ခါရဖြစ်မှု, လျစ်လျူရှုသောဉာဏ်။ ၂၂၉

၅၀။ အနုလောမဉာဏ်, မဂ်,ဖိုလ်, ဝေဒနာနှင့်လျော်စွာ, အနည်းဆုံး ပေါ်လာသောဉာဏ်ကို အကျယ်ဝေဘန်ပြခြင်း။ ၂၃၄

၅၁။ အရိယာဝိဇ္ဇာမဂ်ဉာဏ် သောတာပန်သုံးမျိုး ရှိဟန်ဥပမာနှင့် ဝေဘန်ပြခြင်း။ ၂၃၆

၅၂။ ကိလေသာ ကွယ်ငုတ်စဉ် အရိယာထင်သူတို့ အပါယ်မကျအောင် ကယ်မသော အဆုံးအဖြတ်။ ၂၆၉

၅၃။ နက်နဲ, ခက်ခဲလှ၍ ဥပရိပဏ္ဏာသ ဆဆက္က ဗဟုဓာတု သုတ်များ မှတ်သား၍ ဉာဏ်သွားထက်ရန်ပြခြင်း။ ၂၇၅

၅၄။ ဘာဝနာယ ပဟာတဗ္ဗအရ သကဒါဂါမ်, အနာဂါမ်, အရဟတ္တ မဂ် ပုဂ္ဂိုလ်သုံး ဝ, ပယ်ကြသော အဆုံးအဖြတ်ပြခြင်း။ ၂၇၈

၅၅။ ရဟန္တာ အရှင်မြတ်တို့ အနုသယ ဓာတ်ချုပ်ငြိမ်းလျှင် ကြွယာဝင်ကိန်း ကူးပြောင်းခြင်း ဥပမာနှင့်ပြ၍ ဆုံးဖြတ်ခြင်း။ ၂၈၀

အသင်္ခတ နိဗ္ဗာန် ဓာတ်ကြီး၏ သန္တိ,သဘော်
သဘော ထင်ရှားသည်ကို ဂန္ဓာရီ ဝိဇ္ဇာရုပ်၏
ဥပမာပြ၍ ဆုံးဖြတ်ပြခြင်း။ ၂ဂ၁

နိဗ္ဗာနဓာတ် ဆတ်ဆတ်ရှိပုံ ပါဠိတော်လာ
အဋ္ဌကထာနှင့် ဆုံးဖြတ်ပြခြင်း ၂၉ဝ

အရိယာ ဝိဇ္ဇာ အသိနှင့်, ပုထုဇဉ် အသိ
ခြားနားပုံ ဗဟုဓာတုက သုတ်ဖြင့် ဆုံးဖြတ်
ပြခြင်း။ ၃၁ဝ

နိဂုံးဂါထာများပြခြင်း။ ၃၂၅

၆၇။ ဝိဇ္ဇာ ၈-ပါးနှင့် စရဏ ၉-ပါး
တွဲဘက်နေပုံ။ ၃၅၁

၆၈။ စရဏ ၁၅-ပါး သရုပ်နှင့်
ဆောင်ပုဒ်များ။ ၃၆၅

၆၉။ အရိယာ ဝိဇ္ဇာပေါက်မှ ဆုံးခမ်း
ရောက်ပုံ။ ၃၆၇

ကျမ်းရင်းကြီး ဤ၌တွင်ပြီး၏။

# နောက်ဆက်တွဲ

ကျေးရွာရှင် လယ်တီဆရာတော် ဘုရားကြီး၏ ထံပါးသို့ ချည်းကပ်၍ တရားနာခံ မှတ်သားတော်မူကြသော စစ်ကိုင်းတောင် ဂန္ဓာရုံဆရာတော်ဘုရားကြီးနှင့် တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီးအား လယ်တီ ဆရာတော် ဘုရားကြီးက ဩဝါဒ စကား ဝိပဿနာလုပ်ငန်းညွှန်ကြားပုံ။ ၃၆၉

# နိ ဒါ န်း

၁၂၈၂-ခုနှစ်-သထုံမြို့ အပိုင် ဇင်းကျိုက် တောင် မြောက်ဘက် ကတွန်မိုင်းအတွင်း "သူဌေး, ချင်းချောင်း" စံကျောင်းတိုက်ကြီး ပေါ်၌ ကျေးဇူး ရှင် လယ် တီ ဆရာ တော် ဘုရား ကြီး နှင့် အဘူ တကွ ပါဆိုစံ၍ အခါ ထို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး, က မိန့် မြွက် တော်မူသည်မှာ-

"ငါ့ရှင်တပည့်"ဇဝန"(ပညတ်ပဒမဘော်) ဒွဲခန်းကြီး များနှင့် လွန်စွာ ခက်ခဲ နက်နဲသိမ်မွေ့လှစွာသော အနုသယ ခုနှစ်ပါးကို စာမသင်ဘူးကြကုန်သေးသော ရဟန်း ရှင်,လူ, ရသေ့, လူ သူတော်,သီလရှင် အပေါင်း တို့ ကို ကောင်းမွန် သေချာစွာ နားလည်ကြစေရန် ဥပမာနှင့် တ ကွ ထင်လျှားစွာ ရေးသားဖေါ်ပြရမည်ဟု မိန့်ကြား မြွက် ဟာတော်မူလေသည်။

ထိုကဲ့သို့ ကျေးဇူးရှင် ဆရာတော် ဘုရား ကြီး ၏ မိန့် ကြား မြွက်ဟာတော်မူချက်ကို ရိုသေ လေးမြတ် စွာ နာခံ ပြီးလျှင် လွန်စွာ ခက်ခဲ နက်နဲသိမ်မွေ့လှစွာ သော အချက်

ကြီးများကို ရေးသားစီရင်ရန် နေရာဋ္ဌာနကို ကောင်းမွန်စွာ ရွေးချယ်သော အခါ ထို "စံကျောင်း တိုက် ကြီး"၏ အရှေ့တောင်အရပ်၌ တောင်လှုံ့တောင်မြတ်၏ ထိပ်ဝယ် စိတ်၏ ကြည်လင် သန့်ရှင်းစင်ကြယ်ဘွယ်ရာ ဆောက်လုပ်ထားသော တိုက်ခံ ကျောင်းပေါ်သို့တက်ပြီးလျှင်....

ဒိဋ္ဌိပိတ်ကို ကောင်းစွာ သုတ်သင် ရှင်းလင်း ၍ ရတနာ သုံး ပါးဂုဏ်တော် အပေါင်းနှင့် တကွ ဆရာ-မိဘ ဂုဏ် အပေါင်းကို ကောင်းမွန်စွာ နှလုံးသွင်းပွါးများ၍ ရှိခိုး ပူဇော် အပ်သော ပုဂ္ဂိုလ်အပေါင်းကို ရိုသေလေး မြတ်စွာ ရှိခိုး ပူဇော် ကန်တော့ ပြီးလျှင် ကမ္ဘာပေါ်၌ သမ္မာဒိဋ္ဌိ အဝိဇ္ဇာ ဉာဏ် အလင်း မပေါက် ကြကုန်သေးသော (အန္ဓပုထုဇန် ပုဂ္ဂိုလ်အပေါင်းတို့ အား) (သမ္မာဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ်) အလင်းပေါက်ကြစေခြင်းအကျိုးငှါ ရည် သန်၍ မြင့်မြတ် ဖြောင့်မတ် တည်ကြည်သော သမာဓိ တရား ကို ရှေ့သွား မှု၍ (ပညတ်-ပရမတ် ခွဲခန်းကြီးများနှင့်တကွ) (အနုသယ ချန္တစ်ပါးကို) လက်ဝါးပေါ်တွင် ထင်ရှားစွာတင်၍ ထားသော စိန့်,ကျောက်, ကြွမြား ရတနာကဲ့သို့ ရှင်းလင်းစွာ ရေးသားဖော်ပြပေ အံ့ဟု ဆောက်တည်ခဲ့သတည်း။

ထိုကျမ်းဖြစ်သည် (အဘိဓမ္မာ အဋ္ဌ က ထာ, သုတ္တန် အဋ္ဌကထာတို့၌များစွာလာရှိသော (အန္ဓပုထုဇန်-ကလျာ

ကာပုထုဇန် ) ဟူ၍ နှစ်မျိုးရှိသည့်တွင်....

ခန္ဓာ ငါးပါး,အာယတန တဆဲ့နှစ်ပါး,ပဋိစ္စ သမုပ္ပါဒ် တရား, သဘိပဋ္ဌာန်,ဗောဓိပက္ခိယတရားတို့၌ ကျွမ်းကျင် လိမ္မာမှု ပညာမျက်စိမရှိသော ရဟန်း ရှင် လူ အပေါင်း တို့သည် အန္ဓပုထုဇန်မည်၏။

ထိုတရားတို့ ၌ ကျွမ်း ကျင် လိမ္မာမှု ပညာ မျက်စိနှင့် ပြည့်စုံသော ရဟန်း,ရှင်,လူအပေါင်းတို့သည် ကလျာဏ ပုထုဇန်မည်၏ဟု ဟောတော်မူပေသည်။

ထို့ကြောင့် အန္ဓပုထုဇန်အဖြစ်မှ မလွတ်သမျှ ကာလ ပတ်လုံး မိမိတို့ ဆောက်တည်ထားသော သရဏဂုံ သီလ တို့ကို သက္ကာယ ဒိဋ္ဌိက ပစ် ခွင်း ၍ ဖျက်ဆီး ကြသော ကြောင့် အမြဲမတည်နိုင်ကြဘုန်း။

သို့အတွက် ယခုနေ့ သီလ,ရှိ နက်ဖြန်ခါ သီလ,မရှိ၊ မျက်စိတမှိတ်ခန့် သီလ,ရှိ၊ မျက်စိတမှိတ်ခန့် သီလ,မရှိ၊ ဒုဿီလအဖြစ်နှင့် မတည်မငြိမ် ထွေးလုံးရစ်ပတ် ဖြစ် နေကြသောကြောင့် သောတ္တာပန်တဖြင့် မလွဲတည်း။

ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အန္ဓ ပဝေဏီ ဥပမာကို ပြဆိုတော်မူပေ၏။ အန္ဓပဝေဏီ ဥပ မာဆိုသည်ကိုပြဦးအံ့။ ကောင်းစွာ မှတ်ကြပါ သူတော် ကောင်းအပေါင်းတို့။

တယောက်သောသူသည် မျက်စိစုံလုံးကန်းနေသည့်

သူကန် ကြီးသည် ရှိ၏။ ရှေ့သွားခေါင်းဆောင် ပြုလုပ်၏။ ထိုသူကန်းကြီးကို အားကိုးပြု အကောင်းထင်၍ နောက်က သူကန်းတွေက ရှေ့ကသူကန်းကြီး၏ ပခုံးကိုကိုင်၍ ဆက်ခါဆက်ခါ လိုက်နေကြသော သူကန်းတန်းကြီးသည် သိန်းသောင်း, ကုဋေမက များလှပေသည်။ နောက်က သူကန်းတို့က ရှေ့က သူကန်းကို မသိမမြင်သည့်အတွက် ကောင်းလို့သာ ရှေ့က သွားနေသည်ထင်၍ နောက်က ဘမိုက်မိုက် လိုက်နေကြပေသည်။ ကသူကန်းကြီးကလဲ ငါ့ကို အကောင်းထင်၍ လိုက်နေကြသည်။ ။ ငါလဲ အကာ န်း ဘဲ လို့ ပြောလိုက်လျှင် ငါ့နောက် လိုက်နေသော သူကန်းပရိသတ်ကြီး ပျက်သွားမည်ကို စိုးသောကြောင့် မပြောဘဲနှင့် တောနက်ကြီးအတွင်းမှာ တဝဲလယ်လယ်နှင့် ကျခြင်ရာကျ, ရောက်ခြင်ရာရောက်, ဖြစ်ခြင်ရာဖြစ်,ဒုက္ခကြီးစွာရောက်၍ သေကျေပျက်စီးကြရသော သူကန်းတန်းကြီးကို (အန္ဓပဝေဏိသူကန်းတန်းကြီး) ဟု ဟောတော်မူ၏။

ဤသူကန်းတန်းကြီး ဥပမာကို ထုတ်ဆောင်၍ပြလိုက်ခြင်းကား ယခုအခါ တရားခွဲ့ သဘော သဘာဝတ္တုများကို ဖြောင့်ဖြောင့် မတ်မတ် သန့်ရှင်းစင်ကြယ်သော အသိအမြင်ဖြင့်အလင်းမရနိုင်လောက်အောင် ဝါဒကွဲ-ဂိုဏ်းကွဲများ- ညင်းပွားမှုများ ရှိနေလေရာ လူအများတို့အဘို့ ဘယ်သူ့နောက်သို့လိုက်ရမှန်းမသိ တွေဝေမိန်း

မောရှိဘွယ်ရာဖြစ်၏၊

သို့အတွက် ထိုဥပမာကို ကိုယ်ပိုင်ဉာဏ်နှင့် သဘာဝမွေ့ ကဲ့ ပိုင်နိုင်စွာထင်မြင်အောင် နှလုံးသွင်းကြစေလိုသည်။

(ဆရာတော် ယခုရေးသော ကျမ်းသည် အဋ္ဌပဝေဏိ သုကာန်းတန်းကြီး အဖြစ်မှရင်း၊ အန္တပုထုဇဉ်အဖြစ်မှရင်း ကျွတ်လွတ် ထွက်မြောက်၍ ကလျာဏ ပုထုဇန် အဖြစ် အလင်းခေတ် ဝိဇ္ဇာဉာဏ်ကြီးကို ပေးစွမ်းနိုင်သော ကျမ်း မြတ် ဖြစ်သောကြောင့် "အရိယာ ဝိဇ္ဇာမဂ္ဂ အလင်းပြ ကျမ်း" ဟု ခေါ်ဆိုပေသည်။)

ထိုကျမ်းစာအုပ်ကို ကောင်းမွန်စွာ ရေးသားပြီး သောအခါ သူဌေး "ချင်းချောင်း" ၏ စိကျောင်းတိုက် ကြီးပေါ်တွင် ကျေးဇူးရှင် "လယ်တီဆရာတော်ဘုရား ကြီး" က ဘတ်ပြရမည်ဟု အမိန့်တော်ရှိသည်အတိုင်း, သဒ္ဓါဝိဟာရိကတပည့်ရင်း ဖြစ်ပေသော (ဦးဧးယျ ကိုယ်တော်) က ဘတ်ပြရပေသည်။

ထိုအခါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ရှေ့သို့ ဆက်လက်၍ အကျယ်တဝင့် ရေးရဦးမည်ဟု မိန့်ကြား မြွက်ဟတော်မူသည့် အတိုင်း ထိုကျမ်းစာအုပ်ကို အခွင့် ရသလောက် အနည်းငယ် ရေးသား၍လာခဲ့ရာ ကျေးဇူး ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ရှပ်,နာမ်,နှစ်ပါး

ဘဝတပါးသို့ ပြောင်းသွားပြီး သည့်နောက် သာသနာ တော် အတွက်ရှက်ဆောင်အပ်သော ဝတ္တရားတွေလွန်စွာ များပြားလာသောကြောင့် ထိုကျမ်းစာအုပ်ကို ရေးခွင့် မရဘဲနေလေရာ။

၁၂၉၂ ခုနှစ်၊ ဝမ်းတွင်းမြို့ သင်မ်တောင်, တောင်သာ ကန့်တော်ကြီးကျောင်း၌ ဝါဆို၍ ပဋ္ဌာနသာ, သုံးကျမ်းနှင့် တကွ သံယုတ်ကျမ်းမြတ်ကြီးများကို ကောင်းမွန်စွာ ကြည့်ရှုမှတ်သား၍ အဗ္ဗုဒ္ဒဟိတ, ပရဟိတ, နှစ်ဝသော သာသနာအကျိုးကို ပြည့်ဖြိုးအောင် ရွက်ဆောင် နေနိုက် အဘွင်း မြစ်သားမြို့အပိုင် ကသွ ရွာ ဘုရားဒါယကာ ဦးပြည့်, ရာဇဝတ်အုပ် ဒါယကာ ဦးပွား။ ဆည်သူကြီး ဒါယကာ ဦးလုံး။ ကုန်သည်ကြီး ကိုဖေ, ကိုဘခင်, ကိုသောင် အစရှိသော ဒါယကာ အပေါင်းတို့သည် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်၍ အသင်္ခတ ဓာတ် မြတ်လှစွာသော နိဗ္ဗာန်တရားတော်မြတ်ကြီးကို မျက်မှောက်ပြုသိုသော ဆန္ဒဓာတ်ကို ပြင်းသန်စွာထား၍ ရွာသူတို့၏ အလေ့အကျင့်ဖြစ်သော ကာမဘောဂီ စည်းစိမ်များကို ခေတ္တ စွန့်လွှတ် ထွက်ခွါ၍ ဘုန်းကြီးထံသို့ လာရောက်ကြပြီးလျှင် သံသရာ ဝဋ်ဒုက္ခမှ ကျွတ်လွတ် ထွက်မြောက်ရာဖြစ်သော (သမထဘာဝနာ) (ဝိပဿနာ ဘာဝနာ) တရားများကို ကောင်းမွန်စွာ အားထုတ်ချန်

ရှိသေးသောမြေပုံမှာ ဖျော်ကြောထားတော်ပန်ကြ၍ အာ ရန္တပိုင်ယကြင့် မနေမနား နေ့ရောညဉ့်ပါ အားထုတ်ကြ သောအခါ ဟုတ်တိုင်းမှန်ရာ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ဖြစ် ပေါ်၍ သိသင့်သလောက် ရုပ်နာမ် ခန္ဓာ၏ အနိစ္စမှုများ ကို သိမြင်ကြသောကြောင့် ယခု ၃၁ ဘုံ၌ ဖြစ်ဖြစ်သမျှ ရုပ် နာမ်ခန္ဓာတို့မှ အကြွင်းမဲ့ ချုပ်ငြိမ်း ဓာတ်သိမ်း၍ အသင် တခေတ် ဖြတ်လှစွာသော နိဗ္ဗာန်တရားတော် မြတ်ကြီးကို အသောတလျှင် ပေါက်ရောက်နိုင်သော ဝိပဿနာ ဘာဝ နာ အားထုတ်သော နည်းလမ်းကြီးများကို ဆက်လက် ၍ ရေးသား ဖော်ပြတော်မူပါမည့် အကြောင်းကို ရှိသေ လေးမြတ်စွာ ထပ်မံ၍ ဖျော်ကြောထားတော်ပန်ချက်တ ရပ်။ ဝိပဿနာ ဘာဝနာ, အားထုတ်သော နည်းလမ်း ကြီးများကို နောက်ထပ် ဆက်လက်၍ ကောင်းမွန်စွာ ရေးသားဖော်ပြပေအံ့သတည်း။

ထိုသုမ်းမြတ်သည့် ပဌမ ခေတ်ရှစ်ပါးကို ကောင်း မွန်စွာ စစ်တမ်းထုတ်၍ ဟာ်ကြ,တရော်စေတ်သည်သာ လျှင် ငြိမ်း ရွှင်သောအပင်ကို ဖြစ်စေတတ်သော မိဇ္ဇနိယာ မ အစစ်ဖြစ်ကြောင်းကို စစ်တမ်းထုတ်၍ ပြဆိုထားပေ သည်။ ထိုနောက်အနုသယခုနှစ်ပါး၏ သဘာဝမှုများ ထင်လျှားစွာ ပြဆိုထားပေသည်။ ထိုနောက် အလယ်ဗဟို ၌ မြတ်စွာဘုရား ဟောတော်မူသော မဟာရာဟုလော ဝါဒ သုတ်ကြီးနှင့် ရာဟုလောဝါဒ သုတ်တော်မြတ် ကြီးများကို ဥပနာပြုလုပ်၍ ရေးသားထားပေသည်။

ထို့နောက် ထိုသုတ်တော်ကြီးများ၏ သဘာဝမှေ့ကို ယခုအခါ စာမသင်ဘူးကြကုန်သေးသော ရဟန်း, ရှင်, လူ, ရသေ့, လူသူတော်, သီလရှင်အပေါင်းတို့ကောင်းမွန်စွာ နားလည်ကြစေရန် မြန်မာ ဘာသာအားဖြင့် ကောင်းစွာရေးသားဖော်ပြ ထားပေသည်၊ ထို့နောက် ဗဟုဓာတုက သုတ်တော်မြတ်ကြီးများကို ထိုးတင် မိန့်ဖူးတတ်၍ အဆုံး သတ်ခြင်းအားဖြင့် ဝိပဉ့်ရေးသားထားတော်မူလေသည်။

# တရားမေး နှင့် ဂိုဏ်းဝါဒ

ဖြူစင်ဖြောင့်မတ်သော ပရမတ်
သဘောတရားကို–ညစ်နွမ်းသော
စိတ်သဘောထားဖြင့် မရှု မမြင်
အပ်ကြောင်း။

ကျမ်းပြုဆရာတော် ကိုယ်တိုင် ရန်ကုန်တဘက်ကမ်း ၅ လ - ပျော်ဘွယ်ကြီးရွာမှ ကမ္မဋ္ဌာန်းဆရာကြီး ဦးဘိုးသက် က ပင့်လျှောက်၍ ကြွသွားစဉ် ဥါရဂုဏ်း ဦးဘိုးမြ က ဆရာတော် ဘယ်ဂိုဏ်း ကလဲဟု မေးဘူးကြောင်း ထိုအမေးကို ဆရာတော် ဖြေဆိုရှင်းလင်း၍-ကံ–ဥါရ–စိတ် ကင်း ရှင်း သွား ပုံ- ထိုအကြောင်းကို လ ယ် တီ ဆ ရာ တော်ဘုရာကြီးက စစ်မေးသဖြင့် လျှောက်ထားပုံတို့ကို ဖေါ်ပြထားသည်။

(အယ်ဒီတာ)

## (အထူးမှတ်သားကြရန်)

ပဋ္ဌပြုန် (ကံ) နှင့် (ဒွါရသည်) နွားနို့နှင့်
ရေရောမိသကဲ့သို့ (ကံ) နှင့် (ဒွါရ) တသား
တည်း ဖြစ်သွားအောင် ဟောပြော တရား
တော်မြတ်ကြီးကို ဖေါ် ပြခြင်း။

ရန် ကုန် မြို့ တဖက် ကမ်း ဒလ ပျော်ဘွယ်ကြီးမြို့၌ (ကံ) အိမ်ချေ (ငါးရာ)။ (ဒွါရ)အိမ် ချေ (ငါးရာ) အားလုံး (တထောင်) ရှိပေသည်။ ထိုမြို့က (ကံ) ဦးဘိုးသက်ကပင့်၍ ဆရာတော် ကြွသွားရာ ပျော်ဘွယ်ကြီးမြို့သို့ရောက်သောအခါ၊ (ဒွါရ) ဒါယကာ ဦးဘိုးမြကလျှောက်ထားသည်မှာ။

ဆရာတော် ဘုရား ဘက်ဂိုဏ်းက ပါလဲဘုရားဟု လျှောက်ထားလေသည်။

ဆရာတော်က ဘယ်ဂိုဏ်းကမှ မဟုတ် ဘုရားသားတော်ဘဲဟု အမိန့်ရှိရာ။

ထိုအခါ( ဒွါရ )ကိုဘိုးမြက( ကံ ) ( ဒွါရ) (ရွှေကျင်) (သုဓမ္မာ) ငှက်တွင်းဟု ဂိုဏ်းအမျိုးမျိုးရှိပါသည်ဘုရား ဆရာတော်များက ဘယ်ဂိုဏ်းကပါလဲဘုရားဟု ထပ်၍ လျှောက်ထားလေသည်။

ထိုအခါ ဆရာတော် က ဒါယကာ လျှောက်ထား သည်မှာ ဂိုဏ်းစွဲနှင့် လျှောက်ထားလေသည်၊ ဂိုဏ်း

ဆိုဒါ ပညာတီ တင်စား၍ ခေါ်ကာ မှသာ ဖြစ်သည်။ သံဃာတော် ကိုးကွယ်ခြင်းသည် ဂိုဏ်းစွဲ ပုဂ္ဂိုလ် ဒိဋ္ဌိစွဲ ပျောက်အောင် ကိုးကွယ်ခြင်းဖြစ်သည် မဟုတ်လော။) ဂိုဏ်း အကြောင်းကို ထင်ရှားပြမည်။ ယခုကျောင်းရှေ့က တလင်းပြောင်ကြီးမှာ ဘာရှိသလဲဟု ဆရာတော်က မေးသောအခါ-

ဘာမှ မရှိပါဘုရားဟု လျှောက်ထား ကြ လေ သည်။

ဘာမှမရှိလျှင် ဘာဂိုဏ်းလို့ ခေါ်စရာ တွေ့ ရဲ့ လား လို့မေးသောအခါ-

(ဒွါရ) ကိုဘိုးမြကဘာဂိုဏ်းမှ ခေါ်စရာ ရှာလို့ မတွေ့ ပါဘုရားလို့ လျှောက်ထားလေသည်။

ထိုအခါ ဆရာ တော် က (ဒွါရ ဒါယကာ ကိုဘိုးမြနှင့်) (ကံဒါယကာ ကိုဘိုးသက် တို့ကို) ဘာ မှ မရှိ တဲ့ ကျောင်းတလင်းကြီး ထဲမှာ ဗောဓိပင် ကို သဘော တူ စိုက်ပျိုးကြရမည်၊ နေ့စဉ် မပြတ် ရေလောင်း ပေးရမည် တောင်တောင်ကြာတော့အညှောက် ကလေးတွေ ထွက်လာ လိမ့်မည်။ ထို့နောက် အရွက်ကလေးတွေ ထွက်လာ လိမ့် မည်။ ထို့နောက် ပင်လုံးထွက်လာလိမ့်မည်။ ထို့နောက် အရှေ့ ရှူးရှူးရားရား အထက်ရှူးရှူးရားရား ငါးဌာနထွက် ပေါ်လာလိမ့်မည်။

(အရှေ့ရှူးရှူးရားရား ထွက်လာဒါကို ဘာလို့ခေါ် ကြ မလဲဟု ဆရာတော်က မေးသော အခါ အရှေ့ဂိုဏ်း ဟု

ခေါ်ပါသည့်ဘုရားဟု (နှါရ) ကိုဘိုးမြ က ပြောင်းထား လေသည်။

ထိုအခါ ဆရာတော်က အရှေ့ဂိုဏ်းဟု ထင်မှတ်နေသောဂိုဏ်းကို (ကံ) (နှါရ) နှစ်ရောက် စလုံး ထိုဂိုဏ်း ကို လက်နှင့်ကိုင်၍ပေး အသင့်ကိုင်ပါတို့ကအရှေ့ဂိုဏ်း မှတ်နေသည်။ အသင် အရှေ့ ဂိုဏ်း ဟုတ် ရဲ့ လား သို့ မေး။ ခင်ဗျားတို့လက်နှင့် ကိုင်ထားဒါ ဘာကို တွေ့သလဲ တွေ့ဒါကို ပြောပါ။

(နှုးညံ့မှု) သဘောသတ္တိကလေးကို တွေ့သလား။

(မာမှု) သဘောသတ္တိကလေးကို တွေ့သလား။

(နှုးညံ့မှု) သဘောသတ္တိကလေးကိုသာ တွေ့ပေသည်။

နှုးညံ့မှုသဘောသတ္တိကလေးဟာကျွန်တော်(မြေဓါတ် ပရမတ် အစစ် ဖြစ်ပေသည်။)

ကျွန် တော် သည် သာ လျှင် အဟုတ် ရှိ အမှန်ရှိ ဖြစ် ပေသည်။

အရှေ့ဂိုဏ်းဆိုဒါ ကျွန်တော် ဘယ်အခါမှ မတွေ့ဘူး မကြားဘူးပါ။

ခင်ဗျားတို့ စိတ်က မှားသောသိခြင်းကို အဟုတ် ထင် မှတ်နေကြသည်။

ထိုကဲ့သို့ မှားသော သိခြင်းကို ( စိတ္တ ဝိပ္ပလ္လာ သ ) ဟု ခေါ်သည်။

မှားသော မှတ်ခြင်းကို ( ဒိဋ္ဌိဝိပ္ပလ္လာသဟု)ခေါ်သည်။

ထိုဝိပ္ပလ္လာသ တရားသုံးပါး ရှိသမျှ ကာလ ပတ်လုံး အန္ဓ ပုထုဇဉ်တို့၏ စိတ်မှာ ဘယ်အခါမှ အဟုတ်ရှိ အမှန်ရှိကို မသိ မမြင်နိုင်ကြပေ။

(၁။) ထင်ရှားရှိသော မြေပရမတ်က အစစ်ခံ ပုံ ကို ကောင်းစွာ မှတ်ကြ။

(၂။) ရှေ့သို့တဆင့် တိုး ၍ စစ်ဆေး ရဦး မည့် မှာ နူးညံ့မှုရှိသော နေရာကို လက်နှင့်ဆိတ်ကြည့်။ ယိုစိး မှု ထွက်လာလိမ့်မည်။

ထိုယိုစိးမှုကို မေးကြည့်။အသင်ယိုစိးမှု သဘောသတ္တိ ကလေး- အသင့်ကို ငါတို့က အရှေ့ဂိုဏ်းလို့ ထင်မှတ်နေသည်။ အသင်အရှေ့ဂိုဏ်း ဟုတ်ရဲ့လားလို့မေးကြည့်။

ယိုစိးမှုကလေးက- ကျွန်တော်သည် ရေဓါတ်ပရမတ် အစစ်အမှန်ဖြစ်ပေသည်၊ ကျွန်တော်သည် သာလျှင် အဟုတ် အမှန်ဖြစ်ပေသည်။ အရှေ့ဂိုဏ်းနှင့် ဘယ်အခါမှ မတွေ့ မမြင်ဘူးပါ။

(၃)။ ပူမှုသဘောသတ္တိ ကလေးကိုမေးကြည့်။ အသင် ပူမှုသဘောသတ္တိကလေး။ အသင့်ကို ငါတို့က- အရှေ့ဂိုဏ်းဟုထင်နေသည်။ အသင်အရှေ့ဂိုဏ်း ဟုတ်ရဲ့လား လို့ မေးကြည့်။ ပူမှုသဘောသတ္တိကလေးက။

ကျွန်တော်သည် မီးဓါတ်ပရမတ် အစစ်အမှန်ဖြစ်ပေသည်။ကျွန်တော်သာလျှင် အဟုတ်ရှိ အမှန်ရှိဖြစ်ပေသည်။ အရှေ့ဂိုဏ်းနှင့် ဘယ်အခါမှ မတွေ့ဘူးမမြင်ဘူးပါ။

(၄)။ လှုပ်ရှားတတ်သောသဘောသတ္တဝါကလေးကိုမေးကြည့်။အသင်လှုပ်ရှား တတ်သော သတ္တဝါကလေး။အသင့်ကို ငါတို့က အရှေ့ဂိုဏ်းလို့ထင်နေသည်။ အသင်အရှေ့ဂိုဏ်းဟုတ်ရဲ့လားလို့မေး။

လှုပ်ရှားမှုသဘောသတ္တဝါကလေးက။ ကျွန်တော် သည် ဝါယောဓာတ် ပရမတ် အစစ် အမှန်ဖြစ်ပေသည်။)

ကျွန်တော်သည်သာလျှင် အဟုတ်ရှိ အမှန်ရှိ ဖြစ်ပေသည်။ (အရှေ့ဂိုဏ်းဆိုဒါ ဘယ်အခါမှ မတွေ့ဘူး မမြင်ဘူးပါ။)

(၅။) အဆင်းဓါတ်သဘောသတ္တဝါကလေး။ အသင့် ကို ငါတို့က အရှေ့ဂိုဏ်းလို့ထင်နေသည်။ အသင် အရှေ့ဂိုဏ်းဟုတ်ရဲ့လားလို့မေး။အဆင်းဓါတ် သဘောသတ္တဝါကလေးက

ကျွန်တော်သည် အဆင်းဓါတ် ပရမတ် အစစ် အမှန်ဖြစ်ပေသည်။ ကျွန်တော်သည်သာလျှင် အဟုတ်ရှိ အမှန်ရှိ ဖြစ်ပေသည်။ အရှေ့ဂိုဏ်း ဆိုဒါ ဘယ်အခါမှ မတွေ့ဘူး မမြင်ဘူးပါ။

(၆) အနံ့ဓါတ်သဘောသတ္တဝါကလေး။ အသင့်ကို ငါတို့ အရှေ့ဂိုဏ်းလို့ ထင်နေသည်။ အသင် အရှေ့ဂိုဏ်းဟုတ်ရဲ့လားလို့မေး။

အနံ့သဘောသတ္တဝါကလေးက ကျွန်တော်သည် အနံ့ဓါတ် ပရမတ် အစစ်အမှန် ဖြစ်ပေသည်။ကျွန်တော်သည်

သာလျှင် အဟုတ်ရှိ အမှန်ရှိ ဖြစ်ပေသည်။ အရှေ့ဂိုဏ်း ဆိုတာ ဘယ်အခါမှ မတွေ့ မမြင်ဘူးပါ။

(၇)။ ရသ သဘောသတ္တိကလေး။ အသင့်ကို ငါတို့က အရှေ့ဂိုဏ်းလို့ ထင်နေသည်။ အသင် အရှေ့ဂိုဏ်း ဟုတ်ရဲ့လားလို့မေး။

ရသ သဘော သတ္တိကလေး က ကျွန်တော်သည် ရသဓာတ် ပရမတ် အစစ်အမှန် ဖြစ်ပေသည်။ ကျွန်တော် သာလျှင် အဟုတ်ရှိ အမှန်ရှိဖြစ်ပေသည်။ အရှေ့ဂိုဏ်းဆို တာ ဘယ်အခါမှ မတွေ့ဘူး မမြင်ဘူးပါ။

(၈)။ ဩဇာဓါတ် သဘောသတ္တိ ကလေး။ အသင့်ကို ငါတို့က။အရှေ့ဂိုဏ်းလို့ထင်မှတ်နေသည်။အသင်အရှေ့ ဂိုဏ်းဟုတ်ရဲ့လား လို့မေး။ ဩဇာဓါတ် သဘောသတ္တိ ကလေးက ကျွန်တော်သည် ဩဇာဓါတ်ပရမတ် ဆပ်ဆပ် အမှန်ဖြစ်ပေသည်။ ကျွန်တော်သည် သာလျှင် အဟုတ်ရှိ အမှန်ရှိဖြစ်ပေသည်။ (အရှေ့ဂိုဏ်းနှင့်ဘယ်အခါမှမတွေ့ မမြင်ဘူးပါ)

(ထိုကဲ့သို့အဟုတ်ရှိအမှန်ရှိ သောပရမတ် ဆပ်ဆပ်ဓါတ် ရှစ်ပါးကထဲ၌ အစစ်ခံကြသည်နှင့် တမြိုင်တည်း။(အရှေ့ ဂိုဏ်း) (အနောက်ဂိုဏ်း)

(တောင် ဂိုဏ်း) (မြောက် ဂိုဏ်း) (အထက် ဂိုဏ်း) ပင်မကြီးများနှင့်တကွ။ အမြစ်မကြီ။ ဓါတ်ဉာဏ်အလင်း ပေါက်အောင်ကြည့်လိုက်ကြစမ်းဟု ဆရာတော်က အမိန့်

သောအခါ၊ ဂိုဏ်းဆိုတာ ရှာသို့ မတွေ့တော့ပါ ဘုရားဟု (ဒွါရ) ကိုဘိုးမြ နှင့် (ကံ) ကိုဘိုးသက် တို့က လျှောက်ထားကြလေသည်။)

ထိုဂိုဏ်း ငါးဂိုဏ်းနှင့် တူ့ဖွာမခြား။ ငမိတို့ ဂိုဏ်းစွဲ နှင့် ကိုးကွယ် နေကြသော။ (ဒွါရဂိုဏ်း ဆရာတော်) (ကံ ဂိုဏ်းဆရာတော်) (ရွှေကျင်ဂိုဏ်းဆရာတော်) (သုမေဓာ ဂိုဏ်းဆရာတော်) (ငှက်တွင်းဂိုဏ်း ဆရာ တော်) အစ ရှိ သော ဂိုဏ်းဆရာတော်ကြီးများ၏ ရူပ ကွန္တာ အပေါင်း အစုကြီးကို ပရမတ်နှစ်, ဓါတ် အစစ်ကို။ ဝိဇ္ဇာ ဉာဏ် မှန်ပြောင်းဖြင့် ဓါတ်ဉာဏ် အလင်းပေါက်အောင် ကြည့် လိုက်ကြစမ်းဟု ဆရာတော်က ပြောလိုက် သော အခါ။

ဘယ်ဂိုဏ်း ဘယ်ဆရာကိုမျှ မတွေ့တော့ပါဘုရားဟု လျှောက်ထားကြလေသည်။

အမှန်အစစ် ဘာကို တွေ့သလဲသို့ မေး သော အ ခါ ဓါတ်ရှစ်ပါးသာ အမှန်အစစ် ရှိပါတော့သည် ဘုရားဟု လျှောက်ထားကြပေသည်။

ထိုအခါ ဆရာတော်က ခန္ဓာငါးပါးရှိသော ပုဂ္ဂိုလ်တို့ မှာ မြေ ရေ မီး လေ ဓါတ် ကြီး လေး ပါး နှင့် တကွ အာကာသဓါတ် ဝိညာဏဓါတ် ထိုဓါတ် ခြောက်ပါးသာ ရှိသည်ဟု အမိန့် ရှိလေသည်။ ထို့ ပြင် တကမ္ဘာ လုံး ဓါတ်ဉာဏ် အလင်းပေါက်အောင် ကြည့်လိုက်ကြစမ်းဟု ခိုင်းသောအခါ

တကမ္ဘာလုံး ပရမတ် ဆတ်ဆတ် ခေတ်ရှစ်ပါး သာ အဟုတ်ရှိ အမှန်ရှိ ဖြစ်ပါတော့သည်ဘုရား။

သို့အတွက် တပည့်တော်တို့သည် ဂိုဏ်းခွဲ ပုဂ္ဂိုလ်ခွဲနှင့် ကိုးကွယ်လာကြသည်မှာ-

(ဝိပ္ပလ္လာသသုံးပါး) မျက်လှည့်သမား သုံးယောက်တို့က (မှားသောသိခြင်း) (မှားသော မှတ်ခြင်း) (မှားသောယူခြင်း) ယူရမည်ဟု ခိုင်းထား သော ကြောင့် ထိုကဲ့သို့ အမှားမှား အယွင်းယွင်း ယူမိပါသည် ဘုရား။ ယခုနေ့ကစ၍ ထိုကဲ့သို့ မှားယွင်း ဖေါက်ပြန်သောအယူကို ဂိုဏ်းခွဲ ပုဂ္ဂိုလ်ခွဲနှင့် မယူတော့ ပါဘုရား ဟု လျှောက်ထားကြလေသည်။

ထိုတရားတော်မြတ်ကြီးကို တပည့်တော်တို့ ကဲ့သို့ သိရှိနားလည်ကြစေရန် မေတ္တာ ကရုဏာ ရှေ့ထား၍ သနားသောအားဖြင့် ယခုည မြို့လယ် ဓမ္မာရုံကြီးမှာ တပည့်တော်တို့ ဟောကြားဆုံးမတော်မူသော တရားတော်မြတ်ကြီးအတိုင်း ဟောတော်မူပါမည့် အကြောင်း လျှောက်ထား တောင်းပန်ကြလေသည်။

(ဒွါရ) ဒါယကာ ကိုဘိုးမြက ဒွါရအိမ်ချေ(၅၀၀) ကို အကုန်ဗိတ်ပါမည်ဘုရား။

(ဏ) ဒါယကာ ကိုဘိုးသက်က ကံအိမ်ရှေ့(၅၀၀) ကို တပည့်တော်က အာ ကျန် ဖတ် ပါ မည် ဘု ရား ဟု လျှောက်ထား တောင်းပန်ကြသည့်အတိုင်း မြို့လယ်ဈေး ရုံကြီးမှာ တရားပွဲ ကျင်းပရာ-

တရားနာ ပရိသတ် လူပေါင်း (၅၀၀၀) လောက် ရှိပေလိမ့်မည်။ ခေတ်ရှစ်ပါးကို ပဓာနထား၍ အကျယ် တဝင့် ဟောကြားလေသည်။

ထို့ပြင် သမထ ဝိပဿနာ ရုပ် နာမ် ခန္ဓ သင်္ခါရ တရားများကို သဘာဝ ခန္ဓ ဉာဏ်ဝမှာ ကောင်းစွာသင် မြင်အောင် ဟောကြားဆုမ္မတော် မူလေသည်။

တရားနာပြီးသည့်နောက် အိမ်မပြန်ဘဲ ဆရာတော်၏ အနီး တရား အားထုတ်ကြသော ဒါယကာ ဒါယိကာမ ပေါင်းများစွာ အားထုတ်ကြလေသည်။

မြို့သူကြီးများနှင့် အော်လကောက်ဆရာကြီး၏တပည့် ကျောင်း ဆရာကြီး ကမ္ဗဒ္ဒာန်း ဆရာကြီး ဦးပေထုတို့ ပါ ညစဉ်ဝိပဿနာတရား အားထုတ်ကြလေသည်။

(အော်လအကောက်ဆရာကြီး ဆိုသည်မှာ သီအိုဆိုဖီ ဂိုဏ်းအယူဝါဒ ဆရာကြီးအမည်)။ .....

ရွှေပြည်တန်)

ဒွါရ ဒါယကာ ဒါယိကာမတွေက သာ၍များပေသည့် ခုနှစ်ရက်သက်၌ ဟောတော်မူလေသည်။

ဆွမ်းရှစ်သောင်းလေးထောင် လှူနေဆဲဖြစ်၍ နေ့စဉ်ဆွမ်းခံ၍ (ဒွါရ)အိမ်ချေ ၅၀၀ တရက်၊ (ကံ) အိမ်ချေ ၅၀၀ တရက်စီ အလှည့်ကြ ဆွမ်းခံလေသည်။

တနေ့ တနေ့လျှင် ဆွမ်းတင်းပေါင်း(၃၀) လောက်ရရှိပေလိမ့်မည်။ (ကံ) (ဒွါရ) ဆရာတော်များကိုနေ့စဉ်လှူဒါန်းပေသည်။ မြွာရုံတွင်းက ဘုရားရှင်ကိုယ်တော်များနှင့်တကွ ဂင်္ဂါမြစ်တွင်းရှိ သဲလုံးမျှမက ပွင့်တော်မူပြီးသော ဘုရား ရတ္တာ ဓမ္မ ခ ကွ န္တာ အပေါင်း ရှစ်သောင်းလေးထောင်ကို အမှတ်ပြု၍ ဘုရားရှေ့တော်မှာ စာသွဲခံများစွာနှင့် လှူဒါန်းခဲ့ရပေသည်။

ခုနှစ်ရက်စေ့သောအခါ ဒွါရ ဒါယကာ ကိုဘိုးမြကကံ ဆရာတော် ဒွါရ ဆရာတော် ကြီးများကို အားလုံးပင့်၍ ဆွမ်းအတူ ကပ်လှူလေသည်။

(ကံ) (ဒွါရ) ဒါယကာ ဒါယိကာမ အပေါင်းတို့ကို အားလုံး ဖိတ်ကြား၍ အတူတကွ ကျွေးမွေးခြင်း အလှူတော်ကြီးကို ဆရာတော်ရှိစဉ်ပင် လှူဒါန်းလေသည်။

ထို့အတွက် (ကံ) နှင့် (ဒွါရ) သည် (နွားနို့နှင့် ရေ) ရောသကဲ့သို့(ကံ ဒွါရ) တသားတည်း ဖြစ်သွားကြပေသည်။ များစွာသော ရဟန်း ရှင် လူ အပေါင်းတို့ များစွာ သာဓု ခေါ်ကြပေသည်။

(ကံ) (ဒွါရ) ဂဟေစပ်မိအောင် ဟောတော်မူသော တရားတော်ကြီးသည် ဤတွင်ပြီး၏။

မြစ်သားမြို့-ကုမဲ

# ဒေါ်ကြင်ဆိုင်ဆန်စက်

ယာယီစံကျောင်း၌ ခေတ္တသီတင်း သုံးနေတော်မူစဉ် သိမ်တောင် ဆည်ကြီး တောရ ဆရာတော်ကြီးသည် လယ်တီဝိပဿနာ သာသနာခေတ်ကြီး တည်ထောင်ခဲ့ပုံ ဝိပဿနာသဘောများကို ပြန်လည်မြွက်ကြား ရေးသား၍ ယခုခေတ် ဝိပဿနာကြီး ကြီးပွားလာခြင်းကို အနုမောဒနာ ဝမ်းမြောက် ဝမ်းသာ မှတ်တမ်း ပြုတော်မူသည်။

ရွှေပြည်တန်

# လယ်တီဆရာတော်ဘုရားကြီးက ငါ့တပည့်ဘယ်သွားနေသလဲ။

မေးတော်မူပုံ

တရားဟောပြီး ရန်ကုန်မြို့သို့ ပြန်ကြွလာသောအခါ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည် သူဋ္ဌေး ချင်းချောင်း အင်းယား ကန်တော်ကြီးအလယ်က ဗိမ်ကြီး၌ သီတင်းသုံးနေရိုက်ဖြစ်၍၊

ဆရာတော် ဘုရားကြီး၏ ခြေတော်ရင်းသို့ အပူဇော် အကာတော့သွားရာ။

ငါ့တပည့် ဘယ်သွားနေသလဲဟု မေးလေသည်၊

ဘုရားတပည့်တော် ဒလ ပျော်ဘွယ်မြို့သို့ သွား၍ တရား ဟောနေပါသည်ဘုရားဟု လျှောက်ထားသော အခါ။

ဘာတရား ဟောခဲ့သလဲဟု မေးတော်မူလေသည်။

(ကံ)နှင့် (ဥါဏ) စပ်မိအောင် ဟောခဲ့ပါသည်ဘုရား ဟု လျှောက်ထားသောအခါ။

(ကံ)နှင့်(ဒွါရ)စပ်မိအောင် ဟောတယ်ဆိုတာ လွယ်လှမယ်မဟုတ်ဘူး ဘယ်တရားချား ဟောခဲ့သလဲဟု မေးတော်မူလေသည်။

ထိုအခါ ဆရာတော်ဘုရားကြီး သင်ပေးထားသော ဓာတ်ရှစ်ပါးကို ပညတ် ပရမတ်ခွဲ၍ ဟောခဲ့ပါသည့် ဘုရားဟု လျှောက်ထားသောအခါ။

ငါ့ဆရာတော် ခုပ်ဖိုမ္ဘို့(ကံ)(ဒွါရ) စပ်မိအောင်ဟောသော်လည်း မစပ်မိခဲ့ပေ။ သို့အတွက်(ကံ ဒွါရ) ဂဟောစပ်မိအောင် ဟောသော ဂဟောစပ်တရားကို ငါ့ကိုဟောပြရမည်ဟု အမိန့်ရှိသောကြောင့်။

ဗောဓိညောင်ပင်ကြီး ဥပမာကို ဟောပြသောအခါ မင်းဥပမာက တယ်ထိတဲ့ ဥပမာ ဖြစ်ပေတယ်။ ဒါကြောင့် (ကံ ဒွါရ) ဂဟောစပ်မိကြပေသည် ကောင်းပါပေ့ရဲ့ဟု အမိန့်ရှိ၍ သာဓုခေါ်လေသည်။

(မှတ်ချက်) ဓာတ်ရှစ်ပါး ဆိုရာ၌ အသညီဘဝေါ ဒွိဟိ ဓာတုဟိ ဟူသော ဓာတုကထာ အဋ္ဌကထာ မာတိကာနှင့် ဆန့်ကျင်သည်ဟူ၍ မယူဆအပ်၊ ထိုနေရာ၌ ဘူမိသဘာဝ ကိစ္စဓာတ် ဟောဘန်သည်၊ ဤနေရာ၌ သဘာဝ သက်သက်ကို ဟောဘန်သည်။

# ဦးဘိုးသက်

(ဝိပဿနာ ခေါင်းဆောင်ကြီးဖြစ်သွားပုံ)

(သိသာနှင့်သိသာ အဆက်ဆက်ကို ပြပေဦးအံ့)

ဒလ ပျော်ဘွယ်ကြီးက တရားဟောပြီး ဆရာတော် ပြန်ကြွလာရာ (ကံ)ဒယကာကိုဘိုးသက်သည်ဆရာတော် ထံ တရားအားထုတ်ရန် လိုက်လာသည်။

ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးထံသို့ ဝင်၍ ဖူးမြော် ကံတော့ပြီးလျှင်၊ သထုံမြို့ နေမိန့်တောင် သို့လိုက်၍ (သမထ ဝိပဿနာ) ရုပ်-နာမ် တရားများကို အားထုတ်လေသည်။

၎င်းကအပြန် ရွှေမြို့ ရွှေဥဒေါင်း ဟောရ ဆရာတော် ကျောင်းတိုက်၌ ထားသော ဆရာတော်၏ တပည့် ဖြစ်သော ဦးကုသလထံလာ၍ ကံ ဒါယကာကိုဘိုးသက် သည် ရုပ် နာမ် တရားများကို အားထုတ် လေသည်။ ၎င်းကအပြန် ဒလ ပျော်ဘွယ်ကြီးသို့ ရောက်သောအခါ ရုပ်နာမ် တရားများကို မိမိဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်သလောက် သဘာဝ ဓမ္မများကို မေတ္တာ ကရုဏာ ရှေ့ထား၍ သိမြင်သကဲ့သို့ သိမြင်ကြစေခြင်း အကျိုးငှါ ဒါယကာ ဒါယိကာမ အပေါင်းတို့အား သဒ္ဒါတရား ထက်သန်စွာဖြင့် ဟောပြောပြသ၍ ဘဝပါရမီ အဆက် နီးသော သူတို့သည် (ကံ) ဒါယကာ ကိုဘိုးသက် ဟောပြော ဆုမ္မသည့်အတိုင်း တရားအားထုတ်ကြလေ

သည်၊ အားထုတ်သူဘိုကို ကမ္မဋ္ဌာန်းဆရာ ဒါယကာ ကိုဘိုးသက်က အာဟာရပါ ကျွေး မွေး ပြု စု ပေ သည် ရန်ကုန်မြို့က သီလရင်များနှင့်တကွ ဒါယကာ ဒါယိကာမ အပေါင်းတို့ သွား၍ အားထုတ်ကြလေသည်။

(ဒါယကာသက်သည် ကမ္မဋ္ဌာန်း ယောဂီဆရာကြီး တဦးဖြစ်သွားပေသည် အထူးအကျိုးများပေသည်။)

ထို့နောက် သာစည်မြို့ ဘုရားငါးဆူ ဆရာတော် ၏ ကျောင်းတိုက်၌ ယခု ကမ္မဋ္ဌာန်းတရား ဟောပြော ပြသနေသော မိုးရထား စာရေးကြီး ကိုဘသစ်သည် ဒလ ပျော်ဘွယ်ကြီး ကမ္မဋ္ဌာန်းဆရာ ဦးဘိုးသက်ထံသို့ သွား၍ ရုပ် နာမ် တရားများကို အား ထုတ် လေသည်၊ ဝိမိဝိဇ္ဇာဉာဏ်ဖြင့် ထင်မြင်သည့်အတိုင်း တ ရား အား ထုတ်လိုသော ပုဂ္ဂိုလ် ရှင် လူ အပေါင်းတို့ကို ဟော ပြော ပြသလျက်ရှိပေသည်၊ အားထုတ်သော ပုဂ္ဂိုလ် အပေါင်းတို့မှာ မိမိတို့ပါရမီခတ်ခံ ရှိ သ လောက် အကျိုးများကြပေသည်။

အမှာစာ-

ရန်ကုန်မြို့ ပြည်လမ်းရှိ ဟံသာဝတီ ဝိုင်းကြီးအနီးတွင် တည်ထောင်ထားသော ကမ္မဋ္ဌာန်း အနုပဿနာသာသန ရိပ်သာကြီးကို ဦးစီးခေါင်းဆောင် ပြုသူ ဆရာကြီးကား အဆိုပါ ဦးဘိုးသက်ပင် ဖြစ် ကြောင်း ဆ ရာ စဉ် ဆက် အကျိုးများပုံကို သိရပါသည်။

**ပြီးပြည့်စုံပြီ။**

# အရိယာဝိဇ္ဇာ မဂ္ဂ အလင်းပြကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

ကျမ်းဦးစကား

(၁) ဓါတုတော သုညတော လောကံ
ပဿ ဗုဒ္ဓေါ သသာဝကော။
သုဘာကာရံ အဒိဿန္တော
တတော နိက္ခမ္မ သန္တိဂေါ။

သ သာဝကော၊ တပည့်သား မြေး- အဆွေး အလတ် အမြတ်,အကြီး, အသီးသီး တို့နှင့် တကွ ဖြစ်တော်မူထသော။ ဗုဒ္ဓေါ၊သစ္စာလေးရပ် တရားမြတ်ကြီးကိုတပ်အပ် ထင်ထင် ကုန်စင်အောင် သိမြင်တော် မူပြီးသော ဘုရား သခင်သည်။ လောကံ၊ လောက သုံးပါးကို။ ဝါ၊ ခန္ဓာ ငါးရပ် ပဋိစ္စသမုပ္ပါဒ် လောကဓါတ်ကြီး အပေါင်းကို။ ဓါတုတော၊ သတ္တဝါ အတ္တ မရှိ, ဓါတ်သဘော အားဖြင့်၎င်း။ သုညတော၊ မြဲမြံ ခိုင်ခန့် တည်တန့်နိုင်သော သဘော, ချမ်းသာသောသဘော, အတ္တ သာရ သဘော တို့မှ ကင်းဆိတ်သောအားဖြင့်၎င်း။ ပဿံ-ပဿန္တော၊ ရှိရင်းအဟုတ် အလင်းထုတ်၍ ခွဲနှုတ်ထင်ထင် သိမြင် တော်မူ နိုင်သည်ဖြစ်၍။ တသို့၊ ထိုသတ္တဝါတို့ သန္တာန်

ခန္ဓာ ငါးပါး တည်းဟူသော လောကကြီး အတွင်း၌။ သုဘ ကာရံ၊ စုံမက်စရာ ကောင်းမြတ်သော အခြင်း အရာကို။ အဒိဿ နေ့သော၊ နည်းငယ် ဖိုးဖြည်း,အခိုးအကင်း လောက်မျှ မတွေ့ ရသည်ဖြစ်၍။ တဘော၊· ထို သတ္တဝါ သဏ္ဍာန် ခန္ဓာ' လောက ကြီးမှ။ နိက္ခမ္မ၊ မစုံ မမက်, ထွက်မြောက် ဆုတ်ခွါတော် မူလျက်။ သန္တိဂေါ၊ ခန္ဓာ ယုတ်သိမ်း အငြိမ်းစားဘော် နိဗ္ဗာန် မြတ်သို့ ချဉ်းကပ် ဆိုက်ရောက်တော်မူလေပြီ။

**ဤ ဗုဒ္ဓ သောမနဿ ဉာဏမ ဂါထာ တော် ကြီးဖြင့်** နိဗ္ဗာန် တိုင်အောင်သော အနိသံသကို ပြီးစေတော်မူ၏။ အဘယ်ကဲ့သို့ ပြီးစေသနည်း ဟူမူကား- တိက္ခ ပုဂ္ဂိုလ် တို့မှာ ဤဂါထာပါဠိအနက်ကို တခေါက်မျှ ရွတ်ဘတ် သည်နှင့် တပြိုင်နက် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ၏ ဗုဒ္ဓဂုဏ်တော် ကြီးကို အပြီးတိုင် ထင်မြင် သဖြင့် မြော် ငါတို့ သည်သား- မောဟာအဝိဇ္ဇာ မှောင်ခတ် ကြီး ပိတ်ဆီး ငုံးအုပ်၍ နေသဖြင့် သတ္တဝါသဏ္ဍာန် ခန္ဓာ လောကကြီး၏ အဖြစ်, သနစ်သဘောကို မမြင်နိုင်၍ရင်း။ သတ္တဝါသဏ္ဍာန် ခန္ဓာ လောကကြီးမှာ အမှန်မရှိသော အရသာမျိုး တို့ကို ထင်မြင် ပျော်ပါး မိုက်မှားလျက် နေချေပြီ တကား၊ အဝိဇ္ဇာ မှောင် ခတ် ကင်းပြတ်၍ အလင်းဓါတ် တည်းဟူသော ဝိဇ္ဇာဉာဏ် ပညာဘော် ကြီးကို အပြီးလက်ကိုင် အပိုင်ရတော် မူပေသော ဘုရား သခင်ကိုယ်တော်မြတ်ကြီး စင်လျက် သတ္တဝါ သဏ္ဍာန်

ခန္ဓာ လောကကြီးမှာ အနည်း ငယ်မျှ အကောင်း ရှာ၍ ရတော်မမူပါတကားဟု အားကြီးသော အဝေဠပသန္ဓ သဒ္ဓါ တရားကို ရရှိသဖြင့် သတ္တဝါ သတ္တာန် ခန္ဓာ လောကကြီး၌ ဝိဇ္ဇာဉာဏ် ပညာအလင်း ဓာတ်ကြီးဖြင့် ဟုတ်မှန်သော အတိုင်း ယုံကြည်လျက် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ဆိုက်ရောက် မည် ကား မြေ ကြီး လက်ခတ် လွဲနိုင်တော့မည် မဟုတ်တော့ပေ။

မန္ဒပုဂ္ဂိုလ် တို့မှာကား- ဤဂါထာ ပါဠိအနက်ကို အရ ကျက်၍ အဘန်ဘန် "ဗုဒ္ဓါနုဿ"တိ ကိုအားထုတ် ပြီးလျှင် ယခု ရေးသား ဟောဘော် လတ္တံ့သော အရိယာ ဝိဇ္ဇာ မဂ္ဂ အလင်းပြ ကျမ်းကို ကြည့်ရှု သဖြင့် ဝိဇ္ဇာပညာကို ထိုက်သည့် အလျောက် ပေါက် ရောက် တော့မည်ကား လွဲတော့မည် မဟုတ်ချေ။

ယင်းသို့သော- အာနိသံသ တွေကို မျှော်လင့်လျက် တဘန်အောက်ပါ ဂါထာကို မိန့်တော်မူပြန်ရသတည်း။

(၂) **ဧဝမာကာရ မာဇညာ၊**
**သတ္တာ သန္တိဂမိန္တိကာ၊**
**ဟေဿန္တိနာမ တေနေဝ၊**
**မမာ ဟောသိ မနောရထော။ ။**

ဧဝမာကာရံ၊ ဤသတ္တဝါတို့ သတ္တာန် ခန္ဓာလောက ကြီး၏ ဓာတ်သဘော သုည သဘောတည်း ဟူသော

အခြင်း အရာ၊ တပည့် သားတော်နှင့်တကွ ဘုရားသခင် ကိုယ်တော် မြတ်ကြီး၏ ဝိဇ္ဇာဥာဏ် ပညာ ရှုးရှပေါက် ထွင်း ထင်လင်း တောက် ပ သော အခြင်း အရာကို။ အဇ္ဈာ၊ သဒ္ဓါ, ပညာ, နှစ်ဖြာ ရောယှက် လွှန်စုံမက်၍ သက်ဝင်ယုံကြည် အမှီအရင်း ဉာဏ် အမြင် သန့်ရှင်း ကြပေ ကုန်သော။ သဗ္ဗာ, သ-အဗ္ဗာ၊ မိမိ၏ ကိုယ်ဟု ဆိုအပ်သော ပါရမီခေတ် ဆတ်ဆတ် ပါရှိ ကြကုန် သော သူမြတ် တို့သည်။ သန္တိ ဂမိန္တိကာ၊ ခန္ဓာယုတ် သိမ်း အငြိမ်းစားခေတ် နိဗ္ဗာန် မြတ်သို့ ချဉ်းကပ်ဆိုက် ရောက် ခြင်း ငှါ အလို ရှိကြကုန် မူကား။ တေနေဝ၊ ထို ပြတော် ရေးသားလတ္တံ့သော "အရိယာ ဝိဇ္ဇာ မဂ္ဂ အလင်းပြ" ကျမ်းဖြင့်သာလျှင်။ သန္တိ ဂမိန္တိကာ၊ အလို ရှိတိုင်းသော နိဗ္ဗာန်သို့ ကေန် ဆိုက်ရောက် နိုင်ကြကုန် သည်။ ဟောသန္တိနာမ၊ ဖြစ်ကုန် ကြမည်ကား စင် စစ် ပေ တည်း ဟု။ မမ၊ ငါ၏။ မနော ရထော၊ ပန်ထွာ, တ, ဆို, နှလုံးအလို နဂိုရ်စိတ်ထားသည်။ အဟောသိ၊ ဖြစ်လေပြီ။

ဤ ဂါထာဖြင့် အဓ္ဓတ္တိက-အဓ္ဓေသနကိုလည်း ပြသ တည်း။ ဗဟိဒ္ဓ-အဓ္ဓေသန စသည်ကိုပြပြန်လို၍ အောက် ပါ ဂါထာတို့ကို အားထုတ်ရပြန်၏။

(၃) သမ္ဗာဒိဋ္ဌိ ပဘာဝေန္တာ၊
မောဟက္ခန္ဓ ပဒါလကော။
သဘာဝေါ သာနုသယေန၊
သင်္ဂါမိတောဝ ပုရေမယာ။ ၊

(၄) လယ်တျာစေရေန ထေရေန။
အဇ္ဈေသိ တေန နညထာ။
ပုန ဒါနိ သန္တံ စိတ္တာ၊
ဦးပြည့်တျာဒိ နရောသဘာ။ ။

(၅) အဘိယာစေန္တိ သန္တိ ဆွာ၊
ပတိဗ္ဗ လော တတော အဟံ။
လောကတော တာရကတ္တာယ
ဝက္ခာမရိယာဒိ နာမကံ။ ၊

လယ်တျာစေရေန ထေရေန၊ ကျေးဖူးရှင် လယ်တီဆရာတော် မထေရ်မြတ် ကြီးသည်။ အဇ္ဈေသိ တေန၊ တိုက်တွန်း နှိုးဆော် အပ်ပေသဖြင့် တိုက်တွန်း နှိုးဆော် အပ်သည်ဖြစ်၍ တိုက်တွန်းနှိုးဆော်အပ်သော။ နညထာ၊ သွေဆန် နင်းနယ် မညင်းပယ် နိုင်သော။ မယာ၊ သိမ်တောင် တောင်သာ ကန်တော်ကြီး ဆရာ။ ရဟန်းငါသည်။ ပုရေ၊ ၁၂၇၂- ခုနှစ်တွင် သထုံမြို့ အပိုင်

ဇင်းကျိုက်တောင် မြောက်ဘက် ကာတွံမိုင်း အတွင်း သုဓွေး ချင်းချောင်း စံကျောင်းတိုက်ကြီး ဝယ် လယ်တီ ကျေးဖူးရှင် ဆရာတော်ဘုရားကြီးနှင့် တကွ သီတင်း သုံးသော ရှေးအခါ၌။ သမ္မာဒိဋ္ဌိ ပဘာဝန္တော၊ သမ္မာ ဒိဋ္ဌိ, ဉာဏ်ပညာ, ဝိဇ္ဇာအရောင်, အလင်း ဓာတ်ကြီး တလျှပ် လျှပ် တောက်ပလျက် တည်ရှိသော။ မေဓာဟက္ခန္ဓ ပဒါလကော၊ မေဓာ ဝိဇ္ဇာမျှောင်ဓါတ်, အမိုက်ဓါတ် အစု အခဲကြီးကို ထုခွဲ ဖေါက်ထွင်း နိုင်သော အစွမ်း သတ္တိ ရှိသော။ သာနုသယေန၊ အနုသယ ခုနှစ်ပါးနှင့် တကွသော။ သဘာဝေါ၊ သဘ္ဘာဝါသဏ္ဌာန်, ခန္ဓာလော က ကြီး၏ ဓာတ်သဘော ရင်းကို ပြဆိုရာ ဖြစ်သော "အရိယာ ဝိဇ္ဇာမဂ္ဂ အလင်းပြ" ကျမ်းကို။ သဇ္ဈိတောဝ၊ စီရင် အပ်ဘူးသည့် သာလျှင်တည်း။ ဒါနို၊ သိမ်တောင်- တောင်သာ ကန်တော်ကြီးကျောင်း၌ သီတင်းသုံးသော ယာခု အခါ၌။ ပုန၊ တဘန်။ သန္တိ ဝိဇ္ဇာ၊ တည်ကြည် ငြိမ်သက်သော စိတ်, သူတော်ကောင်း စိတ် ရှိကြပေ ကုန်သော။ ဦးပြည့်အာဒိနရောသဘာ၊ မြစ်သားမြို့အမိုင် ကာဆွံရွာ ဘုရားဒါယကာ, ဦးပြည့်၊ ရာဇဝတ်အုပ်မင်း ဦးပွါး၊ ဆည်သူကြီး ဦးလုံး- အစ ရှိကုန်သော ဥပါသ ကာ အပေါင်း တို့သည်။ သန္တိန္တာ၊ ခန္ဓာ ယုတ်သိမ်း၊ အငြိမ်းစားဓာတ် နိဗ္ဗာန် မြတ်ကို အလိုရှိကြ ကုန်သည် ဖြစ်၍။ အဘိယာစေန္တိ၊ ရှိသေ ညွှတ်ခ တောင်းပန်ကြ ကုန်၏။ တတော၊ ထိုသို့ ရှိသေ ညွှတ်ခ တောင်းပန်ကြ

သောကြောင့်။ အယံ၊ ငါသည်။ ပတိဗ္ဗလော၊ စိတ်အရင်း ထက် အားတိုး တက်၍။ ဝါ။ ရှေး ကျမ်း ရင်းထက် တိုးတက် ဖြည့်တင်း ကျမ်းအား သွင်းလျက်။ လော က တော၊ သတ္တဝါသန္တာန် ခန္ဓာ လောက ကြီးမှ။ တာရ ဏတ္တာယ၊ ကျွတ်လွတ် ထွက်မြောက် ကူးရောက်နိုင်စေ ခြင်းငှါ၊ အရိယာဝိဇ္ဇာမဂ်ကံ၊ (အရိယာဝိဇ္ဇာမဂ္ဂ အလင်း ပြ) ကျမ်းကို။ ဝက္ခာမိ၊ ဟောကြား ပေအံ့သတည်း။

ဤပဋ္ဌမဂါထာ စတုတ္ထပုဒ်ဝယ် အရိယ သဒ္ဒါကြောင့် အက္ခရာ တလုံးပိုလွန်လေသည်။

ဤရေးသား လတံ့သော ကျမ်းကို မကြည့်မရှု ဂရု မထား ပေါ့စားလျက် လျစ်လျူရှု၍နေပါက "ဝိဇ္ဇာဉာဏ် ပညာ အလင်း ခေတ်ကြီး" ကို မရကြ၍ မှောင် မြဲ တိုင်း "အဝိဇ္ဇာ ခေတ်ကြီး" ဘိစီး လွှမ်း မိုး လျက် အ ကျိုး မဲ့ အနန္တ ခန္ဓာလောကကြီးမှ မထွက်မြောက် နိုင်ဘဲ တဝဲ လယ်လယ် ဝဋ်ဒုက္ခနယ် စခမ်းတွင် ပင်ပန်းမြဲ ပင်ပန်း လျက် ယိန္နမ်း ကျင်လည် ကြရမည်ကို စိုးရိမ်တော် မူလှ သဖြင့် ထောက်ပံ့ သနား မစသော အားဖြင့် နှိုးကြား အောင် တိုက်တွန်း နှိုးဆော်သော ဥယျောဇဉ် ဂါထာ ကို တဘန်ထပ်၍ မိန့်အပ်ပြန် သတည်း။

## (ဥယျောဇဥ်ဂါထာ)

**သဗ္ဗာ လောက မိမံ ဂန္တွါ၊ အဝေက္ခယ ပုနပ္ပုနံ။**
**လောကဿာဒိနဝံ ပဿံ၊ သန္တိံ ဂစ္ဆ နရော**
**သဘော။**

နရော သဘော၊ သတ္တဝါ သဏ္ဍာန် ခန္ဓာ အပြစ် ယုတ်အညစ်ကို ထုတ်ညှစ် ပိုင်ပိုင် သိစွမ်း နိုင် သော သူဖြတ်သည်။ သဗ္ဗာလောကံ၊ သတ္တဝါ သဏ္ဍာန် ခန္ဓာ လောက ဟူသမျှ၌ လုံးဝမကျန် အလျှံ တပြောင်ပြောင် အရောင် ဝင်းတောက် အလင်း ရောက်ခြင်းငှါ စွမ်းနိုင် သော။ ဣမံ ဂန္တွါ၊ ဤဆို လတံ့သော (အရိယာဝိဇ္ဇာမဂ္ဂ အလင်းပြ) ကျမ်းကို။ ပုနပ္ပုနံ၊ အဘန် တလဲလဲ အ မြဲ မပြတ် ထပ်ကာ, ထပ်ကာ။ အဝေက္ခယ၊ မနေလျှက်လျှက် သဘော ငိုက်လျှက် စိုက်စိုက် ရှုးရှူး အထူး ကြည့်ရှု၍။ လောကဿ၊ သတ္တဝါ သဏ္ဍာန် ခန္ဓာလောက ဟူသမျှ ၏။ အာဒိနဝံ၊ အနှစ်ကင်းမဲ့ ပြစ်မင်းချွဲ၍ ကဲ့ရဲ့စက်ဆုပ် ဖွယ်ရာသော အပြစ်တွေကို။ ပဿ- ပဿန္တော၊ မဝင် အလား ထင်အရှားဖြင့် အမြင်အား ထက် သန် သျှက်။ သန္တိံ၊ သတ္တဝါ သဏ္ဍာန် ခန္ဓာ ယုတ်သိမ်း အငြိမ်းစား ခေတ် နိဗ္ဗာန်ဖြတ်ကြီးသို့။ ဂစ္ဆ၊ မနှေးလျှင်စွာ ရောက် နိုင်ရာ၏။

ကမ္ဘာ လောကကြီး၌ ရှိကြကုန်သော သုခိတ, ဒုက္ခိတ, ပုဂ္ဂိုလ်အပေါင်းတို့ သတိပြုရန် အချက်ကြီးကို

# လောက သုံးပါး၌

# သတ္တဝါအပေါင်းတို့ အထင်အမြင် မှားနေသော အကြောင်း။

အတုမရှိ မြတ်စွာဘုရား သာသနာတော် မြတ်ကြီးနှင့် တွေ့ကြုံ ကြပါလျက်နှင့် အဘိဓမ္မာ ပညာမျက်စိ ကောင်းစွာ မသိ မမြင် ကြကုန် သေးသော ပုဂ္ဂိုလ် အပေါင်းတို့အား သဘာဝဓမ္မကို ကောင်းစွာ သိမြင် နိုင်ကြစေခြင်း အကျိုးငှါ မေတ္တာ, ကရုဏာ, ရှေ့ထား၍ ကောင်းစွာ ရေးသား ပေးအပ်သတည်း။

"အဘိဓမ္မာ- ပညာမျက်စိ" ကောင်းစွာ မရှိသေးသော ပုဂ္ဂိုလ် အပေါင်းတို့မှာ ကမ္ဘာပေါ်၌ ရှိရှိသမျှ သစ်ပင်, သစ်သီး ဟူသမျှ တို့ကို လောဝရ ဘုရားက သားတော်, သမီးတော် များကို အလိုရှိရာ စားသုံး နိုင်ကြစေရန် မဟာ ကရုဏာတော် ကြီးကို ရှေ့ထား၍ ရသာ ခြောက်ပါး ရှိသော အချို, အချဉ်, အဖန်, အငံ, အစပ်, အခါး, သစ်ပင်, သစ်ရွက်, သင်ပွင့်, သစ်သီး ဟူသမျှကို ဖန်ဆင်း ပေးထား သည်ဟု ပြောသည့် အတိုင်း ယုံကြည်လျက် ရှိကြ၏။ များသော အားဖြင့် လောဝရ

ဘုရား ကိုးကွယ်သော သူတို့မှာ သာ၍ နိုင်နိုင် မြဲမြဲကြီး ယုံကြည်လျက် ရှိကြပေသည်။

အဘိဓမ္မာ ပညာ မျက်စိ မရှိ ကြကုန်သေး သော ဗုဒ္ဓဘာသာ ပုဂ္ဂိုလ်အပေါင်းတို့၏ စိတ်မှာ သရက်ပင်, ဘယ်က ပေါက်သလဲလို့ မေးလျှင် သရက် စေ့က ပေါက်သည်ဟု ပြောကြသည်။ သရက်သီး ဘယ်က သီးသလဲလို့ မေးလျှင် သရက်ပင်က သီးသည်ဟု ပြော ကြသည်။

ထို့အတူ- ပိန္နဲပင်, နှုးရင်းပင်, စပါးပင်, ပြောင်းပင်, ပဲပင်, ဘူး, ဖရုံ, သခွါး အစရှိသော အပင်, အသီး ဟူသမျှကို မေးလျှင် ပိန္နဲပင်က ပိန္နဲသီး, သီးသည်၊ နှုးရင်းပင်က နှုရင်းသီး, သီးသည် ဟု ပြောကြသည်။ မျိုးစေ့ အစစ် ဘယ်ဟာလဲလို့ မေးလျှင် သရက်စေ့ဟာ မျိုးစေ့ အစစ် ပိန္နဲစေ့ နှုးရင်းစေ့-စပါးစေ့- အစရှိသော အစေ့ ဟူသမျှကို မျိုးစေ့အစစ်ဟု ပြောကြ၏။

အဘိဓမ္မာ ပညာမျက်စိ မရှိသော သူတို့မှာ ဝိပဿနာသ တရား သုံးပါး ဖုံးအုပ် နေ၍ အမှန် တရားကို မသိ မမြင် သောကြောင့် ထိုကဲ့သို့ မှားယွင်းသော စကားကို ပြောဆို ကြလေသည်။

အဘိဓမ္မာ ပညာ မျက်စိ အလင်းရသော ပုဂ္ဂိုလ်တို့က သရက်စေ့ မရှိ၊ ပိန္နဲစေ့ မရှိ၊ နှုးရင်းစေ့ မရှိ၊ စပါးစေ့ မရှိ၊ ပြောင်းစေ့မရှိ၊ ပဲစေ့မရှိ။ လုံးလုံး, ယားယား, ရှေရှေ,

ပြားပြား, ပုပု, ဝိုင်းဝိုင်း, ၂-မြှောင့်။ ၃-မြှောင့်။ ၄မြှောင့်။ ၅-မြှောင့်။ ၁၀-မြှောင့်။ အစရှိသော အသွင် သဏ္ဌာန် ဟူသမျှကို ကမ္ဘာပေါ်တွင် အသက်ရှိကြသော ပုဂ္ဂိုလ် အပေါင်း တို့၏ စိတ်မှာ သဘောတူ ထင်ရာ နှုတ်ခမ်း များတွင် ခေါ်ဆိုကြသည်မှာ အသွင် သဏ္ဌာန်ကို စွဲ၍ ခေါ်ကြသောကြောင့်“သဏ္ဌာန-ပညတ်”ဟူ၍ မှတ်ကြ။ စင်စစ် ရှိသော တရား မဟုတ်။ ။

## ခေတ် ရှစ်ပါးဖြင့် စစ်တမ်း ထုတ်၍ သဘာဝ ဓမ္မကို ပြဆိုခဏ်း။

အမှန် ရှိသော ခေတ် ရှစ်ပါး သဘာဝ တရားကို သိလိုမူ သရက်စေ့ ခေါ်သော ရှေရှေ, ပြားပြား ကို အသင့်ကို ငါက သရက်စေ့ဟု ထင်နေသည်။ သရက်စေ့ ဆိုတာ အသင် ဟုတ်ရဲ့ လားလို့ မေးကြည့်၊ ခေတ် ရှစ်ပါးက ထ၍ အစစ်ခံ လိမ့်မည်။

ခင်ဗျား လက်နှင့် ကိုင်ထားသော အခါ ဘာကို တွေ့သလဲ တွေ့တာကို ပြောပါ။ သရက်စေ့ကို တွေ့သ လား, နူးညံ့မှု- ခက်မာမှုကို တွေ့သလား, တွေ့တာကို သာပြောပါ၊ နူးညံ့မှု-ခက်မာမှုတို့ ကိုသာ တွေ့ပေသည်။ ထိုနူးညံ့မှု-ခက်မာမှုသည် သရက်စေ့ ဟုတ်ရဲ့ လားလို့ မေး။ နူးညံ့မှု-ခက်မာမှုက ကျွန်တော်-

မြေ ခေတ်အစစ်ပါ သရက်စေ့ မဟုတ်ပါ ပြောလိမ့်မည်။

ရေ ဓာတ်ကို မေးကြည့် ကျွန်တော် သရက်စေ့ နှင့် မဆိုင်၊ မကြွားဘူးပါ၊ ယိုစီးမှု, ဖွဲ့စီးမှု, သဘော သတ္တိ မျှသာ ရှိသည်၊ သရက်စေ့ မဟုတ်ပါ။

လေ ဓာတ်ကို မေးကြည့် ကျွန်တော် ထောက်ခံမှု လှုပ်ရှားမှု သဘော သတ္တိမျှသာ ရှိသည်၊ သရက်စေ့ မဟုတ်ပါ။

မီး ဓာတ် ကို မေး ကြည့် ကျွန် တော် ပူမှု, အေးမှု သဘော သတ္တိမျှသာ ရှိသည်၊ သရက်စေ့ မဟုတ်ပါ။

ဝဏ္ဏ အဆင်း ဓာတ်ကို မေးကြည့် ကျွန်တော်သည် ကမ္ဘာသူ-ကမ္ဘာသား တို့၏ မျက်စေ့ ပသာဒ အကြည် ဓာတ်နှင့် ထိခိုက်သမျှ အဆင်း ဆရောင် ပြောင်ပြောင် လက်လက် ဟူသမျှ အဖြူ, အနီ, အဝါ, အညို, အမဲ, အစိမ်း, အပြာ, အမျိုးမျိုးသော အဆင်း ဓာတ် ဟူသမျှ တို့သည် ကျွန်တော် ဝဏ္ဏ အဆင်း ဓာတ် ၏ တန်ခိုး အစွမ်း သတ္တိတို့ ပေတည်း။

ကျွန်တော်ကို မြင်သမျှ အန္ဓ ပုထုဇဉ် အပေါင်းတို့ သည် အမှတ်လွဲ, အယူလွဲ, အသိလွဲ, မှားသော မှတ်ခြင်း၊ မှားသော သိခြင်း၊ မှားသော ယူခြင်း၊ ထို အမှားကြီး သုံးပါးတို့ကို ခိုင်ခိုင် မြဲမြဲကြီး ယူကြကုန်၏။ ကျွန်တော် ၏ အပေါ်၌ မျက်စိ ကောင်း ကောင်း ကြီး လယ်ကြ ကုန်၏။ သို့ရာတွင် ကျွန်တော် အဆင်းဓာတ်မျှသာ ဖြစ်၍ သရက်စေ့နှင့် ဘာမျှမဆိုင် သရက်စေ့ မဟုတ်ပါ။

**အနံ့** ဓါတ်ကို မေးကြည့် ကျွန်တော်သည် ကောင်းသော အနံ့ မကောင်းသော အနံ့ အမျိုးမျိုး သဘော သတ္တိမှုသာ ရှိသည်၊ သရက်စေ့ မဟုတ်ပါ။

**ရသာ** ဓါတ်ကို မေးကြည့် ကျွန်တော်သည်ခြောက်မျိုးသော ရသာ သဘော သတ္တိမှုသာ ရှိသည်၊ သရက်စေ့ မဟုတ်ပါ။

**ဩဇာ** ဓါတ်ကို မေးကြည့် ကျွန်တော်သည် ကြီးပွါးစေတတ်သော သတ္တိ- တိုးပွါးစေ တတ်သော သတ္တိမှုသာ ရှိသည်၊ သရက်စေ့ မဟုတ်ပါ။

ဓါတ်ရှစ်ပါး အစစ်ခံချက်ကို ဉာဏ်ပညာ မျက်စိနှင့် အကြိမ်ကြိမ် အထပ်ထပ် သုံးသပ် ဆင်ခြင်၍ ပရမတ် ဉာဏ်,ဝိတ် ဉာဏ်, ပေါက်အောင် ကြည့်ကြပါ။ ဓါတ်ရှစ်ပါးကို တခုစီ, တခုစီ စစ်တမ်းထုတ် ကြည့်သောအခါ သရက်စေ့ ဆို၍ အနုမြူခန့်မျှ မပါ မရှိသည်ကို ဉာဏ်နှင့် မြင်အောင်ကြည့်။ သရက်စေ့ ဆိုသည် မှာ ပါးစပ် ဖြား တွင် တင်စား၍ ခေါ်ကြသော ပညတ်, သက်သက်၊ ဘာမှုရှိသော တရားမျိုး မဟုတ်ဟု မှတ်ကြ။ ကမ္ဘာ မြေကြီးနှင့် ကောင်းကင် ပညတ်ကြီး ကဲ့သို့ ဉာဏ် ဝမှာ ထိုမှုလောက် အသိဉာဏ် အလင်းပေါက်အောင် ကြည့်၍ ထားကြပါ သူ တော် ကောင်း အပေါင်းတို့။

ထိုကဲ့သို့ ခေတ် ရှစ်ပါးကို ဉာဏ် မျက်စိနှင့် ခွဲ၍ ကြည့်သောအခါ ခေတ်ရှစ်ပါးသည်လျှင် အမှန်ရှိ-အဟုတ်ရှိ ဖြစ်တော့သည်။ သရက်စေ့, ပိန္နဲ, ဒူးရင်း, မာလကာ, စပါး, ပြောင်း, ပဲ, အစရှိသော ကမ္ဘာပေါ်၌ မျိုးစေ့ဟူသမျှသည် ဘာမျှမရှိ ခေတ်ရှစ်ပါးသာ ရှိတော့သည်။ ထိုသို့ဖြစ်မှ သရက်မျိုး, ဒူးရင်း, ပိန္နဲ, စပါး, ပြောင်း, ပဲ, စသော ဗီဇနိယာမ အစစ်သည် မည်သူ့ကို ခေါ်ရမည်နည်းဟု မေးခွန်း ဆိုက်လေတော့သည်၊ ဤနေရာ၌ (အဝိနိဗ္ဘောဂ ရုပ်ရှစ်ခု ယူလေ)။

**အဘိဓမ္မာ ပညာမျက်စိ ရှိသော ပုဂ္ဂိုလ်က ဖြေဆိုပေအံ့။**

ခေတ်ရှစ်ပါးတွင် ဟာရိတတေဇော, ဟု ခေါ်ဆိုအပ်သော ခေတ်စွမ်းကောင်း သတ္တိထူး ကလေးကို ဗီဇနိယာမ အစစ်ဟု ခေါ်၏။ ထိုဟာရိတ တေဇော ခေတ်သည် တကမ္ဘာလုံး ခေတ်ရှစ်ပါးရှိရာ ဌာန ဟူသမျှတို့၌ အကုန်ရှိ၏။

ရှိပုံကို ထင်စွာပြပေအံ့၊ ကမ္ဘာပေါ်တွင် ရှိရှိ သမျှ အတိုင်းတိုင်း- အပြည်ပြည်- အမြို့မြို့- အရွာရွာ တို့က မြေများကို အသီးသီး ယူဆောင်ခဲ့ ကြ၍ မြေခြင်း သမအောင် ရောနှော ပြီးလျှင် ကြီးစွာသော မြေအိုး ကြီးကို လုပ်၍ ရင်းအိုးကြီး ထဲသို့ ကမ္ဘာသူ, ကမ္ဘာသား တို့ သဘောတူ ထည့်ကြကုန်ရာ၏။

မည်သည့်-မျိုးစေ့ကိုမှ အနှုမြုခန့်မျှ မထည့်ရ။ ထိုကဲ့သို့ ဘာမျိုးစေ့မှ မထည့်ဘဲနှင့် အားလုံး လူအပေါင်းတို့ သဘောတူ- နေ့စဉ်မပြတ် နံနက် တကြိမ် ညနေ တကြိမ် ရေကို မှန်မှန် လောင်းပေး နေကြရမည်။ ရက်, လ-များလာသော အခါ စိမ်းရွှင်သော အပင် ကလေးတွေ ပေါက်လာ လိမ့်မည်။ ထိုကဲ့သို့ စိမ်း ရွှင်သော အပင် ကလေးတွေ အပြည့် အနှံ့ ပေါက်လာသော အခါမှာ အပင်သဏ္ဌာန်, အရွက်သဏ္ဌာန်, အပွင့်သဏ္ဌာန်, အမှုံ့ သဏ္ဌာန်, အသီး သဏ္ဌာန် အမျိုးမျိုးကို ကြည့်ရှု ကြပြီး လျှင် မိမိတို့၏ စိတ်မှာ ယင်မှ ထင်ရာကို သဘောတူ ခေါ်ကြ လေသည်။ အသွင် သဏ္ဌာန်ကို မြင်၍ တင်စား ခေါ်သော ပညတ်သည် သဏ္ဌာန ပညတ်ဟု မှတ်ကြ။

ကမ္ဘာဦး သူတို့ကစ၍ မျက်စိလယ် နေကြ သည်မှာ ယခု ထက်ထိ မျက်စိလယ် လျှက်ပင် ရှိကြ သေးသည်။ ထိုကဲ့သို့ စိမ်း ရွှင်သော အပင်ကို ဖြစ် စေ တတ် သော သဘော သတ္တိကလေးကို ဟာရိတ ဝေဇော ဓာတ်ဟု ခေါ်၏။ ၎င်း ဟာရိတ ဝေဇောဓာတ် ကိုပင် ဗီဇနိယာမ အစစ်ဟု မချွတ်ချွတ် မှတ်ကြပါ။

ကြွင်းသော ဓာတ် ၇ ပါး တို့သည် ဟာရိတ ဝေဇော ဓာတ်၏ အခြံအရံမျှသာ ဖြစ်တော့သည်။ စင်စစ် ဗီဇ နိယာမ, အစစ် မဟုတ်ပါ။

ထို့ကြောင့် ဗိဇနိယာမ, အစစ် ဟု ခေါ်သော ဟရိတ တေဇော ဓာတ်ကို ဉာဏ် ပညာ မျက်စိ နှင့် ကောင်းစွာ သိမြင်အောင် မှတ်ကြပါ သူတော်ကောင်း အပေါင်းတို့။

ထိုနေရာက-ပညတ်နှင့် ပရမတ်ကွဲခွဲမှု ပရမတ်ဉာဏ်, ဓာတ် ဉာဏ် ပေါက်မှ ရှေ့ကို ဉာဏ် သန့်ရှင်း၍ ဓာတ် ဉာဏ် အလင်း ပေါက်ကြမည်။

## အထူးမှတ်ရန်

ထို့ကြောင့်-ကမ္ဘာပေါ်တွင် ရှိရှိသမျှ သစ်ပင်,တော, တောင်, အပွင့်အသီး ဟူသမျှ တို့သည် ငါတို့ ဂေါတမ မြတ်စွာ ဘုရားက ဘန်ဆင်း ပေးသည်လည်း မဟုတ်။ ထာဝရ ဘုရားက ဖန်ဆင်း ပေးသည်လည်း မဟုတ်။ သဘာဝဓမ္မ, မြေဥတု, ရေဥတု, လေဥတုတို့နှင့် ဟရိတ တေဇောဓာတ်သည် သမဘာဂ ဖြစ်အောင် ရောနှော မိသောအခါ စိမ်းရွှင်သော အပင်ကလေးတွေ သဘာဝ ဓမ္မအတိုင်း ပေါက်ပွါး လာကြလေတော့သည်။ အသက် မရှိသော ဓာတ်ရှစ်ပါးက စိမ်းရွှင်သော အပင် ဖြစ်ပေါ် ၏။ ဗီဇနိယာမကို သဘောကြအောင် ကြပ်ကြပ် စဉ်းစား ကြပါ။

ဟရိတ တေဇောဓာတ်သည်- ဗီဇနိယာမ အစစ်ဖြစ် ကြောင်းကို ထင်စွာပြဦးအံ့- သရက်မျိုး, ပိန္နဲမျိုး, ဒူးရင်း

မျိုး, စပါးမျိုး အစရှိသော မျိုးဟူသမျှကို ကျိုက်ကျိုက် ဆူနေသော ရေနွေးအိုးထဲသို့ အားလုံး ထည့်လိုက်ကြပါ။ တော်တော်ကြာ ထား၍ ကျက်လောက်သော အခါ ၎င်းမျိုးစေ့ တွေကို ဆယ်၍ ရွှံ့ဖြင်းအိုးတွေ အသီးသီး လုပ်ကြ ပြီးလျှင် ရွှံ့ မြေတွေကို ထည့်၍ ၎င်းအိုးတွင်း ရွှံ့မြေထည်းသို့ ရေနွေး ဖြောပြီးသော မျိုးစေ့ တွေကို စုံအောင်ထည့်၍ စိုက်ပြီးသောအခါ ရွှံ့ရေတွေကို နေ့စဉ် မပြတ် လောင်းပေးကြ၊ တသက်လုံး လောင်းနေ ပြား သော်လဲ သရက်ပင်, ပိန္နဲပင်, ဒူးရင်းပင်, မာလကာ, စပါး, ပြောင်း, ပဲ, အစရှိသော မျိုးဟူသမျှ တို့ သည် အပင် ပေါက်ကြ သေးရဲ့လား၊ ဘယ်အခါမှ မပေါက် တော့ပြီ။ ဘာကြောင့် မပေါက်သလဲဟု အကြောင်း ကို ကောင်းစွာ ရှာကြရမည်။ သရက်စေ့, ပိန္နဲစေ့ ဟူသော အမည် ပညတ်ကို မပြောင်း၊ အသွင်သဏ္ဌာန်ကို မပြောင်း ပါဘဲနှင့် ဘယ်အတွက် မပေါက်သလဲဟု ဉာဏ်ပညာ မျက်စိနှင့် စဉ်းစား ဆင်ခြင်၍ ကြည့်ရှု မှတ်သားကြကုန်။

ရေနွေးနှင့် ဖြောလိုက်သော အခါ စိမ်း ရှင်သော အပင်ကို ဖြစ်စေတတ်သော ဟာရိတ တေဇောဟု ခေါ်ဆို အပ်သော သတ္တိ ထူး ကလေး မရှိ တော့ပြီ၊ ကုန် ဆုံး ချုပ်ငြိမ်း သွားလေပြီ။ ကြွင်းကျန်သော ဓာတ်ခုနှစ်ပါး က စိမ်းရှင်သော အပင် ပေါက်နိုင် ပါလျှင် အားလုံး ထ၍ ပေါက်လတံ့။ ထိုကဲ့သို့ ပေါက်နိုင်သော အစွမ်း

သတ္တိ မရှိသောကြောင့် ထိုဓာတ် ခုနစ်ပါးသည် အခြံအရံ မျှသာ ဖြစ်သည်ကို လွန်စွာ ထင်ရှား လှပေတော့သည်။

ထိုကြောင့်-ဟာရိတ တေဇောဓာတ် သတ္တိသည် မြေဥတု,ရေဥတု,လေဥတု, တို့နှင့် သမဘာဂ ဖြစ်သော အခါ ဘွားကနဲ စိမ်းရွှင်သောအပင် ဖြစ်ပေါ်မှု၊ ရေနွေး နှင့် တွေ့သောအခါ ကုန်ဆုံးချုပ်ငြိမ်းမှု ထိုနှစ်ခုကို ပိုင်းခြား၍ သေချာစွာ မှတ်ကြပါ။ တကမ္ဘာလုံး ဘာသာ လူမျိုးတို့နှင့် သက်ဆိုင်သော အရာ ဌာနကြီး ဖြစ်၍ ရှင်းလင်းစွာ နားလည်အောင် ရေးသား ဖော်ပြ လိုက်ပေသည်။

ထိုကဲ့သို့ အသက်မရှိသော ဓာတ်ရှစ်ပါး၏ သဘာဝဓမ္မကို ကောင်းစွာ နားလည်မှ အသက်ရှိသော ခန္ဓာငါးပါး ဖြစ်ပေါ်ပုံ ချုပ်ဆုံးပုံ တို့ကို ကောင်းစွာ နားလည်ကြမည်။

သို့အတွက် ထိုအချက်ကြီး များကို အခေါက်ခေါက် အခါခါ သဘော ပါပါနှင့် ကြည့်ရှု မှတ်သား ကြကုန်၊

ဓါတ်ရှစ်ပါးဖြင့် စစ်တမ်းထုတ်၍

ဓမ္မ သဘာဝ ပြဆိုကော်း ပြီး၏။

## ခန္ဓာငါးပါးကို ဖြစ်စေတတ်သော မျိုးစေ့ အနုသယ ခုနစ်ပါးအကြောင်း သဘာဝဓမ္မ ပြဆိုခဏ်း။

ဘုံ ၃၁-၌ခန္ဓာ ငါးပါးကို ဖြစ်စေတတ်သော အနုသယ ခုနစ်ပါးကို ပြဆိုပေအံ့-အနုသယ, ယမိုက်ပါဠိတော်ကြီးများ၌ ဟောတော်မူသော အနုသယ ၇ပါးကို သဘာဝဓမ္မ ကျနစွာ အတိုချုပ် အကျဉ်းဆုံး နည်းအားဖြင့် သိလွယ်ကြ စေခြင်း အကျိုးငှါ ရေးသား ဘော်ပြပေအံ့။

ဘုံ ၃၁-၌ ခန္ဓာ ငါးပါး ရှိကြ ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့မှာ မိမိတို့ ခန္ဓာငါးပါး ဖြစ်ပေါ် လာရခြင်း၏ အကြောင်း ရင်းမြစ် အမှန်အစစ်ကို ဆိုသော ဉာဏ်ပညာ မျက်စေ့နှင့် စေ့စေ့ စပ်စပ် ကြည့်ရှု၍ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ သိကြရန် အထူး သတိ ပြု၍ မှတ်သားကြကုန်။

မိမိတို့ ခန္ဓာငါးပါး ဖြစ်ပေါ်လာရခြင်း၏ အကြောင်း ရင်းမြစ် အစစ် ဆိုသည်မှာ အနုသယ ခုနစ်ပါးသည် သာလျှင် ခန္ဓာ ငါးပါးကို ဖြစ်စေတတ်သော မျိုးစေ့ အစစ် အမှန် ဖြစ်ပေသည်။

သူ့ဘုံနှင့် သူ့မျိုး- သူ့ခန္ဓာ ဖြစ်ပေါ်ပုံကို သေချာစွာ မှတ်ကြပါ။

(၁) ဒိဋ္ဌိအနုသယနှင့်- ဝိစိကိစ္ဆာ အနုသယ ထိုနှစ်ပါးသည် အပါယ် လေးဘုံ၌ ခန္ဓာငါးပါး ဖြစ်စေတတ်သော မျိုးစေ့ အစစ်အမှန် ဖြစ်၏။

(၂) ကာမရာဂါနုသယနှင့် - ပဋိဃာနုသယသည် လူ့ဘုံ လူ့ခန္ဓာငါးပါး နတ်ပြည်ခြောက်ထပ်၌ နတ်ခန္ဓာငါးပါး ဖြစ်စေတတ်သော မျိုးစေ့ အစစ် အမှန်ဖြစ်၏။

(၃) ဘဝရာဂါနုသယနှင့်- မာနာနုသယ- အဝိဇ္ဇာနုသယ- ထိုအနုသယသုံးပါးသည် ရူပဗြဟ္မာ (၁၆-ဘုံ) အရူပဗြဟ္မာ(၄-ဘုံ) ပေါင်း- ဗြဟ္မာဘုံ ၂၀-တို့၌ ဗြဟ္မာခန္ဓာ ဖြစ်စေတတ်သော မျိုးစေ့ အစစ် အမှန် ဖြစ်၏။

ဘုံ ၃၁-၌ ခန္ဓာ ငါးပါး ဖြစ်စေ တတ်သော မျိုးစေ့ အစစ်ကို ခွဲကောက်သော အခါ ထိုအနုသယ (၇)ပါး သည်သာလျှင် မျိုးစေ့, အစစ် အမှန် ဖြစ်၏။

"အနုသယ" ဆိုသည်မှာ ငုတ်ခတ်,

ပေါ်ခတ်ဟု မှတ်ကြ၊

ထို့ကြောင့်- ကျေးဖူးရှင်- လယ်တီ ဆရာတော် ဘုရားကြီးက လင်္ကာ စပ်ဆိုတော် မူသည်မှာ-

အစဉ်စွဲကပ်၊ ငုတ်ကိန်းဝပ်၊ မျိုးခေါ်တ်နုသယာ၊

ဟု- စပ်ဆိုတော်မူသည်။

အနုသယ သဘော သတ္တိ သည် အလွန် တရာ နူးညံ့ သိမ်မွေ့ သောကြောင့် ၄တ် ကိန်းပုံ ဖြစ်ပေါ်ပုံ များကို ဥပမာနှင့် တကွ ထင်ရှားစွာ ပြပေအံ့။

**စိတ်, စေတသိက်ကို မီးတောက်, မီးခဲ, ဥပမာပြခြင်း။**

မိမိတို့- ခန္ဓာ ကိုယ်လောက် ရှိသော မီးချစ်ဆံ, ဆေးခဲ, ယမ်းခဲတုံး ကြီးသည် ရှိလေရာ၏။ ထိုဆေးခဲ, ယမ်းတုံးကြီး၌ မီးတောက်ကို ဖြစ်စေတတ်သော သတ္တိ ကလေးသည် အပြည့် အနှက် ၄တ်လျှိုး ကိန်းဝပ်လျက် တည်ရှိ၏။

ထိုကဲ့သို့ မီးတောက်, ဖြစ်စေ တတ်သော သတ္တိ ကလေး ၄တ်လျှိုး နေသည်ကို ဉာဏ်ပညာ မျက်စေ့နှင့် သီးခြား မြင်အောင် ကြည့်၍ထားကြပါ။ ထိုဆေးခဲကြီး နှင့် ကော်ပတ် မထိခိုက် သေးသရွေ့ ကာလ ပတ်လုံး အသပြာ သိန်း, သန်း, ကုဋေ, အတိုး ထိုက်တန်သော အဝတ်ပုဆိုး အထည်ဝတ္ထု ထည်းသို့ ထည့်၍ ထားငြား သော်လည်း ဘာတစုံ တခုမျှ ထိခိုက် လောင်ကျွမ်းမှု မရှိ သေး။ အလွန်တရာ သူတော် ကောင်းကြီးဟု ထင်ရ၏။ ကော်ပတ်နှင့် ထိခိုက်သောအခါ မီးချစ်ဆံ, ဆေးခဲကြီးမှ ဖွါးကနဲ မီးတောက်ကြီး ထ၍ တောက်လေသည်။

ထိုမီးတောက်ကြီးသည်- တကမ္ဘာလုံး ကျူးစက်၍ ပြာကျ အောင် လောင်ကျွမ်း နိုင်သော သတ္တိ ရှိ၏။

မီးတောက်ကြီး ဖွါးကန် ပေါ်လာ မှုကို ဉာဏ် ပညာ မျက်စေ့နှင့် မြင်အောင် ကြည့်၍ ထားကြပါ၊ မိမိခန္ဓာ ကိုယ်ကြီးသည် မီးချင်ဆံ ဆေးခဲကြီးနှင့်တူ၏၊ ကောဌ်ပတ် သည် ဗဟိဒ္ဓ က ရူပါရုံ, သဒ္ဒါရုံ အစရှိသော အာရုံ အမျိုးမျိုး တို့နှင့် တူ၏။

(၁) စက္ခုပသာဒ နှင့် ရူပါရုံ,ထိခိုက်သော အခါ စက္ခု ဝိညာဏ်သည် ဖွါးကန် ဖြစ်ပေါ် လာသည်၊ ထို စက္ခုပသာဒ ၌ မီးတောက်ကြီး တခု ထ၍တောက် သည်နှင့်တူ၏။

(၂) သောတပသာဒ နှင့် သဒ္ဒါရုံ, ထိခိုက်သော အခါ သောတ ဝိညာဏ်သည် ဖွါးကန် ဖြစ်ပေါ်လေ သည်။ သောတပသာဒ ၌ မီးတောက်ကြီး တခု ထ၍ တောက်သည်နှင့် တူ၏။

(၃) ဃာနပသာဒ နှင့် ဂန္ဓာရုံ,ထိခိုက်သော အခါ ဃာနဝိညာဏ်သည် ဖွါးကန် ဖြစ်ပေါ်လေသည်။ ဃာနပသာဒ၌ မီးတောက်ကြီးတခု ထ၍ တောက်သည် နှင့် တူ၏

(၄) ဇိဝှါ ပသာဒ နှင့် ရသာရုံ, ထိခိုက် သောအခါ ဇိဝှါ ဝိညာဏ်သည် ဖွါးကန် ဖြစ်ပေါ်လေ သည်၊ ဇိဝှါသာဒ၌ မီးတောက်ကြီး တခု ထ၍တောက် သည်နှင့် တူ၏။

(၅) ကာယပသာဒ နှင့် ဖေါဋ္ဌဗ္ဗာရုံ, ထိခိုက်သောအခါ ကာယ ဝိညာဏ်သည် ဖွါးကာနဲ့ ဖြစ်ပေါ်လေသည်၊ ကာယပသာဒ၌ မီးတောက်ကြီး တခု ထ၍ တောက်သည်နှင့် တူ၏။

(၆) မနောဒွါရ အကြည်ခတ် နှင့် ဓမ္မာရုံ, ထိခိုက်သောအခါ မနောဝိညာဏ်သည် ဖွါးကာနဲ့ဖြစ်ပေါ်လေသည်။ မနောဒွါရ အကြည်ဓါတ်၌ မီးတောက်ကြီး တခု ထ၍ တောက်သည်နှင့် တူ၏။

ထိုကဲ့သို့- သူ့ ဝတ္ထု, သူ့ အာရုံနှင့်- သူ့ဝိညာဏ် ဖြစ်ပေါ်ပုံ များကို ကောင်းစွာ မှတ်ကြပါ သူတော်ကောင်း အပေါင်းတို့။

မီးတောက်သည် (စေတသိက်နှင့်တူ၏။)

မီးခဲသည် (စိတ်နှင့်တူ၏။)

ထိုမီးတောက်နှင့်- မီးခဲ ချုပ်ငြိမ်းသော အခါ ချုပ်ရာ ဌာနဌာနတို့၌ ခွေးမှုသဘော သင်္ခါရကလေးသည် အသီးအသီး ကျန်လျက်ရှိကြ၏။ ထိုသို့ ကျန်လျက်ရှိသော ခွေးမှုသင်္ခါရကလေးသည် မီးတောက်လဲမဟုတ်, မီးခဲလဲမဟုတ်တော့ပြီ။ တစုံ တခုသော ဝတ္ထုကိုမျှ လောင်ကျွမ်းခြင်းငှါ မစွမ်းနိုင်တော့ပြီ။ ထိုကဲ့သို့ မီးတောက်,မီးခဲ ချုပ်ငြိမ်းပြီးနောက် ကြွင်း ကျန်လျက် ရှိသော (သဘော သင်္ခါရကလေး)သည် (အနုသယ သဘော သင်္ခါရ)နှင့် တူ၏။

အနုသယ ဆိုသည်မှာ- ထိုသဘော သတ္တိ ကလေး ကဲ့သို့ မှတ်ကြ။ အနုသယ သဘော သတ္တိသည် စိတ်, စေတသိက်တို့ ချုပ်တိုင်း-ချုပ်တိုင်း ထိုချုပ်ရာ ဌာနတို့၌ အနုသယ သတ္တိကလေးသည် ကျန်ရှိ ကျန်လျက်ပင် ရှိ၏။

ကျန်ပုံကို ထင်ရှား စေဦးအံ့- တကိုယ်လုံး ထိစပ် အောင် ကျောက်ပေါက်သော သူသည် ကျောက်ရောဂါ ပျောက်ငြိမ်းသော အခါ ကျောက်ပေါက်ရာ ဌာန တို့၌ အနာ လုံးရေ သိန်း- သန်း- ကုဋေ- မရေ မတွက် နိုင်အောင် များသလောက် အမာရွတ် ဒဏ်ချက်ပေါင်း သိန်း, သန်း, ကုဋေ, မရေ မတွက် နိုင်အောင် များ ပြား၏။

ထို့အတူ- စိတ်, စေတသိက်, ချုပ်တိုင်း, ချုပ်တိုင်း, ကျန်သော အနုသယ ဒဏ်ချက်သည် အမာရွတ် ဒဏ်ချက် ကျန်သည်နှင့် တူ၏။ (အထူး သတိထား- စဉ်းစား၍ မှတ်ကြပါ)။

ထို အနုသယ သတ္တိ ကလေးကို စိတ်, စေတသိက် တို့နှင့် သီးခြား ခွဲထုတ်၍ ဉာဏ် ပညာ မျက်စေ့ နှင့် စစ်တမ်း ထုတ်ကြည့်ကြပါ။

အသင် အနုသယ သတ္တိကလေး- အသင်သည် စိတ်, စေတသိက်, ချုပ် တိုင်း, ချုပ် တိုင်း, အသင် ချုပ်ရဲ့ လားလို့မေး။ ။အနုသယက, အစစ်ခံ လိမ့်မည်။

ကျွန်တော်သည့် စိတ်, စေတသိက် တို့ ချုပ်တိုင်း, ချုပ်တိုင်း, ဘယ်အခါမှ မချုပ်ပါ။ ကျွန်တော်မှာ ချုပ်စရာဆို၍ ဥပါဒ်,ဌီ,ဘင်, ဘယ်အခါမှ မရှိပါ။ ခဏငယ် သုံးချက်မှ ကင်းလွတ်သော တရားသဘော သတ္တိကလေး အသီး အခြား အမှန် ဖြစ်ပါသည်။

သို့ရာတွင် ကျွန်တော်သည့် စိတ်, စေတသိက် တို့ ဖြစ်ပေါ်တိုင်း, ဖြစ်ပေါ်တိုင်း, အစဉ် တစိုက် ဝတ်လျှိုးလျှက် အမြဲပင် ပါရှိပေသည်။ ထို အခါ ကျွန်တော်ကို စေတသိက်, ဟု အမည် ပေး၍ အသီးသီး ခေါ်ကြပါသည်။ စေတသိက် အမည်နှင့်ပင် အသုံးပြုကြ ပါသည်။

ထိုသို့ ဖြစ်သော်လည်း ကျွန်တော်သည် (ဘုံ-၃-ဘုံ) နှင့် ခွဲထုတ်သော အခါ (၁) ဘုံအသီး အခြား ရပါသည်။

၁။ ကာယကံ, ဝစီကံ, လွန်ကြူး သောင်း ကြမ်းမှုသည်, (ဝီတိက္ကမ, ကိလေသာ ဘုံ)ဟုခေါ်၏။

၂။ မနောကံ, လွန်ကျူး သောင်းကျန်း မှုသည် (ပရိယုဋ္ဌာန, ကိလေသာဘုံ) ဟု ခေါ်၏။

၃။ ကာယကံ,ဝစီကံ, မနောကံမှ အလွတ် ဖြစ်သော (အနုသယ ကိလေသာ ဘုံ) သည့်-ကျွန်တော်၏ "အနုသယ" ဘုံ ဖြစ်ပေသည်။

ထိုကဲ့သို့ သူ့ဘုံနှင့်သူ သီးခြား ခွဲထုတ်သော အခါ ကျွန်တော်သည့် မည်သည့် စိတ်, စေတသိက် တို့နှင့်မှ

မရော စပ်ပါ။ ကျွန်တော်တို့ကို ကာမ ကုသိုလ်, ရူပ ကုသိုလ်, အရူပ ကုသိုလ်တို့သည် ဘယ်အခါမှ မကယ်နိုင်ကြပါ။

သစ္စာယာဉ် အကျွမ်းဝင်သော တရားမျိုး ဟူသမျှတို့သည် ကျွန်တော်ကို ဘယ်အခါမှ ပယ်သတ်ခြင်းငှါ မစွမ်းနိုင်ကြပေ။

သို့အတွက် ကျွန်တော်သည် (ယာမဂတော) နိုင်ခန့်လုံလောက် မြဲမြံ သန်စွမ်းသော အစွမ်း ဗလနှင့် ပြည့်စုံသော (အနုသယ) သင့် လျော်သော အ ကြောင်း ကိုရသည်ရှိသော်မချွတ် ဖြစ် ထိုက်သော, ဖြစ် တတ်သော, ဖြစ်လတံ့သော ကိလေ သာ ဟု မှတ်ကြ။ ပဋ္ဌာန်၌ ထိုကဲ့သို့ အားစွမ်း ဗလ နှင့် ပြည့်စုံမှ အကျိုးကို ပေးစွမ်းနိုင်သည်။အသက်မရှိသော သရက်မျိုးစေ့ခတ်, မှတ်ကြကြပါ။

ဟဒိတ တေဇောခတ် သတ္တိ ကလေးသည် ဘယ်လိုပင် အစွမ်း ကောင်းသည်ဟု ဆိုသော်လည်း ၇- ပါးသောဓာတ်အခြံအရံတို့နှင့် ပူးတွဲပေါင်းစပ်၍ တလုံးတည်း တခဲထည်းနေသောအခိုက်အတန့်မှသာ(မြေဥတု,ရေဥတု, လေဥတုတို့နှင့် ရောနှောမိ၍ အင်္ဂါ ပြည့်စုံမှမိမိ ရှင်သော အပင်က လေးတွေ ပေါ်ပေါက်လာနိုင်သကဲ့သို့ ....

ထို့အတူ= အနုသယ, သတ္တိ ကလေးသည် ဘယ်လိုပင် အစွမ်းကောင်းသည်ဟု ဆိုပြားသော်လည်း စိတ်,

စေတသိက်တို့နှင့် အတူတကွ တသားတည်းကဲ့သို့ နေသော အခါမှသာလျှင် ခန္ဓာ ငါးပါး ဖြစ်ပေါ်ရန် အကျိုးကို ပေးစွမ်းနိုင်သည်ဟု မှတ်ကြပါ။

သို့ရာတွင် ကျွန်တော်မပေါ်လျှင် ဘယ်ခန္ဓာမျိုးမှ မဖြစ်နိုင်တော့ပြီ၊ စိတ်, စေတသိက်, သက်သက် ဆိုလျှင်ခန္ဓာဆို၍ အနုမြူခန့်မျှ မဖြစ်တော့ပြီဟု မှတ်ကြ။

အနုသယ၏ သဘာဝ ဓမ္မကို ကောင်းစွာ ပိုင်ပိုင် မှတ်ကြ သိနားလည်ကြ စေလိုသည်။

( အနုသယ ပြဆိုခန်း ဤတွင်ပြီး၏။ )

---

၁၅၉၉

## "လူ" ဖြစ်ခြင်း အကြောင်း ပဋိ သန္ဓေခန်း။

၁၂၀၂- ခု နှစ်ကစ၍ ရေးသားခဲ့သော အရိယာဝိဇ္ဇာ မဂ္ဂ အလင်းပြကျမ်း " တွင် ပဋိ သန္ဓေ ခန်းကို အကျဉ်းမျှ ပြဆိုခဲ့၍ ယခုအခါ ၁၃၁၁-ခုနှစ်၊ ဝါခေါင် လပြည့်ကျော် ( ၅ ) ရက်နေ့က စ၍ လူဖြစ်ခြင်းအကြောင်းနှင့်တကွ ပဋိသန္ဓေ ခန်း အကျယ်ကို ထည့်သွင်း ဖော်ပြပေသည်။ ကောင်းစွာ မှတ်ကြကုန်။

ကမ္ဘာ လောက ကြီး မှာ "လူ" ဆိုတာ ဘယ်က ဖြစ်လာသည်ဟု အကြောင်းရင်း အထောက် အပံ့နှင့် တကွ မသိ မမြင်အောင် အဝိဇ္ဇာ တည်းဟူသော မှောင်တိုက်

ကြီး ဖုံးအုပ်လျက် ရှိကြကုန်သော အန္တပုထုဇဉ်, အပေါင်းတို့အား ပဋိပတ်တိုင်း မှန်ရာ ဝိဇ္ဇာ ဉာဏ် အလင်းပေါက်၍ သိမြင်ကြစေခြင်း အကျိုးငှါ မေတ္တာ ကရုဏာ ရှေ့ထား၍ ကောင်းစွာ ရေးသား ဖော်ပြပေအံ့။

( ကောင်းစွာ မှတ်ကြ သူတော် ကောင်းအပေါင်းတို့။ )

## " လူ "

ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ခန္ဓာ ငါးပါး တရားအစုတို့ကိုသာ လူဟူ၍ လောက သင်္ကေတ အားဖြင့် ခေါ်ဝေါ် သမုတ်ခြင်း ဖြစ်လေသောကြောင့် ပညတ် အားဖြင့်သာ လူ ရှိလေသည်။ ထိုပညတ်သည် ခန္ဓာငါးပါး တရားတို့မဟုတ်ကြကုန်။ သို့ရာတွင် ခန္ဓာ ငါးပါး တရား တို့မရှိလျှင်လည်း ဤလူဟူ၍ခေါ်ဝေါ်သမုတ်ခြင်း ပညတ် မဖြစ်နိုင်။ ခန္ဓာ ငါးပါးတို့၏ ထင်ရှား ရှိမှသာလျှင် ထို တရားတို့၏ အပေါင်း အစုကို စွဲ၍ "လူ" ဟူ၍ ခေါ် ဝေါ် သမုတ်ခြင်း ပညတ် ဖြစ်ပေါ်နိုင်သည်ဟု မှတ်ကြ။

ပညတ်ဟူသည် မိမိဥ် သဘော တ ရား ဆို ၍ တစုံ တရာမျှ မရှိချေ။ သဘော တရား ထင်ရှားရှိသော တရား များကို မှတ်ကြ။ ထို လူ ဟူသော ပညတ်၏ စွဲမှီရာ ခန္ဓာ ငါးပါး တရားတို့သည်သာ အဟုတ်ရှိ၊ အမှန်ရှိ ဖြစ်ပေ သည်။ လူဟူသော ပညတ်သည် ယောပြဟ္မာ စသည်ဖြင့် ခေါ်ဆိုအပ်သော မြဲသော ထာဝရ ဘုရားက ဖန်ဆင်း၍ ဖြစ်လာသည်မဟုတ်။ ထိုလူဟူ၍ ခေါ်အပ်သော အမည်

ပညတ်၏ စွဲမှီရာဖြစ်သော ခန္ဓာ ငါးပါးတရားတို့ကိုကား မြန်မာ လူမျိုးများကလည်းမပြုလုပ်, မဘန်ဆင်းနိုင်။ အခြားသော နတ်, လူ, ဗြဟ္မာ, သတ္တဝါအပေါင်း တို့ကလည်း မပြုလုပ်မဘန်ဆင်းနိုင်။ ထိုခန္ဓာငါးပါး တရားတို့ကို ပြုလုပ် ဘန်ဆင်းနိုင်သော ပုဂ္ဂိုလ်, တစုံတယောက်မျှ မရှိလျှင် ထိုတရား တို့သည် အကြောင်းမဲ့ သူ့ဘာသာ အလကား သက်သက် ဖြစ်ချင်သလို ဖြစ်လာကြရကုန်သည် မဟုတ်ကုန်။ ထိုခန္ဓာငါးပါး တရားတို့ကြောင့်သာဖြစ်လာကြရကုန်သည်။တခုတည်းသော အကြောင်းတရားကြောင့် ဖြစ်လာ ရသည် မဟုတ်ကုန်။ မြတ်စွာဘုရားက မည်သည့် တရား သည် မည်သည့် တရားကြောင့် ဖြစ်သည်ဟူ၍ ဟောတော်မူလျှင် အကြောင်းတခုတည်းကြောင့် ဖြစ်သည်ဟူ၍ မမှတ်ထင်အပ်။ အကြောင်းရင်းမူလ ဖြစ်၍သော်လည်းကောင်း, အနီး ဆုံးသော အကြောင်း ဖြစ်၍ သော် လည်းကောင်း, အကျိုးတရားကို ဖြစ် စေ တတ် သော အကြောင်းများတို့တွင် ပြဓာန်းသော အကြောင်း ဖြစ်၍သော်လည်းကောင်း,ထင်ရှားရာသို့ လိုက်၍ ဟောတော်မူခြင်း ဖြစ်သည်ဟူ၍ သိမှတ်အပ်၏။ သိမှတ်ကြရမည်။

ထို့ကြောင့် လူဟူ၍ ခေါ်ဆိုအပ်သော ခန္ဓာငါးပါးတရားအစုကို များစွာသော အကြောင်းတရားတို့က ပြုလုပ်၍ "လူ"ဖြစ်လာခဲ့သည်ဟု မှတ်ကြရမည်။

## "လူ" လူဖြစ်ရန်

### များစွာသော အကြောင်း တရားတို့ ဟူသည်ကား။

၁။ ။ အမိ နှင့် အဘ၊ ခေါ်သော မိန်း မ နှင့် ယောက်ျားခန္ဓာ ငါးပါးတရား အစုအပေါင်း နှစ်ဦးတို့က မေထုန သံဝါသ အမှုကို ပြုလုပ်ကြခြင်းကြောင့် အမိ၏ သောဏိတ, ခေါ်သော သွေးခေတ်နှင့် အဘ၏ သုက္က, ခေါ်သော သုက်ခေတ်သည် အမိ၏ သားအိမ် တွင်း၌ ပေါင်းယှက်ကြခြင်း တည်းဟူသော အကြောင်းကြောင့်

၂။ ။ အမိ သည်လည်း ဥတုရာသီရှိသောအရွယ် တည့်ရှိနေခြင်းဟူသော အကြောင်း။ ( သားသွီး မတည် နိုင်သော မိန်းမများ အလွတ်ဟု မှတ်ရမည်။)

၃။ ။ မိဘနှစ်ပါးတို့၏ သွေး, သုက်သည် အမိ၏ သားအိမ်၌ တည်နေစဉ်, တည်နေခိုက်, ဘ ဝ တပါး၌ သေဆဲ ဖြစ်နေသော သတ္တဝါမှာ လူဖြစ် ထိုက် သော ကုသိုလ်ကံ အခွင့်သာ၍ နိမိတ် ထင်ခြင်းတည်းဟူသော အကြောင်း။

ဤအကြောင်း သုံးပါးတို့ ညီညွတ်ခြင်းကြောင့် အမိ ဝမ်း၌ သတ္တဝါ တဦးသည် ပဋိသန္ဓေ တည်နေရလေ သည်ဟု မှတ်ကြရမည်။ လူ ကို ဖြစ်စေတတ်သော အ ကြောင်းများသည် ဤမျှသာ မဟုတ်သေး။ ပြဿနာသည် ဖြစ်၍ ထုတ်ဖော်၍ ပြော သင့် သော အ ကြောင်း တို့

သာ ဖြစ် သေး သည်။ ထို အကြောင်းတို့မှ တပါး အကြောင်းများစွာရှိသေး၏။ အဘယ် အကြောင်းတို့နည်းဟူမူ မိဘနှစ်ပါးတို့၏ မေထုန သံဝါသကို ပြုလိုသောရာဂ တဏှာ, ကိလေသာ တည်းဟူသော လောဘ စေတသိက်, သားသမီးကိုရလိုသော လောဘ စေတသိက်, ထို စေတသိက်တို့နှင့် ယှဉ်သော လောဘမူ စိတ်, ပဋိသန္ဓေ တည်နေလတံ့ဖြစ်သော သတ္တဝါ၏ ခန္ဓာသန္တာန်၌ လူဖြစ်ရချင် အေးချမ်း သာယာသည်ဟု အမှား မှတ်ထင်အောင် လူ၏ ဒုက္ခကို မသိ မမြင်စေတဲ့ ဖုံးလွှမ်းတတ်သော ရှေးရှေးသော ဘဝတို့၌ ဖြစ်သော အဝိဇ္ဇာ နှင့်သယ, ကိလေသာ တည်းဟူသော မောဟ စေတသိက်, လူ၏ ဒုက္ခကို မမြင်၍ လူဖြစ်လျှင် ချမ်း သာ သည် ဟု အမှား မှတ်ထင်သည့်အတွက် လူ၏ဘဝကို လိုချင် တတ်စေကိုသော တဏှာ နှင့်သယ ကိလေသာ တည်းဟူသော လောဘ စေတသိက်, ဤသို့ တတ်မက်ခြင်းကြောင့် လူဖြစ် စေကြောင်း ပြုလုပ်အပ်သော ကုသိုလ်ကံ တည်းဟူသော စေတနာ စေတသိက်, ထို စေ တ သိက်နှင့် ယှဉ်သော မဟာ ကုသိုလ်စိတ်,ထိုကုသိုလ်ကံ အကျိုးပေးသည် ဖြစ်၍ အဖဟု ဆိုအပ်သော မိန်းမတယောက်၏ ဝမ်း, သားအိမ်တွင်း၌ မိဘ နှစ်ပါးတို့၏ သွေးနှင့် သုက်, တို့ကို မှီ၍ဖြစ်ပေါ်လာသော ဟဒယ ဝတ္ထုရုပ်အစု, ထိုရုပ်စုကိုမှီ၍ဖြစ်ပေါ်လာသော မဟာဝိပါက် ဥာဏ သမ္ပယုတ် ၄-ခု တို့တွင် တခုခုသော ပဋိသန္ဓေ ဝိညာဏ်စိတ်,ထိုစိတ်ကိုသိမ်း

သည်း စောင့်ရှောက်သော အားဖြင့် ထိုစိတ်နှင့် ယှဉ်၍ အတူတကွဖြစ်သော ဖဿ, ဝေဒနာ,စသော စေတသိက် များ....

ဤတရားများသည်လည်း လူသတ္တဝါကို ဝိုင်းဝန်း၍ ပြုလုပ် ဘန်ဆင်းသော အကြောင်းတရားများဖြစ်ကုန်၏။ ထိုအကြောင်း တရားတို့တွင် လူ၏ ခန္ဓာကိုယ် အတ္တဘော ကို ဖြစ်စေတတ် ပြုလုပ်ဘန်ဆင်းတတ်သော အကြောင်း ရင်း မူလ ဖြစ်သော တရားသည်ကား တဏှာအနုသယ ကိလေသာ ပင် ဖြစ်သတည်းဟု မှတ်။ တဏှာအနုသယ ကိလေသာမှ တပါးသော အကြောင်းကား အခြံအရံ မျှ သာ ဖြစ်သော အကြောင်းတို့ ဖြစ်ကြကုန်၏။ လူဆိုတာ ဘယ်က ဖြစ်လာသည်ဟု အကြောင်းရင်း အထောက် အပံ့နှင့်တကွ မသိ မမြင်အောင် အဝိဇ္ဇာ,တည်းဟူသော မောဟ အမိုက်တရားကြီးက ဖုံးအုပ် ထားသော အန္ဓ ပုထုဇန် ပုဂ္ဂိုလ်တို့အတွက် ရှင်းလင်းချက် ဤတွင်ပြီး၏။

ဘုံ ၃၁ ၌ ခန္ဓာ ငါးပါးကို ဖြစ်စေတတ်သော အနု သယ လူစွမ်းကောင်း သတ္တိ ထူးကလေးကို ကမ္ဘနိယာမ ဆိုသော သုက္က စေတသိက် အမည် ပေး၍, ကျွန်တော် အနုသယကို ဌာပနာလုပ်၍,အမိဝမ်း၌ ပဋိသန္ဓေတည်နေ ပုံကို ဆက်လက်၍ ပြဆိုပေအံ့။

## အနုသယ ဌာပနာနှင့် ရုပ်ခန္ဓာ တည်ဆောက်ပုံ

ဂဗ္ဘသေယျ ပုဂ္ဂိုလ်၏ ပဋိသန္ဓေအခိုက်၌ ယောကျ်ား ဖြစ်လျှင် (ကာယဒသက, ပုမ္ဘာဝဒသက, ဝတ္ထုဒသက) ဤကလာပ် သုံးစည်းနှင့် ရုပ် ၃၀ တို့ကို ရကုန်၏။

မိန်းမ ဖြစ်လျှင် (ကာယဒသက, ဣတ္ထိ ဘာဝဒသက, ဝတ္ထုဒသက) ဤကလာပ် သုံးစည်းနှင့် ရုပ် ၃၀ တို့ကို ရကုန်၏။ ပဋိသန္ဓေ အခိုက်၌ ရအပ်သော ကလာပ် ၃-စည်းနှင့် ရုပ် ၃၀-တို့ကို ကလလရေကြည်ဟုခေါ် ဆိုအပ်၏။ ကလလ ရေကြည်ဟုမှတ်။ ကလာပ်သုံးစည်းရအပ်၏ဟူ၍ ဆိုသော်လည်း ဥက္ကဋ္ဌ ပရိစ္ဆေဒ, နည်းအားဖြင့်သာ ဆိုအပ် ပေသည်။ ရံခါ, ရံဘန် ဘာဝဒသက ချို့သော နပုန်းများလည်း ရှိသောကြောင့် ထိုဘာဝဒသက ကြဉ်၍ (ကာယဒသက, ဝတ္ထုဒသက) ဤကလာပ် နှစ်စည်းကိုသာလျှင် ရအပ်သည်လည်းရှိသေး၏။

## နာမ်-ရုပ်-ဖြစ်ပုံ

နာမ်-ရုပ် ဖြစ်ပုံကို ပြပေအံ့- နာမ်တရား ဖြစ်ရခြင်း၏ အကြောင်းရင်း အထောက်အပံ့သည် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ဤလေးပါးသော အကြောင်းရင်း အထောက် အပံ့ကြောင့် နာမ်တရား ဖြစ်ရပေသည်။ "ရုပ်တရား" ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်း အထောက် အပံ့သည်

ကံ, စိတ်, ဥတု,အာဟာရ, ဤလေးပါးသောအကြောင်း ရင်း အထောက် အပံ့ ကြောင့် ရုပ်တရားဖြစ် ပေါ် ရ ပေသည်။ ဖြစ်ကြောင်းရင်း မတူပုံကို သတိပြု။

ဂဗ္ဘသေယျ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေမှ စ၍ ရုပ်တို့၏ ဖြစ်ပုံ,တိုးပွားပုံ, အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာပုံ များ ကို ရှင်း လင်း ပြဆို ပေအံ့။ စူးစိုက်သော ဥာဏ် ပညာစက္ခုနှင့် ကြည့်ရှု၍ မှတ်ကြစေလိုသည့် သူတော် ကောင်းအပေါင်းတို့။

(၁) ကလလရေကြည် ၇ ရက်။
ထိုနောင် (၂) အဗ္ဗုဒ ဟု ဆိုအပ်သော အမြှုပ် ၇ ရက်။
ထိုနောင် (၃) ပေသိ ဟု ဆိုအပ်သော အ သား ခဲ အသားစိုင် ၇ ရက်။
ထိုနောင် (၄) ဃန ဟုဆိုအပ်သော အသားတစ် ၇ ရက်။
ထိုနောင် (၅) ပသာခ ဟု ဆိုအပ်သော ခက်မ ငါးဖြာ ၇ ရက်။

ဤသို့လျှင်(၇-ရက်ပတ်) သတ္တာဟ တခုစီ, တခုစီ အစဉ် အတိုင်း အဆင့်ဆင့် ဖြစ်ပေါ်ကြကုန်၏။

သဂါထာဝဂ္ဂ ယက္ခ သံယုတ် ပါဠိတော်၌လည်း ဂဗ္ဘ သေယျတို့၏ ဖြစ်စဉ်ကို ဟောတော်မူ၏။

ပဌမံ ကလလံ ဟောတိ၊
ကလလာ ဟောတိ အဗ္ဗုဒံ။

အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာနခါပိစ။

အနက်ကား။ ။ပဌမံ၊ ရှေးဦးစွာ။ ကလလံ၊ ကလလ ရေကြည် သည်။ ဟောတိ၊ ဖြစ်၏။ ကလလာ၊ ကလလ ရေကြည် ဖြစ်သော ပဌမ သတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော ဒုတိယ သတ္တာဟ၌။ အဗ္ဗုဒံ၊ အမြှုပ်သည်၊ ဟောတိ၊ ဖြစ်၏။ အဗ္ဗုဒါ၊ အမြှုပ်သတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော တတိယ သတ္တာဟ၌။ ပေသိ၊ အသားခဲသည်။ ဇာယတေ၊ ဖြစ်၏။ ပေသိ ပေသိ တော၊ အသား ခဲ သတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော စတုတ္ထ သတ္တာဟ၌။ ဃနော၊ မာမာ ခက်ခက် တခဲနက်သော အသား တစ်သည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဃနာ၊ သားတစ် သတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော၊ ပဉ္စမ သတ္တာဟ၌။ ပသာခါ၊ ဦးခေါင်း၊ ခြေ၊ လက်၊ ခက်မ ငါးဖြာတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ တတော ပရံ၊ ထိုမှနောက်၌။ ကေသာ လောမာနခါပိစ၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ တို့သည်လည်း။ ဇာယန္တိ၊ ပေါ်ပေါက်ကုန်၏။

ကလလ ရေကြည် သည် ဇာတိ ဥဏ္ဏာ မည်သော သားကောင့် သတ္တဝါ၏ နူးညံ့ သိမ်မွေ့လှစွာသော အမွေး များ၌ ပါရှိသော ဆီပေါက်ငယ်ကလေး ပမာဏ မျှသာ ရှိ၏ ဟု မှတ်ကြ။

ထို့ကြောင့်-သံယုတ် အဋ္ဌကထာ၌

တိလ တေလဿ ယထာ ဗိန္ဒု၊သပ္ပိမဏ္ဍော အ နာ ဝိ လော၊ ဇေံ ဝဏ္ဏ ပဋိဘာဂံ၊ကလလံ သမ္ဘဝုစ္စတိ။ ။ ဟူ၍ ဆို၏။

အနက်ကား။ ။တိလတေလဿ၊ နှမ်းဆီ၏။ ဗိန္ဒု၊ယထာ၊ အပေါက် အစက်ကလေးကဲ့သို့ရင်း၊ အနာဝိလော၊ မနောက် ကြည်လင်သော။ သပ္ပိမဏ္ဍော ယထာ၊ ထောပတ် ကြည်စက်ကလေးကဲ့သို့ရင်း။ ဇေံ ဝဏ္ဏ ပဋိဘာဂံ၊ ဤသို့ အဆင်းသဏ္ဍာန်နှိုရှိ၏ ဟူ၍၊ ကာလလံ၊ ကလလ ရေ ကြည်ကို။ သမ္ဘဝုစ္စတိ၊ ကောင်းစွာ အပြားအားဖြင့် ဆို အပ်၏။

ဤစကားရင်း၌ က လ လ ရေ ကြည် သည် နှမ်း ဆီ ပေါက် ထောပတ်ကြည်ပေါက်မျှလောက်ရှိ၏ ဟူ၍ ဆို သော စကားသည် အတန်ငယ် ကြီးရင့်၍ လာသော ကလလ ရေကြည်ကိုသာလျှင်, ရည်၍ ဆိုသော စကား ဖြစ်သည်ဟု မှတ်ရာ၏။ ပဋိသန္ဓေ အခိုက်၌ ရှိသော ကလာပ်-၃-စည်းမျှသာရှိသော ကလလ ရေကြည်ကို ရည်၍ ဆိုသော စကား မဟုတ်ပေ။ ။ ထိုပဋိသန္ဓေ အခါ၌ ရှိသော ကလလ ရေကြည်သည်ကား ပကတိ မျက်စိဖြင့် မြင်လောက်သော အဆင်းသဏ္ဍာန် ရှိမည် မ ဟုတ်ပေ။ မှန်းခြေအားဖြင့်-တိုက်ခန်း, အိမ်ခန်း အတွင်း

ဘုံ၌ ထိုး၀င်လာသော နေ့စွယ်များတွင် မြင်ရသော သွား လာကူးရှက်၍ နေသော မြူသည် (အဏုမြူမည်၏။)

ထိုအဏုမြူ၏ (၃၆) ဝိတ် ဝိတ်၍ တဝိတ်စာ အတိုင်း သည် (ပရမာဏုမြူ မည်၏) ထို ပရမာဏုမြူသည် ပကတိ လူတို့၏ မျက်စိဖြင့် မြင်နိုင်သော အခွင့်မှ လွတ်၏။ နတ်မျက်စိဖြင့်သာ မြင်နိုင်သောမြူ ဟူ၍ အဋ္ဌကထာတို့၌ ဆို၏။

ထိုဆိုပြီးသော ပရမာဏုမြူသည် အောက်ထစ် အ ယုတ်ဆုံးအားဖြင့် ခဏအခဏ်ခဏ် ဖြစ်ပွား၍ မြဲ, သို့ ရောက်သဲရှိသော ကလာပ်ပေါင်း (၄၉) ခု လောက် ရှိ တန်ရာ၏။

ထို့ကြောင့် ကလလ ရေကြည်သည် ပရမာဏုမြူ ထက်ပင် သေး သိမ် ငယ် နု လေသည်ဟု သိ သာ ပေ သည်။

ထို ကလလ ရေကြည် အနေအားဖြင့်(တသတ္တာဟ)ဟု ဆိုအပ်သော (၇) ရက် တိုင်တိုင် ဖြစ် လေ ပြီး သော နောက်၌ (အဗ္ဗုဒ) မည်သော ရေကြည်သည် (၇) ရက် တိုင်တိုင် ဖြစ်ပြန်၏။

ထိုအဗ္ဗုဒသည် အသားတို့ကို ဆေး၍ ကြွင်း ကျန် နေ ရစ်သော သားဆေးရေနှင့်တူ၏။

အဋ္ဌုဒ္ဒ။ ။ အဋ္ဌုဒ္ဒဖြစ်သော ဒုတိယ သဏ္ဌာဟ မှ နောက် တတိယ သဏ္ဌာဟ မြောက်၌ (ပေသိ) မည်သော အသားခဲ အသားဆိုင် ဖြစ်၏။

ပေသိ။ ။ ထိုပေသိ မည်သော အသားဆိုင်သည် မှန့်ကျဲသဲ အဆိုင်နှင့် အလားသဏ္ဌာန်တူ၏။ လွန်စွာ ခက် မာခြင်းသို့ မရောက်သေး။ ပေသိ ဖြစ်ပြီးသော တတိယ သဏ္ဌာဟမှ နောက် စတုတ္ထ သဏ္ဌာဟ မြောက်၌ (ဃန) မည်သော အသားတစ်ဖြစ်၏။ ထို ဃ န မည်သော အ သားတစ်သည် ကြက်ဥ သဏ္ဌာန်နှင့် တူ၏။ အစွန်း အစ မရှိ လုံးလုံးလျောင်းရှိ၏။

ထို့ကြောင့် ယခင် အဋ္ဌကထာ၌....

ယထာ ကုက္ကုဋိယာ အဏ္ဍံ၊ သမန္တာ ပရိမဏ္ဍလံ။

ဧဝံ ဃနသဿ သဏ္ဌာနံ၊ နိဗ္ဗတ္တံ ကမ္မပစ္စယာ။ ။

ဟူ၍ဆို၏။

ကုက္ကုဋိယာ၊ ကြက်မ၏။ အဏ္ဍံ၊ ဥသည်။ သမန္တာ၊ အစွန်း အစနှင့်တကွ။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင် ဝန်း ဝိုင်းလေသကဲ့သို့။ ဧဝံ၊ ဤအတူ။ ကမ္မပစ္စယာ၊ ကံဟူ သော အကြောင်း ကြောင့်။ ဃနဿ၊ ဃန မည်သော သားတစ်၏။ သဏ္ဌာနံ၊ ပုံသဏ္ဌာန်သည်။ သမန္တာ၊ အစွန်း နှင့်တကွ။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင်လုံးလျောင်းသည်။ နိဗ္ဗတ္တံ၊ ဖြစ်၏။ ။ဤ (ဃန) ကို (ဥ) ဟူ၍ဆိုထိုက်၏။

ဃာန။ ။ ဃာန ဖြစ်ပြီးသော စတုတ္ထ သတ္တာဟမှ နောက် ပဉ္စမ သတ္တာဟမြောက်၌ လက်နှစ်ဘက်, ခြေ နှစ်ဘက်, ဦးခေါင်းဟု ဆိုအပ်သော ခက်မ ငါးဖြာ အစွန်း အစ ငါးခု ပေါ်ပေါက်လာ၏။ ။ထိုခက်မ ငါးဖြာကို ပင် (ပသာခ) ဟူ၍ဆို၏။

ပသာခ။ ။ ထို ပဉ္စ ပသာခတို့သည် ပေါ်သစ်စ အခါ၌ အိုင်းအမာ ပေါ်ပေါက်ရန် အဖု- အထွတ် များနှင့် တူသောကြောင့် (ပဉ္စပိဠကာ) ဟူ၍လည်း ဆိုအပ်၏။
ထို့ကြောင့် သံယုတ် ပါဠိတော်၌ .... ပဉ္စမေ ခေါ ဘိက္ခဝေ သတ္တာဟေ ပဉ္စ ပိဠကာ ဇာယန္တိ, သဉ္ဇာယန္တိ, ကမ္မတော။ ။ဟူ၍ ဟောတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ခေါ၊ စင်စစ်။ ပဉ္စမေ သတ္တဟေ၊ ငါးခု မြောက်သော သတ္တာဟ၌။ ပဉ္စ ပိဠကာ၊ ငါးခုသော အဖု အထွတ် တို့သည်၊ ဇာယန္တိ။ ဖြစ်ပေါ်ကုန်၏။ ကမ္မတော၊ ကံကြောင့်၊သဉ္ဇာယန္တိ၊ တည် ကုန်၏။ (ပဉ္စပသာခ-ပေါ်ပေါက်သော သတ္တာ ဟသို့ ရောက်လျှင် ငါးသတ္တာဟ ရှိလေ၏)။

ရက်ပေါင်း ၃၅ ရက်ရှိ၏။ ထိုတွင် ပဌမ သတ္တာဟ စသည်တို့၌ အလွန် နုသေးသဖြင့် ပဉ္စပသာခ- မပေါ် ပေါက် နိုင်သေးသကဲ့သို့ ဆဋ္ဌ, သတ္တမ စသော သတ္တာ ဟတို့၌လည်း ပဉ္စပသာခတွင် ပါရှိသော ဦးခေါင်းတည်း

ဟူသော သီသပသာဒ၏ နုလှသေးသောကြောင့် စက္ခု ဒသက စသော ရုပ်တို့လည်း မဖြစ်ပေါ်နိုင်ကုန်သေး။

ထို့ကြောင့် စက္ခုဒသက စသည်တို့၏ ပေါ်ပေါက်ရန် အခုတ်မြစ်ခံ ဘီသကဲ့သို့ ဆဋ္ဌ, သတ္တာဟမှ စ၍ ဧကာဒသမ သတ္တာဟ တိုင်အောင် တစုံတရာ တိုးပွားသော ကလာပ်သစ်၏ ပေါ်မှု မရှိဘဲ၊ ဖြစ်ပြီးသော ပဥ္စပသာဒ ရူပကလာပ အစဉ်သည်သာလျှင် တဆင့်ထက် တဆင့် ရင့်စေသော အနေအားဖြင့် ဖြစ်ကြကုန်၏။ ဧကာဒသမ သတ္တာဟသို့တိုင် ရောက်သောအခါ၌ကား သီသပသာဒ သည် စက္ခုဒသကတို့၏ဖြစ်နိုင်ရန် ခိုင်ခံ့သော အခြေသို့ ရောက်၏။ ထိုဧကာဒသမ အခါ၌သာလျှင် စက္ခုစသော ဒသက ကလာပ် လေးပါးတို့သည်၊ တပြိုင်တည်း ဖြစ်ပေါ်ကြကုန်၏။

ဆိုအပ်ပြီးသော စက္ခု စသည် တို့သည် မိမိတို့ ဖြစ်ထိုက်ရာ ဧကာဒသမသတ္တာဟ၌ မဖြစ်ပေါ်လျှင် ပဋိသန္ဓေ အခါ၌ပင် ချို့တဲ့သည်မည်ရကား–ထို စက္ခု စသည်တို့ ချို့သော ပုဂ္ဂိုလ်ကို ဇစ္စန္ဓ, ဇာတိဗဓိရ, ဇစ္စဃာနက, ဟူ၍ဆို၏။ (ထိုပုဂ္ဂိုလ်မျိုးဖြစ်ပုံကိုမှတ်သိထားကြ)

ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်၌–ကမ္မဇရုပ်တို့စ၍ ဖြစ်ပေါ်ကြကုန်၏။ ပဋိသန္ဓေစိတ်၏ ဌီ အခိုက်မှ အစပြု၍ ဥတုဇ ရုပ်တို့သည် ဖြစ်ပေါ်ကြကုန်၏။

ရူပံ, ဥပ္ပါဒက္ခဏေ ဘင်္ဂက္ခဏေစ ဒုဗ္ဗလံ၊ ဌိတိက္ခဏေ ဗလဝန္တံ၊ ဌိတိက္ခဏေ ရူပံ သမုဋ္ဌာပေသိ။ ။ဟူသော သမ္မောဟ အဋ္ဌကထာနှင့်အညီ=

ရုပ်တို့သည်-ဥပါဒ်အခိုက်,ဘင်အခိုက်တို့၌ အားနည်း၍ ဌီ, အခိုက်၌သာ အားရှိ၏။ ။ထို့ကြောင့် ဌီ, အခိုက်၌သာ ရုပ်,ကိုဖြစ်စေ၏။ ပဋိသန္ဓေစိတ်နှင့် ဥပါဒ်, ပြိုင်ပုံ မှတ်။

ပြိုင်သော ကလာပ်သုံးစည်းတွင် ပါရှိသော တေဇော ဓါတ် ၃-ခုတို့သည် ပဋိသန္ဓေစိတ်၏ ဌီ,ခဏ၌ ဝိဝိတို့လည်း ဌီ; သို့ ရောက်ကြ၍ အားရှိကြကုန်သောကြောင့် ဥတုဇရုပ်ကို စ၍ဖြစ်စေကုန်၏။ ထိုကြောင့် ပဋိသန္ဓေ၏ ဌီ,မှစ၍ ဥတုဇရုပ်တို့ ဖြစ်ကြကုန်၏ဟူ၍ ဆိုပေသည်။ ပဋိသန္ဓေစိတ်၏ ဌီ, မှစ၍ဖြစ်သော ဥတုဇ ရုပ်တို့သည် ကမ္မဇ, ကလာပ်တွင်ပါရှိသော ဥတုမှတဆင့် ဖြစ်ပွားသောရုပ်တို့ဖြစ်ကုန်သောကြောင့်,ကံ,၏,မြေး,မည်ကုန်၏။ ထိုရုပ်တို့မှလည်း အဆင့်ဆင့် ဥတုရုပ်တို့ဖြစ်ပြန်၏။

## စိတ္တဇရုပ်, အာဟာရဇရုပ်တို့ စ၍ ဖြစ်ရာကို ပြဆိုခြင်း။

ပဋိသန္ဓေစိတ်သည်-ဝိရာဝတ္ထု အား နည်း လှ သဖြင့် ဝိဝိလည်း အားနည်း၏။ ထို့ကြောင့် စိတ္တဇရုပ်ကို မဖြစ်စနိုင်၊ ပဋိသန္ဓေ၏ နောက်၌ဖြစ်သော ပဌမ ဘဝင်, အစရှိသော စိတ်တို့သည်သာလျှင် အားရှိသော ဝတ္ထုရုပ်ကို

မှီရသောကြောင့် မိမိတို့လည်း အားရှိကြကုန်၏။ ထို့ကြောင့် ထိုပဋ္ဌာနပစ္စယ်အစ ရှိသော စိတ်တို့သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကုန်သည်။

စိတ္တံ ပုရိဇာတဘင်္ဂက္ခဏေ ဘင်္ဂက္ခဏေစ ဒုဗ္ဗလံ၊ ဥပ္ပါဒက္ခဏေ ဗလဝန္တံ၊ ဥပ္ပါဒက္ခဏေ ရူပံ သမုဋ္ဌာပေသိ။ ။ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့်အညီ....

စိတ်တို့မည်သည် ဌီခဏ, ဘင်ခဏတို့၌ အားနည်း၍ ဥပါဒ်ခဏ၌သာလျှင် အားရှိ၏။ ထို့ကြောင့် စိတ်တို့၏ဥပါဒ်ခဏတို့၌ စိတ္တဇရုပ်တို့သည် ဖြစ်ပေါ်ကုန်၏။

ထိုနေရာ၌ စာ,မ,သင် ဘူး သေး သော ပုဂ္ဂိုလ်တို့ သတိထားရန် အချက်မှာ-ဥတုဇရုပ်ဖြစ်ပေါ်ပုံနှင့် စိတ္တဇရုပ်ဖြစ်ပေါ်ပုံများကို ခွဲ၍ မှတ်ကြရမည်။ ဥတုဇရုပ်သည် ဌီ, အနိက်၌ဖြစ်၏ဟု မှတ်၊ စိတ္တဇရုပ်သည် ဥပါဒ်ခဏတို့၌ဖြစ်၏ဟုမှတ်။

သတ္တဝါတို့၏ သဏ္ဍာန်၌အာဟာရ စိမ့် ဝင်သောအခါမှဒင်း, မျိုသောအခါမှဒင်း, အာဟာရ ရုပ်တို့သည်ဖြစ်ကြကုန်၏၊ ဂဗ္ဘသေယျ ပုဂ္ဂိုလ်ဖြစ်ပျှင် အသားခဲဟု ဆိုအပ်သော ပေသိ, အဖြစ်သို့ ရောက်သော အခါ၌သော်လည်းကောင်း, အသားတစ်ဟု ဆိုအပ်သော ဃန အဖြစ်သို့ ရောက်သော အခါ၌သော်လည်းကောင်း, ပဋိသန္ဓေ ရှိနေသော မိခင်သည် စားသောက် အပ်သော အစာ တို့သည် အစာအိမ်သို့ ရောက်သောအခါ ပါစက- တေဇော- ချက်

ပြုတ်အပ်သည်ဖြစ်၍ အစာရည်ဟု ဆိုအပ်သော ဓရသ, ဓါတ်ဆီ ဩဇာ အဖြစ်သို့ ရောက်ကြကုန်၏။ ထိုရသ ဓါတ် အစာ ရည် တို့ သည် သားအိမ်နှင့် တစပ် ထည်း တည့်၍ နေသော သူငယ်၏ ဝတ္ထု၌ စိုစွတ် စိမ့်ဝင်ကြကုန်၏။ ရေစစ်ထဲသို့ ရေစိမ့်ဝင်ဘိသကဲ့သို့မှတ်။ ထိုအခါ ကာလမှ စ၍ ထိုသူငယ်၏ ဒြပ်၌ အာ ဟာ ရ ဇ ရုပ်တို့သည်. စ၍ ဖြစ်ကြကုန်၏။

ယဉ္စဿ ဘုဉ္ဇတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တ တ္ထ ယာ ပေ သိ၊ မာ တု ကု စ္ဆိ
ဂတော တိရော။ ။ဟူ၍ ဟောတော်မူသည်။

အနက်ကား။ ။အဿ၊ ထိုသူငယ် ဝတ္ထု၏။ မာတာ၊ မိခင်သည်။ ယဉ္စအန္နံ။ အကြင် ထမင်းအစာကိုရင်း။ ယဉ္စ ပါနံ၊ အကြင် အဖျော်ကိုရင်း။ ယဉ္စဘောဇနံ၊ အကြင် ဘောဇဉ်ကိုရင်း။ ဘုဉ္ဇတိ၊ စသောက် သုံးဆောင်၏။ တေန၊ ထိုထမင်း စသော အစာဖြင့်၊ မာတုကုစ္ဆိဂတောတိရော၊ အမိ ဝမ်းတွင်း၌ တည်သော ထိုသူငယ်သည်။ တတ္ထ၊ ထိုအမိဝမ်းတွင်း၌။ ယာပေသိ၊ မျှတဘည်နေ၏။ (သံသေဒဇ ပုဂ္ဂိုလ်, ဩပပါတိက ပုဂ္ဂိုလ်တို့ဖြစ်လျှင် မိမိတို့၏ တံတွေးကို မျိုသောအခါမှ စ၍သော်ရင်း, သို့ဟုတ် တစုံ တခု ရှိသော အစာကို မျိုသောအခါမှရင်း, အစပြု၍ အာဟာရ ဇရုပ်တို့သည် ဖြစ်ပေါ်ကြကုန်၏။

ဤသို့ပြဆိုအပ်ပြီးသည့် အတိုင်း စ၍ ဖြစ်ပြီးသော စတုဇရုပ်တို့သည် တတွေတွေ စီးဆင်း၍ နေသော မြစ်ရေ အယဉ်ကဲ့သို့ငှင်း။ တလက်လက် တောက်ပ၍ နေသော မီးတောက်ကဲ့သို့ငှင်း မပြတ် မခြင်း အစဉ် ဆက်လက်၍ ဖြစ်ပေါ်နေကြကုန်၏။ ဤဖြင့် ရုပ်တို့ချုပ်သော အစဉ်ကို ပြဆို၏။

ပြဆိုကဲ့ပြီးသော စတုဇရုပ် အစဉ်တို့၏ ချုပ်ပုံ အစဉ်ကား-ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကြကုန်၏။ ရုပ်တို့မည်သည် စိတ္တက္ခဏပေါင်း ၁၇ ချက် အသက်ရှည်ကြ ကုန်သောကြောင့် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ရန် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇ ချက်သော စိတ်၏ ဥပါဒ်ခဏ တိုင်ရုံသာ ကမ္မဇရုပ်တို့သည် ဖြစ်ကြကုန်၏။ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ရှေ့မှ စ၍ ကမ္မဇရုပ်တို့သည် အသစ် အသစ် မဖြစ်ကြကုန်ပြီဟု မှတ်ကြလေ။

စိတ္တဇရုပ်, အာဟာရဇရုပ်တို့သည်မူကား- စုတိစိတ်သို့ တိုင်အောင်ပင် ဖြစ်ခွင့် ရှိကြ ကုန်သေး သောကြောင့် စုတိစိတ်၏နောက် စိတ္တက္ခဏ ၁၆ ချက်ခန့် ၁၅ ချက်ခန့် မျှတိုင်မှ ချုပ်ကြကုန်၏။ သူသေကောင်၌ပင်သော်လည်း စိတ္တက္ခဏ ၁၆ ချက် ၁၅ ချက်ခန့်မျှ အသက်ရှည်၍နေကြကုန်သေး၏ဟူလို။ ။ထိုသို့ ကြွင်းကျန် နေကြကုန်သော်လည်း စိတ္တက္ခဏ ၁၅ ချက် ၁၆ ချက်တို့သည် လက်ပျစ်

တဘွက်ခန့်မျှ ကြာသော ကာလ မဟုတ်ကြဘုန်၍ မပြော ပလောက်ဘုန်း။ အဓ္ဓောဟာရိဘဘိ့သော ဖြစ်ကုန်၏။ ဥတု ဇာချပ်တို့သည်ကားဂန္ဓသေသျှက, သံသေဒဇတို့သလျှာန် ၌ ဖြစ်လျှင် သေ၍ အကောင်ပုတ် ဖြစ်သည့်တိုင်အောင် ကြွင်းချစ်ကြကုန်၏။ သဘ္ဗဝါကောင်ဟူသော သညာမှ ကင်း၍ဆိုရလျှင် ကမ္ဘာမပျက်မခြင်း ဥတုဇချပ် အစဥ့်တို့ သည် မြေကြီးဖြစ်၍ ဆက်လက်ကြလေကုန်၏ဟုမှတ်ကြ။ ဥပပါတ်ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်လျှင် စုတိမှနေ၍မျက် တောင်တခတ် လျှပ်တပြက်ကာလ၌ အလုံးစုံဓာတ်သိမ်း၍ ချုပ်ငြိမ်းကြကုန်၏။ အဓိဝမ်း၌ ပဋိသန္ဓေ ကလလ, ရေ ကြည် တည်သည့်မှစ၍၊ ရုပ်,နာမ်, နှစ်ပါး-သတ္တဝါဟု အခ ဆင့်ဆင့် ဖြစ်ပုံ-တည်ပုံ-ပျက်ပုံ, အလုံးစုံပြဆိုသော အခဏ်း သည်, ဤတွင်တခဏ်းအပြီးသတ်၏။

ယခု ပြဆိုခဲ့သော ပဋိသန္ဓေ တည်နေ ခဏ်းကြီးများ သည် ဥာဏ်နုသူတို့မှာ ဒုက္ခသစ္စာထင်မြင်ရန် ခဲယဉ်းကြ လိမ့်မည် ဖြစ်သောကြောင့် ယခုတဘန် ဥာဏ်နုသူတို့အ တွက် ဒုက္ခသစ္စာ ထင်မြင်ရန် အချက်ကြီးများကို ကွက် ကွက် ကွင်းကွင်း ဥာဏ်သန့်ရှင်းစွာ ထင်မြင်နိုင်ရန် ရေး သားဖေါ်ပြပေဦးအံ့။

ယခုလောက၌ရှိကြသော လူအပေါင်းတို့ အလူးသတိ ထား၍ စဉ်းစားကြရန် အချက်ကြီးများမှာ လူတယောက် တယောက်လျှင် နံနက်တခါ ညတခါ တနေ့လျှင် ထမင်း

နှစ်ခါစားကြရသောကြောင့် ညဉ့်, နံနက် ဆန်တခွက်ချက် ကုန်၏။

## လူတယောက် တနှစ်လျှင် အစာ အဟာရ
## ၁၁-တင်းနှင့်-၁ စိတ်သား-စားမျိုသည်

သို့အတွက် တနေ့ တနေ့လျှင် ထမင်း၏ ခါတ်ဆိ ဩဇာတို့သည် မိမိ၏ ဝမ်းတွင်းသို့ တခွက်သား တခွက်သားသွင်းရ၏။ တလလျှင် လူတယောက် ခွက်ပေါင်း၃၀၊ ပြည်ပေါင်း ၁၅ ပြည်သား၊ ခါတ်ဆိ ဩဇာ သွင်းကြ ရ၏။ ပြည်ကို တင်းဖွဲ့သော် ၁၁ တင်းနှင့် ၁ စိတ်ရှိသည်၊ လူတယောက် တနှစ်လျှင် ထမင်း၏ ခါတ်ဆိဩဇာ ၁၁ တင်းနှင့် ၁ စိတ်ရှိသောကြောင့် ၎င်းခါတ်ဆိ ဩဇာများကို ငါးရ, ငါးပုံ ပုံ၍ ခွဲဝေသည် ရှိသော် (၁) တစုကား မိမိဝမ်းတွင်းမှ ပိုးမျိုး ၈၀ တို့က,စားကြကုန်၏။ (၂) တစုကား ပါဝက ခါတ်မီးလောင်၍ ပျောက်ပျက်၏။ (၃) တစုကား မစင်ကျင်ကြီးဖြစ်၏။ (၄)တစုကား ကျင်ငယ်ဖြစ်၏။ (၅) တစုကား အသား အသွေးဖြစ်၍ ရုပ်သစ် ကလာပ်သစ်တွေကို ဖြစ်စေ၏။ ထိုငါးရ ငါးပုံကို ခါတ်မီးလောင်၍ ပျောက်ပျက်ခြင်းနှင့်,ပိုးလောက် စားလို့ ကုန်ခြင်း၊ ထိုနှစ်ခုကို ချန်လှပ်၍ ကျန်သော သုံးရပေါင်းလျှင် ၆ တင်းနှင့် ၃ စိတ်သားရှိသည်။ ကျင်ကြီး ၂ တင်း ၁ စိတ် သား။ ကျင်ငယ်-၂ တင်း တစိတ်သား၊ အသား အသွေး ၂တင်း

တစိတ်သား။ ထိုအသား အသွေးကို နေ့ညမပြတ် ဒလစပ် စားနေသော ပိုးမျိုး ၈၀။ ထို ၆ တင်း ၃ စိတ်သား၊ ၁၀ နှစ် ဆန် ၁၁၂ တင်း ၁ စိတ်,ရေ ၈၈၇၅ ပိဿာရှိသော ခေတ်ဆီပြွစာတို့သည်အာဟာရ တည်းဟူသော ထမင်း, ဟင်း,ငှက်ပျော, သစ်သီး အမျိုးမျိုး, မုန့် အမျိုးမျိုးတို့နှင့် တကွ ဝက်သားပုတ်-ကြက်သားပုတ်-နွားသားပုတ်- ကျွဲ. သားပုတ်-ဆိတ်သား, သိုးသားပုတ်- ဂျိသား, သမင် သား ယုန်သား- ကျီးသား-ခါသား- ငါးပိ- ငါးချဉ်- စား ကောင်းသော အပုတ် အသိုး ဟူသမျှ အကုန် စားကြ သည် ဖြစ် သော ကြောင့် ထိုခေတ်ဆီ ပြွစာတို့သည် အ ပုတ် အသိုးတွေသာဖြစ်ကြ၏။

ထိုအပုတ် အသိုးတွေထဲကို ဆီရေ-ဆားရေ- နနွင်းရေ ငံပြာရေ-ငြုပ်-ကြက်သွန်- ကလားအော်သီးရေ။ ပူ-စပ်-ခါး-ချဉ်-သော အရေဟူသမျှ ၆ တင်း၃ စိတ်သားနှင့် ချွဲ ခန်း သလိပ်ရေ-ပြည်ရေ- သွေးရေ-ချွေးရေ- အဆီခဲရေ မျက်ရေ-ဆီကြည်ရေ-တံတွေးရေ- နှပ်ရေ- အစေးရေ- ကျင်ငယ်ရေ- အစရှိသော အပုတ်ရေတွေက ၆ တင်း ၃ စိတ်သား၊ အား လုံး ပေါင်း ၆ တင်း ၃ စိတ် သုံးလီ ပေါင်းသော် တင်း ၂၀ နှင့် ၁ စိတ်ဖြစ်၏။

ထိုတင်းပေါင်း နှစ်ဆယ်တစိတ်ရှိသော အပုတ်အသိုး တွေကို သံစည်ပိုင်း ကြီးကြီးထဲသို့ ထည့်၍ ရောနှောပြီး သမအောင် ယောက်မ ကြီးကြီးနှင့် မွှေ၍ သမသောအခါ

ထိုမစင် ဘင်ပုတ် စည့်ပိုင်းကြီးကို မြှုလယ်,ရှ၁လယ်မှာ ထားချ် မောင်းတီး၍ မြှုလုံးကျွတ်, ရှ၁လုံးကျွတ် ခေါ်ပြီး လျှင် လွန်စွာကြောက်မက်ဘွယ် စက်ဆုပ်ဘွယ် ကောင်း သော မစင်ဘင်ပုတ် အိုးကြီးထဲသို့ တနာရီ လုံးလုံး တ ကိုယ်လုံးနှစ်မြုပ်အောင် ထိုင်နေနိုင်လျှင် ငွေတထောင် ပေးပါမည် ထိုင်ကြပါဟု ပြောရမည်။ ငွေတထောင်ကို လိုခြင်သော်လည်း မစင်ဘင်ပုတ် အိုးကြီးထဲ ထိုင်နေရ မည့် ဒုက္ခကို လွန်စွာ စက်ဆုပ် ကြောက်ရွံ့ လှသော ကြောင့် တဦး တယောက်မျှထိုင်ရဲသူရှိကြမည်မဟုတ်ပေ။

ထို့ထက် တရက်လုံးလုံး ထိုင်နေနိုင်ပါလျှင် ငွေတ သိန်းပေးပါမည် ထိုင်ကြပါဟု ဆိုသော်လည်း ငွေတ သိန်းကို လွန်စွာလိုခြင်ပါသော်လဲ တရက်လုံး မစင်ဘင် ပုတ်အိုးကြီးထဲ ထိုင်နေရမည့် ဒုက္ခကြီးကို လွန်မင်းစွာ စက်ဆုတ် ကြောက်ရွံ့သောကြောင့် ထိုင် ဝန့် သူ မရှိ ကြပေ။

ထို့ထက် တလလုံးလုံး ထိုင်နေလျှင် ငွေတကုဋေ ပေး မည်ဟု ဆိုသောအခါ ငွေ တ ကု ဋေကို အ တိုင်း မ သိ အောင် လောဘစော စေတနာက လိုခြင်သော စောနှင့် မစင်ဘင်ပုတ် အိုးကြီး အနီးသို့ ကပ်၍ ကြည့်သောအခါ အလွန် အမင်း ပြင်းထန်လှစွာသော မစင်ဘင်ပုတ်၏ အနံ့ ကို ခံနိုင်သောကြောင့် ထိုင်ရဲသူမရှိကြပေ။

ထိုထက် ၇ လ၊ ၈ လ၊ ၉ လ၊ ၁၀ လ-တိုင်တိုင် ထိုင် နေနိုင်ကြပါလျှင် ငွေ ကုဋေတရာ, တထောင်, တသောင်း ပေးပါမည်ဟု မြို့လုံးကျွတ်, ရွာလုံးကျွတ် ထပ်၍ မောင်း ခတ်ဟစ်အော်ရမည်။ ထိုအခါ လူကြီး, လူငယ် မကျန် ငွေ ကုဋေ ရာ, ထောင်, သောင်း ရမည်ဖြစ်သောကြောင့် မလိုခြင်သောသူ တဦး တယောက်မျှ မရှိ။ အားလုံး လို ချင်ကြသောကြောင့် မစင် ဘင်ပုတ် အိုးကြီးနားသို့ အား လုံး ချဉ်းကပ်လာကြကုန်၏။

ထိုအခါ သမ္မာဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ်ရှင်ကြီးက လာသမျှ လူအပေါင်းကို ဟုတ်တိုင်း မှန်ရာ ဒိဋ္ဌ ထင်ထင် သိမြင် ကြ စေရန် မစင်ဘင်ပုတ် အိုးကြီးကို ဖွင့်လှစ်ပြလိုက်ရာ မြင် မြင်သမျှ လူအပေါင်းတို့၏ စက္ခု ဝိညာဏ်စိတ်မှာ လူသား ပုတ်တွေ ကျင်ကြီး, ကျင်ငယ် ပုတ်တွေ- ဝက်ပုတ်တွေ နွားပုတ်တွေ-ကျွဲပုတ်- ဆိတ် ပုတ် တွေ- သိုးပုတ်တွေ- ကြက်ပုတ်, ငှက်ပုတ်တွေ-သမင်ပုတ်-ဂျီပုတ်-ယုန်ပုတ် တွေ-ငါးပုတ်-ငါးပိပုတ်တွေ အပုတ် အသိုး ဟူသမျှနှင့် တကွ ရောနှော နေသော ဆီ, ဆား, ကြက်သွန်, နနွင်း, ငြုပ်, ကုလားအော်,ဂျင်း-အစရှိသော အပူ အစပ် ဟူသမျှ တွေ့ ထို့ပြင်-ချွဲခန်းသလိပ်တွေ-ပြည်တွေ-သွေးတွေ-ချွေး တွေ-အဆီခဲ-အဆီကြည်တွေ-မျက်ရေတွေ- တံတွေးတွေ နှပ်တွေ-အစေးတွေ-ထိုအပုတ် အသိုး အိုးကြီးထဲ၌ တ သိန့်သိန့်, တသဲသဲ, တရွရွ, စားသောက် နေကြသော

ပိုးမျိုး ရှစ်ဆယ် အသွယ်သွယ်တို့သည် မစင် အိမ် သာ တွင်းထဲ၌ တရွရွ, တသဲသဲ သူ့ထက် ငါ လုယက်၍ စား သောက်နေကြသော ပိုးလောက်တွေကဲ့သို့ စားနေကြ သည်ကို မြင်ကြရပေလိမ့်မည်။

ထိုဘင်ပုတ်အိုးကြီးအတွင်း၌ အဟုတ် အမှန် ရှိသော အပုတ်အသိုး ဟူသမျှကို လာလာသမျှ လူအပေါင်းတို့ သည် မျက်မြင် ဒိဋ္ဌ သိမြင်ကြသည်နှင့် တပြိုင်တည်း တ ကိုယ်လုံး ဆပ်ဆင်တုံ အသက် သေမတတ် စက်ဆုပ် ရွံ့ရှာခြင်း, ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ကြ၍ သမ္မာ ဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်ပြီး ဟုတ်တိုင်း မှန်ရာကို သိ မြင်ကြသောကြောင့်-

ထိုမစင်ဘင်ပုတ် အိုးကြီးထဲသို့ ၇-လ၊ ၈-လ၊ ၉ လ၊ ၁၀-လ တိုင်အောင် နေထိုင်ရချောင် ရက်, လ မစေ့ မှီ ထိုဘင်ပုတ် ဒုက္ခဒဏ်ချက်ကြီးနှင့် သေကြ ရလိမ့်မည် ကို အမှန်သိကြသောကြောင့်-

သေရမည့် ဘေးဒုက္ခကြီးကို လွန်မင်းပြင်း ထန် စွာ ကြောက်ရွံ့ ထိတ်လန့်ကြသဖြင့် မည်သူ တဦး တယောက် မျှ မစင်ဘင်ပုတ် အိုးကြီးထဲသို့ ဆင်း၍ ထိုင်ဝန့်သူမရှိကြ တော့ပြီ။

ဘယ်အတွက်ဆိုသော် ငွေကုဋေ သိန်း, သောင်း ရ မည့် သုခက နောက်မှ ရမည်။ မိမိသေရမည့် ဘေး ဒုက္ခ ကြီးက အရင် သေရမည်ကို အမှန် သိကြသောကြောင့်-

သေရမည့် ဘေးဒုက္ခကြီးနှင့်တွေ့ကရေ့ သိန်း,သောင်း ရမည့် သုခ နှင့် နိုင်းစာကဲ့သည့်ရှိသော် ကုဋေ သိန်း, သောင်းရမည့် သုခသည် တချင်ရွေးခန့်မျှ လောက်သာ ရှိသည်ဟု ဝိဇ္ဇာညာဏ် အလင်းပေါက်၍ ဟုတ်တိုင်း မှန်ရာ ကို သိကြသောကြောင့်-

ထိုမစင် ဘင်ပုတ်အိုးကြီးနားသို့ မည်သူမျှ မချဉ်း ကပ်ကြတော့ပြီ။

မစင်ဘင်ပုတ် အိုးကြီး၏ ဒုက္ခကို ကောင်းစွာ ထင် မြင်ကြလေတော့၏။

မစင်ဘင်ပုတ် အိုးကြီးအတွင်း၌ ၇-လ၊ ၈-လ၊ ၉-လ၊ ၁၀-လ ထိုင်နေရမည့် ဒုက္ခ သစ္စာ ထင်မြင်အောင် ပြဆိုခဲ့ကြ၍တွင်ပြီး၏။

---

## အနေဆင်းရဲ— မိဝမ်းထဲ၌

ယခုအခါ ပစ္စုပ္ပန်၌ လပ်လပ် ဆပ်ဆပ် မိခင်၏ ဝမ်း တိုက်၌ ပဋိသန္ဓေ တည်နေလျက်ရှိသော သူငယ်ကလေး များမှာ အထက်က ပြဆိုခဲ့ ပြီးသော မစင်ဘင်ပုတ် အိုး ကြီးထဲ၌ နှစ်မြုပ်အောင် ထိုင်နေရဘိ သကဲ့သို့ ထိုင် နေ ကြရသည်ဟု မှတ်ကြ။

ထို့ထက် ကြောက်လန့်ဘွယ် ကောင်းသေးသည်မှာ မိခင်ဝမ်းတွင်း၌ သူငယ်ကလေးသည်
မိမိကိုယ်ကို ဆောင့်ဆောင့်ထိုင်လျက်။

ဒူးနှစ်ဘက်ပေါ်ကို လက်နှစ်ဘက်တင်၍
မျက်ခွက်ကို လက်ဝါးနှင့် အုပ်ထားရသည်။
သူငယ်ကလေး၏ ဦးခေါင်းပေါ်က အစာသစ်အိမ်ကို ရှုက်လျက်

အစာဟောင်းအိမ်က အောက်က ဖင်ခုံ ထိုင်ထားရသည်။

ထိုသူငယ်ကလေးမှာ မိခင်၏ အညှို့, အသဲ, နှလုံးတွေ, အမွှေးတွေ, အဖျဉ်းတွေ, အဆုတ်တွေ, အူမကြီးတွေ, အူမကလေးတွေ, ကြွေးတွင် ညှီ ဟောင် ပုတ်စပ်ညှပ်လျက်ရှိ၏။ သူငယ်ကလေးသည် ထိုကဲ့သို့ စက်ဆုပ်ရွံရှာဘွယ်တွေ အူကြီး, အူငယ် အသွယ်သွယ် ရစ်ပတ်၍ နစ်မြုပ်အောင် ထိုင်နေရလေသည်။

ထို့ပြင်–မိခင်က နေ့စဉ် ထမင်း စား တိုင်း စား တိုင်း အပူ အစပ်, အခါး, အငံ, အချဉ် တွေစား၍ စား၍ မျိုချတိုင်း, မျိုချလိုက်သည်နှင့် တပြိုင်တည်း, သူငယ်ကလေး၏ ဦးခေါင်းပေါ် အစာသစ်အိမ်တွင်းသို့ ရောက်သည်နှင့် တပြိုင်တည်း သူငယ် ကလေး၏ ဦးခေါင်းကို မီး ရဲရဲ တောက်သော သံတွေခဲ ရဲရဲ ရည်တွေ လောင်းချ လိုက်ဘိသကဲ့သို့ သူငယ်ကလေးမှာ ဖရောင်းတုံး မီးနှင့် ထိသောအခါ အရေတွေ, တတွေတွေ ယိုစီးကျလာဘိ သကဲ့သို့ လွန်စွာနူးညံ့သောရုပ် နု နု ထွတ် ထွတ် သား တစ်

သူငယ်ကလေးသည် အရေတွေ တတွေတွေယိုစီး၍မိခင် မသိမ္မာသည့်အတွက် ပျက်စီး၍ သေရလေတော့၏။

မိခင်ဝမ်းတိုက်၌ မစင်ဘင်ပုတ် အိုးကြီးအတွင်း နှစ်မြုပ်၍ သေရပုံကို ဉာဏ်ပညာ မျက်စေ့နှင့် ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာ မြင်အောင် ကြည့်ကြရမည်။

ထို့ပြင်တချပ် ပဋိသန္ဓေ ကလလ ရေကြည် တည်နေသည်မှစ၍ ပဋိသန္ဓေ တည်နေသည်ဟု မသိ မလိမ္မာသော မိခင်သည် မိမိစားခြင်ရာ အပူ, အစပ်, အခါးတွေ စားမိသောကြောင့် ပဋိသန္ဓေ ကလလ ရေကြည် ပျက်စီး သေဆုံးကြရခြင်းမျိုး အမြုပ်, သွေးခဲ, သားတစ် ကြမှ မိခင်မလိမ္မာ၍ ပျက်စီးခြင်းမျိုးတို့ဖြင့် ပျက်စီး ခဲ့ရသော ခန္ဓာတွေ မရေ မတွက်နိုင်အောင် များပြားလှလေပြီ။

အထက်က ဖေါ် ပြခဲ့သော ဥပမာတွင် စည်ပိုင်းကြီးသည် ပဋိသန္ဓေယူနေသော မိခင်ဝမ်းခေါင်းကြီးနှင့်တူ၏၊ စည်ပိုင်းကြီးအတွင်း၌ရှိသော မစင်ဘင်ပုတ် အစရှိသော အပုတ် အသိုးဟူသမျှတို့သည် မိခင်၏ ဝမ်းခေါင်းတွင်းရှိရှိသမျှ မစင်ဘင်ပုတ်, ဝက်ပုတ်, ကြက်ပုတ်, နွားပုတ်, ကျွဲပုတ် အစရှိသော အပုတ် အသိုးတွေနှင့် တူ၏။

သို့အတွက် ပဋိသန္ဓေ ယူနေသော မိခင် များသည် စည်ပိုင်းကြီးထဲရှိသော အပုတ် အသိုးတွေကို မျက်စိနှင့် ကြောင်တောင် မြင်နေဘိသကဲ့သို့ မိမိဝမ်းတွင်း ရှိရှိသ

မှ အပုတ်အသိုးတွေနှင့်တကွ ပိုးမျိုးရှစ်ဆယ် တရွရွ, တသဲသဲ, စားနေကြသည်ကို ဉာဏ်ပညာမျက်စိနှင့် တစိမ့်စိမ့် မြင်အောင် ဒုက္ခသစ္စာ ထင်အောင် ကြည့်ရှု ပွားများနေကြရမည်။

အမိဝမ်း၌ ပဋိသန္ဓေနေရသော သူငယ်ကလေးများမှာလည်း အမိဝမ်းတွင်း၌ မစင်ဘင်ပုတ်အိုးကြီးထဲသို့ ၇-လ၊ ၈-လ၊ ၉-လ တိုင်တိုင် ထိုင်နေရသော ဘေးဒုက္ခကြီးကို မျက်စိနှင့် ကြောင်တောင် မြင် နေ့ ဘိသကဲ့သို့ ဉာဏ်ပညာ မျက်စိနှင့် မြင်အောင် ဒုက္ခ သစ္စာ ထင်အောင် အကြိမ်ကြိမ် အထပ်ထပ် ကြည့်ရှု ပွားများ နေကြရမည်။

သို့မှ မိခင်နှင့် သား, သမီး, နှစ်ဦးစုံ ဒုက္ခသစ္စာ ထင်၍ သားသမီးယူလိုသော တဏှာ- သမုဒယ- ဥပါဒါန် ဖြတ်ကင်း၍ အသင်္ခတ မဟာနိဗ္ဗာန် တရားတော် မြတ်ကြီးကို မျက်မှောက်ပြုနိုင်ကြမည်ဟု မှတ်ကြ။

ပဋိသန္ဓေ လွယ်ယူနေရသော မိခင်များမှာ မယ်တော်မာယာမှ တပါးသော မိခင်များ၏ ကံအားလျော်စွာ အဘယ်မျှ- ပင်ပန်းနွမ်းနယ် ဆင်းရဲကြီးစွာ ဖြစ်ကြရမုံကိုကောင်းစွာမှတ်ကြ။

(၁) ၇-လ, ကိုယ်ဝန်လွယ်ရသော မိန်းမ-ပဋိသန္ဓေ။
(၂) ၈-လ, ကိုယ်ဝန်လွယ်ရသော မိန်းမ-ပဋိသန္ဓေ။
(၃) ၉-လ, ကိုယ်ဝန်လွယ်ရသော မိန်းမ-ပဋိသန္ဓေ။
(၄) ၁၀-လ,ကိုယ်ဝန်လွယ်ရသော မိန်းမ-ပဋိသန္ဓေ

ကလလ ရေကြည်တည်သည်မှစ၍ တနေ့ထက်တနေ့ တလထက်, တလ-တခဝင့်ထက်တခဝင့်-ရင့်ထက် ရင့်၍ ကြီးပွား လာသော သူငယ်ကလေးကို လွယ်၍ ထားရသော မိခင်သည် ထိုကိုယ်ဝန်ကြောင့် အစား အသောက် အသွား အလာ အစရှိသည်တို့ကို များစွာ ရှောင်ကြဉ်ရ၏။ စားချင်တိုင်း မစားရ ပူ, စပ်, ခါးသော အာဟာရများကို အထူး ရှောင်ကြဉ်ရ၏။ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟူသော ဣရိယာ ပုတ်တို့ကို အထူး ရိုသေ လေးမြတ်စွာ နေထိုင်ရ၏။

စကြာ မင်းလောင်းကို ပဋိသန္ဓေ ယူနေသော မိခင်သည် နေ့, ညမလပ် ဒလစပ် ရိုရို သေသေ လေးလေး မြတ်မြတ် စောင့်ရှောက်နေဘိ သကဲ့သို့ ထို့အတူ မိမိ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေသော သားရတနာ, သမီးရတနာ ကလေးများကို စကြာမင်းလောင်း၏ မိခင်ကဲ့သို့ နေ့, ည၌ မလပ် ဒလစပ် ရိုရို သေသေ လေးလေး မြတ်မြတ် စောင့်ရှောက်ကြရမည်။

ထိုကဲ့သို့ စောင့်ရှောက်၍-၉,လ၊ ၁၀, လ၊ နေ့ရောညဉ့်ပါ ဒုက္ခကြီးစွာ ခံနေကြရလေသည်။ ထိုမျှလောက် ဒုက္ခကြီးစွာ ခံနေရရှာသော မိခင်နှင့် သားကလေးတို့သည် ရက်လ စေ့၍ ဖွားသန့် စင်သောအခါမိခင်မှာ မိမိအသက်ကို သေလောက်အောင် ဒုက္ခ ကြီးစွာ ခံပြီးမှ ထိုသားကလေးကို ဖွားသန့်စင်နိုင်သည်။ အချို့-မိခင်

သည် ဖွားသန့်စင်သော သားနုက္ခ ကြီးစွာခံ၍ သေကြရလေတော့သည်။ အချို့မှာ မိခင်နှင့် သား နှစ်ဦးပြိုင် အသက် ဆုံးရှုံးရလေသည်။ ထိုအခါ အမိနှင့်သားတို့သည် လွန်စွာ ကံကောင်း ထောက်ပံ့၍ လက် သယ် ကောင်း, ဆရာကောင်းတို့နှင့် တွေ့ပါမှ အသက်ရှင်ခြင်းသို့ ရောက်ကြရလေတော့သည်။

ဤသည်ကား-တဘဝ, တဘဝ အတွက် မိခင် ဝမ်းတိုက်၌ ပဋိသန္ဓေ ကလလ ရေကြည်ကစ၍ အမြှုတ်-သွေးခဲ-သားတစ်-မခြဲသဖြင့် ပြောင်းလဲပုံ-တဆင့်ထက် တဆင့်ရင့်ထက် ရင့်၍ ရုပ်အစဉ်သန္တတိ ဖြစ်,ပျက်ပုံ အလုံးစုံကို အနိစ္စ သဘော ပေါက်စေဘို့ စိတ်အာရုံတွင် အမြင် ထင်လင်းအောင် စီစဉ်၍ ပြလိုက်သော အနိစ္စ လက္ခဏာ ဝိပဿနာ ဉာဏ်အခမ်းဖြစ်၏ ဆိုခဲ့သမျှ ထင်မြင်ရန် အချက်စုကို ဉာဏ်ပညာ စက္ခုနှင့် ကြည့်ရှု ပွား များကြကုန်။

**လူဖြစ်ခြင်း အကြောင်းနှင့်တကွ ပဋိသန္ဓေတည်နေခဏ်းကြီးများကို အမျိုးမျိုး အဖုံဖုံ အလုံးစုံ ဒုက္ခသစ္စာ ထင်မြင်အောင် အားထုတ်၍ ရေးရခြင်းသည် ဘယ်အတွက် ရေးရသနည်းဟု မေးကဲ့သည်ရှိသော် ထိုအမေးကို ဖြေဆိုပေအံ့။**

ငါတို့ ဂေါတမ-ဘုရား အလောင်း သိဒ္ဓတ္ထ မင်းသား သည် ပါရမီ ဘုန်းပန်းတို့ ဆုံးခန်းတိုင်ပြောက်၍ နောက် ဆုံးဘဝသို့ ရောက်တော်မူသည် ဖြစ်ပါလျက် အလောင်း တော် သိဒ္ဓတ္ထ မင်း သား သည် ယသောဓရာ ဒေဝီကို မဟေသီ မြှောက်စားတော် မူကာ ပို့ဆက် လာသော ရတနာတော်ဝင် အပျိုစင် လေးသောင်းမျှကို မောင်းမ အရာ၌ ထား၍ ခံစား, စံစားတော်မူလေရာ တဆဲ့ သုံး နှစ်မျှ ကြာလေသည်။ ဘုရားအဖြစ်ကို အားသစ် ကြိုးပန်း ၍ ပါရမီ အခန်းခန်းတို့ကို ဖြည့်ကျင့် ဆည်းပူး ခဲ့ပါ သော်လည်း ကာမဂုဏ် မှိုင်းမိခြင်းကြောင့် အတိုင်း မသိ မေ့လျော့ နေသော ဘုရား အလောင်းတော်ကြီးကို နတ် အပေါင်းတို့ မြင်ကြလျှင် အလောင်းတော်ကြီးမှာ ဘုရားဖြစ်ဘို့အခါ နီးပေပြီ။နိမိတ်ကြီးလေးပါးကို အစဉ် အားဖြင့် ထင်လျှား၍ ပြမှ တော်ချေမည်ဟု ကြံစည်မိကြ လေသည်။

အလောင်းတော်သည် သက်တော် ၂၉ နှစ် အရွယ် ပျိုမြစ်, နုနယ်သော အခိုက်ဖြစ်၍ ပုထုဇန်တို့၏ စရိုက် အကြိုက် ဝါသနာကို မပယ်ခွါနိုင်သောကြောင့် ဥယျာဉ် တော် မြေကွက်သို့ အပျော်ထွက်လိုသော စိတ် ရှိတော် မူရကား ရထားထိန်းခေါ်ကာ အမောင် ရထားထိန်း ဥယျာဉ်တော် ဟောဒ်နန်းမှာ ပျော်ခန်းတွေ အစုံ အညီ နှင့် အပျော်ဂုမ္ဗဏ်ကြီး ဖွဲ့စည်း၍ ပျော်ပျော်ကြီးသွားကြ

ရအောင် ရထားတော် ယာဉ် ရတနာကို ပြင်ပါချေဟု မိန့်ချွေတော်မူလေ၏။ သခင်ဘုရား၏ အမိန့်သံကို မြေငယ် မကျ နားထောင်ရသော ရထားထိန်းသည်လည်း ရွှေ-ငွေ မြသား- ပတ္တမြား- ပုလဲ- ကျောက်မျက် ခြုံ စီချယ်၍ ရွှေ ကြယ်, ငွေကြယ်တို့ဖြင့် တင့်တယ် အောင် ပြုလုပ်ထား သော ရတနာ ရထားကို ယူကာ ကုမုဒြာ ကြာအဆင်း ကဲ့သို့ ဖြူဝင်း လှပစွာသော သိန္ဓောမြင်း လေးကောင်ကို က, ပြီးလျှင် အလောင်းတော်အား သံ့ေတာ်ဦးတင်သော အခါ ရာဇာသိဒ္ဓတ် လောင်းတော်မြတ်သည် လျှောက် ပတ် ကောင်းမွန်သော ရတနာ ရထားပေါ်၌ စီးကာ ဥယျာဉ်တော်သို့ ရှေ့ရှု မောင်းနှင်တော် မူလေသတည်း။

**သူအို - သူနာ - သူသေ - ရဟန်း - နိမိတ်ကြီး လေးပါး**

ထိုအခါ နတ်အပေါင်း တို့သည် ဘုရား အလောင်း တော် သိဒ္ဓတ်မင်းသားအား ထင်ရှားသော ပုဗ္ဗနိမိတ် ကြီး များကို ညွှန်ကြားပြသကြကုန်အံ့ဟု တိုင်ပင်၍ နတ် သားတယောက်ကို သွားကျိုး, ခံပြု, ငယ်မူ ကင်းပေျာ်် ခြေထောက်ကိုမျှမသယ်နိုင် ဘယ်ယိုင်, ညာနွဲ့, လဲတော့ မည့်ပုံ တုန့်တုန် ခိုက်ခိုက် လက်၌ တောင်ဝှေး စွဲကိုင် သော အဘိုးကြီးအိုယောင် အသွင် ဆောင်ပြီးလျှင် အခ အလောင်းတော်ကို ပြကြလေ၏။

အလောင်းတော်မှာ–လူအိုကြီး တုန်တုန် ခိုက်ခိုက်ကို မြင်ရလျှင် ရင်ဝကို အသာဖိ၍ မချိအောင် ဖြစ်ပြီးကာ ရထားထိန်းကို မေးသည်မှာ–

အမောင် ရထားထိန်း တောင်ယိမ်း, မြောက်ယိုင် ကိုယ့်ကိုယ်မှ ကိုယ်မသယ်နိုင်တဲ့ လက်ကိုင် တောင် ဝှေးနှင့် တဖြေးဖြေးသွားနေသော သူကား အဘယ်သူပါ နည်းဟု မေးမြန်းတော်မူလေ၏။

ထိုအခါ ရထားထိန်းက အရှင်မြတ် ဤသူကား အ ခြားမဟုတ်၊ နတ်တောင်ဝှေးကို အဖေါ်ပြု၍ ပျော်မှု, ပါးမှု, ခံစားမှုကိုမှ စိတ်မကူးနိုင်တဲ့ တယိုင်ယိုင်နေ့ရရှာ သော လူအိုကြီးပါဘုရားဟု လျှောက်ထားလေလျှင် ငါ တို့မှာလည်း ဤလူအိုကြီးလို အိုခုအုံးမလားဟု စကား နောက်ထပ် မေးအပ်သည်ရှိသော် မှန်လှပါ အရှင်မင်း သားနှင့် ကျွန်တော်မျိုးတို့မှာလည်း ဤအဘိုးအိုကြီးကဲ့သို့ အရိုးကိုမျှ မသယ်နိုင်သော အဖြစ်သို့ တထစ်ချရောက်ကြ ရမည့် အမှန်ဖြစ်ပါသည်ဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ အလောင်းတော်သည် များစွာ ထိတ်လန့်၍ သံဝေဂဖြစ်သောကြောင့် အင်း ယခုလိုဖြစ်ပါလျှင် ဤတွင် စခန်းသတ်၍ နန်းရပ်သို့ ပြန်တော်မူမည်။ ရထားကို နောက် ဆုတ်ပြီး ခပ်သုတ်သုတ် မောင်းလေတော့ဟု မိန့်ကြား ကာ နန်းတော်သို့ ပြန်သွားရှာလေသတည်း။

ထိုနောက်တဖန် ဥယျာဉ်တော် ထွက်ပြန်သောအခါ နတ်သားများက ဖြဖြန့်သည်မှာ အိပ်ရာမှ လှိမ့်လူး၍။ ကျင် ကြီး, ကျင်ငယ်တို့ဖြင့် ပေးကျံကာ ပြင်းထန်စွာ သော အနာဖြင့် တညည်းညည်း တညူညူ အသည်းအူလှန်၍

အောင် ဟာစ် နေ ရ ရှာ သော လူနာကြီးကို မြင်လေသော် ဘုရားလောင်းမှာ သွေးဖျန်းဖျန်း ဆုမတတ် သံဝေဂ ဉာဏ် အပူဓါတ်တို့မှာ အနုပြတ်၍ပင် သွားမလောက် အကြောက်သွေးမွှန်ကာ ပင်ငိုနေ တည်နေရခြင်းသည် လွန်မင်းစွာ စက်ဆုပ်ဘွယ် ကြီးပါတကားဟု တရား ဘက် စိတ်သန်၍ ထိုနေရာမှပင် နန်းတော်သို့ ပြန်ခဲလေ သတည်း။

တတိယတာဒ်န် ဥယျာဉ်တော်သို့ ထွက်ပြန်သောအခါ သူသေကောင်ကြီးကို မြင်ရပြန်လျှင် အလောင်းတော်၏ စိတ်မှာ ဒုတိယထက် တိုးတက်၍ သံဝေဂဉာဏ် အပူ ဓါတ်တို့မှာ အနုပြတ်၍ သေမလောက် အကြောက်ကြီး ကြောက်လန့်ခါ ပင်ငိုသနေ နေခြင်းကို လွန်မင်းစွာ ရှုံမုန်း လျက် ညွှန်တုံးညွှန့်ဗွက်ပမာ စက်ဆုပ်ကာဖြင့်ထိုနေရာမှ ပင်လှည့်ထွက်၍ နန်းတော်သို့ ပြန်လေ၏။

ထိုအချက် သရုပ်,သဏ္ဌာန်များကို ဉာဏ်ပညာ စက္ခု နှင့် ဝေဘန် ကြည့်ရှုကြစေလိုသည်။

ဘုရား အလောင်းတော်ကြီးသည် ဥယျာဉ်တော်သို့ ထွက်တော်မူသည်မှာ၊ စကြာမင်းကြီးများ၏၊ ကာမတ ဏှာ စည်းစိမ်ကြီးကို ခံစားဘိသကဲ့သို့ကာမ တဏှာ ကြီးကျယ်စွာ ခံစားရန် တခမ်းတနား အကြွင်ကြွင်ထွက် တော်မူလာခြင်းဖြစ်ပေသည်။

ထိုမျှလောက် ကြီးမားလှစွာသော ကာမတဏှာ စည်းစိမ်ကြီးကို ခံစါးမည့်ဆဲဆဲတွင် လွန်မင်းစွာ ကြေခွံ့ရှိ ထိတ်လန့်ဘွယ်ကောင်းသော လူအို, လူနာ, လူသေ, ဟု ဆိုအပ်သော နိမိတ်ကြီး သုံးပါးကို မြင်ရသည်နှင့် တပြိုင်နက်တည်း အသဲအူ ပြတ်ကြွေ၍ အသက်သေမတတ် ထိတ်လန့်သော "သံဝေဂ" ဓမ္မဉာဏ်ပေါ်၍ ကာမတဏှာကြောပြတ်မလောက် ဖြစ်သွားလေသည်။

ထိုကြောင့် ပဋ္ဌာန်းဥ ပ နိ ဿ ယ ပစ္စည်းတွင် ပါရှိသည့်မှာ ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော ဟု ဟောတော်မူသည့် အတိုင်း အလောင်းတော်မြတ် ထင်မြင်သော လူအို, လူနာ, လူသေ, နိမိတ်ကြီး သုံးပါးသည် အနိဋ္ဌာရုံ ဖြစ်၍ အကုသလ ဝိပါက်-အကျိုးကို ခံစားရတဲ့ ထိုနိမိတ်ကြီးများကို မြင်သည်နှင့် တပြိုင်တည်း (ဝိပါက် အမှန်စောအပြန်) ဟု ဆို သည့် အတိုင်း အလောင်းတော်သူမြတ်၏ မနောဒွါရ၌ စော စိတ္တုပ္ပါဒ် တို့သည် ကုသိုလ် သံဝေဂ ဉာဏ် ကြီးစွာ ဖြစ် ပေါ်၍ ရဲရဲတောက် ခံစားမည့် ကာမ တဏှာမီးပုံကြီးကို သီတာရေနှင့် ဖြန်းလိုက်ဘိသကဲ့သို့ အပူခံတ် ကာမ တဏှာစောတွေ တချက်တည်း ငြိမ်းဆဲ သွားရလေတော့၏။ ။အကုသိုလ်အကျိုးကြောင့်ကုသိုလ် ဖြစ်ရသည့် အချက်ပင်တည်း။

ဤစကားရပ်များဖြင့် အကုသိုလ် အကြောင်းရင်းခံ၍ ကုသိုလ်ဖြစ်ပုံများကို အထူးမှတ်သားကြစေလိုသည့် သူတော်ကောင်း အပေါင်းတို့။

ထိုကြောင့် ယခု ပဋ္ဌာန်း၌ ကာမတဏှာကို ဖွက်ကြွမ်းအောင် ခံစားလျက်ရှိကြသော ဒါယကာ-ဒါယိကာမ အပေါင်းတို့မှာ ဘုရား အလောင်းတော် နိမိတ်ကြီးသုံးပါးကို မြင်၍ အိုရမည့် ဇရာဘေး, နာရမည့် ဗျာဓိဘေး, သေရမည့် မရဏဘေး,တို့ကို ကြောက်ရွံ့လသော လောကီ ပဋိသန္ဓေ နေရမည့် ဇာတိ ဒုက္ခဘေးကြီးကို သံဝေဂဉာဏ် ပေါ်ပုံများကို စံနမူနာယူရန် ရည်သန်၍ ရေးသား ဖြေရှင်း၍ ထည့်သွင်းလိုက်ပေသတည်း။

(ဤတွင် ဖြေရှင်းချက် တခဏ်းပြီး၏။)

---

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားမှာ စဉ်းစားခြင်းမှုသော သံဝေဂ ဉာဏ်အငွေ့ အသက်တို့သည် နေ့ရက် ရှည်ကြာ လေသမျှ ကြာလတ်သော် အနုသယတဏှာ ဓာတ်မျိုး မပြတ်၍အရိုးထွက်လာပြန်သောကြောင့် ရထားထိန်းကို ခေါ်၍ ဥယျာဉ်တော်သို့ တဖန် ထွက်တော်မူပြန်လေသည်။ ထိုအခါ နတ်တို့သည် ဖန် ဆင်းအပ်သော ရဟန်းကို တွေ့မြင်ပြန်လေ၏။

ရထားထိန်းကို ခေါ်ကာ အိုအမောင် ရ ထား ထိန်းဦးခေါင်း ဦးပြည်း ခေါင်းတုံးကြီးနှင့် ဝတ်နည်း ဝတ်ပုံကလည်း အလုံးစုံသော သူတို့နှင့်မတူ အမှုအသွင်တမျိုး

ပြောင်းသော ဤသူကား ဘယ်သို့လူစား ခေါ်ပါသနည်းဟု မေးလေလျှင် ရထားထိန်းကို နတ်ဘို့၏ အာနုဘော်တန်ခိုးအားဖြင့် နှိုးဆော်ထားလေပြီးဖြစ်သဖြင့် ရထားထိန်းက တင်လျှောက်သည်မှာ အို အရှင် မင်းမြတ် ဤပုဂ္ဂိုလ်သည်ကား ဖန်ဝါသင်္ကန်းကို ဆင်မြန်းဝတ်ရုံပြီး လူ့ဘုံကို မနှဲးတီး၍ ဘုန်းကြီးလုပ်သော သူပါတည်း၊ ဤသို့သော ဘုန်းကြီးရဟန်းအဖြစ်နှင့် အပြစ်ဖြစ်အံ့သော အကုသိုလ်ကို ရှောင်ခွါကာ ကုသိုလ် တရား ကို သာ ပွားများ အားထုတ်ခြင်းသည် လွန်မင်းစွာ ကောင်းလှ ပါပေ၏။ ။သဏ္ဌာဝါ အများအား-သနားညှာတာ ကရုဏာတွေဘက်၍ မနှိပ်စက် မညှဉ်းဆဲခြင်းသည်လည်း အလွန်ကောင်းလှသော တရားကြီးပါတည်းဟု လျှောက်ထားလေလျှင် ရဟန်းတော်ရှိရာသို့ သွားပြီးလျှင် ရဟန်းတော်ကို စုံစမ်း မေးမြန်းသော အခါ အလောင်း တော်မင်းသားသည် လွန်စွာပင် သဘောတော်ကြည်နူး၍ ဤအရှင် ရဟန်းကဲ့သို့ ငါသည်လည်း မချွတ် ဧကန်- အမြန် ရဟန်းပြုတော့အံ့ဟု၊ စိတ်နှလုံးဒိုးဒိုးကြီးချပြီးလျှင်နန်းတော်သို့ပြန်လေ၏။

## လူ့ဘောင်မှ ရှောင်ခွါခန်း

သက္ကရာဇ် ၆၇–ခုနှစ်-ဝါဆိုလဆန်း ၁၅ ရက် တနင်္ဂနွေဝယ်- အလောင်းတော်သည် ဥယျာဉ်တော်သို့ ထွက်တော်မူစဉ်၊ မိဖုရား ခေါင်ကြီး ဖြစ်သော ယသော်ဒေဝီ

သည့် သားတော်ကလေးကို မီးရှူးသန့်စင် ဖွားမြင်တော်မူလေ၏။ သားတော်ကလေး မွေးဖွားသည်ဟု စကားလေဝံကိုသာ ကြားရသော်လည်း ကိုယ်တော်တိုင် မမြင်ရသေးသည့်အတွက်၊ မြင်ခြင်လှသော ဆန္ဒသည် အားကြီးသည်ဖြစ်၍ ယသော်ဓရာ စံမြန်းသော မှန်နန်းတော်သို့ ကြွလှမ်းတော်မူကာ တံခါးခုံပေါ်တွင် စုံရပ်၍ ကြည့်လေလျှင် မြတ်လေး, ကြက်ရုံး, ဂမုန်း, ခတ္တာ, စသော ပန်းများစွာတို့ဖြင့် ခပ်ထားအပ်သော အိပ်ရာပေါ်၌ သားတော်ကို လက်တင်၍ မျက်ရှင် ပတ္တမြားတုံးကဲ့သို့ ခပ်ပြုံးပြုံး မျက်နှာတော်ဖြင့် စက်တော်ခေါ်နေကြသည့်ကို မြင်လေသော်၊ ယသော်ဓရာ၏ ရင်ခွင်မှ သားတော်ကို ဝင်လု၍ ဖက်နမ်း နမ်းရှုတ် ပြုလုပ်ခြင်ပါသော် လည်း ယသော်ဓရာ၏ လက်ကို ဖယ်ရှား၍ သားငယ်ကို ယူပါက ယသော်ဓရာ နိုးချေရာ၏။ ယသော် နိုး လာ လျှင် တောထွက်မည့်မှန်းချက်သည် ရချ ပျက်ချေတော့မည်။

ဇရာဘေး, ဗျာဓိဘေး, မရဏဘေးတို့ အစ ဘဝဇာတိဘေးကို ကြောက်လန့် လှသည်ဖြစ်၍ မဆုတ်နစ်သော သဒ္ဓါ, ဝိရိယ, ဉာဏ်ပညာ အလင်းဖြင့် ရုံးကန်တော်သည်။

## ဘုရားဖြစ်ချင်လျှင် သားကို ချစ်၍ မနေနှင့်တော့

မယားနှင့်သားဖြစ်မှ, ဘုရား ဖြစ်ပေလိမ့်မည်၊ ယခု အခါမှာ အောင့်အည်း၍ နောင်ဘုရားဖြစ်ပြီးသော အခါမှ သာ- သားရတနာကို ဝဝကြီး ရှုစားပါတော့ဟု, ဘုရား အဖြစ်နှင့် သားချစ်တွင် တရားစစ်ကျပြီးသော် ခြေထောက် ကို အသာရုတ်၍ ဆုတ်တော် မူကဲ့ပြီးလျှင် (ကဏ္ဍက) မြင်းအနီးသို့ သွားကာ အိုချစ်သား ကဏ္ဍက- ယနေ့ည မောင့်သခင်ကို စိတ်ထွင် ကိုယ်ရွှင်နှင့် တောခွင် မြိုင် အောက် အရောက်, အားတင်း၍ ဆောင်ကြဉ်းပါ၊ မောင့် ကိုမှီ၍ သဗ္ဗညုတ ဘုရားဖြစ်ပြီးလျှင် လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဒုက္ခ တတွေကို သံသရာဝဋ်ဘေးမှ, ကျွတ်လွတ် စေရန် ရည်မှန်း၍ ရွှင်လန်းစွာ ပြုတော့မည်ဟု, သာ ကြည်စွာ မိန့်တော်မူ၍ ကဏ္ဍက မြင်း၏ ကျောပေါ်သို့ ခုန်ကျော်ကာ တက်စီး၍ တောထွက်တော်မူလေ သ တည်း၊

## နိသျည်း-နည်းခံမှုကို ပြုရ၏။

တောထွက်တော်မူ၍ ကျင့်တော်မူသည်မှာ အာဠာရ ရသေ့နှင့် ဥဒက ရသေ့ထံ နည်းခံ၍ အားထုတ်တော် မူရာ ဈာန်သမာပတ် ၈ပါးကို ရတော်မူလေသည်။

ထိုတရားများသည် လောကီ ဈာန် မျှ သာ ဖြစ်ချေ သည်။ သစ္စာလေးပါး ခုကြောင်းတရား မဟုတ်သေးဟု

သိတော်မူလေသည်။ ထိုကဲ့သို့ ကောင်းမြတ်သော အာဟာရတို့ကို စား၍ ကျင့်နေလျှင် သစ္စာ လေးပါးကို ရမည်မဟုတ်။ ထိုအာဟာရတို့ကို ဖြတ်၍ ကျင့်မှ သစ္စာလေးပါး ဉာဏ်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်မည်ဟု, အကြံတော်ဖြစ်၍ "ဉရုဝေလ" တောသို့ ကြွသွားတော်မူပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာများကို ရွေးချယ်၍ ဒုက္ကရစရိယာကို ခြိုးခြံစွာ ကျင့်တော် မူလေသည်။

## ဒုက္ကရစရိယာ ခြောက်နှစ်ကြာမျှ ကျင့်တော်မူပုံ။

အလောင်းတော်မြတ်သည် လူသာမန်တို့ ကျင့်နိုင်ဘို့ ဝေး၍ ကြံတွေးရုံမျှ နှင့် ကြက်သီး ထလောက်အောင် ကြောက်မက်ဘွယ်ကောင်းသော (ဒုက္ကရစရိယာ) ကို ခြောက်နှစ်မျှ ကြာအောင်ပင် ကျင့်သုံးတော် မူရ၏။ ထိုမျှ ကြာအောင်ပင် ကျင့်တော်မူသော အခြင်း အရာမှာကား မပြင်းသာအောင် အကျိုးပေးသော ဝဋ်ကြွေးကြောင့် မလွတ်သာ မပြေးသာ ကျင့်တော် မူရ ရှာသတည်း။

(ဒုက္ကရစရိယာ–ဆိုသည်မှာ–ပြုနိုင်ခဲသော အကျင့်မြတ်ဖြစ်သည်။)

## (အထူးမှတ်ဘွယ်-သံပေါက်)

အမေး။ ။ ဒုက္ခရစရိယာ။ ခြောက်နှစ်ကြာ။ ကြမ္မာဘယ် ဝိပါက်။

အဖြေ။ ။ ကဿပဘုရား၊ ရှင်တော်အား ပြစ်မှား ဝစီထွက်။

ဤမှတ်ဘွယ် သံပေါက် လင်္ကာအရ ကဿပ မြတ်စွာ ဘုရားအား ပြစ်မှားပုတ်ခတ် နှုတ်မြွက် ကြမ်း၍၊ ကြမ်းထန်းစွာ ပြောမိသည့်ကား ဤဦးဖြည်း ရဟန်းသည် သဗ္ဗညုတ ဥာဏ်တော်ရှင် အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း၊ သဗ္ဗညုတ ဥာဏ်တော်မှာ လွန်စွာပင်ရခဲ၏ဟု, ပြောဆို မိလေသတည်း။ (ဝစီဘေဒ-ထိတိုင်း၍) သည့် နှုတ်သံစကားကြောင့် (ဒုက္ကရစရိယာ) ကိုခြောက်နှစ်မျှကြာအောင် ပင်ပန်းကြီးစွာ ကျင့်တော် မူရလေသတည်း။ သတိထားဘွယ်ကောင်းသော-အချက်။

ဤအကြောင်းအရာနှင့် စပ်၍ အလောင်း အလျာ၏ ဝဋ်ကြွေးကံ-ပညာရှိ တဦးရေးသား ထားဘူးသည်ကား အောက်ပါ အတိုင်းဖြစ်ပေသည်။

## (ရှစ်လုံးဘွဲ့ကဗျာ-မြန်မာဂါထာ)

အမေး။ ။ဥရုဝေလ-တောရမြိုင်ခွင်၊
ခြောက်နှစ်ပတ်လုံး-ကျင့်သုံးအရှင်၊
အားကုန်ခမ်းလို့-ညှိုးနွမ်းပြုပြင်၊
ပင်ပန်းရေး-ဝဋ္ဋကြွေးဘယ်ကြောင့်တင်၊

အဖြေ။ ။ကဿပ ဘုရား-ထင်ရှားပွင့်သော်၊
ဇောတိပါလ-နာမ အကျော်၊
ပုဏ္ဏားမာန်တက်-နှုတ်မြွက်အာဘော်၊
ဝေိပြင်း-ရှေးရင်း ဝိပါက်တော်။

ကျင့်တော် မူရပုံကား အလောင်းတော်သည် လက်ဦးအစ, သေနနိဂုံးသို့ ရွှင်ပြုံးစွာ ဆွမ်းခံကြွ၍၊ ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင်။ ငါ့အား,ဤမှလောက် ရှုံ့ရင်းသော ဆွမ်းအာဟာရဖြင့် မျှတနေပါလျှင် အဘယ်မှာလျှင် သဗ္ဗညုတဉာဏ်ကို မှုမှန်အတိုင်း ရပါမည်နည်းဟု, ထန်သည်းသော စိတ်ဖြင့် ကြံတော်မူကာ အလိုလို ကြွေကျသော သစ်သီးဖြင့်သာ မျှတတော်မူရာ၏။

ထိုမှ တဖန် ဤသစ်သီးသည်လည်း အကြမ်းကြီး ကြမ်းသေး၏။ ငါနေသော သစ်ပင်အောက်မှ,အလို အလျောက် လေခတ် ကြွေကျသော သစ်သီးဖြင့်သာကောင်းစွာ မျှတအံ့ဟု ကြံမိသည့်အတိုင်း မဆိုင်းမဖင့် အကြံနှင့်လျော်အောင် ကြွေကျသော သစ်သီးကိုသာ သုံးဆောင်တော်မူလေ၏။

ထိုနောက်, ၎င်းအဆင့် အတန်းမှ ဆုတ်လျက်-တာလ ဘက်မှုသော ပဲဇင်းဝံစေ့, အဖျော်ရည်ကိုင်ရင်း။ ဆီးသီး အဖျော်ရည်ကိုင်ရင်း, သုံးဆောင်တော်မူ၏၊ ထိုနောက်မှ နှမ်းစေ့ဖြင့်ရင်း၊ဆန်စေ့ဖြင့်ရင်း,မျှတတော်မူ၍ ထန်းဖြင်း ဘွား ကျင့်တော်မူပြန်၏။ ဤမျှလောက်သော အဟာရကို သာ စားသုံးတော်မူလျက် ကာလ မြင့်ရှည် ကျင့်တော်မူ သတ်သည်ရှိသော် (သုံးဆယ့် နှစ်ပါးသော လက္ခဏာ တော်ကြီးနှင့် ရှစ်ဆယ်သော လက္ခဏာတော်ငယ်) တို့, သည် ပျောက်ကွယ်ခဲ့ရုံမျှမက, အရိုးပေါ်တွင် အရေမြဲ၍ နေသေ, ရုံမျှရှိတော်မူချေသတည်း။

ဇမ္ဗူရာဇ် ရွှေရောင်အဆင်းကဲ့သို့ တဝင်းဝင်းတင့် တယ်သော ကြက်သရေရောင်သည် မီးသွေးတောင်တွင် မိုးမှောင်ကျသကဲ့သို့မဲညစ်သော ဘဝသို့ ပြောင်းတော် မူ၍ အသား, အသွေး တို့သည်လည်း အားသေး ခန်း ခြောက်ကာ စမ်းပိတ်သော ရေတွင်း,နေညှင်းသော ပန်း စပါယ်လို နွမ်းနယ်တော်မူလှကုန်၏။ ကျောရိုး တို့သည် ကား အဆစ်အဆစ်နှင့် အတစ်အတစ်ဖြစ်ပြီးလျှင်, နံရိုးတို့ မှာမူကား အမိုးပျက်သော အိမ် အခြင်ကဲ့သို့ အချောင်း အချောင်း ဖြင်ရပြီးသော် ဝမ်းရေသည်ကား ကျောရိုးနှင့် ကပ်မိကာ ရပ်တည်၍ မနေနိုင်အောင် ရှေ့ယိုင်မိုနှမ်း အ ပန်းကြီး ပန်းတော်မူလျက် အကြော အမြောင်း တို့သည် လည်း လက်တော်နှင့် သုံးသပ်လိုက်ပါက အမြစ်ခေတ်

ကင်းအောင် လက်ကွင်း၌သာ ငြိကပ်၍ ပါလာ ကုန်တော့၏။

ယင်းသို့ ကိုယ်တော် ညှိုးနွမ်း အားတော်ခန်းအောင် အစွမ်းကုန်ကျင့်တော်မူရာ ခြောက်နှစ်မျှ ကြာပါသော်လည်း သဗ္ဗညုတ ဉာဏ်တော်သည် အရိပ် အရောင်မျှ မပေါ်ဘဲ နေရာလေ၏။

ထိုသို့ပင် ဖြစ်လင့်ကစား ငါသည် ရွှေနန်းတော်သို့ ပြန်၍ ယသော်ရော အမျိုးရှိသော ကညာအပေါင်းတို့ နှင့် ကောင်းမွန်သော အချိုအဆိမ့်တို့ကိုသာ ကိုယ်လုံး ဝမ်ပြည့်အောင် စား၍ ချမ်းသာစွာ ခံစား ပါတော့မည် ဟူသော အကြံ အစည်ကို တခဲချည်းမျှ မကြံစည် မိချေ, ဘုရားဖြစ်လိုသော ဆန္ဒဓါတ်ကို တင်းမားစွာ ထား၍ ကျင့်ကြံ အားထုတ်တော်မူလေသည်။ အလောင်းတော်သည် တနေ့သောအခါ ကိုယ်လက် သုတ်သင် အံ့သောငှါ ထိုင်တော်မူလေလျှင် ကျင်ကြီးကျောင်းမှာအရေတွေ ဆို့ပိတ်၍ စွန့်ခြင်းငှါ မစွမ်းနိုင်ရကား, ပြင်းစွာသော ဒုက္ခဝေဒနာကြောင့် သေရွာသို့ လိုက်ရတော့မည့်ကဲ့သို့ ရပ်တည်၍ မနေသာဘဲ မူးဝေကာ လဲရှာရ လေတော့၏။ ထိုအခါ အနီးရှိသော နတ်သားတယောက်က,ဘခမည်းတော် သုဒ္ဓောဒနမင်းကြီးထံ သွား၍အသင်မင်းကြီး၏သား, အကျင့်လွန်၍ ဘုရား မဖြစ်ဘဲနှင့် လဲ၍ သေရှာလေပြီဟု, ပြောလေသည်။ ထိုအခါ သုဒ္ဓေါဒန မင်းကြီး

က, ငါ၏သားသည် ဘုရားမဖြစ်လျှင် မသေဟု နတ်ကို ပြန်၍ ပြောလိုက်သည်။ အလောင်းတော် မြတ်သည် မှုံ့ဝေရာမှ သတိရ၍ ထ, တော်မူသောအခါ ဒုက္ခဝေဒနာ ပြင်းထန်လှ၍ မဟာနိုင်သောကြောင့် နေ့ဝံတဖန် စကြံ ဦးမှာ လဲ၍ သေလေပြီဟု ပြော၏။ မင်းကြီးက-ငါ့သား ဘုရားမဖြစ်သရွေ့ မသေဟု ပြောလိုက်သည်။

ထိုမှတဖန် တိုးတက်၍အားထုတ်တော် မူပြန်သည် မှာ တနေ့သော အခါ မဟာ အတုလ ဘွဲ့ထူးကို ဆွတ် ခူးလိုလှသဖြင့် ဘုရားဖြစ်လိုသော ဆန္ဒတော် ဓာတ်ရင်း ထန်ပြင်းလှသော အလောင်းတော်သည် ငါသည်ကား အာဟာရကို လုံးလုံးဖြတ်၍ ထွက်သက်, ဝင်သက်, လေ နှစ်ချက်ကို မဝင် မထွက်နိုင်အောင် အစဉ်ဆက်၍ ချုပ် လိုက်အံ့ဟု အကြံပြုပြီး၍ ချုပ်တည်းလိုက်ရာ နှာခေါင်းမှ လေမထွက်ရသဖြင့် နားနှစ်ဘက်မှ ထွက်လေ၏။

နားမှလည်း မထွက်အောင် တားမြစ်သောအခါ နား မှ အထက်သို့ တက်၍ ထိပ်မှ ထွက်သကဲ့သို့ ဦးခေါင်း တွင် စုဝင်ပြီးသော် အထူးပင် ပြင်းထန်သော လေသည် ဦးခေါင်းမှ မထွက်သာ၍ အောက်သို့ သက်လာပြီးလျှင် အူထဲသို့ ဝင်လေ၏။ အူအခွေတို့သည် အ ပူ ရေ ဟ တ် ကပ်ကျေးနှင့်ဖြတ်သကဲ့သို့ တဆတ်ဆတ်တုံကာ ပြင်း ထန်သော ဒုက္ခဝေဒနာကို မနေသာအောင် ခံစားတော် မူရရှာလေသတည်း။

အလောင်းတော်သည် ဝေဒနာ အပြင်းအထန်တို့က အဘယ်မျှပင် ဥပဒ်ပြုကြသော်လည်း တင်းလှသော ဝီရိယ ပက်တန်ခိုးကိုသာ သွက်သွက်ကြီးနှိုး၍ အရိုး ကြေကြေ အရေ ခြောက်ခြောက်ဟု နောက်မဆုတ်သော ဖွဲစိတ်ဖြင့် အသဲထိတ် ခမန်းသော ကျင့်မြဲ ကျင့်လျက်နေရှာလေ၏။

(၁) ဆန္ဒ-အလို (၂) ဝီရိယ-လုံ့လ။
(၃) စိတ္တ-စိတ် (၄) ဝီမံသ-ဗုဒ္ဓိစမ်းဉာဏ်

ဤလေးပါးကို အဓိပတိ ၄-ပါးဟု ခေါ်သည်။

ဤ အဓိပတိ လေးပါး လွန်ကဲစွာ ကျင့်သုံးက အမှုဟူသမျှ အောင်မြင်မြဲဖြစ်၏။

လိုက်ခဲ့သို့ အဓိပတိ တရား လေးပါးကို ပြင်းထန်စွာ သုံး၍ အားထုတ်ပါသော်လည်း၊ သစ္စာ လေးပါး ဉာဏ်ကို အနုမြူခန့်မျှ မသိနိုင်သေး။ ဘယ်အတွက်ဆိုသော်-

ဒုက္ကရ စရိယာ အကျင့်သည် မှားသော အကျင့် ဖြစ်သောကြောင့် တည်းဟု မှတ်ကြ။

ဘုရား အလောင်းတော်ကြီးသည် ပညာရှင်, ဉာဏ်ရှင်ကြီး ယခု လောလောဆယ် ဘုရားဖြစ်မည့် အချိန် အခါကြီး သော်မှ- တရားလွဲ, တရားမှားကြီးတွေကို- အဟုတ် အမှန် ထင်၍ ခြောက် နှစ်တိုင်တိုင် ဒုက္ခကြီးစွာ အသက်ကို အသေခံ၍ ကျင့်တော် မူလေ သည်။ ဘုရားဖြစ်မည့် ဘဝဖြစ်၍ အသက် မသေခြင်းဖြစ်ပေသည်။

သို့အတွက် ထိုအချက်ကြီး များကို ရဟန်း, ရှင်, လူ, ရသေ့ လူသူတော် သီလရှင် အပေါင်းတို့- ကောင်းကောင်းကြီး စဉ်းစား ကြစေလိုသည် သူတော်ကောင်း အပေါင်းတို့။

အလောင်းတော်မြတ်သည် တဖန်တွေးလေသည်ကား ဤလောကကြီးအတွင်း အကြွင်သူတယောက်သည် ပြုနိုင်ခဲ့သော အကျင့်ကို ကျင့်၏၊ ထိုသူသည် ကား-ငါနှင့် တူရုံမျှသာ ရှိချေမည်၊ ငါ့ထက် လွန်မည်မဟုတ်၊ ဤမျှလောက် ကျင့်၍မှ ဘုရား မဖြစ်နိုင်၊ တည်ခိုင် သော သမာဓိ ဈာန် ကိုလည်း-ဤ ပုံဟန် ဖြင့်-မဖြစ်စေနိုင်၊ ယုတ်လျော့ ခြင်း အဖြစ်သို့သာ ရောက်၏။

ထို့ ကြောင့် ငါ၏ ခန္ဓာကိုယ် ကို အာ ဟာ ရ မှီဝဲ၍ တည်မြဲခိုင်ခန့်စေပြီးမှသာလျှင် သမာဓိ ဈာန် ကို ရနိုင်ချေတော့မည်ဟု ဟုတ်မှန်သော အကြံကို ကြံစည် စဉ်းစားမိသည်အားလျော်စွာ (ယန္နူကာရပြဟဏ္ဍာမင်း) ဆက်ကပ်လိုက်သော သပိတ်တော်ကိုယူကာ သေနနိဂုံး၌ ဆွမ်းခံတော်မူ၍ ရသမျှသော အာဟာရကိုမျှ တ သုံးဆောင်တော်မူလေ၏။ သုံးလေးရက်မျှအာဟာရကိုမျှတအောင် မှီဝဲလေလျှင် အလောင်းတော် မြတ် ၏ ရုပ် အဆင်း သည် တဝင်း ဝင်း ထိန် ကြည် လာ၍ စိန် ဗိ ကာ ထား သော ပတ္တမြားလုံးကဲ့သို့ ရှုမဆုံးနိုင် ဘွယ် တင့် တယ် တော်မူလာရုံမှက သုံးဆယ့် နှစ်ပါးသော ယောကျ်ား မြတ် တို့၏ လက္ခဏာတို့သည်လည်း ထင်ရှား စွာ ဖြစ်ပေါ်လာကုန်သတည်း။

ဥရုဝေလတောအနီး သေန,အမည်ရှိသော နိဂုံးရွာ၌ သူဌေးသမီးသုဇာတာသည် နို့ဃနာဆွမ်းကို ဖွေ့ခွက် နှင့်

ထည့်၍ အလောင်းတော်မြတ်အား ဆက် ကပ် လှူဒါန်း လေသည်။

အလောင်းတော်မြတ်သည် နို့ဃနာဆွမ်းကို အလှူခံပြီးလျှင် နေရဉ္ဇရာမြစ် သုပ္ပတိဋ္ဌိတ ဆိပ်ကမ်း သို့ ကြွသွား၍ ကမ်းနားတွင် နို့ဃနာ ရွှေခွက်ကို ထားလျက် ရေချိုး တော် မူပြီးသော အခါ အရှေ့မျက်နှာ သို့ ရှေ့ရှု ထိုင်နေ၍ ထန်း သီး ပမာ ဏ ရှိ သော ဆွမ်း လုပ် ကို လေးဆယ့် ကိုးလုပ်ပြုကာ ရေမှပါ သော နို့ဃနာ ဆွမ်း ကို အားလုံးကုန် ဘုဉ်းပေးတော်မူလေ၏။

နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အဘိုးတသိန်းထိုက်သော ရွှေခွက်ကိုကိုင်ကာ နေရဉ္ဇရာမြစ်ကမ်း၌ ရပ်၍ ငါသည် ဘုရားအစစ် ဧကန်ဖြစ်အံ့၊ ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေသတည်းဟု-အဓိဋ္ဌာန် ပြုတော်မူလျက် ရွှေခွက်ကို မျှောလိုက်သောအခါ ရွှေခွက်သည် အတောင်ရှစ်ဆယ်လောက် ရေညာသို့ဆန်တက်၍ တခုသော ဝဲ၌ မြုပ်ကာ ကာလနဂါးမင်း၏ နေရာအရပ်သို့ သွား၍ ဤကမ္ဘာတွင် ပွင့်တော်မူကြပြီးသော ဘုရားသုံးဆူတို့၏ ရွှေခွက်များကို ထိပါးလျက် ထိုရွှေခွက်သုံးလုံးတို့၏ အောက်၌ အစဉ်အတိုင်း လေးခုမြောက်ဖြစ်၍တည်လေ၏။

ဘုရားလောင်းသည် ကိုယ်တော်မြတ်၏အဓိဋ္ဌာန်ချက်ပြည့်စုံသောကြောင့် လွန်စွာ ဝမ်းမြောက်သည်ဖြစ်၍ နေရဉ္ဇရာ အမည်ရှိသော မြစ်ကမ်း၌ မင်္ဂလာပန်းဟု သခုတ်

သင့်၍ ပင်လုံးကျွတ် ပွင့်သော အင်ကြင်း တောတွင်း နေ့သန့်စင် တော်မူကာ အဘိညာဉ်ငါးရပ် သမာပတ် ရှစ်တွေကို အခါခါ ဖြစ်စေတော်မူ၏။

ထိုအခါ သောတ္ထိယအမည်ရှိသော မြက်ရိပ်သမားသည် ဘုရားအလောင်းတော်ကို သဒ္ဓါကြည်ညိုမှုသဖြင့် ရှစ်ဆုတ်သော မြက်များကို လှူဒါန်းလိုက်လေ၏။

ထိုနောက် ဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်တော်မူပြီးလျှင် အရှေ့မျက်နှာသို့ကြွသွား၍ အနောက်ဘက်သို့လှည့်ကာ ကြည့်ရှုရာတွင် (ပလ္လင်တော်တည်ရာ မဟာဗောဓိရိပ်ခန်းဝါသည်) ခိုင်မာကြံ့ကြံ့ တည်တန့် တော် မူသဖြင့် ၎င်းအရပ် သည်သာ ကိလေသာ ချိုးပြုတ်အောင် အခိုးထုတ်ရာတည်းဟုသိတော်မူ၍ သောတ္ထိယ လှူဒါန်းသော မြက်များကို အဖျားမှ ကိုင်ကာ ဖြန့်ကြဲလိုက်သောအခါ ရတနာအတိ တဆယ့်လေးတောင်ရှိသော ပလ္လင်တော်ကြီးသည် ဖြစ်ပေါ်လာပေတော့သတည်း။

မြက်သဏ္ဍာန်ပျောက်၍ ပေါ်ပေါက်လာသော ပလ္လင်တော်၏ ပုံပန်းကို အစွမ်းကုန်တတ်သော ပန်းချီဆရာနှင့် ပန်းပုပညာသည်တို့လည်းရေးချယ်ထုလုပ်ခြင်းငှါ မစွမ်းနိုင်ကုန်။ ထိုပုံသဏ္ဍာန် အတုလသည်ကား လူ့ဘဝတွင်မထား ဘုရားနှင့်သာ ထိုက်တန်လေသတည်း။

## ဗောဓိပင်နှင့် ပလ္လင်တော်ပေါ်တွင် ဝီရိယကို အစွမ်းကုန် ပြုတော်မူခြင်း။

(မာရ်နတ်နှင့် ဘုရားအလောင်းတော် ပလ္လင်လုကြောင်းကို ချန်လှပ် ခဲ့ပေသည်။

ယောက်ျားမြတ် ဖြစ်တော်မူသော ဗောဓိသတ်သည် မဟာဗောဓိပင်စည်ကို နောက်မှီတကဲပြုတော်မူကာ အရှေ့သို့ မျက်နှာတော်လှည့်၍ ငါ၏ခန္ဓာကိုယ်တွင် အကြော အရိုး အရေတို့သည် ညှိုးခွေကာကြွင်းကျန်၍ အသားနှင့် အသွေးတို့ကား ခြောက်ခန်းကြပလေစေ, ငါ၏လုံးလကို အနည်းငယ်မျှ မလျှော့, ငါသည် သဗ္ဗညုတ ဘုရား၏အ စ်သို့ မရောက် သမျှ မြေကြီးပြောင်းပြန် လန်သော်လည်း လန်ပစေ, ငါ၏ ဦးခေါင်းအထက်သို့ မိုးစယ်းကြီး စက် အသိန်းတို့သည် တဒိန်းဒိန်း မြည်ဟီးကာ ကျသော်လည်း ကျပေစေ, ဤဥရုဝေလ တောအလုံးသည် တဟုန်းဟုန်း မီးလောင်၍ ညီးညီးပြောင်ပြောင် ဖြစ်သော်လည်း ဖြစ်ပေစေ, ငါ၏ တင်ပလ္လင်ခွေကို မဖြေ မလျှော့ ဝိရိယ, မပြော့အံ့ဟု ဘုရားဖြစ် လိုသော စိတ် သန်၍ အဓိဋ္ဌာန်ပြု တော်မူလေ၏။

(ထိုမျှ လောက် ဘုရားဖြစ်လို သော ဆန္ဒ ဓါတ် ပြင်းထန် သည်ကို အားကြ၍ ဘုရားတပည့်သား ဟူသမျှတို့သည် အတုလိုက်၍ ကျင့်ကြံ အားထုတ်တို့ ကောင်းလှကြပေတော့သည်။ )

ဗောဓိပင်ခြေ ပလ္လင်ဖွဲ့၍ ထိုင်နေ ရွှင်ပြုံး သီတင်းသုံးတော်မူသော အလောင်းတော် မြတ် ဗောဓိ သတ်သည် စကြာဝဠာတိုက် ကို ခြံရံ၍ တည့်သော ယူဇနာ ရှစ်သောင်းနှစ်ထောင် အစောက် အမြင့်ရှိ သော စကြာဝဠာတောင်တည်း ဟူသော ကန့်လန့်ကာ ကောင်းစွာ ကာရံ ရစ်သိုင်းအပ်သည်ဖြစ်၍ ထောင်ပေါင်း များစွာ ကြယ်တာရာ ဝိန်ကျောက်တို့ဖြင့် ထိန်တောက်စွာ စီချယ်အပ်သည့် ကောင်းကင် ရင်အာကာသွေဟူသော မိုတာန် မျက်နှာ ကြက်ကို ဖြန့်ကြက် ဆောင်းမိုး လျက် တထိန်ထိန်ကြည်မြ၍ ပီယဓါတ်ကို မပြတ်ပေး တတ်သည့် လဝိမာန်တည်းဟူသော ကမ္ဘာ ဓါတ်မီးကြီး ကို ထိန်ညီးအောင် ထွန်းညှိတော်မူကာ ကောင်းစွာတည်ငြိမ် သမာဓိခြေ့ရှေး ရှုတော်မူ၏။ ယင်းသို့နေတော်မူသောအလောင်းတော်မြတ်သည် နတ်ပြဟ္မာ အကုန်-ဂဠုန်, နဂါး တို့ ညွှတ်တွား ပူဇော်အပ် သတ္တာယအမျိုးစုံကို အာရုံ မစိုက်နှစ်သက်တော်မမူဘဲ အဖေါ်သဟဲဖြစ်သော တရားတော်အစဉ်ကိုသာ ဆင်ခြင်စဉ်းစား နှလုံး ထားတော်မူ သည်မှာ ဤလောကကြီး တခုလုံးသည် ယူကျုံးမရ အပူတုံးဖွားသာဖြစ်၍ ငြိုငြင်ဆင်းရဲလှပေ၏။ ပဋိသန္ဓေ, တည်နေကိန်းအောင်း ကျဉ်းမြောင်း ကြပ်တီးသော နရကြီးသာမှ က သွားကျိုး, ဆံဖြူ, ငယ်မူ ယွင်းယို၍ အိုလည်း အိုရချေသေး၏။

အိုရသောဘာဝ နှင့် လက်စမသိမ်း အပူကိန်းအမှုပွေ၍

ရတော့ သေပျောက် ဘဝသစ် တခါရောက်ပြီး ဒုက္ခအညွန့်အညှောင့် တည်းဟူသော ပဋိသန္ဓေ ဓာတ်သည် အာဒိအစ ဖြစ်ပေါ်လာရပြန်သေး၏။ သို့စဉ်လျက် ဒုက္ခတွင်းနက်ကာ လက်နှိုက် မမှီသာအောင် ဖြစ်ပေါ် ပါသော်လည်း ပုလောင် ထန်ပြင်းသော ဤဒုက္ခတွင်းမှ လွတ်ကင်းထွက်မြောက်ရာ ထွက်ပေါက်ကို မသိနိုင်ကြလေကုန်။ အသည်းတုံ စရာကောင်းလေစွတကား။ ဓာတ်,ဓရာတ်နှင့်မကင်းသောငါသည် အဘယ်နံ့ရောအခါကာလတွင် ဤဒုက္ခလက်အောက်မှ ထွက်ပေါက်ရပါမည်နည်းဟု အားသည်းစွာကြံမိလေ၏

ထိုနောက်–တဖန်ထပ်မံ၍ ကြံပြန်သည်မှာအဘယ်သို့သောတရားဆိုးရှိ၍ အားမကိုး စိတ်မချရသော အိုခြင်း, သေခြင်,းအမှု အခင်း ဖြစ်ရသနည်း။ အဘယ်အကြောင်းကြောင့် မကောင်းသောအိုခြင်း, မကောင်းသောသေခြင်းဖြစ်ရသနည်းဟု သိပ်သည်းစွာ ကြံမိရာတွင် ပဋိသန္ဓေတည်နေခြင်း ဓာတ်ရှိသောကြောင့်သာ အိုခြင်း သေခြင်းနှင့်မကင်းနိုင်ပါတကား။အိုခြင်း, သေခြင်းတရားဆိုးကြီးသည် ပဋိသန္ဓေနေခြင်းဟု ဆိုအပ်သော ဓာတ်သာလျှင်အာဒိမူလ အကြောင်းရင်း ပေါင်းသင်း၍ မထိုက်သောလူမိုက်အလားတရားဆိုးကြီးပါတကားဟုရှေ့သွားသောပညာဉာဏ်ဖြင့် ဝေဘန် ချင့်မြှော်ကာ သင့်လျော်စွာနှလုံးသွင်းမိ၍ ထိုးထွင်းကာ သိတော်မူသတည်း။ ။

(ဟုတ်တိုင်းမှန်ရာသမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်အလင်းပေါက်လေတော့သည်)

ဤသို့လျှင်- ဇာတိ,ဇရာ,မရဏတို့၏အကြောင်းသည့် ဇာတိ။ဇာတိ၏ အကြောင်းသည့်,ဘဝ။ဘဝ၏အကြောင်းသည့် ဥပါဒါန်။ ။ဥပါဒါန်၏အကြောင်းသည့်,တဏှာ။ ။တဏှာ၏ အကြောင်းသည့်, ဝေဒနာ။ ။ဝေဒနာ၏အကြောင်းသည့်, ဖဿ။ ။ဖဿ၏ အကြောင်းသည့်, ခြောက်ပါးသော အာယတန။ ။ခြောက် ပါး သော အာယတန၏ အကြောင်းသည့်, နာမ်ရုပ်။ ။နာမ်ရုပ်၏ အကြောင်းသည့်, ဝိညာဏ်။ ။ဝိညာဏ်၏ အကြောင်းသည့်,သင်္ခါရ။ ။သင်္ခါရ၏ အကြောင်းသည် ဝိဇ္ဇာဟူ၍ ခယောစေ့တွင်းကျ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံအားဖြင့် စဉ်းစားဆင်ခြင်ဉာဏ်နှင့် ထင်တော်မူလေ၏။

ပဋိစ္စသမုပ္ပါဒ်တရားကိုအနုလုံအားဖြင့် စဉ်းစားဆင်ခြင်တော်မူပြီးသောအခါ သစ္စာလေးပါးကို ထင်ရှားစွာ သိလိုသော အလောင်းတော်မြတ်အား အားထုတ်အပ်သော ဝီရိယကို အဓိကသဘောမှ ရွေ့လျောခြင်းမပြု၊ လျော့မှုမထားချေ, တိုးတက်၍သာ ဆောက်တည်တော်မူလေ၏။ ရှေးရှုထင်သော သတိဖြင့် ငြိမ်းသော ကိုယ်လည်း ရှိတော်မူ၏။ ကောင်းစွာ ထားအပ်သော စိတ်ဓာတ်သည် တည်ကြည်တော်မူလတ်၏။

အလောင်းတော်သည် ကာမဂုဏ်တို့နှင့် အချုံမည်သိတ်ကင်းဆိတ်၍ အတွင်းစိတ် ဗဟိုနှင့် အကုသိုလ်တရားတို့ကိုလည်း လကွဲ၍ ထားတော်မမှု စင်ဖြူတော်မူလှ၏။

သို့ကြောင့်-ဝိတက်,ဝိစာရနှင့်တကွ ပီတိ သုခရှိသော ပဌမဈာန်မှ ဒုတိယဈာန်။ ဒုတိယဈာန်မှ တတိယဈာန်။ တတိယဈာန်မှ စတုတ္ထဈာန်သို့ တဆင့် တဆင့် အမြင့်သို့ ကပ်ကာ ဝင်စားတော်မူလေ၏။

ဘုရားအလောင်းတော်သည် စတုက္က,နည်းအားဖြင့် စတုတ္ထဈာန်သို့ ကပ်၍နေသဖြင့် စိတ်တော်ကြည်လင် အပူအပင်မရှိ။ ဖြူစင်နူးညံ့စွာဖြစ်၍ မတုန်မလှုပ် ကျောက်ရုပ် ကျောက်သားကဲ့သို့ ခန့်ငြား တည်ငြိမ်သည့်ရှိသော ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိမြင်အောက်မေ့တတ်သောဉာဏ်ကို ရခြင်းငှါ ဖိုတ်တော်ကို ညွှတ်စေ၏။

ဤသို့- အဆင့်ဆင့်အားဖြင့် ပွါးများ သုံးသတ်သော အလောင်းတော်မြတ်သည် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသ နုဿတိဉာဏ်)ကို ကောင်းစွာ ရရှိတော်မူလတ် သတည်း။

ပုဗ္ဗေနိဝါသ နုဿတိဉာဏ်ကို ရရှိတော် မူသော အလောင်းတော်မြတ်သည် သန်းခေါင်ယံအခါ၌ အကြိမ်သစ် တခုပေါ်လာသည့်မှာ အဘယ်သို့သောအကြောင်းတရားသည် ပျက်ပြား ချုပ်ဆုံး၍ လုံးလုံးမရှိသော အတိနက္ခ ဖြစ်သော အိုမှု,နာမှု,သေမှုသည် တခုမကျန် အမှန်ချုပ်ဆုံးလေသနည်းဟု ဆင်ခြင်မိလေ၏။

ယင်းသို့ - ပညာဉာဏ်ဖြင့် ဝေဖန်ချင့်ချိန်၍ သင့်လျော်စွာ သုံးသင်မိသောအခါ (ဇာတိ) ဟူသော ပဋိသန္ဓေနေမှု မရှိကဲ့သော် အိုမှု, နာမှုလည်း ရှိမည်မဟုတ်။

ဇာတိချုပ်ခြင်းကြောင့် ဇရာ,မရဏတို့လည်း စုံးစုံးမြုပ်၍ ချုပ်ရလေတော့သည်ဟု အသိဉာဏ်, ထင်ရှားဖြစ်တော်မူ၏။

(သမ္ဗောဓိဉာဏ် ဝိဇ္ဇာဉာဏ်အလင်းဓာတ်ကြီး ထင်ရှားဖြစ်ပေါ်သည်ဟု မှတ်ကြ။)

ဤသို့လျှင်— ဇရာ,မရဏတို့၏ ချုပ်ငြိမ်းမှုသည် ဇာတိ၏ချုပ်ငြိမ်းခြင်းဖြစ်၏။ ဇာတိ၏ ချုပ်ငြိမ်းမှုသည် ဘဝ၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏၊ ဘဝ၏ချုပ်ငြိမ်းခြင်းသည် ဥပါဒါန်၏ ချုပ်ငြိမ်းခြင်းကြောင့်ဖြစ်၏။ ဥပါဒါန်၏ချုပ်ငြိမ်းခြင်းသည် တဏှာ၏ချုပ်ငြိမ်းခြင်းကြောင့်ဖြစ်၏။ တဏှာ၏ချုပ်မိန်းခြင်းသည် ဝေဒနာ၏ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏။ဝေဒနာ၏ချုပ်ငြိမ်းခြင်းသည် ဖဿ၏ချုပ်ငြိမ်းခြင်းကြောင့်ဖြစ်၏။ ဖဿ၏ချုပ်ငြိမ်းခြင်းသည် အာယတနခြောက်ပါးတို့၏ချုပ်ငြိမ်းခြင်းကြောင့်ဖြစ်၏။ အာယတနခြောက်ပါးတို့၏ ချုပ်ငြိမ်းခြင်းသည် နာမ်ရုပ်တို့၏ ချုပ်ငြိမ်းကြောင့်ဖြစ်၏၊ နာမ်ရုပ်တို့၏ ချုပ်ငြိမ်းခြင်းသည် ဝိညာဏ်၏ချုပ်ငြိမ်းခြင်းကြောင့်ဖြစ်၏။ ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းသည် သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဖြစ်၏။ သင်္ခါရတို့၏ချုပ်ငြိမ်းခြင်းသည် ပညာဉာဏ်ကိုပိတ်ကာတတ်သော အဝိဇ္ဇာ၏(သဲစင်,လဲစင်) အမြဲကြောင်း ချုပ်ငြိမ်းခြင်း ကြောင့် ဖြစ်၏ ဟူ၍ ခယေဝေ, တွင်းကျ ပဋိစ္စသမုပ္ပါဒ် တရားတော် မြတ်ကြီး ကို ပဋိလုံ အားဖြင့်

စဉ်းစား ဆင်ခြင်ဉာဏ် ၌ ကောင်းစွာ ထင်မြင် တော်မူ လေ၏။

ပဋိစ္စသမုပ္ပါဒ် တရားတို့ကို စဉ်းစား ဆင်ခြင်တော်မူပြီးသောအခါ ပညာဉာဏ်မျက်လုံးသည် အဆုံးမရှိကြည်လင်တော်မူ၍ ပညာ တည်းဟူသော အရောင် အလင်းသည် မှောင်ကင်းသော နေ့ ဗိမာန်ကြီး အလား အထူးအားဖြင့် တောက်ပတော်မူ၏၊ ထိုနောက်မှ စတုက္ကနည်းအားဖြင့် ရူပါဝစရဈာန်လေးပါးသို့ ကပ်ခါ ကြည် လင်စွာ နေတော်မူ၏။

ယင်းသို့ ကိုယ်တော်မြတ်၏ စိတ်တော် အစဉ် သည် ထက်ဝန်းကျင်မှ ဖြူစင်၍ အပူအပင်ဟူသော ကိလေသာ အရှိန် ငြိမ်ဝပ်သည်ရှိသော် သတ္တဝါတို့၏ ရာဇ ပဋိသန္ဓေကို သိတတ်သော ဉာဏ်တော် အလို့ငှါ စိတ်ကို ရှေးရှု ညွတ်စေတော်မူ၏။ ဤသို့အဆင့်ဆင့် အားဖြင့် ပွားများ သုံးသပ်တော် မူသော အလောင်းတော် မြတ် သည် ထို သန်းခေါင်ယံ၌ပင် ဒိဗ္ဗစက္ခု ဉာဏ်မြတ်ကြီးကို ရတော်မူလတ်သတည်း။

မိုးသောက်ယံ၌ အလောင်းတော်မြတ်သည် ဥပါဒါန် တရားလေးပါးတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကို စစ်တွက်ရှုစားတော်မူ၏၊ ခန္ဓာ ငါးပါးတို့၏ ဖြစ်ပုံ ပျက်ပုံ အကွက်စုံ အောင် အာ ရုံ ပြု တော်မူပြီးသော အခါ ယခင် ပဋိစ္စသမုပ္ပါဒ် ကို ပင် အနု လုံ ပဋိလုံ, အားဖြင့် ပွါ များ စိဖြန်း၍ တခန်းတနားဆင်ခြင်

တော်မူပြန်၏။ ထို့နောက်မှ စတုတ္ထဈာန်မြတ်သို့ ကပ်၍ လျှောက်ပတ်စွာ နေတော် မူ၏။ ရူပါဝစရဈာန် သမာဓိဖြင့် စိတ်၏ တည်ကြည် ဖြူစင်၍အပူအပင်ရှိဘဲ ပကတိ မြဲလျှက် မလှုပ်, မကြွ ဖြစ်တော် မူသောအခါ ကိလေသာ အာသဝေါတို့ကို၊ ခွါမျှော ကုန်ခန်း စေတတ် သော အလို့ငှါ စိတ်ကို ရှေးရှု ညွှတ်စေတော်မူ၏။

ထိုအခါ ဗောဓိဉာဏ် နှင့် ဆက်ဆံ ပေါင်း သင်း လိုသော အလောင်းတော်မြတ်သည် လောကီစိတ် ၈၁-ပါး လောဘကျဉ်သော စေတသိက် ၅၁-ပါး။ ရုပ်, ၂၈-ပါး။ ဤတရားအပေါင်းသည် ဒုက္ခသစ္စာမည်၏။ လောဘ စေတသိတ်သည် သမုဒယသစ္စာမည်၏။ တဏှာအပေါင်းတို့၏ ကုန်ကြောင်း ကုန်ရာ မှန်သော အသခ်တ ဓါတ် မြတ်နိဗ္ဗာန်သည် နိရောဓ သစ္စာမည်၏။ မဂ်စိတ်လေးပါး၌ ယှဉ်သော သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ,သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာ သမာဓိ ဟူသော မဂ္ဂင်တရား ကိုယ် ရှစ်ပါး သည် နိဗ္ဗာန် သို့ ရောက်ကြောင်း အကျင့်ကောင်း ဖြစ်သော မဂ္ဂသစ္စာ မည် ၏ဟူ၍ ထိုးထွင်းကာ သိတော်မူ၏။

ဤသို့လျှင် သစ္စာလေးပါးကို အကြွင်းမထားဘဲ ပိုင်းခြား၍ သိတော်မူသောခဏ,နေ့အာရုံတက်လှ ဆဲဆဲခဏ, ကလေး၌ပင်လျှင် အာသဝက္ခယ ဉာဏ်တော်ကြီး ကို ရတော်မူလျှက် အားသစ်တော် မူလာသော ဘုရား အဖြစ်သို့ ကောင်းစွာ ရောက်တော်မူလေတော့သတည်း။ ။

ဘုရားအဖြစ်သို့ ရောက်တော်မူရလျှင် ပင်(ရေဝတ်သော ယောက်ျားသည် ကြာမျိုးငါးပါးတို့ဖြင့် စည်ကားကြည်လင် သန့်ရှင်း စင်ကြယ်သော ရေကန်ကြီး ) ကိုတွေ့လိုက်သည့်အလား များစွာသော ဘဝ အဖြာဖြာတို့တွင် ကိလေသာ အပူဟပ်သဖြင့် ဖြေမှတတ်,နေမတတ် ရေဝတ်၍လာတော်မူရာ ယခုအခါမှပင် သန့်စင်မြကြည်လင်လှသော (မဂ်ရေ) (ဖိုလ်ရေ) ကိုအဆာပြေသောက်တော်မူရသည်ဖြစ်၍ လွန်စွာ ဝမ်းမြောက် တော်မူလှသောကြောင့် ရှေးရှေးသော ဘုရားရှင်တို့သည် မစွန့်အပ်သောအောက်ပါ ဥဒါန်းဂါထာကို သာယာ ကြည်နူး ကျူးရင့်တော်မူ၏။

### ကျူးရင့်တော်မူသော ဂါထာတော်ကြီး

(၁) အနေက ဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရ ဂဝေသန္တော၊
ဒုက္ခာဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ။
ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။

ဂဟကာရ၊ အိုမင်းပိုင်နက်, နာမင်းပိုင်နက်,သေမင်း ပိုင်နက်, အပါယ်မင်းပိုင်နက်, သူ့ စားကျက်၌ မြေကွက် ဂရန် အမိန့်ခံ၍ ရုပ်နာမ်,ယှက်လိန် ခန္ဓာအိမ်ကို ကြိမ်ဖန် များစွာ တည်ဆောက်လာတဲ့ တဏှာ ယောက်ျား ဟယ် လက်သမား။ ပုနပ္ပုနံ၊ အမှန်းအဆ, ဂဏန်း,မပြနိုင်သော ဘဝ အတန်တန် အဖန်ဖန် အထပ်ထပ်။ ဇာတိ၊ အို, နာ သေရေး ဒုက္ခဘေး တို့ လုံးထွေး ရော ယှက် ကြီး သွယ် ဆက်၍ ဖြစ်လျက်သန္တေ တည်နေရ ခြင်း သည်။ ယသ္မာ၊ အကြောင်းကြောင့်။ ဒုက္ခာ၊ ပြောပြ၍ မကုန် လောကဓါတ် ထိုထိုဘုံတွင် အဖုံဖုံ အစုံစုံ ညှင်းဆဲလှသဖြင့် ဆင်းရဲ တကာ့ ဆင်းရဲကြီးပါတကား။ တသ္မာ၊ ထိုသို့ ညှင်းဆဲ-အလွန့် အလွန် ဆင်းရဲလှသောကြောင့်။ ဂဟကာရ ၊ ကပ်ကမ္ဘာအနန္တတွင် လပ်ကွာ၍ မကျန်ရအောင် သတ္တဝါ မှန်သမျှတို့၏ ဘဝတပင်တိုင် ခန္ဓာအိမ် လေးပင်တိုင် ခန္ဓာအိမ်, ငါးပင်တိုင် ခန္ဓာအိမ်တွေကို အကြိမ်ကြိမ် အဖန်ဖန်ကံထရိုက်ဆွဲပြီးလျှင် တဆောက်ထဲ ဆောက်လုပ်၍ လာသော တဏှာယောက်ျား လက်သမားကို။ ဂဝေသန္တော၊ ဘယ်လို ဘယ်က ဘယ်သူကစ၍ ဖြစ်ပျက်ရသနည်းဟု နိသျှည်းမခံ သိပ်သည်းစွာကြိတ်ဖန်လျက် ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စုံစမ်းရှာဖွေ၍ လာခဲ့ရသော။ အဟံ၊ ငါဘုရားကိုယ်တော်မြတ်သည်။ အနိဗ္ဗိသံ-တံ-ဉာဏံအပိန္ဒန္တော၊ သင့်ကိုလှမ်း၍ အတင်း ဖမ်းကိုင် မြင်စွမ်းနိုင်တဲ့ ကိုယ်ပိုင်ဉာဏ်မှန်ပြောင်းကို ကောင်းကောင်းပိုင်

ပိုင် လက်ကိုင် မရရှိသေးသည်ဖြစ်၍။ အနေကဇာတိ
သံသာရ၊ ဘုရားမြတ် ဒီပင်္ကရာနှင့် သုမေဓာ ရသေ့
ဘဝမှာ တွေ့ကြစဉ်အခါကစပြီးလျှင် ရက်, လ, နှစ်တွေ
သက္ကရာဇ် တွက်စစ်၍ ရေခဲ့သော် အသင်္ချေ လေးရပ်,
ထိမ်းအမှတ်ဖြင့် တသိန်းကပ် ကာလပတ်လုံး။ သန္တာ
ဝိဿ°- သံသာရီ၊ ခန္ဓာအိမ်ကို ကြိမ်ကြိမ် ဆောက်လျက်
သံသရာ ပြန့်ကာရောက်ပြီးလျှင် တုံ့ခေါက်လှည့်လည်၍
လာခဲ့ရလေပြီးတကား။ ဝါ၊ ရုပ်, နာမ်, နှစ်ရပ်ခေါင်း
ဆောင်လျက် အလောင်းကောင် သေစရာ မပြတ်နိုင်သ
ဖြင့် မြေကမ္ဘာတွင် ခြေရာတွေထပ်အောင် လှည့်ပတ်ခါ
ကျင်လည်ခဲ့ရလေပြီ။ ဂဟကာရက၊ တဏှာယောက်ျား,
ဟယ်-လက်သမား။ တွ°၊ ချွဲချင်တိုင်းချွဲ, ဖွဲ့ချင်တိုင်းဖွဲ့, လှည့်
ချင်တိုင်းလှည့်တတ်တဲ့ တကဲ့ယောက်ျား သင်လက်သွား
ကို။ မယာ၊ အိုမှုတဖြာ, နာမှုတတွေ, သေမှုတဖုံ, ကြောံ
မကင်းဘွယ်ပိုင်းအုံ၍ လက်နက်ရုံပစ်ဖေါက်သည့် ရန်သူ
တို့လက်အောက်၌ ရုံထောက်ခန်းဖွင့်ကာ ပွင့်ထွန်း၍
ပေါ်လာရသော ငါဘုရား ကိုယ်တော်မြတ်သည်။ ဒို့ဗြော၊
ဗောဓိပင်အောက် အမြင် ပေါက်သဖြင့် သင်ဆောက်တဲ့
အိမ်တွေပါ မနိမြဲ ကွန့်မြူးလျက် လက်ပူး လက်ကြပ်
ယခု တွေ့မြင်အပ်သည်၊ အသိ၊ ဖြစ်လေပြီ။ ပုန၊ နောက်
ထပ်တဖန် ပြန်လှန် ကွန့်လျက် လွန့်တက် တော်လှန်ကာ။
ဂေဟံ၊ ရေ,မြေ,လေ,မီး, ခတ်ကြီးလေးခု တိုင်ခြေပြု၍
သွေးစု-သားစု-ရိုးစုတပ်ဆင် ဒိုင်များတင်လျက် ကိုယ်တွင်

ဖြစ်လာ နွတ္တိ သာတ္တ ညီညာခင်နှော ငါ့ခန္ဓာအိမ် အတ္တ
ဘောကို။ နကာဟာသိ၊ သင် ဘယ်လိုစိမံ ဘယ်လိုဖန်
လို့မှ ဉာဏ်နိုးစွမ်းထုတ် ကြံစည်ဆောက်လုပ်နိုင်တော့
မည်မဟုတ်ပေ။ တော၊ ကာမဂုဏ် ငါးပါး လာဘ်လက်
ဆောင်တန်မိုးစားပြီးလျှင် ဆိုးဝါးယုတ်မာတိုးပွါးရှည်ကြာ
အောင် ကြီးထွား၍ လာခဲ့သော တဏှာယောက်ျား သင်
လက်သမား၏။ သဗ္ဗာ၊ တခုမှကြွင်း, ခပင်းဉသုံကြယာ
အစုံအကုန်လုံးဖြစ်သော၊ ဖာသုကာ၊ ညစ်ပူ ရှုတ် နောက်
အဆောက်အဦး အကူတန်းဆာ အတူပါလျက် တွဲဘက်
ပူးဝင် အခြင် ဒိုင်း များ အလား တူသွာ သုံး ထောင် စက်
ကိလေသာတို့ကို။ဘဂ္ဂါ၊ကမ္မကွယ်မိန် ဉာဏ်လက်နက် ဝရ
ဇိန်ဖြင့် ရှယ်ချိန်ပစ်သွင်း၍အမြစ်အရင်း အုတ် ပန္နက်တို့ပါ
နုတ်ဖျက်ချိုးဖဲ့အပ်ကုန်ပြီ။ ဂဟာကူဋံ၊ သင်ဆောက်လုပ်
ပြီး ခန္ဓာကိုယ်တိုက်အိမ်ကြီး၏ထွဋ်ထိပ်ပမာ မိုးကာ လွှမ်း
ချုပ် အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကို လည်း၊ ဝိသင်္
တံ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ခွါဖျက် လွှင့်ပစ် အပ်
လေပြီ။ စိတ္တံ၊ ညစ်နောက် ပူကင်း သန့်ရှင်း ကြည် ငါ
ဘုရား၏ နှလုံးရည်တော်သည်။ ဝိသင်္ခါရဂတံ၊ ဤ ကမ္ဘာ
လောကဓါတ်တွင် အတောမသတ် ရှုတ်ထွေ သည့် အလုပ်
ဓာတ်သိမ်းလျက် အငြိမ်းဓါတ်နိဗ္ဗာန် ဟု၊ အသင်္ခတံ၊ စား
ကျက်တွင်းသို့ သက်ဆင်း ဝင်ရောက်ရလေ ပြီ။တဏှာနံ၊
သံသရာဘုံ တခွင်မှာ ခန္ဓာအိမ်ပေါ့စိစဉ်၍ စည်ပင်သာ
ယာ ရုံးဆောက်လျက် မဆုံးအောင် ချဲ့ထွင်ကြသော ပပဉ္စ

တဏှာတည်းဟူသော လက်သမားတို့၏။ ခယံ၊ ကိလေသာ စာရင်းအင်းနှင့်အသင်းအပင်းတွေပါ အကုန်ဖျက်တတ်တဲ့ ထက်မျက်ပြင်းထန် ခယ,ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်ကို။ အစ္ဈဂါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၍ ထိုင်ရာမထ, ယခုကိုယ်တိုင် လက်ကိုင်ရရှိတော်မူခဲ့လေပြီးတကား။

အလောင်းတော်မြတ်သည် အာသဝက္ခယဉာဏ်ကို ရတော်မူသည်နှင့် တပြိုက်နက် တချက်ထည်း သဗ္ဗညုတဉာဏ်, မဟာကရုဏာ သမာပတ္တိဉာဏ်စသော ဉာဏ်တော်အပေါင်းတို့ကိုလည်း ကောင်းစွာရရှိတော်မူလေ၏။

ဤကဲ့သို့ ကိလေသာ အပူအခိုးတို့ဖြင့် မီးခိုးမှုံဆုံး မိုးမဆုံးအောင် တရှိန်းရှိန်း တောက်လောင်၍ နေသော ဤလောက အရှပ်တော၌ - နက္ခေဝဟူသောတရားကို ပယ်ဖျောက်၍ ဘုရားအဖြစ်သို့ရောက်တော်မူသော နေ့, လ, ရက်,နှစ်, သက္ကရာဇ်တော်ကား (၁၀၃) ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဥ့်,မိုးလင်းသောက်ယံ အာရုံမတက်မီ ဝိသာခါ နက္ခတ်နှင့် စန်းမြတ်သော်တာ ယှဉ်စံသောအခါ ဖြစ်လေသတည်း။ ။

**“ကဆုန်လပြည့်–ဘုရားနေ့”**

ဗောဓိ ညောင်နန်း၊ အောင်ပန်း ညောင်ရေ
သဗ္ဗာဖွင့်ပွဲ၊ ဆင့်ကဲ သရေ။
ဂုဏ် ကိုးပါးနှင့်၊ ဘုရား ဖြစ်ချေ။
ကဆုန်လ–ပုဏ္ဏဒိဝသေ။

ဘုရားအလောင်း တော် ကြီး သည် ကမ္ဘာသင်္ချေ များစွာ ရုပ်, နာမ်,ခန္ဓာကို (ပဟိတဇ္ဈတ္တံ) မိမိအသက် ခန္ဓာကိုမငဲ့ ညှာတဲ ရဲရင့်စွာ စွန့်လွှတ်တော်မူပြီး ကမ္ဘာ တုံအောင် ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကြီးကို အနုလုံ, ပဋိလုံ အားဖြင့် ဇာတိ ဒုက္ခဘေးကြီးကို ကောင်းစွာ ထင်မြင်အောင် ကြိမ်ဖန်များစွာ အားထုတ်တော်မူမှ ဇာတိဒုက္ခဘေးကြီးကို သမ္မာဒိဋ္ဌိ-ဝိဇ္ဇာဉာဏ် အလင်း ပေါက်၍ သစ္စာလေးပါး ဉာဏ်ကို ရတော်မူ ပြီးလျှင်-ဘုရားအဖြစ်သို့ ရောက်တော်မူသော (အဇ္ဈတ္တံ ဗုဒ္ဓ) ပြဆို သောအခန်းကြီးသည် ဤတွင်ပြီး၏။

(ထိုစာအုပ်ကို ကြည့်ရှုကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့ ဇာတိပဋိသန္ဓေဘေးကြီးကစ၍ ကဆုန်လပြည့် ဘုရားဖြစ် သည့်နေ့တိုင်အောင် အကြိမ်ကြိမ် အထပ်ထပ် ဒုက္ခသစ္စာ ထင်အောင် ရှုကြည့်ပွါးများကြရန် အထူးမေတ္တာစေတနာ ထက်သန်စွာဖြင့် တိုက်တွန်းလိုက်ပေသည်။ ယခုဘာဝ မဂ် ဖိုလ်, မရသေးသော်လည်း ဒုတိယ ဘဝ နတ်ပြည်၌ သုမေ္မာ ဇရပ်ကြီးတွင် တရားဟောရာ တရားနာ၍ မဂ်,ဖိုလ်, ရကြ ပေလိမ့်မည်။ထို့ကြောင့်-အထူးတိုက်တွန်း နှိုးဆော်လိုက် ပေသည်-သူတော်ကောင်းအပေါင်းတို့။)

ယခုအခါ စာမသင်ဘူးကြကုန်သေးသော ရဟန်း, ရှင်,လူ,ရသေ့ လူသူတော်,သီလရှင်အပေါင်းတို့ကောင်း ကောင်းကြီး စဉ်းစားကြစေလိုသည်မှာ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်ကိုယ်တော် မြတ်ကြီးများသည် ပြဆိုခဲ့ပြီးသော ဇာတိပဋိသန္ဓေ ဘေး

နက္ခတ်ကြီးများကို အကြိမ်ကြိမ် အထပ်ထပ် ဉာဏ်ပညာစက္ခုနှင့်ရှုကြည့်ပွါးများမှဘုရားအဖြစ်သို့ရောက်တော်မူလေသည်။ ဂင်္ဂါမြစ်အတွင်း၌ရှိသော သဲလုံးကလေးတွေကို ရေတွက်ခြင်းငှါ စွမ်းနိုင်သေး၏။ ပွင့်တော်မူပြီးသောဘုရားရှင် ကိုယ်တော်မြတ်ကြီးများကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ဟု ဟောတော်မူသည်။ဘုရားတဆူ တဆူလျှင်ကျွတ်တန်းဝင်၍ နိဗ္ဗာန်စံသူ ယောဂီဖြူတွေ ဘယ်လောက်များသည်ကို စဉ်းစားကြရန် (မင်္ဂလာဘုရား) ပွင့်တော်မူသောအခါ ငါတို့ ဂေါတမဘုရားအလောင်းတော်ကြီးသည် ပစ္စည်း ဥစ္စာ, လွန်စွာ ပေါများသော (သုစိပုဏ္ဏား) သူဋ္ဌေးကြီး ဖြစ်နေစဉ်အခါ....

တနေ့သ၌ မင်္ဂလာဘုရားကိုယ်တော်မြတ်ကြီး တရားဟောတော်မူရာ တရားတော်မြတ်ကို သွား၍ နာလေသည်။ ထိုအခါ မြတ်စွာဘုရား တရားတော်မြတ်ကို လွန်စွာကြည်ညိုသော သဒ္ဓါပီတိတွေ တဖွားဖွားဖြစ်ပေါ်လာ၍ အရှင်ဘုရား နက်ဖြန်နံနက် တပည့်တော်အိမ်သို့ အရှင်ဘုရားနှင့်တကွ နောက်ပါ တပည့်သံဃာတော်များ ပါ ဆွမ်း ဘုဉ်း ပေး ကြွ တော် မူ ပါ ဘု ရား ဟု ပင့်လျှောက်လေသည်။

ထိုအခါ မြတ်စွာဘုရားက အသင်ဒါယကာပုဏ္ဏား, သင်ကား ဘယ်မျှလောက်သော ရဟန်းသံဃာကို လိုသနည်း ဟုမိန့်တော်မူလေသည်။ အရှင်ဘုရား၏ တပည့်သား ရဟန်းတော် ဘယ်လောက် များပါသနည်းဟု

ချော်လျောက်ထားလေသည်။ ထိုအခါ ငါ့ဘုရား၏ တပည့်သားများသည် လက်ဦး အစ ပဉ္စမ, တရားဟောတော်မူသော အစည်းအဝေး၌ ကုဋေ တသိန်း ရှိပေသည်ဟု မင်္ဂလ, မြတ်စွာဘုရားက မိန့်ကြားတော် မူလေသည်။ ထိုမျှလောက် များပြားသော သံဃာ ကုဋေတသိန်းကို ချနစ်ရက်ပတ်လုံး ဆွမ်းကပ်၍ ပရိက္ခရာရှစ်ပါး ကုဋေ တသိန်းလှူလေသည်။

ထိုမင်္ဂလဘုရားလက်ထက် အနှစ် တသိန်း တန်းဖြစ်သောကြောင့် မင်္ဂလာဘုရားတဆူ လက်ထက်တော်မှာပင် တရား တခါဟောလျှင် ကုဋေတသိန်း ကျွတ်သည်ဟု ဟောတော်မူသည်ကို ထောက်သော် အနှစ်တသိန်းအတွင်းမှာ ကျွတ်တန်းဝင်သူတွေဘယ်လောက်များမည်ကို နှိုင်းချိန်ကြည့်ကြစေလိုသည်။ ပရိနိဗ္ဗာန် စံယူ ပြီးသောဘုရားရှင် ကိုယ်တော်မြတ်ချားကိုမှ မရှေတွက်နိုင်လျှင် ကျွတ်တန်းဝင်သော အရိယာသာဝက ပုဂ္ဂိုလ်များကိုမည်သည့်ပုဂ္ဂိုလ် တဦးတယောက်မျှ ရေတွက်နိုင်ဘွယ်မရှိတော့ပြီ။ ထိုမျှလောက်များပြား၏။

သို့အတွက် ယခုပစ္စုပ္ပန်၌ ရှိနေကြကုန်သော ရဟန်းရှင်လူ,ရသေ့,လူသူတော်,သီလရှင် အပေါင်းတို့ များများကြီးစဉ်းစားကြပါ။ စဉ်းစားကြပါ။

ထိုမျှလောက် ကျွတ်တန်းဝင်ပုဂ္ဂိုလ်တွေ မရေမတွက်နိုင်အောင်များပါလျက် ငါတို့သည်ဘယ်အတွက်ကြောင့်မကျွတ်ကြသနည်းဟု အကြိမ်ကြိမ်အထပ်ထပ် စဉ်းစား

ကြသည်ရှိသော် ဘဝတိုင်း,ဘဝတိုင်း, အဒမိဝမ်း၌ကိန်း အောင်းနေခဲ့ရသော ဓာတ်, နက္ခဘောကြီးကို ထင်မြင်အောင် ကိုယ်ပိုင်ဉာဏ်နှင့် မရှုကြည့် ကြသောကြောင့် ယခုနေ့ထိ ပဋိသန္ဓေနေလိုသော (တဏှာသမုဒယ ဉပါဒါဏ်) တရားတွေက မိမိတို့ ကိုယ်တွင်းသဏ္ဌာန်၌ နေ့ရောညဥ့်ပါဒိရေတွေတိုးတက်နေသကဲ့သို့ မျက်လုံးထဲမှာ တဏှာသမုဒယ, ဉပါဒါန်တွေအပြည့်။ နားထဲမှာ တဏှာသမုဒယဉပါဒါန်တွေ အပြည့်။ နှာခေါင်းထဲမှာ-တဏှာသမုဒယ ဉပါဒါန်တွေ အပြည့်။ ပါးစပ်ထဲမှာ တဏှာ သမုဒယ ဉပါဒါန်တွေ အပြည့်။ ကိုယ် တကိုယ်လုံးမှာ တဏှာ သမုဒယ ဉပါဒါန်တွေ အပြည့်။ မနောဒွါရမှာ တဏှာ သမုဒယ ဉပါဒါန်တွေအပြည့် တည်ရှိနေကြသည့်အတွက် တကိုယ်လုံး သုခ, တုံး သု ခ ခဲ ပတ္တမြား တုံး ပတ္တမြားခဲကြီး တွေ ထင်မှတ် စွဲလမ်းနေကြသည့်အတွက် ယခုအထိ မကျွတ်သည်ဟုမှတ်ကြပါ သူတော်ကောင်း အပေါင်းတို့။ ။

(ဓာတ်ပဋိသန္ဓေခဏ်းကြီး၌ မိမိတို့၏ အသီးအသီး ငှါးရမ်းထားသော (ကံ) လက်သမားက ထုလုပ်၍အသွင်သဏ္ဌာန် အမျိုးမျိုး ဖန်ဆင်း ပေးပုံများ ကို ကောင်းစွာမှတ်ကြပါ)။

အဒမိဝမ်းတိုက် ၌ ၇-လ။ ၈-လ။ ၉-လ။ ၁၀-လအတွင်း။ ကံ,လက်သမား ထုလောက်အောင် ကြက်ဉသဏ္ဌာန်

သားတစ် ရင့်မာလာသောအခါ မိမိတို့ အသီးသီး,ဌါးခဲ့သော လက်သမားကို ကောင်းမွန် တင့်တယ် ဟပချောမောပြေပြစ် သိမ်မွေ့ ယဉ်ကျေးစွာ ထုပေးပါလို့ ခိုင်းသောအခါ ကံ လက်သမားက ပြန်၍ ပြောသည်မှာ ဘုရားဟော ပါဠိ လာရှိပေသည် (စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ) ဟု ဟောတော်မူသည့် အတိုင်း ကျွန် တော်သည် ဘုရားဟောထက် မိုလွန်၍ ထုမပေးနိုင်။ ခင်ဗျားစေတနာ ကောင်းကောင်းနှင့် ဒါန, သီလ, ဘာဝနာများကို ပြုလုပ်ခဲ့ပါလျှင်၊ ခင်ဗျားစေတနာ ကောင်းသည့်အတိုင်း ခိုင်းသလို ထုပေးနိုင်ပါသည်။

စေတနာသည်ပင် လျှင် -ကံ,။ ကံ,သည်ပင်လျှင် စေတနာဟု ဟောတော် မူသည့် အတိုင်း စေတနာ သည် အကောင်းဆုံး အထက်မြက်ဆုံး စေတနာ, အလတ် စား စေတနာ, အညံ့စား စေတနာ။

ကံမှာလည်း အကောင်း ဆုံး အထက်မြက်ဆုံး ကံ, အလတ်စားကံ, အညံ့စားကံ, သုံးမျိုးပင်ရှိသည်။

သို့ဖြစ်၍ မိမိတို့စေတနာအတိုင်း လက္ခဏာ ကြွေး ပေး၍ ဌါးပြီးသော ကံလက်သမား ကို အထူး ပြောဆိုနေဘွယ်မရှိတော့ပြီ။ အသီး အသီး မိမိတို့ လက်သမား ထုပေးသလို ယူကြရပေလိမ့်မည်။

အကောင်းဆုံး ကံလက်သမားကို ဌါး၍ ထုသောသူတို့မှာ ကြက်ဥ သဏ္ဌာန် ရှိသော သား တစ် ကို ခေါင်း သဏ္ဌာန်, နဖူး သဏ္ဌာန်, မျက် လုံး မျက် ခုံး သဏ္ဌာန်

နားသဏ္ဍာန်, နှာခေါင်းသဏ္ဍာန်, လျှာသဏ္ဍာန်, လယ်ပင်း သဏ္ဍာန်, လက်သဏ္ဍာန်, ကိုယ်သဏ္ဍာန်, ပေါင် သဏ္ဍာန် ခြေသလုံးသဏ္ဍာန်, ခြေထောက်- ခြေဖမိုး- ခြေဖဝါး သဏ္ဍာန် အစရှိသော သဏ္ဍာန်အမျိုးမျိုးတွေကို အလိုရှိသ လိုအကောင်းမြတ်ဆုံး၊အလှပဆုံး၊အတင့်တယ်ဆုံး၊အချော မောဆုံး၊အပြေပြစ်ဆုံး၊အသိမ်မွေ့ဆုံးကို ထုလုပ်ပေးသည့် အတိုင်း အမိဝမ်းတိုက်မှ ကျွတ်လွတ်လာသည်နှင့်တပြိုင် နက်ထည်း ရွှေလမင်းကြီးသည် ကြည်လင် သန့်ရှင်းစင် ကြယ်စွာထွက်ပေါ်လာသကဲ့သို့ ထိုသားငယ်ကလေးတို့ သည် မြင်ခြင်သမျှလူအပေါင်း တို့က ကြည့်လို့ မငြီးရှုလို့ မငြီး လွန်စွာ မေတ္တာသက်ဝင် ချစ်ခင်ကြပေသည်။

## သရုပ်ခွဲပုံ-ကြိုဆွဲကို အထူး သတိမှတ်ကြ။

ယောကျ်ားဟူသော အမည် ပညတ် တင်စား၍ ခေါ် ခြင်းသည် ရှေးဦးစွာ လက်သယ်က ပုဿ ၁၀ရုပ်, အသွင် သဏ္ဍာန်ကို မြင်၍ ပစပ်ဖျားတွင် တင်စား ခေါ် သော ပညတ်မျှသာ ဖြစ်ပေသည်။ ထိုနေ့ အချိန်ကစ၍ အသက် ထက်ဆုံး ယောကျ်ားဟူသော ပညတ်သည် ထင်ရှား မရှိ တဲ့နှင့် ထင်ရှားရှိသည်ဟု ထင်မှတ်၍ အတ္တဒိဋ္ဌိ ဖြင့် နိုင် မြဲစွာ ယူကြ၏။

မိန်းမ ဟူသော အမည်-ပညာတ် တင်စား ခေါ် ခြင်း သည် ရှေးဦးစွာ လက်သည်က ဣတ္ထိ ဘာဝ ရုပ်, အသွင် သဏ္ဍာန် ကို မြင် ၍ ပစပ် ဖျားတွင် တင်စား ခေါ် သော

ပညတ်မျှသာဖြစ်သည်။ ထိုအချိန်ကာလ၌ အသက်ထက်ဆုံး မိန်းမဟူသော ပညတ်သည် ထင်ရှားမရှိဘဲ နှင့် ထင်ရှားရှိသကဲ့သို့ ထင်မှတ်၍ အတ္တဒိဋ္ဌိဖြင့် ခိုင်မြဲစွာယူ၍ခေါ်ကြ၏

မိမိ ခန္ဓာ ကိုယ် ကို-အကောင်းမြတ်ဆုံး လက်သမားကို ငှါး၍ ထုပြီးလျှင် ၃၂-ပါးသော ကောဋ္ဌာသအစုတို့၌ ဆိုင်ရာ ဆိုင်ရာ သူ့ကြိုးနှင့်သူ တတ် ပြီးလျှင် အလှ အပ အတင့်တယ်ဆုံး အမွှန်းတင် အရောင်တင်များ ကို ချယ်လှယ်ဆင်မြန်းပြီးလျှင် ကြိုးဆွဲသမားက ခေါင်းကြိုး, လက်ကြိုး,ပေါင်ကြိုး,ခြေကြိုး,အစရှိသော(၃၂)ကြိုးကို ဆိုင်ရာဆိုင်ရာသူ့ကြိုးနှင့်သူ ဆွဲ၍ သူ့အတီးနှင့် သူ့အဆိုနှင့် အချက်ကျကျ စီးဝါးကိုက်ဆို၍ တီးမှုတ်ပြီးထွက်လာသော ဇာတ်သဘင်ရုပ်သေး မင်းသမီး မင်းသားများ ကဲ့သို့ ထို့အတူ မခြား ကံ လက်သမား က ဖန် ဆင်း ထုလုပ် ပေးလိုက်သော ယောက်ျားမိန်းမကလေးတို့မှာ မိမိတို့ အဆိုနှင့် အတီး, အချက်ကျကျ တီးမှုတ်၍ ထွက်လာ ပြီးလျှင် ဘုံ ၃၁-၌ မြင်မြင်သမျှ ပုဂ္ဂိုလ်အပေါင်း တို့၏ စိတ်မှာ တဏှာ ဥပါဒါန်အား ဖြင့် မလွှတ် နိုင်-မခွါနိုင် အောင် အ တ င်း အကြပ် တွယ် တာ ၍ သိမ်း ပိုက် ကြ လေ တော့သည်။

ဥပါဒါန်က-အတင်း အကြပ် သိမ်းပိုက် ထားသော ယောက်ျားကလေး, မိန်းကလေးတို့၏ အသွင် သဏ္ဌာန် ကို သမုဒယဆိုသူက အလွန်တရာ သာယာ၍ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်း ဖြစ်လေသည်။ ထိုသမုဒယ

ချစ်ခင်စုံမက် နှစ်သက် ဖြတ်နိုးနေသော သူငယ်ကလေး များကို ဖသာ ဝေဒနာ တဏှာဆိုသော တရား အပေါင်း တို့က နှစ်နှစ် ချိုက်ချိုက်ကြီး ခံစားကြလေကုန်၏။

အခ ကောင်း မြွှာ ဆုံး (ကံ) လက်သမား က ထု ပေး လိုက် သည့် အ တိုင်း အလှ ပ ဆုံး, အ တင့် တယ် ဆုံး ယောကျ်ား မိန်းကလေးတို့၏ အသွင် သဏ္ဌာန် ကို မြင်၍ အတ္တ ဒိဋ္ဌိ တို့ ဖြင့် စွဲလမ်း သိမ်းပိုက် ၍ ခံစား ကြသော ကြောင့် ငရဲကြီးသို့ ကျလေ၏။

ငရဲကြီး ကျပုံ ပြဆိုသော အခန်းပြီး၏။

အလတ် စား (ကံ) လက် သမား က ထု ပေး လိုက် သည့်မှာ လွန်စွာလဲ မလှလွန်း, လွန်စွာလဲ အရုပ် မဆိုးလွန်း မရှိမ ပရှိ ပဒါ အလယ် အလတ် လှပတင့်တယ် သော အသွင်သဏ္ဌာန်ကို ထုလုပ် ဖန်ဆင်းပေးလိုက်သည်။

သို့အတွက် မြင်သမျှ လူအပေါင်းတို့၏ စိတ်မှာ သင့် တင့် လျောက်ပတ်ရုံမျှသာ စွဲလမ်းနှစ်သက် ခံ စား ကြ သောကြောင့် သင့်တင့်လျောက်ပတ်ရုံသာ ငရဲကြီးကျလေ သည်။

(အလတ်စားကံ,လက်သမားက ထုပေးလိုက်သည့်အတိုင်း အလယ်အလတ်, လှပ တင့်တယ်သော ယောကျ်ား, မိန်းမ ကလေးများကိုမြင်၍ အတ္တဒိဋ္ဌိဖြင့် အလတ်စားမျှ စွဲလမ်း နှစ် သက်၍ခံစားပုံ,ငရဲကြီးပုံ များကို ပြဆိုတော်းပြီး၏။)

အညှော့စား (ကံ) လက်သမားက ထုတ်လုပ်ပေးလိုက်သည်မှာ လွန်စွာအရုပ်ဆိုး, အကြီးတန့်,အသားမဲ နဖူးကမောက် နှာရောင်ကကောက်, မျက်တောင်ကနီ, တင်ပါးကကောက်,ဖနောင့်ကတို့,ဆိုစရာမရှိအောင် အရုပ်ဆိုးလှသောမိန်းမကလေး’ ယောကျ်ားကလေးများ၏ အသွင်သဏ္ဌာန်ကို အရုပ် အဆိုးဆုံး ကံ,လက်သမားက ထုလုပ်ဖန်ဆင်းပေးလိုက်သည်။

သို့အတွက် မြင်မြင်သမျှ လူအပေါင်းတို့၏စိတ်မှာသိမ်းပိုက်ခြင်းမရှိ။ သာယာမြတ်နိုးခြင်းမရှိ။ နှစ်သက်စွာခံစားခြင်းမရှိ၊ နှလုံးမသာယာသော စိတ်ဖြစ်ကြ၍ မမြင်ချင်, မကြားချင်,မတွေ့ချင်ကြပြီ။ ရန်းစိတ်ရှိကြ၍ငရဲကြီးကျပြန်၏။

(အညှော့စား ကံ,လက်သမားက ထုလုပ် ဖန်ဆင်းပေးလိုက်သော လွန်စွာအရုပ် ဆိုးသော မိန်းမကလေး ယောကျ်ားကလေးများ၏ အသွင်သဏ္ဌာန်ကိုမြင်၍ငရဲကြီးကြိပုံကို ပြဆိုခဏ်းပြီး၏ )

ထို့ထက် အရုပ်ဆိုးအောင် ဖန်ဆင်းထုလုပ်ပေးနိုင်သေးသည်။ မျက်လုံးမပါ၊ နားမပါ၊ နှာခေါင်းမပါ လက်မပါ၊ ခြေထောက်မပါ အလုံးစုံအင်္ဂါချို့တဲ့၍ ပြွတ်ကြီးများကဲ့သို့ ခံနေရရှာသော ဒုက္ခိတ,ပုဂ္ဂိုလ်တွေ မျက်မြင်ဒိဋ္ဌလွန်စွာ များလှပေသည်။ ဇာတ္တိလိင်, ပုလ္လိင်,နပုံပဏ္ဍုပ်,အစရှိသော ဒုက္ခိတ ပုဂ္ဂိုလ် ဟူသမျှတို့သည် မိမိတို့ပြုလုပ်ခဲ့ကြသော ကံအတိုင်းစီမံထားသည်ကို ဉာဏ်ပညာမျက်စေ့

နှင့်မြင်အောင်ကြည့်၍ ဒုက္ခသစ္စာကို ထင်မြင်အောင် နှလုံး သွင်းကြကုန်။

သုခိတပုဂ္ဂိုလ် အပေါင်းတို့မှာလည်း မိမိတို့ ပြုလုပ်ခဲ့ကြသော ကံ အတိုင်းစီမံထားသည်ကို ဉာဏ်ပညာမျက်စေ့နှင့်မြင်အောင်ကြည့်၍ သာယာချစ်ခင်ခြင်း ကိုမပြုမူ၍ (ဒုက္ခသစ္စာ)ကို ထင်မြင်အောင်နှလုံးသွင်းကုန်။

ဘုရား အလောင်းတော် ကြီးများသည် ထိုဇာတိဒုက္ခ ဘေးကြီးကို အမြဲ နှလုံးသွင်းတော်မူမှ ဘုရားအဖြစ်သို့ ရောက်တော်မူကြလေသည်။

ထို့ကြောင့် ဘုရားသားတော် သမီးတော်အပေါင်းတို့ မှာ ထိုဇာတိဒုက္ခ ဘေးကြီးကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ်ဖြင့် အလင်း ပေါက်အောင် ရှုကြည့်ဘို့ သင့်လှပေသည်။

(ဇာတိပဋိသန္ဓေတည်နေပုံနှင့်တကွ အမိဝမ်းတိုက်၌ ကံ,လက်သမားက အသွင်သဏ္ဌာန်အမျိုးမျိုးကိုဖန်ဆင်း ထုလုပ်ပြီး၍ အမိဝမ်းတိုက်မှ ကျွတ်လွတ်ပုံများကို ပြဆို ခဲ့ပြီးသည် ဤတွင်ပြီး၏)

အမိဝမ်းတိုက်မှ ကျွတ်လွတ်ပြီးနောက် ပဌမအရွယ် အသက်(၂၀)အတွင်း၌ ထိုသားယောကျ်ား, သမီးမိန်းမက လေးများ၏ အဇ္ဈတ္တအတွင်းသဏ္ဌာန်၌(ဝိပ္ပလ္လာသတရား, သုံးပါးမျက်လှည့်သမားကြီးသုံးယောက်က နူနယ် ပျိုရွယ်သော ယောကျ်ားကလေး မိန်းမ ကလေးများ၏ စိတ်ကို လှည့်ပတ် ဖြားယောင်း၍ မျက်စိလည် အောင် ကောင်း ကောင်းကြီး မျက်လှည့်ပြတော့မည်။ ။

## ဝိပ္ပလ္လာသတရားသုံးပါးက မျက်လှည့်ပြပုံ

အဝိဇ္ဇာဆိုသော သူမိုက်ကြီးက ဟုတ်တိုင်း မှန်ရာကို ဘာမျှ မသိ မမြင်ရအောင် မှောင်ကြီးအတိ ချပေးတော့ မည်။

လက္ခဏာ ယန္တရားသနိုင်ခေါ်ယာမ်အချိန် ဘာမျှမမြင်ရ အောင် မှောင်ကြီးအတိကျလာ၍အခေ ၇ှ အနောက်တောင် မြောက် လေပါး မသိအောင် မျက်စိလည်၍ နေသော ယောက်ျားကဲ့သို့ ထို့အတူ နုနယ်ပျိုရွယ်သောယောက်ျား ကလေးများ မိန်းမကလေးများ၏စိတ်ကိုကောင်းကောင်း ကြီး ဖြားယောင်း၍ ချက်စိလည်အောင် မျက်လှည့်ပြလေ သည်။

(၁) သညာဝိပ္ပလ္လာသ-က ပြောပြသည်မှာ အသင် ယောက်ျားကလေး အသင့်ကို ဖွားမြင်စ လက်သယ်က အသင်ဟာ ယောက်ျားကလေးဘဲလို့ ပညတ်တင်စားပေး လိုက်သည့်အတိုင်း အစိစိ ငရဲကြီးသို့ ကျသည်တိုင် အောင်မလွှတ်ဘဲ, ခိုင်ခိုင် မြဲမြဲကြီး မှတ်ရမည်ဟု ပြော ထားလေသည်။

(၂) စိတ္တဝိပ္ပလ္လာသ-က ပြောပြသည်မှာ အသင် ယောက်ျားကလေး အသင့်ခန္ဓာ ငါးပါး အသွင်သဏ္ဌာန် ဟူသမျှကို ငါယောက်ျားဘဲဟု ခိုင်ခိုင်မြဲမြဲကြီးသိနေရ မည်ဟု ပြောထားလေသည်။

(၃) ဒိဋ္ဌိ ဝိပ္ပလ္လာသ-က ပြောပြသည်မှာ အသင် ယောက်ျားကလေး, အသင့်ခန္ဓာငါးပါး အသွင်သဏ္ဌာန်

များကို ငါးယောက်ျားဘဲဟု (အတ္တဒိဋ္ဌိ) ဖြင့် အစိုးစိုင်ရဲကြီးကျအောင် ခိုင်ခိုင်မြဲမြဲကြီး ယူရမည်ဟု ပြောထားလေသည်။

နူးနယ်ပျိုရွယ်သောမိန်းမကလေးများမှာလည်း ထို့အတူ ယောက်ျားကလေးကဲ့သို့ လှည့်ပတ်ဖြားယောင်း၍ မျက်စိလည်အောင် ပြထားသောကြောင့် မိန်းကလေး၏ ခန္ဓာငါးပါး အသွင်သဏ္ဌာန်များကို ငါမိန်းမဘဲဟု (အတ္တဒိဋ္ဌိ)ဖြင့် အစိုးစိုင်ရဲကြီးသို့ ကျအောင်ခိုင်မြဲစွာ ယူရမည်ဟုပြောထားလေသည်။

ထိုယောက်ျားနှင့် မိန်းမကလေးများမှာ (ဝိပ္ပလ္လာသတရားသုံးပါး) မျက်လှည့်သမား သုံးယောက်က လှည့်ပတ် ဖြားယောင်း၍ ပြောထားသည့်အတိုင်း ခိုင်ခိုင်မြဲမြဲကြီး ယုံကြည်လျက်ရှိကြ၏။

ထိုကဲ့သို့ ယုံကြည်လျက်ရှိသော ယောက်ျား မိန်းမ, ကလေးတို့၏ စိတ်သည် စုန်းနတ်, ပယောဂ ပူးဝင်၍ နေသော သူရူးတွေနှင့် တူ၏။ နူနယ်, ပျိုရွယ်သောသူရူး ယောက်ျား မိန်းမကလေးများ၏ စိတ်ကို ဟုတ်တိုင်းမှန်ရာ ဘာမျှ မသိမမြင်ရအောင် အဝိဇ္ဇာ တည်းဟူသော အမိုက်တရားကြီးက မှောင်ကြီးအတိချပေးလိုက်သည်နှင့် တပြိုင်တည်း ယောက်ျားကလေး၏ သဏ္ဌာန်ကိုဥပါဒါန်ဆိုသော တရား က မလွတ် နိုင် အောင် အတင်း အဓမ္မ ဘမ်း၍ပေးလေ၏။

ဥပါဒါန်က ဘမ်း၍ပွေ့ပိုက်ထားသော ယောက်ျားကလေး၏ အသွင်သဏ္ဌာန်ကို သမုဒယဆိုသော တရားက ဖြားယောင်း, သွေးဆောင်၍ ချစ်ခင်မြတ်နိုး စုံမက်နှစ်သက်လေ၏။

## "သူရဲသဘက်နှင့်တူသော တရားများ"

ထိုသမုဒယ, နှစ်သက်နေသော ယောက်ျားကလေးကို ဝေဒနာနှင့် တဏှာ,တရားကြီးတို့သည် သူရဲသဘက်ကောင်ကြီး, ဘီလူးကောင်ကြီးတွေကဲ့သို့ အတင်းအဓမ္မ ယောက်ျားကလေး၏ ခန္ဓာ၌ရှိသော ဓာတ်ဆီသြဇာဟူသမျှကို အကုန်လုံး စုတ်ယူ စားသောက်ခံစားကြလေကုန်၏။

အသက်သေသည့်တိုင်အောင် သူရဲကောင်ကြီး သဘက်ကောင်ကြီး,ဘီလူးကောင်ကြီးတို့၏ စားသောက်မျိုဝါးစုတ်ယူခြင်း အနှိပ်စက်ကိုခံ၍ ဘဝတိုင်း,ဘဝတိုင်း သေကြရလေတော့၏။

ထိုယောက်ျားကလေးနှင့် တူစွာမခြား မိန်းမကလေးတို့၏ အသွင်သဏ္ဌာန်ဟူသမျှကို အဝိဇ္ဇာ ဆိုသော လူမိုက် တရားကြီးက ဘာမှန်းမျှမသိအောင် မှောင်ကြီးအတိ ချပေးလိုက်သည်နှင့် တပြိုင်နက်တည်း ဝေဒနာနှင့် တဏှာ ဥပါဒါန်တို့က သူရဲ,သဘက်, ဘီလူးကြီးတွေကဲ့သို့ အတင်းအဓမ္မ မိမ္မကလေး၏ ခန္ဓာ၌ရှိသော ဓာတ်ဆီ သြဇာဟူသမျှကို အကုန်လုံး စုတ်ယူစားသောက် ခံစား

ကြလေကုန်၏။ ဘဝတိုင်း ဘဝတိုင်း သူတို့ဝတ်ယူစား သောက်သော ဒုက္ခ ဒဏ်ချက်နှင့် သေရကြလေတော့၏၊

ထိုအချက်များကို ယခုဘဝ၌ ခန္ဓာ ငါးပါးထင်ရှား ရှိကြကုန်သော ယောကျ်ားကလေး, မိန်းမကလေးများ မှာ များစွာစဉ်းစားရန် အချက်ကြီးဖြစ်ပေသည်။

ယခုဘဝ၌ လက်ရှိ ရအားသော ခန္ဓာငါးပါးသည် အတုမရှိ ဘုရားသာသနာတော်ကြီးနှင့် တွေ့ကြုံပါလျက် နှင့် ထူးမြတ်သောအသိဉာဏ်, အလိမ္မာ ဉာဏ်တွေကို သိသောဘဝ ဖြစ်ပါလျက်နှင့် ထိုကဲ့သို့ သူရဲ သဘက် ကောင်ကြီး, ဘီလူးကောင်ကြီးတို့၏, အနှိပ်စက်ကိုခံ၍ ဝတ်ယူ စားသောက်ခြင်းကို ခံပြီးလျှင် သေရခြင်းသည် လွန်စွာနစ်နာ ဆုံးရှုံးလှပေစွတကားဟု ဉာဏ်ပညာမျက် စေ့နှင့် စဉ်းစား ဆင်ခြင်၍ ထိုဘေးရန်ကြီးတွေမှ လွတ် ကင်းအောင် ကြပ်ကြပ်ကြီးရှောင်ကွင်းကြရမည်။

ပဌမအရွယ် သူငယ်တို့မှာ မျက်စိလည်သော ဒဏ် ချက် ကြီးလှသောကြောင့် ပဌမအရွယ်ဘဝ၌ ပြလိုက်ပေ သည်။

ဒုတိယ, တတိယအရွယ် ယောကျ်ား, မိန်းမတို့မှာလဲ ထိုကဲ့သို့ မျက်စိလယ်၍ သူရဲ,သဘက်, ဘီလူးကောင် တို့၏ အနှိပ်အစက်ကို သေသည့်တိုင်အောင် ခံစား၍သေ ကြရလေတော့၏။ လွန်စွာသနားဘို့ကောင်းလှပေသည်။

## ကာမတဏှာလက်ရှိနှင့်သေသူတို့၏, ကြောက်မက်ဖွယ်ရာ အကြောင်း။

အရွယ်သုံးပါးလုံး၌ သူဌေးကြီး သူဌေးကတော်မကြီး, သူကြွယ်ကြီး, သူကြွယ်ကတော်မကြီးတွေ အဖြစ်နှင့် ကာမ တဏှာကို (အတ္တဒိဋ္ဌိ)ခေါင်းမြီးချုံလျက် တန်းလန်း နှင့် နေ့ရောညဉ့်ပါ ကိုယ်လုံး ကျွတ် ဘွက် ကြမ်း အောင် ခံစားနေကြသောလဲ နှလုံးအိမ်တွင်းမှာ ပူရှိန်ပြင်းလှသော အဝိဇ္ဇာ ငရဲ့ မီး တောက်ကြီး တန်းလန်း ရှိသေးသည့် အခ တွက် စိတ်မချရသေး။

ကာမ တဏှာ-ဘွက်ကြမ်း အောင် ခံစား လျက် နှင့် သေလျှင် အဝိဇ္ဇာ ငရဲသို့ ကျလတံ့။ မချမှတ်ကြပါ။

မဟာသုဒဿန,စကြာမင်းကြီးသည် လေးကျွန်း လုံး ကို အစိုး ရ၍ စကြာ ရတနာ ကြီး စည်း စိမ် နှင့် တကွ စကြာ မိဘုရားကြီးတွေ စည်း စိမ် ချမ်းသာများကို (ဘုံ ၉-ဆင့်ရှိသော ) ပြာသာဒ်ပေါ်က မဆင်းဘဲနှင့်တသက် လုံး နေ့ရောညဉ့်ပါ ကာမတဏှာကို(အတ္တဒိဋ္ဌိ) ခေါင်းမြီး ချုံလျက် တန်းလန်း နှင့် ကိုယ်လုံး ကျွတ် ဘွက် ကြမ်း အောင် ခံစားနေကြသောလဲ နှလုံးအိမ်တွင်းမှာ အလွန် တ ရာ ပူရှိန် ပြင်း လှသော အဝိဇ္ဇာ ငရဲ့ မီး တောက် ကြီး တန်းလန်းနှင့် ရှိ သေးသည့် အခ တွက် စိတ်မချရ သေး။

ကာမ တဏှာဘွက်ကြမ်းအောင် ခံစားလျက်နှင့် သေ လျှင် အဝိဇ္ဇာ ငရဲ ဘုံ,၉-ဆင့် က ထွမ်းပြန် ၍ ကျလ တံ့။ မချ မလွဲမှတ်ကြပါ။

ကြွင်း သ မှု ကုန် သည့်, လယ် လုပ်, သူ ဆင်း ရဲ ယောက်ျားမိန်းမတို့မှာလဲ ထိုနည်းတူစွာ အရွယ် သုံးပါး စလုံး၌ ကာမတဏှာ ကို (အတ္တဒိဋ္ဌိ) ခေါင်းမြီး ချုံ လျက် တန်းလန်း နှင့် ကိုယ်လုံးကျွတ် ဘွက်ကြွမ်းအောင် ခံစား နေကြသောသလဲ နှလုံး အိမ် တွင်းမှာ အပူရှိန် ပြင်းလှသော အဝိဇ္ဇာ ရဲ,မီးတောက်ကြီးတန်းလန်း ရှိနေ သေးသည့် အ တွက် စိတ်မချရသေး။

ကာမ တဏှာကို ဘွက်ကြွမ်းအောင် ခံစားလျက် နှင့် ဒါန သီလ, ဘာဝနာ,တရားများကို လက်မဲ့သကြသော သူတို့မှာ အဝိဇ္ဇာ ရဲကြီးထဲသို့ ကျလတံ့။ မချမလွဲ မှတ် ကြပါ။

## သောတာပန် နှင့်–အန္ဓ ပုထုဇဉ်တို့၏ ကာမတဏှာ ခံစားခြင်းကွာခြားပုံ။

အပါယ်လေးပါး ကင်းလွတ်ပြီးသော သောတာပန် ဝိသာခါ, ဒါယိကာမကြီးတို့ ကာမတဏှာ ကိလေသာ ခံ ခံစားပုံများနှင့် အန္ဓပုထုဇဉ် တို့ ကာမ တဏှာ ကိလေ သာများကို အတူတူဘဲဟု မထင်ကြနှင့်။စိတ်, သညာမှာ လွန်စွာ ကွာခြား လျက်ရှိ ပေသည်။အတ္တဒိဋ္ဌိ, သက္ကာယ ဒိဋ္ဌိတို့ ကင်းလွတ်၍ ငါ့ကိုယ်သည် ခိုင်မြဲသော ကိုယ် မဟုတ်၊မိမိ၏ အလိုသို့ မလိုက်၊အနှမြ လောက်မျှအစိုးမ ရဟု ကောင်းစွာ သိမြင်ပြီးမှ ခံစားသော ကိလေသာ သည်(အန္ဓပုထုဇဉ်)တို့ ခံစားသည် နှင့် မတူ ဟု မှတ်ကြ။

ငါပိုင်ကိုယ်ခံစားသည်။ ငါ့အတ္တခံစားသည်ဟု မခွဲလမ်း တော့ပြီ။ ထိုကဲ့သို့ခြားနားသည်။

အန္ဓပုထုဇဉ်တို့ ခံစားပုံမှာ- မိန်းမ, ယောကျ်ား နှစ်ပါးစုံ ခန္ဓာကိုယ်တို့သည် နိစ္စ,သုခ,အတ္တ ဟု ခိုင်ခိုင် မြဲမြဲ ကြီး ယူ ၍ မလွှတ်နိုင် မခွာနိုင် အောင် အသက် ကို အသေခံ၍ ခံစားကြလေ၏။

ထိုမျှလောက် ကွာခြားလျက်ရှိသည်ကို ဥာဏ်ပညာ မျက်စေ့နှင့် ကောင်းစွာသိအောင် ကြည့်ကြကုန်။

ထို့ပြင် အထက်နတ်ပြည် ခြောက်ထပ် နှင့်ဗြဟ္မာ့ဘုံ ၂၀ ၌ ရှိကြကုန်သော နတ်မင်းကြီး, နတ်မိဖုရား ကြီး သိကြားမင်း ကြီး, သိကြား မိဖုရား တွေ ဖြစ်၍ နတ်ဘုံ ဗိမာန်ကြီးတွေနှင့် တဖြောင်ဖြောင် တလက်လက် ဝင်း ဝင်းတောက် ခံစားနေကြငြားသော်လဲ နှလုံးအိမ် တွင်းမှာ ပူရှိန်ပြင်းလှသော အဝိဇ္ဇာရဲ့, မီးတောက်ကြီး တန်းလန်း ရှိနေသေးသည့်အတွက် စိတ်မချရသေး။

(ဤအရာ၌ ပုထုဇဉ်နတ်များကိုဆိုလိုသည်။

---

## အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ,ရှိသ၍ စိတ်မချရသေးသော အကြောင်းကို ပြဆိုခြင်း။

ဗြဟ္မာ့ပြည်၌ တိဟိတ် ပုထုဇဉ် ဗြဟ္မာကြီး တို့သည် ဗြဟ္မဝိဟာရ တရား လေးပါးကို ပွါးများ၍ ဘယ်လို ပင် ဈာန်,သုခ ချမ်းသာကြီးတွေနှင့်ခံစား ၍ နေငြား သော်လဲ

နှလုံးအိမ်တွင်းမှာပူရှိန်ပြင်းလှသော အဝိစိငရဲမီးတောက် တန်းလန်းကြီး တွေ ရှိနေသည့် အတွက် ပိတ် မချရသေး။

ထို့ကြောင့် အဏ္ဏဝိဋ္ဌိ,သက္ကာယဒိဋ္ဌိကြီးတွေ ရှိနေသ၍ ကာလပါတ်လုံး လူမင်း နတ်မင်း ဗြဟ္မာမင်း ကြီးတွေ အဖြစ်နှင့် ဝင်းဝင်းတောက် ခံစား၍ နေကြငြား သော်လဲ သက်တန်းစေ့၍ သေသည်နှင့် တပြိုင်တည်း ထန်းပင်ပေါ်က ထန်းသီးတွေ ဘုတ်ဘုတ် ပြုတ်ကျသကဲ့သို့ ဂျွမ်း အပတ်ပတ်လည်၍ ဒလိမ့်ကောက်ကွေး ဖြစ်ချင်ရာဖြစ်, ကျချင်ရာကျ, လိမ့်ချင်ရာလိမ့်, သွားချင်ရာသွားကြသော ထန်းသီးလုံးကြီးတွေကဲ့သို့ မှတ်ကြပါ။

ထို့အတူ နတ်ဘုံ, နတ်သား,သိကြား ဗြဟ္မာအပေါင်းတို့မှာ သက်တန်းစေ့၍ သေကြသောအခါ ထန်းသီးလုံးကြီးတွေ တဖုတ်ဖုတ်ပြုတ်ကြသကဲ့သို့မှတ်ကြ။ ထိုကဲ့သို့ ဘရမ်းဘတာ ကျသော ဘေးကြီးကို (ဝိနိပါတ) ဘေးကြီးဟုမှတ်ကြ။

ထိုမျှလောက် ကြောက်လန့်ဘွယ် ကောင်းလှသော (အဏ္ဏဒိဋ္ဌိ) (သက္ကာယဒိဋ္ဌိ) ကြီးများကို ရေသောက်မြစ်နှင့်တကွ အကြွင်းမဲ့ ကျွတ်လွတ် အောင် မြန်မြန်ကြီး အဆောတလျင် အားထုတ်ဘို့ သင့်လှကြပေတော့သည်။

**အဏ္ဏဒိဋ္ဌိ နှင့် သက္ကာယဒိဋ္ဌိ ကိုခွာ ပုံ။**

ထိုကြောင့် ကမ္ဘာပေါ်၌ ရှိကြကုန်သော အန္ဓပုထုဇဉ်အပေါင်းတို့ မိမိတို့ခန္ဓာငါးပါး ပေါင်းစု၍ နေသော

စာနှ, အစိုင် အခဲကြီး၌ ပုဏ္ဏာ၁၀ရပ်ကို အစွဲပြု၍ ဦးရေ, ဦးခေါင်း,ဆံဖျားကစ၍ တကိုယ်လုံး အသွင်သဏ္ဌာန်ဟူ သမျှ ခြောက်ါးအသုံး (ငါယောကျ်ားဘဲ ငါယောကျ်ား ဘဲဟု) အတ္တဒိဋ္ဌိဖြင့် ခိုင်ခိုင်မြဲမြဲကြီး ယူကြကုန်၏။

မိန်းမဟု ထင်မှတ်သော သူတို့မှာလဲ ဆုတ္တိ ဘာ၁၀ရပ် ကိုအစွဲပြု၍ ဦးရေ, ဦးခေါင်း, ဆံဖျားကစ၍ တကိုယ်လုံး အသွင် သဏ္ဌာန် ဟူသမျှ ခြောက်ါး အသုံး (ငါမိန်းမဘဲ ငါမိန်းမဘဲဟု) အတ္တဒိဋ္ဌိဆိုသော တရားက ခိုင်ခိုင်မြဲမြဲ ကြီး ယူကြကုန်၏။

ထိုကဲ့သို့ မှားသောအားဖြင့် အတ္တဒိဋ္ဌိနှင့် ခွဲယူကြ ကုန်သော အန္ဓပုထုဇဉ် အပေါင်းတို့-အတုမရှိ မြတ်စွာ ဘုရား ကိုယ်တော်မြတ်ကြီးက ပေးသနားတော် မူသော သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်နှင့် ဟုတ်တိုင်းမှန်ရာကို သိနိုင်ကြ စေရန် ရှုကြည့်ပွါးများကြရမည်။

အမိဝမ်းတိုက်၌ ပဋိသန္ဓေ တည်နေသည်က စ၍ ယောကျ်ား မိန်းမ ဆို၍ အနှမြှုခန့်မှု မပါသည်ကို သမ္မာ ဒိဋ္ဌိဝိဇ္ဇာဉာဏ်နှင့် အလင်းပေါက်အောင် ကြည့်လိုက်ကြ။

ငါမိတ္တို နာမ် တရားဖြစ်ရခြင်း၏ အကြောင်းရင်း အထောက်အပံ့ကို ဉာဏ်နှင့်ပြန်၍ ကြည့်ကြ။

## "နာမ်" ဖြစ်ခြင်း၏ အကြောင်းရင်း

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ဤ လေးပါးသော အကြောင်းရင်း အထောက်အပံ့ကြောင့် နာမ်တရားဖြစ်

ပေါ်ရပေသည်။ ထို နာမ်တရား ထည်းမှာ လဲ မိန်းမ, ယောကျ်ား မပါ။

## ရုပ်ဖြစ်ခြင်း၏ အကြောင်းရင်း

ရုပ်တရားဖြစ်ရခြင်း၏ အကြောင်းရင်း အထောက်အပံ့ ကံ, စိတ်, ဥတု, အဟာရ, ဤလေးပါးသော အကြောင်းရင်း အထောက်အပံ့ကြောင့် ရုပ်တရား ဖြစ်ပေါ်ရပေ သည်။

ထို ရုပ်တရားထည်းမှာလဲ မိန်းမ, ယောကျ်ား မပါ။ ထိုကဲ့သို့ ရုပ်, နာမ်, နှစ်ပါးဖြစ်စကပင် ပဋိသန္ဓေ ကလလ ရေကြည်စက်လေး၌....

ကာယ ဒသက ရုပ်။
ဘာဝ ဒသက ရုပ်။
ဝတ္ထု ဒသက ရုပ်။

ထို ရုပ်ကလာပ်သုံးစည်းသည် တပြိုင်နက် ဖြစ်ပေါ်၍ မှ, လာသည်ကို ဉာဏ်နှင့်မြင်အောင် ကြည့်လိုက်ကြ။ ထိုရုပ်ကလာပ် သုံးစည်းတွင် ဘာဝရုပ်ကို တလောက လုံးရှိသမျှ အန္ဓပုထုဇဉ်, ပုဂ္ဂိုလ် အပေါင်းတို့၏စိတ်မှာ ထိုဘာဝရုပ် အသွင်သဏ္ဌာန်ကိုစွဲ၍ မိန်းမ, ယောကျ်ား ဟု အတ္တဒိဋ္ဌိဖြင့် ခိုင်ခိုင်မြဲမြဲကြီး စွဲယူနေကြသည့်အတိုင်း ဟုတ်, မဟုတ်ကို သမ္မာဒိဋ္ဌိဉာဏ်နှင့် စစ်တန်း, ချုတ်ကြည့်ကြ။ (သိကြလိမ့်မည်)။

ပုဗ္ဗာဝရုပ်ကို မေးကြည့် အသင့်ကို ငါယောကျ်ား လို့ထင်နေသည်။ အသင် ယောကျ်ား, ဟုတ်ရဲ့လား။ ကျွန်တော်သည် နှုးညံ့မှု, ခက်မာမှု, သဘောသတ္တိမျှသာ ရှိပါသည်။ ကျွန်တော်ယောကျ်ာမဟုတ်ပါ ယောကျ်ား ဆိုသောသူနှင့် ဘယ်အခါမှ မတွေ့ဘူးပါ။

ပုဗ္ဗာဝရုပ်က အစစ်ခံသည်ကို သမ္မာဒိဋ္ဌိ ဉာဏ်ပညာ မျက်စေ့နှင့် စေ့စေ့ကြည့်၍ မှတ်သိုက်ကြ။

ဆံပင်ရုပ်ကို မေးကြည့် အသင့်ကို ငါက ယောကျ်ား ဆံပင်လို ထင်နေသည်။ အသင် ငါထင်သလို ယောကျ်ား ဆံပင်, ဟုတ်ကဲ့လား။

ကျွန်တော်သည် နှုးညံ့မှု,ခက်မာမှု, သဘော သတ္တိ ကလေးသာရှိပါသည်။ ကျွန်တော် ယောကျ်ား,ဆံပင်, မဟုတ်ပါ။ ယောကျ်ား,ဆံပင်နှင့် ဘယ်အခါမှမတွေ့ ဘူးပါ။

(ဆံပင်ရုပ်က အစစ်ခံသည်ကို ဉာဏ်နှင့် မြင်အောင်ကြည့်။)

ခေါင်းသဏ္ဍာန်, နဖူးသဏ္ဍာန်, မျက်လုံးသဏ္ဍာန်, နှားသဏ္ဍာန်, နှာခေါင်းသဏ္ဍာန်, လျှာသဏ္ဍာန်, လည်ပင်း သဏ္ဍာန်, ထိုသဏ္ဍာန်အပေါင်းတို့ကို သမ္မာဒိဋ္ဌိဝိဇ္ဇာ ဉာဏ်နှင့် စစ်တန်းထုတ်ကြည့်ကြ။

အသင် ခေါင်းသဏ္ဍာန် နဖူးသဏ္ဍာန် အစရှိသော အသွင်းသဏ္ဍာန် အပေါင်းတို့ အသင်တို့ကို ငါက ယောကျ်ားဘဲလို့ ထင်မှတ်နေသည်။ ငါက ထင်မှတ်နေ

သလို အသင်တို့က ယောကျ်ား ဟုတ်ကြရဲ့လား။ ကျွန်တော်တို့သည် နှုးညံ့မှု၊ခက်မာမှု၊ သဘောသတ္တိကလေးမျှ ရှိပါသည်။ မယုံလျှင် စမ်းကြည့်ပါ။ အပေါ်ရံတွင် စမ်းလျှင် နှုးညံ့မှုရှိ၏၊ မြေကြီးကို တွေ့ပါလိမ့်မည်၊ နာနာနှိပ်၍ စမ်းကြည့်ပါ။ ကျောက်မြေကြီး အရိုးရုံကြီးတွေ့ပါလိမ့်မည်။

သို့အတွက် ကျွန်တော်တို့သည် မည်သူမှ ယောကျ်ားမဟုတ်ပါ။ ယောကျ်ား ဆိုသော အကောင်နှင့် ဘယ်အခါမှ မတွေ့ဘူးပါ။ ငါ့နဖူးကလေးလှသည်၊ ငါ့မျက်စိကလေး လှသည်၊ ငါ့နား၊ ငါ့နှာခေါင်း၊ ငါ့လည်ပင်းကချောမော သိမ်မွေ့လှပ ယဉ်ကျေးသည်ဟု ထင်မှတ်နေသော အသွင်သဏ္ဌာန် အပေါင်းတို့က အစစ်ခံများကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ကြည့်ကြ။

ထို့ပြင် တရပ် အောက်ကို ဆင်းသက်၍ ကြည့်ရမည်မှာ လက်မောင်းသဏ္ဌာန်၊ ကိုယ်သဏ္ဌာန်၊ ပေါင်သဏ္ဌာန်၊ခြေသလုံးသဏ္ဌာန်၊ခြေဘဝါး ခြေဘမိုးသဏ္ဌာန် အစရှိသော အသွင် သဏ္ဌာန်၊ အပေါင်း တို့ ကို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်နှင့် အလင်းပေါက်အောင် စစ်ထုတ်၍ ကြည့်ကြ။ လက်သဏ္ဌာန်က စ၍ ခြေဘဝါး၊ ခြေဘမိုး အဆုံးရှိသော အားလုံး အသွင်သဏ္ဌာန်အပေါင်းတို့ကို ငါကယောကျ်ားဘဲလို့ ထင်မှတ်နေသည်။ ငါက ထင် မှတ်နေသလို အသင်တို့က ဟုတ်ကြရဲ့လား။

ကျွန်တော်တို့သည် နှီးညှံ့မှု ခက်မာမှု သဘောသတ္တိကလေးမျှသာ ရှိပါသည်။ မယုံလျှင်စမ်းကြည့်ပါ။ အပေါ်ရုံတွင်စမ်းလျှင် နှီးနှီး ညှံ့ညှံ့အသားဟုခေါ်သော ရွှံ့ မြေကြီးကို တွေ့လိမ့်မည်။ နာနာနှိပ်၍ စမ်းလျှင် မာမာ အရိုးဟု ခေါ်သော ကျောက်မြေကြီးကို တွေ့လိမ့်မည်။

သို့အတွက် ကျွန်တော် တို့သည် မည်သည့် အသွင်သဏ္ဍာန်မှ ယောကျ်ား မဟုတ်ပါ။ ယောကျ်ား ဆို သော သူနှင့် ဘယ်အခါမှ မတွေ့ မမြင်ဘူးပါ။ ငါ့လက်မောင်းကလေး သည် ဆင့်နှာမောင်း ကဲ့ သို့ လွန်စွာ ပြေ ပြစ် ချောမော သည်။ ငါ့ လက် ကလေး တို့သည် ကျောက် ဖယောင်းတိုင် ကဲ့သို့ လွန်စွာ ပြေ ပြစ် ချောမော သည်ဟု ထင်မှတ်သောသူတို့သည် မှားများကြီး သတိထား လိုက်ကြပါ။ ငါ့ကိုယ်သည် လွန်စွာ လှပ တင့်တယ်သည်။ ငါ့ ပေါင်သဏ္ဍာန်, ခြေသလုံး, ခြေဖဝါး, သဏ္ဍာန် တို့သည် လွန်စွာ ပြေပြစ် ချောမောသည်ဟု ထင် မှတ် စွဲလမ်း နေကြသော သူတို့သည် ယခု အခါ ထို သဏ္ဍာန် အပေါင်း တို့ က သမ္မာဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ်ရှင် ဘုရင်ခံ ချုပ် ကြီး က စစ်တန်းထုတ်သောအခါ ဟုတ်တိုင်းမှန်ရာကို အစစ်ခံကြရလေသည်။

အသင်တို့သာ မဟုတ်သေး တကိုယ်လုံး ဆံပင် က အစ မုတ္တန္တိ အဆုံး။ ၃၂-ပါးသော ကောဋ္ဌာသ အစုတို့ ပါ ဟုတ်တိုင်းမှန်ရာကို အစစ်ခံကြရ လေတော့သည်။ ယောကျ်ားဆို၍ အနုမြူမျှ မရှိကြောင်း ကို ရှင်းလင်းစွာ

အသစ်ခံကြသည်ကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ပညာ ချက်ခစေ့ နှင့် အကြိမ်ကြိမ် အသပ်ထပ်ကြည့်ရှုပွါးများကြကုန်။

တကိုယ်လုံး တကောင်လုံး, (ဃန) အဆိုင်အခဲကြီးနှင့် တကွ အသွင်သဏ္ဌာန်ဟူသမျှကို (အတ္တဒိဋ္ဌိ) ဖြင့် ခိုင်ခိုင် မြဲမြဲကြီး စွဲလမ်းနေကြသော အန္ဓပုထုဇဉ်, အပေါင်းတို့မှာ အတ္တဒိဋ္ဌိကို ဖြိုခွဲ ဖေါက်ထွင်းနိုင်သော သမ္မာဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ်သည် ကိုယ်တွင်းမှာ အလင်းပေါက်ကြသော ကြောင့် ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်ကြလေတော့ သည်။

ထိုပြင်တရပ် ပစ္စုပ္ပန် ခန္ဓာ၌ ရှုကြည့်ရဦးမည်မှာ ယောက်ျားက မိန်းမကိုမြင်သောအခါ မည်သူ့ကိုမြင် သလဲလို့မေး။ မိန်းမကို မြင်သည်ဟု ပြောလေ၏။

မိန်းမက ယောက်ျားကိုမြင်သောအခါ မည်သူ့ကိုမြင် သလဲလို့မေး။ ယောက်ျားကို မြင်သည်ဟု ပြောလေ၏။

စင်စစ် ယောက်ျားကိုမမြင်ရ, မိန်းမကိုလဲမမြင်ရ။ ဘာကိုမြင်ရသလဲလို့ဆိုလျှင် (သနိဒဿနဝဏ္ဏ) အဆင်း ရုပ်ကိုသာလျှင် မြင်ကောင်းသည်, မြင်ရသည်ဟုမှတ်ကြ။

ထိုအဆင်းရုပ်ကိုပင် ယောက်ျား, မိန်းမထင်၍ အလွန် တရာ လှပတင့်တယ် ရှုချင်ဖွယ်ရာ ကောင်းသည်ဟု မှတ်ထင်၍ လွန်စွာချစ်ခင်, မြတ်နိုးကြလေ၏။

တလောကလုံး ရှိရှိသမျှ အန္ဓပုထုဇဉ်တို့၏ စိတ်မှာ ထို (ဝဏ္ဏ) အဆင်းဓာတ်အပေါ်၌ (ဝိပလ္လာသ) တရားသုံး

ပါးသည့် မျက်စိလည်သော ဒဏ်ချက်သည့် လွန်စွာကြီး လှပေသည်။ ဟုတ်,မဟုတ်ကို များများကြီးသတိထား စဉ်းစားလိုက်ကြပါ။

သို့အတွက် (ထိုဝဏ္ဏအဆင်းရုပ်ပေါ်၌) သမ္မာဒိဋ္ဌိဝိဇ္ဇာ ဉာဏ်ရှင် ဘုရင်ခံချုပ်ကြီးက အထူးသတိထား၍ စစ် ဆေးရမည်။

စစ်ဆေးရမည့်မှာ အသင်ဝဏ္ဏအဆင်းခေတ်ကလေး, အသင့်ကို ငါက မိန်းမလို့ ထင်နေသည်။ အသင်သည် ငါက မိန်းမလို့ ထင်နေသည့်အတိုင်း ဟုတ်ရဲ့လားလို့ မေးကြည့်။

ကျွန်တော်သည် အဖြူ, အပြာ, အဝါ,. အနီ, အစိမ်း, အညို, အစရှိသော အဆင်းအမျိုးမျိုး အရောင်အဆင်း သဘော သတ္တိကလေးမျှသာ ရှိပါသည်။

ကျွန်တော် မိန်းမ, မဟုတ်ပါ။ မိန်းမ,ဆိုသောသူနှင့် ဘယ်အခါမှ မတွေ့ဘူးပါ။ မယုံလျှင် ကျွန်ုပ်, ဝတ်ထား သော မိန်နားကပ်, မိန်ဆွဲကြိုး, မိန်ဆံထိုး, မိန်လက် ကောက်, မိန်လက်စွပ်, မိန်ခြေကျင်း, အစရှိသည့်တို့ကို မှုံ့မှုံ့ ညက်ညက်ဖြစ်အောင် ထောင်းထု ကြိတ်နယ်၍ ထိုမိန်ရုပ်ကလာပ်မှုံ့ကလေးတွေနှင့်မိမိခန္ဓာကိုယ်၌အလှ ပဆုံး အနှစ်သက်ဆုံးဟု ထင်မှတ်နေသော နေရာက ရုပ်ကလာပ် မှုံ့ ကလေးတွေကို ချေးထွက်သောအခါ တွန်း၍ချ။ ကျလာသော ရုပ်ကလာပ်မှုံ ကလေးတွေနှင့်

(ဗဟိဒ္ဓ) က ရှိသော မိန့်ရုပ်ကလာပ်မှုန့် ကလေးတွေကို နှစ်ခုယှဉ်ပြိုင်၍ မိမိလက်ဝါးပေါ်မှာ တင်ကြည့်။ ဘယ်ရုပ်ကလာပ်ကလေးတွေက လှသလဲလို့ မိမိမိတ်ကို (သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်)နှင့် စစ်တမ်းထုတ်။

ဘယ်ရုပ်ကလာပ် ကလေး ထဲမှာ မိန်းမ ပါသ လဲ လို့ မေးကြည့်။ (ဝဏ္ဏ) အဆင်းဓါတ်ရုပ်ကလာပ်ကလေး တွေက ထ၍ အစစ်ခံလိမ့်မည်။

ခင်ဗျားကိုယ်က အလှဆုံး, အချစ်ခင် အနှစ်သက်ဆုံး ဟု ထင်မှတ်နေသော နေရာက ရုပ်ကလာပ်ကလေးတွေ နှင့် (ဗဟိဒ္ဓ) ကမိန်းမ, ရုပ်ကလာပ် ကလေးတွေ နှင့် ယှဉ်ပြိုင်၍ ခင်ဗျားကိုယ်တိုင် လက်ဝါးပေါ် တင်၍ ကြည့်ပြီး မဟုတ်ပါလော။ ခင်ဗျားမျက်စိမှာ သမ္မာဒိဋ္ဌိဝိပဿနာဉာဏ် တင်ကြည့်ပြီးမှပြောပါ။

ထိုသို့ ကြည့်သောအခါ ငါသည် နောက်နောက် နှစ်, လ ရက်,အပေါင်းတို့က(ဝဏ္ဏ) အဆင်းဓါတ်ကို မိန်းမဘဲ ယောကျ်ားဘဲ ဟု ထင်မှတ် စွဲလမ်းခဲ့ခြင်း သည် မဟာအလွဲတော်ကြီး လွဲတော့သည်။

ဘယ့်အတွက်ဆိုသော် ငါ့ကိုယ်လို့ ထင်မှတ် စွဲလမ်းနေသော ရုပ်ကလာပ် မှုန့်ထည်းမှာ ငါ့ကို ရှာလို့ မတွေ့တော့ပြီ။မိန်းမရယ်လို့ ငါ့ဟာငါ, ဘဝတိုင်း ဘဝတိုင်း စုံမက် နှစ်သက် မြတ်နိုး နေသော (ဝဏ္ဏ) အဆင်း ဓါတ်

ရုပ်ကလာပ် မှုံ့ကလေးတွေမှာ မိန်းမဆိုစရာ ရုပ်ကလာပ်မှုံ့ဆို၍ အနုမြူခန့်မျှ ရှာလို့မတွေ့တော့ပြီ။

(ဗဟိဒ္ဓ) က ဝတ်ဆင်ထားသော ရွှေ, ငွေ, ရတနာစိန်,ကျောက် ပတ္တမြား,မြသား,နီလာ,အစရှိသော ရတနာအမျိုးမျိုးတို့၏ ရုပ်ကလာပ်မှုံ့ (ဝဏ္ဏ)အဆင်းဓါတ်ထည်းမှာ မိန်းမလို့ ဆိုစရာ ရုပ်ကလာပ်မှုံ့ဆို၍ အနုမြူခန့်မျှ ရှာလို့ မတွေ့တော့ပြီ။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဝဏ္ဏ၊ အဆင်းဓါတ် ရုပ်ကလာပ်များကို သမ အောင် ရော၍ ဘယ် အဆင်းဓါတ် ရုပ်ကလာပ်ထည်းမှာ မိန်းမ ပါသေးသလဲလို့ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ပညာမျက်စိနှင့် ကြည့်သော အခါ သဘာဝ ဓမ္မ အ မှန် အစစ် ဖြစ်သော (ပ ရ မ တ္ထ) ရုပ်ကလာပ် အဆင်းဓါတ်သာ အမှန်ဖြစ်တော့သည်။

မိန်းမဆိုသည်မှာ ပစပ်များတွင် တင်စား၍ခေါ်သော ပညတ်မျှသာဖြစ်သည်။ မိန်းမဆို၍ အနုမြူခန့်မျှ ရှိသော တရား မဟုတ်သည်ကို (သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်) အလင်းပေါက်အောင် သိလေတော့၏။

ထိုအခါ ငါဆိုသော တရားတွေ ဘာဘုတ်ဘုတ် ပြုတ်ကျကုန်သည်ကို ဉာဏ်နှင့် မြင်အောင် ကြည့်လိုက်ကြ။ ငါ မိန်းမတဲ့ဟု (အတ္တဒိဋ္ဌိ) ဖြင့် စွဲယူနေသော ဒိဋ္ဌိ တရားတွေ စစ်အရှုံးပေး၍ ဘာဘုတ် ဘုတ် ပြုတ်ကြသည် ကို ဉာဏ်နှင့် မြင်အောင်ကြည့်လိုက်ကြ။

ထိုကဲ့သို့ ဉာဏ်ဝမှာ သန့်ရှင်းစွာ ကြည့်ငြင်းမှ မိမိခန္ဓာ ကိုယ်၌ ကြွင်းကျန် သမျှဆံပင်ကအစ ခြေဖဝါး အဆုံး တကိုယ်လုံးရှိသမျှ ရုပ် က လာပ် တို့သည် အထက်နည်း တူစွာ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်နှင့် ကိုယ် တွင်း မှာ အလင်း ပေါက်အောင် ကြည့် ရ မည်။ တကိုယ်လုံးမှာ တဆွစီး ခေါင်းမြီးခြုံ ဖြစ်သော(ဝဏ္ဏ)အဆင်းဓါတ်ကို ဝိဇ္ဇာဉာဏ် အလင်းပေါက်လျှင် တကိုယ်လုံး ရှိသမျှ ရုပ်ကလာပ် တို့ ကိုလည်း သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်လေတော့ သည်။ မိန်းမဆိုတာ အနှုမြူခန့်မှု ရှာမရ။ (သဘာဝ မြေ ပရမတ္ထ) ရုပ်ကလာပ် က လေး တွေ သာ ဖြစ်ကြ လေ တော့၏။

ထိုကဲ့သို့ သဘာဝမြေကို ပိုင်နိုင်စွာ သမ္မာဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ် ပေါက် ရောက် ပြီးသော သူငယ်မကလေး သည် ဘုရားစစ် တရားစစ် သံဃာစစ်ကို မျက်မှောက် ထင်ထင် ကောင်းစွာ သိမြင်ပြီး ဖြစ်သောကြောင့် ဘခင် ကြီး နှင့် တူတော် မူသော အတု မရှိ မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီး က ထို သူငယ်မကလေး ကို (ငါ၏ သမီးတော် အစစ် အမှန်ဖြစ်ပြီ ) အန္ဓပုထုဇဉ်အဖြစ်မှ ကျွတ် လွတ် ၍ ကလျာဏ ပုထုဇဉ် အဖြစ် သို့ ရောက် လေ ပြီ ဟု ဗျာဒိတ် တော်စကား မိန့်ကြားတော်မူသည်နှင့်တူစွာ မှတ်ကြကုန်၊

ထို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အမြင်နှင့် အနုပါဒိသေသနိဗ္ဗာန် စံဝင်သည့် တိုင်အောင် အားထုတ်ရမည်။

(ပဌမအရွယ် နုနယ် ပျိုရွယ်သော မိန်းကလေးများ သည်(အဇ္ဈတ္တိဒိဋ္ဌိ) ကသမ္မာဒိဋ္ဌိ ဝိဇ္ဇာ ညာဏ်နှင့် ကိုယ် အတွင်းမှာ ဓါတ် ဉာဏ် အလင်း ပေါက်အောင် ကြည့်ရှု ပွါးများသောနည်းပြီး၏။)

နုနယ် ပျိုရွယ်သော ပဌမအရွယ် ယောက်ျားကလေး တို့မှာလဲ အထက်နည်း တူစွာ မခြား မိန်းကလေးများ ရှုကြည့်ပွါးများသကဲ့သို့ ရှုကြည့်ပွါးများကြရမည်။

ရှေးဦးစွာ ဉာဏ်နှင့် စဉ်းစား၍ ကြည့်ရမည့်မှာ မိမိ ခန္ဓာကိုယ် တကိုယ်လုံး၌ ရှိသမျှ ရုပ်ကလာပ် တို့တွင် (ဝဏ္ဏ) အဆင်းဓါတ် ရုပ်ကလာပ် သည် တက္ကစိုး ခေါင်း ဖြီးခြုံ အမွှန်းတင်, အရောင်တင် ချယ်သှယ် နေသော ရုပ် အမှန်ပင် ဖြစ်ပေသည်။

သို့ အတွက် ခန္ဓာ ငါး ပါး ဖြစ်လေ ရာ ဘဝ တိုင်း ဘဝတိုင်းတို့၌ ထို ဝဏ္ဏ, အဆင်း ရုပ် နှင့် ဘာဝ ရုပ်ကို ပင် ယောက်ျားထင်၍ လှပတင့်တယ်သည် ဟု မလွှတ်နိုင် မခွါနိုင်အောင် ချစ်ခင်မြတ်နိုးစရာကောင်းလှပေသည်ဟု ထင်မှတ် စွဲလမ်းခဲ့ကြ လေသည်။ ထိုကဲ့သို့ ထင်မှတ် နေ သည်ကို ဟုတ်, မဟုတ် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ရှင် ဘုရင်ခံ ချုပ်ကြီးက တဆင့်တိုး၍စစ်တမ်းထုတ်ပြရဦးမည်မှာ....

အသင် (ဝဏ္ဏ)အဆင်းဓါတ်ကလေး အသင့်ကို ငါက ငါပိုင် အစိုးရ သော ယောက်ျားကလေးဟု ထင်သည်။ ငါက ထင်နေသလို ဟုတ်ရဲ့လား။ (ဝဏ္ဏ) အဆင်း ဓါတ်

ကလေးက ထ၍အစစ်ခံသည်မှာ ကျွန်တော်သည်ခင်ဗျား၏ ခန္ဓာကိုယ်မှာ သာလျှင် တဏှာစီး ခေါင်းမြီး ခြုံ၍ အမှန်းတင် အရောင်တင် ချယ်လှယ်နေသည် မဟုတ် သေး၊ တကမ္ဘာ လုံး ရှိသမျှ ရုပ် အပေါင်း တို့ တွင် ကျွန် တော် ချယ်လှယ်နေရ ပါသည်။ ကျွန်တော် မပါ လျှင် ကောင်း သော ဝဏ္ဏအာရုံကို ဖြစ်စေ, မကောင်းသော ဝဏ္ဏအာရုံကိုဖြစ်စေ, နှစ်သက် မြတ်နိုးခြင်း မရှိကြပါ။

ကျွန်တော်သည် အဆင်း အရောင်အမျိုးမျိုး ကို ဖြစ်စေ တတ် သော သတ္တိ အမှန် ရှိ၏။ သို့ရာတွင် ကျွန်တော် ၏ (ဝဏ္ဏ) အဆင်းဓါတ်ထဲမှာ ယောကျ်ား လို့ ခေါ်ဆိုစရာ အနှမြုခန့်မျှ မပါ။ ခင်ဗျားခန္ဓာကိုယ်, တကိုယ်လုံး၌ ရှိ သမျှ ရုပ်အပေါင်းကိုလည်း သမ္မာဒိဋ္ဌိ အဝိဇ္ဇာဉာဏ် နှင့် အလင်းပေါက်အောင် ကြည့်ပါ။ ယောကျ်ား ဆို၍ အနှမြု ခန့်မျှ မပါသည်ကို ဉာဏ်ဝမှာ ကောင်းစွာ သိမြင် ပါ လိမ့်မည်။

သို့အတွက် ကျွန်တော် ယောကျ်ား, မိန်းမဆိုတာ ဘယ်အခါမှ မဟုတ်ပါ။ ယောကျ်ားဆိုသောသူနှင့် ဘယ် အခါမှ မတွေ့ဘူးပါ။ သို့အတွက် ကျွန်တော် (ဝဏ္ဏ) အဆင်းဓာတ်၏ (ပရမတ္ထ) သဘာဝကို မှချဆပ်ဆပ် ကောင်းစွာသိမြင်ခဲ့လျှင် ကလျာဏ, ပုထုဇဉ်ဖြစ်လေ သည်။ ထိုကဲ့သို့ မိမိခန္ဓာ၌ရှိသော (ဝဏ္ဏ) အဆင်းဓာတ် နှင့်တကွ ရုပ်ဓာတ်အပေါင်းကို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်

အလင်းပေါက်လျှင် ဗဟိဒ္ဓ၌ ရှိရှိသမျှ ရုပ်ဓာတ်အပေါင်း တို့ကို ဉာဏ်ဦးလှည့်ရုံနှင့်ပင် တကမ္ဘာလုံးဓာတ်ဉာဏ် အလင်းပေါက်လေတော့သည်။

ထိုကဲ့သို့ ဓာတ်ဉာဏ် အလင်းပေါက်သောအခါ ဝဏ္ဏ, အဆင်းဓာတ် ရုပ်ကလာပ်နှင့် တကွ အားလုံးရုပ်အပေါင်း ကို ငါ,ယောက်ျားဘဲဟု (အတ္တဒိဋ္ဌိ) ခိုင်ခိုင်မြဲမြဲကြီးစွဲ ယူနေသော ဒိဋ္ဌိတရားကြီးများသည် စစ်အရှုံးပေး၍ ဘွယ်ဇုတ် ချုပ်ငြိမ်းကြရလေတော့သည်။ ထိုယောက်ျား သည် ဘုရားစစ်,တရားစစ်, သံဃာစစ်,ကိုတွေ့၍ ဘုရား သားတော်စစ် အမှန် ဖြစ်လေတော့၏။

ပဌမအရွယ်၌ ပရမတ္ထသဘာဝကို ဓာတ်ဉာဏ် အလင်းပေါက်ကြကုန်သော ယောက်ျားကလေး, မိန်းမ ကလေး,များကဲ့သို့ ထိုနည်းတူစွာ ဒုတိယအရွယ်, တတိ ယအရွယ်, ယောက်ျား, မိန်းမ အပေါင်းတို့မှာ အထက်၌ ပြဆိုကဲ့သော နည်းလမ်းအတိုင်း (သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်) အလင်းပေါက်အောင် ရှုကြည့် ပွါးများ အားထုတ်ကြရ မည်။

(ဝဏ္ဏ, အဆင်းဓာတ်၏ အကြောင်းကိုဉာဏ်ဝမှာ ရှင်းလင်းသည်ထက် ရှင်းလင်းကြစေရန် ထင်စွာပြဦး အံ့။)

ကျွန်တော် ဝဏ္ဏ အဆင်းဓာတ်သည် ကမ္ဘာလောက ရှိရှိသမျှသော ရုပ်ဓာတ်အပေါင်းတို့တွင် နာမ်ခန္ဓာလေး

ပါးနှင့် ပူးတွဲပေါင်းစပ်နေသော ရုပ်တို့မှာဖြစ်စေ, ကမ္ဘာ လုံး အသက်မရှိသော (ဗဟိဒ္ဓ) ရုပ်ခဝတ်အပေါင်းတို့ မှာဖြစ်စေ, ကျွန်တော် မွန်းမံ ချယ်လှယ်နေရပေသည်။ ကျွန်တော်ကို မြင်ကြကုန်သော အန္ဓပုထုဇဉ် အပေါင်းတို့ မှာ နာမ်ခန္ဓာလေးပါးနှင့် ပူးတွဲပေါင်းစပ်နေသော(ဝဏ္ဏ) အဆင်းခတ်ကိုမြင်လျှင် ယောကျ်ား, မိန်းမဟု ထင်မှတ် ၍ ဖသဿခတ်ပြင်းထန်စွာ ထိခိုက်သောကြောင့် ဝေဒနာ, တဏှာ,ဥပါဒါန်အားဖြင့် စွဲလမ်းသိမ်းပိုက်၍ ပြင်းထန်စွာ ခံစားကြသောကြောင့် အပါယ်လေးပါးသို့ ကျလေကုန် ၏။

(ထိုအချက်ကြီးကို များများကြီးစဉ်းစားလိုက်ပါ သူတော်ကောင်းတို့။)

အသက်မရှိသော ရွှေ, ငွေ, စိန်, ကျောက်, ပတ္တမြား ရတနာအပေါင်း၌ရှိသော ဝဏ္ဏ, အဆင်းခတ်ကိုမြင်လျှင် အန္ဓပုထုဇဉ်အပေါင်းတို့၏စိတ်မှာလွန်စွာစုံမက် နှစ်သက် မြတ်နိုး၍ အသက်သေသည့်တိုင်အောင် အတင်းအကြပ် သိမ်းပိုက်၍ ခံစားကြကုန်၏။ သေသည့်အခါ အခြားမဲ့၌ အပါယ်လေးပါးသို့ ကျကြရလေတော့၏။ အန္ဓပုထုဇဉ် အဖြစ်နှင့် နေရခြင်းသည် ထိုမျှလောက် ကြောက်လန့် ဘွယ် ကောင်းလှ၏၊ များများကြီးသတိရှိလိုက်ကြပါ။

ကလျာဏ ပုထုဇဉ်အပေါင်းတို့သည် အသက်ရှိသော ရုပ်၌ ဝဏ္ဏ, အဆင်းခတ်ကို မြင်သည်ဖြစ်စေ, အသက်

မရှိသော (ဗဟိဒ္ဓက) ရုပ်ဒ္ဗရှိသော ဝဏ္ဏ, အဆင်းခေတ်ကို မြင်သည်ဖြစ်စေ၊ မိန်းမ,မဟုတ်။ ယောကျ်ားမဟုတ်။ ရွှေ, ငွေ, စိန့်, ကျောက်, ပတ္တမြားရတနာ မဟုတ်ကြောင်းကို (ပရမတ္ထ သဘာဝဖြင့်) သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် ထိုးထွင်း၍ အလင်းပေါက်အောင် သိမြင်လေသောကြောင့် အပါယ်လေးပါးမှ ကင်းလွတ်ကြလေ၏။

ထိုကြောင့် ကျွန်တော် ဝဏ္ဏ,အဆင်းခေတ်ကို အစွဲပြု၍ ကောင်းကျိုး, မကောင်းကျိုး, နှစ်မျိုး နှစ်စားကွဲလွဲ၍ အကျိုးပေးပုံများကို ကောင်းစွာမှတ်ကြ။ အတုမရှိ, ဘခင်ကြီး သဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက သားတော်, သမီးတော် အပေါင်းတို့ကို (မနုသိကာရ) နှလုံးသွင်းကိုသာ များစွာဟောတော်မူပေသည်။

ယခုဘဝ ပစ္စုပ္ပန်ခန္ဓာ၌ ယောကျ်ား,မိန်းမအပေါင်းတို့သည် ဝဏ္ဏ, အဆင်းခေတ်အပေါ်၌ မျက်စိလယ်သော ဒဏ်ချက် အလွန်ကြီးမားလှသောကြောင့် အပါယ်လေးပါးကျရောက်သူ လွန်စွာ များလှပေသည်။ သို့အတွက် ဝဏ္ဏ, အဆင်းခေတ်ကိုဦးတည်၍ သဘာဝဓမ္မ, ခေတ်ဉာဏ်အလင်းပေါက်အောင် ရှုကြည့်ပွားများသောနည်းလမ်းပြဆိုခဏ်း ပြီး၏။

(ဉာတပရိညာ အခဏ်း ဤတွင်ပြီး၏။)

## (ယခုအခါ တရားအားထုတ်ကြကုန်သော ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့၌)အထူးသတိပြု၍မှတ်သားကြရန်။

### ပဋိသမ္ဘိဒါ မဂ္ဂကထာ-ယုဂနဒ္ဓကထာ၌ လာသည့် အတိုင်း ထုတ်ဆောင်၍ပြပေအံ့။

(သမထော စေ ဝိပဿနံ အတိဝတ္တေယျ၊ ထိန ပက္ခိကတ္တာ၊ သမထဿ စိတ္တံ ကောသဇ္ဇာယ သံဝတ္တေယျ၊ ဝိပဿနာ စေ သမထံ အတိဝတ္တေယျ၊ ဥဒ္ဓစ္စ ပက္ခိကတ္တာ။ ဝိပဿနာယ စိတ္တံ ဥဒ္ဓစ္စာယ သံဝတ္တေယျ။ တသ္မာ သမထောစ ဝိပဿနံ အနတိဝတ္တမာနော ကောသဇ္ဇ ပါတံ နကရောတိ။ ဝိပဿနာ သမထံ အနတိဝတ္တမာနာ ဥဒ္ဓစ္စ ပါတံ နကရောတိ။ သမထော သမံ ပဝတ္တမာနော ဝိပဿနံ ဥဒ္ဓစ္စ ပါတတော ရက္ခတိ။ ဝိပဿနာ သမံ ပဝတ္တမာနာ သမထံ ကောသဇ္ဇ ပါတတော ရက္ခတိ။ ဧဝ မိမေ ဥဘော အညမညံ အနတိ ဝတ္တနကိစ္စေန ဧက ကိစ္စာ သမာဟုတွာ ပဝတ္တမာနေန အညမညံ အနတိ ဝတ္တမာနာ အတ္ထ သိဒ္ဓိကရာ ဟောန္တိ။ တေသံ မဂ္ဂက္ခဏေ ယုဂနဒ္ဓတ္တံ ဝုဋ္ဌာန ဂါမိနီ ဝိပဿနက္ခဏေ ယုဂနဒ္ဓတ္တာ ယေဝ ဟောတိ။ (ပါဠိတော်။)

(အနက်ကား) သမထော၊ သမထဘာဝနာသည်။ ဝိပဿနံ၊ ဝိပဿနာ-ဘာဝနာကို။ စေ၊ အကယ်၍။ အတိ ဝတ္တေယျ၊ လွန်ငြားအံ့။ ဧဝံ-သတိ၊ ဤကဲ့သို့-သမထက

ဝိပဿနာကို လွန်သည်ရှိသော်။ သမထဿ စိတ္တံ၊ သမထ၏ စိတ်ကို။ (ဝါ) သမာဓိကြောင့် ဖြစ်သော စိတ်ကို။ ကောသဇ္ဇာယ။ ပျင်းရိခြင်း၌။ သံဝတ္တေယျ၊ ဖြစ်ရာ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ လီန ပက္ခိကတ္တာ၊ တွန့်တို နှောင့်နှေးမှု၏ အသင်းအပင်းဖြစ်သောကြောင့်တည်း။

ဝိပဿနာ၊ ဝိပဿနာဘာဝနာသည်။ ဝေ၊ အကယ်၍။ သမထံ၊ သမထ ဘာဝနာကို။ အတိဝတ္တေယျ၊ လွန်ငြားအံ့။ ဧဝံ-သတိ၊ ဤသို့ လွန်သည်ရှိသော်၊ ဝိပဿနာယ စိတ္တံ၊ ဝိပဿနာစိတ်ကို၊ (ဝါ) ဝိပဿနာကြောင့် ဖြစ်သော ဉာဏ်ကို။ ဥဒ္ဓစ္စာယ၊ ပျံ့ လွင့် ခြင်း ၌ ။ သံ ဝတ္တေယျ၊ ဖြစ်ရာ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဥဒ္ဓစ္စ ပက္ခိကတ္တာ၊ စိတ်၏ ပျံ့လွင့်ခြင်း၏ အသင်းအပင်းဖြစ်သောကြောင့်တည်း။

တသ္မာ၊ ထို့ကြောင့်။ သမထောစ၊ သမထ-ဘာဝနာသည်လည်း။ ဝိပဿနံ၊ ဝိပဿနာ-ဘာဝနာကို။ အနတိဝတ္တမာနော၊ မ လွန် သည် ရှိ သော်။ ကောသဇ္ဇပါတံ ပျင်းရိခြင်း၌ ကျရောက်ခြင်းကို။ န ကရောတိ၊ မပြု။

ဝိပဿနာ၊ ဝိပဿနာ ဘာဝနာသည်။ သမထံ၊ သမထ-ဘာဝနာကို။ အနတိဝတ္တမာနာ။ မလွန်သည်ရှိသော်၊ ဥဒ္ဓစ္စ ပါတံ၊ စိတ် ပျံ့လွင့်ခြင်း၌ ကျရောက်ခြင်းကို။ န ကရောတိ။ မပြု။

သမထော၊ သမထဘာဝနာသည်။ သမ ပဝတ္တမာနေန၊ အညီအမျှကို ဖြစ်စေလျက်။ ဝိပဿနံ၊ ဝိပဿနာဘာဝနာကို၊ ဥဒ္ဓစ္စ ပါတတော၊ ဥဒ္ဓစ္စသို့ ကျရောက်ခြင်းမှ၊ ရက္ခတိ၊ စောင့်ရှောက်၏။

ဝိပဿနာ၊ ဝိပဿနာဘာဝနာသည်။ သမံ ပဝတ္တမာနာ၊ အညီ အမျှကိုဖြစ်စေလျက်၊ ကောသဇ္ဇပါတတော၊ ပျင်းရိခြင်းသို့ကြရောက်ခြင်းမှ၊ ရက္ခတိ။ စောင့်ရှောက်၏၊ ဧဝံ၊ ဤသို့ပြဆိုခဲ့သည့်အတိုင်း။ ဣမေ ဥဘော၊ ဤနှစ်ပါးစုံသော သမထ-ဝိပဿနာ,ဘာဝနာသည်၊ အညမညံ၊ အချင်းချင်း၊ အနတိဝတ္တန ကိစ္စေန၊ မလွန်သောကိစ္စဖြင့်။ ဧက ကိစ္စာ၊ တကိစ္စာတည်း တူညီသော ကိစ္စ သည်၊ သမာ ဟုတွာ၊ အညီအညွတ်ဖြစ်စေ လျက်။ ပဝတ္တမာနေန၊ အတူတကွဖြစ်ခြင်းဖြင့်။ အညံ မညံ၊ အ ချင်း ချင်း ။ အနတိဝတ္တ မာနာ၊ မလွန်ကြကုန် မူ၍၊ အတ္ထ သိဒ္ဓိကရာ။ အကျိုး ကျေးဇူး၏ ပြီးမြောက်ခြင်းကို ပြုကုန်သည် ။ ဟောန္တိ ၊ ဖြစ်ကုန်၏ ။ တေသံ။ ထို နှစ်ပါး သော ဘာဝနာတို့ အား။ မဂ္ဂက္ခဏေ၊ မဂ်၏ ခဏ၌ ။ ယုဂနဒ္ဓတ္တံ ၊ အစုံ ယှဉ်တွဲ၍ ဖြစ်သည်၏ အဖြစ် သည်။ ဝုဋ္ဌာ ဂါမိနီ ဝိပဿနက္ခဏေ၊ သင်္ခါရုပေက္ခာ ဉာဏ်၏ အ ထက် ဖြစ်သော ဝိပဿနာဉာဏ် ခဏ၌။ ယုဂနဒ္ဓတ္တာယေဝ၊ အတူ တကွ ယှဉ်တွဲ၍ဖြစ်သည်၏ အဖြစ်ကြောင့် သာ လျှင်၊ (ဝါ) သမာဓိ နှင့်ပညာ,အတူတွဲ၍ ဖြစ်သည်၏ အဖြစ်ကြောင့် သာ လျှင်။ဟောတိ။ ဖြစ်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်။ရင်းအဋ္ဌကထာတို့၌ **သမထ နှင့် ဝိပဿနာကိုတွဲ၍) (သမာဓိနှင့် ပညာကိုတွဲလျက်)** မဂ်ဆိုက်ပုံကို ပြတော်မူသည်။

ထို့ကြောင့် ပဌမ သမထခဏ်း၌ ပြဆိုခဲ့သည့် အတိုင်း အာနာ ပါနာသတိ ကို သမထ နည်း, ဝိပဿနာ နည်း, တည်းဟူသော ဒွန်တွဲနည်း ဖြင့် အားထုတ် ပွါးများ အပ် သည်သာတည်း။

(တခုကို-တခုက အနိုင်မယူနိုင်ကြောင်းကို ထောက်ခံသော သာဓက ပါဠိဟူ၍။ ဂဏ္ဌထ ၊မှတ်ကြကုန်လော့။)

**ကောက်နုတ်ချက်။** ။သမာဓိလွန်လျှင် ပြင်း။

ဝိပဿနာလွန်လျှင် ပြန့်သည်တရပ်။

ယုဂနဒ္ဓသည် ပဋိဘာဂ နိမိတ် ပေါ်၌ ပင် ဝိပဿနာ တင်သောကြောင့် ယုဂနဒ္ဓ-ယူကြသေး၏။

မုချအားဖြင့် ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ ဉာဏ်ရသော အချိန်၌ သမာဓိနှင့် ဝိပဿနာ (ဝါ) ဧကဂ္ဂတာ နှင့် ပညာ ဖြသတူသည်ကိုသာ ယုဂနဒ္ဓ ခေါ်ရမည်။ ။

သမထနှင့် ဝိပဿနာ တွဲမှု
အကျိုးပြီးစီးပုံကို ပြဆိုခန်းပြီး၏။

## ပညာမရှိသော ဒုပ္ပညာနှင့် ပညာရှိသော ပဏ္ဍိတတို့၏ အကြောင်း။

ထိုအချက်ကြီးများကို သဘောပါပါ နှင့် ဒီနည်းဆိုး ငါးခေါက်လောက် ကြည့်ရှုမှတ်သားပြီး လျှင် ကိုယ့်ဟာကို စဉ်းစားရမည်မှာ ငါသည် အန္ဓပုထုဇဉ်လား။ ကလျာဏ ပုထုဇဉ်လားဟု အကြိမ်ကြိမ် အထပ်ထပ်, စဉ်းစားကြကုန်။ အန္ဓပုထုဇဉ် ဖြစ်နေသေးသို့ ရှိလျှင် ရှေ့ကို တဆင့်တိုး၍ အားထုတ်ကြရမည်။ သုဒိတ, နက္ခတ ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်း တို့ ရှေ့ကို တဆင့် တိုး ၍ အားထုတ်သော နည်းလမ်းကြီးများ ကို ကောင်း မွန် စွာ မှတ်ကြ။

လောကကြီး၌ ပုဂ္ဂိုလ်, အမျိုးမျိုး အစားစားရှိကြကုန်၏။ အချို့ ပုဂ္ဂိုလ်မှာ ပညာ နည်းပါး၏။ ပညာ မရှိ သော သူကို (**ဒုပ္ပညာ ပညာမဲ့**) ဟူ၍ ဆိုကြကုန်၏။

ဒိုး....ပုဂ္ဂိုလ် အပေါင်းတို့ အဘယ် အခါမှ လောက် သော အကြောင်းဖြင့် မသိ ခြင်းကို ပညာမဲ့ ဟူ၍ ဆိုအပ် ပါသနည်းဆိုသော်....

၁။ ဤတရားသည် သစ္စာလေးပါး,(**ဆင်းရဲဒုက္ခသည်း**) ဟူ၍ မသိတတ်သည်တကြောင်း။

၂။ ဤတရားသည် (**ဆင်းရဲဒုက္ခ၏ အကြောင်းဘည်း**) ဟူ၍ မသိသည် တကြောင်း။

၃။ ဤတရားသည် (ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာတည်း) ဤသို့မသိတတ်သည့်တကြောင်း။

၄။ ဤတရားသည် (ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တည်း) ဟူ၍ မသိတတ်သည့်တကြောင်း။

ထိုတရား လေးပါး ကို ဟုတ်တိုင်း မှန်စွာ မသိတတ် သောကြောင့် (ဒုပ္ပညာ) မညာခဲ့သည် ဟူ၍ဆို အပ် ၏။

(ဒုပ္ပညာပုဂ္ဂိုလ်ဟုမှတ်ကြ။)

ပညာရှိ ဆိုသည်မှာ အဘယ် မျှလောက် အကြောင်း ကိုသိ၍ ပညာရှိဟု ခေါ်ဆိုအပ်ပါသနည်းဟု ဆိုသော် ထူးသောပညာ ဖြင့် သိတတ် သောကြောင့် ပညာရှိ ဟု ဆိုအပ်၏။ ထူးသော ပညာ ဖြင့် အဘယ် တရားများ ကို သိတတ်ပါသနည်း ဟူ မူကား....

၁ ဤတရားသည် ဆင်းရဲဒုက္ခတည်း ဟူ၍ သိတတ် သည့်တကြောင်း။ (ဒုက္ခသစ္စာ)

၂ ဤတရားသည် ဆင်းရဲ ဒုက္ခ၏ အကြောင်းတည်း ဟူ၍ သိတတ်သည့်တကြောင်း။

(သမုဒယသစ္စာ) လက်ရှိ ၂ ပါး။

၃ ဤတရားသည် ဆင်းရဲဒုက္ခ၏ ချုပ်ရာတည်း ဟူ၍ သိတတ်သည့်တကြောင်း။

(နိရောဓသစ္စာ)

၄ ဤတရားသည် ဆင်းရဲဒုက္ခ၏ ချုပ်ငြိမ်းရာသို့ရောက် ကြောင်း အကျင့်တည်း ဟူ၍ သိ တတ်သည်တကြောင်း၊

(မဂ္ဂသစ္စာ) မရသေး။

ထိုကဲ့သို့ သိတတ်သော အကြောင်းတို့ကြောင့် ထို ပုဂ္ဂိုလ်ကိုပညာရှိဟူ၍ ဆိုအပ်၏။ (ထိုသို့သိခြင်းကို ပညာ ရှိဟုမှတ်ကြ။

အို.... သူတော်ကောင်းအပေါင်းတို့။ ငါးပါးသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့ကို မြတ်စွာဘုရားသည် (သက္ကာယ) ဟူ၍ ဟောတော်မူ၏။

## အဘယ်ခန္ဓာတို့နည်းဟူမူကား။

၁။ ရုပ်ဟူသော ဥပါဒါန်၏ အာရုံဖြစ်သောခန္ဓာလည်းကောင်း။

၂။ ဝေဒနာဟူသောဥပါဒါန်၏ အာရုံဖြစ်သောခန္ဓာလည်းကောင်း။

၃။ သညာဟူသောဥပါဒါန်၏ အာရုံဖြစ်သောခန္ဓာလည်းကောင်း။

၄။ သင်္ခါရဟူသောဥပါဒါန်၏ အာရုံဖြစ်သောခန္ဓာလည်းကောင်း။

၅။ ဝိညာဏ်ဟူသောဥပါဒါန်၏ အာရုံဖြစ်သောခန္ဓာလည်းကောင်း။

အို....သူတော်ကောင်းအပေါင်းတို့၊ ဤငါးပါးသော ဥပါဒါန်၏ အာရုံဖြစ်သောခန္ဓာ,တို့ကို သက္ကာယ, သက္ကာ ယ,ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

ထို့ကြောင့် မိမိခန္ဓာငါးပါး အပေါင်းကို သက္ကာယ, ဟူ၍မှတ်၊ ကောင်းစွာသိအောင် နှလုံးသွင်းကြကုန်။

သဒ္ဓေဿ သံ ဝိဇ္ဇာမာနော ကာယေဟ သင်္ကာယေဟ။

(ပရမတ္ထဒီပနီ)

သင်္ခါရဟု၌ အလွဲသုံးစားပြုသော တရားသည် အဘယ်တရားတို့ပါနည်းဆိုသော်။

အကြွင်တတျာသည် တဖန်ဘဝသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်မှု, တတ်မက်မှုနှင့်တကွ ဖြစ်၍ဖြစ်၏။ ထိုထိုအာရုံ ကာမဂုဏ်တို့၌ အလွန်နှစ်သက်တတ်၏။ အဘယ်တဏှာနည်းဟူမူကား ဝဏ္ဏအာရုံကို တတ်, နှစ်သက်ခြင်းဖြစ်သော ကာမတဏှာလည်းကောင်း။ အကြွင်တော်တမှုနှင့် ယှဉ်သော ဘဝတဏှာလည်းကောင်း။ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော ဝိဘဝ တဏှာလည်းကောင်း။ (အရိသူတော်ကောင်းအပေါင်းတို့) ဤတရားသုံးပါးအပေါင်းသည် သင်္ကာယဒိဋ္ဌိ အလွဲသုံးစား ပြုခြင်းအကြောင်းဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။ ထိုတဏှာ သုံးပါးသည် မိမိတို့ ခန္ဓာငါးပါး၌ အမြဲမပြတ် ဘိစီး နှိပ်စက်လျက်ရှိ၏။

ထို့ကြောင့် အပါယ်လေးပါးသို့ ကျရောက်စေတတ်သော မိမိခန္ဓာငါးပါး၌ ရှုရှုမြဲပြင်ဝင်နေသော (သင်္ကာယဒိဋ္ဌိ) တရားကြီးများကို အဆောတလျင် ပယ်သတ်ချုပ်ငြိမ်းရန် အလွန်တရာ အရေးကြီး သဖြင့် ကြတော့သည်။ သင်္ကာယေ ဒိဋ္ဌိ, သင်္ကာယဒိဋ္ဌိ။

အဘယ်တရားကို သဏ္ဍာယ၏ ချုပ်ငြိမ်းမှုဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်ပါသနည်း ဆိုသော်.... ထိုတဏှာ၏သာလျှင် အကြွင်းအကျန်မဲ့ ရာဂ၏ချုပ်ငြိမ်းမှုသည်ရှင်း။ အကြွင်း စွန့်မှုသည်ရှင်း။ အကြွင်း တောင့်တ အာသာ မရှိမှုသည်ရှင်း။ ဤတဏှာ၏ ချုပ်ငြိမ်းခြင်းကို သဏ္ဍာယ၏ ချုပ်ငြိမ်းမှုဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏။ ။သဏ္ဍာယ၏ချုပ်ငြိမ်းမှုသို့ ရောက်ကြောင်း အကျင့်သည် အဘယ်တရားကို သဏ္ဍာယချုပ်ငြိမ်းမှုသို့ ရောက်ကြောင်း အကျင့်ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်ပါသနည်းဆိုသော်....

အို....သူတော်ကောင်းအပေါင်းတို့ မြတ်သော အင်္ဂါ ရှစ်ပါးရှိသော ဤလမ်းကိုသာလျှင် သဏ္ဍာယ, ချုပ်ငြိမ်းမှုသို့ ရောက်ကြောင်း အကျင့် ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူ၏။

## အဘယ်အင်္ဂါရှစ်ပါးတို့နည်းဟူမူကား

၁။ ကောင်းသော မြင်ခြင်း။

၂။ ကောင်းသော အကြံကို ကြံခြင်း။

၃။ ကောင်းသော စကားကို ပြောဆိုခြင်း။

၄။ ကောင်းသော အမှုကို ပြုလုပ်ခြင်း။

၅။ ကောင်းသော အသက်မွေးခြင်း။

၆။ ကောင်းသော အားထုတ်ခြင်း။

၇။ ကောင်းသော အောင်းမေ့ခြင်း။

၈။ ကောင်းသော တည်ကြည်ခြင်း။ ။

ဤအင်္ဂါ, ရှစ်ပါးတို့ပေတည်းဟု မြတ်စွာဘုရားဟော တော်မူအပ်၏။ (မဂ္ဂင်ရှစ်ပါး။)

ဝိပဿနာ, သမ္မာဒိဋ္ဌိ၏ဖြစ်ခြင်း၏ အဘယ်မျှလောက် အကြောင်းရှိပါသနည်းဆိုသော် (အို-သူတော်ကောင်း အပေါင်းတို့ ) ဝိ ပ ဿ နာ , သမ္မာဒိဋ္ဌိ၏ ဖြစ်ခြင်း၏ အကြောင်းတို့သည် နှစ်ပါးရှိ၏။

၁။ သူတပါးတို့ထံမှ တရားကိုနာရခြင်း။ (ပရတော ဃောသ လည်းကောင်း။)

၂။ အသင့်အားဖြင့် နှလုံးသွင်းခြင်း။ (ယောနိသော မနသိကာရ လည်းကောင်း။) ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ် ခြင်း၏ အကြောင်းသည် ဤနှစ်ပါးတို့ပေတည်း။

အဘယ်မျှလောက်သော အကြောင်း အင်္ဂါတို့သည် ချေးဖူးပြု၍ ချီးမြှောက်အပ်သည်ရှိသော် သမ္မာဒိဋ္ဌိသည် ထိုခဏ၌ ဖြစ်သောစိတ်၏ ကိလေသာမှ ကျွတ်လွတ်မှု ( စေတောဝိမုတ္တိ ) အကျိုးရှိသနည်း။ စိတ်၏ ကိလေ သာမှကျွတ်လွတ်မှု စေတောဝိမုတ္တိ, အကျိုးထူး အာနိ သင် ရှိသည်ဖြစ်၏။ ပညာဖြင့်ကိလေသာမှ ကျွတ်လွတ်မှု (ပညာ ဝိမုတ္တိ) အကျိုးထူးအာနိသင် ရှိသည်ဖြစ်၏။

(၁) ဤသာသနာတော်မြတ်ကြီး၌၊ သမ္မာဒိဋ္ဌိကို,သီလ သည် ချီးမြှောက်အပ်သည်သည်းဖြစ်၏။

(၂) တရားနာမှုသုတသည် ချိုးဖြောက်အပ်သည်လည်းဖြစ်၏။

(၃) တရားကို ဆွေးနွေးမေးမြန်းမှု သာကစ္ဆာသည် ချိုးဖြောက်အပ်သည်လည်းဖြစ်၏။

(၄) သမထ,ကမ္မဋ္ဌာန်းသည် ချိုးဖြောက်အပ်သည်လည်းဖြစ်၏။

(၅) ဝိပဿနာကမ္မဋ္ဌာန်းသည် ချိုးဖြောက်အပ်သည်လည်းဖြစ်၏။

ဤငါးပါးသော အကြောင်းအင်္ဂါတို့သည် ချိုးဖြောက်အပ်သည်ရှိသော် (သမ္မာဒိဋ္ဌိသည် စေတောဝိမုတ္တိ ဟူသော အကျိုးရှိသည်းလည်းဖြစ်၏။

စေတောဝိမုတ္တိ ဟူသော အကျိုး ထူး အာနိသင်ရှိသည်လည်းဖြစ်၏။ ပညာဝိမုတ္တိဟူသော အကျိုးရှိသည်လည်းဖြစ်၏။ ပညာဝိမုတ္တိဟူသော အကျိုးထူး အာနိသင်ရှိသည်လည်းဖြစ်၏။

အို....သူတော်ကောင်းအပေါင်းတို့။ ထိုသမ္မာဒိဋ္ဌိကို ချိုးဖြောက်အပ်သော အင်္ဂါ,ငါးပါးကို ကောင်းစွာမှတ်ကြ။ ကောင်းစွာနှလုံးသွင်းကြ။ မိမိတို့ ခန္ဓာငါးပါး၌ ထင်လင်း၍နေသော ဥပါဒါန်တရား ငါးပါးနှင့် သစ္စာယဒိဋ္ဌိ, အဏ္ဏဒိဋ္ဌိတရားကြီးများကို အမြစ်နှင့်တကွ ပဟာတဗ္ဗ, ပယ်သတ်ရန်မှာ ထိုသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်နှင့် ပရမတ္ထ

ဓမ္မသဘာဝကို ထိထိမိမိ, ပညာဉာဏ်မျက်စိဖြင့် သိမြင်ကြရအောင် (ကျိုးစားၡ၍အားထုတ်ကြ။ ကျိုးစား၍အား ထုတ်ကြ။)

## တရားများကို နှလုံးမသွင်းမိ သုတ်သင်အပ်သော တရားများအကြောင်း။

ရုပ် , နာမ် , တရားများကို နှလုံးမသွင်းမိ ရှေးအတ္တ၌ သုတ်သင်အပ်သော တရားများကို ပြဆိုပေအံ့ ကောင်း စွာမှတ်ကြ။

(ဉပရိပဏ္ဏာသ ပါဠိတော်ကြီး၌ လာသော ဂေါမောဂ္ဂ လာနသုတ်တွင် ဟောတော်မူသည်မှာ။ )

အိုရဟန်း လာခဲ့လော့။ ငါဘုရားဆုံးမသည့်အတိုင်း အသင်သည်ကျင့်လေလော့။ သင်သည် ဘောဇဥ်အာဟာ ရ၌ အတိုင်းအရှည်ကိုသိသည် ဖြစ်လေလော့။ ပညာဖြင့် ဆင်ခြင်၍ အစာအာဟာရကို သုံးဆောင်စားသောက်ရာ ၏။ လော်လီ လျှပ်ပေါ်၍ မြူးတူးခြင်းငှါ မမှိုဲရာ-မစားရာ။ မာန်ယစ်ခြင်းငှါမစားရာ။ တန်ဆာဆင်ခြင်းငှါ မစားရာ။ ကိုယ်ခန္ဓာ, ဆူဖြိုးစေခြင်းငှါ မမှိုဲရာ။ အကြင်မျှလောက် သော ကာလပတ်လုံး ဤ ကိုယ်ခန္ဓာ၏ တည်နေခြင်းငှါ, ဆာလောင်မွတ်သိတ်ခြင်းကို ပယ်ဖျောက်ခြင်းငှါ ဖြစ် သော သမထဘာဝနာ, ဝိပဿနာဘာဝနာ များကို အား

ထုတ်နိုင်စေခြင်းအကျိုးငှါ ချီးမြှောက် ထောက်ပံ့ခြင်း အကျိုးငှါ မှီဝဲရာ၏။ မှီဝဲရမည်။

ဤသို့ ဆွမ်း, အာဟာရကို မှီဝဲသဖြင့် အဟောင်းဖြစ်သော ဝေဒနာကိုလည်း ပယ်ဖျောက်အံ့၊ အသစ်ဖြစ်သော ဝေဒနာကိုလည်း မဖြစ်စေအံ့။ အကြင်ဆွမ်းအဟာရကို မှီဝဲရာ၌ ငါ့အား အပြစ်မရှိသော အဖြစ်သည်၎င်း ။ ချမ်းသာစွာ နေရခြင်းသည်၎င်း ဖြစ်လတံ့ဟု နှလုံးသွင်း၍ မှီဝဲရာ၏။ မှီဝဲရမည် (ထိုကဲ့သို့ဆုံးမတော်မူ၏)

ယခုအခါရှိကြကုန်သော- ဘုရားတပည့်သား, ယောဂီပုဂ္ဂိုလ်, ရဟန်း, ရှင်, လူ, သီလရှင်, ရသေ့, လူ့သူတော်, အပေါင်းတို့။ အဟာရ စားတိုင်းစားတိုင်း,မျိုတိုင်းမျိုတိုင်း မြတ်စွာဘုရား ဆုံးမတော်မူသည့် အတိုင်း ကောင်းစွာ ကြည့်ရှုမှတ်သား၍ စားကြရမည်။

(အဟာရစားပုံ, ဆုံးမတော်ပြီး၏။)

## ဣန္ဒြေခြောက်ပါး စောင့်ရှောက်ပုံနည်းအကြောင်း။

တဆင့်တိုး၍ ဆုံးမတော်မူသည့်မှာ။ အိုရဟန်းလာခဲ့လော့။ သင်သည်ဣန္ဒြေတို့၌ စောက်ရှောက်သော တံခါးရှိသည် ဖြစ်လေလော့။ မျက်စိဖြင့် ရူပါရုံကိုမြင်၍ မိန်းမ, ယောကျ်ားဟူသော နိမိတ်အာရုံကို ယူသည် မဖြစ်လင့်။ မယူလင့်။ လက်,ခြေ,မျက်နှာ,စသော ကိုယ်အင်္ဂါ အနုဗျဉ္ဇနနိမိတ်ကို ယူသည် မဖြစ်လင့်။ မယူလင့်။

အကြင်ကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို (အဘိဇ္ဈာဒေါမနဿ) ဟု ဆိုအပ်သော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်ပွါးရာကုန်၏။ ထို့ကြောင့် စက္ခုန္ဒြေကို စောက်ရှောက်ပိတ်ဆို့၍ နေလေလော့။ စက္ခုန္ဒြေကို ကောင်းစွာနိုင်အောင် စောင့်ရှောက်လေလေလော့။

နားဖြင့် အသံကိုကြား၍တဏှာ,ဥပါဒါန်အားဖြင့်သိမ်းပိုက်၍ ခံစားခြင်းကို မပြုရ။ နှာခေါင်းဖြင့် အနံ့ကိုနံရာ၌ တဏှာဥပါဒါန်အားဖြင့်သိမ်းပိုက်၍ ခံစားခြင်းကိုမပြုရ

လျှာဖြင့် အရသာအမျိုးမျိုးကိုလျက်၍ တဏှာဥပါဒါန်အားဖြင့်သိမ်းပိုက်၍ ခံစားခြင်းကို မပြုရ။

ကိုယ်ဖြင့်အကောင်း,အဆိုး,အပူ,အအေးတို့နှင့်တွေ့ထိရာ၌ တဏှာဥပါဒါန်အားဖြင့် သိမ်းပိုက်စွဲလမ်း၍ ခံစားခြင်းကို မပြုရ။ စိတ်ဖြင့် ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အစရှိသော အာရုံတို့ကိုသိရာ၌ နိမိတ်အာရုံကိုယူ၍ တဏှာဥပါဒါန်အားဖြင့် သိမ်းပိုက်၍ မခံစားရ။ အနုဗျဉ္ဇနနိမိတ်ကိုယူသည်မဖြစ်စေလင့်။ အကြင်ကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို (အဘိဇ္ဈာဒေါမနဿ) ဟု ဆိုအပ်သော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်ပွားများကုန်၏၊ ထို့ကြောင့် မနိန္ဒြေကို ကောင်းစွာနိုင်အောင် စောင့်ရှောက် လေလော့ဟု မြတ်စွာဘုရား ဆုံးမတော်မူလေ၏။

(ဣန္ဒြေခြောက်ပါး စောင့်ရှောက်ပုံ ဆုံးမခန်းပြီး၏။)

## ညဉ့်သုံးယာမ်၌ အားထုတ်အပ်သောနည်းလမ်း များ အကြောင်း။

ယခုအခါ၌ ရှိကြကုန်သော ရဟန်း, ရှင်, လူ, ရသေ့ လူသူတော်, ယောဂီအပေါင်း တို့။ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း ဇာဂရိယာနုယောဂ ခေါ်ကြပါ၊ စလုံး ကောင်းမွန်စွာမှတ်သား၍ လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းကြရမည်။ အတုလိုက်၍ ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းကြရမည်။

အို ရဟန်း သင်သည် လာခဲ့လော့။ နိုးကြားမှု၌ ယှဉ်သည်ဖြစ်၍ နေလေလော့။ နေ့အခါတွင် စင်္ကြံ သွားခြင်းဖြင့် နေ၍ ဆို့ပိတ်တတ်သော တရားတို့မှ စိတ်ကို သုတ်သင်လေလော့။ ညဉ့်၏ ပဌမယာမ်၌ စင်္ကြံ သွားခြင်းဖြင့်နေ၍ဆို့ပိတ်တတ်သောစိတ်ကို သုတ်သင်လေလော့။

မဇ္ဈိမယာမ်၌ လက်ျာနံတောင်းဖြင့်(ဝါ)ညာဘက် ကို စောင်း၍ ညာဘက်ခြေဖဝါးက အောက်ကထား။ ဘယ်ဘက်ခြေဖဝါးက အပေါ်တင်ပြီးလျှင် အနည်းငယ်ခြေမ တခုစာလောက် အပေါ်က နောက်ဆုတ်၍ သတိပညာနှင့် ပြည့်စုံစွာ ထအံ့ဟူသော အမှတ်သညာကို နှလုံး သွင်း၍ တော, သုံးတောင်ကို အစိုးရသော ခြသေ့်မင်းကြီးကဲ့သို့ အိပ်စက် ခြင်းကိုပြုရာ၏။

## ထိုနေရာတွင် သတိပြုရန်မှာ,

မဏ္ဍိမယာမ်ဆိုသည်မှာ-သန်းခေါင်ယာမ် အချိန်တွင် အိပ်ရမည်ဆိုသည်ဟူ၍မှတ်ကြ။ နာရီပြန် ၂-ချက်ကို ထရမည်။ ထိုအချိန်ကစ၍အာရုံ,တက်သည်တိုင်အောင် ပစ္ဆိမယာမ်ဟုခေါ်သည်။ တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်အရှင်မြတ်ကြီးတို့သည် ပဌမ ညဥ့်ဦးယာမ် အခါ၌ စကြံသွား၍ ၁၂-နာရီ အထိ အားထုတ်တော်မူကြသည်။ ၂ နာရီမျှကျိန်းစက်တော်မူကြ၍ နာရီပြန် ၂-ချက်လောက်ကို ထ၍မိုးလင်းအောင် အားထုတ်တော်မူကြသည်။

မိမိတို့၏စိတ်ကို- သန့်ရှင်းစင်ကြယ် အောင် ကောင်းစွာသုတ်သင်ရမည် ဟု မြတ်စွာ ဘုရား ဆုံးမတော် မူ၏။ သတိတရားနှင့်ကောင်းစွာယှဉ်၍ညဥ့်သုံးယာမ်တွင်(ပဌမ) (ဒုတိယ)ညဥ့်တို့၌စကြံသွား၍အားထုတ်ရခြင်း(တတိယ) ညဥ့်တို့၌ကျိန်းစက်ရခြင်း။

ယခုအခါ တရားကိုအားထုတ်ကြသော ရဟန်း,ရှင်, လူ,သီလရှင်, ရသေ့,လူသူတော်,ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ နှိုးကြားမှု၌ယှဉ်၍ အားထုတ်သော နည်းလမ်းများ ကို ကောင်းမွန်စွာ မှတ်သား၍ အားထုတ်ကြရမည်။

ညဥ့်သုံးယာမ်၌ ယောဂီပုဂ္ဂိုလ်တို့ အားထုတ်သော
နည်းလမ်း ပြီး၏။

## အရိယာပုတ်လေးပါး၌ အတိုချုပ် နှလုံးသွင်းနည်း အကြောင်း။

ရှေ့ကိုတဆင့်တိုး၍ ဆုံးမတော်မူသည်မှာ။
အိုရဟန်းလာခဲ့လော့။

ရှေးရှုကြည့်ခြင်း ကိုရင်း၊ ထိုမှ ဤမှ တောင် မြောက် လေးပါးကြည့်ခြင်းကိုရင်း၊ ပညာဖြင့် ဆင်ခြင်၍ ကြည့် လေလော့။ ကွေးခြင်း ကိုရင်း၊ ဆန့်ခြင်း ကိုရင်း၊ ပညာ ဖြင့် ဆင်ခြင်၍ ပြုလေ လော့။ ဒုကုဋ်, သင်္ပိတ် သက်န်း တို့ကိုဆောင်ရာ၌ ပညာအား ဖြင့် ဆင်ခြင်၍ ပြုလေ့ ရှိ သည် ဖြစ်လေလော့။ ကျင်ကြီးမှု ကျင်ငယ်မှုကို ပြုရာ၌ ပညာအားဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည် ဖြစ်လေလော့။ သွား သော အခါ, ရပ် သော အခါ, ထိုင် သော အခါ, အိပ်သောအခါ, နိုးသော အခါ, စကား ပြော သော အခါ ဆိတ်ဆိတ်နေသောအခါတို့၌ရင်း။ ပညာ အား ဖြင့် ဆင် ခြင်၍ ပြုလေ့ရှိသည် ဖြစ်လေလော့။

ထိုကဲ့သို့ အရိယာပုတ်လေးပါးတို့၌ သတိ စေတသိက် ကို အစဉ်မပြတ် သိအောင် နှလုံး သွင်းရ မည် ဟု ဟော တော်မူ၏။ အရင်လှမ်းသောခြေလှမ်းသည် နောက်ခြေလှမ်း သို့ မပါသည်ကို ကောင်းစွာနှလုံးသွင်းရမည်။

အရင်သိသောစိတ်သည် နောက်သိသောစိတ်သို့ မပါ။ စိတ်တချက်နှင့်တခု အပိုင်းပိုင်း ပြတ်အောင် ကြည့်ရမည်။ ထိုကဲ့သို့သိမှ သန္တတိ, အစဉ်ပြတ်အောင်သိ၍ ရုပ် အနိစ္စ နာမ် အနိစ္စကို ကောင်းစွာ သိနိုင်သည်ဟု မှတ်ကြပါ သူတော်ကောင်း အပေါင်းတို့။

(ဇာရီ သာပုတ်လေးပါး၌ အတိုချုပ်နှလုံးသွင်းနည်း ပြီး၏။

ထိုသို့ နှလုံးသွင်းခြင်းဖြင့် ဖြစ်ပေါ်သော အကျိုးတရားကို ရှေ့သို့ တဆင့်တိုး၍ ဆုံးမတော်မူသည်မှာ။ အိုရဟန်း, သင်သည် လာခဲ့လော့။တောအရပ်သို့ရင်း၊ သစ်ပင်အရင်း သို့ရင်း။ တောင်ဂူသို့ရင်း၊ သင်းချိုင်းသို့ရင်း၊ တောအုပ် သို့ရင်း၊ လွင်တီးခေါင်သို့ရင်း၊ ကောက်ရိုးပုံသို့ရင်း၊ ထို ကျောင်းအပေါင်းတို့တွင် ဆိတ်ငြိမ်သော ကျောင်းကိုမှီ၍ အားထုတ်လေလော့။

အို-ရဟန်း, သင်သည် သင့်တင့်လျောက် ပတ်သော ကျောင်းသို့နေ၍ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကိုဖြောင့်မတ် စွာထားလျက် ကမ္မဋ္ဌာန်းသို့ ရှေးရှု။ သတိကို ကောင်းစွာ ဖြစ်စေပြီးလျှင်ထိုင်နေ၏။ထိုကဲ့သို့အားထုတ်သော ရဟန်း သည် ခန္ဓာကိုယ်လောကကြီး၌တတ်မက်ခြင်း အဘိဇ္ဈာ ကိုပယ်၍ ကင်းသော အဘိဇ္ဈာ, ရှိသောစိတ် ဖြစ်နေ ၏။ အဘိဇ္ဈာမှစိတ်ကို စင်ကြယ်အောင် သုတ်သင်၏။

(၁) ညှင်းဆဲလိုမှု,အမျက်ထွက်မှုကို ပယ်၍ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကို အစဉ် စောင့်ရှောက်သည်ဖြစ်၍ မညှင်းဆဲ လိုသော စိတ်ဖြင့် နေ၏၊ ညှင်းဆဲလိုမှု အမျက်ထွက်မှု မှ စိတ်ကို ကောင်းစွာ သုတ်သင်၏။

(၂) စိတ်, စေတသိက် တို့၏ ထိုင်းမှိုင်း မှု ထိန, မိဒ္ဓကိုပယ်၍ အလင်းဟူသော အမှတ်ရှိသည်ဖြစ်၍ သတိကို ထင်စွာပြု၍ ပညာ အဆင်အခြင်နှင့် ပြည့်စုံ သည် ဖြစ် ၍ ကင်းသော ထိန, မိဒ္ဓ, ရှိသောစိတ်ဖြင့် နေ၏။ ထိန, မိဒ္ဓ, မှ စိတ်ကို ကောင်းစွာသုတ်သင်၏။

(၃) ဥဒ္ဓစ္စ, ကုက္ကုစ္စကိုပယ်၍ ကိုယ် တွင်း သန္တာန်၌ ငြိမ်းသောစိတ်ရှိသည်ဖြစ်၍ မတုန်မလှုပ်နေ၏။ ပြန့်လွင့်မှု နောက်တဖန်ပူပန်မှုဟူသော ဥဒ္ဓစ္စ, ကုက္ကုစ္စမှ စိတ်ကို ကောင်းစွာသုတ်သင်၏။

(၄) သို့လော-သို့လော တွေးတောယုံမှားမှု, ဝိစိကိစ္ဆာမှ စိတ်ကိုပယ်၍ ကူးမြောက်အပ်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍နေ၏။ ကုသိုလ်တရားတို့၌ သို့လော, သို့လော, တွေးတော ယုံမှားမှုကင်း၏၊ ဝိစိကိစ္ဆာမှ စိတ် ကောင်းစွာသုတ်သင်၏။

(၅) ထိုရဟန်းသည် စိတ်၏ ညစ်ညူးကြောင်းဖြစ်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်သော ဤအင်္ဂါ

ငါးပါးကို ပယ်ခွာနှုန့်ပြီးမှ ရုပ်,နာမ်တရားကို အားထုတ်တော်မူကြလေသည်။

သို့အတွက် ယခုအခါ၌ အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ် ရဟန်း,ရှင်,လူ, သီလရှင်, ရသေ့,လူသူတော်အပေါင်းတို့- အထက်၌ဖော်ပြခဲ့သော အချက်ကြီးများကိုကောင်းမွန်စွာ ကြည့်ရှုမှတ်သားပြီးမှ အားထုတ်ကြရမည် သူတော်ကောင်းအပေါင်းတို့-

(ရုပ်နာမ်တရားကို အားမထုတ်မီ သုတ်သင်အပ်သော ဝတ္တရားများကို ပြဆိုကော်ပြီး၏။)

## "စင်္ကြံပသာဒ၌ ဆင်ခြင်းပွါးများခန်း"

ဥပရိပဏ္ဏာသပါဠိတော်ကြီး၌ သားတော် ရာဟုလာကို ဟောတော်မူသော စူဠရာဟုလောဝါဒ သုတ်တော်မြတ်ဒေသနာကို ကောင်းမြတ်သော စေတနာနှင့်သေချာစွာ ဖွင့်လှစ်၍ ပြပေအံ့သတည်း။

မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း သားတော်ရာဟုလာသည် တရားတော်မြတ် ဒေသနာကို သေချာစွာမှတ်သား၍ ရှုကြည့်ပွားများသောအခါ (ပရမတ္ထသဘာဝ) ကို ထိထိမိမိ ဝိပဿနာဉာဏ်အလင်းပေါက်၍ သိမြင်ပြီးလျှင် တဏှာဥပါဒါန်တို့ဖြင့် တဲ့တရသော အာရုံကို

မှု မတွဲလမ်းမှု၍ အာသဝေါတရားတို့မှ မိတ်သည့်, လွတ်ကင်းလေ၏။

ထိုသားတော် ရာဟုလာကဲ့သို့ တျွှာမခြား အကြင်သူတော်ကောင်း အပေါင်းတို့သည် မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူရသော တရား ဒေသနာမြတ်ကြီး ကိုလေးမြတ် ရိုသေစွာ နာယူမှတ်သား၍ ရှုကြည့်ပွါးများ အားထုတ်ကြကုန်။

## ဝိပဿနာလုပ်ငန်း အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာရေး သုံးပါးဖြင့် စစ်တမ်းထုတ်ပုံ

၁။ မြတ်စွာဘုရားသည် အရှင်ရာဟုလာကို ဤသို့မိန့်တော်မူ၏။ အို ရာဟုလာ, ထိုငါဘုရား မေးလတံ့သော စကားတော်ကို သင်သည် အဘယ်သို့ မှတ်ထင်ခေအောင်း မေ့ဘိသနည်း။ (စက္ခုပသာဒသည် မြဲသလော မမြဲသလောဟု မေးတော်မူ၏)

ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါဘုရားဟု လျှောက်ထားလေ၏။ (အနိစ္စဝိပဿနာ)

၂။ အကြင်စက္ခုပသာဒသည် အမြဲမရှိ။ ထိုစက္ခုပသာဒသည် သုခလော, ဒုက္ခလောဟု မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား, ဒုက္ခအစစ်အမှန် ဖြစ်ပါ၏ဘုရားဟု လျှောက်လေ၏။ (ဒုက္ခဝိပဿနာ)

၃။ အကြင်စက္ခုပသာဒသည် အမြဲမရှိ၊ ဆင်းရဲ၏။ ဖောက်ပြန်တတ်သော သဘောရှိ၏။ ဤ စက္ခုပသာဒသည် ငါ၏ဥစ္စာတည်း။ ဤ စက္ခုပသာဒသည် ငါဖြစ်၏။ ဤစက္ခုပသာဒသည် ငါ၏အတ္တတည်းဟု ရှုခြင်းငှါ၊ ယူခြင်းငှါ သင့်ပါမည်လောဟု၍ မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ရှုခြင်းငှါ မသင့်ပါ။ ဤသို့ယူခြင်းငှါ မသင့်ပါဘုရားဟု လျှောက်ထားလေ၏။ (အနတ္တ ဝိပဿနာ။)

(စက္ခုပသာဒစစ်ကျော်ပြီး၏)

## "ရူပါရုံစစ်ခင်း"

သုတ်တော်ကောင်း အပေါင်းတို့ မြတ်စွာဘုရားမေးတော်မူသည့်အတိုင်း သားတော်ရာဟုလာ အရှင်မြတ်ကြီးကဲ့သို့ (သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ဖြင့်) စက္ခုပသာဒရုပ်၏ဖြစ်မှုပျက်မှုကို ဟုတ်တိုင်းမှန်စွာသိမြင်အောင် နှလုံးသွင်းကြကုန်။

၁။ အို....ရာဟုလာ, ထိုငါမေးလတ္တံ့သော စကားတော်ကို သင်သည် အဘယ်သို့မှတ်ထင်အောင်းမေ့ဘိသနည်း။ ရူပါရုံသည် မြဲသလော မမြဲသလော။

ဘုန်းတော်ကြီးသောမြတ်စွာဘုရား မမြဲပါဘုရား၊

၂။ အကြင်ရုပ်ါရုံသည် အမြဲမရှိ။ ထိုရုပါရုံသည် သုခလော, ဒုက္ခလော,။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဒုက္ခအစစ်အမှန် ဖြစ်ပါ၏ ဘုရားဟုလျှောက်ထားလေ၏။

၃။ အကြင်ရုပါရုံသည် အမြဲမရှိ, ဆင်းရဲ၏။ ဖောက်ပြန်တတ်သော သဘောရှိ၏။ ထိုရုပါရုံသည် ငါ၏ဥစ္စာတည်း။ ထိုရုပါရုံသည် ငါဖြစ်၏။ ထိုရုပါရုံသည် ငါ၏ အတ္တတည်းဟု ဤသို့ ရှုခြင်းငှါ, ဤသို့ ယူခြင်းငှါ သင့်ပါမည်လောဟု၍ မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ရှုခြင်းငှါ မသင့်ပါဘုရားဟုလျှောက်လေ၏။

(ရုပါရုံ စစ်ဆေး ပြီး၏။)

---

## "စက္ခုဝိညာဏ်၌စစ်ခက်း"

၁။ အိုရာဟုလာ, ထိုငါမေးလတ္တံ့သော စကားတော်ကို သင်သည် အဘယ်ကဲ့သို့ မှတ်ထင် အောင်းမေ့ဘိသနည်း၊ စက္ခု ဝိညာဏ်သည် မြဲသလော- မမြဲသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါ ဘုရားဟု လျှောက်လေ၏။

၂။ အကြင်စက္ခုဝိညာဏ်သည်အမြဲမရှိ။ ထိုစက္ခုဝိညာဉ်သည် ဒုက္ခလော သုခလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဒုက္ခအစစ်အမှန်ဖြစ်ပါ၏ဘုရားဟု လျှောက်လေ၏။

၃။ အကြင် စက္ခုဝိညာဏ်သည် အမြဲမရှိ။ ဆင်းရဲ၏၊ ဖောက်ပြန်တတ်သော သဘောရှိ၏။ ထိုစက္ခုဝိညာဏ်သည် ငါ၏ဥစ္စာတည်း။ ထိုစက္ခုဝိညာဏ်သည် ငါဖြစ်၏။ ထိုစက္ခု ဝိညာဏ်သည် ငါ၏ အတ္တတည်းဟု ဤသို့ရှုခြင်းငှာ ဤသို့ယူခြင်းငှာ သင့်ပါမည်လောဟု မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ရှုခြင်းငှါ, ဤသို့ယူခြင်းငှါ, မသင့်ပါဘုရားဟု လျှောက်ထားလေ၏။

(စက္ခုဝိညာဏ် စစ်ဆေး၊ ဤတွင်ပြီး၏။)

---

## "စက္ခု သမ္မဿ စစ်ဆေး"

ဒို-ရာဟုလာ, ငါမေးလတ်သော စကားကို အသင်သည် အဘယ်သို့ မှတ်ထင် အောက်မေ့သနည်း။

**စက္ခု သမ္ဖဿ** သည် မြဲသလော, မမြဲသလော။

ဘုန်းတော်ကြီးသောမြတ်စွာဘုရား မမြဲပါဘုရား။

**အကြင်စက္ခု သမ္ဖဿ** သည် အမြဲမရှိ၊ ထိုစက္ခု သမ္ဖဿသည် ဒုက္ခလော, သုခလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဒုက္ခအစစ် အမှန်ဖြစ်ပါ၏ဘုရား။

**အကြင် စက္ခုသမ္ဘဿ** သည် အမြဲမရှိ၊ ဆင်းရဲ၏ ဖောက်ပြန်တတ်သော သဘောရှိ၏။ ထိုစက္ခုသမ္ဘဿ သည် ငါ၏ ဥစ္စာတည်း။ ထိုစက္ခုသမ္ဘဿသည် ငါဖြစ် ၏။ ထိုစက္ခုသမ္ဘဿသည် ငါ၏အတ္တတည်းဟု ဤသို့ ရှုခြင်းငှါ၊ ဤသို့ ယူခြင်းငှါ၊ သင့်ပါမည်လောဟု မေး တော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ရှုခြင်းငှါ မသင့်ပါ။ ဤသို့ယူခြင်းငှါ မသင့်ပါဘုရားဟု လျှောက် ထားလေ၏။

(စက္ခုသမ္ဘဿစစ်ကေား ဤတွင် ပြီး၏။)

## "ခန္ဓာငါးပါး၌ စစ်ခေး"

အို-ရာဟုလာ၊ ငါမေးလတံ့သော စကားတော်ကို သင်သည် အဘယ်သို့ မှတ်ထင် အောင်းမေ့ဘိသနည်း။ စက္ခုသမ္ဘဿဟူသော အကြောင်းကြောင့် - ဤသို့ သ ဘော ရှိသော အကြင် ဝေဒနက္ခန္ဓာသည်၎င်း။ အကြင် သညာက္ခန္ဓာသည်၎င်း။ အကြင် သင်္ခါရက္ခန္ဓာသည်၎င်း။ အကြင် ဝိညာဏက္ခန္ဓာသည်၎င်း ဖြစ်၏။ ထိုခန္ဓာငါးပါး အပေါင်းဘို့သည်လည်း မြဲသလော၊ မမြဲသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား-မမြဲပါ ဘုရားဟု လျှောက်ထားလေ၏။

**အကြင်ခန္ဓာငါးပါးအပေါင်းသည်** အမြဲမရှိ ထိုခန္ဓာ

ငါးပါး အပေါင်းသည် ဒုက္ခလော, သုခလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဒုက္ခအစစ် အမှန် ဖြစ်ပါ၏ဘုရားဟု လျှောက်လေ၏။

**အကြောင်းခန္ဓာငါးပါးအပေါင်းသည်** ငါ၏ ဥစ္စာတည်း။ ထို ခန္ဓာငါးပါး အပေါင်းသည် ငါဖြစ်၏။ ထို ခန္ဓာငါး ပါးအပေါင်းသည် ငါ၏ အတ္တတည်းဟု ဤသို့ ရှုခြင်း ငှါ, ဤသို့ယူခြင်းငှါ သင့်ပါမည်လောဟု မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ ရှုခြင်းငှါ မသင့်ပါ ဤသို့ယူခြင်းငှါ မသင့်ပါဘုရားဟု လျှောက် ထားလေ၏။

(ခန္ဓာငါးပါး၌ စိစစ်ကျင့်ပုံ ဤတွင်ပြီး၏။)

---

သူတော်ကောင်းအပေါင်းတို့ မြတ်စွာဘုရားမေးတော် မူသည့်အတိုင်း ခန္ဓာငါးပါး အပေါင်းကို အရှင်ရာဟုလာ မထေရ်မြတ်ကြီးသည် အနိစ္စ ဝိဇ္ဇာဉာဏ်, ဒုက္ခ ဝိဇ္ဇာ ဉာဏ်, အနတ္တဝိဇ္ဇာဉာဏ်, ပေါက်ရောက် သိမြင်အောင် ရှုကြည့်သကဲ့သို့ အသင် သူတော်ကောင်း အပေါင်းတို့၏ ဉာဏ်ဝဲ၌ ထိုခန္ဓာငါးပါးအပေါင်းကို အနိစ္စဝိဇ္ဇာ, ဒုက္ခ ဝိဇ္ဇာ, အနတ္တဝိဇ္ဇာဉာဏ်, အလင်းပေါက်အောင် ရှုကြည့် ပွားများ အားထုတ်ကြရမည်။

## "ပသာဒများနှင့် မနောဒွါရ၌ စစ်ခမ်း"

ရှေ့သို့တခဆင့်တိုး၍မေးတော်မူပြန်သည်မှာ အိုရာဟု
လာ,

သောတပသာဒ သည် မြဲသလော, မမြဲသလော။
ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါဘုရား။
ဃာနပသာဒ သည် မြဲသလော, မမြဲသလော။
ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါဘုရား။
ဇိဝှါပသာဒ သည် မြဲသလော, မမြဲ သလော။
ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါဘုရား။
ကာယပသာဒ သည် မြဲသလော, မမြဲသလော။
ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါဘုရား။
မနောဒွါရ သည် မြဲသလော, မမြဲသလောဟု မေး
တော်မူ၏။
ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါဘုရားဟု
လျှောက်ထားလေ၏။

အကြင်မနောဒွါရသည် အမြဲမရှိ၊ထို မနောဒွါရသည်
ဒုက္ခလော, သုခလောဟု မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခအစစ်
အမှန်ဖြစ်ပါ၏ ဘုရားဟု လျှောက်ထားလေ၏။

အကြင်မနောဒွါရသည် အမြဲမရှိ, ဆင်းရဲ၏၊ ဖောက်
ပြန်တတ်သော သဘောရှိ၏။ ဤမနောဒွါရသည် ငါ၏
ဥစ္စာတည်း။ ဤမနောဒွါရသည် ငါဖြစ်၏၊ ဤမနောဒွါရ

သည် ငါ၏အတွက်ကြောင့်ဟု ဤသို့ရှုခြင်းငှါ, ဤသို့ယူခြင်းငှါ သင့်ပါမည်လောဟု မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ ရှုခြင်းငှါ မသင့်ပါ၊ ဤသို့ယူခြင်းငှါ မသင့်ပါဘုရားဟု လျှောက်ထားလေ၏၊

(မနောဒွါရစစ်ခန်း ဤတွင်ပြီး၏။)

---

## "ဓမ္မာရုံစစ်ခမ်း"

အို....ရာဟုလာ, ငါ မေးလတံ့သောစကားကို သင်သည်အဘယ်သို့ မှတ်ထင် အောင်းမေ့သနည်း။ ဓမ္မာရုံတို့သည် မြဲသလော, မမြဲသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါဘုရား။

**အကြင်ဓမ္မာရုံသည်** အမြဲမရှိ၊ ထိုဓမ္မာရုံသည် ဒုက္ခလော, သုခလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဒုက္ခအစစ်အမှန်ဖြစ်ပါ၏ဘုရား။

**အကြင်ဓမ္မာရုံသည်** အမြဲမရှိ, ဆင်းရဲ၏။ ဖောက်ပြန်တတ်သောသဘောရှိ၏။ ထိုဓမ္မာရုံသည် ငါ၏ဥစ္စာတည်း။ ထိုဓမ္မာရုံသည် ငါဖြစ်၏။ ထိုဓမ္မာရုံသည် ငါ၏ အတွက်ကြောင့်ဟု ဤသို့ ရှုခြင်းငှါ, ဤသို့ယူခြင်းငှါ သင့်ပါမည်လောဟု မေးတော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤသို့ ရှုခြင်းငှါ,

မသင့်ပါ။ ဤသို့ယူခြင်းငှါ မသင့်ပါဘုရားဟု လျှောက်လေ၏။

(စက္ခုရုံစခန်း ဤတွင်ပြီး၏။)

## "မနောဝိဥာဏ်စခန်း"

အို-ရာဟုလာ, ငါမေးလတံ့သောစကားကို သင်သည် အဘယ်သို့ မှတ် ထင် အောင်းမေ့ဘိ သနည်း။ မနော ဝိညာဏ်သည် မြဲသလော, မမြဲသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား မမြဲပါဘုရား။

**အကြင် မနော ဝိညာဏ် သည်** အမြဲ မရှိ။ ထို မနော ဝိညာဏ်သည် ဒုက္ခလော, သုခလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဒုက္ခအစစ် အမှန် ဖြစ်ပါ၏ဘုရား။

**အကြင် မနောဝိညာဏ် သည်** အမြဲ မရှိ, ဆင်းရဲ၏။ ဖောက်ပြန်တတ်သော သဘောရှိ၏၊ ထိုမနောဝိညာဏ် သည်ငါ၏ဥစ္စာတည်း။ ထို မနောဝိညာဏ်သည်ငါဖြစ်၏။ ထိုမနောဝိညာဏ်သည် ငါ၏ အတ္တတည်းဟု ဤသို့ရှုခြင်း ငှါ ဤသို့ယူခြင်းငှါ သင့်ပါမည်လော။

ဘုန်းတော်ကြီး သော မြတ်စွာဘုရား ဤသို့ ရှုခြင်း ငှါ မသင့်ပါ။ ဤသို့ယူခြင်း ငှါ မသင့်ပါဘုရား ဟု လျှောက် လေ၏။

မနောဝိညာဏ်စခန်း ဤတွင်ပြီး၏၊

## "မနောသမ္ဘဿဇ္ဇ စစ်ခက်း"

အို ရာဟုလာ, ငါမေးလတ်ံ့သော စကားတော်ကို သင်သည် အဘယ်သို့ မှတ်ထင်အောင်းမေ့ဘိ သနည်း။ မနောသမ္ဖဿသည် မြဲသလော, မမြဲသလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားမမြဲပါ ဘုရား။

**အကြောင်းမနောသမ္ဖဿသည်**အမြဲမရှိ။ထိုမနောသမ္ဖဿ သည် ဒုက္ခလော, သုခလော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဒုက္ခအစစ် အမှန် ဖြစ်ပါ၏ဘုရား။

အကြောင်း မနောသမ္ဖဿ သည် အမြဲ မရှိ, ဆင်းရဲ ၏ ဖောက်ပြန်တတ်သော သဘောရှိ၏။ ထိုမနော သမ္ဖဿ သည် ငါ၏ ဥစ္စာတည်း။ ထို မနောသမ္ဖဿသည် ငါဖြစ်၏။ ထိုမနောသမ္ဖဿသည် ငါ၏ အတ္တတည်းဟု ဤသို့ ရှုခြင်း ငှါ, ဤသို့ ယူခြင်းငှါ သင့်ပါမည်လောဟု မေးတော်မူ၏။

ဘုန်းတော်ကြီး သော မြတ်စွာ ဘုရား ဤသို့ ရှုခြင်း ငှါ ဤသို့ယူခြင်းငှါ မသင့်ပါဘုရားဟု လျှောက်လေ၏။

(မနောသမ္ဖဿစစ်ခက်း ဤတွင်ပြီး၏။)

---

## ခန္ဓာငါးပါးအပေါင်းကိုစစ်ခက်း

အို ရာဟုလာ, ထိုငါမေးလတ်ံ့သော စကားကို သင် သည် အဘယ်သို့ မှတ်ထင် အောင်း မေ့ ဘိ သ နည်း။

အကြင် မနော သမ္ဖဿ ဟူသော အကြောင်း ကြောင့် ဤသို့သဘော ရှိသော အကြင် ဝေဒနက္ခန္ဓာ သည် ၎င်း၊ အကြင်သညာက္ခန္ဓာသည်၎င်း၊ အကြင်သင်္ခါရက္ခန္ဓာသည် ၎င်း၊ အကြင်ဝိညာဏက္ခန္ဓာသည်၎င်း ဖြစ်၏။ ထို ခန္ဓာ အပေါင်းသည် မြဲသလော, မမြဲသလော။

ဘုန်းတော်ကြီးသောမြတ်စွာဘုရား–မမြဲပါဘုရား။

အကြင် ခန္ဓာ ငါးပါး အပေါင်းသည် အမြဲမရှိ။ ထို ခန္ဓာငါးပါးအပေါင်းသည် ဒုက္ခလော, သုခလော။

ဘုန်းတော်ကြီးသောမြတ်စွာဘုရား–ဒုက္ခ အစစ်အမှန် ဖြစ်ပါ၏ဘုရား။ ။

အကြင်ခန္ဓာငါးပါးအပေါင်းသည် အမြဲမရှိ, ဆင်းရဲ၏၊ ဖောက်ပြန်တတ်သော သဘောရှိ၏။ ထိုခန္ဓာ ငါးပါးအပေါင်းသည် ငါ၏ ဥစ္စာတည်း။ ထိုခန္ဓာငါးပါး အပေါင်းသည် ငါဖြစ်၏။ ထိုခန္ဓာငါးပါး အပေါင်းသည် ငါ၏ အတ္တတည်းဟု ဤသို့ရှုခြင်းငှါ, ဤသို့ ယူခြင်းငှါသင့်ပါမည်လော။ ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ ငါ၏ကိုယ်တည်းဟု ရှုခြင်းငှါ မသင့်ပါ၊ ဤသို့ယူခြင်း ငှါ မသင့်ပါဘုရားဟုလျှောက် ထားလေ၏။ ။

(ခန္ဓာငါးပါးအပေါင်းကို ဤတွင်စစ်ဆေးပြီး၏)

## ခန္ဓာငါးပါးအပေါင်း၌ ငြီးငွေ့ပုံ။

အိုး- ရာဟုလာ, ဤသို့ရှုသော ဤသို့ယူသော ဤသို့ အကြားအမြင်ရှိသော အရိယာသာဝကသည် စက္ခုပသာဒ၌ ငြီးငွေ့လေ၏။ ရူပါရုံ၌ ငြီးငွေ့လေ၏။ စက္ခုဝိညာဏ်၌ ငြီးငွေ့လေ၏။ စက္ခုသမ္ဖဿ၌ ငြီးငွေ့လေ၏။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့်- ဤသို့ သဘောရှိသော အကြင်ဝေဒနက္ခန္ဓာသည်လည်း၊ အကြင်သညက္ခန္ဓာသည်လည်း၊ အကြင် သင်္ခါရက္ခန္ဓာသည်လည်း အကြင် ဝိညာဏက္ခန္ဓာသည်လည်း၊ ဖြစ်၏။ ထို ခန္ဓာငါးပါးအပေါင်း၌လည်း ငြီးငွေ့၏။ သောတပသာဒ၌ ငြီးငွေ့၏။ သဒ္ဒါရုံ၌ ငြီးငွေ့၏။ ဃာနပသာဒ၌ ငြီးငွေ့၏။ ဂန္ဓာရုံ၌ ငြီးငွေ့၏။ ဇိဝှါပသာဒ၌ ငြီးငွေ့၏။ ရသာရုံ၌ ငြီးငွေ့၏။ ကာယပသာဒ၌ ငြီးငွေ့၏။ ဖောဋ္ဌဗ္ဗာရုံ၌ ငြီးငွေ့၏။ မနောဒွါရ၌ ငြီးငွေ့၏။ ဓမ္မာရုံတို့၌ ငြီးငွေ့၏။

(ဤကား- ခန္ဓာငါးပါးအပေါင်း၌ အဇ္ဈတ္တ, ဗဟိဒ္ဓ
အပြစ်မြင်၍ ငြီးငွေ့ပုံပြီး၏။)

X X X

ငြီးငွေ့ပြီးသည်နောက်- ပေါ်ပေါက်လာသော အသိဉာဏ်များ။ ထို့ပြင်- မနောဝိညာဏ်၌ ငြီးငွေ့၏။ မနောသမ္ဖဿ၌ ငြီးငွေ့၏။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဤသို့သဘောရှိသော အကြင်ဝေဒနက္ခန္ဓာသည်

ငင်း၊ အကြွင်းသညာက္ခန္ဓာသည်ငင်း။ အကြွင်းသင်္ခါရက္ခန္ဓာသည်ငင်း။ အကြွင်းဝိညာဏက္ခန္ဓာသည် ငင်းဖြစ်၏။ ထိုခန္ဓာငါးပါးအပေါင်း၌လည်း ညီးငွေ့၏။ ညီးငွေ့သည်ရှိသော် တပ်ခြင်းကင်း၏၊ ကင်းခြင်းကြောင့် ကိလေသာတို့မှလွတ်၏။ ကိလေသာတို့မှ ကျွတ်လွတ်ရာ၌ ငါသည် ကိလေသာတို့မှ ကျွတ်လွတ်ရပေပြီဟု ထိုးသော အသိဉာဏ် ဖြစ်ပေါ်လာ၏။ ပဋိသန္ဓေယူနေခြင်းဖြစ်ပေါ်မှုဇာတိသည် ကုန်လေပြီ။ မြတ်သော အကျင့်သီတင်းကို ကျင့်သုံးအပ်ပြီ။ ပြုဘွယ် ကိစ္စတို့ကို ပြုအပ်လေပြီ။ ဤတဆယ့်ခြောက်ပါးသော မဂ်ကိစ္စအလို့ငှါ တဖန် မြတ်သော အကျင့်ကို ကျင့်ဘွယ်မရှိတော့ပြီဟု သိတော်မူ၏။

သားတော် ရာဟုလာ အရှင်မြတ်ကြီးသည် မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသော ရာဟုလောဝါဒသုတ်တော် ဒေသနာကို ကောင်းမွန် ရိုသေလေးမြတ်စွာ နာယူ မှတ်သားနေသောကြောင့်- မိမိခန္ဓာငါးပါးရုပ်,နာမ်. တရားကို အဇ္ဈတ္တ. ဗဟိဒ္ဓ, နှစ်ပါးစုံ (အနိစ္စဝိဇ္ဇာဉာဏ်) (ဒုက္ခဝိဇ္ဇာဉာဏ်) (အနတ္တဝိဇ္ဇာဉာဏ်) အလင်းပေါက်၍ အရိယာဝိဇ္ဇာအစစ် အာမှန်ဖြစ်ကြီး ဖြစ်လေတော့၏။

သားတော်ရာဟုလာ အရှင်မြတ်ကြီးနှင့်တကွ- တရားနာယူကြကုန်သော များစွာကုန်သော နတ်အပေါင်းတို့သည် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်, အလင်းပေါက်၍ မဂ်ဖိုလ်

တည်းဟူသော မွေ့စကျွယ်သည့် ထင်ရှား ဖြစ်ပေါ်ကြလေကုန်၏။ အကြောင်းဖြစ်ခြင်း ဟူသမျှ်သည် ရှိကုန်၏။ ထိုအလုံးစုံသော ဖြစ်ခြင်း သဘောဟူသမျှတို့သည် ချုပ်ခြင်းသဘောရှိ၏။ ချုပ်ခြင်း၌ အဆုံးရှိ၏ဟူ၍ ထူးသောပညာမျက်စိသည် ထင်ရှားဖြစ်လေ၏။

ဤသည်ကား– ဗုဒ္ဓရာဟုလောဝါဒ သုတ်တော်၌
ရှုကြည့် ပွါးများအပ်သော နည်းကိုဟောပုံ
ဤတွင်ပြီး၏။

---

သားတော်ရာဟုလာ အရှင်မြတ်ကြီးသည် ခန္ဓာငါးပါ ရုပ်,နာမ်,တရား (အဇ္ဈတ္တ) (ဗဟိဒ္ဓ)နှစ်ပါးစုံ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်၍ အရိယာဝိဇ္ဇာ, အစစ်အမှန်ဖြစ်သကဲ့သို့ ထိုနည်းတူစွာ မခြား တသားတည်းဖြစ်ကြစေရန် ယခုအခါ၌ အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်, ရဟန်း,ရှင်,လူ, လူသူတော်, ရသေ့,အပေါင်းတို့ ယခုဖေါ်ပြကဲ့သော ဗုဒ္ဓ ရာဟုလောဝါဒ သုတ်တော်မြတ် ဒေသနာကို သေချာစွာ မှတ်သား၍ သားတော်ရာဟုလာ အရှင်မြတ်ကြီးကဲ့သို့ မိမိတို့ခန္ဓာငါးပါးအပေါင်းကို အဇ္ဈတ္တ ဗဟိဒ္ဓ, နှစ်ပါးစုံ သမ္မာဒိဋ္ဌိအနုဝိဇ္ဇာဉာဏ်, ဒုက္ခဝိဇ္ဇာဉာဏ် အနတ္တဝိဇ္ဇာဉာဏ်, အလင်းပေါက်အောင် ရှုကြည့် ပွားများ အားထုတ်ကြရမည့်

ယောဂီပုဂ္ဂိုလ် အပေါင်းတို့။ ။ထို သုတ်တော်မြတ်ကြီး နှင့် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် အား မထုတ်နိုင်ကြသေးသော ယောဂီပုဂ္ဂိုလ် အပေါင်းတို့ အတွက် ဇရှ သိုက ဆင့် တိုး၍ အားထုတ်ကြရန် ပြဦးအံ့။

နိစ္စ၊ သုခ၊ သုဘ၊ အတ္တ၊ ရာမရ၊
အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ မဂ်ဖိုလ်ရ၊

—-()-—

## ပထမဒီပေါ်ကို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ရှုနည်း။

မဇ္ဈိမပဏ္ဏာသ ပါဠိတော်မြတ်ကြီး၌-ဟောတော်မူသော မဟာ ရာဟုလောဝါဒ, သုတ်တော်မြတ် ဒေသနာကိုသေ ချာစွာ ဖွင့်လှစ်၍ ပြပေအံ့သတည်း။

၁။ အရှင်ဘုရား အကျွန်ုပ်, အာနန္ဒာ မထေရ်သည် ဤသို့ဆိုလတံ့သောအတိုင်း(မဟာရာဟုလောဝါဒ)သုတ် ကိုနာကြား မှတ်သားလိုက်ရပါ၏၊

၂။ အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝယ်အနာထပိဏ်သူဌေး၏ နှလုံးမွေ့လျော်ဘွယ်ကောင်း သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏

ထိုအခါ-မြတ်စွာဘုရားသည် နံနက် အခါ၌ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍ သပိတ်, သင်္ကန်းကို ယူတော်မူလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ကြွဝင်တော်မူလေ၏။ အရှင် ရာဟုလာ မထေရ် သည်လည်း နံနက်အခါ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူလျက်မြတ်စွာဘုရား၏ နောက်တော်မှ အစဉ်လိုက်လေ၏။

ခဋ္ဋ ဖွဲ့အပ်သောအင်္ဂါ-၁၁ပါး။

၃။ ထိုအခါ-မြတ်စွာဘုရားသည် နောက်သို့ပြန် ကြည့် တော်မူ၍ အရှင်ရာဟုလာ မထေရ်ကို မိန့်တော်မူ၏....ဒိ ရာဟုလာ, အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ဖြစ်သောအလုံးစုံ သောရုပ်သည်ရင်း၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သောအကြင်ရုပ် သည်ရင်း၊ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော အကြင်ရုပ်သည်ရင်း ရုန့်ရင်းသောအကြင်ရုပ်သည်ရင်း၊ သိမ်မွေ့သောအကြင် ရုပ်သည်ရင်း၊ယုတ်သောအကြင်ရုပ်သည်ရင်း၊မြတ်သော အကြင်ရုပ်သည်ရင်း၊ အကြင်ဝေးသော ရုပ်သည်ရင်း၊ အကြင်နီးသောရုပ်သည်ရင်းရှိ၏။ အလုံးစုံသော ထိုရုပ် သည် ငါ၏ဥစ္စာမဟုတ်။ ဤရုပ်သည် ငါမဟုတ်။ ဤရုပ် သည် ငါ၏အတ္တ မဟုတ်ဟု ဤသို့-ထိုရုပ်ကို ဟုတ် မှန် သောအတိုင်း ကောင်းသောပညာဖြင့် ရှုအပ်၏ဟု မိန့် တော်မူ၏။

ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား - ရုပ်ကိုသာလျှင် ရှုအပ်ပါသလော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ရုပ်ကိုသာလျှင် ရှုအပ်ပါသလောဟု လျှောက်လေ၏။

အိ-ရာဟုလာ, ရုပ်ကိုလည်းရှုအပ်၏။ အိ-ရာဟုလာ, ဝေဒနာကိုလည်းရှုအပ်၏။ အိရာဟုလာ,သင်္ခါရကိုလည်း ရှုအပ်၏။အိရာဟုလာ, ဝိညာဏ် ကိုလည်း ရှုအပ်၏ဟု မိန့်တော်မူ၏။

၄ ထိုအခါ အရှင်ရာဟုလာသည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ အဆုံးအမတော်ဖြင့် အဆုံးအမကို ခံပါလျက် အဘယ်သူသည် ယနေ့ရွာတွင်းသို့ ဆွမ်းအလို့ငှါ ဝင်လတံ့နည်းဟု ကြံ၍ထိုအဆုံးအမပေးတော်မူရာ အရပ်မှ ပြန်ခဲ့၍ တခုသောသစ်ပင်ရင်း၌ထက်ဝယ် ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်စွာထားလျက် ကမ္မဋ္ဌာန်းသို့ရှေးရှု သတိတို့ဖြစ်စေ၍ ထိုင်နေ၏။

၅ အရှင်သာရိပုတ္တရာ မထေရ်သည်- အမှတ်မရှိသော သစ်ပင်ရင်း၌ထက်ဝယ်ဖွဲ့ခွေ၍ကိုယ်ကို ဖြောင့်စွာ ထားလျက်ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍ ထိုင်နေသော အရှင်ရာဟုလာကိုမြင်လေ၏။ မြင်၍အရှင်ရာဟုလာကို မိန့်ဆို၏။ အိ- ရာဟုလာ, ပွါးစေအပ်သော ထွက်သက်, ဝင်သက်၌ အောက်မေ့မှုဟူသော အာနာ

ပါဏာသတိ ကမ္မဋ္ဌာန်းကို ပွါးစေလော။ အို-ရာဟုလာ ပွါးစေအပ်သော အာနာပါဏာသတိ ကမ္မဋ္ဌာန်းကို ပွါးစေအပ်သည့်ရှိသောအကြိမ်များစွာအလေ့အလာပြုအပ်သည်ရှိသော် များသောအကျိုးရင်း ရှိသည့်ဖြစ်၏၊ များသောအကျိုးဆက် ရှိသည့်ဖြစ်၏ဟု မိန့်ဆိုလေသည်။

၆ ထိုအခါ အရှင်ရာဟုလာ မထေရ်သည် ညနေချမ်းအခါ တပါးတည်းကိန်းအောင်းရာမှထ၍ အကြင်အရပ်၌ မြတ်စွာဘုရားသည် ရှိတော်မူ၏၊ ထို အ ရပ် သို့ ချဉ်းကပ်လေ၏။ ချဉ်းကပ်ပြီး၍ မြတ်စွာဘုရားကို အလွန်ရှိသေစွာ ရှိခိုးလျက် သင့်တင့်လျောက်ပတ်စွာ နေထိုင်၏။ သင့်တင့်လျောက်ပတ်စွာ နေထိုင်ပြီးသော အရှင်ရာဟုလာ မထေရ်သည် မြတ်စွာဘုရားကို ဤသို့ လျှောက်လေ၏။

မြတ်စွာဘုရား, အာနာပါဏာ သတိကမ္မဋ္ဌာန်းကို အဘယ်ကဲ့သို့ ပွါးများအပ်သည့်ရှိသော် အဘယ်ကဲ့သို့ အကြိမ်များစွာ လေ့လာအပ်သည့်ရှိသော် များသောအကျိုးရင်းရှိသည်။ များသော အကျိုးဆက် ရှိသည် ဖြစ်ပါသနည်းဟု လျှောက်လေ၏။

၇ အို ရာဟုလာ, ပထဝီဓါတ်သည် အဘယ်နည်းဟူမူကား ပထဝီဓါတ်သည် အချို့ကား အဇ္ဈတ္တ

သဏ္ဌာနဒွန်ဖြစ်၏။ အချို့ကား- ဗဟိဒ္ဓ သဏ္ဌာနဒွန် ဖြစ်၏။ အို- ရာဟုလာ, အဇ္ဈတ္တ, သဏ္ဌာနဒွန်ဖြစ်သော ပထဝီဓာတ်သည် အဘယ်နည်းဟူမူကား အို-ရာဟုလာအသုံးရုံသောကိုယ်တွင်း သဏ္ဌာနဒွန်ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်၏ဥစ္စာဖြစ်သောခက်တရော်သောကြမ်းတမ်းသော သဘောရှိသော ဥပေတ မည်သော တရားသည် ယူအပ်သောကိုယ်ဒွန်ဖြစ်သော ရုပ်သည်ရှိ၏ ဤကိုယ်ဒွန်ဖြစ်သော ရုပ်သည် အဘယ်နည်းဟူမူကား-ဆံပင်တို့သည်၎င်း၊ အမွေးတို့သည်၎င်း၊ ခြေသည်း လက်သည်း တို့သည်၎င်း၊ သွားတို့သည်၎င်း၊ အရေတို့သည်၎င်း အသားတို့သည်၎င်း၊ အကြောတို့သည်၎င်း၊ အရိုးတို့သည်၎င်း၊ ရိုးတွင်းခြင်ဆီတို့သည်၎င်း၊ အညှို့တို့သည်၎င်း၊ နှလုံးသည်၎င်း၊ အသည်းသည်၎င်း၊ အမြှေးသည်၎င်း၊ အဖျဉ်းသည်၎င်း၊ အဆုတ်သည်၎င်း၊ အူမသည်၎င်း၊ အူသိမ်သည်၎င်း၊ အစာသစ်သည်၎င်း၊ အစာဟောင်းသည်၎င်း။ ဦးနှောက်သည်၎င်းဆိုအပ်ပြီးသည်မှတပါလည်း ဖြစ်ကုန်သော အကြင်အမှတ်မရှိသောအဇ္ဈတ္တ အတွင်းသဏ္ဌာနဒွန်ဖြစ်သောအသီးသီးသောပုဂ္ဂိုလ်၏ဥစ္စာဖြစ်သောခက်တရော်ရှိသောကြမ်းတမ်း သော သဘောရှိသော ဥပေတမည်သော တရားသည် ယူအပ်သော ကိုယ်ဒွန်ဖြစ်သောရုပ်ရှိ၏။ အိုရာဟုလာ ဤဆံပင်အစရှိသည်ကိုအဇ္ဈတ္တိက,ပထဝီဓာတ်ဟူ၍ ဆိုအပ်၏။ အဇ္ဈတ္တိကဖြစ်သော အကြင်ပထဝီဓာတ်သည်၎င်း ဗဟိဒ္ဓဖြစ်သောအကြင်ပထဝီဓာတ်သည်၎င်းရှိ၏။ ဤနှစ်ရုံ

သည့် ပထဝီသည်သာ လျှင်ဖြစ်၏။ ဤပထဝီဓာတ်သည်ငါ၏ဥစ္စာမဟုတ်ဟု၊ ဤပထဝီဓာတ်ငါမဟုတ် ဤပထဝီဓာတ်သည်ငါ၏ကိုယ်အတ္တမသည်ဟုတ်ဟု ဤသို့ ထိုနှစ်ပါးသော ပထဝီဓာတ်ကိုဟုတ်မှန် သော အတိုင်း ဝိပဿနာပညာဖြင့်ရှုအပ်၏။ ဤသို့ပထဝီဓာတ်ကိုဟုတ်မှန် သောအတိုင်း ကောင်းသောဝိပဿနာ, ပညာဖြင့်ရှုမြင်၍ ပထဝီဓာတ်၌ ငြီးငွေ့၏ ပထဝီဓာတ်၌ စိတ်သည်တပ်ခြင်းကင်းလေ၏ ပထဝီဓာတ်၌ သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ် အလင်းပေါက်လေ၏

## အာပေါဓာတ်ကိုသမ္မာဒိဋ္ဌိဝိပဿနာဉာဏ် အလင်းပေါက်အောင်ရှုနည်း

၈။ အို-ရာဟုလာ, အာပေါဓါတ်သည် အဘယ် နည်းဟူမူကား အာပေါဓါတ်သည် အချို့ကား အတွင်း အဇ္ဈတ္တသန္တာန်၌ဖြစ်၏။ အချို့ကား,ဗဟိဒ္ဓသန္တာန်၌ဖြစ် ၏။ အို-ရာဟုလာ, အတွင်း အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာပေါဓါတ်သည် အဘယ်နည်းဟူမူကား ကိုယ် တွင်း သန္တာန်၌ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ် တို့၏ ဥစ္စာ ဖြစ်သော ယိုစီးခြင်း လက္ခဏာရှိသော ယိုစီး တတ် သော သဘောရှိသော ဥပေတမည်သောကံသည် ယူအပ်သော အကြွင်းကိုယ်၌ တည်သောဓါတ်သည်ရှိ၏။ ဤဓါတ် သည် အဘယ်နည်းဟူမူကား-သည်းခြေသည်၎င်း၊ သလိပ်သည် ၎င်း၊ ချွေးသည် ၎င်း။ အဆီခဲ သည်၎င်း။ မျက်ရည်သည်၎င်း။ ဆီကြည်သည်၎င်း၊ တံတွေးသည်၎င်း၊ နှပ်သည်၎င်း၊ အစေး

သည်၎င်း၊ ကျင်ငယ်သည်၎င်းရှိ၏။ ဆိုအပ်ခဲ့ပြီးသည့်မှ တပါးလည်းဖြစ်ကုန်သော အတွင်းသန္တာန်၌ဖြစ်သော အာသီးသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော ယိုစီးပျောင်းပြောခြင်း လက္ခဏာရှိသော ဥပေတမည်သော ကံသည် ယူအပ်သော အကြွင်းအလုံးစုံသော ဓာတ်မျိုးသည်ရှိ၏။

ဒိုး-ရာဟုလာ, ဤဆိုအပ်ပြီးသည့်ကို အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်သောအာပေါဓာတ်ဟူ၍ ဆိုအပ်၏' အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာပေါဓာတ်သည်၎င်း၊ ဗဟိဒ္ဓ သန္တာန်၌ဖြစ်သော အကြွင် အာပေါဓါတ်သည်၎င်း ဤနှစ်ပါးစုံသည်အာပေါဓာတ်မည်သည်သာလျှင်တည်း။

ထိုအာပေါဓါတ်သည် ငါ၏ ဥစ္စာမဟုတ် ငါမဟုတ် ငါ၏အတ္တမဟုတ်ဟု ဤသို့-ထိုအာပေါဓာတ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသောဝိပဿနာပညာဖြင့် ရှုအပ်၏

ဤသို့- ထိုအာပေါဓာတ်ကို ဟုတ်မှန်သော အတိုင်းကောင်းသောပညာဖြင့်ရှုမြင်၍ အာပေါဓာတ်၌ ငြီးငွေ့၏ အာပေါဓာတ်၌စိတ်သည်တတ်ခြင်းကင်း၏။ အာပေါဓာတ်၌ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းပေါက်လေ၏

## တေဇောဓာတ်၌ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်အောင်ရှုနည်း။

၉။ ဒိုရာဟုလာ တေဇောဓာတ်သည် အဘယ်နည်းဟူမူကား တေဇောဓါတ်သည် အချို့ကား အတွင်း

အဇ္ဈတ္တသန္တာန်၌ဖြစ်၏။ အချို့ကား အပ ဗဟိဒ္ဓသန္တာန်၌ ဖြစ်၏။

ဆို- ရာဟုလာ, အတွင်းအဇ္ဈတ္တသန္တာန်၌ ဖြစ်သော တေဇောဓါတ်သည် အဘယ်နည်းဟူမူကား - အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ပူသောလက္ခဏာရှိသော ပူလောင်သောသဘောရှိသော ဥပေတမည်ရှိသောကံသည် ယူအပ်သော အကြင်ဓါတ်သည်ရှိ၏။ ဤဓါတ်သည်အဘယ်နည်း ဟူမူကား အကြင်ပူလောင်တတ်သော တေဇောဓါတ်ဖြင့် ပူလောင်၏၊ အကြင်ရင့်ရော်စေတတ်သော တေဇောဓါတ်ဖြင့် ရင့်ရော်၏၊ အကြင်တေဇောဓါတ်ဖြင့်လည်း ဘျက်စေ၏၊ အကြင်တေဇောဓါတ်ဖြင့်လည်း စားအပ် သောက်အပ် ခဲအပ်လျက်အပ်သော အစာ အဟာရ သည် ကောင်းစွာ ကြေကျက်ခြင်းသို့ ရောက်လေ၏။

ဆိုအပ်ခဲ့ပြီးသည်မှ တပါးလည်း ဖြစ်ကုန်သော အတွင်းအဇ္ဈတ္တ သန္တာန်၌ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်၏ ဥသ္မာဖြစ်သော ပူသော လက္ခဏာရှိသော ပူသောသဘောနှင့်သည်အဖြစ်သို့ ရောက်သော ဥပေတမည်သော ကံသည်ယူအပ်သော အကြင် အမှတ်မရှိသောဓါတ်သည် ရှိ၏။ ဤအဟာရကို ကြေစေတတ်သောဓါတ်ကို အတွင်း အဇ္ဈတ္တသန္တာန်၌ဖြစ်သော တေဇောဓါတ်ဟူ၍ ဆိုအပ်

၏။ အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်သော အကြွင်း တေဇောဓါတ်သည်၎င်း၊ အပ,ဗဟိဒ္ဓသန္တာန်၌ဖြစ်သော အကြွင်း တေဇောဓါတ်သည်၎င်းရှိ၏။ ဤနှစ်ပါးစုံသည် တေဇော ဓာတ်မည်သည်သာလျှင်တည်း။

ဤတေဇောဓာတ်သည်- ငါ၏ဥစ္စာမဟုတ်, ငါမဟုတ်, ငါ၏အတ္တမဟုတ်ဟု-ဤသို့ဟုတ်မှန်သောအတိုင်း ကောင်းသော ဝိပဿနာ ပညာဖြင့်ရှုအပ်၏။ ဤသို့တေဇောဓာတ်ကို ဟုတ်မှန်သည့် အတိုင်း ကောင်းသော ဝိပဿနာဖြင့် ရှုမြင်သည်ရှိသော် တေဇောဓာတ်၌ ငြီးငွေ့လေ၏။ တေဇောဓါတ်၌ စိတ်သည်တပ်ခြင်းကင်း၏။တေဇောဓာတ်၌ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်, အလင်းပေါ်က်လေ၏။

## ဝါယောဓါတ်၌သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါ်က်အောင်ရှုနည်း

၁၀။ အို-ရာဟုလာ, ဝါယောဓါတ်သည် အဘယ်နည်းဟူမူကား-ဝါယောဓာတ်သည် အချို့ကား အတွင်း အဇ္ဈတ္တသန္တာန်၌ဖြစ်၏။ အချို့ကား အပ,ဗဟိဒ္ဓသန္တာန်၌ဖြစ်၏။အို-ရာဟုလာ,အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်သော ဝါယောဓာတ်သည် အဘယ်နည်း ဟူမူကား- အတွင်း အဇ္ဈတ္တသန္တာန်ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော တောက်ကန် မိုညှပ်ခြင်း လက္ခဏာ ရှိသော ထောက်ကန်မိုညှပ်တတ်သော သဘောသို့ရောက်သော

ဥပေတမည်သော ကံသည်ဖြစ်စေအပ်သော အကြင်ဓါတ်သည်ရှိ၏။ ဤဓါတ်သည် အဘယ်သည့်တို့နည်းဟူမူကား အထက်သို့ဆန်တက်သောလေသည့်ရင်း၊ အောက်သို့ရှိန်ဆင်းသော လေသည့်ရင်း၊ ဝမ်းတွင်း၌တည်သော လေသည့်ရင်း၊ အူတွင်း၌ဖြစ်သော လေသည့်ရင်း၊ အင်္ဂါကြီးငယ်သို့ အစဉ်သဖြင့် လျှောက်သော လေသည့်ရင်း၊ ဝင်သက်လေသည့်ရင်း၊ ထွက်သက်လေသည့်ရင်း၊ ဆိုအပ်ခဲ့ပြီးသည်မှတပါးလည်း ဖြစ်ကုန်သော အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်၏ ဥက္ကာဖြစ်သော ထောက်ကန်မှု ဖိသွပ်တတ်သော လက္ခဏာရှိသော တောက်ကန်မှု ဖိသွပ်တတ်သော သဘောရှိသည်အဖြစ်သို့ ရောက်သော အကြင်အမှတ်မရှိ အလုံးစုံသော ကံကြောင့်ဖြစ်သော ဓါတ်သည်ရှိ၏။

အိ-ရာဟုလာ, ဤလေဓါတ်သည် အတွင်းသန္တာန်၌ဖြစ်သော ဝါယောဓါတ်ဟူ၍ဆိုအပ်၏။ အတွင်းအဇ္ဈတ္တသန္တာန်ဖြစ်သော အကြင်ဝါယောဓါတ်သည့်ရင်း၊ အပ, ဗဟိဒ္ဓ,သန္တာန်၌ဖြစ်သော အကြင် ဝါယောဓါတ်သည့်ရင်းရှိ၏။ ထိုနှစ်ပါးစုံသည် ဝါယောဓါတ် မည်သည်သာလျှင်တည်း။ ထိုဝါယောဓါတ်ကို ဤဝါယောဓါတ်သည် ငါ၏ဥစ္စာမဟုတ်, ငါမဟုတ်,ငါ၏ကိုယ်မဟုတ်ဟူ၍ ဤသို့ ထိုဝါယောဓါတ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသော ဝိပဿနာပညာဖြင့် ရှုအပ်၏။ ဤသို့ ဝါယောဓါတ်ကို

ဟုမှန်သောအတိုင်း ကောင်းသောဥပဿန ဥပညာဖြင့် ရှုမြင်၍ ဝါယောဓာတ်၌ ငြီးငွေ့လေ၏။ ဝါယောဓာတ်၌ စိတ်သည်တပ်ခြင်းကင်းလေ၏။

(ဝါယောဓာတ်၌ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်လေ၏။)

## အာကာသဓာတ်၌ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်အောင်ရှုနည်း။

၁၁။ အိုရာဟုလာ, အာကာသဓာတ်သည်အဘယ်နည်းဟူမူကား-အာကာသဓာတ်သည် အချို့ကား, အဇ္ဈတ္တသန္တာန်၌ဖြစ်၏။ အချို့ကား,အပဗဟိဒ္ဓသန္တာန်၌ဖြစ်၏။ အိုရာဟုလာ, အတွင်း အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာကာသဓာတ်သည် အဘယ်နည်းဟူမူကား-အတွင်း အဇ္ဈတ္တသန္တာန်ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်၏ဥစ္စာ ဖြစ်သော မရေးခြစ်အပ်သော လက္ခဏာရှိသော မရေးခြစ်အပ်သောသဘောရှိသည်အဖြစ်သို့ရောက်သော ဥပေတ္တဖ္ဖည်းသော ကံသည်ဖြစ်စေအပ်သော အကြင် အ..ါကါသဓါတ်သည်ရှိ၏။ ဤအာကာသဓါတ်သည်အဘယ်နည်းဟူမူကား။ သနားပေါက်သည်၎င်း၊ နှာခေါင်းပေါက်သည်၎င်း၊ ခံတွင်းပေါက်သည်၎င်း၊ အကြင်အပေါက်ဖြင့်လည်း စားအပ် သောက်အပ်, ခဲအပ် လျက်အပ်သော အစာအဟာရကို မျို၏၊ အကြင်အပေါက်၌လည်း စားအပ်,သောက်အပ်,

ခဲအပ်,လျက် အပ်သော အစာအဟာရသည် ကောင်းစွာ ဘည့်နေ၏။ အကြင်အပေါက်ဖြင့်လည်း စားအပ်,သောက်အပ်,လျက်အပ်သော အစာအဟာရသည်အောက်အဘို့သို့ ထွက်၏။

ထိုမှတပါးလည်းဖြစ်သော-အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်သော အသီးသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော မရေး မခြစ်အပ်သော လက္ခဏာရှိသော မရေး မခြစ်အပ်သောသဘောရှိသည်အဖြစ်သို့ ရောက်သော ဥပေတမည်သောကံသည် ဖြစ်စေအပ်သော မထိပါးအပ်သော သဘောရှိသော မထိပါးအပ်သော သဘောရှိသည်အဖြစ်သို့ ရောက်သော ဟင်းလင်းပွင့်သော အဖြစ်သို့ ရောက်သော အသား အသွေး,တို့ဖြင့် မထိအပ်သော ဥပါဒိန္န,ဖြစ်သော အကြင်အမှတ်မရှိသော အာကာသဓါတ် သည်ရှိ၏။

ဒိ-ရာဟုလာ, ဤဟင်းလင်း ဖြစ်သော သဘော ကို အာကာသဓါတ်ဟူ၍ ဆိုအပ်၏။ အတွင်းအဇ္ဈတ္တသန္တာန်၌ဖြစ်သော အကြင်အာကာသဓါတ်သည်ရှင်း။ အပ,ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော အကြင်အာကာ သဓါတ်သည်ရှင်း။ ဤနှစ်ပါးစုံသည် အကာသဓါတ်မည်သည်သာလျှင်တည်း။ ထိုအာကာသဓါတ်သည် ငါ၏ ဥစ္စာမဟုတ်, ငါမဟုတ် ငါ၏ကိုယ်မဟုတ်ဟု ဤသို့ ထိုအာကာ သဓါတ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသော ဝိပဿနာ ပညာဖြင့်ရှုအပ်၏ ဤသို့ထိုအာကာသဓါတ်ကို ဟုတ်မှန်သောအတိုင်း

ကောင်းသော ဝိပဿနာဖြင့် မြင်ရှု၍ အာကာသ ဓါတ်၌ မိတ်သည် ငြိငွေ့၏။ အာသကာဓါတ်၌ မိတ်သည် တပ်ခြင်းကင်း၏။

(အာကာသဓါတ်၌ သမ္မာဒိဋ္ဌိဝိဇ္ဇာဥာဏ်အလင်းပေါက်လေ၏။)

## မဟိဒ္ဓ မြေဓါတ်ကို ဥပမာထား၍ ဘာဝနာတရားကို ပွါးများအားထုတ်သင့်ကြောင်း။

အိုရာဟုလာ, မြေကြီးနှင့်တူသော ဘာဝနာကို ပွါးစေသောသင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် ဖြစ်ကုန်သောဖဿတို့သည် စိတ်ကို သိမ်းကြုံး ယူငင်၍ တည်ခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့။

အိုရာဟုလာ ဥပမာအားဖြင့် မြေကြီး၌ စင် ကြယ်သော ဝတ္ထုကိုလည်းပစ်ချကုန်၏။ ကျင်ကြီးကိုလည်းပစ်ချကုန်၏။ ကျင်ငယ်ကိုလည်း ပစ်ချ ကုန်၏။ တံတွေး ကိုလည်းပစ်ချကုန်၏။ ပြည်ကိုလည်းပစ်ချကုန်၏။ သွေး ကိုလည်းပစ်ချကုန်၏။ ထိုစင်ကြယ်သော ဝတ္ထု မစင်ကြယ်သောဝတ္ထုဖြင့် မြေကြီးသည် ငြိးလည်း မငြိးငွေ့။ ရှက်လည်းမရှက်,စက်ဆုပ်ခြင်း ရှိသည်လည်းမဟုတ်။ အိုရာဟုလာ, ဤအတူပင်လျှင် သင်သည် မြေကြီးနှင့် တူသောလျှင်ဖြစ်သော ဘာဝနာကို ပွါးသောသင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ်,မနှစ်သက်ဖွယ်သော ဖဿတို့သည် စိတ်ကို

သိမ်းကြုံးယူငင်၍ တည့်ခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့။

သားတော်ရာဟုလာ အရှင်မြတ်ကြီးသည်- မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသော အဇ္ဈတ္တဓါတ်, ငါးပါးကိုသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်း,ပေါက်အောင် ရှုကြည့်ပွါးများ၍ ဗဟိဒ္ဓဓါတ် ငါးပါး ကိုလည်း အဇ္ဈတ္တဓါတ် ငါးပါနှင့် တဆပ်တည်း တသားတည်း ထင်မြင်အောင် ရှုကြည့်ပွားများလေသည်။

ထိုနည်းတူစွာမခြား- ယခုအခါ ဓါတ်ငါးပါးကိုအားထုတ်ကြိုးကုန်သော ယောဂီပုဂ္ဂိုလ် ရဟန်း, ရှင်,လူ, ရသေ့,လူသူတော်,မယ်သီလ,အပေါင်းတို့၊ သားတော်ရာဟုလာအရှင်မြတ် ကြီးကဲ့သို့၊ မိမိတို့ အဇ္ဈတ္တ ခန္ဓာ၌ရုပ်ဓါတ်ကစ၍ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်,အလင်း ပေါက်အောင် အားထုတ်ပြီးမှ ဗဟိဒ္ဓဓါတ်ငါးပါးကို အဇ္ဈတ္တ ဓါတ်နှင့် တသားတည်း သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်း ပေါက်အောင် ရှုကြည့်ပွားများရမည်၊ အရင်းစ,ဓါတ်၌ တပါးကို ကောင်းစွာ နိုင်နင်းအောင် ရှုပြီးမှ ကြွင်းသော ဓါတ်များ ကိုလည်း သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ရှုကြည့်ရမည်။

သို့အတွက်-ရှေးဦးစွာရှုသောဓါတ်ကို ပိုင်နိုင်စွာ ရှုဘို့ အရေးကြီးလှပေသည်။ ရှေးဦးစွာ ရှုသော ဓါတ် က

ဉာဏ်သန့်ရှင်းစွာ မရှုနိုင်ခဲ့လျှင် ကြွင်းသော ဓာတ်များကို ဝိပဿနာဉာဏ် အမြင် သန့်ရှင်းဘို့ ခဲယဉ်း လှပေသည်။ သို့အတွက်မိမိဉာဏ်နှင့် ရှုနိုင်လောက်သော ဓါတ်က ဝ၍၊ ပိုင်နိုင်စွာ ရှုကြရမည်။ တရားအားထုတ်သော၊ ယောဂီအပေါင်းတို့မှာ နောက်ခါကျမှ မိမိတို့ကိုယ်တိုင် သောတာ,ပတ္တိဒေဝ,ဆိုသော မိုးတို့နှင့် တွေ့ထိသော အခါကြမှ တီကောင်ကို ဆားနှင့်တို့လိုက် ဘိသကဲ့သို့ ဆတ်ဆတ်ခါ နာကျင်တတ်သည်။

သို့အတွက်-အမှုနှင့်တွေ့ဆုံသောအခါ ပထဝီ ဓါတ်၊ အာပေါဓါတ်,တေဇောဓါတ်,ဝါယောဓါတ်, အာကာသဓါတ် အစရှိသော ဓါတ်ငါးပါးသည် အရောခပ်သိမ်းကောင်း,ဆိုးနှစ်ပါးကို သည်းခံနိုင်ဘိသကဲ့သို့ သည်းခံနိုင်အောင် အားထုတ်ကြရမည်။ သို့မှ ဓါတ်ဉာဏ် အလင်းပေါက်သည်ဟု ဆိုရမည်။

## ဗဟိဒ္ဓရေဓါတ်ကို ဥပမာထား၍ ဘာဝနာတရားကို ပွါးများ အားထုတ်သင့်ခြင်း။

ဒို—ရာဟုလာ, ရေနှင့်တူသော ဘာဝနာကို ပွါးစေလော။ ဒို-ရာဟုလာ, ရေနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကို ပွါးစေသောသင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ်,မနှစ်သက်ဖွယ်ဖြစ်ကုန်သော ဖဿ

ဝင့်သည့် စိတ်ကိုသိမ်းကြုံးယူငင်၍ တည်ခြင်းငှါ မတတ်နိုင်ကုန်ဟတ်တံ့။ အို-ရာဟုလာ, ဥပမာအားဖြင့် ရေ၌ စင်ကြယ်သော ဝတ္ထုကိုလည်း ဆေးကြောကုန်၏။ မစင်ကြယ်သော ဝတ္ထုကိုလည်း ဆေးကြောကုန်၏။ ကျင်ကြီးကိုလည်း ဆေးကြောကုန်၏။ ကျင်ငယ်ကိုလည်း ဆေးကြောကုန်၏။ တံတွေးကိုလည်း ဆေးကြောကုန်၏။ ပြည်ကိုလည်း ဆေးကြောကုန်၏။ သွေးကိုလည်း ဆေးကြောကုန်၏။ ထိုစင်ကြယ်သောဝတ္ထု,မစင်ကြယ်သောဝတ္ထုဖြင့် ဆေးလျှော်ငြားသော်လည်း ရေသည် ငြီးလည်းမငြီးငွေ့, ရှက်လည်း မရှက်, စက်ဆုပ် ရွံ့ရှာသည်လည်း မဟုတ်။ အို-ရာဟုလာ, ဤအတူပင်လျှင် သင်သည် ရေနှင့်တူသော ဘာဝနာကို ပွါးစေလော့။ အို-ရာဟုလာ, ရေနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကိုပွါးသော သင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ်,မနှစ်သက်ဖွယ်သော ဖဿတို့သည် စိတ်ကိုသိမ်းကြုံးယူငင်၍ တည်ခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့။

( ရေနှင့်ဥပမာထား၍ ဘာဝနာရှုဒေါ်း ပြီး၏။ )

## ဗဟိဒ္ဓမိးဓာတ်ကိုဥပမာထား၍ ဘာဝနာတရားကို ပွါးများအားထုတ်သင့်ခြင်း။

အို- ရာဟုလာ, မီးနှင့်တူသော ဘာဝနာကိုပွါးစေလော။ အို ရာဟုလာ,မီးနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကို ပွါးစေသော သင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ်, မနှစ်သက်ဖွယ် ဖြစ်ကုန်သော ဖဿတို့သည် စိတ်ကို သိမ်းကြုံးယူငင်၍ တည်ခြင်းငှါ မတတ်နိုင်ကုန်လတံ့။

အို-ရာဟုလာ, ဥပမာအားဖြင့် မီးသည် စင်ကြယ်သော ဝတ္ထုကိုလည်း လောင်၏။ မစင်ကြယ်သော ဝတ္ထုကိုလည်း လောင်၏။ ကျင်ကြီးကိုလည်း လောင်၏။ ကျင်ငယ်ကိုသည်း လောင်၏၊ တံတွေးကိုလည်း လောင်၏။ ပြည်ကိုလည်း လောင်၏။ သွေးကိုလည်း လောင်၏။ထိုစင်ကြယ်သော ဝတ္ထု, မစင်ကြယ်သော ဝတ္ထု ဖြင့် လောင်ကျွမ်းငြားသော်လည်း မီးသည် ငြီးလည်းမငြီးငွေ့,ရှက်လည်းမရှက်, စက်ဆုပ်ရွံရှာသည်လည်းမဟုတ်။ အို-ရာဟုလာ ဤအတူပင်လျှင်သင်သည်မီးနှင့်တူသော ဘာဝနာကို ပွါးစေလော။ အို-ရာဟုလာ, မီးနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကို ပွါးစေသောသင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ်, မနှစ်သက်ဖွယ် ဖြစ်ကုန်သော ဖဿတို့သည် စိတ်ကို သိမ်းကြုံးယူငင်၍ တည်ခြင်းငှါ မတတ်နိုင်ကုန်လတံ့။

( မီးနှင့်ဥပမာထား၍ဘာဝနာရှုခန်း ပြီး၏။ )

## ဗဟိဒ္ဓလေကို ဥပမာထား၍ ဘာဂနာကို ပွါးများအားထုတ်သင့်ခြင်း။

အိုရ်-ရာဟုလာ, လေနှင့်တူသော ဘာဝနာကို ပွါးစေလော။ အိုရ်-ရာဟုလာ, လေနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကို ပွါးစေသော သင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ်, မနှစ်သက်ဖွယ် ဖြစ်ကုန်သော ဖဿတို့သည် စိတ်ကိုသိမ်းကြုံးယူငင်၍ တည်ခြင်းငှါ မတတ်နိုင်ကုန်လတံ့။ အိုရ်-ရာဟုလာ, ဥပမာအားဖြင့်- လေသည် စင်ကြယ်သော ဝတ္ထုကိုလည်း တိုက်၏။ မစင်ကြယ် သော ဝတ္ထုကိုလည်း တိုက်၏၊ ကျင်ကြီးကိုလည်း တိုက်ခတ်၏။ ကျင်ငယ်ကိုလည်း တိုက်ခတ်၏။ တံတွေးကိုလည်း တိုက်ခတ်၏။ ပြည်ကိုလည်း တိုက်ခတ်၏။ သွေးကိုလည်း တိုက်ခတ်၏။ ထိုစင်ကြယ်သော ဝတ္ထု, မစင်ကြယ်သော ဝတ္ထုတို့ဖြင့် တိုက်ခတ်သော်လည်း လေသည် ငြီးလည်းမငြီးငွေ့, ရှက်လည်းမရှက်, စက်ဆုပ် ရွံရှာသည်လည်း မဟုတ်၊ အိုရ်-ရာဟုလာ, ဤဥပမာအားတူ သာလျှင် သင်သည် လေနှင့်တူသော ဘာဝနာကို ပွားစေလော။ အိုရ်-ရာဟုလာ, လေနှင့်တူသည်သာလျှင်ဖြစ်သော ဘာဝနာကိုပွားစေသော သင့်အါး ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ်, မနှစ်သက်ဖွယ် ဖြစ်ကုန်သော ဖဿတို့သည် စိတ်ကိုသိမ်းကြုံးယူငင်၍ တည်ခြင်းငှာမတတ်နိုင်ကုန်လတံ့။

(လေနှင့်ဥပမာထား၍ ဘာဝနာရှုခဏ်းပြီး၏။)

## မဟိဒ္ဓကောင်းကင်ကို ဥပမာထား၍ ဘာဝနာတရားကို ပွားများအားထုတ်သင့်ခြင်း ၂

အို- ရာဟုလာ, ကောင်းကင်နှင့်တူသော ဘာဝနာကို ပွားစေလော့၊ အိုရာဟုလာ၊ ကောင်းကင်နှင့်တူသည်သာ လျှင်ဖြစ်သော ဘာဝနာကို ပွားစေသော သင့်အား ဖြစ်ကုန်ပြီးသော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် ဖြစ်ကုန်သော ဖဿတို့သည် စိတ်ကို သိမ်းကျုံးယူငင်၍ တည်ခြင်းငှာမ တတ်နိုင် ကုန်လတ္တံ့။ အို-ရာဟုလာ, ဥပမာ အားဖြင့် ကောင်းကင်သည် တစုံတခုသော တော,သစ်ပင် အစ၌ သည်တို့၌ တည်သည်မဖြစ်သကဲ့သို့ ဤအတူပင်လျှင် အို- ရာဟုလာ,သင်သည် ကောင်းကင်နှင့်တူသော ဘာဝနာ ကို ပွားစေလော၊ အို ရာဟုလာ ကောင်းကင်နှင့် တူသည် သာလျှင်ဖြစ်သော ဘာဝနာကို ပွားစေသော သင့်အား ဖြစ်ကုန်ပြီးသော ဖဿတို့သည် စိတ်ကို သိမ်းကျုံးယူငင် ၍ မတည်နိုင်ကုန်လတ္တံ့။

မဟိဒ္ဓ ဓါတ်ငါးပါးကို ဥပမာထား၍ ဘာဝနာတရားကို ပွားများ အားထုတ်ခြင်း အကြောင်း
ဤ၌တွင်ပြီး၏။

အို- ရာဟုလာ, အမျှချပ်ခြင်းမေတ္တာဘာဝနာကိုပွါးစေလော။ အို-ရာဟုလာ, မေတ္တာဘာဝနာကိုသာလျှင်ပွါးစေသောသင့်အား အကြင်သတ္တဝါတို့၌အမျက်ထွက်ခြင်းဗျာပါဒ, သည်ရှိ၏။ ထိုအမျက်ထွက်ခြင်းဗျာပါဒသည်ပျောက်လတံ့။

( မေတ္တာပွါးအပ်သောနည်းပြီး၏။ )

---

အို ရာဟုလာ ဆင်းရဲသောသတ္တဝါတို့၌ သနားခြင်းကရုဏာဘာဝနာကို ပွါးစေလော၊ အို-ရာဟုလာ, ကရုဏာဘာဝနာကိုသာလျှင် ပွါးစေသော သင့်အား အကြင်သတ္တဝါတို့ကို ညှဉ်းဆဲမှု ဝိဟိံသသည်ရှိ၏။ ထိုညှဉ်းဆဲမှု ဝိဟိံသသည် ပျောက်လတံ့။

( ကရုဏာပွါးများနည်းပြီး၏။ )

အို-ရာဟုလာ, ဝမ်းမြောက်ခြင်း မုဒိတာ ဘာဝနာကို ပွါးစေလော၊ အို-ရာဟုလာ, မုဒိတာဘာဝနာကိုပွါးစေသောသင့်အား အကြင် တောကျောင်း, တောင်ကျောင်းတို့၌ မမွေ့လျော်မှု အရတိ, တရားသည်ရှိ၏။ ထိုအရတိ တရားသည် ပျောက်လတံ့။

( မုဒိတာပွါးများနည်း ပြီး၏။ )

အို-ရာဟုလာ, လျှစ်လျူရှုခြင်း ဥပေက္ခာဘာဝနာကို ပွါးစေလော။ အို-ရာဟုလာ, လျှစ်လျူရှုခြင်း ဥပေက္ခာ ဘာဝနာကို ပွါးစေသောသင့်အား အကြင် ဥဿုံးဆဲတတ် နှိပ်စက်တတ်သော ဒေါသကိလေသာသည်ရှိ၏။ ထိုဒေါသ ကိလေသာသည် ပျောက်လတံ့။

( ဥပေက္ခာပွါးများပုံပြီး၏။ )

အို-ရာဟုလာ, မတင့်တယ် စက်ဆုပ်ဖွယ်ဟု ရှုသော ဘာဝနာကိုပွါးစေလော။ အိုရာဟုလာ,အသုဘ ဘာဝနာ ကို ပွားစေသောသင့်အား အကြင် ကာမဂုဏ်ငါးပါး၌ တပ်နှစ်သက်ခြင်းရာဂသည်ရှိ၏။ ထိုရာဂသည် ပျောက် လတံ့။

( အသုဘာပွါးများပုံပြီး၏။ )

အို-ရာဟုလာ, မမြဲဟုအမှတ်ရှိသော အနိစ္စဘာဝနာ ကို ပွါးစေလော။အို-ရာဟုလာ, မမြဲဟုအမှတ်ရှိသည်သာ လျှင်ဖြစ်သော ဘာဝနာကို ပွါးစေသော သင့်အား အကြင် ငါတကားဟု ထောင်လွှားတတ်သော မာနသည်ရှိ၏။ ထိုငါတကားဟု ထောင်လွှားတတ်သော မာနသည် ပျောက်လတံ့။

( အနိစ္စဘာဝနာကိုပွါးများပုံ ပြီး၏။ )

အို-ရာဟုလာ, ထွက်သက်ကို အောက်မေ့မှု သတိတည်းဟူသော ဘာဝနာကို ပွါးစေလော။ အို-ရာဟုလာ သင်သည် ထွက်သက်,ဝင်သက်ကို အောက်မေ့မှု သတိတည်းဟူသောဘာဝနာကို ပွါးသည်ရှိသော် အကြိမ်များစွာပြုအပ်သည်ရှိသော် ကြီးသောအကျိုးရင်းရှိသည်၊ ကြီးသောအကျိုးဆက် အာနိသင်ရှိသည်ဖြစ်၏။ အို-ရာဟုလာ, ထွက်သက်, ဝင်သက်ကို အောက်မေ့ခြင်း သတိဟုဆိုအပ်သော ဘာဝနာကို အဘယ်ကဲ့သို့ ပွါးစေအပ်သည်ရှိသော်အဘယ်ကဲ့သို့ အကြိမ်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် ကြီးသောအကျိုးရင်း ရှိသည်ဖြစ်သနည်း၊ ကြီးသောအကျိုးဆက်ရှိသည်ဖြစ်သနည်းဟူမူကား=

အို-ရာဟုလာ, ဤသာသနာတော်၌ရဟန်းသည် တောသို့ကပ်သည်ဖြစ်၍၎င်း၊ သစ်ပင်ရင်းအနီးသို့ ကပ်သည်ဖြစ်၍၎င်း၊ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်သည်ဖြစ်၍၎င်း၊ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားလျက် ကမ္မဋ္ဌာန်းသို့ရှေးရှုသတိကိုထင်စေ၍ ထိုင်နေ၏၊ ထိုရဟန်းသည်သတိရှိသည်ဖြစ်၍သာလျှင် ထွက်သက်, ဝင်သက်ကိုဖြစ်စေ၏။ သတိရှိသည်ဖြစ်၍သာလျှင် ဝင်သက်ကိုဖြစ်စေ၏။ ရှည်သောထွက်သက်ကိုဖြစ်စေသည် ရှိသော်ရှည်သောထွက်သက်ကိုဖြစ်စေ၏ဟု၍သိ၏။ ရှည်သော ဝင်သက်ကိုဖြစ်စေသည်ရှိသော် ရှည်သောဝင်သက်ကို ဖြစ်

စေ၏ဟူ၍သိ၏။ တိုသော ထွက်သက်ကိုဖြစ်စေသည်ရှိသော် တိုသော ထွက်သက်ကိုဖြစ်စေ၏ ဟူ၍ သိ၏။ တိုသောဝင်သက်ကို ဖြစ်စေ သည်ရှိသော် တိုသောဝင်သက်ကိုဖြစ်စေ၏ ဟူ၍ သိ၏။

အစ-အလယ်-အဆုံး ဟူသော အလုံးစုံသော ထွက်သက်အပေါင်းကို ထင်စွာပြုလျက် ထွက်သက်ကို ဖြစ်စေအံ့ဟူ၍ကျင့်၏။ အစ-အလယ်-အဆုံး-ဟူသော အလုံးစုံသောဝင်သက်အပေါင်းကို ထင်စွာပြုလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ကျင့်၏။ ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေလျက်ထွက်သက်ကိုဖြစ်စေအံ့ဟူ၍ ကျင့်၏။ ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ကျင့်၏။ ပီတိကိုထင်စွာပြုလျက် ဖြစ်စေအံ့ဟူ၍ကျင့်၏။ ပီတိကိုထင်စွာပြုလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ကျင့်၏။ သုခကိုထင်စွာပြုလျက်ထွက်သက်ကိုဖြစ်စေအံ့ဟူ၍ကျင့်၏။ သုခကိုထင်စွာပြုလျက်ဝင်သက်ကိုဖြစ်စေအံ့ဟူ၍ကျင့်၏။ ဝိတက်, ဝိစာရမှ တပါးသော စေတသိက်ငါးဆယ်ဟူသော စိတ္တသင်္ခါရကို ထင်စွာပြုလျက်ထွက်သက်ကိုဖြစ်စေအံ့ဟူ၍ ကျင့်၏။ စိတ္တသင်္ခါရကို ထင်စွာပြုလျက် ဝင်သက်ကိုဖြစ်စေအံ့ဟူ၍ကျင့်၏။ ရုန့်ရင်းသောစိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။ ရုန့်ရင်းသော စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကို ဖြစ်စေအံ့ ဟူ၍ကျင့်၏။ စိတ်ကိုထင်စွာပြုလျက်ထွက်သက်

ကိုဖြစ်စေအံ့ဟူ၍ကျင့်၏။ စိတ်ကိုထင်စွာပြုလျက် ဝင်သက်ကို ဖြစ်စေအံ့ ဟူ၍ကျင့်၏။ စိတ်ကိုဝမ်းမြောက်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟူ၍ကျင့်၏။ စိတ်ကိုဝမ်းမြောက်စေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။ စိတ်ကို ကောင်းစွာ အာရုံ၌ ထားလျက် ထွက်သက်ကို ဖြစ်စေအံ့ဟူ၍ကျင့်၏။ စိတ်ကိုကောင်းစွာ အာရုံ၌ ထားလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။ စိတ်ကို ကိလေသာမှ လွန်စေလျက် ထွက်သက်ကိုဖြစ်စေအံ့ဟူ၍ ကျင့်၏။ စိတ်ကို ကိလေသာမှ လွန်စေလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ကျင့်၏။

အနိစ္စဟု- အဖန် တလဲလဲ ရှုလျက် ထွက်သက်ကိုဖြစ်စေအံ့ဟူ၍ ကျင့်၏။ အနိစ္စဟု- အဖန်တလဲလဲ ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။ ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်တလဲလဲရှုလျက် ထွက်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။ ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။ ရာဂ၏ ချုပ်ရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။ ရာဂ၏ချုပ်ရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုလျက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။ ကိလေသာကိုစွန့်ရာ ပစ်ရာဖြစ်သော နိဗ္ဗာန်, စွန့်တတ်သော အရိယာမဂ်ကို အဖန်တလဲလဲ ရှုလျက် ထွက်သက်ကို ဖြစ်စေအံ့ဟူ၍

ဘုရင့်၏။ ကိလေသာကို ဖွန့်ရာပစ်ရာဖြစ်သော နိဗ္ဗာန်, ဖွန့်ထုတ်သော အရိယာမဂ်ကို, အဖန်တလဲလဲ ရှုလုံက် ဝင်သက်ကို ဖြစ်စေအံ့ဟူ၍ ကျင့်၏။

အို-ရာဟုလာ, ထွက်သက်, ဝင်သက်ကို အောက်မေ့မှု ဘာဝနာကို ဤသို့ပွါးများသည်ရှိသော် ကြီးသောအကျိုး ရှိသည်ဖြစ်၏၊ ကြီးသောအကျိုးဆက် အာနိသင်ရှိ သည်ဖြစ်၏။ အို-ရာဟုလာ, ထွက်သက် ဝင်သက်ကို အောက်မေ့သော ဘာဝနာကို ဤသို့ပွါးများအပ်သည် ရှိသော် ဤသို့ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော် အဆုံးဖြစ်သော အကြင် ထွက်သက် ဝင်သက်တို့သည် ရှိကုန်၏။ ထိုထွက်သက် ဝင်သက်တို့သည် ထင်ကုန် သည်ဖြစ်၍သာလျှင် ချုပ်ကုန်၏။ မထင်ကုန်သည်ဖြစ်၍ မချုပ်ကုန်။ ဤသို့သောတရားတော်ကို မြတ်စွာဘုရား သည် ဟောတော်မူ၏။ အရှင်ရာဟုလာသည် ဝမ်းမြောက် သောစိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက်တော်မူ၏။

( အာနာပါန, ပွါးများအားထုတ်နည်း အကျဉ်းချုပ်ပြီး၏။ )

ယခုအခါ- တရားအားထုတ်ကြကုန်သော ရဟန်း ရှင်, လူ, ရသေ့, သီလရှင်, ယောဂီပုဂ္ဂိုလ်အပေါင်းတို့။ ယခုပြဆိုခဲ့ပြီးသော မဟာရာဟုလောဝါဒ သုတ်တော် မြတ်ကြီး၌ သားတော်ရာဟုလာ အရှင်မြတ်ကြီး၏ တ

ရားအားထုတ်သောနည်းလမ်း အမျိုးမျိုး အဖုံဖုံကို ပြည့်စုံအောင် ဟောကြားဆုံးမတော်မူသည့်အတိုင်း ကောင်းစွာ ကြည့်ရှုမှတ်သားပြီးလျှင် ပရမတ်ဉာဏ် ဝေတ်ဉာဏ် အလင်းပေါက်အောင် ကျိုးစား၍အားထုတ်ကြ။ ကျိုးစား၍အားထုတ်ကြ သူတော်ကောင်းအပေါင်းတို့။

( မဟာရာဟုလောဝါဒသုတ်တော်မြတ်သည်ဤတွင်ပြီး၏။ )

ယခုခေတ်ကာလ၌ ရှိကြကုန်သော- ယောဂီပုဂ္ဂိုလ် ရဟန်း,ရှင်,လူ, ရသေ့, လူသူတော်, သီလရှင်, အပေါင်း တို့မှာ အရှင်ရာဟုလာ၏ သောမြတ်ကြီးကဲ့သို့ ထက်မြက် ရှုးရှသော ဉာဏ်မရှိကြသောကြောင့် စက္ခုစသော တရားသည် မြေပါတုရား လျှောက်ထားရုံမျှနှင့် သဘာဝ ခမ္မကို မသိနိုင် မမြင်နိုင်ကြကုန်။

ထို့ကြောင့်- ယခုခေတ်ကာလရှိကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့နှင့် သင့်လျော်အောင် နှလုံးသွင်း တတ်ကြစေခြင်းအကျိုးငှါဘော်ပြပေအံ့။

တရားအား မထုတ်မီ ပြုရမည့် ဝတ္တရားကြီးများကို သေချာစွာမှတ်၍ ဓေတနာ, သဒ္ဓါတရားထက်သန် စွာနှင့်ပြုလုပ်ကြရမည်။

၁။ ရှေးဦးစွာ မိမိတို့ခန္ဓာကိုယ်ကို ရေ, ကောင်းစွာ ချိုးပြီးလျှင် ဘုရားရှေ့တော်သို့သွား၍ ရှိသေလေးမြတ်စွာ

ပစ္စုပတိဋ္ဌိတ တည်ခြင်းငါးပါးနှင့် ညီညွတ်အောင် ရှိသေစွာရှိခိုးပြီးမှ ဘုရားဂုဏ်တော်ကိုးပါး, တရားဂုဏ်တော် ၆-ပါး,သံဃာဂုဏ်တော် ကိုးပါးများကို စေတနာ သဒ္ဓါတရား ထက်သန်စွာနှင့် ပူဇော်ကန်တော့ပြီးလျှင် ဂင်္ဂါဝါဠု သဲစုမကပွင့်တော် မူပြီးကုန်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးများနှင့် ပစ္စေကဗုဒ္ဓါဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့အား မိမိတို့ ဘဝသံသရာ ကမ္ဘာ အဆက်ဆက်က ယခုနေ့ထိ ကာယကံပြစ်မှားမှု, ဝစီကံ ပြစ်မှားမှု, မနောကံ ပြစ်မှားမှု တို့ကို တပည့်တော်အား သနားသဖြင့် သည်းခံတော်မူပါ ဘုရားဟု-ရိုသေလေး မြတ်စွာ ကန်တော့ တောင်းပန်ရမည်။

၂။ ပရိနိဗ္ဗာန်ပြုပြီးသော အရိယာရှစ်ပါးနှင့် တကွ ယခုပစ္စုပ္ပန်၌ ထင်ရှားရှိတော်မူကြကုန်သော အရိယာ ပုဂ္ဂိုလ် အရှင်မြတ်ကြီးတို့အား တပည့်တော်သည် ဘဝ သံသရာကစ၍ ယခုနေ့ထိ ကာယကံပြစ်မှားမှု, ဝစီကံ ပြစ်မှားမှု, မနောကံ ပြစ်မှားမှုတို့ကို တပည့်တော်အား သနားသဖြင့်သည်းခံတော်မူပါဘုရားဟု ရိုသေလေးမြတ် စွာ ကန်တော့ တောင်းပန်ရမည်။

၃။ ယခုလောက ရှိရှိသမျှ သမုတိ သံဃာတော် အရှင်မြတ်တို့အားတပည့်တော်သည် ဘဝသံသရာကစ၍ ယခုနေ့ထိ ကာယကံပြစ်မှားမှု, ဝစီကံပြစ်မှားမှု, မနော

ကံပြစ်မှားမှုတို့ကို တပည့်တော်အား သနားသဖြင့် သည်းခံတော်မူပါဘုရားဟု ရှိသေလေးမြတ်စွာ ကန်တော့ တောင်းပန်ရမည်။

၄။ ယခုဘဝရှိသော - ဆရာမိဘတို့အား ဘဝသံသရာကစ၍ ယခုနေ့ထိ ကာယကံ ပြစ်မှားမှု, ဝစီကံပြစ်မှားမှု,မနောကံ ပြစ်မှားမှုတို့ကိုတပည့်တော်အား သနားသဖြင့် သည်းခံတော်မူပါဘုရားဟု ရှိသေလေးမြတ်စွာ ကန်တော့တောင်းပန်ရမည်။

၅။ ပြီးမှ သာသနာတော်မြတ်ကြီးကို စောင့်ရှောက်ကြကုန်သော အလောင်းတော်နတ်သား,သိကြား,ဗြဟ္မာ စတုလောကပါလ နတ်မင်းအပေါင်းတို့နှင့်တကွ ကိုယ်စောင့်နတ်,ကျောင်းစောင့်နတ်, အိမ်စောင့်နတ်, ရွာစောင့်နတ်,မြို့စောင့်နတ်, ကမ္ဘာပေါ်ရှိရှိသမျှလူ, နတ်,ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့အား အထက်နည်းတူ ကန်တော့တောင်းပန်ရမည်။ရဟန်းတော် သာမဏေဖြစ်လျှင် ရှိမခိုးရ။ နှုတ်ဝစီ,မြွက်၍ တောင်းပန်ရမည်။ မိမိတို့ကလည်း ပြန်၍သည်းခံကြရမည်။ လူဖြစ်ခဲ့လျှင် ရှိခိုး၍ အထက်ကန်တော့၊ အောက် တောင်းပန်ရမည်။အပါယ်လေးဘုံသူ သတ္တဝါများကို ရှိမခိုးရ။ အမျှပေးဝေကြရမည်။

ထိုကဲ့သို့ ကန်တော့ခြင်းသည်-မိမိတို့ ရုပ်, နာမ်, ခန္ဓာမှာ ဘဝသံသရာ ကမ္ဘာအဆက်ဆက်က မိစ္ဆာပြုခဲ့ခြင်းအစဉ်၌ ပစ္စည်းအဆက်ဆက် ပါလာသော ကာယကံပြစ်မှားမှု တောကြီး, ဝစီကံပြစ်မှားမှုတောကြီး, မနောကံပြစ်မှားမှုတောကြီးတွေ ကာယကံခလုတ်, ဝစီကံခလုတ် မနောကံခလုတ်, ကာယကံငြောင့် ဝစီကံငြောင့် မနောကံငြောင့် ထိုကဲ့သို့ တောတွေ, ခလုတ်တွေ, ငြောင့်တွေ, ကို မြတ်စွာဘုရားပေးသနားတော်မူသော ဒါး-လက်နက်နှင့် ခုတ်ထွင် သုတ်သင်ရှင်းလင်းပြီးမှ မိမိတို့မိစ္ဆာပြုခဲ့ အစဉ်မှာ စင်ကြယ်၍ တလင်းပြောင်နေမှ မိမိတို့ အလိုရှိရာကို လုပ်လို့ လွယ်ကူစွာ ဖြစ်နိုင်သည်ဟုမှတ်ကြပါ။

လောက၌ ဆေးကုသော ဆေးဆရာသည် လူမမာကို ရှေးဦးစွာ မိစ္ဆာဇနာကို ပျောက်အောင် ကုသရမည်ဟု ဆုံးမသည့်အတိုင်း တရား အားထုတ်သော ပုဂ္ဂိုလ်တို့သည် မိမိခန္ဓာကိုယ်တကိုယ်လုံး၌ လောဘနာ-ဒေါသနာ မောဟနာ-ထောင့်ငါးရာကိလေသာ အနာဆိုး ရောဂါဆိုးကြီးတွေကို မြတ်စွာဘုရား ပေးသနားတော်မူသော အဓိသီလ ဆေးတော်ကြီး အဓိစိတ္တဆေးတော်ကြီး အဓိပညာဆေးတော်ကြီးများနှင့် နေ့ရော ညဉ့်ပါမနေမနား သူ့အနာနှင့် သူ့ဆေးချက်များကို မှန်မှန်ဆေးစားနေရမည်ဟု ဆုံးမတော်မူသည့်အတိုင်း စားနေကြရပေသည်။

ထိုကဲ့သို့-မိမိတို့ အနာရောဂါကြီးတွေကို နေ့ညမ လပ် ဥလစပ် ဆေးစား၍ ဆေးကုနေရသည်ကိုပင် တရားအားထုတ်နေသော ယောဂီပုဂ္ဂိုလ်ဟု ခေါ်သည်။ ယောဂီပုဂ္ဂိုလ်ဟုမှတ်ကြ။

သို့အတွက် ဘုရားတည်သောသူ ကျောင်းဆောက်သောသူ လယ်လုပ်သောသူတို့သည် တောချုံပိတ်ပေါင်း သစ်ပုတ်ခလုတ်ဟူသမျှတို့ကို ရှေးဦးစွာ ခုတ်ထွင်သုတ်သင်ရှင်းလင်းပြီး တံမြက်လှည်း၍ တလင်းပြောင်နေမှ ဘုရားတည်လို့ဖြစ်သည် ဟု မှတ်ကြပါ။ ကန်တော့ရသော အကျိုးတရားသည် ထို့အတူမှတ်။

ကန်တော့ခံသော အကျိုးတရား ကြီးကျယ်မြင့်မြတ်ပုံကို ထင်ရှားစွာသိကြစေရန် ဥပမာကို ထုတ်ဆောင်ပြပေအံ့။

ဓမ္မပဒပါဠိတော်၌ ငါတို့မြတ်စွာဘုရား လက်ထက်တော်၌-သောရေယျ သူဌေးသားသည် အရှင်မဟာကစ္စည်း မထေရ်၏ ရဟန္တာ အရှင်မြတ်ကြီး၏ လွန်စွာ လှပတင့်တယ်သော အဆင်းတော်ကို မြင်ရုံနှင့်ပင် မကောင်းသော ရာဂစိတ်တွေဖြစ်ပေါ်၍ မနောကံ စေတနာဖြင့် ဖြစ်များမိလေသည်။ ထိုအခါတွင် - မိမိ

ယောက်ျား, အသွင်ပျောက်၍ မိန်းမအသွင် ချက်ခြင်း ပေါ်လာလေသည်။

ထိုအခါ လူသိမည်ကို ရှက်သောကြောင့် သင်္ဘောဆိပ်သို့သွား၍ ပင်လယ်ကူးသင်္ဘောကို စီးပြီးလျှင် တိုင်းတပါးသို့ လှည်းသွားငါးရာနှင့် လိုက်သွားလေသည်။ သူဌေးကြီးအိမ်သို့ရောက်၍ သူဌေးကြီးက လွန်စွာ ချစ်မြတ်နိုးလှသောကြောင့်-သားနှင့် လက်ထပ်မင်္ဂလာပြုလေသည်။ (မိန်းမအဖြစ်နှင့် သားသမီးနှစ်ယောက်-ယောက်ျားအဖြစ်နှင့် သားသမီးနှစ်ယောက် ရလေသည်။)

တနေ့သောအခါ မိမိမြို့ရွာက လွန်စွာ ချစ်ခင်သော မိတ်ဆွေလှည်းသမားတဦး ပါလာလေသည်။ ထိုမိတ်ဆွေကိုမြင်လျှင် လွန်စွာချစ်ခင်သောကြောင့် မသိရောင်ဆောင်၍ခေါ်ပြီးလျှင် မိမိမြို့ရွာက အကြောင်းကို မေးသောအခါ ကျန်ရစ်ခဲ့သော အမိ, အဘ, သားမယား, သားသမီးကလေးများမှာ ပျောက်ဆုံးသွားသော လင်ယောက်ျားကို သေမှန်းမသိ, ရှင်မှန်းမသိ ဖြစ်နေကြ၍ ပင်ဒေဝမီးပြင်းထန်စွာလောင်၍ နေ့ရောညဥ့်ပါ လွန်စွာ ဒုက္ခရောက်၍ ငိုယိုနေကြရလေသည်ဟုပြောသောအခါ မေတ္တာ, ကရုဏာ, စိတ်တွေ တကိုယ်လုံးဗိုရေလှိုင်း တက်လာဘိသကဲ့သို့ မရှုနိုင်,မဆန့်နိုင်အောင်ဖြစ်၍ငါ့သူ

ငယ်ချင်းရဲ့လို့ဆိုပြီး အတင်းဖက်၍ နှစ်ဦးမြှုပ်ငိုကြွေ လေတော့၏။

ထိုအခါ သူငယ်ချင်းက မိတ်ဆွေ, ဘယ်အတွက် ထိုကဲ့သို့ မွန်းမဖြစ်သွားရသနည်းဟု မေးသောအခါ အရှင်မဟာကဿပမထေရ်၏ လှပတင့်တယ်သော အဆင်းကို မြင်ရုံနှင့်ပင် မကောင်းသော ရောဂါဝိဘော်ဖြစ်၍ မနေ့ကဖြင့် ဖြစ်မှားမိသောကြောင့် ထိုခဏတွင် ယောကျ်ားအသွင် ပျောက်ကွယ်၍ မိန်းမအသွင် ဖြစ်ပေါ်လာလေသည်။ ထို့အတွက် ဒီမိသို့ မပြန်ရဲဘဲ တိုင်းတပါးသို့ ထွက်ပြေးလာ၍ ယခု သားသမီးနှစ်ယောက်ရှိနေပြီဟု ပြောရာ မိတ်ဆွေဘာမှမပူနှင့် တိုင်းပြည်သို့ ပြန်လိုက်ခဲ့။ ရှင်မဟာကဿပမထေရ်ရဟန္တာ ကိုယ်တော်မြတ်ကြီးထံသို့သွား၍ ဟုတ်တိုင်းမှန်ရာ လျှောက်ထားပြီး ရှိခိုးသစ္စာ ကန်တော့ တောင်းပန်လျှင် ယောကျ်ားပြန် ဖြစ်သိမ့်မည်ဟု ပြောသောအခါ လွန်စွာဝမ်းမြောက်၍ လိုက်လာပြီးလျှင် ရှင်မဟာကဿပ မထေရ်ကြီးထံသို့ ရှိခိုးလေးမြတ်စွာသွား၍ မိမိဖြစ်မှားခဲ့သမျှကို ဟုတ်တိုင်းမှန်ရာ လျှောက်ထားပြီး တပည့်တော်အား သနားသောအားဖြင့် ဖြစ်မှားမိသောအပြစ်တို့ကို သည်းခံတော်မူပါဘုရားဟု ရှိခိုးလေးမြတ်စွာ ကန်တော့ တောင်းပန်လေသည်။

ထိုအခါ အရှင်မဟာကဿပမထေရ်ရဲ ကိုယ်တော်

မြတ်ကြီးက အသင် ဥပါသိကာမကလေး, မိမိပြုံမှား သောအပြစ်ကို ကောင်းစွာသိ၍ ဟုဘိတ်ဆိုင်းမှန်ရာကို ထင်စွာပြ၍ ကန်တော့တောင်းပန်ခြင်းသည် သူတော် ကောင်းတို့၏ အလေ့အကျင့်ဖြစ်သည်။ သို့အတွက် အသင်ဥပါသိကာမကလေးအပေါ်၌ အနုဝေစ္စ,အပြစ်မရှိ တော့ပြီ။ စင်ကြယ်၏ဟု မိန့်တော်မူလိုက်သည်နှင့်တပြိုင် တည်း ဝမ်းမအသွင်,ပျောက်ကွယ်၍ ယောကျ်ားအသွင်, ချက်ခြင်းဖြစ်ပေါ်လာလေသည်။

ထိုအခါ ကန်တော့ရသော အကျိုးတရားကြီးသည် အံ့သြချီးမွမ်း၍မဆုံးနိုင်။ မကြိုးစားဘူးလွန်စွာ ထူးကဲပါတကား ဟု ကိုယ်တိုင်တိုင်မှ အကျိုးခံစားရသော ကြောင့် ချီး ကျူးအံ့သြ၍ မဆုံးနိုင်အောင် တကိုယ်လုံးသဒ္ဓါပီတိ တွေ တဖျန်းဖျန်းသ၍ ဘုရား တရားတော်နှင့် တကွ ရှင်မဟာကစ္စည်းမထေရ်မြတ်ကြီးအားအတိုင်းမသိကြည် ညိုလေ၏။ မိတ်ဆွေကိုလည်း ကသျာဏမိတ္တ,အဆွေခင် ပွန်း ကောင်းကြီး ကယ်တင်ပေလို့ ကျွန်ုပ်, အဝိစိငရဲ မကျရပေသည်။ အတိုင်းမသိ ကျေးဇူးကြီး လှ ပါပေ သည်ဟု ကျေးဇူးဆပ်၍ မဆုံးနိုင်အောင်ဖြစ် လေ တော့သည်။

ထိုကဲ့သို့ အရိယူပဝါဒကံကြီးထိုက်၍ အဝိစိငရဲကြီး သို့ ကျမည့်ဆဲဆဲကို ကယ်တင်သောမိတ်ဆွေမှ ကသျာ

ထာဒိတ္တအစစ်ပဂု မှတ်ကြပါ သူတော်ကောင်း အပေါင်းတို့၊ အဝီစိငရဲသို့ ဆွဲချမည့် မိတ်ဆွေကို မပေါင်းကြပါနှင့်။ မိတ်ဆွေအစစ်ကိုဉာဏ်ယှဉ်၍ပေါင်းကြပါ။ ကန့်တော့ရသောအကျိုး ထိုမှုရကာသေး, ထိုပုဂ္ဂိုလ် သည်ယာခု ဘဝထဲတွင် ယောကျ်ားဖြစ်လိုက်, မိန်းမဖြစ်လိုက်နှင့်မိမိကိုယ်တိုင်သားသမီးတွေ လွယ်၍ဖွားခဲ့ရသောဒုက္ခတွေကို ကိုယ်တွေ့ ဒိဋ္ဌဖြစ်ခဲ့၍ လွန်စွာ ချက်ခြင်းကြောက်ခြင်း ထိပ်လန့်သော မွေသံဝေဂဉာဏ်တွေဖြစ်၍ မြတ်စွာဘုရားထံသို့သွား၍ ရဟန်းပြုပြီးလျှင် ဇာတိပဋိသန္ဓေ နေရသော ဘေးဒုက္ခကြီးမှ ချုပ်ငြိမ်း ဇာတ်သိမ်းရာမှန် အသင်္ခတ,မဟာနိဗ္ဗာန်ကြီး သို့ အမြန်ရောက်ကြောင်း တရားကောင်းကို ကယ်မ, သနားတော်မူပါဘုရားဟု ရိုသေလေးမြတ်စွာ တရား တောင်းပန်လေသည်။

ထိုအခါ-မြတ်စွာဘုရားက သင့်လျော်သောကမ္မဋ္ဌာန်းကို ပေးသနားတော်မူလေသည်။ ထိုရဟန်းသည် လူသူမနီးသော တောမြိုင်သို့ ဖိုကပ်၍ တရား အားထုတ်သောအခါ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ထိုရဟန္တာ ကိုယ်တော်မြတ်ကြီး က ရှင်မဟာကစ္စည်းမထေရ် ကိုယ်တော်မြတ်ကြီးကို ပြစ်မှားထားသောအကုသိုလ် ဂရုကံကြီးသည် ဈာန်မဂ်ဖိုလ်ကို တား

ဆီးပိတ်ပင်နိုင်သည့်အတွက် ရှိသေ လေးမြတ်စွာ မကန်တော့လျှင်ယာရဘဝ ပေဟန္တာမဖြစ်တော့ပြီ။အငီဇိ ရဲကြီးသို့ ကျရမည်ကား မလွဲတော့ပြီ။ ထိုမျှလောက် ကြီးလေးသော အကုသိုလ် ဂရုကကြီးကို ရှိသေလေးမြတ်စွာ ကန်တော့တောင်းပန်သည့်အတွက် အဝီစိငရဲသို့ ကျမည့်ဆဲဆဲ အကုသိုလ် ဂရုကကြီးသည် တခါတည်း ပ,ပျောက်သွားခဲ့လေတော့သည်။ ပ,ပျောက်ရုံတွင်မက ဘယ်ဘဝ, သယ်ကမ္ဘာ ဘယ်ခန္ဓာမှ မခံခဲ့ဘူး သေးသော လွန်စွာထူးသောအတုမရှိ အသင်္ခတ မဟာနိဗ္ဗာန်ကြီး၏ ဝိမုတ္တိရသ နိဗ္ဗာန် ချမ်းသာကြီးကို ခံစားရလေတော့၏။

ယာရဘဝ- တိပိဋိတ် ရဲရဲတောက်ကြီးတွေ ဘုရားနှင့် ဘခင် ဖြစ်မှား၍ ရပြီးသောဈာန်တွေပါ ကွယ်ပျောက်၍ အဝီစိငရဲကြီးက မီးတောက် မီးလျှံတွေ တက်လာပြီး ဆွဲချ၍ မြေမျိုသွားသော ဒေဝဒတ်နှင့် အစာတသတ်တို့ကို များများကြီး စဉ်းစားလိုက်ကြပါ။ ကန့်တော့ရသော ကုသိုလ် စေတနာကံကြီးသည် ထိုမျှလောက် အတုမရှိ ကြီးကျယ် မြင့်မြတ်ကြောင်းကို ကောင်းစွာ သိရှိကြစေရန် ရည်သန်၍ မေတ္တာ, ကရုဏာရှေ့ထား၍ ရေးသားဖေါ်ပြလိုက်ပေသည် သူတော်ကောင်းအပေါင်းတို့။

အဝီစိငရဲဘေးကြီးမှလွတ်သော ကန်တော့ခန်းကြီးသည်
ဤတွင်ပြီး၏။

ယခုအခါ တရားအားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့၊ အထူးသတိထား စဉ်းစားမှတ်သား၍ အားထုတ်ရမည့်မှာ အဇ္ဈတ္တအာယတန ၆-ပါး၊ ဗဟိဒ္ဓအာယတန ၆-ပါး၊ ထိုအာယတန ၁၂-ပါးကို ရှေးဦးစွာ ဖြစ်မှု၊ ပျက်မှု၊ အနိစ္စကို ကောင်းစွာသိမြင်အောင် ရှုကြည့် ပွါးများကြရမည်။ အဇ္ဈတ္တ အာယတန ၆-ပါးနှင့် ဗဟိဒ္ဓ အာယတန ၆-ပါးကို သေချာစွာ မှတ်ကြပါ။

| | |
|---|---|
| ၁။ စက္ခုပသာဒ | ၁။ ရူပါရုံ |
| ၂။ သောတပသာဒ | ၂။ သဒ္ဒါရုံ |
| ၃။ ဃာနပသာဒ | ၃။ ဂန္ဓာရုံ |
| ၄။ ဇိဝှါပသာဒ | ၄။ ရသာရုံ |
| ၅။ ကာယပသာဒ | ၅။ ဖောဋ္ဌဗ္ဗာရုံ |
| ၆။ မနောဒွါရ | ၆။ ဓမ္မာရုံ |
| ဤ အဇ္ဈတ္တ အာယတန ၆-ပါးဟု မှတ်ကြ။ | ဗဟိဒ္ဓ အာယတန ၆-ပါးဟု မှတ်ကြ။ |

(တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် အပေါင်းတို့ အထူးသတိပြုရန်အချက်ကြီးကို ဖေါ်ပြဦးအံ့။)

အလွန်တရာ-နူးညံ့သိမ်မွေ့သော ပရမတ္ထ သဘာဝကို ထိထိမိမိ၊ ဉာဏ်ပညာ စက္ခုနှင့် ကြည့်ရှုသော

အခါ ရုပ်ရက် ဉာဏ်ဝမှာ မသိမြင်တဲ့၍ ဝိဘင်ပျက် လိုက်ကြနှင့်။

သဒ္ဓါမိုလ်, သတိမိုလ်, ဝီရိယမိုလ်, သမာဓိ မိုလ်, ပညာမိုလ်, ထိုမိုလ်ကြီး ငါးပါးကို ညီ မျှစွာ ချိန်ညှင်လျှာ ကဲ့သို့ တောင်ဝင်အောင် ပြုလုပ်ပြီးမှ ရှုကြည့်ပွါးများရမြင်း။ သို့မှ သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ် အလင်းပေါက်အောင် ရှုမြင်ကြမည်။ အချို့အခါကျမှ ပေါက်ရောက်ရှုမြင်ခည်။ မိမိတို့၌ ဘဝ, ဘဝက အားထုတ်ခဲ့သော ဝိပဿနာမျိုးသည် အဘယ်မျှလောက် ကြီးမား ရင့်သန့်လာသည်ကို မသိရ။ ပါရမီ ရင့်သန်ပြီးသော ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ခဏ နှင့် ထမြောက် ပေါက်ရောက်လွယ်သည်။ ပါရမီ အလတ်စား, အနုံ့စား, ဖြစ်သော သူတို့မှာ မိမိအသက်ကို စွန့်လွှတ်၍ အားထုတ်မှ ဖြစ်နိုင်သည်ဟု မှတ်ကြပါ။

သို့အတွက်- ယခုလောက၌ ရှိကြသော ကြက်မကြီးများသည် ဥ,ပေါင်းများစွာ ဥပြီးသောအခါ နေ့ရောညဉ့်ပါ မိမိဥပြီးသော ကြက်ဥများကို မိခင်၏ ကိုယ်ငွေ့နှင့် အစဉ်မပြတ်ပေါင်းနွေးပေးမှ အချိန်ကျသောအခါ ကြက်ဥတွင်းမှ အခွံဖောက်ထွင်း၍ ကြက်ကလေးတွေ ပေါက်ဖွါးလာဘိသကဲ့သို့ ထို့အတူ- မိမိတို့ ရှုကြည့်ပွါးများနေသော ရုပ် နာမ်,တရားများကို နေ့ရောညဉ့်ပါ မနေမနား အခွန့်ဝီရိယဖြင့် သက်စွန့်ကြိုးပန်း နှစ်သိမ်း လေးသောင်း

အထုရှိသော မဟာပထဝီ မြေကြီးကို မှုံ့မှုံ့ ညက်ညက် ချေဖျက်မည့် ယောက်ျားတူး အာဇာနည်ကြီးတို့၏ စိတ် ကဲ့သို့ ရဲရင့်စွာထား၍ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်. အလင်း ပေါက်အောင် ရှုကြည့်ပွါးများ အားထုတ်ကြရမည်။ (ပုဗ္ဗကိစ္စ)

တရားအားထုတ်သော- ယောဂီပုဂ္ဂိုလ် အပေါင်းတို့ သည် ကမ္မဋ္ဌာန်း, ယောဂီ ဆရာတော်ကြီးများထံသို့ ရို သေလေးမြတ်စွာ တရားကိုတောင်းပန်၍ တရားအား ထုတ်သောအခါဘာဝ,အဆက်ဆက်က တရားအားထုတ် ခဲ့သော ပါရမီ ပစ္စည်းအဆက်နည်းသော ပုဂ္ဂိုလ်တို့မှာ သဘာဝဓမ္မအတိုင်း ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ်မှာ ပေါက် ဆိုင်းမှန်ရာကို ကောင်းစွာထင်မြင်လာတတ်သော သ ဘောတရားများကို ရေးသားမည် ဖြစ်သောကြောင့် (သဘာဝဓမ္မ,အလင်းပြကျမ်း)ဟု ဆိုသင့်၏။ ယခုအခါ တရားအားထုတ်မည့် ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကို သက်ဝင်ကြိုးပန်း အားထုတ်လျက်ရှိသော ယောဂီပုဂ္ဂိုလ် ဆရာတော် ဘုရားကြီးများထံသို့ သွား၍ ရိုသေလေး မြတ်စွာ တရားကိုတောင်းပန်ရမည်။ တောင်းပန်သော အခါ ဆရာတော်ဘုရားကြီးက ရုပ်,နာမ်,ခန္ဓာ, အဖြစ် အပျက်ကို ဟောပြော ဆုံးမ၍ တရားနာကြားလျက်နှင့် မိမိခန္ဓာကိုယ်ကြီး တကိုယ်လုံး ကြက်သီး မွေးညှင်းတွေ က တဖျန်းဖျန်းထ၍ ကိုယ်ကြီး ပွရှလာသည်ဟု ထင်နေ

တတ်သည်။ ထို့နောက်-ရှင်ပွါးဆင်းတု ဘုရားကိုယ်တော်မြတ်ကြီးကို ကြည်ညိုရန် ဘုရားအာရုံပြု၍ မေတ္တာပို့ အမျှပေးဝေခိုင်းရာ ဘုရားကို ကြည်ညိုလျက် ဘုရားကိုယ်တော်မြတ်ကြီးက သက်တော်ထင်ရှားဖြစ်၍ အထက်သို့ ကြွတက်နေသည်ကို မျက်စိဖွင့်လျက် မျက်မြင်ဒိဋ္ဌဖူးတွေ့နေရတတ်သည်။ ထို့နောက် ဆရာတော်ဘုရားက ကမ္မဋ္ဌာန်း အားထုတ်ရမည့်နေရာကို ခေါ်သွား၍ မိမိခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထား၍ တင်ပလ္လင်ခွေ, ညာဘက် ခြေဘဝါးကို အပေါ်ကထား, ဘယ်ဘက်ခြေဘဝါးကို အောက်ကထား,ညာဘက် လက်ဘဝါးကို အပေါ်ကထား, ဘယ်ဘက် လက်ဘဝါးကို အောက်ကထား၍ တင်ပလ္လင်ခွေထိုင်။ အသက်ကို သာယာညှင်းပြောင်း မှန်မှန်ရှူနေရမည်။ ဆရာ့ဆုံးမသည့်အတိုင်း တင်ပလ္လင်ခွေ၍ တရားကိုနှလုံးသွင်း ရှုကြည့်သည်နှင့်တပြိုင်တည်း ဆရာသမားက မဆုံးမဘဲနှင့် မိမိစိတ်သည် သဘာဝမွေ့အတိုင်း ပေါ်လာသည်မှာ ယခုည, တရားထူး တရားမြတ်ကို မရလျှင် သည်နေရာတွင် သေပလေစေ, မိမိရုပ်နာမ်ခန္ဓာကို စွန့်တော့အံ့။ သည်တင်ပလ္လင်ခွေကို မဖျက်တော့အံ့ဟု စိတ်က အဓိဋ္ဌာန် ရဲရင့်စွာ ပြုတတ်သည်။

ထိုကဲ့သို့- အချက်ကြီးများကို တရားအားထုတ်သော ယောဂီ ပုဂ္ဂိုလ်များမှာ သဘာဝမွေ့အတိုင်း ဖြစ်ပေါ်

လာတတ်သည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်များကို တွေ့ရှိဘူး ကြားဘူးသည့်အတွက် ယခုအားထုတ်မည့် ပုဂ္ဂိုလ်များမှာ သဒ္ဓါတရား အထူးထက်သန်စွာ အားထုတ်နိုင်ကြစေခြင်းအကျိုးငှါ မေတ္တာစေတနာ ကြီးမားစွာနှင့် ရေးသားထည့်သွင်း ဖော်ပြလိုက်ရပေသည်။

အားထုတ်သောအခါ ထိုကဲ့သို့ ဖြစ်ပေါ်သည်ဖြစ်စေ, မဖြစ်ပေါ်သည်ဖြစ်စေ, တရားကို သက်စွန့်ကြိုးပမ်း အားထုတ်ကြရမည်။

တရားအားထုတ်သော-ယောဂီပုဂ္ဂိုလ်တို့သည် သဒ္ဓါဗိုလ်, သတိဗိုလ်, ဝီရိယဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဗိုလ်ငါးပါးနှင့်- ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ၊ ထိုအဓိပတိ တရားလေးပါးနှင့် တကွ တူမျှအောင်ထား၍ အားထုတ်မှ မိမိရုပ်,နာမ်,ခန္ဓာ, ပရမတ် ဆတ်ဆတ်တွေကို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်း ပေါက်အောင်ရှုကြည့် ပွါးများ နိုင်ကြမည်။ ရှုကြည့်သော အခါ မြတ်စွာဘုရား ဟောတော်မူသော ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်၌ ဟောတော်မူအပ်သော ခန္ဓာငါးပါးတို့၏ ဥပမာ အကျယ် အဓိပ္ပါယ်များကို ပြဆိုပေအံ့။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။ မရီစိကူပမာသညာ၊ သင်္ခါရာ ကဒလူပမာ၊ မာယူပမဉ္စ ဝိညာဏံ ဒေသိတာဒိစ္စဗန္ဓုနာ။ ။

၁။ ရူပံ၊ ရူပက္ခန္ဓာကို၊ ဖေဏပိဏ္ဍူပမံ၊ ·ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီးတွေနှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ထင်စွာရှုအပ်၏။

၂။ ဝေဒနာ၊ ဝေဒနာက္ခန္ဓာကို၊ ပုဗ္ဗုဠူပမာ၊ ရေပွက်နှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ထင်စွာရှုအပ်၏။

၃။ သညာ၊ သညာက္ခန္ဓာကို၊ မရီစိကူပမာ၊ တံလျှပ်နှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ထင်စွာရှုအပ်၏။

၄။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာကို၊ ကဒလူပမာ၊ ငှက်ပျောတုံး, လက်ပံသုံးနှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ထင်စွာရှုအပ်၏။

၅။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကို၊ မာယူပမံ၊ မျက်လှည့်အမှုနှင့်တူစွာ။ ဒဋ္ဌဗ္ဗံ၊ ထင်စွာရှုအပ်၏။

ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အနွယ်ဖြစ်တော်မူသော ငါဘုရားသည်၊ ဒေသိတံ၊ ဟောတော်မူအပ်၏။

ရူပက္ခန္ဓာကို- ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီးနှင့် တူစွာ ထင်မြင်အောင် ရှုရမည်ဟု ဟောတော်မူသည့်အတိုင်း စာ,မသင်ဘူးသေးသောပုဂ္ဂိုလ်တို့မှာ မိုးယံကြီးစွာ ရွာသောအခါ မြစ်ရေ, ချောင်းရေတွေထဲမှာ ရေပေါ်က

ဖေါင်ဖိုးပါလာသော လူလောကရှိသော ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီး တဗိမ့်ဗိမ့် ကြည့်ရှုနေရမည်။ ကြည့်ရင်း, ကြည့်ရင်းနှင့် ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီး တခုလုံး ရုပ်ကလပ်ကလေးတွေ တသိမ့်သိမ့်, တသဲသဲ, တရွရွ, အမြဲပျက် အနေပျက် ဖြစ်နေသည်ကို အတတ် သိမြင်လာလိမ့်မည်။ ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီး တခုလုံး ခဏမစဲ တသဲသဲ, တကြွကြွ, တရွရွ, ထိစပ်အောင် ဖြစ်နေကြသည်ကို ကောင်းစွာမြင်လာလိမ့်မည်။ ထိုသို့မြင်နေသောအခါ ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီး မဟုတ်တော့ပါတကား။ ရုပ်ကလစ် ကလေးတွေ တသိမ့်သိမ့်, တသဲသဲ, တရွရွ, ဖြစ်ပျက်နေသော သဘောတရားတွေပါတကားဟု.... တဆင့်တိုး၍ ဉာဏ်မှာ ကောင်းစွာထင်မြင်လာလိမ့်မည်။ မျက်တောင်တခတ်, လျှပ်တပျက်ခန့်မျှ အသက်ရှည်၍ မချုပ်မပျက်ဟု ခိုင်မြဲစွာတည်နေနိုင်သော ရုပ်တရားဟူ၍ အနုမြူခန့်မျှ မရှိကြောင်းကို ကောင်းစွာသိမြင်လာလိမ့်မည်။ အထူးမှတ်ကြပါ။

မူလပဌမကြည့်စက စက္ခုဝိညာဏ်စိတ် ပကတိအသိမျိုးဟုတ်တော့ပြီ။ တဆင့်ထက် တဆင့် တိုး၍,တိုး၍ မိမိစိတ္တုပ္ပါဒ်အစဉ်မှာ အဝိဇ္ဇာမှောင်ဓာတ်ကြီးတွေ ပါး၍ ပါး၍ ဝိဇ္ဇာတည်းဟူသော အကြည်ဓာတ်ကြီး အလင်းဓာတ်ကြီးတွေစိတ္တုပ္ပါဒ်အစဉ်မှာ တဖွါးဖွါးဖြစ်ပေါ်လာသောကြောင့် ဟုတ်တိုင်းမှန်ရာ သဘာဝဓမ္မ အစစ်အမှန်

ဖြစ်သော ရုပ်ပရမတ္ထ,သဘောတရားတွေကို ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း၍ သိလာသည်ကို ကောင်းစွာမှတ်။ (ပရိကမ္မနိမိတ်)

ထိုရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီးကို သဘောကျအောင် အကြိမ်ကြိမ် အထပ်ထပ် ရှုကြည့်ပြီးမှ ဗဟိဒ္ဓာ ရေမြှုပ်စိုင်၊ ရေမြှုပ်ခဲကြီးမှာ မျက်စိဖွင့်ကြည့်၍ ထင်မြင်နေသလို ထို့အတူ မိမိခန္ဓာကိုယ် ရုပ်တရားကို ရှုကြည့်သော အခါ မျက်စိကိုမှိတ်၍ မိမိကိုယ်ကို ရေမြှုပ်စိုင်,ရေမြှုပ်ခဲကြီးလုပ်၍ မျက်စိဖွင့်ကြည့်သောအခါ မြင်နေဘိသကဲ့သို့ တထပ်ထည်း ထင်မြင်အောင်ရှုကြည့်နေရမည်။

## "ဝိပဿနာကျပုံ"

မိမိခန္ဓာကိုယ်၌ ရှုကြည့်ပွားများရမည်မှာ- စက္ခုပသာဒရုပ်ကစ၍ ရှုကြည့်ပွားများရမည်။

စက္ခုပသာဒရုပ်သည်- ဥပါဒ်,ဋ္ဌီ,ဘင်,ဟု- ဆိုအပ်သော ခဏငယ်ပေါင်း ၅၁-ချက် အသက်ရှည်၏။ ထိုခဏငယ်ပေါင်း ၅၁-ချက်မျှကာလကို ရုပ်သက်,တသက်ဟု ခေါ်၏။ ရုပ်သက်တသက်ဟုမှတ်ကြ၊ မျက်စိ၌ရှိသော အဇ္ဈတ္တပသာဒရုပ်ဖြစ်စေ, ဗဟိဒ္ဓ၌ရှိသော ရူပါရုံအဆင်းရုပ်ဖြစ်စေ,ထို့အတူ ခဏငယ် ၅၁-ချက်မျှအသက်ရှည်၏။

ထိုအဇ္ဈတ္တမျက်စိ၌ရှိသော ပသာဒရုပ်နှင့် ဗဟိဒ္ဓ၌ရှိသော ရူပါရုံ,အဆင်းရုပ် ထိုနှစ်ပါး ပေါင်းဆုံ လုံးထွေး

မိကြသောအခါ စက္ခုဝိညာဏ်သည် ဖွားကနဲ ဖြစ်ပေါ်လာ၏။

ဥပမာဖြင့်ထင်ရှားစေအံ့။ မီးခြစ်တန် ဆေးခဲနှင့် ကော်ပတ်,ထိခိုက်ကြသောအခါ မီးတောက်ကြီး ဖွားကနဲဖြစ်ပေါ်လာသည်နှင့်တူ၏။ မီးခြစ်၌ရှိသော ကော်ပတ်သည် မျက်စိ၌ရှိသော ပသာဒရုပ်နှင့်တူ၏။ မီးခြစ်တန်ဆေးခဲသည် ရူပါရုံနှင့်တူ၏။ မီးတောက်သည် စက္ခုဝိညာဏ်နှင့်တူ၏။ ဥပမာကို ကောင်းစွာမှတ်ကြ။

ထိုစက္ခုဝိညာဏ်သည်- ဥပါဒ်, ဌီ, ဘင်, ဟု ဆိုအပ်သော ခဏငယ် ၃-ချက်ရှိ၏။ ထိုခဏငယ် ၃-ချက်ကို စိတ်သက်တသက်ဟု ခေါ်၏။ စိတ်သက်သည် မျက်စိတမှိတ် လျှပ်တပြက်ခန့်အတွင်းမှာ စိတ္တက္ခဏပေါင်း ကုဋေတသိန်း ဖြစ်ပျက်နိုင်သည်ဟု, ဟောတော်မူသည်။

ရုပ်သက်,တသက်ကို- စိတ္တက္ခဏ ၁၇-ချက်ရှိ၏။ ခဏငယ်ပေါင်း ၅၁-ချက်ရှိ၏။ ထို့ကြောင့်- ရုပ်သက်တသက်ကို ခဏငယ်ပေါင်း ၅၁-ချက်ရှိသည်ဟု, အထက်၌ ပြဆိုခဲ့ပေသည်။ ကောင်းစွာမှတ်။ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့။

ဥပါဒ်သည် ဖြစ်ခြင်း၊ ဌီသည် တည်ခြင်း၊ ဘင်သည် ပျက်ခြင်းအဆုံးရှိ၏။ ထိုကဲ့သို့ ဥပါဒ်-ဌီ-ဘင်-ခဏငယ်

သုံးချက်ရှိသည်တွင်, ဤ ကာလ၏ အသက်သည် ခအင်ငယ် ပေါင်း ၄၉-ချက်အသက်ရှည်၏။ သို့အတွက် အဋ္ဌပုထုဇဉ် အပေါင်းတို့၏ပိတ်၌ မြင်သိနေကြသည်မှာ ၄၉-ချက်အသက်ရှည်နေသောရုပ်၏ ဤကာလကြီးကို အဝိဇ္ဇာတိုက်မှ ကျွတ်လွတ်သည့်နေ့ကစ၍ တမြင်ထဲ မြင်လာကြသောကြောင့် ယခုနေ့အထိ ငါ့မျက်စိ,ငါ့ပသာဒရုပ်မြဲ၏။ ဖေါက်ပြန်ပျက်စီးခြင်းမရှိ။ ဟုခုတည်းဟု ယူကြ၏။ နှစ်ခု,သုံးခု, စသည်ဖြင့် ပြောင်းလဲဖေါက်ပြန်ခြင်းမရှိဟု ခိုင်ခိုင်မြဲမြဲကြီးယူကြ၏။

ထို့အတူ—ဗဟိဒ္ဓ၌ရှိသော ရူပါရုံရုပ်တို့ကိုလည်း အဝိဇ္ဇာတိုက်မှ ကျွတ်လွတ်သည့်နေ့ကစ၍ ထိုဒိုခင်, ဘခင်တို့ကို နေ့ရောညဥ့်ပါ တမြင်ထဲ မြင်လာကြ၏။ ထိုမိဘနှင့်ပါးတို့၏ ရူပါရုံ အဆင်းဝတ်နှင့် အသွင်းသဏ္ဌာန်ဟူသမျှတို့သည် ပြောင်းလဲ ဖေါက်ပြန်ခြင်းမရှိ။ မြဲ၏ဟု ခိုင်ခိုင် မြဲမြဲကြီး ယူကြ၏။ (သဿတဒိဋ္ဌိ)

ရှုကြည့်ရမည်မှာ- အထက်က ပြဆိုခဲ့ပြီးသော ဗဟိဒ္ဓက ရေမြှုပ်စိုင်,ရေမြှုပ်ခဲကြီးနှင့် တူစွာမခြား မှိုင်ခန္ဓာကိုယ်ကြီးကို ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီးလုပ်၍ တဏှာဥပါဒါန်အားဖြင့် စွဲလမ်းသိမ်းပိုက်၍ ချစ်ခင်မြတ်နိုးနေသော အဇ္ဈတ္တမျက်စိ ပသာဒရုပ်ကစ၍ ဖြစ်မှု, ပျက်မှု, သဘောတွေကို သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း၍

အလင်းပေါက်အောင် ကြည့်ရှုသွားများနေရမည်။ ကြည့်ရင်း,ကြည့်ရင်းနှင့် မျက်လုံးကြီးတခုလုံး ရုပ်ကလာပ်ကလေးတွေ တသိမ့်သိမ့်,တသဲသဲ,တရှုရှု,အခြေပျက်,အနေပျက် ဖြစ်နေသည်ကို မြင်လာလိမ့်မည်။ ယင်းသို့မြင်လာသောအခါ မိမိချက်စိ ရုပ်တရားတွေကို ပိုးလောက်ကလေးတွေ တရှုရှုထိုးဆွနေသကဲ့သို့ လွန်စွာနာကျင်သော ဒုက္ခဝေဒနာကို မခံနိုင်အောင် မျက်ရည်တွေ တတွေတွေ ယိုစီးကျလာတတ်သည်။ ထိုဒုက္ခကို မခံနိုင်၍ လွှတ်ပစ်တတ်သည်။ (သတိထား) လွှတ်မပစ်ရ, အထူးသည်းခံ၍ ဉာဏ်ကုန်လွှတ်၍ မိမိစီးစီး မျက်လုံးပေါက်ထွက်၍ ထိုနေရာတွင် သေပလေစေဟု ရင်,နာခံကို စွန့်လွှတ်၍ ရှုရမည်။ ထိုကဲ့သို့ ရဲရင့်စွာ ရှုကြည့်သောအခါ မျက်လုံး ရုပ်ကလာပ်ကလေးတွေသည် ခဏခဲ,တသဲသဲ,တရှုရှု,တကြွကြွ, ထိစပ်အောင် ဖြစ်နေကြသည်ကို ကောင်းစွာ ဉာဏ်အမြင်တို့၍ မြင်လာလိမ့်မည်။

ထိုသို့မြင်လာသောအခါ- မျက်လုံး ရုပ်တုံး,ရုပ်ခဲကြီး မဟုတ်တော့ပါတကား, ရုပ်ကလာပ်ကလေးတွေ တသိမ့်သိမ့်,တသဲသဲ, တရှုရှု, ဖြစ်ပျက်နေသော သဘောတရားတွေပါတကားဟု ဉာဏ်မှာတသဝင့်တို့၍ ကောင်းစွာမြင်လာလိမ့်မည်။ ထိုအမြင်ကို မလွှတ်ရ, မျက်လုံး ရုပ်ကလေးတွေ တသိမ့်သိမ့်,တသဲသဲ,တရှုရှု, ဖြစ်ပျက်နေသလို

ဋ္ဌိမိတကိုယ်လုံး ထို့အတူထင်မြင်အောင် တစပ်ထည်း ငန်းတိုက်၍ ဖိဖိစီးစီး ရှုကြည့်ရမည်၊ ရှုကြည့်ရင်းနှင့် သဘာဝမြွေအတိုင်း ဉာဏ်မှာ ထင်မြင်လာလိမ့်မည်၊ ရုပ်ကလာပ်ကလေးတွေ မျက်တောင်တခတ် လျှပ်တပြက် ခန့်မျှအသက်ရှည်၍ မချုပ်မပျက်ဘဲ ခိုင်မြဲစွာတည်နေနိုင်သော ရုပ်တရားဟူ၍ အနုမြူခန့်မျှ မရှိကြောင်းကို ကောင်းစွာသိမြင်လာလိမ့်မည်၊ အဖြစ်အပျက်ကို ရုပ်တရနှင့် တခြား အာကာသကို ပိုင်းခြား၍ မမြင်သေး။ သို့အတွက် ရုပ်,အဖြစ်အပျက်ကို ပိုင်းပိုင်းခြားခြား မမြင်သေးဟု မှတ်ကြပါ၊ ထိုနေရာမှာ အထူးစဉ်းစား ကြစေလိုလည်။

မူလပဌမကြည့်စက–စက္ခုဝိညာဉ်စိတ်သည် ပကတိ အသိမျိုး မဟုတ်တော့ပြီ။ တဆင့်ထက်တဆင့် တိုး၍တိုး၍ ဋ္ဌိဝိခန္ဓာဒ္ဓိ ဝိဇ္ဇုပ္ပါဒ်အစဉ်မှာ အဝိဇ္ဇာမှောင် ခေတ်ကြီးက စစ်အရှုံးပေး၍ ကွယ်ပုတ်, ကွယ်ပုတ်၍ သွားသော ကြောင့် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်း ခေတ်ကြီးတွေ ဝိဇ္ဇုပ္ပါဒ်အစဉ်မှာ တဖွားဖွားဖြစ်ပေါ်လာသောကြောင့် ဟုတ်တိုင်းမှန်ရာ သဘာဝဓမ္မ အစစ်အမှန်ဖြစ်သော ပရမတ္ထ သဘောတရားတွေကို ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်း၍ အလင်းပေါက်အောင် သိမြင်လာသည်ကို ကောင်းစွာ မှတ်ကြပါ။

ပမာဆောင်၍ပြဦးအံ့။ ဆောင်းဥတုအခါ အရှေ့ယုဂန်တောင်စွန်းမှ ပေါ်ထွက်လာသော နေမင်းကြီးသည် ပေါ်ထွက်စအခါမှာ တလောကဓာတ်လုံး ဆီးနှင်းမြူတိမ်တွေထူထပ် ဖုံးအုပ်နေသောကြောင့် နေမင်း၏ အရောင်သည် နုသေးသောကြောင့် ဖေါက်ထွင်း၍ ကောင်းစွာ မလင်းနိုင်သေး, ထိုအခါ ကောင်းကင် ကြည့်သောသူသည် နေရောင်အလင်းကို ကောင်းစွာမရသဖြင့် ဆီးနှင်းမြူတိမ်တွေ တသိမ့်သိမ့် တသဲသဲ, တရှုရှု, ဖြစ်နေသည်ကို သာမြင်ရ၏။ ထို့နောက်- တော်တော် နေကြွ လာသော အခါ နေရောင်အလင်း၏။ တန်ခိုးအစွမ်း အာနုဘော်ကြောင့် ဆီးနှင်း မြူတိမ်တို့သည် တဖြေးဖြေး ပါး၍ သွားကြလေတော့၏။

ထိုအခါ- ကောင်းကင် ကြည့်သောသူသည် ဆီးနှင်း မြူတိမ်တွေ ပါးသွားသောကြောင့် တလောကလုံး နဂို ပြာတေ့က ပဋ္ဌည်းအဆက်ဆက် ပေါက်ဘွားနေသော ဥတုဇ ရုပ်ကလာပ်ကလေးတွေ တသိမ့်သိမ့်, တသဲသဲ, ဖြစ်ပျက်နေသည်ကို တဆင့်တိုး၍ မြင်လေသည်။ မြင်သည် ဟုဆိုသော်လည်း ရုပ်ကလာပ် တခုနှင့် တခုခြား သန္တတိ, အစဉ်ပြတ်အောင် မြင်သည်မဟုတ်သေးဟုမှတ်ကြပါ။

ထိုကဲ့သို့- ပရမတ္ထသဘာဝ ရုပ်ကလာပ်တွေ အခြေပျက် အနေပျက် တသိမ့်သိမ့်,တသဲသဲ,တရှုရှု,တကြွကြွ, တကိုယ်လုံးဖြစ်ပျက်နေသောသဘောတရားတွေကိုယော

ဂိပုဂ္ဂိုလ်၏ ဉာဏ်ဝယ်မှာ ကောင်းစွာထင်မြင်လာသည်ကို ပင် နောင်လာနောက်သားတို့ သိမှတ်စေရန် သမ္မသန ဉာဏ်ဟု ပညတ်တင်စား၍ ခေါ်ထားပေသည်။

( သမ္မသနဉာဏ်ပြီး၏ )

အထက်၌ပြဆိုခဲ့ပြီးသောဥပမာတွင်- အရှေ့က ပေါ် ထွက်လာသော နေမင်းကြီးသည် သမ္မာဒိဋ္ဌိဝိပဿနာဉာဏ် အလင်းပေါ်လာသည်နှင့်တူ၏။ ကောင်းကင်သို့ကြည့်ရှုနေ သောသူသည် ကရားအားထုတ်သော ယောဂီပုဂ္ဂိုလ်နှင့် တူ၏။ မိမိခန္ဓာကိုယ်ကို သမ္မာဒိဋ္ဌိဝိပဿနာဉာဏ် အလင်း ရောင်နှင့် ကြည့်ရှုသော်လည်း ဘဝသံသရာ ကမ္ဘာအ ဆက်ဆက်က ခန္ဓာအစဉ်မှာ အဝိဇ္ဇာတည်းဟူသော မှောင်ခေတ်ကြီးက လွန်စွာ ထူထပ် ကြီးမားသောကြောင့် ရုတ်ထရက် ဝိပဿနာဉာဏ်အကြည်ခေတ်,အလင်းခေတ်ကြီး က ပေါက်ထွင်းခြင်းငှါ မစွမ်းနိုင်သေး။

“ ဥဒယဗ္ဗယဉာဏ် ”

ထိုအခါ- နေ့ရောညဉ့်ပါ အာရဒ္ဓဝီရိယဖြင့် သက်စွန့် ကြိုးပန်း အားထုတ်သော ယောဂီပုဂ္ဂိုလ်၏စိတ်မှာ နေ ရောင်ခြည် အလင်းခေတ်ကြီး အားရှိစွာ ပေါ်လာဘိသ ကဲ့သို့ သမ္မာဒိဋ္ဌိဝိပဿနာဉာဏ် အလင်းခေတ်ကြီး ပေါ်လာ၍ မိမိခန္ဓာ၌ရှိသော ပရမတ္ထမျှ ရုပ်ကလာပ်ကလေးတွေ

ကို ဟုတ်တိုင်းမှန်ရာ သဘာဝမွေတွေကို ကောင်းစွာ သိမြင်လာသည်ဟုမှတ်၊ နေရောင်ခြည်သည် တဆင့်ထက် တဆင့် တိုးတက်ရင့်သန်၍ အကြည်ဓာတ်, အလင်းဓာတ် ကြီးသည် အားရှိစွာ ထွန်းလင်း တောက်ပ လာသော ကြောင့်- လောကဓာတ်တခုလုံးရှိ ရုပ်ကလာပ်ကလေး တွေတခုနှင့်တခု ပိုင်းပိုင်းခြားခြား မြင်လာဘိသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ရုပ်ကလာပ်ကလေးတွေကို သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းဓာတ်ကြီး အားရှိစွာ ထွန်း လင်း တောက်ပလာသောကြောင့် ရုပ်ကလာပ်ကလေး တွေ ဖြစ်,ပျက်နေသည်ကို တခုနှင့်တခု မရောမစပ်, သန္တတိ, အစဉ်ပြတ်၍ ပိုင်းပိုင်းခြားခြားကြီး ကောင်းစွာ သိမြင်လာသည်ဟုမှတ်။

ထိုကဲ့သို့သိမြင်လာသောအခါ- ဘဝသံသရာ ကမ္ဘာ အဆက်ဆက်က ခန္ဓာအစဉ်မှာ တဏှာဉပါဒါန်နှင့်တကွ အတ္တဒိဋ္ဌိဖြင့် စွဲလမ်းအပ်သော ငါ, ကာလသည်တဒင်္ဂအား ဖြင့် ကွယ်ပျောက်ရလေတော့၏။ ထိုကဲ့သို့ငါ, ကာလ ကွယ်ပျောက်သောအခါ- ဖြစ်မှု,ပျက်မှုကို မြင်နေသော ဝိဇ္ဇာဉာဏ်သည် လွန်စွာ ထက်သန် အားကောင်းလာ သောကြောင့် အဖြစ် အပျက်တွေကို လျှင်လျှင်မြန်မြန်ကြီး မြင်လာလိမ့်မည်၊ ထိုအခါ၌မှ သောတပသာဒ, ဃာနပ သာဒ, ဇိဝှါပသာဒ, ကာယပသာဒ, မနောဒွါရအကြည် ဓာတ် အစရှိသော ရုပ်အပေါင်းကို ဝိပဿနာ,သမ္မာဒိဋ္ဌိ

ဝိပဿနာဉာဏ်ဖြင့် မိမိခန္ဓာကိုယ်ကို ဦးထိပ်ကဉာဏ်နှင့် ဝိုက်၍ ခြေဖဝါးအဆုံးတကိုယ်လုံး သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ် အလင်းပေါက်အောင် ရှုကြည့်နေရမည်။ ထိုအခါ ခုထ ရေထာကြူ ရုပ်ကလာပ်ကလေးတွေကဲ့သို့ မိမိခန္ဓာကိုယ် တခုလုံး ရုပ်ကလာပ်ကလေးတွေကို တခုနှင့်တခု မရော မစပ်, ရုပ်ကလာပ် တခုနှင့် တခုခြား အာကာသပိုင်းခြား ၍ ဥပါဒ်စွန်း,ဘင်စွန်းကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် ကြီး အဖြစ်,အပျက်ကို လျှင်လျှင်မြန်မြန်ကြီး ယောဂီ ပုဂ္ဂိုလ်၏ဉာဏ်ဝယ် ကောင်းစွာ ထင်မြင်လာလတံ့။ မိမိ ခန္ဓာကိုယ် တကိုယ်လုံး အကြွင်းအကျန်မရှိ, ဝိပဿနာဉာဏ် အလင်းပေါက်သောကြောင့် ထိုအခါ- ဗဟိဒ္ဓ၌ရှိသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, အစရှိသော ရုပ်အပေါင်းကို သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ဖြင့် ဖြစ်မှုပျက်မှုကို အလင်းပေါက် အောင် ရှုကြည့် ပွားများ နေ ရ မည်။ အဖြစ်အပျက်ကို ကောင်းစွာ ထင်မြင်သည်ထက် ထင် မြင်လာလိမ့်မည်။ ဖိဖိစီးစီး ဉာဏ်လွှတ်၍ပွားများရမည်။ ထိုအခါ- ယောဂီပုဂ္ဂိုလ်၏ဉာဏ်သည် လွန်စွာထက်မြက် ရှူးရှသာသောကြောင့် ဉာဏ်ဦးလှည့်ရုံပင် မဟာမြင်းမိုရ် တောင်မင်းကြီးကစ၍ တလောကလုံး ဘုံ,၃၁ ဌာနအတွင်း အခဲ အထည် ဖြစ် သဏ္ဌာန် ရှိရှိသမျှကို သမ္မာဒိဋ္ဌိဝိပဿနာ ဉာဏ် အကြည့်ခတ်, အလင်းခတ်ကြီးနှင့် ဉာဏ်စက် လှည့်၍ ရှုကြည့်လိုက်သည်နှင့်တပြိုင်တည်း တလောက လုံးအတွင်းအခဲ အထည် ဖြစ် သဏ္ဌာန်ဟူသမျှ ဘာတခုမျှ

မကျန် ရုပ်ကလာပ် ပရမတ္ထသဘာဝကလေးတွေ ဖြစ် ပျက်နေသည်ကို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ပိုင်နိုင်စွာ ထင်မြင်လတံ့။

ထိုအခါ- အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးစုံပြိုင်၍ ဖြစ်မှုပျက်မှု ကို ကောင်းစွာ ထင်မြင်လာအောင် ဉာဏ်ကုန်လွှတ်၍ ဖိဖိစီးစီး နေ့ရောညဥ့်ပါ မနေမနား ရှုကြည့်ပွားများရ မည်။ ထိုကဲ့သို့ ရှုကြည့် ပွားများသော အခါ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်သည် လွန်စွာ ထက်မြက်ရှူးရှသော ဉာဏ်အ မြင်သန်၍ အဇ္ဈတ္တ,ဗဟိဒ္ဓ,တသားတည်း တထပ်တည်း ဖြစ်ခြင်း, ပျက်ခြင်းကို ပိုင်ပိုင်နိုင်နိုင်ကြီး ယောဂီပုဂ္ဂိုလ် ၏ ဉာဏ်ဝမှာ ကောင်းစွာထင်လတံ့။

ထိုကဲ့သို့-ဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ကောင်း စွာ ပိုင်နိုင်အောင် ထင်မြင်လာသော ယောဂီပုဂ္ဂိုလ်၏ စိတ်သန္တာန်မှာ တကျော့, ဥပါဒါန် အားဖြင့် စွဲလမ်း အပ် သော ရုပ်အပေါင်းတို့သည် ယန္တ, အစိုင်အခဲကြီး ပြိုကွဲ ပျက်စီးလေသောကြောင့်ရင်း။ အသွင်သန္တာန် ပညတ် တရားတွေကွယ်ပျောက်လေသောကြောင့်ရင်း၊ ရုပ်တရား တို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို သန္တတိ အစဉ်ပြတ်အောင် ကောင်းစွာသိမြင်သောကြောင့်ရင်း။ ထိုတကျော့,ဥပါဒါန် တရားတို့သည် စွဲလမ်းခြင်းငှါ သိမ်းပိုက်ခြင်းငှါ မတတ် နိုင်ကြတော့ပြီ။

ထိုအခါ-ခန္ဓာငါးပါး အပေါင်းကို-ငါ၏ဥစ္စာတည်းဟု မစွဲလမ်းတော့ပြီ၊ ထိုခန္ဓာ ငါးပါးကို- ငါဖြစ်၏ဟု မစွဲလမ်းတော့ပြီ၊ ထိုခန္ဓာငါးပါးကို ငါ၏ကိုယ်တည်းဟု မစွဲလမ်းတော့ပြီ။ ထိုကဲ့သို့ စွဲလမ်း သိမ်းပိုက်၍ ယူနေသော တရားအပေါင်းတို့သည် (တဒင်္ဂ, တဒင်္ဂ, တဒင်္ဂ, တဒင်္ဂ,) ပေါင်းများစွာ ကွယ်ပုတ် ချုပ်ငြိမ်းကြလေသောကြောင့် တရက်သော်၎င်း၊ ၂-ရက် ၃-ရက် ၄-ရက် ၅-ရက် ၁၅-ရက် တလ–သော်၎င်း၊ တနှစ် သော်၎င်း၊ ယောဂီပုဂ္ဂိုလ်အားလျော်စွာ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်၍ အမြင်သန့်နေသလောက် ကွယ်ပုတ် ချုပ်ငြိမ်းကြရလေတော့၏။

ထိုအခါ-အပါယ်လေးဘုံ၌ ကျရောက် စေတတ်သော ဒိဋ္ဌိ တရားကြီးတွေ ကွယ်ပုတ် ချုပ်ငြိမ်း ကြလေသောကြောင့် အပါယ်လေးပါး ကျရောက်မှု ဝန်ထုပ်ကြီးတို့သည် တဒင်္ဂပေါင်းများစွာ ချုပ်ကြလေတော့၏၊ ထိုကဲ့သို့ အပါယ်လေးပါး ချုပ်ငြိမ်းမှု သန္တိတရားကြီးသည် ထိုယောဂီပုဂ္ဂိုလ်၏ စိတ်၌ ထင်ထင်ရှား ရှားကြီး ဖြစ်ပေါ်လတံ့။ ထိုငြိမ်းမှုသန္တိတရားကြီးကို ကိုယ်တွေ့, ငြိမ်းမှုသန္တိသုခတရားကြီးကိုတဒင်္ဂနိဗ္ဗာန်ဟုခေါ်သည်။ တဒင်္ဂနိဗ္ဗာန်ဟုမှတ်ကြပါ သူတော်ကောင်းတို့။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏စိတ်သည် နေ့ရောညဥ့်ပါ ဒလစပ် ငန်းတိုက်၍ ဖိဖိစီးစီး ဉာဏ်ကုန်သွတ်၍ ရှုကြည့်လာကြောင့်

စိတ်သည် လွှန့်ခွာ ကြည်လင် သန့်ရှင်း စင်ကြယ်ခြင်းကြောင့် အရွှေ့ဓာတ်, ဖဿ, နှစ်ပါးစုံတထင်ထည်း တသားထည်းဖြင့်နေသောရုပ်ကလာပ်တို့သည်ဖိတ်ဖိတ်တောက်ပြိုးပြိုးပြက် အရောင်လက်၍ အဖြစ်အပျက်ကို နေ့ညဉ့်မလပ် ဒလစပ် ထင်နေသောကြောင့် ထိနှ, မိဿ, နိဝရဏ, တရားတို့သည် ကွယ်ပုတ် ချုပ်ငြိမ်းကြလေတော့၏။

ထိုအခါ-ယောဂီပုဂ္ဂိုလ်သည် အိပ်ရမှန်းမသိ, စားရမှန်းမသိ, ကျင်ကြီးကျင်ငယ်ကိုမူ စွန့်ရမှန်း မသိအောင် သညာတွေ ကွယ်ပုတ်နေတတ်သည်။ တခါတခါ နေ့ညဟူသောအမှတ်သညာပါ ကွယ်ပုတ်နေတတ်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းသည် ဘယ်အတွက်ဆိုသော်ဘဝသံသရာခန္ဓာအစဉ်၌ စွဲလမ်း၍ ယူလာကဲ့သော အတ္တ ဒိဋ္ဌိကြီးကွယ်ပုတ် နေသောကြောင့်ရင်း၊ အထည် ဖြိုပ် အသွင်သဏ္ဌာန် အတုံး အခဲကြီးတွေ ပြိုကွဲ ပျက်စီးနေသောကြောင့်ရင်း၊ မိမိမျက်စိ ဖွင့်စရာမရှိ၊နားမရှိ၊ နှာခေါင်းမရှိ ပါးစပ်မရှိ၊ ကိုယ်တကိုယ်လုံးမရှိ၊ လက်မရှိ၊ ပေါင်,ခြေသလုံး, ခြေဘဝါးမရှိ တကိုယ်လုံး ပရမတ္ထ ရုပ်ကလာပ်ကလေးတွေကို တမြင်တည်းမြင်လာသောရက်,လ များလာသောအခါ မူလ တရား အားမထုတ်မီက မှတ်ထားသော သညာတွေ ကွယ်ပုတ်၍ တကိုယ်လုံး ဖြစ်မှုပျက်မှုအနိစ္စ ပညာဉာဏ် အမြင်တွေ တမြင်တည်း မြင်နေသော

ကြောင့် စားမှု, သောက်မှု, သွားမှု, လာမှု, အိပ်မှု, ထမှု, ထိုင်မှု ဇရိယာပုတ်လေးပါးစလုံး ဘယ်ဟာမျှ ဒုက္ခမထင်သည်ဟူ၍မရှိတော့ပြီ။ သို့အတွက် ထိုသညာတွေ ကွယ်ပျောက်ရလေတော့သည်။

ထိုကဲ့သို့- သဘာဝမှုကို ပိုင်နိုင်စွာ ထင်မြင်နေသောကြောင့်- ထိနဲ့, မိဒ္ဓ, နီဝရဏ တရားတွေ ကွာလေလေ ဝိပဿနာ ဝိဇ္ဇာဉာဏ် ထက်သန် ရှူးရှလေလေ ဖြစ်လာသောကြောင့် ကျောင်းခန်း, တိုက်ခန်း, အိမ်ခန်း,ပြူတင်းပေါက် တို့က ဝင်လာသော နေရောင်ခြည် အလင်းနှင့်တည့်သော လွန်စွာနုနုညံ့သိမ်မွေ့သော ရုပ်ကလာပ် ကလေးတွေကို မြင်နေရဘိသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝမှာ ထိုမျှလောက်သေးငယ်သော ရုပ်ကလာပ်ကလေးတွေကို ကောင်းစွာထင်မြင်လာလတံ့။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ စိတ္တုပ္ပါဒ်အစဉ်တို့သည် လွန်စွာ ကြည်လင် သန့်ရှင်း စင်ကြယ်ခြင်း ဖြိုးဖြိုးဖြက် အရောင် တောက်ပခြင်း တည်ကြည် ညိမ်သက်ခြင်း စိတ္တဇရုပ်တို့သည် တကိုယ်လုံး ဖျံနှံ့၍ ဖြိုးဖြိုးဖြက် အရောင်တွေတောက်ပလာသောကြောင့်၎င်း။ ဝိပဿနာ ဉာဏ်သည် လွန်စွာ ထက်မျက်ရှူးရှ သန့်ရှင်း စင်ကြယ်သောကြောင့်၎င်း၊ ဝိပဿနာ၏ အာနုဘော် အစွမ်းကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းကြီးသည် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထင်ထင်ရှားရှားကြီးဖြစ်ပေါ်လာလတံ့။ ထိုအရောင် အလင်းကြီး

သည် ဇွန်စွာ ကြည်လင် သန့်ရှင်း စင်ကြယ် ခြင်း၊ တည်ကြည် ငြိမ်သက်ခြင်း၊ နေရောင် လရောင် ကြယ်ရောင်တို့နှင့်မရောမစပ် လွန်စွာ ထူးဆန်းအံ့ဩဘွယ်ကြီးဖြစ်သောကြောင့်ပင်။ ယခုဘဝတွင် ဘယ်အခါမှမတွေ့စဘူး မကြုံစဘူး လွန်စွာထူးသောကြောင့် ထိုအရောင်အလင်းကြီးကို လွန်မင်းစွာ နှစ်သက်သော ပီတိသည် တကိုယ်လုံးပျံ့နှံ့၍ ထိုအရောင်အလင်းကြီးကိုသံလိုက်နှင့်တွယ်ထားဘိ သကဲ့သို့ မလွှတ်နိုင် မခွာနိုင်အောင် ထိုပီတိသုခကို နှဲ့ရောညှဉ့်ပါ ခံစားနေလတံ့။ ထိုကဲ့သို့ခံစားနေရသောအခါမှာ နောက်က အားတိုက် ဖိစီး၍ ရှုကြည့်ပွါးများကဲ့သော ဖြစ်မှု ပျက်မှု သဘောတရားတွေကွယ်ပတ် နေလတံ့။ ထို အရောင် အလင်း ကြီး ကို တွယ်တာ သာယာ၍ ခံစားနေမှုကို မာန်၏အန္တရာယ်, ဖိုလ်၏ အန္တရာယ်, ဝိပဿနာ ဝိပက္ကိလေသ ခေါ်၏။ ထိုအကြည်ခေတ် အလင်းခေတ်နှင့် နှဲ့ညှဉ့်မပြတ် ပီတိသုခကို ခံစားလာသော အခါ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝမှာ ထိုပီတိသုခကို တော်တော်တင်းတိမ်၍ ဥပေက္ခာသဘောမျိုး သဘာဝအတိုင်း အလိုလိုဖြစ်ပေါ်လာလတံ့။ဆရာမဆုံးမ ရဘဲနှင့် ဉာဏ်ထက်သော ပုဂ္ဂိုလ်ဘို့မှာ ထိုကဲ့သို့ပေါ်လာတတ်သည်ဟုမှတ်။

ထိုကဲ့သို့ပေါ်လာသောအခါ နောက်က အားတိုက်ဖိစီ၍ ရှုကြည့် ပွါးများလာသော အဖြစ်အပျက်ကို သတိရ၍

ဖြစ်မှု,ပျက်မှုကို ပြန်၍ရှုလေတော့သည်။ ထိုသို့ ရှုသော အခါ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝယ်မှာ အရင်ကထက်ပိုမို၍ ဉာဏ်ထက်မျက် ရှုးရှလာသောကြောင့်- အဖြစ်အပျက် ထင်မြင်မှုသည် အဆပေါင်းများစွာတိုးတက်ပြီး လျှင်လျှင် မြန်မြန် ကြီးမြင့်လာလတ့် ထိုအခါ ထင်မြင်သော ဖြင်မှု ပျက်မှု တို့သည် သိမ့်ခနဲ့, သိမ့်ခနဲ့, ရိတ်ခနဲ့, ရိတ်ခနဲ့, လွန်လွန်မင်းမင်း ဖြစ်ခြင်း ပျက်ခြင်းကို နေ့ရောညဉ့်ပါ တစပ်ထည်း ထင်မြင်နေလတံ့။ ထိုအခါ အိပ်ပျော်သည် ဟူ၍ မသိရ, တစပ်ထည်း ဖြစ်မှုပျက်မှုတွေကို တလော ကလုံး သိမ့်ခနဲ့, သိမ့်ခနဲ့, ရိတ်ခနဲ့- ရိတ်ခနဲ့, လျင်လျင် မြန်မြန်ကြီး မြင်နေသောကြောင့် ယောဂီ ပုဂ္ဂိုလ်ဉာဏ် သည် ထက်မျက်သည်ထက် ထက်မျက် ရှုးရှသည်ထက် ထက်မျက်ရှုးရှလာသောကြောင့်- အဖြစ်ကိုအမြင်သေး၍ အပျက်ကိုသာ တဖြေးဖြေး အမြင်သန်လာလတံ့။

ထိုကဲ့သို့- ဖြစ်မှု ပျက်မှု သဘာဝဓမ္မတွေကို ယောဂီ ပုဂ္ဂိုလ်၏ဉာဏ်ဝယ်မှာ ပိုင်ပိုင် နိုင်နိုင်ကြီး ထင်မြင်နေသည် ကိုပင် နောက်သား နောင်လာတို့ မှတ် သား စေ ရန် ဥဒယဗ္ဗယဉာဏ်ဟု ပညတ်တင်စား၍ထားတော်မူသည် ဟုမှတ်ကြပါ။

(အထူးမှတ်ချက်)

ခန္ဓာဒိနံ၊ ခန္ဓာ စသည်တို့၏ ဝါ-ငါးပါးသော ခန္ဓာတို့၏ ဥဒယံ၊ဖြစ်ဖြစ်နေမှုကို။ မုဥ္စိတွာ၊ လွှတ်ထား၍။ ဝယော၀

ပျက်ပျက်နေမှုဋ္ဌိသလျှင်။ အနုပဿနာကာရ ဝသပဝတ္တိ၊ အဖန်ဖန် အထပ်ထပ် ရှုမှားတတ်သော သိခြင်းအရာ၏ အစွမ်းဖြင့် ဖြစ်သော၊ ဉာဏ်၊ အသိဉာဏ်သည်။ ဘင်ဉာဏ်နာမ၊ ဘင်ဉာဏ်မည်၏ဟု အဋ္ဌကထာလာရှိသည့် အတိုင်း ရေးသားထားသည်ကို တွေ့ရှိရ ပေသည်။ (ထိုပါဠိ့, အနက်ကို လွဲမှားသည်ဟု မဆိုပါ) တရား အားထုတ်သော ယောဂီ ပုဂ္ဂိုလ်မှာ- ဥဒယဗ္ဗယဉာဏ် ရင့်သန်၍ ဘင်ဉာဏ်တက်၍ ရှုသောအခါ အဖြစ်ကို မရှုဘွဲ၊ လွှတ်ထား၍။ ဝယော၊ အပျက်ကိုသာအဖန်ဖန် အထပ်ထပ် ရှုပွါးရမည်ဟု ဆိုထားသော အချက်ကို များများကြီး စဉ်းစားတို့ သင့်လှကြပေတော့သည်။

ဘယ်အတွက် ဆိုသော် ဥဒယဗ္ဗယဉာဏ် သဘာဝ အတိုင်း အဖြစ်အပျက်ကို ဉာဏ်အမြင် ထက်မျက် စူး၍ လာသောအခါ သဘာဝအတိုင်း ဩဘာသ, တည်းဟူ သော အရောင် အလင်းကြီးသည် ဖြစ်ပေါ်လာမြဲ ဖြစ် ပေသည်။

ထိုကဲ့သို့ အရောင် အလင်း ကြီး ဖြစ် ပေါ် ရန် ကို မည်သည့် ပုဂ္ဂိုလ် တဦး တယောက် က တိုက် တွန်း ၍ ဖြစ်ပေါ်လာသည် မဟုတ်၊ ဖြစ်ပေါ်ရမည့် အချိန်ကြ၍ သဘာဝဓမ္မအတိုင်းဖြစ်ပေါ်လာသည်ဟု ယူတို့သင့်လှကြ ပေတော့သည်။

အရှေ့က ထွက်လာသော နေမင်းကြီးသည် သူ့အချိန် မကြွတဲ့နှင့်ဘယ်အခါမှ ထွက်ရိုးထုံးစံမဟုတ်။ သူ့အချိန်ကျလျှင် မည်သူက တားသော်လည်း မရ၊ နေထွက်မြဲဓမ္မတာအတိုင်း ထွက်ပေါ်လာသည်ဟု မှတ်ဘိုသင့်၏။

နေဝင်ချိန်ကြလျှင်-မည်သူမှတားသို့မရ ဝင်မြဲဓမ္မတာအတိုင်းဝင်၏၊

ထိုဥပမာ၌- နေဝင်ချိန်ကြလျှင် မည်သူမှ တားမရသကဲ့သို့ ထို့အတူ ဘဂ်ဉာဏ်အပျက်ကိုမြင်ချိန်ကြလျှင် မည်သူမှတားလို့မရ။ သူ့သဘာဝအတိုင်း အပျက်ကိုမြင်လာမှ ဝိပဿနာဉာဏ်, အမှန် ရင့်သန်လာသည်ဟု ဆိုရပေလိမ့်မည်။

ထိုဥပမာကို အကြိမ်ကြိမ်အထပ်ထပ် စဉ်းစားကြပါ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့၊

ထို့ပြင် ဥပမာတရင်ကို ပြဆိုဦးအံ့။လောက၌ ဗန္ဓုရ သရက်မျိုးကို စိုက်ပျိုး ကြသော ဥယျာဉ်မှူး တို့သည် မြေကောင်း, ရေကောင်း မှာပင် စိုက်ပျိုးကြ၏၊ နေ့စဉ်မပြတ်ရေကို မှန်မှန် လောင်းပေးခြင်း အမြန် ကြီးပွား လိုသော စေတနာနှင့်မြေကိုတူးဆွ၍ အပူထုတ်ပေးခြင်း စသည်ကို ပြုလုပ်ပေးသဖြင့် ရက်, လ, မကြာမီ ဗန္ဓုရ သရက်ပင်ကြီးပွားလာကြပေသည်။

ပွင့်ချိန်တန် ပွင့်, သီး ချိန် တန် သီး ကြ သော အခါ သရက်ပင်ရှင်ဥယျာဉ်မှူးတို့သည် လွန်စွာဝမ်းမြောက်၍ သရက်သီးကို ကြည့်၍ ကြည့်၍ မြန်မြန် ရင့်သန်ပါစေ ရင့်သန်ပါစေဟု စိတ်ကနေ့ရောညဉ့်ပါ အာသာငန်းငန်း တောင့်တလျက်ရှိကြလေသည်။

တော်တော်ကလေး ရင့်သန်လာသောအခါ- အချို့ ဥယျာဉ်မှူး တို့သည် ဗန္ဓုရ သရက်သီး၏ အရသာကို လွန်စွာ စားလိုသော အာသာဆန္ဒ ကြီးလှသောကြောင့် မရင့်တရင့်ကိုဆွတ်၍ အမြန်မှည့်အောင် အိုးထဲထည့်၍ အုပ်ကြလေသည်။

မှည့်လောက်သော ရက်အချိန့ကြာပြီထင်၍စားလိုသော အာသာဆန္ဒနှင့် အိုးကိုဖွင့်ကြည့်လိုက်သောအခါ ဗန္ဓုရ သရက်သီး အပုတ်ကိုသာ တွေ့မြင်ရလေတော့၏။

ဗန္ဓုရသရက်သီး၏ အရသာကို မစားရသည့် အပြင် ဥယျာဉ်မှူးသရက်ပင်ရှင်မှာ များစွာ စိတ်၏ဆင်းရဲခြင်း ကိုယ်၏ဆင်းရဲခြင်း ဖြစ်ကြလေတော့၏။

အချို့ ဥယျာဉ်မှူးများမှာ မိမိ၏ သရက်သီးကို ကြည့်၍, ကြည့်၍ တော်တော် ရင့်လာပြီ။ တော်တော် ရွန်းလာပြီ။ မှည့်တော့မည်။ ပင်ထက် မှည့်တွေ့ကျမှ

အရသာ ကောင်းသည်ဟု စိတ်ချ လက်ချ ရေကိုသာ မှန်မှန်လောင်းပေးနေကြသည်။

ဟနေ့သန်ကိုက် ဗန္ဓရသခုက်သီးကြီး အောင်အောင် မြင်မြင် ပင်ထက်မှည့်ကြီး သူ့သဘာဝအတိုင်း အလိုလို ကြွေကျလာလေတော့၏။

ထိုအခါကြမှ ဥယျာဉ်မှူး သရက်ပင်ရှင်သည်လွန်စွာ ဝမ်းမြောက်သောမိတ်ဖြစ်၍ သရက်သီးကိုကောက်ယူပြီး စားသောက်သုံး ဆောင်ကြလေသည်။

ဗန္ဓရသရက်သီး အရသာသည် လျှာအကြည်နှင့် တွေ့ထိသောအခါ ချိုသော ရသဓာတ်သည် သဘာဝ မွေ့အတိုင်း အစွမ်းကုန် ရသဓာတ်ကုန်အောင် ချိုလေ တော့သည်။ ဘယ်နေရာမှာ အချိုဓာတ် ဆိုင်းငံ့ရင်တန့် နေသည်ဟူ၍မရှိတော့ပြီ။

ထိုဥပမာ၌ အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ဥယျာဉ်မှူးနှင့် တူ၏။ သရက်သီး ကင်းစကလေးသည် သမ္မာသနုဉာဏ်နှင့် တူ၏။ သမ္မသနုဉာဏ် ရင့်သန်၍ ရုပ်အဖြစ်-အပျက်ကို သန္တတိအစဉ်ပြတ်အောင် မြင်လာ မှုသည် သရက်သီးတော်တော် ကြီးလာသည်နှင့် တူ၏။ အဖြစ်-အပျက် ဥဒယဗ္ဗယဉာဏ် လှင်လှင်မြန်မြန်မြင်လာ မှုသည် ဗန္ဓရသရက်သီး တော်တော်ရင့်လာမှုနှင့်တူ၏။

ဥဒယဗ္ဗယဉာဏ် ကောင်းစွာစိတ်ချရလောက်အောင်မရင့်မီ ဥဒယဗ္ဗယဉာဏ် ရင့်ပြီထင်၍ (အဖြစ်ကို လွှတ်ထား၍) အပျက်တည်း ဟူသော ဘင်္ဂဉာဏ်ကိုသာ အဖန်ဖန် အထပ်ထပ် ရှုကြည့်ပွါးများရမည်ဟု တက်ပေးမှုသည် ဗန္ဓုရ သရက်သီး စိတ်ချလောက်အောင် မရင့်မီ ဗန္ဓုရ သရက်သီး၏ အရသာကို အာသာငန်းငန်း စားလိုသော ဆန္ဒအားကြီးလှ၍ သရက်သီးကို ခွတ်ရူး၍ ခုပ်သော ဥယျာဉ်မှူးသည် ဗန္ဓုရသရက်သီး အမှည့်ကို မစားရ သည့်အပြင် ဗန္ဓုရသရက်သီး အပုတ်ကိုသာ တွေ့မြင်ရ သဖြင့် ဥယျာဉ်မှူးသည် ကိုယ်,စိတ်နှစ်ပါး လွန်စွာ ဆင်း ရဲခြင်း ဖြစ်သကဲ့သို့ ထို့အတူ တရား အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့မှာ ဥဒယဗ္ဗယဉာဏ် စိတ်ချရလောက် အောင် မရင့်သန်မီ ဘင်္ဂဉာဏ်သို့ တက်၍ ရှုကြည့် ပွါး များသော ယောဂီ ပုဂ္ဂိုလ်တို့သည် ဘင်္ဂဉာဏ်အပုတ်ကို သာ တွေ့မြင်ရဘိသကဲ့သို့ ဖြစ်မည်ကို လွန်စွာစိုးရိမ်ဘွယ် ကောင်းလှပေသည်။ ဥဒယဗ္ဗယဉာဏ်က -တကယ် သ ဘာဝဓမ္မ အမှန် ရင့်သန်ခြင်းအဖြစ်သို့ မရောက်ခဲ့ပါလျှင် ဘင်္ဂဉာဏ်လဲ မရင့်သန်၊ သို့အတွက်–ယောဂီ ပုဂ္ဂိုလ်၏ စိတ်မှာ ကိုယ်,စိတ်နှစ်ပါး လွန်စွာဆင်းရဲမည်ကို စိုးသော ကြောင့် သတိပေးလိုက်သည်။ ဘယဉာဏ်လဲ မရင့်သန် နော့ဉာဏ်ဟူသမျှ ရင့်သန်ဘို့ လွန်စွာ ခဲရင်းလှပေတော့ သည်။ သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဖြစ်ပေါ်

ရန်ဝေးငှာ၊ သို့အတွက်-ရှေ့ဉာဏ်တွေ ပုတ်ကုန်မည်ကို လွန်စွာ စိုးရိမ်ဘွယ် ကောင်းလှသောကြောင့် ထိုဥပမာ များကို မေတ္တာစေတနာ ကြီးမားစွာထား၍ ရေးသား ထည့်သွင်း ပေါ်ပြလိုက်ရပေသည်။ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်ဝမှာဥဒယဗ္ဗယဉာဏ်သဘာဝဓမ္မအတိုင်းကောင်း ကောင်းကြီး ရင့်သန်လာသောအခါ အဖြစ်ကို သူ့သ ဘာဝအတိုင်းလွှတ်၍ အပျက်ကိုသာ သဘာဝဓမ္မအတိုင်း မြင်လာမှသာ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ရင့်သန်၍ အောင်အောင် မြင်မြင် ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ ဗန္ဓုရ သရက်သီးကြီးသည် သူ့သဘာဝအတိုင်း- ပင် ထက်မှည့်၍- အချိန်ကြသောအခါ အလိုလို ကြွေကျလာ လာဘိသကဲ့သို့ မှတ်ကြပါ။

ထို့အတွက်-တရား အားထုတ်သော ယောဂီပုဂ္ဂိုလ် အပေါင်းတို့သည် ဥဒယဗ္ဗယဉာဏ်ကို နေ့ရော, ညဉ့်ပါ မနေမနား ရုပ်, နာမ်,ခန္ဓာကိုဖွန့်လွှတ်၍ ဖိဖိ စီးစီး ဉာဏ် ကုန်လွှတ်၍ကြည့်ရှု ပွါးများတို့ သင့်လှကြ ပေတော့သည်။

လောက၌- ပျားရေ ရက်သောသူ, ထန်းလျက်စား သော သူတို့သည် မိမိတို့ လျှာအကြည်ခေတ်နှင့်, အချို ခေတ် ထိခိုက်သောအခါ အချိုခေတ်သည် သူ့သဘာဝ အတိုင်း- အစွမ်းကုန် မသိုင်းမတွ ချိုဘိသကဲ့သို့ မှတ် ကြပါ။

တရားအားထုတ်သောယောဂီပုဂ္ဂိုလ်တို့မှာ-တိဟိတ်ပုဂ္ဂိုလ်မှန်ကဲ့သို့ ရှိလျှင်သက်စွန့်ကြိုးပန်းအားထုတ်သောအခါ ဝိပဿနာ ဉာဏ်ဆယ်ပါးကို သူ့အချိန်ကြလျှင် သဘာဝဓမ္မအတိုင်း ဉာဏ်ဝမှာ ပေါ်မြဲ ဓမ္မတာ ဖြစ်ပေသည်။

ထိုနေရာမှာ- သဒ္ဒါနှင့်-ဝီရိယ,မလွန်ကဲရ။ ဗိုလ်ငါးပါးကို တူမျှအောင်ထား၍ အားထုတ်ရခြင်း။ သမ္မပ္ပဓာန်တရားလေးပါး, ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ, ထိုအဓိပတိတရားလေးပါးကို တူမျှအောင်ထား၍ အားထုတ်ရခြင်း၊ သို့မှဉာဏ်ဆယ်ပါး အောင်အောင် မြင်မြင် ဖြစ်၍ ပုထုဇဉ်အနွယ် ပြတ်နိုင်သောဂေါတြဘူဇော, မဂ်ဇောတို့ ဖြစ်ပေါ်နိုင်ကြသည်။

ထိုကဲ့သို့မဟုတ်ခဲ့ပါလျှင်- ဝိပဿနာဉာဏ်ပုတ်တွေနှင့် အချိန်ကုန်ကြပေလိမ့်မည်။ အားထုတ်သော ဉာဏ်များကို အဟောသိကံ, ဖြစ်မည်ဟု မဆိုရ၊ ဉာဏသမ္ပယုတ်တွေ ဖြစ်၍ ဒုတိယဘဝ၌ အကျိုး ခံစားကြရလတံ့။

ယခု ရေးသားဖော်ပြသော အချက်ကြီးများကို အကြိမ်ကြိမ် အထပ်ထပ် အဖန်ဖန် စဉ်းစား၍ မိမိတို့ သဘောကြရာ ရှုကြည့် ပွါးများကြ စေလိုသည် သူတော်ကောင်း အပေါင်းတို့။

ထိုယောဂီပုဂ္ဂိုလ်သည် ထိုအမြင်ကို မလွှတ်မူ၍ တာစပ်ထည်းငန်းတိုက်၍ နှေးရောညှဉ့်ပါဗိဗိစိးစိး ရှုကြည့်ပါ၊ များသောအခါ အဖြစ်ကို လုံးလုံးလွှတ်၍ အပျက်ကိုသာ တမြင်တည်းမြင်လာလတံ့။ ထိုအခါ-သိမ့်ခနဲ့,သိမ့်ခနဲ ဆိုသောအဖြစ်သည် မပေါ် လာတော့ပြီ၊ မမြင်တော့ပြီ၊ ရိပ်ခနဲ့, ရိပ်ခနဲ ဆိုသောအပျက်ကိုသာ အဇ္ဈတ္တ,ဗဟိဒ္ဓနှစ်ပါးစုံ တလောကဓာတ်လုံး ဉာဏ်ငုံ၍ရှု ကြည့်သောအခါ ရိပ်ခနဲ့,ရိုင်ခနဲ့,ရိုင်ရိပ်နှင့် တသုတ်တသုတ် အပျက်တွေကိုသာ လျှင်လျှင် မြန်မြန်ကြီး နှေးရောညှဉ့်ပါ တစပ်ထည်း မြင်လာလတံ့။

ထိုကဲ့သို့-ယောဂီပုဂ္ဂိုလ်ဉာဏ်ဝမှာ သဘာဝအတိုင်း ထင်မြင်လာသည်ကိုပင် နောက်သား, နောင်လာတို့ သိမှတ်စေရန် ဘင်္ဂဉာဏ်ဟု ပညတ်တင်စား၍ ထားတော်မူခဲ့သည်ဟု မှတ်ကြပါ၊ ထိုယောဂီ ပုဂ္ဂိုလ်သည် ၎င်း ဉာဏ်အမြင်ကိုလက်မလွှတ်မူ၍ တစပ်ထည်းငန်းတိုက်၍ နှေးရောညှဉ့်ပါ ရှုကြည့်သောအခါ အခုင်ကထက်-အဆပေါင်းများစွာ- ဂဏန်းချ၍ ပြောပြခြင်းငှါ မစွမ်းနိုင်လောက်အောင် အပျက်တွေလွန်စွာ လျှင်မြန်ခြင်းကို မြင်လာသောကြောင့် ထိုအပျက်ကိုပင် နှေးရောညှဉ့်ပါ ထပ်ခါ ထပ်ခါ ဒလစပ် မြင်နေရသောကြောင့်၎င်း၊ ထိုအပျက်တွေကို မရှုလို, မမြင်လိုသော စိတ်သည် ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝမှာ ထင်လာလတံ့။

ထိုအပျက်တွေ မြင်နေရခြင်းကိုပင်- ဘေးတုံး,ဘေး ခဲကြီးဟု- ထင်မြင်လာသောကြောင့်- မိမိခန္ဓာကိုယ်ကြီး ကို တောတွင်းက, ကျားကြီးတွေ, သူ့ရဲ့ သဘက် ဘီလူး ကြီးတွေနှင့် ဘွားခနဲ ရင်ဆိုင် တွေ့သောအခါ တကိုယ် လုံး သတ်သတ်တုံ၍အသက်သေမတတ် လွန်စွာကြောက် လန့်နေဘိသကဲ့သို့ ယောဂီပုဂ္ဂိုလ်စိတ်မှာ မိမိရုပ်,နာမ်, ခန္ဓာကိုယ်ကို လွန်စွာကြောက်လန့်ခြင်း ဖြစ်လတံ့။ ထိုမှ လောက် ဘေးတုံး,ဘေးခဲကြီးဟု ကြီးစွာထင်လာသော အခါ၊ ယခုအပျက်တွေကို မြင်နေသော ရုပ်,ခန္ဓာအပေါ်၌ အသစ်အသစ်မဖြစ်လိုသော တဏှာ,ဥပါဒါန် ပြတ်ကင်း လကံ့။ အနာဂတ်ဖြစ်လတံ့သော ရုပ်, နာမ်, ခန္ဓာတို့ သည်လည်း ယခု ပစ္စုပ္ပန် အပျက်မျိုးအတိုင်း တဆင် ထည်း ပျက်ရလတံ့။ အတိတ်ဘဝ ခန္ဓာတွေကလည်း ယခုပစ္စုပ္ပန် အပျက်မျိုးတွေကဲ့သို့ ပျက်ခဲ့လေပြီဟု အ တိတ်, ပစ္စုပ္ပန်, အနာဂတ်, ကာလသုံးပါးစလုံး ယောဂီ ပုဂ္ဂိုလ်၏ဉာဏ်ဝမှာ စက်လှည့်၍ ရှုကြည့်သောအခါ လူ့ ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ခန္ဓာ, ဘုံ ၃၁-၌ ဘယ်ခန္ဓာမျိုးမှ ဖြစ်ခြင်း, ပျက်ခြင်းမှ လွတ်ကင်းသော ခန္ဓာဟူ၍ အနှမြ ခန့်မျှ ရှာလို့မတွေ့တော့ပြီ။

သို့အတွက် ခန္ဓာဟူသမျှ ဘေးတုံးဘေးခဲကြီးတွေဟု အမှန်သိမြင်သောကြောင့် ခန္ဓာဟူသမျှအပေါ်၌ အသစ် ဖြစ်လိုသော တဏှာဥပါဒါန် ပြတ်ကင်းလေတော့၏။

ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုကဲ့သို့ သဘာဝ အတိုင်း ပိုင်ပိုင်နိုင်နိုင်ကြီး ထင်မြင်လာသည့် ကိုပင် နောက်သား နောင်လာတို့ သိမှတ်စေရန် ဘယဉာဏ်ဟု ပညတ်တင်စေ၍ ထားတော်မူခဲ့သည်ဟုမှတ်။ ထိုယောဂီပုဂ္ဂိုလ်သည် ထိုကဲ့သို့ ဉာဏ်အမြင် ထက်သန်အားကောင်းနေသောအခါ ဘေးတုံးဘေးခဲကြီးတွေ တလောကလုံးထင်နေ၍ အာဟာရကို စားရမှန်းမသိ, စားလိုသော အာသာဆန္ဒ ကင်းပြတ်သလောက် ဖြစ်နေတတ်သည်။ ထိုအခါ အာဟာရကို စားချိန်ကျ၍ လာခေါ်သော်လည်း ရုပ်နာမ်ခန္ဓာကို ဘေးတုံးဘေးခဲကြီးထင်နေသောကြောင့်ရင်း၊ အပျက်တွေကို တမြင်တည်း မြင်နေသောကြောင့်ရင်း၊ ခေါ်သော်လည်း ရုတ်တရက်ထစရာ ခန္ဓာကိုယ်အတုံးအခဲ, အထည်ဒြပ် သဏ္ဌာန်တွေ ကွယ်ပျောက်နေသောကြောင့် ရုတ်တရက် မထနိုင်။ ခေါ်ပါများမှ မိမိရုပ်တုံးရုပ်ခဲကြီးကို မျက်စိရှိသည့်, နားရှိသည့်, နှာခေါင်း ရှိသည့်, ပါးစပ် ရှိသည့်, ကိုယ်ရှိသည့်ဟု အကြိမ်များစွာသော သညာကို ပြန်၍ဖေါ်ပြီးမှ မျက်စိကို ဖွင့်ကြည့်သောအခါ မိမိခန္ဓာကိုယ် အတုံး အခဲကြီး မြင်လိုက်သည်နှင့် တပြိုင်တည်း တောတွင်းက ကျားကြီး ဘီလူးကြီးများကို မြင်လိုက်ရဘိသကဲ့သို့ မကြည့်ရဲ မမြင်ရဲအောင် ဘေးတုံးဘေးခဲကြီးထင်၍ လွန်စွာ ကြောက်လန့်၍နေသောကြောင့် တော်တော်နှင့် မထနိုင်၊ စိတ်ကို

လွန်စွာ ပြုပြင်ပြီးမှ ထသောအခါ လူမမာ ကြီးကဲ့သို့ ဟိုယိုင် သည်ယိုင် ဖြစ်နေတတ်သည်၊ အာဟာရ စားသော်လည်း စားလိုသောစိတ် မရှိ။ အာဟာရ အပေါ် ကြီးစွာသောဒုက္ခကို ထင်လတံ့။ ရသာ ခြောက်ပါးကို ကောင်းစွာမသိတော့ပြီ။ ထိုကဲ့သို့ပုဂ္ဂိုလ်များကို တွေ့ရှိရသောကြောင့် သံဝေဂဉာဏ် တိုးတက်စေရန်ရည်သန်၍ ရေးထည့်လိုက် ပေသည်။ ယောဂီ ပုဂ္ဂိုလ် အပေါင်း သူတော်ကောင်းတို့။

ထိုယောဂီ ပုဂ္ဂိုလ်သည် မိမိထင်မြင်နေသော ဉာဏ်အမြင်ကို လက်မလွှတ်မူ၍ နေ့ရောညဉ့်ပါ တစပ်ထည်း ငန်းတိုက်၍ရှုသောအခါ ဘယ်ရုပ် ဘယ်နာမ် ဘယ်ခန္ဓာကိုမှ ဖြစ်လိုသောစိတ်ဆန္ဒ မရှိတော့ပြီ။ ရုပ် နာမ် ခန္ဓာ ဖြစ်မည်ကိုပင် ဆတ်ဆတ်တုံအောင် လွန်းစွာ ကြောက်လန့်လေတော့သည်။ မိမိရုပ်နာမ်ခန္ဓာနှင့်တကွ တလောကသုံး၏ ရုပ်နာမ်ခန္ဓာဟူသမျှကို မီးတုံး မီးခဲ မီးတောက် မီးလျှံကြီးတွေကဲ့သို့ ထင်၍ လွန်စွာ ကြောက်လန့်ခြင်း။ ထို့ထက်တိုး၍ ထင်လာသည်မှာ အဆုံးအစ မရှိအောင် နက်ကျယ်သော မီးကျည်းတွင်းကြီး မီးလျှံ ပြောင်ပြောင် တောက်လောင်နေသော မီးကျည်းတွင်းကြီးကို ပကတိ မျက်စိဖြင့် မြင်နေရသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝမှာ ကောင်းစွာထင်မြင်လာလတံ့။

ထိုအခါ ကိုးကွယ်ရာမရှိ မှီခိုရာမရှိအောင် အသက်ထွက်မတတ် ကြီးစွာသော ကြောက်လန့် ခြင်းကိုဖြစ်လတံ့။ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝယ်မှာ ထိုကဲ့သို့ သဘာဝအတိုင်းမိုင်နှင့်စွာ ထင်မြင်လာသည်ကိုပင် နောက်သားနောင်လာတို့ သိမှတ်စေရန် အာဒီနဝဉာဏ်ဟု ပညတ်တင်စား၍ထားတော်မူခဲ့သည်ဟုမှတ်ကြပါ။ ထိုယောဂီပုဂ္ဂိုလ်သည် မိမိဉာဏ်အမြင်ကို မလွှတ်မူ၍ နေ့ရောညဉ့်ပါတစ်ပ်ထည်း ရှုကြည့်လာသောအခါ ဘုံ ၃၁ ၌ အထက်အောက် အဆုံးအစမရှိ ဟင်းလင်း ဟောင်းလောင်းကြီးကို ဉာဏ်ဝယ်မှာ ထင်မြင်လာ သောကြောင့် လူ့ဘုံ လူ့ခန္ဓာ၊ နတ်ဘုံ နတ်ခန္ဓာ၊ ဗြဟ္မာဘုံ ဗြဟ္မာခန္ဓာ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘုံ၊ ခန္ဓာဟူသမျှ အနုမြူခန့်မျှ ရှာမရတော့ပြီ။ အဘယ်ခန္ဓာကိုမျှ နှစ်သက် သာယာစရာ အနုမြူခန့်မျှ ရှာလို့ မတွေ့ပြီ။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ်မှာ တလောကလုံး ဟင်းလင်းဟောင်းလောင်းကြီး ဖြစ်နေသောကြောင့်ရင်း။ စိတ်သည် တွယ်တာစရာ အနုမြူခန့်မျှ ရှာမတွေ့သောကြောင့်ရင်း၊ အစေးအညှော်မရှိသောစိတ်သည် အခြောက် တိုက်ကြီးဖြစ်၍ လောကသုံးပါးကိုလွန်စွာငြီးငွေ့လေတော့၏။

ထိုအခါ အပျက်ကို ဒလစပ် မြင်နေသော ရုပ် နာမ်နှစ်ပါးသည် ကိုးကွယ်ရာမရှိ မှီတွယ်စရာ မရှိအောင်

ဉာဏ်အမြင်ထက်သန်နေသောကြောင့် စိတ်သည် လွန်စွာ အားနည်းခြင်း သေးသိမ်ခြင်းဖြစ်၍ စိတ်သည် လွန်လွန် မင်းမင်း ပြင်းပြင်းထန်ထန်ကြီး ငြီးငွေ့သောဉာဏ်သည် ဖြစ်လတံ့။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ်မှာ ထိုကဲ့သို့ သဘာဝအတိုင်း ဖိုင်နိုင်စွာ ထင်မြင် လာသည်ကိုပင် နောက်သားနောင်လာတို့ သိမှတ်စေရန် (နိဗ္ဗိဒါဉာဏ် ဟု ပညတ်တင်စား၍ထားတော်မူကဲသည်ဟု မှတ်ကြပါ။

ထိုယောဂီပုဂ္ဂိုလ်သည် လောက သုံးပါးကို လွန်စွာ ငြီးငွေ့သောကြောင့်၎င်း၊ စိတ်သည် ကိုးကွယ်ရာ မှီတွယ် ရာ ဆောက်တည်ရာမရှိအောင် ဉာဏ်အမြင် ထက်သန် နေသော ကြောင့်၎င်း၊ စိတ်သည် လွန် စွာ အား နည်း သေးသိမ်၍ ဘုံ ၃၁ ဌာ ဖြစ်ခြင်း,ပျက်ခြင်း နယ်အတွင်းမှ လွတ်ကင်းရာ လွတ်ကင်းကြောင်း ထွက်ပေါက်ကိုနေ့ရော ညဉ့်ပါ မအိပ် မနေ ရှာလေ တော့သည်။ ထို ကဲ့ သို့ ဉာဏ်ဖြင့် မွေနှောက်၍ရှာသောအခါ ဘုံ ၃၁ ဌာ ဖြစ်မှု ပျက်မှုမှ လွတ်ကင်းသော ရုပ်နာမ်ဆို၍ အနုမြူခန့်မျှရှာ လို့မတွေ့ပြီ။ ဖြစ်ခြင်း, ပျက်ခြင်းမှ လွတ်ကင်းရာ အသခ်ိ တမဟာ နိဗ္ဗာန်ကြီး သာလျှင် ရှိ၏ဟု ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်ဝယ်မှာ ကောင်းစွာ ထင်လတံ့။

ထိုကဲ့သို့ ထွက်ပေါက်ကို မြင်သောအခါ ဖြစ်ခြင်း

ပျက်ခြင်းမှ လွတ်ကင်း၍ အမြန် ထွက်မြောက် နိုင်ရန် ဉာဏ်ကုန်လွှတ်၍ ဖိဖိစီးစီး နေ့ရော ညဉ့်ပါ ရှုကြည့် ပွါးများလတံ့။

ထိုသို့ရှုကြည့်သောအခါ နိဗ္ဗာန်သည် သာလျှင် ကုံးကွယ်ရာ, မှီခိုရာ,ဆောက်တည်ရာအစစ်အမှန် ဖြစ်သည်မှာ သိသောကြောင့် နိဗ္ဗာန်ကိုလိုချင်သော ဆန္ဒဓာတ်တွေ ပြင်းထန်စွာ ဖြစ်ပေါ်လာလတံ့။ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသောဆန္ဒနှင့်ဖြစ်ခြင်း,ပျက်ခြင်းမှ လွတ်ကင်းအောင် ဘုံ ၃၁ ကို ခြေကန်၍ ဉာဏ်ကုန်လွှတ်၍ ရှုလတံ့။ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝယ်မှာ ထိုကဲ့သို့သဘာဝဓမ္မအတိုင်း ကောင်းစွာထင်လာသည်ကိုပင် နောက်သားနောင်လာတို့ သိမှတ်စေရန် (မုဉ္စိတုကမျတာဉာဏ်)ဟု ပညတ်တင်စား၍ ထားတော်မူကဲ့သည်ဟု မှတ်။

ထိုယောဂီပုဂ္ဂိုလ်သည် ဖိဖိဉာဏ်အမြင်ကို မလွှတ်မူ၍ နေ့ရောညဉ့်ပါ ရှုကြည့်ပွါးများသောအခါ ပျက်ခြင်းမှ လွတ်ကင်းလိုသောစိတ်, ချုပ်ငြိမ်းလိုသောစိတ်, ပြင်းထန်စွာဖြစ်၍ ထိုပျက်မှု ရှိနေသမျှ ကာလပတ်လုံး အိုခြင်း, နာခြင်း, သေခြင်း, ပဋိသန္ဓေ တဖန်အသစ် နေခြင်းဟု ဆိုအပ်သော ထိုဘေးကြီးလေးပါးကို စက်ယှည့်၍ ရှုသောအခါ ပျက်မှုတွေကို များစွာ အပြစ်မြင်၍ ယခုပျက်

နေသော ရုပ်, နာမ် နှစ်ပါးသည် ယခုချုပ်ပါစေ၊ ယခုချုပ်ပါစေ၊ ယခုချုပ်ပါစေ၊ဘယ်အခါမှ မပေါ်လာပါစေ၊ ဘယ်အခါမှမပေါ်လာပါစေဟု ချုပ်ငြိမ်းလိုသော ဆန္ဒသည် နေ့ရောညဥ့်ပါ ပြင်းထန်စွာဖြစ်ပေါ်လာ၍ ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ကုန်ထွတ်၍ ရှုလတံ့။

ထိုကဲ့သို့ ရှုပါများသော အခါ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်အမြင်မှာ အပျက်တွေ တဖြေးဖြေးပါး၍ အမြင်အား သေ သွားလတံ့။ နေရောင်နှင့်တွဲတွဲ မြင်ရနေသော တစ္ဆာရိမြူ, ရုပ်ကလာပ် ကလေးတွေ လွန်စွာ နုးညံ့ သိမ်မွေ့စွာ ပါးပါးလျှပ်လျှပ်ကလေးကို မြင်ရဘိသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုမျှလောက် နုးညံ့သိမ်မွေ့သော ရုပ်ကလာပ်ကလေးတွေကို တခါ, တခါ အမြင်ပြတ်ပြတ်သွားမတတ်ဖြစ်သည်ကို သဘာဝဓမ္မအတိုင်း မြင်လတံ့။ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုကဲ့သို့သဘာဝအတိုင်း ကောင်းစွာ ထင်မြင်လာသည်ကိုပင် နောက်သားနောင်လာတို့သိမှတ်စေရန်(ပဋိသင်္ခါဉာဏ်)ဟု ပညတ် တင်စား၍ ထား တော် မူ ကဲ့သည် ဟုမှတ်။

ထိုယောဂီပုဂ္ဂိုလ်သည် ဘုံ ၃၁-ဌ ပျက်ခြင်းမှလုံးဝ ချုပ်ငြိမ်းရန် နေ့ရော ညဥ့်ပါဖိဖိစီးစီး ဉာဏ်ကုန် ထွတ်၍

ရှုကြည့်လာသောကြောင့် ယာခုအခါ ထိုပျက်ခြင်းမှ လုံးဝ သုဉ်းဆိတ်ရန် ရှုလေတော့၏။ ထိုသို့ ရှုသောအခါ ဘုံ ၃၁-၌ အပျက်ဟူသမျှ လုံးဝ သုဉ်းဆိတ်၍ သုညကြီး ဖြစ်လေ တော့သည်၊ ယောဂီပုဂ္ဂိုလ် ၏ ဉာဏ်ဝမှာ ဘာတခုမျှ ရှာမတွေ့တော့ပြီ။ ထိုအခါကျမှ ယောဂီပုဂ္ဂိုလ် သည် ဇာတိဘေးကြီး, ဇရာဘေးကြီး, ဗျာဓိဘေးကြီး, မရဏဘေးကြီးအပေါင်းမှ လွတ်ငြိမ်းရပေပြီ။ ကျားဘေး, ဆင်ဘေး, မြွေဘေး, သားရဲခြင်္သေ့ဘီလူးဘေးအပေါင်း မှ လွတ်ငြိမ်းရပေပြီ။ အဇ္ဈတ္တဘေး-ဗဟိဒ္ဓဘေးအပေါင်း မှလွတ်ငြိမ်းရပေပြီ။ တလောကလုံး ဖြစ်ခြင်း-ပျက်ခြင်းမှ လွတ်ကင်း၍ သုညကြီး ဖြစ်နေသောကြောင့် အဇ္ဈတ္တ-ဗဟိဒ္ဓ-နှစ်ပါးစုံ ဘဝသံသရာ ကမ္ဘာအဆက်ဆက်က စွဲလမ်း သိမ်းပိုက်လာသော အတ္တမှ ဆိတ်ကင်းရပေပြီ။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်၏ စိတ္တုပ္ပါဒ် အစဉ်၌ အဇ္ဈတ္တ-ဗဟိဒ္ဓ တလောကလုံး သင်္ခါရမှမှ ဟူသမျှကို ဖြုတ်ခ၍ ဥပေက္ခာစိတ်ဖြစ်ပေါ်လတံ့။ ထိုကဲ့သို့ ယောဂီ ပုဂ္ဂိုလ်၏ စိတ်မှာ ဥပေက္ခာစိတ် ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းအထောက်အပန့်သည် သမ္မာသနဉာဏ်က စ၍ အချိုးကျကျ အရဋ္ဌဝိရိယဖြင့် နေ့ရောညဉ့်ပါ မနေ မနား သက်စွန့်ကြိုးပန်း အားထုတ်လာကဲ့သည့် အတွက် အသက်တဖျား ကြောက်ဘွယ်,လန့်ဘွယ်တွေ့ အသည်း

တုံလောက်အောင် တွေ့ကြုံကဲ့သောကြောင့် ထိုဘေးရန်ကြီးအပေါင်းမှ လွတ်ပေပြီ ကျွတ်ပေပြီဟု ဟိန်းချ၍ အမောနားသည့်ကိုပင် သဝ်ါရ တရား အပေါင်းကို လျစ်လျူ ရှုသောကြောင့် (သင်္ခါရုပေက္ခာဉာဏ်) ဟု-ပညတ်တင်စါး၍ထားတော်မူကဲ့ပေသည်ဟု မှတ်ကြ၊ါ။

ထိုနေရာ၌ ဥပမာဖြင့် ထင်စွာပြဦးအံ့။ ။ယောက်ျားကောင်း အာဇာနည် လူစွမ်းကောင်း တယောက်သည် ကန္တာရခရီးကိုသွားလေရာ လွန်စွာ နက်နဲသော တောကြီးကိုတွေ့လေ၏။ ထိုတောအတွင်းသို့ ဝင်၍သွားသောအခါ တောလယ်သို့ရောက်၍ ထိုတော၌ရှိသော လွန်စွာကြောက်လန့်ဘွယ် ကောင်းသော ကျားတွေ- ဆင်တွေခြင်္သေ့တွေ နဂါးငွေ့ တွေ-သားရဲ,သဘက်, ဘီလူးကြီးတွေနှင့် ရင်ဆိုင်တွေ့လေရာ ထိုယောက်ျားသည် အသက် သေမတတ် ဆတ်ဆတ်တုံအောင် ကြောက်၍ မိမိအားစွမ်း ဗလ,သတ္တိရှိသလောက် အသက်ဘေးမှ လွတ်ကင်းအောင် အစွမ်းကုန်ပြေးလေ၏။ နောက်ကရန်သူတွေက အတင်းလိုက် ရှေ့က အသက်တဖျားအစွမ်းကုန်ပြေး၊ ပြေးလေ, လိုက်လေ၊ လိုက်လေ ပြေးလေ, ပြေးရင်း ပြေးရင်းနှင့် ရှေ့က ယူဇနာ၇စ်သောင်းလေးထောင် အမြင့်ဆောင်သော မဟာမြင့်မိုရ်တောင်ကြီးကို တွေ့လေရာ ထိုတောင်ကြီးပေါ်သို့ တက်ပြေး

လျှင် ဘေးရန်အပေါင်းမှ လွတ်မည်ထင် ၍ အ တင်း အားစွမ်းသတ္တိရှိသလောက် တက်ပြေးလေရာ နောက်က ရန်သူတွေက အတင်းလိုက်၊ လိုက်မှန်းသိလေ အတင်း တက်လေ, ထိုကဲ့သို့ နေ့ရောညဉ့်ပါ အာရဒ္ဓဝိရိယဖြင့် မနေမနား အသက်စွန့်၍ အစွမ်းကုန်တက်ပြေးနေရသည် မှာ ရက်,လ,ပေါင်းများစွာ တက်သောအခါ တနေ့သ၌ ဟောဖြင့်မိုရ် တောင်ထိပ်ကြီးပေါ်သို့ ရောက် လေ ၏။ ထိုယောကျ်ားထူး အာဇာနည်ကြီးသည် အလုံးစုံသော ကျားဘေး, ဆင်ဘေး ခြင်္သေ့ဘေး, သားရဲ, သဘက်, ဘီလူးဘေးကြီးအပေါင်းတို့မှ လွတ်ပေပြီ, ကျွတ်ပေပြီဟု စိတ်ကို ဟိန်းချ၍ စိတ်ချ လက် ချ အ မော နား ရ လေ တော့၏။

ထိုဥပမာ၌- ခရီးသွား ယောကျ်ားထူး အာဇာနည် နှင့် သံသရာ ခရီးမှ ကျွတ်လွတ် ထွက် မြောက် ရန် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် ယောကျ်ားထူး အာဇာနည် လူစွမ်းကောင်းနှင့်တူ၏။ မိုက်တောကြီးနှင့် အဝိဇ္ဇာမှောင် တောကြီးနှင့်တူ၏။ တောလယ် ရောက် သောအခါ ကျားဘေး, ဆင်ဘေး, ခြင်္သေ့ဘေး သားရဲ, သဘက်, ဘီလူးဘေး ရန်သူ အပေါင်းတို့ နှင့် တရားအားထုတ်သော ယောဂီ ပုဂ္ဂိုလ်၏ဉာဏ်ဝ၌ ဘ ယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာ

ဉာဏ် ပဋိသမ္ဘိဒါဉာဏ် တည်းဟူသော အသက်တမျှား ကြောက်ဘွယ်, လန့်ဘွယ် ဘေးရန်ကြီးတွေ့ကို တွေ့ သည့်နှင့်တူ၏၊ မဟာမြင့်မိုရ်ရ် တောင်ထိပ်ကြီး ပေါ်သို့ ရောက်သော ယောကျ်ားထူး အာဇာနည်နှင့် တရား အားထုတ်သောယောကျ်ားထူးအာဇာနည်သောဂိပုဂ္ဂိုလ် သည့် ရန်သူဖြစ်သော သင်္ခါရ, တရားအပေါင်းကို လှုစ်လျူရှု၍ စိတ်ကို ဟိန်းချ၍ ပိတ်ချ လက်ချ အမောနား ခြင်းသည်ပင် သင်္ခါရုပေက္ခာဉာဏ်နှင့်တူ၏။

**ထိုသင်္ခါရုပေက္ခာဉာဏ်ကြီး အဘိုးထိုက်ပုံကို ပြဦးအံ့။**

ရဟန်းရှင်လူအပေါင်းတို့- အထူးသတိထားစဥ်းစား ကြစေလိုသည်မှာ ငါတို့မြတ်စွာဘုရား လက်ထက်တော် ၌- ပိလိန္ဒဝစ္ဆမထေရ်၏ အ လောင်း သည် က မ္ဘာပေါင်း တသိန်းအတွင်း အပါယ်လေးပါးမလားမူ၍ သံသ ရာ, ခရီးကြီးကို ဒါန, သီလ, ဘာဝနာတည်းဟူသောရိက္ခာ ထုပ်ကြီးတွေ့နှင့် တဖြေးဖြေးဆန်တက် လာခဲ့ ရသည် မှာ ငါတို့ဘုရားမပွင့်မှီအတွင်း ယခုကမ္ဘာတွင် လော ကီဝိဇ္ဇာခရိုရ်ကြီးဖြစ်၍ များစွာသော လူ အပေါင်း ကို သူ၏တန်ခိုး အစွမ်းသတ္တိဖြင့် ချီးမြှောက် ထောက်ပံ့ နေလေသည်။ ထိုအခါ ဘုရားကဲ့သို့ထင်မှတ်၍ကိုးကွယ် ကြလေသည်၊

ငါတို့-ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာ၍-ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်သို့ ကြွရောက်တော်မူပြီး တရားဟောတော်မူသောအခါ၊ နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် သောင်း သောင်း ဖျဖျ တရားနာသောအခါ ကျွတ်တန်းဝင်သူ ယောဂီဖြူ၊ အင်္ဂယာတွေများစွာဖြစ်ကြလေသည်။ ထိုအကြောင်းကို ဗိလိန္ဒ ဝစ္ဆ မထေရ်အလောင်း ဝိဇ္ဇာဓိုရ်ကြီးလေသော်၊ ဘုရားထံသို့လာပြီး ရှိသေလေးမြတ်စွာ ရှိခိုး၍ မိမိမာနကိုချပြီး တရားတောင်းပန်လေ သော ကြောင့် သင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးသနား၍ ရဟန်းပြုပြီး တရားအား ထုတ်သောအခါကြီးမှ ကမ္ဘာတသိန်းအတွင်း ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော ပါရမီမျိုးတွေကို ဂိုက္ခာ လုပ်၍ တဖြေးဖြေးဆန်တက်လာကဲ့ ရ သည် မှာ ငါတို့ မြတ်စွာဘုရားနှင့်တွေ့မှ လောကသုံးပါး သခ်တဘေး ရန် အပေါင်းတို့မှ ကျွတ်လွတ်၍ မဟာမြင်းမိုရ်တောင် ထိပ်ကြီးပေါ်သို့ရောက်သော ယောကျ်ားထူးအာဇာနည် ကြီးကဲ့သို့ အထွဋ်အထိပ်ဖြစ်သော သင်္ခါရုပေက္ခာဉာဏ် တည်းဟူသော သေမင်းလက်တွင်းမှ လွတ်ကင်း၍ ဘယ် ဘဝ၊ ဘယ်ကမ္ဘာ၊ ဘယ်ခန္ဓာမှ၊ မရကဲ့ဘူးသော အသစ် မဟာ နိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်၍ သန္တိ သီတိ သုခ ဝိမုတ္တိရသကြီးကို ခံစားရလေတော့၏။

**ထို့ကြောင့်**ပုဂ္ဂိုလ်တဦးတဦးလျှင်-ကမ္ဘာပေါင်းများ စွာ အားထုတ်မှ အထွဋ်အထိပ်ဖြစ်သော သဗ္ဗညုတဉာဏ်ကြီးကိုရ၍ အနန္တ, ဂေါတြဘူ, မဂ်ဖော ဖြစ်ပြီး အသင်္ခတ မဟာနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက် နိုင်ကြသည်ကို များများကြီး စဉ်းစား ကြပါ သူတော်ကောင်း အပေါင်းတို့- ရှစ်သောင်း လေးထောင် အမြင့်ဆောင်သော မဟာမြင်းမိုရ်တောင်ကြီး တက်သည်က- လွန်စွာ လွယ်သေးသည်ဟု မှတ်ကြပါ။ သဗ္ဗညုတဉာဏ်သည် အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို ဆိုက်ရောက်အောင် ပို့ဆောင်နိုင်သော အားစွမ်းဗလ သတ္တိ ရှိကြောင်းကို သိစေရန် ရေးသား ဘော်ပြလိုက်ရပေသည်။ စာမသင်ဘူးသေးသောသူတို့ သိစေရန် ဖြစ်သည်။

## ( မှာထားချက် )

**ကမ္ဘာတသိန်း ဆိုသည်မှာ-** ကျွတ်တန်း ဝင် လက်မှတ်ရပြီးသော ပုဂ္ဂိုလ်ကိုသာ ဆိုသည်ဟုမှတ်၊ ကျွတ်တန်းဝင် လက်မှတ်မရသော **သူ**တို့မှာ၊ ကမ္ဘာ အသင်္ချေ မရေမတွက်နိုင်အောင် သံသရာကန္တာရ ခရီးကြီးထဲမှာ ကူးနေကြရသော အန္ဓပုထုဇဉ်တို့မှာ လောဘကျားဆိုးကြီးက ကိုက်သတ်လိုက်၊ ဒေါသတည်း ဟူသော ဆင်ရိုင်းကြီးက ထိုးသတ်လိုက်၊ မောဟ, တည်း ဟူသော နဂါး, ဂဠုန်ကြီးတွေက ကိုက်သတ်လိုက်၊ ထောင့်ငါးရာ

တည်းဟူသော သားရဲ, သဘက်, ဘီလူးကြီး တွေက တကိုယ်လုံး ခေါတ်ဆိ ဩဇာရှိသ၍ ရုတ်ယူလိုက်။ ထိုကဲ့သို့-အဇ္ဈတ္တဘေးရန် ဗဟိဒ္ဓဘေးရဲ့ အမျိုးမျိုး တွေ နှိပ်စက်၍ သေကျေပျက်စီး၍ အပါယ်ငရဲကြီးသို့ ကျခဲ့ရသော ဘဝတွေ အသင်္ချေ မရေမတွက် နိုင်အောင်၊ များပြားကဲ့လှလေပြီဟု ဓမ္မသံဝေဂကို လက်ကိုင်ထား၍ ယခုဘဝ ဘုရားသာသနာတော်မြတ်ကြီးနှင့် တွေ့သောအခါ ဘယ်ဘဝ, ဘယ်ကမ္ဘာ, ဘယ်ခန္ဓာမှ မရကဲ့ဘူးသေးသော သေမင်းလက်တွင်းမှ လွတ်ကင်းသော အတွန့်အထိပ် ဖြစ်သော သင်္ခါရုပေက္ခာ ဉာဏ်ကြီးကိုမရ ရအောင် အားထုတ်ဘို့ သင့်လှကြပေတော့သည်။ သူတော်ကောင်း အပေါင်းတို့။

**(မှာထားချက်ပြီး၏။)**

**ယောဂီ ပုဂ္ဂိုလ်သည်** သင်္ခါရုပေက္ခာဉာဏ်ကို ရိုသေလေးမြတ်စွာ ပွားအပ်သည့်ရှိသော် အရှေ့ယုဂန်တောင်စွန်းမှ ပေါ်ထွန်းလာသော လွန်စွာ ကြည်လင် သန့်ရှင်းစင်ကြယ်အေးမြ သာယာလှစွာသော ရွှေလမင်းကြီးကဲ့သို့ ထိုအတူ- အနုလောမ ဉာဏ်သည် တန်ဆောင်မုန်းလပြည့်နေ့ညအခါ မြူတိမ်မရှိ ပြကတေ့ သန့်ရှင်းစင်ကြယ်သော အရောင်, အလင်းနှင့် ပြည့်စုံသော တန်ခိုးအစွမ်း သတ္တိ ရှိသောကြောင့် လောဘ, ဒေါသ, မောဟ

တည်းဟူသော ဒုမိုက် မှောင်ကြီးတွေကို ရှုး၍ ဖေါက်
ထွင်း၍ သုမိသင် ၅ွင်းလင်းပြီးလျှင်တုံ ၃၁-မှ-လွန်မြောက်
စေတတ်သော မဟာအလင်းတော်ကြီးကို ပေးစွမ်းနိုင်
သော အားအစွမ်း သတ္တိထူးရှိသော အနုလောမဉာဏ်
ကြီးဟု မှတ်ကြရသည်။

**(မှာထားချက်။)** ထိုအနုလောမဉာဏ်နှင့် ဂေါ
တြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, အသခ်တ မဟာ
နိဗ္ဗာန်ကြီးများကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, အဋ္ဌသာလိနီ
အဋ္ဌကထာတို့နှင့်အညီ အဇေ့ယုဂန် တောင် စွန်းမှ
ပေါ်ထွန်းလာသော ဓမ္မလဝန်းကြီးကဲ့သို့ ထင်လျှားစွာ
ရေးသားပြပေအံ့သတည်း။

**ယခုအခါ**-လေးပါးသောမဂ်တို့၏ သစ္စာလေးပါးတို့
ကို သိမြင်ပုံနှင့် ကိလေသာတို့ကို ပယ် ပုံ စ သည်တို့ကို
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, အဋ္ဌသာလိနီ အဋ္ဌကထာတို့နှင့်
အညီ မဂ္ဂဝီထိဖြစ်ပုံ အမြွက်နှင့်တကွ အကျဉ်းအားဖြင့်
ပြဆိုပေအံ့။

ထုံသုံးပါး၌ ဖြစ်သော သင်္ခါရတရားတို့ကို အနိစ္စ
ဒုက္ခ, အနတ္တဟု အဖန်ဖန် ဝိပဿနာရှုသော ယောဂီ
ပုဂ္ဂိုလ်အား မဂ္ဂဝီထိဖြစ်ရာ၌ ဉာဏ်ထက်သော် အနုလုံ
စော နှစ်ကြိမ် ထိုနောက် ဂေါတြဘူ ထိုနောက် မဂ်စော
တကြိမ် ထိုနောက် ဖိုလ်စောနှစ်ကြိမ် ဖြစ်၍ ချုပ် ၏။

ဉာဏ်အလတ်ဖြစ်သော ပုဂ္ဂိုလ်အား အနုလုံ ဇော လေးကြိမ် ထိုနောက် ဂေါတြဘု ထိုနောက် မဂ် ဇော တကြိမ် ထိုနောက် ဖိုလ်ဇော တကြိမ်ဖြစ်၍ ဘဝင်ကျ လေ၏။

**ထိုသုံးယောက်တို့တွင်**-ဉာဏ်အလယ်, အလတ်ဖြစ် သော ပုဂ္ဂိုလ်၏ အပွမ်းဖြင့် ပြပေအံ့။ ဘုံသုံးပါး၌ဖြစ် သော သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ အဘန်ဘန် ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်အား မဂ္ဂဝီ ထိ ဖြစ်လိုသည် ရှိသော်။ မနောဒွါရာဝဇ္ဇန်း စိတ်သည် ဝိပဿနာ၏ အာရုံဖြစ်သော တေဘူမက ခန္ဓာကို အာရုံ ပြု၍ ဘဝင်ကို နှစ်စေ,လည်စေ၏။ ထိုနောက် ထိုမနော ဒွါရာဝဇ္ဇန်း စိတ်သည် ယူအပ်သောခန္ဓာကိုပင် အာရုံ ပြု၍ ပဌမအနုလုံ ဇောစိတ်နှင့်ယှဉ်သော ဉာဏ်သည် အနိစ္စဟူ၍၎င်း။ ဒုက္ခဟူ၍၎င်း။ အနတ္တဟူ၍၎င်း။ ရှုသော အခြင်းအရာအားဖြင့်ဖြစ်၍ သစ္စာလေးပါးကို ဖုံးလွှမ်း တတ်သော ရုန့်ရင်းသော ကိလေသာကို ပယ်ဖျောက် လျက် အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာတို့ကို လွန်စွာ ထင်ရှားသည်ကိုပြု၍ ချုပ်၏။ ထိုပဌမ အနုလုံ ဇော ချုပ်သည်၏ အခြားမဲ့၌ ဒုတိယ အနုလုံဇော စိတ်နှင့် ယှဉ်သော ဉာဏ်သည် ထိုပဌမ အနုလုံ ဇော စိတ်မှ အာသေဝနပစ္စည်းကို ရသောကြောင့် ထက်မျက်

ရဲရင့် ကြည်လင်စွာဖြစ်၍ ထိုခန္ဓာ အာရုံဥပင်လျှင် ထို အနိစ္စ အစရှိသော အခြင်းအရာအားဖြင့်ဖြစ်၍ အလယ်, အလတ်ဖြစ်သော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာကို ပယ်ဖျက်လျက် အနိစ္စအစရှိသော လက္ခဏာတို့ကို လွန်စွာ ထင်ရှားသည်ကိုပြု၍ ချုပ် ၏။

ထိုဒုတိယ အနုလုံဇောဏ်၏ အခြားမဲ့၌ တတိယ အနုလုံဇောနှင့် ယှဉ်သောဉာဏ်သည် ထိုဒုတိယ အနုလုံဇောစိတ်မှ အာသေဝန ပစ္စည်းကို ရသောကြောင့် လွန်စွာ ထက်မြက် ရဲရင့်စွာဖြစ်၍ ထိုခန္ဓာ အာရုံဥပင် လျှင် အနိစ္စအားဖြင့် ရှုသောအခြင်းအရာအားဖြင့် ဖြစ်၍ ရှေးအနုလုံ ဇောနှစ်ခုသည် ပယ်အပ်ပြီးသည်မှ ကြွင်း ကျန်သော သိမ်မွေ့, သေးဖွဲသော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာဟူသော အမိုက်မှောင် ကို ပယ်ဖျောက်လျက် အကြွင်းအကျန် မရှိသည်ကိုပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ အစရှိသော သုံးပါးသော လက္ခဏာတို့ကို လွန်စွာ ထင်ရှားသည်ကိုပြု၍ ချုပ်၏။ ဤသုံး ပါးသော အနုလုံဇောစိတ်တို့နှင့် ယှဉ်သော အနုလောမ ဉာဏ်တို့သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်မှောင်ကို ပယ်ဖျောက် အပ်ပြီးသည် ရှိသော် ထိုတတိယ အနုလုံဇော၏ အခြားမဲ့၌ ဂေါတြ ဘူဉာဏ်သည် အခါခပ်သိမ်း ထင်ရှားရှိနေသော အသခ်တ

ပရမတ္ထ မဟာ နိဗ္ဗာန် ကြီးကို အာရုံပြု၍ ထင်ရှားဖြစ်ပေါ်၏ ဟု မှတ်ကြ။

## ဤအရာ၌ တန့်ရပ်၍ ဥပမာကို ထင်စွာပြဦးအံ့။

မျက်စိ အမြင်သန်သော ယောကျ်ား, တယောက်သည် ညဉ့်အခါ၌ နက္ခတ်၏ စန်း,ခေါ်သော (လ)နှင့် ယှဉ်ခြင်းကို သိလို၍ မိုးကောင်းကင်၌ ထင်ရှားစွာရှိ၍ နေသော (လ) ကို မော်၍ ကြည့်သည်ရှိသော် တိမ် ဖုံးလွှမ်းနေသောကြောင့် (လ)ကိုမမြင်ရ ထိုအခါ တခုသော လေသည် လာလပ်၍ အလွန် ထူထပ်သော တိမ်တိုက်ကြီးကို ပယ်လွှင့် ဖျက်ဆီး၏။ ထိုနောက် တခုသော လေသည် လာပြန်၍ အလပ်စားဖြစ်သော တိမ်တိုက်ကို ပယ်လွှင့် ဖျက်ဆီးပြန်၏။ ထိုနောက် တခုသော လေသည် လာပြန်လပ်၍ သိမ်မွေ့ ပါးကြသော တိမ်တိုက်ကို ပယ်လွှင့် ဖျက်ဆီးပြန်၏။ ထို့နောက် ထိုယောကျ်ားသည် တိမ်တိုက်,တိမ်လွှာ ကင်းစင်ပြီးသော လွန်စွာ သန့်ရှင်းသော (လ)ကိုမြင်၍ စန်း သည် ဤမည်သော နက္ခတ်နှင့်ယှဉ်၏ဟု စန်းယှဉ်နက္ခတ်ကို သိ၏။ ဤ၌စန်း ဟူသော မြန်မာစကားသည် လ,နက္ခတ်ကို ဟောသော ပါဠိစကား စန္ဒမှဖြစ်သည်ဟူ၍မှတ်။

ဤဉပမာစကားရပ်၌-ဥ-ထပ်သော တိမ်လွှာတို့ကဲ့သို့ သဏ္ဍာလေးပါးကို ဖုံးလွှမ်းတတ်သော ထူထပ် အလယ် အလတ်သိမ်မွေ့ပါးလျှပ်သော ကိလေသာတည်းဟူသော အမိုက်တိုက်တို့ကို မှတ်ရမည်- သုံးခုသော လေတို့ကဲ့သို့ သုံးပါးသော အနုလုံဓောပိတ်တို့နှင့် ယှဉ်သော အနုလောမဉာဏ်တို့ကို မှတ်ရမည်။ မျက်စိအမြင်သန်သော ယောကျ်ားကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်ရမည်။ ကောင်းကင်၌ ထင်ရှားရှိသော လကဲ့သို့ ထိုယောကျ်ား ခန္ဓာကိုယ်၏ အပြင် အပ၌ အခါခပ်သိမ်း ထင်ရှားရှိနေသော အသင်္ခတဓာတ် မဟာနိဗ္ဗာန်ကြီးကို မှတ်ရမည်။ သုံးခုသောလေတို့၏ အစဉ်အတိုင်း သုံးခုသော တိမ်တိုက်, တိမ်လွှာတို့ကို ဖျက်ဆီးခြင်းကဲ့သို့ သုံးခုသော အနုလုံဓောပိတ်နှင့် ယှဉ်သော အနုလောမဉာဏ်တို့၏ သဏ္ဍာကို ဖုံးလွှမ်းတတ်သော ရုန့်ရင်းသော အလယ်အလတ်ဖြစ်သော သိမ်မွေ့သော သုံးပါးသော ကိလေသာ အမိုက်တိုက်တို့ကို အစဉ်အတိုင်း ပယ်ဖျောက်ခြင်းကို မှတ်ရမည်။ တိမ်တိုက်, တိမ်လွှာမှ ကင်းစင်သော ကောင်းကင်၌ ထိုယောကျ်ား၏ သန့်ရှင်းစင်ကြယ်သော လ,ကို မြင်ခြင်းကဲ့သို့ သဏ္ဍာကို ဖုံးလွှမ်းတတ်သော သုံးပါးသော ကိလေသာ မှောင် ကင်းပျောက်သည်နှင့် တပြိုင်တည်း ဂေါတြဘုဉာဏ်၏ အလွန်သန့်ရှင်း စင်ကြယ်သော အာနုဘော်အစွမ်းဖြင့်

အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို အာရုံပြုခြင်း, ထင်လင်းစွာ မြင်ခြင်းကဲ့သို့ မှတ်ရမည်၊ သုံးခုသော လေတို့သည် (လ)ကိုဖုံးလွှမ်းသော သုံးခုသော တိမ် တိုက်, တိမ်လွှာတို့ကိုသာ ပယ်လှွင့် ဖျက်ဆီးခြင်းငှါ စွမ်းနိုင်၏၊ လကိုမြင်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ သုံးပါးသော အနုလုံဇောစိတ်တို့နှင့်ယှဉ်သော အနုလောမ ဉာဏ်တို့သည် သစ္စာ ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်တိုက်ကိုသာ ပယ်ဖျက်ခြင်းငှါ စွမ်းနိုင်၏ အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို အာရုံပြုခြင်း မြင်ခြင်းငှါ မစွမ်းနိုင်၊ မျက်စိအမြင်သန့်သော ယောကျ်ားသည် (လ)ကို မြင်ခြင်းငှါသာ စွမ်းနိုင်၏ သုံးခုသော တိမ် တိုက်တိမ် လွှာတို့ကို ပယ်ခွာလှွင့်ပျောက်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ဂေါတြဘူဉာဏ်သည် အသင်္ခတ မဟာနိဗ္ဗာန်ကြီးကိုသာ အာရုံပြုခြင်းငှါသာ စွမ်းနိုင်၏ ကိလေသာဟူသော အမိုက်တိုက်ကိုပယ်ဖျက်ခြင်းငှါ မစွမ်းနိုင်၊

ဤသို့လျှင်-အနုလုံ ဇောစိတ်သုံးခုတို့နှင့် ယှဉ်သော အနုလောမဉာဏ်တို့သည်။ ဘုံသုံးပါး၌ဖြစ်သော သင်္ခါရတရားတို့ကို အာရုံပြုသည်၊ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်။ အကယ်၍ ဂေါတြဘူဉာဏ်သည် အနုလုံဇော ယူအပ်သော သင်္ခါရအာရုံကို ယူသည်ဖြစ်အံ့၊ တဖန်အနုလုံအဖြစ်သို့သာ .အစဉ် လိုက်

ခဲ့ရကား ထိုနောက် မဂ်ဉာဏ်ပင် မဖြစ်ပေါ်နိုင်ရာ ဂေါတြဘူကား အနုလုံဇောနှင့်ယှဉ်သော အနုလောမ ဉာဏ်၏ အာရုံကိုမယူဘဲ၊ အနုလုံ၏နောက်လိုက်မပြုမူ၍ မိမိသည် အာဝဇ္ဇန်း မဟုတ်ပါဘဲလျက် မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်၍ ငါ့နည်းအတူ အသခိတ မဟာ နိဗ္ဗာန်ကြီးကို အာရုံပြု၍ သင်ဖြစ်လေတော့ဟု မဂ်ဉာဏ်အား အမှတ်သညာ ပေးသကဲ့သို့ ဖြစ်၍ ချုပ်၏။ မဂ်ဉာဏ်သည်လည်း ထိုဂေါတြဘူဉာဏ်က ပေးသော အမှတ်ကို မလွှတ်မူ၍သာလျှင် ဂေါတြဘူနှင့် အခြားမဲ့ ရှိတစပ်တည်းသော အစဉ်ဖြင့် ထိုဂေါတြဘူသို့ အစဉ်လိုက်၍ ရှေး၌ တရံတခါမျှ မဖောက်ထွင်း, မဖောက်ခွဲဘူးသေးသော လောဘအစု, လောဘတုံး,လောဘခဲ, ဒေါသအစု, ဒေါသတုံး, ဒေါသခဲ, မောဟအစု, မောဟတုံး, မောဟခဲကြီးတို့ကို ဖေါက်ထွင်း ဖေါက်ခွဲ၍သာလျှင် ဖြစ်၏။

**ဥပမာကား**တယောက်သောလေးသမားသည်လေး အပြန် တရာကွာဝေးသော အရပ်၌ ပျဉ်ချပ်တရာကို ထား၍ မိမိ၏မျက်နှာကို အဝတ်ဖြင့် ဖုံးအုပ်၍ မြှားကို ဖွဲ့လျက် စက်ယန္တရားပေါ်သို့ တက်၍ရပ်၏။ အခြားသော ယောကျ်ားတယောက်က စက်ယန္တရားကို လှည့်လည်စေ၍ ထိုလေးသမားသည် ထားသော ပျဉ်ချပ်

တရားသို့ မျက်နှာတည့်တည့်မူ၍ ရပ်တည်သော အခါ ထိုစက်ယန္တရား၌ လှံတံဖြင့် ထိုးခေါက်၍ မြှားကိုပစ်ရန် အမှတ်သညာကိုပေး၏။ ထိုအခါ လေးသမားသည် ထိုပေးသော လှံတံထိုးခေါက်သော အမှတ်ကို မလွှတ်ဘဲ မြှားကိုပစ်လွှတ်၍ ပျဉ်ချပ်တရာကို ဖူးဝင်ဖေါက်ထွင်းစေ၏။

ဤဥပမာ၌-လှံတံ အမှတ်ကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်အင်၏။ လေးသမားကဲ့သို့ အရိယာ မဂ်ဉာဏ်ကို မှတ်အပ်၏။ လေးသမား၏ လှံတံအမှတ်ကိုလွှတ်မူ၍ ပျဉ်ချပ်တရာကို ပစ်ဖေါက်ခြင်းကဲ့သို့ မဂ်ဉာဏ်၏ ဂေါတြဘုဉာဏ် ပေးအပ်သော အမှတ်ကို မလွှတ်မူ၍ သာလျှင် အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို အာရုံပြု၍ တရံတဆစ်မျှ ရှေး၌မဖေါက်ထွင်း မဖေါက်ခွဲဘူးသေးသော လောဘအစု, လောဘတုံး, လောဘခဲ, ဒေါသ အစု, ဒေါသတုံး, ဒေါသခဲ, မောဟအစု, မောဟတုံး,မောဟခဲကြီးတို့ကို ဖေါက်ထွင်း,ဖေါက်ခွဲခြင်းကို မှတ်အပ်၏။

ဤ၌-ဂေါတြဘုဉာဏ်နှင့် မဂ်ဉာဏ်တို့သည် အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို အာရုံပြုသည်ဟူသည်ကား ထိုဉာဏ်တို့သည် အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို အရောင်အလင်းနှင့် တကွ မျက်စိဖြင့် မြင်ရဘိသကဲ့သို့ မျက်

မြောက်ပြု သောအားဖြင့် သိမြင်ရသည်ဟူ၍ ဆိုလိုသည်၊ (ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။)သမထ ကမ္မဋ္ဌာန်း ဖြစ်သော ဩဒါတ ကသိုဏ်းကို စီး ဖြန်း အပ် သော ယောဂီပုဂ္ဂိုလ်သည် ထိုကသိုဏ်း, ပဋိဘာဂနိမိတ်ကို ရသည်နှင့်သော် ထိုနိမိတ်သည် ပညတ်တရား ဖြစ်သော ကြောင့် ပရမတ္ထသဘောဖြင့် ထင်ရှားမရှိ၍ ဥပါဒ်,ဌီ, ဘင်, မရှိသော်လည်း လွန်စွာကြည်လင် သန့်ရှင်း ဝင် ကြွယ် သော မှန်ကြည် မှန်လင်းကြီးကဲ့သို့ ဝန်းဝန်း ဝိုင်းဝိုင်း အခြင်း အရာ အားဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ထင်ထင်ရှားရှားဖြစ်ပေါ်လာသကဲ့သို့ ထိုအတူ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖြစ်ပေါ်လာသည် ရှိသော် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ကိလေသာပူကို ငြိမ်းအေး ချုပ်ပျောက် စေတတ်သော, လွန်စွာအေးမြ သော ယာ ကြည်လင်လှစွာသော, သန္တိသဘော ထင်ရှားရှိသော, အသင်္ခတ မဟာနိဗ္ဗာန် တရားတော်မြတ်ကြီးသည် ထို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်တို့ စွဲမှီရာအာရုံ၏ အဖြစ် ဖြင့် ထင်ထင်ရှားရှားကြီး ဖြစ်ပေါ်လာလတံ့။ ထင်ရှား လာသည်ဟု ဆိုသည်ကို နိဗ္ဗာန် တရားတော်ကြီးသည် အရင်ကမရှိဘဲ ထိုအခါမှဖြစ်ပေါ်လာသည်ဟူ၍ မမှတ် ယူကြလင့်။ အသင်္ခတ မဟာနိဗ္ဗာန်ကြီးသည် ဥပါဒ်,ဌီ, ဘင် မရှိ၍ အစမရှိ အဆုံးမရှိဘဲ အခါခပ်သိမ်း ထင်ရှား ရှိနေသောတရားကြီး ဖြစ်သည်ဟုမှတ်ကြ၊

ထိုအခါမှ နိဗ္ဗာန် ဖြစ်ပေါ်သည်မဟုတ် ထိုနိဗ္ဗာန်တရားတော်မြတ်ကြီးကို အဝိဇ္ဇာ နှင့်သယ ကိလေသာ မှောင်ခေတ်ကြီးက ဖုံးလွှမ်းလျက်ရှိသော အန္ဓပုထုဇဉ်တို့၏ မျက်စိဖြင့် မမြင်ရဟု မှတ်ကြရမည်။ အနုလောမဉာဏ်ဖြင့် ပယ်အပ်ပြီးသောကိလေသာ စင်ကြယ်သော ပုဂ္ဂိုလ်၏ ဂေါတြဘုဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော ဉာဏ်မျက်စိတို့ဖြင့်သာ မြင်ရသော ကြောင့် ထိုအခါကြမှသာလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်ထင်ရှားရှားကြီး ဖြစ်ခြင်းသို့ ရောက်သည်ကိုသာ ရည်၍ ဆိုသည်ဟု မှတ်ရမည်။

ဤသို့ ပြဆိုအပ်ပြီးသော နည်းဖြင့် ဂေါတြဘုဉာဏ်က အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်ရသော်လည်း ထိုဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်သော အခြားတပါးမှ အာသေဝနပစ္စည်းကို မရခြင်းကြောင့် အားနည်းသည်ဖြစ်၍ နိဗ္ဗာန်၏ သန္တိခေတ် တန်ခိုးအရှိန်ကို များစွာ ဖမိသို့ မယူနိုင်ခြင်းကြောင့် မိမိသန္တာန်၌ ကိလေသာ စသော အကုသိုလ် တရားများကို ချုပ်ငြိမ်းစေခြင်းကို မပြုနိုင်သော အရိယာမဂ်ဉာဏ် ဖြစ်ပေါ်လာသော အခါ၌သာလျှင် ထိုမဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသော ရှေ့ဂေါတြဘုမှ အာသေဝနပစ္စည်းကို ရခြင်းကြောင့် အားရှိသည်ဖြစ်၍

မိမိအာရုံပြုသော အသင်္ခတ မဟာနိဗ္ဗာန် တရားတော်မြတ်ကြီး၏ အငြိမ်းသန္တိ တည်းဟူသော သန္တိဓာတ် တန်ခိုးအရှိန်ကို ကောင်းစွာ မိမိယူဆောင်နိုင်သည်။ သို့ဖြစ်၍ ထိုအရိယာမဂ်သည် မဟာနိဗ္ဗာန်ကြီးကို အာရုံပြု၍ ဖြစ်ပေါ်လာသောအခါ နိဗ္ဗာန်၏သန္တိဓာတ် တန်ခိုးအရှိန်သည် ထိုမဂ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်သို့ရောက်၍ ပျံ့နှံ့ကာ တည်သောကြောင့် ရေပြည့်လျက်နေသော အနဝတတ်ရေအိုင်ကြီးမှာ မီးဝင်၍ မလောင်နိုင်သည့်ပမာ ကိလေသာမီးသည် အကုသိုလ်တရားတို့သည် ထိုက်သည့် အားလျော်စွာ မဂ်ဉာဏ်ဖြစ်ပေါ်သည့်မှစ၍ မဖြစ်လာနိုင်ဘဲ တခါထဲ အပြီးသတ် ချုပ်ငြိမ်းရလေတော့သည်။ ဤသို့ ဖြစ်ခြင်းကို အရိယာမဂ်ဉာဏ်တည်းဟူသော ဒါး-သန်လျက်ဖြင့် ဒိဋ္ဌိအနုသယနှင့် ဝိစိကိစ္ဆာ အနုသယ နှစ်ပါး,ကို အကြွင်းမဲ့ အမြစ်ပြတ် တချက်ထည်း ပယ်သတ်သည်ဟု ဆိုရ၏။ (မဂ်ဇော တကြိမ်ဖြစ်၍ ချုပ်၏။) အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို အာရုံပြုလျက်နှင့် သောတာပတ္တိဖိုလ်ဇော ၂-ကြိမ်, ၃-ကြိမ်ဖြစ်၍,ချုပ်၏။ ဖိုလ်ဇောအဆုံး၌ ဘဝင်ကျပြီးလျှင် မိမိသန္တာန်၌ မဂ္ဂဝိထိကျသွားပုံကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇော, ကြွင်းကျန်သော,ကိလေသာအကြွင်းမဲ့, ပယ်သတ်ပြီးသော ကိလေသာများကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောတွေဖြစ်ပေါ်လာသည်။

အပါယ်လေးဘုံ၌ မီးခင်ကြီးသဘွယ် ခန္ဓာငါးပါးကို ဖြစ်ပေါ်ရန် ပေါက်ဖွားပေးနေသော ဒိဋ္ဌိ အနုသယနှင့် ဝိစိကိစ္ဆာ အနုသယ နှစ်ပါးမရှိသည်နှင့် တပြိုင်တည်း, အရိယာ မဟာသောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏။

**အရိယာ သောတာပန်သည်**-နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မြင်သည်ရှိသော် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်း, ဟူသော ကိစ္စကြီးသုံးခုတို့ကို တပြိုင်နက်ပြီးစေရာ၌ သမုဒယသစ္စာဟူသည် တဏှာဖြစ်၍ တဏှာကို ပယ်သည်ဟူ၍ပုင်း။ ထိုတဏှာကိုသာ ပယ်သည်ဟူ၍ မမှတ်ထင်အပ်၊ ဒိဋ္ဌိနှင့်ယှဉ်သော တဏှာစိတ်ကိုသာ အကြွင်းမဲ့ ပယ်သည်ဟု မှတ်ရမည်။ သမုဒယသစ္စာ တဏှာကိုပယ်သည်ဟူ၍ မြတ်စွာဘုရားက, ဟောတော်မူခြင်းသည်လည်း နိဒ္ဒေသနည်း ပဓာနနည်းတို့ဖြင့် ဟောတော်မူခြင်းဖြစ်သည်ဟူ၍ မှတ်အပ်၏။ အဘယ့်ကြောင့် နည်းဟူမူ၊ သောတာပတ္တိမဂ်က တဏှာကိုသာ, ပယ်သည်မဟုတ် အခြား အကုသိုလ် တရားတို့ကိုလည်း ပယ်သတ်လေသောကြောင့်တည်း။

တဏှာဟူသည်-လောဘစေတသိတ်ပင်တည်း။ လောဘနှင့်တကွ ဖြစ်သော ဒိဋ္ဌိအနုသယ ကိလေသာ, ဒိဋ္ဌိ

သံယောဇဉ်, သီလဗ္ဗတပရာမာသ သံယောဇဉ်တို့နှင့် ဝိစိကိစ္ဆာနုသယ ကိလေသာ, ဝိစိကိစ္ဆာ သံယောဇဉ် တို့ကိုလည်း အကြွင်းမဲ့ ပယ်သည့်အပြင် သောတာပတ္တိ မဂ်သည် အပါယ်လေးပါးသို့ လားစေ တတ်သော လောဘ, ဒေါသ, မောဟ, သုံးပါး အပေါင်းကိုရင်း။ သဟာဇာတ အဘူတကူဖြစ်သော တရားတို့ကို ပယ် သောအားဖြင့် ထိုလောဘ, ဒေါသ, မောဟတို့နှင့် တကွ တည်နေကုန်သော အကုသိုလ် တရားတို့ကို လည်းပယ်သည်ဟုမှတ်ကြ။

သို့အတွက်-ထိုအရိယာ သောတာပန် ပုဂ္ဂိုလ်သည် အပါယ်လေးဘုံသို့၍ ဘယ်ဘဝ ဘယ်ကမ္ဘာ ဘယ် အခါမှ မကျရောက်တော့ပြီ။ အပါယ်တံခါး ပိတ်လေ တော့သည်။ အိပ်မက်ကိုမျှ မမက်တော့ပြီဟု မှတ်ကြ ပါ သူတော်ကောင်းအပေါင်းတို့။

ထိုကဲ့သို့-ရူပကမ္မဋ္ဌာန ရုပ်အပေါင်းအပုကို အနိစ္စအချက် ဒုက္ခအချက် အနတ္တ အချက်ကြီးများကို သမ္မာဒိဋ္ဌိဝိဇ္ဇာ ဉာဏ်ဖြင့် အချက်ကျကျ ပိုင်ပိုင်နိုင်နိုင် မြွတာသဘာ ဝကို ကောင်းစွာပေါက်ရောက် ထင်မြင်သော ယောဂီ ပုဂ္ဂိုလ်သည် ကြွင်းသော ဝေဒနာကမ္မဋ္ဌာန်, သညာကမ္မဋ္ဌာန်, သင်္ခါရကမ္မဋ္ဌာန်, ဝိညာဏကမ္မဋ္ဌာန် ထိုနာမကမ္မဋ္ဌာန် လေးပါး

အပေါင်းတို့သည် တခါတည်းပါရလေတော့သည်။ပါပုံကိုကောင်းစွာမှတ်ကြ၊

**ရေပေါ်တွင် ထင်နေသော**-ပုံမိခန္ဓာ ကိုယ်ရိပ်သည် ရေမလှုပ်သရွေ့ ကိုယ်ရိပ်မလှုပ် ရေလှုပ်လျှင် ကိုယ်ရိပ်လှုပ်၏။ ရေပွက်လျှင် ကိုယ်ရိပ်ပွက်ရတော့၏။ ရေပျက်လျှင် ကိုယ်ရိပ် ပျက်ရတော့၏ဟုမှတ် ထိုဥပမာ၌ရေသည် ရူပက္ခန္ဓာနှင့်တူ၏။ ရေပေါ်စီး၍ ထင်သောလူရိပ်သည် နာမက္ခန္ဓာ လေးပါးနှင့်တူ၏။ ရုပ်လှုပ်လျှင် နာမ်တရားအပေါင်းတို့သည် လှုပ်ကြရကုန်၏။ ရုပ်ပွက်လျှင် နာမ်တရားအပေါင်းတို့သည် ပွက်ကြရကုန်၏။ ရုပ်ပျက်လျှင် နာမ်တရား အပေါင်းတို့သည် ပျက်ကြရကုန်၏။(ထိုဥပမာအတိုင်း မှတ်ကြပါ။)

**နာမ်တရား အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်** နာမ်တရား အဖြစ် - အပျက်ကို ကောင်းစွာမြင်လျှင် ရုပ်အဖြစ် - အပျက်ပါ တခါတည်း မြင်လေတော့သည်ဟုမှတ်ကြပါ။ ရုပ်နာမ် နှစ်ပါးလုံး ရှုကြည့်ပွားများ၍ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်း ပေါက်ရောက်သော ယောဂီပုဂ္ဂိုလ်တို့မှာလည်း အတူတူဟု မှတ်ကြရမည် သူတော်ကောင်း အပေါင်းတို့။

## အရိယာဝိဇ္ဇာနှင့်-ဂန္ဓာရီ ဝိဇ္ဇာနှစ်မျိုးကို

## ဥပမာယှဉ်၍-ပြဆိုပေအံ့။

ထိုကဲ့သို့ - အရိယာဝိဇ္ဇာအစစ် ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်စစ် သွီးတော်စစ်ဖြစ်ပြီးသော အရိယာ ပုဂ္ဂိုလ် အပေါင်းတို့သည် သုမ္ဘဒိပန္န စသော ကိုးပါးသောဂုဏ်တို့နှင့် ကောင်းစွာပြည့်စုံလေပြီ၊ အပါယ်လေးပါးမှလည်း, အခါခပ်သိမ်း ကင်းငြိမ်းပြီဖြစ်သောကြောင့် ဖြစ်လေရာရာ- သုဂတိ ဘဝမှာလည်း ကောင်းမြတ်ချမ်းသာ ကြက်သရေမင်္ဂလာနှင့် ပြည့်စုံသော လူမင်း, နတ်မင်း, သိကြားမင်းတွေ ဖြစ်၍ လူ့စည်းစိမ် နတ်စည်းစိမ် တွေကို ကြွမ်ဖန်များစွာ ခံစား, စံစား မွေ့လျော်နေကြငြားသော်လဲ အဆွေနှံဆိုး လူ,နတ်တို့၏ ဘဝခန္ဓာသည် ချနှစ်ဘဝသာ ပဋိသန္ဓေနေရတော့၏။ ခုနစ်ခုမြောက်သောဘဝ၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံဝင်ခလေတော့၏။ ရှစ်ခုမြောက်သောဘဝကို မယူတော့ပြီ၊ ထိုကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောတော်မူသည်မှာ။

န တေ ဘဝံ အဋ္ဌမမာဒိယန္တိ၊ ဟူ၍ရင်း

အဘဗ္ဗော အဋ္ဌမံ ဘဝံ နိဗ္ဗတ္တေတုံ ဟူ၍ရင်း

သတ္တက္ခတ္တုံ ပရမဥ သန္ဓာဝိတွာန ပုဂ္ဂလော။
ဒုက္ခဿန္တကရော ဟောတိ သဗ္ဗသံယောဇနက္ခယာ။
ဟူ၍ရင်း သံယုတ်ပါဠိတော်စသည်တို့၌ ဟောတော်မူ၏။

{အနက်} တော၊ ထိုအဖျင်းဆုံး အညံ့ဆုံး သောတာ
ပန်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံဘဝံ၊ ရှစ်ကြိမ်သောဘဝကို။
နအာဒိယန္တိ၊ မယူတော့ကုန်။ သော၊ ထိုကာမဂုဏ်
ကြိုက် အဖျင်းဆုံး အညံ့ဆုံး, သောတာပန်ပုဂ္ဂိုလ်သည်။
အဋ္ဌမံဘဝံ၊ ရှစ်ကြိမ်မြောက်သောဘဝကို။ နိဗ္ဗတ္တေတုံ၊
ဖြစ်စေခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့ပြီ။ ဘိက္ခဝေ၊
ရဟန်းတို့။ ပုဂ္ဂလော၊ ကာမဂုဏ်ကြိုက် အဖျင်းဆုံး အ
ညံ့ဆုံး သောတာပန်သည်။ ပရမံ အလွန်ဆုံးအားဖြင့်။
သတ္တက္ခတ္တုံ သတ္တက္ခတ္တုံပြော၊ ခုနစ်ကြိမ်သာလျှင်။ သန္ဓာ
ဝိတွာ၊ ကျင်လည်၍။ သဗ္ဗ သံယောဇနက္ခယာ၊ နောက်
ဆုံး ခုနစ်ခုမြောက်သောဘဝ၌ သံယောဇဉ် အလုံးစုံ
ကုန်ခန်းချုပ်ငြိမ်းခြင်းကြောင့်။ ဒုက္ခဿ၊ သံသရာဝဋ်ဒုက္ခ
၏။ အန္တကရော၊ အဆုံးကိုပြုသည်။ ဟောတိ၊ ဖြစ်၏။

ထို့ကြောင့် အခါတပါး၌ မြတ်စွာဘုရားကိုယ်တော်
မြတ်ကြီးသည် လက်မ, လက်သည်းပေါ်၌ ရုပ်ကလာပ်
မှုန့်ကိုယူ၍ ထင်ထားပြီးလျှင် ရဟန်းအပေါင်းကိုခေါ်၍
ပြတော်မူသည်မှာ။ ချစ်သားရဟန်းတို့- သောတာ
ပတ္တိမဂ်,ဖိုလ်ကိုရ၍ သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်

အား အကြွင်းမဲ့ ကုန်ဆုံး ချုပ်ငြိမ်းပြီးသော ဒုက္ခနှင့် ကြွင်းကျန်သော ဒုက္ခသည် ဘယ်ကများသနည်းဆိုသော် ကုန်လေပြီးသော ဒုက္ခသည်- နှစ်သိန်းလေးသောင်း အကျ ရှိသော မြေကြီး၌ ကျန်ရှိသော မြေမှုန့်တွေ လောက်များ ပြား၏၊ ကြွင်းကျန်သော ဒုက္ခသည် ငါဘုရား၏ လက်သည်း ပေါ်မှာ တင်၍ ထားသော မြေမှုန့်လောက်သာ ရှိတော့၏ ဟု ဥပမာဖြင့် နှိုင်းပြ ဟောကြားဆုံးမတော်မူပေ၏။ သော တာပတ္တိ မဂ်, ဖိုလ်သို့ ဆိုက်ရောက်ပြီးသော ဘုရားသား တော် သွီးတော်စစ် ဖြစ်ကြပေကုန်သော အရိယာဝိဇ္ဇာ ပုဂ္ဂိုလ်တို့မှာ ထိုမျှလောက် ဒုက္ခကြီးတွေ ကုန်ဆုံး ချုပ်ငြိမ်း၍ သွားကြလေ၏။

**သို့အတွက်** – အနည်းဆုံး သောတာပန် ဖြစ်အောင် အမြန်အားထုတ်ကြပါ သူတော်ကောင်း အပေါင်းတို့။

ထိုသောတာပန် အရိယာဝိဇ္ဇာ ပုဂ္ဂိုလ်ကြီးတို့၌ ရှိ သောဂုဏ်ကျေးဇူးတွေသည် ချိုးမွမ်းအံ့သြ၍ မကုန်နိုင် အောင် များပြားလှ၏။ ထိုမျှလောက် အကျိုးထိုက်တန် သောကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။ ။

ဟူ၍ ဓမ္မပဒ ပါဠိတော်ကြီး၌ အနာထပိဏ် သူဌေးကြီးကို ဟောကြားတော်မူပေ၏။

ဂဟာပတိ၊ သူဌေးကြီး။ ပထဗျာ၊ မြေပြင်တခုလုံး၌။ ဧကရဇ္ဇေနဝါ၊ ကောရာဇ်စကြာမင်းဟူသော တယောက်တည်းသော မင်းပြုရခြင်းထက်ဧ၀င်း။ သဂ္ဂဿ၊ နတ်ပြည် ၆-ထပ်လုံးသို့။ ဂမနေနဝါ၊ ရောက်ရခြင်းထက်ဧ၀င်း။ သဗ္ဗလောကာဓိပစ္စေနဝါ၊ ဗြဟ္မာ့ပြည်နှင့်တကွ တလောကလုံးကို အစိုးရခြင်းထက်ဧ၀င်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်၊ ဝရံ၊ မြတ်လှပေ၏၊

**သောတာပန် ဖြစ်ရခြင်းသည်** ထိုမျှလောက် ကြီးမား မြင့်မြတ်လှပေသည်၊ ရှေ့သို့ အဆင့်တိုး၍ သကဒါဂါမိဖြစ်သည့်ရှိသော် အဘယ်မှာ ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ ထိုထက် အထက်သို့ တဆင့်တိုး၍ အနာဂါမိဖြစ်သည့်ရှိသော် အဆ ထောင်-သောင်းမက ကြီးမြတ်လှပေသည်။ ထိုထက်အကောင်းဆုံးတကာ ထိပ်ပိတ်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ရ၍ ရဟန္တာ, ဖြစ်သည့်ရှိသော် အသင်္ချေယျ အပ္ပမေယျ အတိုင်းမသိ ကျေးဇူးကြီးသည်ထက် ကြီးမြတ်လှပေတော့၏။

ဤသည်ကား မဂ်,ဖိုလ်တို့၏ အကျိုးထူး အာနိသင်

ကြီးကျယ်ပုံ,အဘိုးထိုက်တန်ပုံများကို ပြဆိုသော

အခန်းသည် ဤတွင်ပြီး၏။

သကဒါဂါမိ မဂ်ဖောပေါ်မှု အနာဂါမိ မဂ်ဖော ပေါ်မှု, အရဟတ္တ မဂ်ဖောပေါ်မှုတို့သည်။ အချို့သော အရိယာဝိဇ္ဇာပုဂ္ဂိုလ်တို့မှာ တဆင့်ပြီးမှ တဆင့်, ရုပ်, နာမ်, တရားတို့ကို ထပ်ခါ ထပ်ခါ ကြွင်းကျန်သော ကိလေသာအပေါ်၌, ဒုက္ခသစ္စာသင်အောင် ရှုကြည့် ပွားမှ သကဒါဂါမိပုဂ္ဂိုလ်, ဖြစ်လေသည်။ ထို့နောက် သကဒါဂါမိသန္တာန် ကျန်ရှိသော ကိလေသာအပေါ်၌ ဒုက္ခသစ္စာ ထင်အောင် ထပ်ခါ ထပ်ခါ ပွားများမှ- အနာဂါမိဖြစ်လေသည်။ အနာဂါမိသန္တာန်ကျန်ရှိသော, ကိလေသာ အပေါ်၌ ဒုက္ခသစ္စာ ထင်မြင်အောင် ထပ်ခါ ထပ်ခါ ပွားများမှ ရဟန္တာပုဂ္ဂိုလ်ဖြစ်လေသည်။

ထိုကဲ့သို့-အဆင့်ဆင့် အားထုတ်မှဖြစ်သော ပုဂ္ဂိုလ်သည် ဉာဏ်နှံ့သော မန္တပုဂ္ဂိုလ်ဟု မှတ်ကြရမည်။ အချို့သော အရိယာဝိဇ္ဇာ ပုဂ္ဂိုလ်တို့မှာ မဂ်သုံးဆင့်မြောက် တဟုန်ထည်းတက်၍ သကဒါဂါမိ, အနာဂါမိ ပုဂ္ဂိုလ်ဖြစ်၍ သုံးဆင့်မြောက် တက်သွားလေ၏။ အချို့သော အရိယာ ဝိဇ္ဇာပုဂ္ဂိုလ်တို့မှာ လေးဆင့်မြောက် တဟုန်တည်းတက်၍ အရဟတ္တမဂ် အရဟတ္တဖိုလ်ဖော အဆုံး၌ ဘဝင်ကျပြီးလျှင် မိမိသန္တာန်၌ မဂ္ဂဝီထိကျသွားပုံများကို ဆင်ခြင်သော- ပစ္စဝေက္ခဏာဖော, ကြွင်းကျန်သော ကိလေသာ အကြွင်းမဲ့ ကုန်ဆုံး

ချုပ်ငြိမ်းသော ကိလေသာများကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောတွေ ပေါ်လေသည်။

**ပဥ္စမပုဂ္ဂိုလ်သည်ဥာဏ်နု** သောပုဂ္ဂိုလ်ဟုမှတ်ကြ၊ ဒုတိယပုဂ္ဂိုလ်သည်ဥာဏ်အလယ်စါးဟုမှတ်ကြ၊ တတိယပုဂ္ဂိုလ်သည့် ဥာဏ်အထက်ဆုံး ပုဂ္ဂိုလ်ဟု မှတ်ကြ။ ယခုအခါ ဥာဏ်အထက်ဆုံး ပုဂ္ဂိုလ်မရှိတော့ပြီ။ သောတာပန်ဖြစ်ပုံကို ကောင်းစွာမှတ်ကြ။

**ထိုနေရာ၌** - သောတာပတ္တိမဂ် ဒါးသန့်လျက်ဖြင့် တချက်ထည်း အကြွင်းမဲ့ပယ်သည်ဟု ဆိုသော အနုသယများသည် ဥပါဒ်၊ ဌီ ဘင်၊ မရှိဘဲလျက်နှင့် ဥပါဒ်၊ ဌီ၊ ဘင် ရှိသော မဂ်ဇောက အဘယ်ကဲ့သို့ ပယ်နိုင်ပါသနည်းဟု စောဒနာပြုအံ့ ထိုအချက်ကြီးသည် လွန်စွာသိမ်မွေ့နူးညံ့ နက်နဲ ခက်ခဲသော အရာဌာနကြီး ဖြစ်၍ ကောင်းစွာ နားလည်ကြစေရန် ဖြေဆိုပေအံ့။

## ကိလေသာများကို မဂ်ဇောပယ်ပုံ

**မဂ်ဇောက ပယ်သည်ဟုဆိုရာ၌** အတိတ်ဖြစ်၍လွန်ပြီးသော ကိလေသာကို ပယ်သည်လည်းမဟုတ် ပယ်လို့မဖြစ်။

၁။ မနောကံတို့၌ဖြစ်သော ပရိယုဋ္ဌာန် ကိလေသာ၊ ကာယကံ ဝစီကံတို့၌ ဖြစ်သော ပစ္စုပ္ပန် ဝီတိက္ကမ ကိလေသာတို့ကို ပယ်သည်လည်းမဟုတ်၊

၂။ အနာဂါတ်၌ ဖြစ်လတံ့သော ဥပါဒ်အခိုက် အတန့်ကိုလည်း ယခုပစ္စုပ္ပန်အခါ၌ မရှိသေးရွေ့ ပယ်လို့ မဖြစ်။

၃။ စင်စစ်အားဖြင့် ဥပါဒ်၊ ဌီ၊ ဘင် မရှိသော လျော်သော အကြောင်းကို ရသည်ရှိသော် စင်စစ်ဖြစ်ထိုက်သော ဖြစ်တတ်သော ဖြစ်လတံ့သော အားအစွမ်းနှင့် ပြည့်စုံသော ထာမဂတ အနုသယကိလေသာကို ပယ်သည်ဟု- မုချဆတ်ဆတ် ကောင်းစွာ မှတ်ကြပါ။

ထို့ကြောင့်- ပဋိသမ္ဘိဒါမဂ် ပါဠိတော် အဘိသမယကထာ၌ ထာမဂတော အနုသယံ ပဇဟာတိ။ ဟူ၍ ဟောတော်မူ၏။

မဂ္ဂေါ၊ မဂ်သည်။ ထာမဂတော၊ ခိုင်ခန့် လုံလောက် မြဲမြံ သန်စွမ်းသော အားအစွမ်းနှင့် ပြည့်စုံသော။ အနုသယံ၊ သင့်လျော်သော အကြောင်းကို ရသည်ရှိသော်မချွတ် ဖြစ်ထိုက်သော ဖြစ်တတ်သော ဖြစ်လတံ့သော ကိလေသာကို။ ပဇဟာတိ၊ အကြွင်းမဲ့ ပယ်စွန့်၏။

အနုသယဆိုသော သတ္တိကိုလည်း - မဂ်ဖြင့် မပယ် သေးသောကြောင့် အကြောင်းကိုရလျှင်ဖြစ်ထိုက်သော, ဖြစ်ဘက်သော, ဖြစ်လတံ့သော, သဘောသတ္တိ ကိလေး သည် အနုသယမည်၏ဟူ၍ ကောင်းစွာ မှတ်ကြ။

ထို့ကြောင့်-ပဋ္ဌေကြိုလ် အဋ္ဌကထာ၌....

အနုသယာတိ ကေနဋ္ဌေန အနုသယာ
အနုသယနဋ္ဌေန ကော ဧသ အနုသယနဋ္ဌော
နာမာတိ အပ္ပဟီနဋ္ဌော ဧတေဟိ အပ္ပဟီနဋ္ဌေန
တဿ တဿ သန္တာနေ အနုသေန္တိ နာမ
တသ္မာ အနုသယာတိ ဝုစ္စန္တိ။ အနုသေန္တီတိ
အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ
အတ္ထော။ ဟူ၍မိန့်ဆိုအပ်၏။

အနုသယာတိ၊ အနုသယဟူသည်ကား။ ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ အနုသယာ၊ အနုသယမည် ကုန်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေး တည်း။ အနုသယနဋ္ဌေန၊ အဘန်ဘန်ဖြစ်ပေါ်တတ်သော အနက်ကြောင့်။ အနုသယာ၊ အနုသယတို့ မည်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ ဧသ-ဧသော- အနုသယနဋ္ဌော၊ ထိုအနုသယန၌ဟူသည် ကော၊ အဘယ် အနက် နည်း။ ဣတိ အယံ၊

ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ အပ္ပဋိနဒ္ဓော၊ မဂ်ဖြင့် မပယ်အပ်သော အနုသယ်သဘောတည်း။ ပဋိသစ္စ၊ ထိုစကားသည် မှားကြန် စင်စစ်မှန်၏။ ဝေ၊ ထိုအဘန်ဘန် ဖြစ်တတ်သော ကိလေသာတို့ကို။ အပ္ပဋိနဒ္ဓော၊ မဂ်ဖြင့် မပယ်အပ်သော အနုသယ်ကြောင့်။ တဿ တဿ၊ ထိုထိုသတ္တဝါ၏။ သန္တာနေ၊ ခန္ဓာအစဉ်၌။ အနုသေန္တိ နာသမ၊ အဘန်ဘန်ဖြစ်တတ်သည် မည်ကုန်၏။ ဣတိ၊ ဤသို့။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ အနုသေန္တီတိ၊ အနုသယာဟူသည်ကား။ အနုရူပံ၊ လျောက်ပတ်သော။ ကာရဏံ၊ အကြောင်းကို။ လဘိတွာ၊ ရသည်ရှိသော်။ ဥပ္ပဇ္ဇန္တိ၊ မချွတ်ဖြစ်တတ် ကုန် ၏။ ဣတိ အယံ၊ ဤ သည် ကား အတ္ထော၊ အနက်တည်း။

**အနုသယ သဘောကို** -ပါဠိတော်, အဋ္ဌကထာ ဋီကာတို့မှ ထုတ်နှုတ်၍ ကောင်းစွာ ပြဆိုပြီးခဲ့ ယခုအခါ ဥပါဒ်, ဌီ,ဘင်, မရှိသော အနုသယကို မဂ်ဖြင့် ပယ်သည် ဟု, ဆိုရာ၌ ထင်ရှားသည်ထက် ထင်ရှား စေခြင်းအကျိုး၌ ကာမကုသိုလ်, ရူပကုသိုလ်, အရူပ ကုသိုလ်, လောကုတ္တရာ ကုသိုလ်တို့သည် သူ့ကိလေသာနှင့်သူ။ အဆင့်ဆင့် ပယ်ပုံများကို ကောင်းစွာ ပြဆို ပေအံ့။

ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, အာဇီဝဋ္ဌမက သီလအစရှိသော သီလများကို ခိုင်မြဲစွာ ဆောက်တည်၍ မကျိုး,မပေါက်ရအောင် စောင့်ရှောက်ထိမ်းသိမ်း နေသော ပုဂ္ဂိုလ်တို့မှာ ပါထာတိပါတသိက္ခာပုဒ်ကစ၍ သူတပါးတို့၏ အသက်ကို မသတ်သောကြောင့် သူ့အသက်သတ်သော စေတနာကံတို့သည် မိမိတို့၏ စိတ်သန္တာန်၌ ဥပါဒ်ကိုမျှ မပေါ်လာတော့ပြီ၊ ဥပါဒ်မဖြစ်လျှင် ဋ္ဌီ,မဖြစ်တော့ပြီ ဋ္ဌီ,မဖြစ်လျှင် ဘင်မဖြစ်တော့ပြီ ထိုကဲ့သို့ သီလကုသိုလ်တည်းဟူသော ကာမကုသိုလ် စေတနာက ပယ်သတ်မှုသည် ကာယကံ, ဝစီကံ, လွန်ကြူးမှု ဝီတိက္ကမ ကိလေသာကို တဒင်္ဂပဟာန်ဖြင့် ပယ်မှုသည် အတိတ်ကို ပယ်သည်လည်းမဟုတ် ပစ္စုပ္ပန်ကို ပယ်သည်လည်းမဟုတ်။ သူ့အသက်ကို သတ်သောအကုသိုလ် စေတနာကံသည် ဥပါဒ်ကိုမျှ မဖြစ်ပေါ်ရအောင် ပယ်ထားသောကြောင့် အနာဂတ်ကို ပယ်သည်မည်၏။

(ကြွင်းသမျှ သိက္ခာပုဒ်တို့၌လည်း ထိုအတူတထပ်ထည်း မှတ်ကြ။)

ကာမာဝစရ ကုသိုလ်သည် ဝီတိက္ကမ ကိလေသာကို တဒင်္ဂပဟာန်ဖြင့် ပယ်ပုံပြီး၏။

**ထိုနေရာက, သဘောကျမှု**-ကြွင်းသမျှ ကိလေသာ ပယ်ပုံများကို သဘောကျကြမည်၊ ရူပကုသိုလ်သည် လည်း မနောကံတို့၌ လွန်ကြူး သောင်းကြမ်းနေသော ပရိယုဋ္ဌာန် ကိလေသာကို ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ် သတ်လေသည်။

**ပယ်ဆိုသည်မှာ**-မနောကံတို့၌ ဥပါဒ်ကိုမျှ မပေါ်ရအောင် ပယ်သတ်လေသည်၊ အရူပကုသိုလ် ပယ်ပုံမှာလည်း - အထက်နည်းတူစွာ ပယ်သတ်လေသည်၊ လောကုတ္တရာ ကုသိုလ်က အနုသယကိလေသာကို သမုစ္ဆေဒပဟာန်ဖြင့် အပြစ်ပြတ် ပယ်သတ်သည်ဟုဆိုရာ၌ ဥပါဒ်, ဌီ, ဘင်, မရှိသော ကာလသုံးပါးမှ အလွတ်ဖြစ်သော အနုသယ ကိလေသာ ပယ်သတ်ပုံမှာ အသင်္ခတဓာတ် ပဟာနိဗ္ဗာန်ကြီး၏ သန္တိ-သိတိ, အေးငြိမ်းမှု တန်ခိုးအရှိန်သတ္တိ အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြု၍ အားအစွမ်းသတ္တိနှင့် ပြည့်စုံသော မဂ်ဇောတည်း ဟူသော ဒါးသံလျက် အအေးဓာတ်ကြီးနှင့် ပယ်သတ်သည်ဟု မှတ်ကြ။

ထို့ကြောင့်-ကာမကုသိုလ်ပယ်မှုဖြစ်စေ, ရူပ-အရူပ ကုသိုလ် ပယ်မှုဖြစ်စေ လောကုတ္တရာကုသိုလ် ပယ်မှု

ဖြစ်စေ အတိတ်ကာလ, ပစ္စုပ္ပန်ကာလကို ပယ်သည် မဟုတ် စိတ်၏ ဥပါဒ်ချင်း ဌီချင်း, ဘင်ချင်း, တချက်ထည်း ပြိုင်၍ပယ်သို့ မဖြစ်ကောင်း သို့အတွက် ထိုအချက်ကြီးများကို သတိရှိကြကုန်။ ထို့ကြောင့် အနာဂတ်ကို ပယ်၏ဟုဆိုရာ၌ မမှားဧကန် အမှန်ပင်ဖြစ်သည်ဟု ယူသင့်၏။ ပယ်သောနေရာမှာ ကာလ ကွာခြားကြသည် ကာမကုသိုလ်သည် တဒင်္ဂပဟာန်ဖြင့်သာ ပယ်နိုင်သည် ရူပကုသိုလ်, အရူပကုသိုလ်တို့သည် ဝိက္ခမ္ဘနပဟာန်ဖြင့်သာ ပယ်နိုင်သည်။ လောကုတ္တရာ ကုသိုလ်သည် သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ် ပယ်သတ်နိုင်သည်။ ထိုကဲ့သို့ ပယ်ပုံမှာ အာကာရခြင်း ထူးခြားကွဲလွဲကြပေသည်ကို ကောင်းစွာ သိရှိကြကုန်။

တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ, ပဟာန်သုံးမျိုး ပယ်ပုံကို လက်ဝါးပေါ်တွင် တင်ကာထားသော ပတ္တမြားရတနာကဲ့သို့ ထင်လျှားစွာ ပြဆိုခဏ်းသည် ဤတွင်ပြီး၏။

## သောတာပန် သုံးမျိုး ပြဆိုခန်း။

## သောတာပန်၌ သမုစ္ဆေဒ သုံးမျိုး သုံးစား ရှိသည်ကို ကောင်းစွာ ပြပေအံ့။

၁။ သတ္တက္ခတ္တုပရမ သောတာပန်ဆိုသည်မှာ လူ့ပြည်နှင့် နတ်ပြည် ခုနစ်ဘဝအထိ ခန္ဓာငါးပါးဖြစ်နိုင်သော အစွမ်းသတ္တိ ကိလေသာရှိသေး၏၊

၂။ ကောလံကောလ သောတာပန်ဆိုသည်မှာ လူ့ပြည်နှင့် နတ်ပြည်ခြောက်ဘဝက ခုနစ်ဘဝ အထိ ခန္ဓာငါးပါး ဖြစ်နိုင်သော အစွမ်း သတ္တိ ကိလေသာ ရှိသေး၏။

၃။ ဧကဗီဇ သောတာပန်ဆိုသည်မှာ လူ့ပြည်နှင့် နတ်ပြည် တဘဝသာ ခန္ဓာငါးပါးဖြစ်နိုင်သော အစွမ်း သတ္တိ ကိလေသာ ရှိတော့၏။

**သောတာပန်ချင်း တူပါလျက်နှင့် ထိုကဲ့သို့ သုံးမျိုး သုံးစား ကွဲလွဲနေရခြင်းသည် ဘယ်အတွက်ကြောင့် ကွဲလွဲရပါသနည်းဟု စောဒနာငြားအံ့၊ ထိုစောဒနာကို ဖြေဆိုပေအံ့၊**

သောတာပတ္တိ မဂ်ဇောခြင်းတူ၏၊ သင်္ခါလေးချက်တပြိုင်နက် သိမှု, ပယ်မှု, ဆိုက်မှု, ပွားမှုခြင်းတူ၏ ဖိုလ်ဇောကျမှုချင်းတူ၏။ ဖလသမာပတ် နိဗ္ဗာန်ချမ်းသာကြီးကို ခံစားပုံချင်းတူ၏။ ထိုကဲ့သို့ အားလုံး တူပါလျက်နှင့် အဘယ်အတွက်ကြောင့် ဘေဒခန္ဓာဖြစ်ပုံချင်းကွဲလွဲနေရပါသနည်း ဆိုသော် သောတာပန် ဖြစ်ပြီးသည့်နောက် ထိုအရိယာသောတာပန် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကျန်ရှိသော ကိလေသာကို အာဗိနဝအပြစ်မြင်ပုံခြင်း ကွာခြားလျက် ရှိကြသည်ဟု ရှုဆကြရပေလိမ့်မည်။

၁။ အချို့ သောတာပန်သည် မိမိခန္ဓာ၌ ကျန်ရှိသော ကိလေသာကို လေးပုံ တပုံစာမျှ အပြစ်မြင်သည် သုံးပုံစာကို သုခထင်လျက် နှစ်သက်၍ ခံစားလေသည် ထိုကဲ့သို့ သောတာပန်မျိုးကို သတ္တက္ခတ္တုပရမ သောတာပန်မျိုးဟု ခေါ်ရမည်၊

၂။ အချို့ သောတာပန်သည် မိမိခန္ဓာ၌ကျန်ရှိသော ကိလေသာကို လေးပုံ,နှစ်ပုံစာမျှ အပြစ်မြင်သည်။ နှစ်ပုံစာကိုသုခထင်၍ ခံစားကြလေသည်။ ထိုကဲ့သို့ သောတာပန်မျိုးကို ကောလံကောလ သောတာပန်ဟု ခေါ်ရမည်၊

၃။ အချို့-သောတာပန်သည် မိမိခန္ဓာ၌ ကျန်ရှိသော ကိလေသာကို လေးပုံပုံ သုံးပုံစာကို ကောင်းစွာ အာဒိနဝထင်၍-အပြစ်ကြီးစွာ မြင်လေသည်၊ လေးပုံ တပုံစာမှ, သုခအနည်းငယ် ထင်လေတော့သည်၊ ကြွင်းကျန်သော ကိလေသာအပေါ်၌ ဒုက္ခကြီးစွာအစဉ် မပြတ်လောက်အောင် ထင်နေသော သဘောရှိသော ကြောင့် လျှပြည် နတ်ပြည် တဘဝသာ လားနိုင်သော သတ္တိ ရှိတော့သည်။ သို့အတွက် ထိုသောတာပန်မျိုးကို ဧကဗီဇသောတာပန်ဟု ခေါ်ရမည်။

## သောတာပန် သုံးမျိုး ခွဲခန်းပြီး၏။

## လောက၌ ပစ္စည်းဥစ္စာ ရှာသော လူသုံးယောက် ဥပမာကို ထင်စွာပြဦးအံ့။

၁။ လောက၌ပစ္စည်းဥစ္စာ ရတနာရွှေ ငွေကို ရှာမှီသောနေရာတို့၌ အတိတ်က ပြုခဲ့သော စေတနာကံ၏ အစွမ်းအထောက် အပံ့ကြောင့် ရွှေ,ငွေရတနာတို့သည် သက်သာစွာနှင့် အလိုလို ပေါ်ပေါက်၍ ချမ်းသာစွာရ ပြီးလျှင် သူဌေးကြီး သူကြွယ်ကြီးတွေဖြစ်၍ လူတို့၏ စီးစိမ်ချမ်းသာကို ခံစားကြရလေ၏။

ထိုကဲ့သို့ - ရွှေ,ငွေရတနာ ရှာဖွေးရာ၌ ဒုက္ခကြီးစွာ မခံရဘဲနှင့် သက်သာစွာ ရသောသူတို့သည် မိမိရရှိထားသော ရွှေ,ငွေရတနာအပေါ်၌ ဒုက္ခဒဏ်ချက် ခအားလောကမထင်ကြပြီ သုခထင်၍ များစွာခံစားကြရ၏။ အသုံးပြုသော နေရာမှာလည်း ဒုက္ခမထင်ဘဲ ရဲရင့်စွာ အသုံးပြုကြ၏။

ထိုကဲ့သို့သောသူတို့နှင့် လောကုတ္တရာပစ္စည်း ရှာဖွေးရာ၌ လွယ်ကူစွာ ရရှိသော သဒ္ဓာဗုဒ္ဓုပရမ သောတာပန်နှင့်-တူ၏။

၂။ တယောက်သောသူသည် ပင်ပန်းကြီးစွာ ဒုက္ခခံ၍ တောင်သူ, လယ်ယာလုပ်ကိုင်မှု ရွှေ,ငွေ,ရတနာ, ပိန်ကျောက်, ပတ္တမြား, ဆန်,ရေ, စပါး, ကွဲ,-နွား, ဆင်,မြင်း, အစရှိသည်တို့ကို ရရှိ၍ သူဌေးကြီး သူကြွယ်ကြီး ဖြစ်ရသောသူသည် မိမိရရှိသော ရတနာရွှေငွေအပေါ်၌ ဒုက္ခများစွာ ခအားလောထင်၍ လက်ရှိရထားသော ရတနာများကိုများစွာရှိသေ လေးမြတ်ခြင်း, မရှိသေသောစိတ်နှင့် သုံးဆွဲခြင်းမရှိ။ လွန်စွာ ရိုသေ လေးမြတ်သောစိတ်နှင့် သုံးစွဲလေ့ရှိ၏။ ထိုကဲ့သို့သောသူနှင့် ကောလံကောလ သောတာပန်မျိုးနှင့် တူ၏။

၃။ တယောက်သောသူသည် ကူသိလုပ်၍ တာတွေးကာ နေ့တိုင်းညစဉ် စားရအောင် လွန်လွန်မင်းမင်း ပြင်းပြင်း ထန်ထန် ဒုက္ခကြီးစွာခံ၍လုပ်မှ ထမင်းတနပ် စားရသော သူဆင်းရဲသည် ပိုက်ဆံ တပြား, နှစ်ပြား, တပဲ, တမူး, တမတ်, ငါးမူး, တကျပ်, တဆယ်, ကစ၍ ရခဲ့ရာက ၁၀၀, ၁၀၀၀, ၁၀၀၀၀, ၁၀၀၀၀၀, ကုဋေ ရာထောင်မက ချမ်းသာ ကြွယ်ဝသော သူဌေးကြီး သူကြွယ်ကြီး ဖြစ်ရသောသူသည် မိမိရရှိထားသော ရတနာရွှေ, ငွေများသည် လွန်လွန် မင်းမင်း ပြင်းပြင်း ထန်ထန် ဒုက္ခကြီးစွာခံမှ ရထား သောကြောင့်ရင်း။ လက်ရှိရထားသော ရတနာများအပေါ်၌ လွန်မင်း ပြင်း ထန်စွာ ဒုက္ခအစဉ်မပြတ် ထင်နေ သောကြောင့်ရင်း၊ ရတနာတို့ကို အသုံးပြုရာ၌ လွန်စွာရှိသေ လေးမြတ် သောစိတ်နှင့် ဒုက္ခကြီးစွာထင်၍ အသုံးပြု လေသည်၊ ထိုကဲ့သို့သောသူနှင့် ဇောတိဇ သောတာပန်မျိုး တူ၏။

**သောတာပန် သုံးမျိုး သုံးစား ကွဲပြားရာ၌ သဘာဝ ယုတ္တိအမျိုးမျိုးတို့နှင့် ရှင်းလင်းစွာ ဖြေဆိုချက်သည် (ဤတွင်ပြီး၏။)**

(ဘုံစဉ်ဝံ ဝိသာခါ ကျောင်းအမကြီးများကို ဆိုလိုသည်မဟုတ်။) သဘောကျလျှင် ယူကြကုန် - သူတော်ကောင်း အပေါင်းတို့၊

## တနည်းအားဖြင့် ပြဆိုဦးအံ့။

၁။ ဇေကဓိဇ ဟူသောပုဒ်၌၊ ဧက သဒ္ဒါသည် တခု အနက်၊ ဓိဇသဒ္ဒါသည် ပဋိသန္ဓေ ဝိညာဏ်ဟူသော မျိုးစေ့အနက်၊ ဇ သဒ္ဒါသည်-ရှိသော သူ ဟူသောအနက် ကိုဟောသည်။

ဤစကားရပ်၌ တခုသောဘဝဟူသည် လူ့ဘဝဖြစ် စေ, ကာမာဝစရနတ်၏ ဘဝဖြစ်စေ, ကာမသုဂတိ ခုနစ်ဘုံတို့တွင် "စေတောပဏိဓိ" စိတ်ညွတ်သည်၏ အလွမ်းဖြင့်, အလိုရှိရာ တဘုံ၌ တဘဝ, တဘဝ, ပဋိသန္ဓေ နေခြင်းကို ဆိုလိုသည်၊

၂။ သောတာပတ္တိမဂ်ကို ရပြီးသည့်နောက် သော တာပန်အဖြစ်ဖြင့် နှစ်ဘဝ ပဋိသန္ဓေနေ၍ ၎င်းဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်လတ်သော ပုဂ္ဂိုလ်၊ သုံးဘဝ (လ) လေးဘဝ ငါးဘဝ ခြောက်ဘဝ ပဋိသန္ဓေနေ၍ ၎င်းခြောက်ခု မြောက်သောဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်လတ်သော ပုဂ္ဂိုလ်သည် တခုသောဘဝမှ တခုသောဘဝသို့ ပဋိသန္ဓေအားဖြင့် သွားရောက်တတ် သောကြောင့် ကောလံကောလ ပုဂ္ဂိုလ်မည်၏။

ကောလံကောလပုဒ်၌ ကုလသဒ္ဒါသည် ဘဝ, အနက် ကိုဟောဟူ၍ ပုဂ္ဂလပညတ် အဋ္ဌကထာဆိုသည်နှင့်အညီ

တည်း။ (တနည်းလည်း) ကုလ သဒ္ဒါသည် ကြီးမြတ်သော အမျိုးဟူသော အနက်ဟောသည်ဟူ၍ ၎င်းအဋ္ဌကထာ၌နှံ့၍ စီးစိမ်ဥစ္စာ စသည်တို့ဖြင့် ကြီးကျယ်ပြန့်ပြော များပြားမြတ်သော အမျိုးတပါးမှသည် ထိုကဲ့သို့ သဘောရှိသော အမျိုးတပါးသို့ သွားရောက် တတ်သော ကြောင့် ကောလံကောလ မည်၏ဟူ၍ မှတ်အပ်၏။

၃။ သောတာပတ္တိမဂ်ကို ရသည့်နောက် ခုနစ်ဘဝ ပဋိသန္ဓေနေ၍ ထိုခုနစ်ခုမြောက်သောဘဝ၌ အရဟတ္တဖိုလ်သို့ ရောက်သတံ့သော ပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ မည်၏။

ဤသတ္တက္ခတ္တုပရမပုဒ်၌ သတ္တသဒ္ဒါသည် ခုနစ်ခု အနက်၊ ခတ္တုသဒ္ဒါသည် အကြိမ်ဟူသောအနက်၊ ပရမ သဒ္ဒါသည် အတိုင်းအရှည်ဟူသောအနက်ကို ဟောသည်။

ထို့ကြောင့်- သတ္တက္ခတ္တုပရမ ဟူသည် ခုနစ်ကြိမ် ပဋိသန္ဓေနေခြင်းဟု ဆိုအပ်သော အတိုင်းအရှည်ရှိသော သောတာပန်ပုဂ္ဂိုလ်ဟူ၍ ဆိုလိုသည်။ ဤသတ္တက္ခတ္တုပရမ သောတာပန်သည် ခုနစ်ကြိမ် ပဋိသန္ဓေနေခြင်း အတိုင်းအရှည်ရှိသည်ဟူရာ၌လည်း ကာမ သုဂတိ၌ ခုနစ်ဘုံတို့၌သာလျှင် လူ့ပြည်၊ နတ်ပြည် အရောရောအား

ဖြင့် လှည့်လည်၍ ချွန်စ်ကြိမ်, ပဋိသန္ဓေနေသည် ကိုယူ ရမည်။

(လူ့ပြည်မှာချည်း ချွန်စ်ကြိမ် သို့မဟုတ် နတ်ပြည် မှာချည်း ချွန်စ်ကြိမ်ဆက်လက်ဖြစ်ပြီးနောက် အရဟတ္တ ဖိုလ်သို့ ရောက်သည်ကိုမယူရဟု ဆိုလိုသည်။)

ကောလံကောလ သောတာပန်၌လည်း ဤနည်း အတိုင်းပင် လူ့ပြည်, နတ်ပြည်, အရောရောအားဖြင့် လှည့် လည်၍ ပဋိသန္ဓေ ချွန်စ်ကြိမ်က ခြောက်ကြိမ်အထိ နေသည်ကို ယူရမည်။ ဤသို့ ပြဆိုအပ်ပြီးသောနည်းဖြင့် ဧကဗီဇ, ကောလံကောလ, သတ္တက္ခတ္တုပရမ ဟူ၍ သောတာပန်သုံးပါးရှိသော အမည်တို့သည် မြတ်စွာ ဘုရားသည် မှည့်အပ်သော အမည်တို့၏ အစွမ်းအားဖြင့် သာလျှင် ဖြစ်ကုန်၏ဟု မှတ်ကြရမည်၊ ဈာန်ရသော သော တာပန် ဈာန်မရသော သောတာပန် အမျိုးမျိုးရှိသည် ကို မထည့်တော့ပြီ၊ (အကျယ်ကို အလို ရှိလျှင်) အင်္ဂု ဒုတ္တရသော့ အစရှိကုန်သော ဇာဂြေ့ရင့်သော ပုဂ္ဂိုလ်တို့ ဟောတော်မူသည်ကိုရင်း ပုဂ္ဂလပညတ် အဋ္ဌကထာ ဧကနိဒ္ဒေသအဖွင့်၌ ရှင်းလင်းစွာ ဖော်ပြထားသည်ကို ကြည့်ကြကုန်။

**သောတာပန် အမျိုးမျိုး ပြဆိုခန်း ပြီး၏။**

## ဝိတက္ကမကွယ်ငုတ်စဉ်အရိယာထင်သောသာဝကဝတ္ထု။

ယခုအခါ- ဘုရားအားထုတ်ကြကုန်သော ရဟန်း, ရှင်လူ, သီလရှင်အပေါင်းတို့။ (အထူးသတိပြုရန် အချက်ကြီးများကို ဖော်ပြပေအံ့။)

စာပေကျမ်းဂန်၌- တတ်သိလိမ္မာတော်မူပြီးသော ရဟန်းတော် ဆရာ, တပည့်နှစ်ပါးသည် တရားကို သက်စွန့်ကြိုးပမ်း အားထုတ်တော်မူကြ၍ မဂ်လေးပါး, ဖိုလ်လေးပါးကို ရရှိပြီဟု ထင်မှတ်၍ ဆရာ, တပည့် သဘောတူ ဆုံးဖြတ်ထားသည်ကို ယခုကျမ်းစာရေးသော ဆရာတော်ထံ လာ၍ လျှောက်ထားသောကြောင့် ဤမှ တွေ့ရပေသည်။

ဆရာတော်က ပြန်၍ အမိန့်ရှိသည်မှာ--တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် လွန်စွာဆက်မျက် ရှု၍ ရင့်သန် အားကောင်းနေသော အခါမှာ ရုပ်နာမ်အပေါ်၌ လွန်စွာ နုဏ္ဏ ထင်မြင်သော ဒါဏ်ချက် ကြီးနေသောကြောင့် ကာယကံ, ဝစီကံ, လွန်ကြူး သောင်းကျန်းသော ဝိတက္ကမကိလေသာနှင့်- မနောကံတို့၌ ဖြစ်သော ပရိယုဋ္ဌာန ကိလေသာတို့သည် ကွယ်ငုတ်နေတတ်သည်။ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် ထက်သန်အားကောင်းနေသမျှ ကာလ

ပတ်လုံး တလ, ၃လ, ၅လ, တနှစ်, ခုနစ်နှစ်စသည်ဖြင့် ဝီတိက္ကမ ကိလေသာတို့သည် ကွယ်ပုတ်နေတတ်သည်ဟု မှတ်ရမည်။

အနုသယကိလေသာကို--မဂ်ဖြင့်တကာယ်မပယ်သေးတဲ့နှင့် မိမိစိတ်က အဓိမာနဖြစ်၍ ဆုံးဖြတ်ထားတတ်သည်ဟု (ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက) ဆုံးမဘူးကြောင်းကို တရားသဖြင့် ဟောပြောလိုက်ပေသည်၊ ထိုကဲ့သို့ဟောပြောသော်လည်း မိမိထင်မြင်ချက်ကိုမလျှော့သေး။

ထို့နောက်--ဆရာ, တပည့်နှစ်ပါးသည် တပည့်ဖြစ်သော ရဟန်းနှင့် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တပါးနှင့် တွေ့ကြရာ, တရားများ မိမိတို့ဖြစ်ပုံ ပျက်ပုံ, အလုံးစုံကို သုံးရက်, လေးရက်, ဆက်၍ နှီးနှောကြသောအခါကျမှ မိမိတို့ မဂ်လေးဆင့်, ဖိုလ်လေးဆင့်, ဆုံးဖြတ်ထားသည်ကို မဟုတ်မှန်းသိ၍ ဆရာ,တပည့်, တရားကိုပြန်၍ အားထုတ်ရသည်ကို ဆရာတော်အား ပြန်၍တဖန် လျှောက်ထားသောကြောင့် သိရပြန်သည်။

ထို့ပြင်တရပ်-ရသေ့, ဥပါသိကာမ တယောက်နှင့် လူဝတ်,ဥပါသိကာမ တယောက်၊ ထိုနှစ်ယောက်သော ယောဂီပုဂ္ဂိုလ်တို့သည် ရသေ့, ဥပါသိကာမ ကလေး

ကို ဆရာက မင်္ဂလေးဆင့်, ဗိုလ် လေး ဆင့် တက် ၍ ရဟန္တာမ,ဖြစ်ပြီဟု ဆုံးဖြတ်ထားသည်ကို ဆရာတော်ထံ လာ၍ အစစ်ခံသောကြောင့် ဒိဋ္ဌ တွေ့ရှိဘူးလေသည်။

လူဝတ် ဥပါသိကာမ ယောဂီပုဂ္ဂိုလ်သည် တရား ကို သက်ဝွန့်ကြိုးပမ်း အားထုတ်သောအခါ ဝိပဿနာ ဉာဏ်သည် လွန်စွာရင့်သန် အားကောင်းလာသောအခါ ကြွင်းထမ်းသော ကိလေသာတို့သည် ကွယ် ငုတ်နေ ကြသောကြောင့် မိမိစိတ်သည် လွန်စွာစင်ကြယ်ခြင်း, တည်ကြည်ငြိမ်သက်ခြင်း, ဝိပဿနာဉာဏ် အမြင်သည် ထက်မျက် ရှုနိုင်ခြင်း ဖြစ်သောကြောင့် မိမိစိတ် သည် အဓိမာနဖြစ်၍ မိမိကိုယ်တိုင် မင်္ဂလေးဆင့်, ဗိုလ်လေး ဆင့်, ဆုံး ဖြတ် ပြီးလျှင် လာသ မှ ရ ဟန်း, ရှင် လူ, အပေါင်းကို တရားဟောနေသောရက်, လ ပေါင်း အ တော်ကြာမှ ဆ ရာ တော် ထံ ဝန်ထောက် ကတော်နှင့် ယောဂီပုဂ္ဂိုလ်၏ အစ်မရင်းချားက တရားနှိုးနေ့ရန် ခေါ်လာ၍ တွေ့ရှိရပေသည်။ ကိုယ်ရုံမှာ သီလရင်များ ကိုယ် ရုံ ထ က် အ သွေး ရင့် သ ည်၊ ဆ ရာ တော် နှင့် အတောင်ငါးဆယ်လောက် ကွာသောအရပ်က လာနေ သည်မှာ နာရီဝက်ထက်မနည်း ကြာလိမ့်မည်ထင်ရပေ သည်၊ သတိပဋ္ဌာန် အချိုးကျကျနနု ဗိတ္တဂုပ္ပါဒ် အစဉ် အတိုင်းမှတ်၍ လာနေပေသည် - ထိုယောဂီ၏ အမှုအရာ

ကို မြင်ရသဖြင့် ထွန်းသွား ကြည်ညိုဘွယ် ဖြစ်ပေသည်၊ ဆရာတော်ရှေ့ ရောက်လာသောအခါ ဝတ်ချနေသည်မှာ မပြီးနိုင်အောင် ဖြစ်နေသည်၊ ထိုအခါ တရားအားထုတ်သော ယောဂီ ဥပါသိကာမကလေးကို ဆရာတော်အမိန့်ရှိသည်မှာ ယောဂီ ဥပါသိကာမကလေး, မိမိအားထုတ်သော တရားများကိုကြည်ညိုလို၍ လျှောက်ထားစေလိုသည်ဟု အမိန့်ရှိရာ အားထုတ်သော တရားများကို လျှောက်သည်မှာ အစ, အလယ်, အဆုံး သုံးပါးလုံး ချောမောပြေပြစ် သိမ်မွေ့နက်နဲစွာ လျှောက်ထားနေသည်မှာ ၂နာရီထက် မနည်းကြာ လိမ့်မည်ထင်ပေသည်၊ ဂေါတြဘူ မဂ်ဇော, ဖိုလ်ဇော ဖြစ်ပေါ်ပုံနှင့်တကွ မဂ်လေးဆင့်, ဖိုလ်လေးဆင့် ဖြစ် ပေါ်ပုံများပါ လျှောက်ထားလေသည်၊ ဆရာတော်က သာဓုခေါ်ပေသည်။ လျှောက်ထားသလောက် မဟုတ် သော်လည်း ပုထုဇဉ်အနွယ် ဖြတ်လောက်ပြီဟု ယုံကြည်ပေသည်၊ ဘယ်အတွက်ဆိုသော် ဝိပဿနာအရာမှာ ထိုမျှလောက် သိမ်မွေ့ နက်နဲသော အရာဌာန များ ကို ချောမောစွာ သဘာဝ မမှု ကျနအောင် အစစ်ခံနိုင်သောပုဂ္ဂိုလ် မတွေ့ဘူးသလောက် ဖြစ်ပေသည်။ သို့အတွက် ဆရာတော် သာဓုခေါ်ပေသည်။

ဆရာတော်က ဒိဋ္ဌိအနုသယ ဝိစိကိစ္ဆာအနုသယ ကာမရာဂ အနုသယ ပဋိဃာနုသယ, ဘဝရာဂနုသယ

မာနာနုသယ အဝိဇ္ဇာနုသယ, ထိုအနုသယ ၇ နှစ်ပါးသည် ဘုံ ၃၁ ၌ ခန္ဓာငါးပါးကို ဖြစ်စေတတ်သော မျိုးစေ့ အစစ်အမှန် ဖြစ်ကြောင်းနှင့်တကွ အနုသယများ၏ သဘာဝဓမ္မ ငုတ်တိန်းပုံ ဖြစ်ပေါ်ပုံများကို သေချာကျနစွာ ဟောပြပေသည်၊ အနုသယ၏ သဘာဝဓမ္မများကို အရင်က မနာရဘူးသေးသောကြောင့် အထူးသဖြင့် သဘောကျသွားပေသည် ထိုယောဂီ ဥပါသိကာမကလေးသည် တရားဟောပြီးနောက် ၂ - နှစ်လောက်ရှိသောအခါ လူတို့၏အမှုအရာ အပြည့်အစုံ ဝတ်ဆင်၍ လက်ကောက် များပါ ဝတ်ထားသည်ကို ဆရာတော်ကိုယ်တိုင် တွေ့မြင်ရ ပေသည်၊ ထိုအခါ ဆရာတော်စိတ်မှာ များစွာသံဝေဂ ဖြစ်ပေသည်။

နောက်မှစုံစမ်း၍ - ဘုရားလက်ထက်တော်က ကျောင်းဒါယိကာမကြီး ဝိသာခါကဲ့သို့ ဖြစ်နေမလား မသိရပေဟု စိတ်ကိုဖြေရပေသည်။

ရသေ့မကလေးကလဲ ထို့အတူ ဖြစ်သွားသည်ကို ဆရာတော်ကိုယ်တိုင် သိရှိရပေသည်။

သို့အတွက်-ယခုအခါ တရားအားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့ ယခုရေးသားဖေါ်ပြတဲ့သော အချက်ကြီးများကို များများကြီး

သတိထား စဉ်းစားကြကုန် ထိုနေရာမှာ ဆရာနှင့် တပည့် သဘာဝဓမ္မကို ပိုင်ပိုင် နိုင်နိုင် သိဖွယ်ရာ လွန့်ပွား ခဲရင်းလှ၏။

ထို့ကြောင့်-ဥပရိပဏ္ဏာသ ပါဠိတော် မဇ္ဈိမပဏ္ဏာသ ပါဠိတော်ကြီးများ၌ ဟောကြား ဆုံးမတော်မူသော အရိယာဖြစ်ခြင်း အင်္ဂါများကို စေ့စေ့ စပ်စပ် ကြည့်ရှု မှတ်သားပြီးမှ မိမိတို့သန္တာန်၌ ပယ်ပြီးသော တရားသည် ဆယ်တရားများကို အကြွင်းအကျန်မရှိ ပယ်ပြီးလေပြီ။

ဆယ်တရားများသည် ဝိပဿနာဉာဏ်, ရင့်သန်နေဆဲဖြစ်၍ အနုသယများသည် တဒင်္ဂအားဖြင့် ကွယ်ပျောက်နေကြသည်။ ဝိပဿနာဉာဏ်အမြင် အားနည်း သွားသောအခါ ဗဟိဒ္ဓ၌ရှိသော လှုံ့ဆော်ချစ်ခင် နှစ်သက်လေဘိသော အာရုံငါးပါးတို့နှင့် တွေ့မြင်ထိခိုက် လုံးထွေးမိကြသောအခါ တဘန်ပြန်၍ စိမ်းရွှင်ခြင်းငှါ မဖြစ်နိုင်သကဲ့သို့ အသေကြီးပါဘဲဟု ထင်မှတ်လောက်အောင် တနွေလုံး ခြောက်သွေ့နေသော သစ်ပင်ကြီးသည် ရေသောက်မြစ်ကြီးကို မှီယှဉ်၍ ခြေရှုန်းရှုန်း နှပ်နှပ် စိုလာသောအခါ ထိုသစ်ပင်ခြောက်ကြီး၏ ရေသောက်မြစ်မှ တဖန် ပြန်၍ ဓာတ်ဆီသြဇာ တက်လာပြီးလျှင် အညွန့်အရွက်တွေ အတက်တွေ အကိုင်းအခက်တွေ, ပင်လုံးကျွတ်

သေသာအောင် ထွက်ပြီးလျှင် စိမ်းနှင့်ခြင်း အဖြစ်သို့, တဘန်အတက်အခက်တွေ ပေါက်၍လာပြန်သော သစ်ပင်ကြီးကဲ့သို့ ထိုသစ်ပင်ကြီးနှင့် တူစွာမခြား ယောဂီပုဂ္ဂိုလ်တို့၏စိတ်မှာ တဒင်္ဂအားဖြင့် ကွယ်ပုတ်နေသော အနုသယများကို ဆရာတည့် ဖြစ်သူတို့၏စိတ်မှာ တကယ်အမြစ်ပြတ် သေပြီဟုထင်မှတ်၍ သဘောဘု ဆုံးဖြတ် ထားကြသည်ကို ဆရာတော်ကိုယ်တိုင် တွေ့ဘူးသည်ကို ထင်လျှားစွာ ရေးပြကဲ့လေပြီ။

အချို့မှာ-ဆရာက ဆုံးဖြတ်ထားတတ်သည်၊ အချို့ ယောဂီပုဂ္ဂိုလ်တို့မှာ ကိုယ့်ဟာကို အထင်မှား၍ ဆုံးဖြတ်ထားတတ်သည်၊ ထိုနေရာ၌ သဘာဝမွေ့ကို ကျကျနနပိုင်ပိုင်နိုင်နိုင်သိကြရန်မှာ အလွန်သိမ်မွေ့သော အရာဌာနကြီးဖြစ်၍ သဒ္ဒါတရားကို ရှေ့သွားမပြုမူ၍ ပညာတရားကိုသာ ရှေ့သွားပြု၍ အရေးမကြီးဘဲ ကောင်းမွန်ဖြောင့်မှန်စွာ သိရှိကြရန် ဥပရိပဏ္ဏာသ ပါဠိတော်ကြီး၌ ဟောတော်မူသော ဆဠာယတ န သုတ်တော်မြတ်ကြီးနှင့် ဗဟုဓာတုက သုတ်တော်မြတ်ကြီးများကို ကြည့်ရှုမှတ်သားပြီးမှ အကြွင်းအကျန်မရှိ ပယ်ပြီး သော တရား၊ ငုတ်လျိုးနေသောတရား, လုံးလုံးကြွင်းကျန်သော တရားများကို သေချာစွာ တိုက်ဆိုင် စစ်ဆေးကြည့်ပြီးမှ

ဟုတ်တိုင်းမှန်စွာ သိရှိပြီးလျှင် ဆရာ့တပည့် စိတ်ချ လက်ချ ဆုံးဖြတ်ရန် သင့်လှကြ ပေတော့သည်

ထိုကဲ့သို့ မှန်သောအတိုင်း သိပြီးသည့်နောက်ကိုပင် အစစအရာရာ အကဲခတ်၍ ကြည့်ရှုဆင်ခြင် နေရဦးမည် မှာ တနှစ်, ၂-နှစ်, ၃-နှစ်, ၄-နှစ်, ၅-နှစ်လောက်ကျ အောင် ကာသုံးပါး၏ အမှုအရာ ဟူသမျှကို ကြည့်ရှု ဆင်ခြင်နေရဦးမည်၊ ထိုကဲ့သို့ ဆင်ခြင်၍ တစုံတရာမျှ မသင့်မတင့်သော အမှုအရာများကို မပေါ်ပေါက်မှ စိတ် ချရမည်၊ ထိုမျှလောက် သိမ်မွေ့နက်နဲ ခက်ခဲသော အရာမှာနကြီး ဖြစ်ပေသောကြောင့် သာမန်ဖြစ်သော ဆရာတို့သည် မဆုံးဖြတ်အပ်၊ ကြပ်ကြပ်ကြီး သတိရှိ တော်မူကြပါ ယောဂီပုဂ္ဂိုလ် အပေါင်း သူတော် ကောင်းတို့။

သစ်ပင်ချောက်ကြီးက ပြန်၍အတက်တွေ ဝေဆာ အောင်ပေါက်လာသကဲ့သို့ယောဂီပုဂ္ဂိုလ်၏ စိတ်သန္တာန် ၌ လွန်စွာ နှစ်သက်လောက်အောင် အာရုံငါးပါးတို့နှင့် တွေ့ထိ လုံးထွေးမိသောအခါ တကိုယ်လုံး အညွန့် အ ရွက်, အတက်, အခက် အလက်တွေ ဝေဆာအောင် ထွက်ပေါ် လာတတ်သည်ကို များများကြီး သတိရှိ ကြကုန်။

ဤသည်ကား - ဝိပဿနာအရာ၌ အရေးအကြီးဆုံး လိုရင်းပဓာန အချက်ကြီးဖြစ်၍ ထင်လျှားစွာ ရေးသား ဘော်ပြလိုက်ပေသည် သူတော်ကောင်း အပေါင်းတို့။

**မဇ္ဈုပ္ပန်၌ ဒိဋ္ဌတွေ့ဘူးသော ဝဏ္ဏသက်သေ ပြဆိုခဏ်းသည် ဤတွင်ပြီး၏။**

သကဒါဂါမိမဂ်ဇောသည် - သောတာပန်သန္တာန်၌ ကျန်ရှိသော ကိလေသာကို အနုသယ,အားဖြင့် ခေါင်းပါးစုံမျှသာ ပယ်နိုင်သည် အနုသယကို အကြွင်းမဲ့အာ မြစ်ပြတ် မပယ်နိုင်။

ထို့ကြောင့် - သကဒါဂါမိပုဂ္ဂိုလ်သည် လူ့ပြည်နှင့် နတ်ပြည် ပဋိသန္ဓေ တကြိမ်သာ ယူနိုင်တော့သည်ဟု မှတ်ရမည်။

**သကဒါဂါမိ ပြဆိုခဏ်း ပြီး၏။**

အနာဂါမိမဂ်ဖောသည်-သကဒါဂါမိသတ္တဝါနှင့်ကျန်ရှိသော ကာမရာဂ အနုသယနှင့် ပဋိဃအနုသယကိလေသာများကို သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ်အကြွင်းအကျန်မရှိ ပယ်သတ်လေ၏၊ ထိုအနာဂါမိပုဂ္ဂိုလ်သည် လူ့ခန္ဓာ နတ်ပြည်ခြောက်ထပ်၌ နတ်ခန္ဓာဖြစ်စေတတ်သော အနုသယ နှစ်ပါးကို ပယ်သတ်ပြီးသည်နှင့် တပိုင်တည်း လူ့ခန္ဓာ နတ်ခန္ဓာဆို၍ ဘယ်အခါမှ မဖြစ်တော့ပြီ။

ကာမသုဂတိ ခုနှစ်ဘုံ၌ ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ, ထိုကဲ့သို့ ဘေးဒုက္ခကြီး အမျိုးမျိုးတို့သည် အကြွင်းမဲ့ ချုပ်ငြိမ်း၍ ဓာတ်သိမ်းကြ လေတော့၏၊ ကာမသုဂတိခုနစ်ဘုံ၌ လူ့ခန္ဓာ, နတ်ခန္ဓာ, ဒုက္ခဟူသမျှ, ဓာတ်သိမ်း ချုပ်ငြိမ်းပုံကို မှတ်ကြ။

ထို့ကြောင့်-ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း ဓာတ်သိမ်း ပြည့်နိဗ္ဗာန်ဟု- လင်္ကာ စပ်ဆိုတော်မူပေသည်။

**အနာဂါမိပုဂ္ဂိုလ် ပြဆိုခန်း ဤတွင်ပြီး၏။**

အနာဂါမိပုဂ္ဂိုလ်သန္တာန်၌ ကျန်ရှိသော ဘဝရာဂါနုသယ မာနာနုသယ, အဝိဇ္ဇာနုသယ, ထိုအနုသယ ကိလေသာသုံးပါးကို အရဟတ္တမဂ်ဖောသည် တချက်ထည်းအကြွင်းမဲ့ ပယ်သတ်လေ၏၊ အရဟတ္တ, ရဟန္တာ ပုဂ္ဂိုလ်ကြီး ဖြစ်လေ၏၊ ထိုရဟန္တာပုဂ္ဂိုလ် အရှင်မြတ်ကြီးသည် ကြွင်းကျန်သော အနုသယသုံးပါး မရှိသည့်နှင့်တပြိုင်တည်း ဗြဟ္မာဘုံ ၂၀ ၌ ဗြဟ္မာသို့၍ဘယ်ဘဝ ဘယ်အခါမှ မဖြစ်တော့ပြီ ဗြဟ္မာဘုံ ၂၀ - ၌လည်း ဘေးကြီးလေးပါး တို့သည်၊ အကြွင်းမဲ့ ချုပ်ငြိမ်း၍ ဇာတ်သိမ်းကြလေတော့၏။

ထို့ကြောင့်- ဗြဟ္မာဘုံ ၂၀-၌ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်းပြည့်နိဗ္ဗာန်ဟု လက်ခံစပ်ဆိုတော်မူလေသည်။

ဗြဟ္မလောက ဂတာ ဟေဋ္ဌာ၊ အရိယာ နောပပဇ္ဇရေ၊ နပုနညတ္ထ ဇာယန္တိ၊ သဗ္ဗေအရိယ ပုဂ္ဂလာ။ (အရိယာသယ)

(ဗြဟ္မာဘုံ ၂၀-၌ အရိယာ ပုဂ္ဂိုလ်တို့သည် ဘေးဒုက္ခ အမျိုးမျိုးဇာတ်သိမ်းပုံ, ချုပ်ငြိမ်းပုံများကို ကောင်းစွာ, မှတ်ကြကုန်။)

**အရဟတ္တ- ရဟန္တာပုဂ္ဂိုလ် ပြဆိုခဏ်း ဤတွင်ပြီး၏။**

## အထူးသတိထားရန် အချက်ကြီးကို ဖော်ပြဦးအံ့၊

ထိုကဲ့သို့-ဘုံ ၃၁-၌ ခန္ဓာငါးပါး ဖြစ်စေတတ်သော အနုသယခုနစ်ပါး မရှိသည်နှင့် တပြိုင်တည်း ဘုရား, ရဟန္တာ အရှင်မြတ်ကြီးတို့၌ ကြွင်းကျန်သော ရုပ်,နာမ်, ခန္ဓာတော်များသည် ဒုတိယဘဝ၌ ခန္ဓာငါးပါးကို ဖြစ်စေတတ်သော အနုသယခုနစ်ပါးမရှိသည့်အတွက် ခန္ဓာဆို၍ ဘယ်အခါမှ မဖြစ်တော့ပြီ။

ဘုံ ၃၁-၌ ခန္ဓာငါးပါးချုပ်ငြိမ်း၍ ဇာတ်သိမ်းပြီးလျှင် အသင်္ခတဓာတ် ဖြစ်လှပွာသော ပရမတ္ထမေ့ အမှန်အစစ်ဖြစ်သော မဟာနိဗ္ဗာန်ကြီးသို့ ဝံဝင်တော်မူကြရလေတော့၏။

ထို့ကြောင့် - အနုသယ ခုနစ်ပါးသည်သာလျှင် ဘုံ ၃၁-၌ ခန္ဓာငါးပါးကို ဖြစ်စေတတ်သော မျိုးစေ့အစစ်ဟု မချွတ်သတ် အမှန်ဖြစ်ကြောင်းကို ထင်ရှားသည်ထက် ထင်ရှားလေတော့၏။

ထိုအနုသယ ခုနစ်ပါး မရှိသည်နှင့် တပြိုင်တည်း ဘုရား,ရဟန္တာ ခန္ဓာတော်များ၌ ကြွင်းကျန်သော ဗိတ်စေတသိတ်တို့သည် လောကရှိသော စပါးမျိုး,ပြောင်းမျိုး, ပဲမျိုး, ဒူးရင်းမျိုး, ဗိန္ဒမျိုး အစရှိသော မျိုးစေ့ဟူ

သမျှကို ရေနွေးအိုးတွင်းသို့ အကုန်ထည့်၍ ပြန်ဆယ်ပြီးလျှင် ထိုမျိုးစေ့များကို မြေဩတု, ရေဥတုတို့နှင့် ရောနှော၍ စိုက်ပြီးလျှင် တသက်လုံးနေ့စဉ်မပြတ် ရေလောင်းပေးနေသော်လည်း ဘယ်အခါမှ စိမ်းရွှင်သော အပင်ဖြစ်ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ထို့အတူဘုရား, ရဟန္တာ, ခန္ဓာတော်၌ ကျန်ရှိသော စိတ်, စေတသိက် အပေါင်းတို့သည် ဗဟိဒ္ဓ၌ရှိသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ အစရှိသော အာရုံတို့နှင့် နေ့ရောညဉ့်ပါ တွေ့မြင်နေရငြားသော်လဲ အနုသယတည်းဟူသော အစေးအညှော်ဓာတ် ကင်းပြတ်လေသောကြောင့် အနုမြူခန့်မျှ နှစ်သက်သာယာခြင်း, သိမ်းပိုက်ခံစားခြင်း မရှိတော့ပြီ၊

ထို့ကြောင့် - လူ, နတ်, ဗြဟ္မာ သတ္တဝါဟူ၍ မဖြစ်တော့ပြီ ဒုတိယဘဝ၌ ယခုဘဝထက် မြင့်မြတ် ကြီးကျယ်သော ဘုရား, ရဟန္တာလဲ မဖြစ်တော့ပြီ။

ဘုရား, ရဟန္တာ, အရှင်မြတ်ကြီးတို့၏ သန္တာန်၌ ကျန်ရှိသော စိတ်, စေတသိက် အပေါင်းတို့သည် ကြိယာဓာတ်သို့ ပြောင်းကြလေတော့၏၊ ကမ္ဘာပေါ်၌ စိမ်းရွှင်သော အပင်ကို ဖြစ်စေတတ်သော ဟာရိတ တေဇောဓာတ်ကို အပူဓာတ်နှင့်သတ်မှ အကြွင်းမဲ့ ကုန်ဆုံးချုပ်ငြိမ်းလေ၏ - ဘုံ ၃၁-၌ ခန္ဓာငါးပါးကို ဖြစ်စေ

တတ်သော မိခင်ကြီးသဘွယ် ဖြစ်ပေသော အနုဿယ သဘောသတ္တိတို့ကို ဘယ်ဘဝ, ဘယ်ကမ္ဘာ ဘယ်ခန္ဓာမှ မတွေ့မကြုံဘူးသော လွန်စွာအံ့ဘွယ် ထူးကဲသွေ့သော အသစ်တခေတ် မဟာနိဗ္ဗာန်ကြီး၏ အေးငြိမ်းမှု ငါမိုးသဏ္ဌာ် အာချမ္ဗဏာဒိပတိဖြင့် ဘျေးဖူးပြု၍ အားပွမ်းဗလသတ္တိနှင့် ပြည့်စုံသော မဂ်ဓောတည်းဟူသော အဓေအားခေတ်ကြီးနှင့် ပယ်သတ်မှ အကြွင်းမဲ့ ချုပ်ငြိမ်းလေ၏။

ပယ်သတ်သော အရာဌာနတို့၌- အပူခေတ်နှင့် သတ်မှု အအေးခေတ်နှင့်သတ်မှု, ထိုကဲ့သို့ ကွဲလွဲကြပေသည်၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်, အစရှိသော မဂ်ဉာဏ်တို့က အနုသယများကို အဆင့်ဆင့်ပယ်သတ်ပုံ၊ သူ့ဘုံနှင့်သူ ခန္ဓာချုပ်ငြိမ်း၍ ခေတ်သိမ်းပုံ ဝိဘာဝေတာသိက်တို့သည် အနုသယခေတ် ကင်းပြတ်၍ ကြိယာခေတ်သို့ ပြောင်းကြပုံအမျိုးမျိုးကို, သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းပေါက်အောင်ပြဆိုခဲ့ကြသည် ၌ဘွင်ပြီး၏။

ပုထုဇဉ်အဖြစ်မှ- အရိယာအဖြစ်သို့ ခေတ်ပြောင်း၍ အသစ်တခေတ် ဖြတ်လှစွာသော အေးငြိမ်းမှုသန္တိသိတိ တရားကြီး ထင်ရှားဖြစ်ပေါ်ပုံများကို လောကဥပမာဖြင့် ထင်စွာပြဆိုပေအံ့။

လောက၌ ဂန္ဓာရီဝိဇ္ဇာလမ်းသို့ ထမြောက် ပေါက်ရောက်အောင် လုပ်သောသူတို့သည် ပကတိ သံရိုင်းတုံးကြီးကို လုံထဲသို့ထည့်၍ အရောလင်အောင် မီးနှင့်ထိုးပြီးလျှင် ထိုသံ၌ရှိသော ခတ်ဆိုး, ခတ်ညစ်, ခတ်ပြစ်, ခတ်ခွဲ, ခတ်မဲ ခတ်ပုတ် ဟူသော အညစ်အကြေးကို နိုင်စေတတ်သော မူလဆေး, ခတ်ဆေးတို့နှင့် ပေါက်၍ ပေါက်၍ ထိုးဘန်များသောအခါ မကောင်းသော ခတ်ဆိုး ခတ်ညစ်တို့သည် တဖြေးဖြေး စစ်ရှုံးပေး၍ ကွယ်ပတ် ချုပ်ငြိမ်း ကြရလေတော့သည်။

ထိုအခါ-သံတုံးသည် တပြောင်ပြောင် တလက်လက် နေလရောင် ကြယ်ရောင် ပဒ္ဒမြားရောင်တွေကဲ့သို့ အလွန်တရာ ကြည်လင်သန့်ရှင်း စင်ကြယ် ခြင်း ကြောင့် ညဉ့်အခါ၌ မီးမထွန်းဘဲနှင့် ထိုခတ်လုံး၏ အရောင် အလင်းသည် အမိုက်မှောင်ကို ပယ်ဖျောက်၍ အရပ်လေးမျက်နှာ, ရှစ်မျက်နှာ, ဆယ်မျက်နှာ,တို့၌ ထွန်းလင်းတောက်ပလေ၏။

ထိုကဲ့သို့-ထွန်းလင်းတောက်ပ ငြားသော်လဲ တကယ်သံသေလုံးဟု မမှတ်ရသေး ဓိုမကျနှစ်သက်ခြင်းကို မပြုရသေး ထိုအရောင် အလင်းကို ဥပေက္ခာပြု၍ မြစ်ခြင်းပြီး တကယ်သေသော မူလဆေး ခတ်ဆေးတို့ နှင့်

ဝေ့ဝေ့ စပ်စပ် ဥာဏ်ပညာ မျက်စေ့နှင့် အချက်ကျေကျ ကြည့်ရှုပြီးလျှင် တချက်ထည်း ပေါက်၍ထိုးမှသို သံလုံး၌ရှိသော ခေတ်ဆိုး ခေတ်ညစ်, ခေတ်ပြစ်, ခေတ်ရွဲ, ခေတ်ပဲ, ခေတ်ပုတ်တို့သည် အကြွင်းမဲ့ အပြစ်ပြတ် ကုန်ဆုံး ချုပ်ငြိမ်းကြ လေတော့၏။

ထိုကဲ့သို့ မကောင်းသော ခေတ်အပေါင်းတို့သည် အကြွင်းမဲ့ ကုန်ဆုံး ချုပ်ငြိမ်းသည်နှင့် တပြိုင်တည်း ကြွင်းကျန်သော ခေတ်တို့သည် သံသေလုံး, သံတတုံး, သံတင်ကြီး ဖြစ်၍ ကမ္ဘာပေါ်၌ အအေးဆုံး တကာ့ ထိပ်မိတ်ဖြစ်သော နိဗ္ဗာန်ခေတ် သံသေလုံးကြီးဟု ခေါ်ကြရလေတော့၏။

တကမ္ဘာလုံးရှိသော သံတို့ကို အရေကြို၍ ထိုသံသေလုံး သံတတုံးကြီးကို ထည့်လိုက်သည်နှင့်တပြိုင်တည်း အားလုံးရှိသမျှ ခေတ်ဆိုး, ခေတ်ညစ်တို့သည် စင်အရှုံးပေး၍, သံသေလုံး, သံတတုံး, သံတခဲကြီးတွေ ဖြစ်ကြရလေတော့သည်၊ သံသေလုံးကြီး၏ တန်ခိုး အစွမ်း သတ္တိကြီးသည် ထိုမျှလောက် ကြီးမား ထက်မျက် ရှူးရှသော အားစွမ်း ဗလသတ္တိရှိ၏။

ထိုဥပမာ၌ ပကတိ သံမိုင်းတုံးကြီးသည် ပုထုဇဉ် လူမိုင်းကြီးနှင့်တူ၏၊ သံမိုင်းတုံးကြီး၌ရှိသော ခေတ်

ဆိုး မာတ်ညှစ်, ဓာတ်ပြစ်, ဓာတ်ချွဲ, ဓာတ်မဲ, ဓာတ်ပုပ်တို့သည် ပုထုဇဉ် လူရိုင်းကြီး သန္တာန်၌ ရှိသော ထောင့်ငါးရာ ကိလေသာနှင့်တကွ လောဘဓာတ်, ဒေါသဓာတ်, မောဟဓာတ် တည်းဟူသော ဓာတ်ဆိုး, ဓာတ်ညှစ်, ဓာတ်ပြစ် ဓာတ်ချွဲ, ဓာတ်မဲ ဓာတ်ပုပ်တို့ တူလှပေသည်။

ထိုကဲ့သို့ မကောင်းသော ဓာတ်အပေါင်းကို နိုင်စေတတ်သော မူလဆေး, ဓာတ်ဆေးတို့နှင့် ပေါက်၍ ပေါက်၍ ထိုးမှုသည် အရိယာဝိဇ္ဇာ အံ့ဖွယ်သခင် ဘုရင်မင်းမြတ်ကြီး, ဖြစ်တော်မူသော အတုမရှိ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ပေးသနားတော်မူသော အဓိသီလ, အဓိစိတ္တ, အဓိပညာ တည်းဟူသော ဆေးတော်ကြီး သုံးလုံးနှင့် ပုထုဇဉ် လူရိုင်းသန္တာန်၌ ရှိသော ထောင့်ငါးရာ ကိလေသာ ဓာတ်ဆိုး ဓာတ်ညှစ် ဓာတ်ပြစ်, ဓာတ်ချွဲ, ဓာတ်မဲ, ဓာတ်ပုပ်တို့ကို အကြွင်းမဲ့, ကုန်ဆုံး ချုပ်ငြိမ်းအောင် ပေါက်၍ ပေါက်၍ ထိုးမှုနှင့် တူလှပေ၏၊ ပုထုဇဉ် လူရိုင်းကြီး သန္တာန်၌ ရှိသော ထောင့်ငါးရာ ကိလေသာ တည်းဟူသော မကောင်းသော ဓာတ်ဆိုး, ဓာတ်ညှစ်, ကာယကံ, ဝစီကံ, လွန်ကြူး သောင်းကြမ်းနေသော ဝိတိက္ကမ ကိလေသာ မကောင်းသော ဓာတ်အပေါင်းတို့ကို အဓိသီလ တည်း

ဟူသော ဆေးတော်ကြီးနှင့် ပေါက်၍ ထိုးလိုက်သည့်နှင့် တပြိုင်တည်း တဒင်္ဂပဟာန် ကွယ်ပျောက် ချုပ်ငြိမ်း လေ၏။

ဒုတိယ အဓိစိတ္တ တည်းဟူသော ဆေးတော်ကြီးနှင့် ပေါက်၍ ထိုးလိုက်သည်နှင့် တပြိုင်တည်း မနောကံ ဘုံ၌ လွန်ကြူး သောင်းကျန်းနေသော ပရိယုဋ္ဌာန ကိလေသာ တည်းဟူသော ခေတ်ဆိုး, ခေတ်ညစ်တို့ သည် ဝိက္ခမ္ဘန ပဟာန်ဖြင့် ကွယ်ပျောက် ချုပ်ငြိမ်းကြ လေ၏။

တတိယ အဓိပညာ တည်းဟူသော ဆေးတော်ကြီး ကို ဉာဏ်ပညာမျက်စိနှင့် စေ့စေ့ကြည့်၍ တချက် တည်းပေါက်၍ ထိုးလိုက်သည်နှင့် တပြိုင်တည်း ကံသုံး ပါးမှ အလွတ်ဖြစ်သော ငုတ်လျှိုးနေသော အနုသယ ကိလေသာ ခေတ်ဆိုး, ခေတ်ညစ်, အပေါင်းတို့သည် သမုစ္ဆေဒ ပဟာန်ဖြင့် အမြစ်ပြတ် အကြွင်းမဲ့ ကုန်ဆုံး ချုပ်ငြိမ်းကြရလေတော့၏။

ထိုကဲ့သို့ ပုထုဇဉ် လူရိုင်းကြီးသန္တာန်၌ အပြည့် အနှက် တည်ရှိနေသော ထောင့်ငါးရာ ကိလေသာ ခေတ် ဆိုး, ခေတ်ညစ်, ခေတ်ပြစ်, ခေတ်ချွဲ, ခေတ်မဲ့, ခေတ် ပုတ် ဟူသမျှတို့ကို အဓိသီလ, အဓိစိတ္တ, အဓိပညာ

တည်းဟူသော ဆေးတော်ကြီးသုံးလုံးနှင့် ပေါက်၍ ပေါက်၍ ထိုးလိုက်သည်နှင့် တပြိုင်တည်း အကြွင်းမဲ့ ကုန်ဆုံး ချုပ်ငြိမ်း၍ အရိယာဝိဇ္ဇာ အဖြစ်သို့ ကူးပြောင်း၍ အရဟန္တ ရဟန္တာ အရှင်မြတ်ကြီးတွေ ဖြစ်ပြီးလျှင် ဘုံ ၃၁-ဘုံ၌ ခန္ဓာငါးပါးဆို၍ ဘယ်ဘဝ, ဘယ်ကမ္ဘာမှ မဖြစ်နိုင်သော အခအေးတကာ ထိပ်ပိဘ် ဖြစ်သော ဓာတ်သေတုံး, သိဘတုံး, သိဘခဲကြီးတွေ ဖြစ်ကြရလေတော့၏။

ထိုရဟန္တာ အရှင်မြတ်ကြီးများ၏ ခန္ဓာငါးပါး အပေါင်းသည် လောက၌ သံရိုင်းတုံးကြီးမှ ကူးပြောင်း၍ နိဗ္ဗာန်ဓာတ်သို့ ဝင်သွားသော သံသေလုံး, သိဘတုံး သိတခဲကြီးနှင့်တူလှပေသည်။

(ဥပမာကို ကောင်းစွာသတိပြု၍ ကြည့်ရှုကြကုန်။)

ထိုကဲ့သို့ သံသေလုံး သိတတုံး, သိတခဲကြီးနှင့် တူ တော်မူသော အရိယာဝိဇ္ဇာဘုရင် အရှင်သခင် ဖြစ် တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့နှင့် ဘဝသံသရာ ခန္ဓာအစဉ်က ပါခဲ့ဖူးသော တူမျှခဲ့သော ကမ္ဘာသူ, ကမ္ဘာသား, ရဟန်း, ရှင်, လူ, အများတို့ သည်၊ လောကသုံးပါး၌ အတုမရှိ ဓမ္မိဿရ ဓမ္မရာဇာ အရိယာဝိဇ္ဇာ အရှင်သခင် ဘုရင်မင်းမြတ်ကြီး

ဖြစ်တော်မူပေသော အတုမရှိ မြတ်စွာ ဘုရား ကိုယ်တော်မြတ်ကြီးနှင့် တွေ့ဆုံ ကြုံကြိုက်၍ အလွန် တရာအေးမြသာယာ ကြည်လင်လှစွာသော တရားတော်သံကို နားကြားရသည်မှနှင့် တပြိုင်တည်း ပုထုဇဉ် လူရှင်းကြီးတို့၏ သန္တာန်၌ အပြည့်အနှက် တည်ရှိသော မကောင်းသော ခေတ်ဆိုး၊ ခေတ်ညစ်၊ အပေါင်းတို့သည် အကြွင်းမဲ့ ကုန်ဆုံး ချုပ်ငြိမ်းကြ၍ ပုထုဇဉ် လူရှင်းကြီးအဖြစ်မှ ကျွတ်လွတ် ကူးပြောင်း၍ အရိယာဝိဇ္ဇာ ရဟန္တာအဖြစ်သို့ ရောက်ပြီးလျှင် ဘဝခန္ဓာ ဇာတ်သိမ်း ချုပ်ငြိမ်း၍ အနုပါဒိသေသ နိဗ္ဗာန်သို့ စံဝင်တော် မူကြရလေတော့၏။

ထို့ကြောင့် ယခုအခါ အရိယာဝိဇ္ဇာ အဖြစ်သို့ ထမြောက် ပေါက်ရောက်အောင် အားထုတ် လိုသော ယောဂီပုဂ္ဂိုလ် အပေါင်းတို့သည် အရိယာဝိဇ္ဇာ အရှင်မြတ်ကြီးများရှိရာအရပ်သို့ ကျအောင်သွား၍ တရားကိုရိုသေလေးမြတ်စွာ တောင်းပန်၍ နာကြားမှတ်သားပြီးမှ မိမိတို့ သန္တာန်၌ရှိသော ကိလေသာအပေါင်းကို အကြွင်းမဲ့ ကုန်ဆုံး ချုပ်ငြိမ်းအောင် အားထုတ်ကြရမည်။ သို့မှ အရိယာဝိဇ္ဇာအစစ်မြန်မြန် ကြီး ဖြစ်ကြရမည်။

ထိုကဲ့သို့ ယခုအခါ အရိယာဝိဇ္ဇာအစစ်ကို ရှာလို့ မတွေ့လျှင် အရိယာဝိဇ္ဇာအဖြစ်သို့ ထမြောက် ပေါက်

ရောက်အောင် နေ့ရောညဥ့်ပါ မနေမနား အာရဒ္ဓဝီရိယဖြင့် သက်စွန့်ကြိုးပမ်း အားထုတ်နေသော ယောဂီပုဂ္ဂိုလ်ကြီးများထံသို့ သွား၍ ရိုသေလေးစားစွာ တရားကို တောင်းပန်၍ ကောင်းမွန်စွာ နာကြားပြီးလျှင် သမ္မာဒိဋ္ဌိဝိပဿနာဉာဏ် အလင်းပေါက်အောင် ဟောပြောဆုံးမသည့်အတိုင်း အရိယာဝိပဿနာအမြင်သို့ ထမြောက်ပေါက်ရောက်အောင် နေ့ရောညဥ့်ပါ မနေမနား အာရဒ္ဓဝီရိယဖြင့် ကြိုးစား၍ အားထုတ်ကြရမည်။

လောက၌ ဂန္ထာရီဝိပဿနာ သံဃသလုံး သိတတုံးကြီး ဥပမာနှင့် တူစွာမခြား လောကုတ္တရာ အရိယာဝိပဿနာ ဘုရား ရဟန္တာ အရှင်မြတ်ကြီးများသည် တူတော်မူကြောင်းကို ပြဆိုသော အခန်းသည် ဤတွင်ပြီး၏။

## နိဗ္ဗာန် တရားတော်မြတ်ကြီး ထင်ရှားရှိပုံကို ပြဆိုခြင်း။

ဘုရား, ရဟန္တာ အရှင်မြတ်ကြီးများသည် ခန္ဓာငါးပါးနှင့်လျက်နှင့် ဖလသမာပတ် အေးငြိမ်းမှု နိဗ္ဗာန်ချမ်းသာကြီးကို ခဏခဏ ဝင်စား၍ ဝိရုတ္တိရသအားဖြင့် စံစားတော်မူကြသော အသင်္ခတဓာတ် မြတ်သုစွာသော မဟာနိဗ္ဗာန် တရားတော်မြတ်ကြီး ထင်ရှားရှိပုံကို သေချာစွာ ပြဆိုပေအံ့ သတည်း။

(ရှိသေလေးမြတ်စွာ မှတ်သားကြကုန်။)

နိဗ္ဗာန်သည် အသင်္ခတနိဗ္ဗာန် ပရိနိဗ္ဗာန်ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သင်္ခါရ တရားတို့၏ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော အလုံးစုံသော ဥပဓိတရားကို စွန့်ရာစွန့်ကြောင်းဖြစ်သော တဏှာ၏ ကုန်ရာကုန်ကြောင်း, ချုပ်ရာချုပ်ကြောင်း, ငြိမ်းရာငြိမ်းကြောင်းဖြစ်သော အလွန်တရာ အေးချမ်းခြင်း လက္ခဏာရှိသော မဂ်, ဖိုလ်၏အာရုံဖြစ်သော အသင်္ခတဓာတ်တရားတော်မြတ်ကြီးသည် အသင်္ခတဓာတ်နိဗ္ဗာန်မည်၏။ (အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို ကောင်းစွာ မှတ်ကြကုန်။)

ထိုအသင်္ခတဓာတ် အေးငြိမ်းမှု သန္တိသဘာ နိဗ္ဗာန် တရားတော်မြတ်ကြီးကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တို့က အာရုံပြုခြင်းကြောင့် ထိုအသင်္ခတဓာတ် နိဗ္ဗာန်ကိုအခြေခံ အကြောင်းရင်းပြု၍ မဂ်ရှိန်၊ ဖိုလ်ရှိန် သင့်ခြင်းကြောင့် ကိလေသာခန္ဓာတို့၏ အကြွင်းအကျန်မရှိ အဆုံးသတ် လောင်မီးမိုယ်းကြိုး ကျရောက်သော သစ်ပင်ကြီးကဲ့သို့ လောင်ကျွမ်း ချုပ်ငြိမ်း ပျောက်ကွယ်၍ ကုန်ဆုံးခြင်းသည် ပရိနိဗ္ဗာန်မည်၏။ (ပရိနိဗ္ဗာန်ကိုလည်း ကောင်းစွာ ပိုင်းခြား၍ မှတ်ကြ။)

ထိုနိဗ္ဗာန်နှစ်ပါးတို့တွင်- အသင်္ခတနိဗ္ဗာန်ကို ရှေးဦးစွာ ဂေါတြဘုဇောနှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့က အာရုံပြု၍သိသည် ထို့နောက် ပစ္စဝေက္ခဏာဉာဏ်က ဤကား အသင်္ခတဓာတ် နိဗ္ဗာန်ဟူ၍ အာရုံပြု၍သိသည် ကိလေသာ ခန္ဓာတရားတို့၏ ချုပ်ငြိမ်းခြင်း ပရိနိဗ္ဗာန်ကိုကား ဂေါတြဘုဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က အာရုံပြုခြင်းငှါ မစွမ်းနိုင်၊ အသမ္မောဟ အားဖြင့်သာ သိသည်။

ဝင်စစ်မှာမူကား မဂ်၊ဖိုလ်တို့၏ အဆုံးဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ကသာ ဤကိလေသာတို့ကား ပယ်ပြီး ချုပ်ငြိမ်းကုန်ပြီဟူ၍ အာရုံပြု၍သိသည်၊ ထိုနေရာ၌ ကိလေ

သာခန္ဓာဘာရားတို့၏ ချုပ်ငြိမ်းခြင်းကို ပဒိနိဗ္ဗာန်ဟု မိုင်း ချား၍ မှတ်ကြရမည်၊ ထိုပဒိနိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ် ဉာဏ်တို့က အာရုံမပြုနိုင်ကြောင်းကို ကောင်းစွာ မှတ်ကြ။

အသင်္ခတဓာတ် သန္တိသီတိ အလွန်တရာ အေးငြိမ်း ချမ်းသာလှစွာသော အသင်္ခတဓာတ် နိဗ္ဗာန်တရားတော် မြတ်ကြီးကို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့က အာရုံပြု၍ သိသည်မှာ အရိယာ ဝိဇ္ဇာအဖြစ်သို့, ထမြောက် ပေါက်ရောက်အောင် အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် အသင်္ခတ တရားတော်မြတ်ကြီးကို အဇ္ဈတ္တ, ဗဟိဒ္ဓနှစ်ပါးစုံ အာရုံပြု၍ အနိစ္စ ဝိဇ္ဇာဉာဏ်, ဒုက္ခဝိဇ္ဇာဉာဏ် အနတ္တဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ရှုကြည့်ပွားများ၍ အကြိမ်ကြိမ် အထပ်ထပ် အဖန်ဖန် ရှုအားသန်သောကြောင့် သမ္မသနဉာဏ်သည် အလွန်ရင့် သန်၍ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ် အစ ရှိသည်တို့သည် လွန်စွာထက်သန် အားကောင်းလာခြင်း ကြောင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်၍ သင်္ခတ တရားတို့ကိုလွန်လွန်မင်းမင်း ပြင်းပြင်းထန်ထန် အပြစ် မြင်သောကြောင့် ထိုယောဂီ ပုဂ္ဂိုလ်သည် ဉာဏ်အား ဖြင့် မီးပန်းတွေ တဖွားဖွား ထွက်နေသော မီးကျီး တိုင်ကြီးကို လက်နှစ်ဘက်နှင့် ဖိုကိုင်၍လာရာ ဆိုမီး

ရှုံးတိုင်ကြီးမှ တဖွားဖွား အပြည့်အနှက် ထွက်၍နေသော မီးပန်းရှိသည့် ထိုသူ့ကဲ့ ဦးကျောင်းကစ၍ တကိုယ်လုံး ခြေဖဝါးအဆုံး လောင်ကျွမ်းလေသည်။

ထိုသူသည်- မီးပန်းတွေတကိုယ်လုံး, လောင်ကျွမ်းနေသော ဒုက္ခဒဏ်ချက်ကြီးမှ လွတ်ကင်းအောင် ပြေးပြေးသော်လည်း လေထက်သို့ဆန့်တက်၍ ပြေးလေသောကြောင့် ပြေးလေ လောင်လေ, လောင်လေ ပြေးလေ ဖြစ်၍ လက်နှစ်ဘက်နှင့် ဆုံကိုင်၍ထားသော မီးရှုံးတိုင်ကြီးသည့် မီးပန်းတွေ တဖွားဖွား ပြင်းပြင်း ထန်ထန် လောင်ကျွမ်းလာသောကြောင့် ကိုင်ထားသော လက်နှင့်တကွ တကိုယ်လုံး တကောင်လုံး ခြေဖဝါးအဆုံး ပူလောင်မှု ဒုက္ခဒဏ်ချက်ကြီးသည့် အသက်သေစေတတ် ခံရသောကြောင့် ထိုပူမှု, လောင်မှု, ဒုက္ခဝေဒနာကြီးမှ လွတ်ကင်းချုပ်ငြိမ်းရာ လျှင်မြန်စွာရှာသောအခါ အတိတ်ကပြုခဲ့သော အလွန်ဘရာ ကြီးမားလှစွာသော ကုသိုလ်ကံထောက်ပံ့၍ ရုတ်တရက် ရှောင်တခင် ထိုအပူကောင် ဒုက္ခသည်ကြီး၏ ရှေ့တဲ့တဲ့က အလွန်ဘရာ အေးမြသာယာ ကြည်လင်လှစွာသော အနဝတတ် ရေအိုင်ကြီးနှင့် တူစွာမခြား အရပ်ရှစ်မျက်နှာ, ဆယ်မျက်နှာတို့၌ အဆုံးအဆ အပိုင်းအခြားမရှိ လွန်စွာအေးမြသာယာ ကြည်လင်လှစွာသော ရေအိုင်ကြီးကို တွေ့လေရာ၏ ထိုရေ

အိုင်ကြီးကို တွေ့သည်နှင့်တပြိုင်တည်း လွန်မင်းပြင်းထန်စွာ ပူလောင်၍လာခဲ့သော ဒုက္ခကြီးကို ပိတ်သန္တာန်၌ အလွန်တရာ အေးမြရှိစွာသော နှင်းအေးစက်ကြီး၏ တံခိုး အစွမ်းဖြင့် ထိနိုက်သည်နှင့် တပြိုင်တည်း ပူလောင်မှု ဒုက္ခကြီးသည် တဝက်လောက် အေးငြိမ်း သွားလေ၏။

ထိုအအေးငြိမ်းမှုကြီးကို တဝက်လောက် ခံစားရသည် နှင့်တပြိုင်တည်း တကိုယ်လုံး ပူလောင်မှုဒုက္ခကြီးမှ အကြွင်းမဲ့ချုပ်ငြိမ်း၍ အေးငြိမ်းမှုကြီးကို အဆောတလျင် ကိုယ်တွေ့ဒိဋ္ဌခံစားနိုင်ရန် အလွန်တရာ အေးမြကြည်လင် လှစွာသော ရေအိုင်ကြီးထဲသို့ ဖြုတ်ခနဲ တကိုယ်လုံး ခုန်ချလိုက်သည်နှင့် တပြိုင်တည်း ကိုယ်လုံးကျွတ် ပြင်း ထန်စွာ ပူလောင်၍နေသော ဒုက္ခတို့, ဒုက္ခခဲကြီးတို့ သည် အကြွင်းမဲ့ကုန်ဆုံး ချုပ်ငြိမ်း၍ အေးမှု ငြိမ်းမှု, ချမ်းသာမှုကြီးကို ကိုယ်တိုင်ဒိဋ္ဌ ထိုရေအိုင်ကြီးအတွင်း ၌ တကိုယ်လုံး နှစ်မြုပ်အောင် ခံစားရလေတော့၏။

ထိုဥပမာ၌ မီးရှူးတိုင်သည် ယောဂီပုဂ္ဂိုလ်၏ ခန္ဓာ ကိုယ်ကြီးနှင့်တူ၏ မီးပန်းကွ တဖွားဖွားထွက်မှုသည် ယောဂီပုဂ္ဂိုလ် သန္တာန်၌ရှိသော ရုပ်, နာမ် ဓမ္မသင်္ခါရ တရားတို့သည် အနိစ္စဓမ္မအားဖြင့် တဖွားဖွား တသဲသဲ

ဖြစ်မှု, ပျက်မှုနှင့်တကွ၏ မီးရှူးတိုင်ကြီးကို လေထက်သို့ ဆန့်တက် သွားသောအခါ၊ မီးပန်းတွေ ပြင်းပြင်းထန်ထန် သောင်းကြမ်းမှုသည့် ယောဂီပုဂ္ဂိုလ်၌ရှိနေသော ရုပ်, နာမ်တရားတို့ကို သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အစရှိသော ဉာဏ်ဆယ်ပါးကို အဆင့်ဆင့် တိုး၍တိုး၍ သင်္ခါရုပေက္ခာဉာဏ် အလင်းပေါက်အောင် ထင်မြင် သွားသည်နှင့် တကွ၊ သွန်မင်းပြင်းထန်စွာ ပူလောင်မှု ဒုက္ခအပေါင်းသည့် ဝိပဿနာဉာဏ် လွန်ခွာထက်သန် အားကောင်းလာသောကြောင့် သင်္ခါရ တရားတို့ကို ဘေးဒုက္ခကြီးတွေ အမျိုးမျိုးတွေ မှုနှင့်တကွ၊ မီးဘေးဒုက္ခကြီးမှ ကျွတ်လွတ်မှု ချုပ်ငြိမ်းရန် အေးငြိမ်းမှု အနုဝတာတ် ရေအိုင်ကြီးကို အဆာတလျင် ရှာမှီးမှုသည့် ယောဂီပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ သင်္ခါရတရားတို့၏ ဘေးဒုက္ခကြီးမှ, အကြွင်းမဲ့ ကျွတ်လွတ် ချုပ်ငြိမ်းရာ အသင်္ခတဓာတ် အေးငြိမ်းချမ်းသော လှစွာသော နိဗ္ဗာန်သန္တိ သီတိ တရားတော်မြတ်ကြီးကို အဆာတလျင် ရှာမှီးမှုနှင့်တကွ၏။ အနုဝတာတ် ရေအိုင်ကြီးကို တွေ့မြင်၍ ပူလောင်မှုဘေးဒုက္ခကြီးတွေ တဝက်လောက် အေးငြိမ်းသွားမှုကြီးသည့် ယောဂီပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ အသင်္ခတဓာတ် အေးငြိမ်းမှု နိဗ္ဗာနသန္တိ သီတိ တရားကြီးကို မျက်မှောက်ပြုလျက် ဂေါတြဘူဉာဏ်ဖြစ်ပေါ်၍ အေးငြိမ်းမှု သန္တိတရားကြီး၏ တံခိုး

သစ္စာအမှန်ကို တဝက်လောက် တွေ့ရသည်နှင့် တူ၏။ အနဝတတ် ရေအိုင်ကြီးသည် အသင်္ခတဓာတ် ဖြစ်လှစွာသော နိဗ္ဗာန်ကြီးနှင့် တူလှပေ၏၊ အနဝတတ်ရေအိုင်ကြီးထဲသို့ တချက်တည်း ခုံချမှုကြီးသည် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်စဉ်တွင် ဝိပဿနာဉာဏ် လွန်စွာ အမြင့်သန်၍ ထိုသင်္ခါရ တရားဘေးဒုက္ခကြီးတို့မှ ဖြတ်ခနဲ စွန့်လွှတ်၍ နိဗ္ဗာန် အေးငြိမ်းမှုကြီးကို အာရုံပြုပြီး မဂ်ဇော ကျသွားသည်နှင့် တူ၏။ အနဝတတ် ရေအိုင်ကြီးထဲသို့ တချက်တည်း ခုံချလိုက်သည်နှင့် တပြိုင်တည်း ပူလောင်မှု မီးဘေးဒုက္ခ ဟူသမျှတို့သည် အကြွင်းမဲ့ ကုန်ဆုံး ချုပ်ငြိမ်း၍ ထိုရေအိုင်ကြီး အတွင်း၌ ကိုယ်လုံးကျွတ် အေးငြိမ်းမှုကြီးကို ကိုယ်တိုင် ဒိဋ္ဌ ခံစားရလေ၏။

ထို့အတူ- အသင်္ခတဓာတ် အေးငြိမ်းမှု သန္တိသီတိ တရားတော်မြတ်ကြီးကို ကိုယ်တိုင် ဆတ်ဆတ်မှီတွယ်၍ ဖလသမာပတ် မဟာနိဗ္ဗာန် ချမ်းသာကြီးကို ခံစားရသော အရိယာဝိဇ္ဇာ ပုဂ္ဂိုလ်အရှင်မြတ်ကြီးတို့နှင့် တူလှပေ၏။

ထို့ကြောင့်- မဇ္ဈိမပဏ္ဏာသ ပါဠိတော် မဟာမာလုကျပုတ္တသုတ် နဝနိပါတ် အင်္ဂုတ္တိုရ် မဟာဝဂ် ပဉ္စမသုတ်တို့၌ ဟောတော်မူသည်မှာ .....

ဆုဝါနဥ္စ ဘိက္ခု ဥပဓိ ဝိဝေကာ အကုသလာနံ
ဓမ္မာနံ ပဟာနာယ သဗ္ဗသော ကာယဒုဋ္ဌုလ္လာနံ
ပဋိပဿဒ္ဓိယာ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကု
သလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေ
ကဇံ ပီတိသုခံ ပဌမဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။
သော ယဒေဝ တတ္ထ ဟောတိ။ ရူပဂတံ ဝေဒနာ
ဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ တေ
ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍ
တော သလ္လတော အဃတော အာဗာဓတော
ပရတော ပလောကတော သုညတော အနတ္တ
တော သမနုပဿတိ သော တေဟိ ဓမ္မေဟိ စိတ္တံ
ပဋိဝါပေတိ။ သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါ
ပေတွာ အမတာယ ဓာတုယာ စိတ္တံ ဥပသံ
ဟရတိ ဧတံ သန္တံ ဧတံ ပဏီတံ ယဒိဒံ သဗ္ဗ
သင်္ခါရ သမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ
တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။
သော တတ္ထ ဌိတော အာသဝါနံ ခယံပါပုဏာတိ
နော စေ သာသဝါနံ ခယံ ပါပုဏာတိ တေနေဝ
ဓမ္မရာဂေန တာယ ဓမ္မနန္ဒိယာ ပဉ္စန္နံ ဩရမ္ဘာ
ဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဩပပါတိ
ကော ဟောတိ။ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိ
ဓမ္မော တသ္မာ လောကာ၊ ဟူ၍ ဟောတော်မူအပ်၏။

အနန္ဒ၊ အာနန္ဒာ။ ဗုဓ၊ ဤငါဘုရား၏ သာသနာ တော်၌။ ဘိက္ခု၊ ရဟန်းသည်၊ ဥပဓိဝိဝေကာ၊ ဥပ ဓိတရားတို့၏ ဆိတ်ခြင်းကြောင့်။ အကုသလာနံ၊ အကုသိုလ် ဖြစ်ကုန်သော၊ ဓမ္မာနံ၊ တရားတို့ကို။ ပဟာ နာယ။ ပယ်ခြင်းငှါ။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ကာယ ဒုဋ္ဌုလ္လာနံ၊ ကိုယ်၏ ကြမ်းတမ်းခြင်းတို့၏။ ပဋိပဿဒ္ဓိယာ၊ ငြိမ်းခြင်းငှါ။ ကာမေဟိ၊ ကာမဂုဏ် တရားတို့မှ။ ဝိဝိစ္စေဝ၊ ဆိတ်၍သာလျှင်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန် သော။ ဓမ္မေဟိ၊ တရားတို့မှ။ ဝိဝိစ္စ၊ ဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်လည်းတကွ ဖြစ်ထသော၊ သဝိ စာရံ၊ ဝိစာရနှင့်လည်းတကွဖြစ်ထသော။ ဝိဝေကဇံ၊ နီဝရဏတရားတို့၏ ကင်းခြင်းကြောင့် ဖြစ်ထသော။ ပီတိ သုခံ၊ ပီတိသုခရှိထသော။ ပဌမဇ္ဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍၊ ဝိဟရတိ၊ နေ၏။ သော၊ ထိုယောဂီပုဂ္ဂိုလ် ရဟန်းသည်။ တတ္ထ၊ ထိုရူပါဝစရ ပဌမဈာန်၌။ ယဒေဝ ရူပဂတံ၊ အကြင်ဈာန်စိတ်ကြောင့် ဖြစ်သော ရုပ်ဓမ္မတရား သည်၊ ယဒေဝ ဝေဒနာဂတံ၊ အကြင် ဝေဒနာ သည်။ ယဒေဝ သညာဂတံ၊ အကြင်သညာသည်။ ယဒေဝ သင်္ခါ ရဂတံ၊ အကြင်သင်္ခါရတရားသည်။ ယဒေဝ ဝိညာဏဂတံ၊ အကြင်ဝိညာဉ်သည် ဟောတိ၊ ရှိသည်ဖြစ်၏။ သော၊ ထိုယောဂီပုဂ္ဂိုလ် ရဟန်းသည်၊ တေဓမ္မေ၊ ထိုဈာန်စိတ် ကြောင့် ဖြစ်သောရုပ်, ဈာန်စိတ်၌ယှဉ်သော ဝေဒနာ,

သညာ, သင်္ခါရ, ဝိညာဏ်တရားတို့ကို၊ အနိစ္စတော၊ အမြဲမရှိဟူ၍ရင်း။ ဒုက္ခတော၊ ဆင်းရဲ၏ဟူ၍ရင်း၊ ရောဂတော၊ ကျင်နာလှ၏ဟူ၍ရင်း။ ဂဏ္ဍတော၊ အိုင်းအမာကြီးသကဲ့သို့ ဖြစ်၏ဟူ၍ရင်း။ သလ္လတော၊ နှုတ်၍ခနိုင်ခဲသောကြောင့် ဖူးဝင်ကာတ်ခသော ငြောင့်တံသင်းကြီးဟူ၍ရင်း။ အဃတော၊ ဝိုးပွားမရှိဟူ၍ရင်း။ အာဗာဓတော ပြင်းစွာ နှိပ်စက်အနှံခက်လှ၏ဟူ၍ရင်း၊ ပရတော၊ ပျက်စီးချိန့်တန်လျှင် ဘောနမသွက် ပျက်စီးတတ်သောကြောင့် ငါ့ညာဥ့်ယ်တာခြင်း မခံ့သည့်ဖြစ်၍ သူစိမ်းပြင်ပ ငင်စစ်ကောန် ဖြစ်၏ဟူ၍ရင်း။ ပလောကတော၊ ပျက်စီးတတ်မှု တရားအရဟူ၍ရင်း။ သုညတော၊ သတ္တဇီဝမှ မဆိတ်သော တရားအရဟူ၍ရင်း။ အနတ္တတော၊ အစိုးမရ အလိုသို့မလိုက် တပုံးဘခဲတည်း မဟုတ်သော တရားရဟူ၍ရင်း။ သမန္နုပဿတိ၊ အဖန်ဖန် ရှု၏၊ သော၊ ထိုယောဂီ ပုဂ္ဂိုလ်သည် ရှာနိုးသည်။ တေဘိခမ္မေဟိ၊ သိုရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားတို့မှ။ ပိတ္တံ၊ ဝိပဿနာ စိတ်ကို။ ပဘိဋ္ဌာပေဘိ၊ တန့်နားစေ၏၊ ဝါ၊ ဖယ်ရှား၏။ စိတ္တံ၊ ပဲ့တ်ကို ပဘိဋ္ဌာပေတွာ၊ တန့်နားစေ၍၊ ဝါ၊ ဖယ်ရှား၍၊ ယဒိဒံ သဗ္ဗသင်္ခါရ သမထော၊ အကြွင်းအလုံးစုံသော သင်္ခါရ တရားတို့၏ ငြိမ်းရာသည်။ ယဒိဒံ သဗ္ဗူပဓိနိဿဂ္ဂေါ အကြွင်းအလုံးစုံသော ဥပဓိတရားတို့ကို စွန့်ရာသည်။ ယဒိဒံ တဏှာက္ခယော၊ အကြွင်း

တဏှာ၏ ကုန်ရာသည်။ ယဒိဒံ ဝိရာဂေါ၊ အကြင်
ရာဂ၏ ကင်းရာသည့် ယဒိဒံ နိရောဓော၊ အကြင်တဏှာ
၏ ချုပ်ရာသည်။ ယဒိဒံ နိဗ္ဗာနံ၊ အကြင်တဏှာ၏ ငြိမ်း
ရာသည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဓမ္မဇာတံ၊ ထိုအလုံးစုံသော သဘောသဘာ
ဝတရားတို့၏ ငြိမ်းရာအလုံးစုံသော ဥပဓိတရားတို့ကို စွန့်
ရာ, တဏှာ၏ကုန်ရာ, ချုပ်ရာ, ငြိမ်းရာဖြစ်သော နိဗ္ဗာန်
တရားတော်မြတ်သည်။ ပဏီတံ၊ မွန်မြတ်လှပေ၏။ ဣတိ၊
ဤသို့။ အမတာယ၊ သေခြင်းကင်းသော။ ဝါ သေခြင်းကင်း
ကြောင်းဖြစ်သော၊ ဓာတုယာ၊ အသင်္ခတခေါ်မှတ် နိဗ္ဗာန
ဓာတ်သို့ စိတ္တံ၊ ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်
ဉာဏ်နှင့် ယှဉ်သောစိတ်ကို။ ဥပသံဟရတိ၊ ရှေးရှု
ဆောင်၏။ သော၊ ထိုယောဂီပုဂ္ဂိုလ် ရဟန်းသည်၊
တတ္ထ၊ ထိုဝိပဿနာ, ဂေါတြဘူ, မဂ်ဖိုလ် အပေါင်းတို့၌။
ဝါ၊ နိဗ္ဗာနဓာတ် တရားမြတ်၌။ ဌိတော၊ တည်သည်
ဖြစ်၍။ အာသဝါနံ၊ အာသဝေါတရားတို့၏။
ခယံ၊ ကုန်ခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ တေနဓမ္မရာ
ဂေန၊ ထိုဈာန်တရား၌ တပ်ခြင်းကြောင့်၊ တာယ ဓမ္မ
နန္ဒိယာ၊ ထိုဈာန်၌ နှစ်သက်ခြင်းကြောင့်။ အာသဝါနံ၊
အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းသို့၊ နော စေ ပါ
ပုဏာတိ၊ အကယ်၍ မရောက်သည်ဖြစ်အံ့၊ ဩရမ္ဘာ
ဂိယာနံ၊ အောက်အဘို့ ဖြစ်ကုန်သော။ သံယောဇနာနံ၊
သံယောဇဉ်တရားတို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။

တတ္ထ၊ ထိုဗြဟ္မာ့ဘုံ၌၊ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန် စံလတ္တံ့သော သဘောရှိသော။ တသ္မာလောကာ ထိုဗြဟ္မာ့ဘုံမှ။ အနာဝတ္တိဓမ္မော၊ ဆုတ်နစ်ပြန်လည်ခြင်း သဘောမရှိသော။ ဩပပါတိကော၊ ဥပပါတ်ပဋိသန္ဓေ နေလတ္တံ့သော သဘောရှိသည်။ ဟောတိ ဖြစ်၏။ (ဤကား အနက်)

ဤပါဠိတော်မြတ်၌-သော တေဟိ ဓမ္မေဟိ စိတ္တံ ပတိဋ္ဌာပေတွာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟာရတိ၊ ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။

ဟူသော ပါဠိတော်မြတ်ဖြင့် အသင်္ခတဓာတ် ဖြစ်သော နိဗ္ဗာန်၏ ဆိတ်ဆိတ်ငြိမ် အမှန်ထင်ရှား ရှိကြောင်းကို၎င်း။ ထိုအသင်္ခတဓာတ်နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့က အာရုံရှေး၍ ပြုလိုက်ပုံကို၎င်း။ တိုက်ရိုက် ထင်ရှားသောအားဖြင့် ဟောကြားတော်မူသည်။

သော တတ္ထ ဋ္ဌိတော အာသဝါနံ ခယံ ပါပုဏာတိ ဟူသော ပါဠိတော်၊ တတ္ထ ပရိနိဗ္ဗာယီ၊

ဟူသော ပါဠိတော်တို့ဖြင့် အာသဝေါတရား, ကိလေသာဝဋ္ဋတို့၏ မဂ်ရှိန်, ဖိုလ်ရှိန် သင့်ခြင်းကြောင့်

လောင်းမီး မိုဃ်းကြိုး ကျရောက်သော သစ်ပင်များ ကဲ့သို့ တဘန်အသစ်မဖြစ်မူ၍ အဆုံးသတ် လောင်ကျွမ်း ခြင်း ချုပ်ငြိမ်းခြင်း, ပျောက်ကွယ်ခြင်း ကုန်ဆုံးခြင်း ဟူသော ပ နိဗ္ဗာန် တရားတော်မြတ်၏ အသင်္ခတဓာတ် နိဗ္ဗာန်မှတပါး အခြားနှိုကြောင်းကို၎င်း၊ ထင်ရှိနိဗ္ဗာန် တရား၏ ဂေါတြဘုဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဟူသော အာရမ္မဏိကတရား အသင်္ခတဓာတ် နိဗ္ဗာန် ဟူသော အာရုံတရား, ထိုအာရမ္မဏိက, ဂေါတြဘူ, မဂ်,ဖိုလ်အာရုံ တရား၊ ထိုအာရမ္မဏိက, ဂေါတြဘူ, မဂ်,ဖိုလ်, အာရုံ, အသင်္ခတဓာတ် နိဗ္ဗာန်ဟူသော အကြောင်း တရားတို့ကြောင့် ဖြစ်ပေါ်လာကြောင်းကို၎င်း၊ တိုက်ရိုက် အထင်အရှား အားဖြင့် ဟောကြားတော်မူသည်။

ထိုနေရာ၌- အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန် ပရမတ်ဆတ်ဆတ် သန္တိသဘော် အေးငြိမ်း မှုကြီးကို ဂေါတြဘုဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်တို့က အာရုံပြု၍ သိကြသောအခါ၊ ၎င်းအသင်္ခတ နိဗ္ဗာန်, အဘယ်ကဲ့သို့ ထင်ရှားရှိ၍ အာရုံပြု၍သိနိုင်ပါ သနည်းဆိုသော် ကသိုဏ်း အားထုတ်သော ယောဂီ ပုဂ္ဂိုလ်တို့သည် ပဋိဘာဂ နိမိတ်ရသောအခါ၊ ထိုပဋိ

ဘာဂနိမိတ် အကြည်ခတ် အလင်းခတ်ကြီးသည်ဥဂ္ဂဟ နိမိတ်မှ ကျွတ်လွတ်၍ ဖြစ်ပေါ်လာသောနိမိတ်ဖြစ်သည်။

ထိုအကြည့်ခတ် အလင်းခတ်ကြီး၏ တိမ်းအသွင်း သည် စကြဝဠာတရုံး အရပ်လေးမျက်နှာ အရပ် ရှစ်မျက်နှာ ဆယ်မျက်နှာတို့၌ လွှမ်းခြုံအားဖြင့် သာယာ ကြည်လင်ပြန့်ပွားသော အရောင် အလင်းကြီးနှင့် တကွ ဝန်းဝန်းဝိုင်းဝိုင်း အခြင်းအရာအားဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ မချဆတ်ဆတ် ထင်ထင် ရှားရှား သိမြင်ရ သကဲ့သို့ ထိုပဋိဘာဂနိမိတ်၏ အရောင် အလင်းသည် ဘုံ ၃၁-၌ မည်သည့် အရောင်တို့နှင့်မှ ရောစပ်၍မရ သကဲ့သို့ ထိုအဘူ ရင်းအသစ်တခတ် နိဗ္ဗာန်ပခတ် ဆတ်ဆတ် ထင်ရှားကြောင့် အမှန်ရှိပုံမှာလည်း အရောင်, အလင်း, အဆင်းနှင့်တကွ ဖြိုးဖြိုး ဖြက်ဖြက် ငြိမ်သက် တည်ကြည် အေးမြသာယာ ကြည်လင် ပွားသော အရောင် လက်သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်ထင်ရှားရှားကြီး ဖြစ်ပေါ်လာလတ်၊။

ထို့ကြောင့် မူလပဏ္ဏာသပါဠိတော် ဖြပ္ပနိမန္တန သုတ်၌၊ ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ ဟူ၍ ဟောတော်မူအပ်၏။

အနိဒဿနံ၊ စက္ခုဝိညာဏ်ဖြင့် မမြင်အပ်ထသော၊ အနုတ္တံ၊ ဥပါဒ်, ဌီ, ဘင်, အပိုင်းအခြား အစွန်းလည်း မရှိထသော။ နိဗ္ဗာနံ၊ အသင်္ခတခေတ် နိဗ္ဗာနခေတ်ကို။ (ဘည့်) သဗ္ဗတော သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဝါ၊ အလုံးစုံ အရပ်ဆယ်မျက်နှာတို့၌။ ပဘံ၊ ပြိုးပြိုး ပြက်ပြက် အရောင်လက်သည်ဖြစ်၍ ဂေါစရဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်၊ (ဟည့်) ဝိညာဏံ ဝိဇာနိတဗ္ဗံ၊ သိအပ်, မြင်အပ်၏။ ဤသို့ အနက်သမ္ဗန်ရမည်။

## ထို့ကြောင့်-အဋ္ဌကထာ၌။

တတ္ထ ဝိညာဏန္တိ ဝိဇာနိတဗ္ဗံ အနိဒဿနန္တိ စက္ခုဝိညာဏဿ အနပဂမနတော အနိဒဿနံ နာမ၊ ပဒဒွယေနာပိ နိဗ္ဗာနမေဝ ဝုတ္တံ၊ အနန္တန္တိ တယိဒံ ဥပ္ပါဒဝယ အန္တ ဝိရဟိတတ္တာ အနန္တံ နာမ၊ (လ) သဗ္ဗတော ပဘန္တိ သဗ္ဗသော ပဘာ သမ္ပန္နံ နိဗ္ဗာနတော ဟိ အညော ဓမ္မော သပဘာတရော ဝါ ဇောတိမန္တတရော ဝါ ပရိသုဒ္ဓတရော ဝါ ပဏ္ဍရတရော ဝါ နတ္ထိ။ ဟူ၍ မိန့်အပ်၏။

တတ္ထ၊ ထိုဝိညာဏံ ဟူသော ပါဌ်ရပ်၌။ ဝိညာဏန္တိ၊ ဝိညာဏ် ဟူသည်ကား။ ဝိဇာနိတဗ္ဗံ၊ ဂေါစရဘူဉာဏ်,

မဂ္ဂဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် သိအပ် မြင်အပ်၏။ အနိဒဿနန္တိ၊ အနိဒဿနံဟူသည်ကား။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဏ်၏။ ဝါ စက္ခုဝိညာဏ်သည်။ အနုပဂမနတော၊ မရောက်အပ်, မမြင်အပ် ခြင်းကြောင့်။ အနိဒဿနံနာမ၊ အနိဒဿနမည်၏။ ပဒဒွယေနာပိ၊ ဝိညာဏံ, အနိဒဿနံဟူသော ပုဒ်နှစ်ခုတို့၏ အပေါင်းဖြင့်လည်း။ နိဗ္ဗာနမေဝ နိဗ္ဗာနံကိုသာလျှင်၊ ဝုတ္တံ၊ ဟောတော်မူအပ်၏။ အနန္တန္တိ၊ အနန္တံဟူသည်ကား။ တယိဒံ တံဆုဒ်နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ ဥပ္ပါဒဝယ အန္တဝိရဟိတတ္တာ၊ ဥပါဒ်, ဘင်တည်းဟူသော အဆုံးအပိုင်းအခြားမှ ကင်းသည်၏အဖြစ်ကြောင့်။ အနန္တံ နာမ၊ အနန္တမည်၏(လ)သဗ္ဗတောပဘန္တိ၊ သဗ္ဗတော ပဘံ ဟူသည်ကား။ သဗ္ဗတော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပဘာသမ္ပန္နံ အရောင် အလင်းနှင့်ပြည့်စုံ၏။ ဟိသစ္စံ ထိုစကားသည်မှန်၏၊ နိဗ္ဗာနတော၊ နိဗ္ဗာန်မှ၊ အညော တပါးသော တတော၊ ထိုနိဗ္ဗာန်ထက်။ သပဘာတရော ဝါ၊ အရောင် အလင်းရှိသည်ထက် ရှိသည်လည်း ဖြစ်ထသော ဇောတိမန္တတရော ဝါ၊ ထွန်းလင်းသည်ထက် ထွန်းလင်းသည်လည်းဖြစ်ထသော၊ ပရိသုဒ္ဓတရော ဝါ၊ စင်ကြယ်

သည်ထက် စင်ကြယ်သည်လည်း ဖြစ်ထသော၊ ပဏ္ဍ တရံဝါ၊ ဖြူစင်သည်ထက် ဖြူစင်သည်လည်း ဖြစ်ထသော၊ ဓမ္မော၊ တရားတော်မြတ်သည်၊ နတ္ထိ၊ မရှိတော့ပြီ၊

(အဋ္ဌကထာအနက်ပြီး၏။)

နိဗ္ဗာန်တရားတော် မြတ်ကြီးသည် - အရပ်မျက်နှာအားဖြင့် အဘယ်အရပ်မှာ မရှိသည်ဟူ၍မရှိ၊ ရှိသည်သာဖြစ်၍, ရှေးရှု တည့်တည့်ဖြည့်၍ ဉာဏ်ဖြင့် ကြည့်ရှုရာ အချပ်ထိုင်းကာပင် ထင်နိုင်သည်ဟု မှတ်ကြကုန်၊ အသင်္ခတဓာတ်နိဗ္ဗာန် တရားတော်မြတ်ကြီးသည် လွန်စွာအေးမြသာယာ ကြည်လင် လှစွာသော အရောင်အလင်းနှင့်တကွ ထွန်းလင်း တောက်ပသျှက် တည်ရှိကြောင်းကို ဟောတော်မူသည်ကို ရိုသေလေးမြတ်စွာ အကြိမ်ကြိမ် အထပ်အထပ် မှတ်သားကြကုန်၊ မည်သည့်တရားတို့နှင့် မနှိုင်းယှဉ်အပ်သော အတွဋ်အထိပ် တရားတော်ကြီးဟု မှတ်ကြ၊ စာတွေ့နှင့် တင်းမတိမ်ကြနှင့်၊ ဉာဏ်ဝမှာ ထိထိမိမိ အဟုတ်တကယ် သိမြင်၍ ဖလသမာပတ် နိဗ္ဗာန်ချမ်းသာကြီးကို မချဆတ်ဆတ် ခံစားနိုင်အောင် ကြိုးစား၍ အားထုတ်ကြ၊

အသင်္ခတဓာတ် နိဗ္ဗာန်သည် - အရပ် မျက်နှာတိုင်း၌ ရှိကြောင်းကို ဟောတော်မူသော ရင်းသုတ်အဖွင့် အဋ္ဌကထာ၌။

သဗ္ဗေတေဝါ တထာဂတာမေဝ န ကေဏ္ဍိပိ နတ္ထိဘိ သဗ္ဗေတော ပတံ ပုရတ္ထိမဒိသာဒိသုပိ အသုကဒိသာယာနာမ နိဗ္ဗာနံ နတ္ထိတိ နငတ္တမ္ပိ။ ဟူ၍ မိန့်အပ်၏၊

(ရင်းပါဠိ, အနက်, အဓိပ္ပါယ်ကို နောက်က ရေးပြီးဖြစ်၍ အနက်ကို အထူးမရေးတော့ပြီ။)

အသင်္ခတဓာတ် တရားတော်မြတ်ကြီး၌ ပထဝီဓာတ်, အာပေါဓာတ် တေဇောဓာတ် အစရှိသော ဘုံ ၃၁-ဘုံ၌ ရှိကောင်းသော တရားဟူသမျှ, ဘာမျှမရှိဟု ဟောတော်မူသော ပါဠိတော်ကြီး၏။ အနက်သဘောကို ကောင်းစွာ ရေးသားဖော်ပြပေအံ့သတည်း။

## (ဥဒါန်းပါဠိတော်အနက်။)

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယတ္ထအသင်္ခတဓာတုယာ၊ အကြင် အသင်္ခတဓာတ် နိဗ္ဗာန်၌။ ပထဝီ၊ ပထဝီဓာတ်သည်။ နေဝ အတ္ထိ၊ မရှိ။ အာပေါ အာပေါဓာတ်သည်။ နတ္ထိ၊ မရှိ၊ တေဇော၊ တေဇောဓာတ်သည်။ နတ္ထိ၊ မရှိ။ ဝါယော၊ ဝါယောဓာတ်သည်။ နတ္ထိ၊ မရှိ။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနဘုံ၌ အပြွင်းဝင်သော တရားအပေါင်းသည်။ နတ္ထိ၊ မရှိ။ ဝိညာနဉ္စာ

ယတနံ၊ ဝိညာဏဉ္စာယတနဘုံ၌ အကြွင်းဝင်သော တရားအပေါင်းသည်၊ နတ္ထိ၊ မရှိ။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနဘုံ၌ အကြွင်းဝင်သော တရားအပေါင်းသည်။ နတ္ထိ၊ မရှိ။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနဘုံ၌ အကြွင်းဝင်သော တရားအပေါင်းသည်။ နတ္ထိ၊ မရှိ။ အယံလောကော၊ ဤပစ္စုပ္ပန်လောကသည်။ နတ္ထိ၊ မရှိ။ ပရလောကော၊ တမလွန်လောကသည်။ နတ္ထိ၊ မရှိ။ ဥဘော၊ နှစ်ပါးစုံကုန်သော စန္ဒိမသူရိယာ၊ လ,နေတို့သည်။ နသန္တိ၊ မရှိကုန်။

ဘိက္ခဝေ၊ ရဟန်းတို့။ တတြာပိ ထိုအသင်္ခတဓာတ်နိဗ္ဗာန်၌လည်း။ အာဂတိံ၊ ထိုရွေးဘဝမှလာ၍ ဖြစ်ခြင်းကို။ နဝဒါမိ၊ ဟောတော်မမူ။ ဂတိံ၊ ဤဘဝမှ ကူးပြောင်း၍သွားခြင်းကို။ နဝဒါမိ၊ ဟောတော်မမူ။ ဌိတိံ၊ စုတိမနေ သေရခြင်းကို။ နဝဒါမိ၊ ဟောတော်မမူ။ ဥပပတ္တိံ၊ ပဋိသန္ဓေ တည်နေခြင်းကို။ နဝဒါမိ၊ ဟောတော်မမူ။ တံနိဗ္ဗာနံ၊ ထိုအသင်္ခတနိဗ္ဗာန်သည်။ အပ္ပတိဋ္ဌံ၊ ဖြစ်စဉ်သံသရာဝဋ် မဟုတ်သည့်သာလျှင်။ အနာရမ္မဏံ၊ အာရုံ မပြုတတ်သော နာမ်တရားမျိုး ဖြင့်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တဒါယတနံ၊ ထိုခန္ဓာ, ရုပ်တို့ အာရုံအကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧသေဝ၊ ဧသောဝ၊ အသင်္ခတဓာတု၊ ထိုအသင်္ခတ

ခေတ် နိဗ္ဗာန်သည်သာလျှင်။ ဒုက္ခသာ၊ သံသရာ ဝဋ်ဆင်း ရဲအပေါင်း၏။ အချုပ်အနှောင်လုံးရာသည်။ ဟေတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

ဤသုတ္တန်ပါဠိတော်ကြီးများ၌- နာမ်,ရုပ်,တရားတို့၏ ချုပ်ရာ, ဝဋ်ဆင်းရဲ၏။ ချုပ်ရာကား အသင်္ခတခေတ် နိဗ္ဗာန်မည်ကြောင်းကို ဟောတော်မူ၏။ နာမ်, ရုပ်တရားတို့၏ ချုပ်ခြင်း, ဝဋ်ဆင်းရဲ၏ကား ပရိနိဗ္ဗာန်မည် ကြောင်းကို ထင်ရှားစွာ ဟောတော်မူ၏။

ထိုနိဗ္ဗာန် နှစ်မျိုးကိုလည်း ကောင်းစွာပိုင်းခြား ဝေဘန်၍မှတ်ကြ။

ဤပါဠိတော်မြတ်ကြီး၌ - အသင်္ခတခေတ် နိဗ္ဗာန်မှာ နေ,လ,မရှိဟူ၍ ဟောတော် မူခြင်းကြောင့်။ နိဗ္ဗာန်ဆိုသော တရားသည် အရောင်အလင်း မရှိဟူ၍ မမှတ်ကြ လင့်။ အရောင် အလင်းနှင့်တကွ ရှိကြောင်းကို ရချ ဆတ်ဆတ် မှတ်ယူကြကုန်။

နိဗ္ဗာန်တရားတော်မြတ်ကြီး ထင်ရှားရှိပုံကို ပြဆိုခဏ်း ဤ ဘွင်ပြီး၏။

**အပါယ်လေးပါး တံခါးပိတ်ပြီးသော အရိယာဝိဇ္ဇာ သောတာပန် သိပုံနှင့် ပုထုဇဉ်တို့ သိပုံနှင့်မျိုးကို ထင်ထင် ရှားရှားကြီးခွဲ၍ ဟောတော်မူသော သုတ်တော်မြတ်ကို ကောင်းစွာ ပြဆိုဦးအံ့။**

ဥပရိပဏ္ဏာသ ပါဠိတော်ကြီး၌ ညီခတ်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထား၍ ဗဟုဓာတုက သုတ်တော်မြတ်ကြီးကို ဟောတော်မူလေသည်၊ ထိုသုတ်တော်မြတ် ဒေသနာကို သေချာစွာနာယူ မှတ်သားကြကုန်၊ စိတ်ကိုတည်ကြည် ငြိမ်သက်စွာထား၍ နှလုံးသွင်း မှတ်ထားကြကုန်၊

၁၊ အရှင်ဘုရား အဘယ်မျှသော အကြောင်းဖြင့် အရာဋ္ဌာန ဟုတ်သည့် မဟုတ်သည်၌ လိမ္မာသော ရဟန်းဟု၍ ဆိုခြင်းငှါ သင့်ပါသနည်း။ ။အိုအာနန္ဒာ အကြင်အကြောင်းကြောင့် သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရကို မြဲ၏ဟူ၍ စွဲယူရာ၏၊ ဤစွဲယူခြင်းသည် အကြောင်းမဟုတ် အရာဋ္ဌာနမဟုတ်၊ ဤသို့စွဲယူရာသော အကြောင်းမရှိဟု ကောင်းစွာသိ၏၊ (ဤအား အရိယာ သောတာပန် သိပုံ၊) ဤသို့သော အကြောင်းသည်ကား

ရှိ၏။ အကြွင်းအကြောင်းကြောင့် ပုထုဇဉ်သည်, တစုံတခုသော သင်္ခါရကို မြဲ၏ဟူ၍ စွဲယူရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏ဟူ၍ သိ၏။ ဤသည်ကား ပုထုဇဉ်သိပုံ, ယူပုံ။ နိစ္စ မြဲ၏ဟူ၍ ယူ၏။ ဝါ-နိစ္စ-သိ- အရိယာသိ။ နိစ္စ-သိ,-ပုထုဇဉ် သိ။

၂။ အကြွင်း အကြောင်းကြောင့် သောတာပတ္တိမဂ်ဉာဏ် အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ တစုံတခုသော သင်္ခါရကို ချမ်းသာ၏ဟူ၍ စွဲယူခြင်းသည် အကြောင်းမဟုတ်။ အရာဌာနမဟုတ် ဤသို့စွဲယူရာသော အကြောင်းသည်မရှိဟု ကောင်းစွာသိ၏။ (ဤကား အရိယာပုဂ္ဂိုလ်သိပုံ။) ဤသို့သော အကြောင်းသည်ကားရှိ၏။ အကြွင်းအကြောင်းကြောင့် ပုထုဇဉ်သည် တစုံတခုသော သင်္ခါရကို ချမ်းသာ၏ဟူ၍ စွဲယူရာ၏။ ဤသို့သော အကြောင်းသည်ရှိ၏ဟူ၍ သိ၏၊ ဤကား ပုထုဇဉ် သိပုံ သုခဟူ၍ ယူ၏။ ဝါ။ ဒုက္ခ-သိ, အရိယာ-သိ။ သုခ သိ, ပုထုဇဉ် သိ။

၃။ အကြွင်းအကြောင်းကြောင့်သောတာပတ္တိမဂ်ဉာဏ် အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော တရားကို အတ္တဟူ၍ စွဲယူရာ၏။ ဤသို့ စွဲယူခြင်းသည် အကြောင်းမဟုတ် ဤသို့ စွဲယူခြင်းသည် အရာဌာန

မဟုတ်၊ ဤသို့ စွဲယူရာသော အကြောင်းသည် မရှိဟု ကောင်းစွာ သိ၏။ (ဤကား-သောတာပန်အရိယာသိပုံ။) ဤသို့သော အကြောင်းသည်ကားရှိ၏။ အကြင်အကြောင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် တရုံတခုသော တရား အတ္တဟူ၍ စွဲယူရာ၏။ ဤသို့သော အကြောင်းသည်ရှိ၏ ဟူ၍သိ၏။ ဤကား ပုထုဇဉ် သိပုံ- အတ္တဟုယူ၏၊ ဝါ။ အနတ္တ သိ။ အရိယာ-သိ, အတ္တ-သိ, ပုထုဇဉ်-သိ။ ဤမျှလောက် လေးနက်သော အချက်ကြီးများကို ကောင်းမွန်ရိုသေ လေးမြတ်စွာ မှတ်သားနာယူကြကုန်။

၄။ အကြင် အကြောင်းကြောင့် သောတာပတ္တိမဂ် ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မွေးသည့် မိခင်ကို အသက်ဇီဝိတိန္ဒြေမှ ချရာ၏၊ ဤသို့-အမိကို သတ်ခြင်းသည် အကြောင်းမဟုတ်၊ ဤသို့ မိခင်ကိုသတ်ခြင်းသည် အရာဋ္ဌာနမဟုတ်။ ဤသို့ အမိကို သတ်ရာသော အကြောင်းသည် မရှိဟု ကောင်းစွာသိ၏။ ဤကား အရိယာသောတာပန် သိပုံတည်း။ ဤသို့သော အကြောင်းသည်ကားရှိ၏။ အကြင်အကြောင်းကြောင့် ပုထုဇဉ်သည် မွေးသည့်မိခင်ကို အသက်ဇီဝိတိန္ဒြေမှ ချရာ၏။ ဤသို့သောအကြောင်းသည် ရှိ၏ဟူ၍ သိ၏။ (ဤသည်ကား ပုထုဇဉ် သိပုံ။)

၅။ အကြင် အကြောင်းကြောင့် သောတာပတ္တိ မဂ်ဉာဏ် အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ မွေးသည့်ဘခင်ကို အသက်ဇီဝိတိန္ဒြေမှ ချရာ၏၊ (သိပုံမှာ အထက်မိခင်နှင့် တူ၏။) ရဟန္တာပုဂ္ဂိုလ် အသက်ဇီဝိတိန္ဒြေမှ ချရာ၏၊ ဤသို့သော အကြောင်းသည်မရှိ (လ) ပုထုဇဉ်သည် ရဟန္တာပုဂ္ဂိုလ်ကို အသက်ဇီဝိတိန္ဒြေမှ ချရာ ဤသို့သော အကြောင်းသည် ရှိသည်ဟူ၍ သိ၏၊ အရိယာသောတာပန်သည် မိခင်, ဘခင်, ရဟန္တာ အစရှိသော ပုဂ္ဂိုလ်ကြီးများနှင့် တကွ အသက်ရှိသော ပုဂ္ဂိုလ်သတ္တဝါဟူသမျှကို မသတ်တော့ပြီ။

ပုထုဇဉ်သည်- မိခင်, ဘခင်, ရဟန္တာ အစရှိသော ပုဂ္ဂိုလ်ကြီးများနှင့်တကွ အသက်ရှိသောပုဂ္ဂိုလ်သတ္တဝါဟူသမျှကိုပင် အားလုံးသတ်နိုင်၏။ သတ်၏။ (ပုထုဇဉ်နှင့် အရိယာသောတာပန် ခြားနားပုံ။)

၆။ အကြင် အကြောင်းကြောင့် သောတာပတ္တိ မဂ်ဉာဏ် အမြင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သတ်ရန်ကြံရွယ် ဖြစ်မှားသောစိတ်ဖြင့် မြတ်စွာဘုရား၏ သွေးတော်ကို ဖြစ်ပေါ်စေရာ၏။ ဤသို့ဖြစ်ပေါ်စေခြင်းသည် အရာဌာနမဟုတ်။ ဤသို့ မြတ်စွာဘုရားအား သွေးစိမ်းတော် ဖြစ်ပေါ်အောင် ပြုရာသော အကြောင်းသည်

မရှိဟူ၍ ကောင်းစွာ သိ၏။ (ဤ သည်ကား အရိယာ သောတာပန် သိပုံ။) ဤသို့သော အကြောင်းကားရှိ၏။ အကြင်အကြောင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် သတ်ရန် ကြံရွယ် ဖြစ်များသောစိတ်ဖြင့် မြတ်စွာ ဘုရား၏ သွေးတော်ကို ဖြစ်ပေါ်စေရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏ဟူ၍ သိ၏၊ (ဤကား ပုထုဇဉ် သိပုံ။)

၇။ အကြင် အကြောင်းကြောင့် သောတာပတ္တိမဂ် ဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ညီညွတ်သော သံဃာကို ခွဲရာ၏။ ဤသို့ခွဲခြင်းသည် အကြောင်းမဟုတ်။ ဤသို့ ခွဲခြင်းသည် အရာဌာနမဟုတ်၊ ဤ သို့ သံဃာကို ကွဲအောင်ပြုရာသောအကြောင်းသည် မရှိဟူ၍ ကောင်းစွာသိ၏။ (ဤကား အရိယာသောတာပန် သိပုံ။) ဤသို့သော အကြောင်းသည်ကား ရှိ၏။ အကြင် အကြောင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် ညီညွတ်သော သံဃာကို ခွဲရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏ဟူ၍ သိ၏။

(ဤကား ပုထုဇဉ် သိပုံ။)

၈။ အကြင် အကြောင်း ကြောင့် သောတာပ တ္တိ မဂ် ဉာဏ် အမြင် နှင့် ပြည့် စုံသော ပုဂ္ဂိုလ်သည် မြတ်စွာ ဘုရားမှ တပါးသောပုဂ္ဂိုလ်ကို ဆရာဟူ၍ ညွှန်းရာ၏။

ဤသို့ ညွှန်းခြင်းသည် အကြောင်းမဟုတ်။ ဤသို့ ညွှန်းခြင်းသည် အရာဋ္ဌာန မဟုတ်။ ဤသို့ ညွှန်း ရာ သော အကြောင်းသည်မရှိဟူ၍ ကောင်းစွာ သိ၏။ (ဤသည်ကား အ ရိ ယာ သော တာ ပန် သိပုံ။) ဤ သို့ သော အကြောင်းသည်ကား ရှိ၏။ အကြင် အကြောင်းကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှတပါးသောပုဂ္ဂိုလ်ကို ဆရာဟူ၍ ညွှန်း ရာ ၏။ ဤသို့ ညွှန်း ရာ သော အကြောင်းသည်ရှိ၏ဟူ၍ သိ၏။ (ဤကား ပုထုဇဉ် သိပုံ။)

၉။ အကြင် အကြောင်းကြောင့် တခုသောလောကဓာတ်၌ နှစ်ဆူကုန်သော ပူ ဇော် အ ထူး ကို ခံတော်မူထိုက်ကုန်သော သမ္မာသမ္ဗုဒ္ဓ မြတ် စွာ ဘုရားတို့သည် မရှေးမနှောင်း တပြိုင်နက် ပွင့်တော်မူကြကုန်ရာ၏။ ဤသို့ တခုသောလောကဓာတ်၌ ဘုရားနှစ်ဆူ တပြိုင်နက်ပွင့်ခြင်းသည် အကြောင်းမဟုတ် အရာဋ္ဌာနမဟုတ်။ ဤသို့ ပွင့်နိုင်ရာသော အကြောင်းမရှိဟူ၍ ကောင်း စွာ သိ၏။ (ဤကား အ ရိ ယာ သောတာပန်သိပုံ။) ဤ သို့ သော အကြောင်းသည်ကားရှိ၏။ အကြင် အကြောင်းကြောင့် တခုသောလောကဓာတ်၌ တ ဆူ သော ပူ ဇော် အ ထူး ကိုခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ မြတ် စွာ ဘု ရား သည် ပွင့်ထွန်းရာ၏။ ဤသို့သောအကြောင်းသည် ရှိ၏ ဟူ၍သိ၏။ (ဤကား ပုထုဇဉ် သိပုံ။)

၁၀။ အကြွင်း အကြောင်းကြောင့်။ တရသောလော ကဓာတ်၌ နှစ်ယောက်ကုန်သော စကြာဝတေးမင်းကြီး တို့သည် မရှေးမနှောင်း တပြိုင်နက်ဖြစ်ပေါ်ကုန်ရာ၏။ ဤသို့ တခုသောလောကဓာတ်၌ စကြာဝတေးမင်းနှစ်ဦး တပြိုင်နက် မင်းပြုခြင်းသည် အကြောင်းမဟုတ် အရာ ဌာနမဟုတ် ဤသို့ဖြစ်နိုင်ရာသော အကြောင်း သည် မရှိဟု ကောင်းစွာသိ၏။ (ဤကား အရိယာ သောတာ ပန် သိပုံ။)

၁၁။ အကြွင်း အကြောင်းကြောင့် မိန်းမ သည် ပုဗ္ဗဇော်အထူးကို ခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ မြတ် စွာဘုရားဖြစ်ရာ၏။ ဤသို့ မိန်းမ ၏ ဘုရား ဖြစ် ခြင်း အကြောင်းမဟုတ်။ အရာဌာနမဟုတ် ဤသို့ဖြစ်နိုင်သော အကြောင်းသည် မရှိဟူ၍ ကောင်း စွာ သိ ၏။ ဤကား အရိယာသိပုံ။ ဤသို့သော အကြောင်း သည်ကားရှိ၏။ အကြွင်း အကြောင်းကြောင့် ယောကျ်ားသည် ပုဗ္ဗဇော်အ ထူးကို ခံတော်မူထိုက်သော သမ္မာ သမ္ဗုဒ္ဓ မြတ်စွာ ဘုရားဖြစ်ရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏ဟူ၍ ကောင်းစွာ သိ၏။

၁၂။ အကြွင်း အကြောင်းကြောင့် မိန်းမသည် စကြာ ဝတေးမင်းဖြစ်ရာ၏။ ဤ မိန်းမ ၏ စကြာဝတေးမင်း

ကြီး ဖြစ်ခြင်းသည် အကြောင်းမဟုတ်။ အရာဌာနမဟုတ်။ ဤသို့ဖြစ်နိုင်သော အကြောင်းသည် မရှိဟု ကောင်းစွာသိ၏။ (ဤကား အရိယာသိပုံ။) ဤသို့သော အကြောင်းသည်ကား ရှိ၏၊ အကြင် အကြောင်းကြောင့် ယောက်ျားသည် စကြဝတေးမင်းကြီးဖြစ်ရာ၏။ ဤသို့ ဖြစ်ရာသော အကြောင်းသည် ရှိ၏ဟူ၍ ကောင်းစွာ သိ၏။

၁၃၊ အကြင် အကြောင်းကြောင့် မိန်းမသည် သိကြားမင်း၏ အဖြစ်ကိုပြုရာ၏။ မာရ်နတ်မင်း၏ အဖြစ်ကို ပြုရာ၏။ ဗြဟ္မာမင်းကြီး၏ အဖြစ်ကို ပြုရာ၏။ ဤသို့ ပြုခြင်းသည် အကြောင်းမဟုတ်။ အရာဌာနမဟုတ်။ ဤသို့ပြုနိုင်ရာသော အကြောင်းသည် မရှိဟု ကောင်းစွာသိ၏။ ဤကား အရိယာသိပုံ။ ဤသို့သောအကြောင်းသည်ကား ရှိ၏။ အကြင်အကြောင်းကြောင့် ယောက်ျားသည် သိကြားမင်း၏ အဖြစ်ကိုပြုရာ၏။ မာရ်နတ်မင်း၏ အဖြစ်ကိုပြုရာ၏။ ဗြဟ္မာမင်းကြီး၏ အဖြစ်ကို ပြုရာ၏။ ဤသို့ပြုရာသော အကြောင်းသည် ရှိ၏ဟူ၍ သိ၏။

၁၄။ အကြင် အကြောင်းကြောင့် ကာယဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အလိုရှိအပ်သော နှစ်သက်အပ်သော နှလုံးသို့ပွားစေတတ်သော ကောင်း

ကျိုးသည် ဖြစ်ရာ၏။ ဤသို့ဖြစ်ခြင်းသည် အကြောင်း မဟုတ်။ အရာဋ္ဌာနမဟုတ်။ ဤသို့ ဖြစ်နိုင်ရာ သော အကြောင်းသည် မရှိဟု ကောင်းစွာ သိ၏။ (ဤကား အရိယာသိပုံ။) ဤသို့သော အကြောင်းသည်ကား ရှိ၏။ အကြင် အကြောင်း ကြောင့် ကာယဒုစရိုက်နှင့် ပြည့်စုံ သော ပုဂ္ဂိုလ်အား အလိုမရှိအင်သော မနှစ်သက်အပ် သော နှလုံးကိုမပွားစေတတ်သော မကောင်းကျိုးသည် ဖြစ်ရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏ဟူ၍သိ၏။

အကြင် အကြောင်းကြောင့် ဝစီဒုစရိုက်နှင့် ပြည့်စုံ သောပုဂ္ဂိုလ်အား အလိုရှိအပ်သော နှစ်သက်အပ်သော နှလုံးကို ပွားစေတတ်သော ကောင်းကျိုးသည် ဖြစ်ရာ ၏။ ဤသို့ဖြစ်ခြင်းသည် အကြောင်းမဟုတ်။ အရာဋ္ဌာန မဟုတ်။ ဤသို့ဖြစ်နိုင်ရာသော အကြောင်းသည် မရှိဟု သိ၏။ (ဤကား အရိယာသိပုံ) ဤသို့သော အကြောင်း သည်ကား ရှိ၏။ အကြင် အကြောင်းကြောင့် ဝစီဒုစရိုက် နှင့် ပြည့်စုံသော ပုဂ္ဂိုလ် အား (လ) အကြင် အ ကြောင်းကြောင့် မနောဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် အား အလိုမရှိအပ်သော မနှစ်သက်အပ်သော နှလုံးကို မပွားစေတတ်သော မကောင်းကျိုးသည်ဖြစ်ရာ၏။ ဤသို့ သောအကြောင်းသည် ရှိ၏ဟု သိ၏။ အကြင်အကြောင်း ကြောင့် ကာယဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အလို

မရှိအပ်သော မနှစ်သက်အပ်သော နှလုံးကို မပွားစေတတ်သော မကောင်းကျိုးသည် ဖြစ်ရာ၏။ ဤသို့ဖြစ်ခြင်းသည် အကြောင်းမဟုတ် အရာမွှာနာမဟုတ်၊ ဤသို့ဖြစ်နိုင်ရာသော အကြောင်းသည် မရှိဟုသိ၏။ (ဤကား အရိယာသတို့) ဤသို့သော အကြောင်းသည်ကား ရှိ၏၊ အကြင်အကြောင်းကြောင့် ကာယဒုရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အလိုရှိအပ်သော နှစ်သက်အပ်သော နှလုံးကို ပွားစေတတ်သော ကောင်းကျိုးသည် ဖြစ်ရာ၏။ ဤသို့သော အကြောင်းသည်ကား ရှိ၏ဟု သိ၏၊ အကြင်အကြောင်းကြောင့် ဝစီသုစရိုက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား(လ) ဤသို့ဖြစ်ခြင်းသည် အကြောင်းမဟုတ်။ အရာမွှာနမဟုတ်။ ဤသို့ဖြစ်နိုင်ရာသော အကြောင်းသည်မရှိဟု သိ၏၊ (အရိယာသတို့) အကြင် အကြောင်းကြောင့် မနောသုစရိုက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အားအလိုမရှိအပ်သော မနှစ်သက်အပ်သော နှလုံးကို မပွားစေတတ်သော မကောင်းမှုရှိသည်ဖြစ်ရာ၏။ (လ) ဤသို့သောအကြောင်းသည် မရှိဟူ၍သိ၏။ (ဤကား အရိယာသတို့။) ဤသို့သော အကြောင်းသည်ကား ရှိ၏။ အကြင်အကြောင်းကြောင့် မနော သုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား အလိုရှိအပ်သော နှစ်သက်အပ်သော နှလုံးကိုပွားစေတတ်သော ကောင်းကျိုးသည် ဖြစ်ရာ၏။ ဤသို့သောအကြောင်းသည် ရှိ၏ဟု သိ၏။ အကြင်အကြောင်းကြောင့် ကာယသုစ

ရိုက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ထိုကာယသုစရိုက်နှင့် ပြည့်စုံခြင်း တည်းဟူသော အကြောင်းကြောင့် ထိုသို့ ပြည့်စုံခြင်း တည်းဟူသော အကြောင်းပစ္စည်းကြောင့် ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ကောင်းမှုပြုသော သူတို့၏ လားရာဖြစ်သော နတ်ပြည်လောကသို့ ကပ်ရောက်လေရာ၏။ ဤသို့ကပ်ရောက်ခြင်းသည် အကြောင်း မဟုတ်၊ အရာမဲ့ဘနမဟုတ်၊ ဤသို့ကပ်ရောက်နိုင်သော အကြောင်းသည်မရှိဟု သိ၏။ (ဤကား အရှိသာသိပုံ) ဤသို့သောအကြောင်းသည်ကားရှိ၏။ အကြင်အကြောင်း ကြောင့် ကာယဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ထိုပြည့်စုံခြင်းတည်းဟူသော အကြောင်း ပစ္စည်းကြောင့် ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ချမ်းသာကင်း သော မကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော ဖရိုဖရဲ ကျရောက်ရာဖြစ်သော ငရဲသို့ကပ်ရောက်လေရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏ဟူ၍ သိ၏။

အကြင် အကြောင်းကြောင့် မနောဒုစရိုက်နှင့် ပြည့်စုံ သော ပုဂ္ဂိုလ်သည် ထိုပြည့်စုံခြင်း တည်းဟူသော အ ကြောင်းပစ္စည်းကြောင့် ကိုယ်ခန္ဓာပျက်၍ သေသည်မှ နောက်၌ ကောင်းမှုပြုသောသူတို့ လားရာဖြစ်သော နတ် ပြည်လောကသို့ ကပ်ရောက်လေရာ၏။ ဤသို့သော အ ကြောင်းသည်ကားရှိ၏။ အကြင် အကြောင်းကြောင့် ဝဓိ

ဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် (လ) မနော ဒုစရိုက်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ထိုပြည့်စုံခြင်းတည်း ဟူသောအကြောင်းကြောင့် ထိုသို့ ပြည့်စုံခြင်း တည်းဟူ သောအကြောင်း ပစ္စည်းကြောင့် ထို ခန္ဓာ ပျက်၍ သေ သည်မှနောက်၌ ချမ်းသာကင်းသော မကောင်းမှုကိုပြု သောသူတို့၏ လားရာဖြစ်သော ငရဲဘုံသို့ ကပ်ရောက် လေရာ၏။ ဤသို့သော အကြောင်းသည် ရှိ၏ဟူ၍ သိ၏။

(ဤကား အရိယာသိပုံ၊)

အကြွင်အကြောင်းကြောင့် ကာယဒုစရိုက်နှင့်ပြည့် စုံသော ပုဂ္ဂိုလ်သည် ထိုသို့ပြည့်စုံခြင်း တည်းဟူသော အကြောင်းပစ္စည်းကြောင့် ကိုယ်ခန္ဓာပျက် ၍, သေသည် မှနောက်၌ ချမ်းသာကင်းသော မကောင်းမှုကို ပြုသော သူတို့၏ လားရာဖြစ်သော ဖရိဗရဲ ကျရောက်ရာဖြစ်သော ငရဲဘုံသို့ ကပ်ရောက်လေရာ၏။ ဤကပ်ရောက်ခြင်းသည် အကြောင်းမဟုတ် အရာဌာနမဟုတ်။ ဤသို့ကပ်ရောက် နိုင်သော အကြောင်းသည် မရှိဟု သိ၏။ (ဤကား အရိ ယာသိပုံ) ဤသို့သော အကြောင်းသည် ကား ရှိ၏။ အကြွင် အကြောင်းကြောင့်, ကာယသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ထိုပြည့်စုံခြင်းတည်း ဟူသော အကြောင်း ကြောင့် ထိုပြည့်စုံခြင်းတည်း ဟူသော အကြောင်းပစ္စည်း ကြောင့် ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ကောင်း

မှုကိုပြုသောသူတို့၏ လားရာဖြစ်သော နတ်ပြည်လောကသို့ ကပ်ရောက်လေရာ၏။ ထိုသို့သော အကြောင်းသည့်ရှိ၏ဟုသိ၏။

အကြွင်း အကြောင်းကြောင့် ဝစီသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်(လ)မနောသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ထိုသို့ ပြည့်စုံခြင်း တည်းဟူသော အကြောင်းကြောင့် ထိုသို့ ပြည့်စုံခြင်း တည်းဟူသော အကြောင်းပစ္စည်းကြောင့် ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းမှုကို ပြုသောသူတို့၏လားရာဖြစ်သော ဖရိဖရဲ ကျရောက်ရာဖြစ်သော ငရဲဘုံသို့ ကပ်ရောက်လေရာ၏။ ဤသို့ ကပ်ရောက်ခြင်းသည်။ အကြောင်းမဟုတ် အရာဌာနမဟုတ်။ ဤသို့ ကပ်ရောက်နိုင်ရာသော အကြောင်းသည် မရှိဟုသိ၏(ဤကား အရိယာသိပုံ) ဤသို့သော အကြောင်းသည့်ကား ရှိ၏၊ အကြွင်း အကြောင်းကြောင့် ဝစီသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် (လ) အကြွင်း အကြောင်းကြောင့် မနောသုစရိုက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ထိုပြည့်စုံခြင်း တည်းဟူသော အကြောင်းကြောင့်၊ ထိုပြည့်စုံခြင်းဟူသောအကြောင်း ပစ္စည်းကြောင့် ကိုယ်ခန္ဓာပျက်၍ သေသည်မှနောက်၌ ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော နတ်ပြည်လောကသို့ ကပ်ရောက်လေရာ၏။

ဤသို့သော အကြောင်းသည် ရှိ၏ဟု သိ၏၊ ဒို အာနန္ဒာ ဤမှ အတိုင်းအရှည်ရှိသော အကြောင်းဖြင့် အကြောင်း ဟုတ်သည်, မဟုတ်သည်၌ လိမ္မာသောရဟန်းကို ပညာ ရှိဆိုခြင်းငှါသင့်၏ဟု မိန့်တော်မူလေ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် အရှင်အာနန္ဒာမထေရ် သည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်မြတ် ကြီးကို ဤသို့လျှောက်၏။ အရှင်ဘုရား အံ့ဩဖွယ် ကောင်းလှပါ၏။ အရှင်ဘုရား မဖြစ်ဘူး ထူးဆဲလှပါ၏ အရှင်မြတ်ဘုရား၊ ဤသို့ ဟုရား ဒေသနာတော်သည် အဘယ်အမည်ရှိ ရပါသနည်းဟု လျှောက်လေ၏။

ဒို အာနန္ဒာ- ထိုဆိုအပ်ခဲ့ ပြီးသော အကြောင်းများ ကြောင့် ဤတရား ဒေသနာတော်ကို ထိုသုတ်ဒေသနာ ကို "ဗဟုဓာတုက" တရား ဟူ၍ လည်း မှတ်လေလော ထိုသုတ်ဒေသနာကို "စတုပရိဝဋ္ဋ" တရားဟူ၍လည်း မှတ်လေလော၊ ထိုသုတ်ဒေသနာကို "ဓမ္မာဒါသ" တရား ကြေးမှုံဟူ၍လည်း မှတ်လေလော။ "အမတဒုန္ဒုဘိ" တရားဟူ၍လည်းမှတ်လေလော။ "အနုတ္တရသင်္ဂါမဝိဇ ယ" တရားဟူ၍လည်း မှတ်လောလော့ဟု မိန့်တော်မူ၏။

ဤသို့ - ဘုန်းတော် ကြီးသော မြတ် စွာ ဘု ရား ဟောကြားတော် မူသည်ရှိသော် အရှင်အနန္ဒာ မထေရ်

သည့် အလွန်နှစ်သက် ဝမ်းမြောက်သော စိတ်ရှိသည့် ဖြစ်၍ မြတ်စွာဘုရား၏ ဟောတော်မူအပ်သော တရားတော်ကို အလွန် နှစ်သက်ဝမ်းမြောက်လေ၏။

ပဉ္စဗဟုဓာတုက သုဘ်တော်မြတ်ကြီး၏ သဘာဝဓမ္မကို ကောင်းမွန်ရိုသေ လေးမြတ်စွာ မှတ်သားနာယူ၍ အစ, အလယ်, အဆုံး, သုံးပါးလုံးကို အခေါက်ခေါက် အခါခါ သဘောပါပါနှင့် ကြည့်ရှုကြကုန် သူတော်ကောင်း အပေါင်းတို့။

# နိဂုမ်း

## ကျမ်းပြီး ဂါထာများကို ပြဆိုပေအံ့။

၁။ သိမ ပဗ္ဗတ အာရာမေ၊ ပဥ္စမော ဂဏနာယကော၊
နာနာ သဘာဝ ကောသလ္လော၊ မေဓပ္ပကာသကော၊
ဝိဒေါ။ ။

၁။ သိမပဗ္ဗတအာရာမေ၊ ဝမ်းတွင်းမြို့, သိမ်တောင်တော၌ တိုက်တော်ကြီး၌။ ပဥ္စမော၊ ရှေးဦးစွာ, တည်ထောင် ဘန်ဆင်းတော်မူသော။ ဂဏနာယကော၊ သိမ်တောင်ဂိုဏ်း သံဃာဖြစ်တို့၏အကြီး ဦးစီးရှေ့ဆောင်ဖြစ်တော်မူသော ဆရာတော် ဘုရားကြီးသည်။ နာနာသဘာဝ ကောသလ္လော၊ အထူးထူး အပြားပြား ခြားနားသော လောကီ လောကုတ္တရာ, သဘောတရားတို့၌ လိမ္မာ ကျွမ်းကျင်တော်မူ၏။ မေဓပ္ပကာသ ကောဝိဒေါ၊ နားမလည်သေးသော သူတို့အား နားလည်အောင် နားလည်ပြီးသောသူတို့အား အထူးပူးရှချင်းနှင်းဖေါက်ထွင်းအောင် တရားမေဓ ဟောပြခြင်း၌လည်း လိမ္မာတော်မူ၏။

၂။ ဂုဏေန ရဋ္ဌရဋ္ဌေသု၊ ပတ္ထရိတွာန ဝိဿုတော၊
သဗ္ဗ သတ္တေသု ကာရုညော၊ တေ သ မ တ္ထံ
ကာရောသဒါ။ ။

၂။ ဂုဏေန၊ ပျံ့သင်းကြိုင်မွှေးသော ဂုဏ်သတင်း ဖြင့်။ ရဋ္ဌရဋ္ဌေသု၊ အတိုင်းတိုင်း အပြည်ပြည်, အနယ် နယ်သော မြို့,ရွာ, ဒေသတို့၌။ ပတ္ထရိတွာန၊ လွှမ်းအုပ် ဖြန့်နှံ့မိုးလျက်။ ဝိဿုတော၊ ကျော်စောတော်မူ၏။ သဗ္ဗ သတ္တေသု၊ လုံးစုံမကြွင်း သတ္တဝါခပင်းတို့၌။ ကာရုညော သနားခြင်း ရှိတော်မူ၏။ တေသံ။ ထိုသတ္တဝါတို့၏။ အတ္ထံ၊ပစ္စုပ္ပန်, တမလွန်,အကျိုး၊ လောကီ, လောကုတ္တ ရာအကျိုးကို။ သဒါ၊ အခါခပ်သိမ်း။ ကရော၊ ပြုတော် မူ၏။

၃။ တဿ ထေရဿ ပါဒေသု၊ ရဇော ကိဏ္ဏသိရော
အဟံ၊ ရရန္တယံ မဟာသာဟော၊ လောကာဒိန္နဝ
မာဝိစေ။ ။

၃။ တဿထေရဿ၊ ထိုသိမ်ခေါင် ပါမောက္ခ, ဆရာတော် မထေရ်မြတ်ကြီး၏။ ပါဒေသု၊ ခြေတော်အစုံ ကြာပဒုံတို့၌။ ရဇောကိဏ္ဏသိရော၊ လိမ်းကပ်သော

ပြိုမှန်တို့ဖြင့် ပြွမ်းသော ဦးခေါင်းရှိသော။ အဟော၊ ငါသည် ဓုရဒွယံ၊ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါးကို။ မဟာသာယော၊ မဆုတ်မနစ် အားသစ် လုလ္လဝီရိယရှိလျက်။ လောကာဒိနံ၊ သတ္တဝါသနံ ခန္ဓာလောကကြီး၏ အပြစ်တွေကို။ အာဒိဝေ၊ ရှေးရှု ရွေးချယ်ဝိစစ်ပြီ။

၄။ လယ်ဟျာစေရသာ သမ္ဗုဒ္ဓေ၊ တထာကောသလ္လ
သဥ္စယော။ လောကုတ္တရဗဟုဉာဏော၊ ဒေသ
စာရော ဂျတော ဝိတော။ ။

၅။ နှာနုရာနုမာဘောဂံ၊ ဓမ္မံပါယောဓိ သာရုကာ၊
ဣဒ္ဓိနိဝေဝိသာလသ္မိံ၊ ပဗ္ဗတမ္ဘိစ အာလယော။ ။

၆။ မဟာတဏှာကနာမမှိ၊ ဝါသံ ကရောဓဝ္ဓိကော။
ဗဟုံနရာ ပုညမ္ဘိတာ၊ တေသမညာယ ပတ္တိယ

၇။ မဟာသာဟောနမာပေဓိ၊ ဓာတွာဝါသနစေတိယံ
တဿာဂမံ ဂန္ဓေ ပဿံ၊ ပဉ္စာသာဒိမှယော
ဇဂေကာ။ ။

၈။ သတ်ံဝိမောက္ခမေသိနံ၊ ကမ္မဋ္ဌာနံ ပဒိသကော။
သဝိရိတွာ ဣမံဂန္ထံ၊ နိဋ္ဌာဂမေသုဘတ္တရဲ့။ ။

၉။ ဒေါ်ကောင်း ဦးကျော့ဒယသန္တာ၊ ဆည်ရွာ
နိဝါသ ဝါသိန္တာ၊ ကတပုညံဝိဇာယန္တိ၊ သန္ဒါ
စရိယသာမိကာ။ ။

၄။ လယ်တျာ•စေရသ။ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏။ သမ္ဗုဒ္ဓေ၊ မျက်မှောက်တော်၌ တထာ၊ ထိုသိမ်တောင် ဆရာတော်ဘုရားကြီး၏ ထံတော်ပါးနှင့်တူစွာ ဆည်းကပ်၍။ ကောသလ္လ သဥ္ဇယော၊ လိမ္မာခြင်းတို့ကို ရဆောင်းမိသည်ဖြစ်၍၊ လောကုတ္တရ ဗဟုဉာဏော၊ လောကုတ္တရာ နည်းလမ်း စည်းကမ်း ဥပဒေ ကြွေပြွမ်း သိစွမ်းနိုင်သော ဉာဏ်ပညာ ရှိပြီးသည်ဖြစ်၍။ ဇူတော ဝိတော၊ ဤမြို့မှ ထိုမြို့သို့ ထိုမြို့မှ ဤမြို့သို့ ဤရွာမှ ထိုရွာ ထိုရွာမှ ဤရွာသို့။ ဒေသစာရော၊ အရပ်ရပ် လှည့်လည်လျက်။

ကေကကကက

၅-၆။ နရာနရာနံ၊ လူ,ရှင်ဟူသမျှတို့၏။ အာဘောဂံ၊ နှလုံးသွင်း အားလျော်စွာ။သာရုက္ခံမွှ၊ ချိုမြိန် ကောင်းမြတ်သော အရသာရှိသော တရားရေအေး အမြိုက်ဆေးကို။ ပါယေမိ၊ တိုက်ကျွေးလေ၏။ ဇူဒါနိ၊ ယခုအခါ၌။ ဇူမ၊ ဤဝမ်းတွင်းမြို့ သိမ်တောင်တောရ တိုက်သော်ကြီး၌။ ဝိသာလသို့ ပဗ္ဗတမှိစ အာလယေ မဟာတစ္ဆာကနာမမှိ၊ တောင်သာကန့်တော်ကြီးကျောင်း၌။ ဝဋ္ဋကော၊ ဝဋ္ဋကချောင်၌။ ဝါ၊ကမ္မဋ္ဌာန်းကျောင်း၌။ ဝါသံ၊ သီတင်းသုံးခြင်းကို။ ကရောမိ၊ ပြု၏။ တသ္မိ၊ ထိုသို့နေသော

အခါ၌။ ပုညဗြိတာ၊ ကောင်းမှုကို ဆည်းပူးကြ ပေကုန်သော။ ယောဗဟုံ နုရာ၊ အကြင်များစွာသော လူတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုသူတော်ကောင်းတို့၏။ အညတရာယ၊ နတ်ရွာ နိဗ္ဗာန် ဒွေတန်တန်သောအကျိုး ပွားတိုးခြင်း၌။ ပတ္ထိယသ၊ တောင့်တ ရည်သံလျက်။

၇ - ၈။ မဟုသာဒေဟာနှ၊ ကြီးမြတ်သော လှူခြင်း။ ခေတ္တဝါသန စေတီယံ ခေတ်တော်, ဒွေတော်, ရုပ်ပွားတော် အဆူဆူတို့၏ ဘုန်းဝပ်တော်မူရာ ဟောဒေတီတော်ကြီးကို။ မှာပေမိ၊ တည်ပြု ဖန်ဆင်းပေ၏။ တသော၊ ထိုအလုပ် ဝတ္တရားကြီးကို။ အာဂမံ၊ ဆိုင်းလင့်လျက်။ မဟောဇကော၊ သဒ္ဓါအနက် လေးနက်မြင့်မြတ် ဩဇာခတ်ဟု ဆိုအပ်သော ဝိရုဠှိ သရှိသော၊ ပဏ္ဏာသ ဒွိ ပဏ္ဏာသ သုံးကျမ်း အစရှိကုန်သော။ ဂန္ထေ၊ ကျမ်းကြီး, ကျမ်းငယ်တို့ကို။ ပဿံ၊ ဖန်ဖန်ထပ်ထပ် ဓေ့စပ် ရှုမျှော်လျက်။ ဝိမောက္ခံ၊ ဘဝခန္ဓာသံသရာမှ ထွက်မြောက်ရာ, ထွက်မြောက် ကြောင်း, တရားကို။ ဝါ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တည်းဟူသော ဝိမောက္ခတရားကို၊ ဧသိနော၊ ရှာဖွေလေ့ ရှိကြပေကုန်သော။ သတံ၊ မြစ်သားခြံအမိုင် ကသွန်ရွာ ဘုရားဒါယကာ, ဦးပြည့်အစရှိသော သူတော်ကောင်းတို့အား။ ကမ္မဋ္ဌာနံ၊

မောဟာ ပိတ် ခြယ် ခန္ဓာနယ်၌ အာဂယ်ရှိသော အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘစသော ကမ္မဋ္ဌာန်း လုပ်ပုံလုပ်ငန်း နည်းစခန်းကို။ ပဒိသကော၊ နည်းလမ်းကျကျ မှတ်ငြမ်းရအောင် ဟောပြထင်ထင် ညွှန်ကြားသွန်သင်ရင်း၊ သုဘဒ္ဒရံ၊ မတိမ်မရုတ် ဘော်ထုတ်ပွဲဆွယ် အဓိပ္ပါယ်တို့ဖြင့် တင့်တယ် ကောင်းမြတ်သည့်ထက် အသုံးတင့်တယ် ကောင်းမြတ်သော သဘောအနက် ရှိသော။ ဣမံ ဂန္ထံ၊ ဤ''အရိယာဝိဇ္ဇာမဂ္ဂ အလင်းပြကျမ်း''ကို။ နိဗ္ဗာဂမေ၊ အပြီးဆုံးခြင်းသို့ ရောက်စေပြီ။ ကသ္မိံ ကာလေ၊ အဘယ်ကာလ၌၊ နိဗ္ဗာဂမေ၊ ပြီးဆုံးခြင်းသို့ ရောက်စေသနည်း။ ဣတိ၊ ဤသို့မေးခဲ့သော်။

၉။ ဆည်ရွာ နိဝါသဝါဏိဇ္ဇာ၊ ပုဂံခေတ်အတွင်း ကျန်စစ်မင်း တည်ရှာတဲ့ ဆည်ရွာ ကြည်သာစွာနေကြ ဝါဏိဇ္ဇ ဖြစ်ကုန်သော။ ဒေါ်ကောင်း - ဦး-ကျော့ ဇယသန္တာ၊ ဒေါ်ကောင်း ဦးကျော့ ဒေါ်ဝေါ ကြ၍ ဒေငဓမ္မတရားနှင့် ပျော်ပါးသည့်မယ်တော်, ခမည်းတော်, သူဘော်ကောင်းကြီးတို့သည်။ သဒ္ဓါစရိယ သာမိကံ၊ အစလသဒ္ဓါ ရောင်တလျှပ်လျှပ်နှင့် လောကတ္ထစရိယ, ဉာတတ္ထစရိယ, ပရဟိတ, ဗုဒ္ဓတ္ထစရိယ, အတ္တဟိတ ဗေဒိငါး အင် တည့်သော ဗောဓိ၏ အရှင်ဖြစ်ပေသော။ ကတာဥညံ၊

ရှာမှီးအပ်ပြီးသော တန်ခိုးသမ္ဘာရ ကမ္ဗဇ ဘုတ္တိ ကျင်လည်ရှိထသော၊ ပုဏ္ဏ မိဘနှစ်သုံး ရွှင်ပြုံး ပြည့်တတ်။ ဘုန်းဘုရားအလောင်း သားကောင်း, သားမြတ်ကို။ ဝိဇာယန္တို၊ ၁၂၄၄-ခု အာသဠှိနက္ခတ်နှင့် စန်းယှဉ် ဝါဆိုလပြည့်ကျော် ၅ - ရက် တောသုံးထောင်ကြောင့် စက်လည့်သေ နေ့တွင် သားရတနာစဉ်ကို ဘွားမြင်ကြလေကုန်၏။

၁၀။ တဒ္ဒါကာရညာအာဝါသေ၊ ဝနယျာနမနောရမ္မေ
သတရတနစက်မေသာသနာ ပုဗ္ဗိယာကတာ။

၁၀။ တဒ္ဒါ ကာ ရ ည အာ ဝါ သေ၊ ကျွန်စစ်မင်း၏ မဟာဒေဝီ ခင်တန့်ဗိဗုယား ဘွားရာဇာတိ ထီးသိုင်း၌ ကိုယ်ပိုင်ဘော် တည်ထား ရွှေဘုံသာ မြတ်ဘွာဘုရား၏ အနောက်တောင်ပါးအနီး ဆည်ကြီးတောရ ကျောင်း၌။ ဝါ၊ ဇေတဝန် ကျောင်းအလား အနောက် တောင်ပါး ကုသားလေးတာ ငါးခုကွာခြားသော ဆည်ကြီးတောရကျောင်း၌။ ဝနယျာနမနောရမ္မေ၊ သရက်ဖြူနှော ထန်း အုံးရော၍ ချိုမော မန်ကျည်း သပြေ, ပဒေသာသီး စန်းယှဉ်စိ လျက် ကျီး, ငှက်သံစာ ဥသျှာဥ်သာဝယ် ပျော်ဘွယ်ရာလည်း ကောင်းပေထသော။ ဝါ၊ စိမ်းလွဲ

ကြည့်ပြာ နေရဋ္ဌရာမြစ်ကြီးအလား သည့်ကြီးကမ်းပါး၌ ဆန်းပြားသော ဥယျာဉ်တော်တို့ဖြင့် အထူးနှင်ပျော် စရာ ကောင်းပေထသော။ သတရတနစကော်မေ၊ သိ ကြားဖန်ဆင်းသော ဝက်ပါ စကြန်ပမာ သိတင်းသုံး ဆောင်, ဆွမ်းစားဆောင် ရေချိုးဆောင်တို့ဖြင့် အ တောင်တရာ ရှေရှေ သဲပြုခင်း၍ ဘန်ဆင်းအပ်သော စကြံန်တော်ကြီ၌၊သာသနဂုဒ္ဓိယာ၊ ကမ္ဘာ့ငြိမ်းချမ်းရေး သတ္တဝါငြိမ်းချမ်းရေး, ဗမာငြိမ်းချမ်းရေး, ဘုရားငြိမ်း ချမ်းရေး, ဓမ္မပဒေသ သာသနာ ကြီးပွားစေခြင်းအ ကျိုးငှါ။ ယံဂန္ဓ၊ အကြင်သူတော်ကောင်း မှန်သမျှ ကြိုကြ,ဖန်ကြ,ဟန်ကြ,ပန်ကြအံခချ လက္ခ,အန္တအနန္တ ဖြစ်သော "အရိယာ ဝိဇ္ဇာမဂ္ဂ အလင်းပြ" ကျမ်းကို၊ ကထိ၊ တအားကိုးကာ အမျှားအကျိုးရှာ၍ တရားမိုးရွာ ခြင်းကို ပြုအပ်ပေပြီ။

၁၁။ မဟောသဓော ဝေသန္တရော၊ အာသောကော ဝိယ ကသည်ပါ၊ မင်္ဂလာနိ ဂဝေသေတွာ၊ ဝိဇ္ဇာနာမိ အရိယာဖလံ။ ။

၁၁။ မဟောသဓောဝိယာစ၊ လောကီပညာ၌ မယှဉ် သာ ဥာဏ်ကြီး သူတပါးအကျိုး သိမ်းဆည်းသော အ လောင်းတော် မဟောသဓာကြီးကဲ့သို့ရှင်း။ ဝေသန္တ

ရောဂါပဝါ၊ ငါးသွယ်သော ပွန့်ခြင်း တပြည့်လုံး ခါးထိနှစ်
သော ရတနာခေတ္တကို မတားမမြစ်သော ဒါနပျူနိုင်ခဲ့သော
ဝေသန္တရာ မင်းကြီးကဲ့သို့ရှင်း။ အာခေသာကော ဝိယာစ၊
စေတီ့ကျောင်းကန် တည်ဖန်ရေတွင်း ရှစ်သောင်း လေး
ထောင် လေးလီလျှုသူ တူပြိုင်သူအဖြေ မထွက်ကြ၍
ဗောဓိခုသော သိရီမွေ့သောက မင်းကြီးကဲ့သို့ရှင်း။
ကာယခပါဗိယာစ၊ ရှုတင်အရာ တူမယှဉ်သော ယောဂီ
ခလေ့နှင့် တော်မှိမွေ့သော အရှင် မဟာကဿပ
မထေရ်ကြီးကဲ့သို့ရှင်း။ ဝါ။ ပဋိပတ်သာသနာ တရား
အနှစ် ဘုရားချစ်၍ အများမဖြစ်ဗောဓိထားရ ဦးစွာ
သင်္ဂါယနာတင်ခဲ့သော အရှင်မဟာကဿပ မထေရ်မြတ်
ကြီးကဲ့သို့ရှင်း။ မင်္ဂလာနှိ၊ သုံးဆဲ့တခရိုင် ကုသိုလ်ရမှု
မင်္ဂလာတရား သုံးဆဲ့ရှစ်ပါးတို့ကို။ ဝါ။ ဒုက္ခ, သမု
ဒယ, ဘယ်သူ့ကမ လက်မခံ ငြိမ်းအေးအောင် ကြံဖန်၍
အပြန်ပြန် အလှန်လှန် ပြုတတ်သော မင်္ဂလာတရား
သုံးဆဲ့ရှစ်ရပ်တို့ကို။ ဂဝေသေတွာ၊ တိုက်စကြာဝဠာ
သွက်သွက်ခ မြည်ပြီး အသွယ်တကူ အလိုရှိပိုင်းရှာမှီး
၍။ အရိယာဖလံ၊ ရှင်တော်ဘုရားကို ကြည်ညို အရိ
ယာတို့၏ ပညာအရေဟာဇ္ဇ ရိယ်ကို။ ဝိဇ္ဇာနာမံ၊ လောက
သုံးချပ်, အဆုံးသတ်၍ အနှင်ရှာလျှင် လေးပါးသော
သစ္စာသိတဲ့ ဂွင်ကို လျှင်လျှင်ကြီး သိရပါလို၏။

၁၂။ ဣဒါဒသတိ သတာသဟာသော၊ ဝေသာခ ပုဏ္ဏမိမာ
သေ သူကြာတာဒိအလင်္ကာရော၊ မဏိဓောဘရ
ယော နိဗ္ဗုတောဘိ။ ။

၁၂။ ဣဒါဒသဘိ သတာသဟာသော၊ ကောဇာသက္ကရာဇ်ဖြစ် ထောင့်သုံးရာ တစ်ဆယ့်နှစ်ခုနှစ်၌။ ဝေသာခပုဏ္ဏမိမာသေ၊ ဗျာဒိတ်ပန်းနှင့် သွားခန်းမလျှော့ငြင် မင်္ဂလာသုံးခင် အတု မရှိမိုင်သော ကဆုန်လပြည့် လောက အခေါင် အောင် ပါသော ဂန္ထုန္တနေ့၌။ သူကြာတာဒိ အလင်္ကာရော၊ သူကြာ တ အစ ရှိသည့် တရားဂုဏ်တော် ခြောက်ပါး ဖြင့် အမွှန်ဆုံး,အလှန်ဆုံး ဝ နီးသော ဆင်ထားအပ်ထသော။ မဏိဓောတဘရသော၊ သဘောမကျုတဲ့ အနိမ္မာကွာ မနော မယ ရတ္တာရတနာနှင့် တူသော။ ဂန္ထော၊ လောကိ လောကုတ္တရာ, မနောသန္တါ လောကုတ္တရာ ဝိဇ္ဇာ အသိတ ကာဝင်ပ်မှာ, အရိယာဝိဇ္ဇာ, အထက်ကကျ အခင်း ပဌမ မဂ္ဂအလင်းပြ ကျမ်းသည်။ဝါ၊ "အရိယာဝိဇ္ဇာမဂ္ဂ အလင်းပြ" ကျမ်းသည်။ နိဗ္ဗုတော၊ ပ ကာမ နိဂုမ်း ခါးပတ်ဖိုး၍ ဤတွင် အဆုံးသတ် ပြီးသတည်း။ ။

**အရိယာဝိဇ္ဇာ မဂ္ဂအလင်းပြကျမ်း ဤတွင်ပြီး၏။**

# ဝိဇ္ဇာနှင့် စရဏ ရှင်းပြအံ့—

ကမ္ဘာပေါ်တွင် ရှိရှိသမျှ အနန္တသုတဉာဏ် အပေါင်းတို့မှာ လောကီ စရဏ, လောကုတ္တရာ စရဏ, လောကီ ဝိဇ္ဇာ, လောကုတ္တရာဝိဇ္ဇာ အမျိုးမျိုးရှိသည်ကို ပိုင်းခြား ဝေဘန်၍ ကောင်းစွာ မသိ မမြင် နိုင်ကြသောကြောင့် ကလိန်ခြုံ တောင်ပံခြုံ သူရစ်ခြုံ အမျိုးမျိုး လုံးထွေး ရစ်ပတ်နေဘိသကဲ့သို့ အနုပုထုဇဉ်တို့၏ စိတ်မှာ ရှုပ် ထွေးရစ်ပတ်နေကြသည်ကို မေတ္တာ ကရုဏာ ရှေ့ထား ၍ ထိုအရှုပ်အထွေးကြီးကို လက်ဝါးပေါ်တွင် တင် ထားသော စိန့်ကျောက် ပတ္တမြားရတနာကဲ့သို့ ထင် လျားစွာ ရေးသားပေါ်ပြပေအံ့။

# လောကီဝိဇ္ဇာနှင့် လောကုတ္တရာဝိဇ္ဇာ

## ရှင်းတမ်းကြီး

နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ပဋိပတ်ကို စရဏ ဆိုသည်။ တရားကိုယ်အားဖြင့် သီလ၊ သမာဓိ နှစ်ပါး ပေတည်း။ စရဏ ဖြင့် ရင့်ကျက်၍ ရရှိအပ်သော ဒးရိယာ၊ ဉာဏ်ပညာကို ဝိဇ္ဇာဆိုသည်။ တရား ကိုယ် အား ဖြင့် ပညာက္ခန္ဓာပေတည်း။ စရဏတရားသည် ရှေ့သွားဖြစ်သောကြောင့် တရားသဘော ဖြစ်စဉ်အားဖြင့် ဆိုလျှင် စရဏကို ရှေ့ထား၍ စရဏဝိဇ္ဇာသမ္ပန္နောဟု ဆိုသင့်၏။ သို့ရာတွင် သဒ္ဒါနည်း ဒွန္ဒသမာသ်ဝယ် စပ်ရာ အက္ခရာ နည်းသောပုဒ်က ရှေ့ နေရိုး ထုံးစံ ရှိသော ကြောင့် ဝိဇ္ဇာစရဏသမ္ပန္နော ဟူ၍ ဟောရိုးပြုတော်မူသည်။

(အပ္ပသရ၊ ဗဟုသရေ ဒွန်သို့ကျ၊ အပ္ပသရ၊ ရှေ့နေချားသတည်း။)

စရန္တိ အာဂတပုဗ္ဗံ နိဗ္ဗာန ဒိသာဒေသံ ဧတေနာတိ စရဏံ။ ။

ဧတေန၊ ဤတရားဖြင့်၊ အာဂတံ၊ မရောက်ဘူးသော နိဗ္ဗာန ဒိသာဒေသံ၊ နိဗ္ဗာန် တည်းဟူသော အရပ်ဌာန

သို့၊ စရန္တိ၊ သွားကြရကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ နိဗ္ဗာန်သို့ သွားကြောင်း ဖြစ်သောကြောင့်။ စရဏံ၊ စရဏ မည်၏။

စရဏတရားသည် သာသနာတော်မြတ်၌ နိဗ္ဗာန်သို့ ရောက်နိုင်ရန် အခြေ, အတောင်ပန်တို့နှင့်တူ၏။ ဤလောက၌ အခြေ နှစ်ချောင်းရှိသော သတ္တဝါ, အခြေလေး ချောင်းရှိသောသတ္တဝါ, အခြေ များသော သတ္တဝါတို့၏ ခြေကို စရဏ,ဟူ၍ ပါဠိဘာသာအားဖြင့် ခေါ်ဆိုကြ ကုန်၏။

စရန္တိ တံတံ ဒိသာ ဒေသံ ဧတေဟီတိ စရဏာနိ။
ဧတေဟိ၊ ထို ခြေ, အတောင်ပန်တို့ဖြင့်။ တံတံ ဒိသာ
ဒေသံ၊ ထိုထို အရပ်မျက်နှာသို့။ စရန္တိ၊ သွားလာ
ပျံသန်းကြကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စရဏာနိ၊
စရဏမည်ကုန်၏။

(ခြေ, အတောင်ပန်တို့ကို ဟောသော စရဏ
သဒ္ဒါ၏ ဝိဂ္ဂဟ)

ဝိဇ္ဇာဆိုသည်ကား- ပကတိဖြစ်သော ပုထုဇဉ် လူအ ပေါင်းတို့ သိခြင်းငှါမစွမ်းနိုင်။ အရိယာပုဂ္ဂိုလ်တို့ဉာဏ်

အမြင်ဖြင့် သိမြင်ထိုက်သော အရာကို သိနိုင်သောကြောင့် ဝိဇ္ဇာဟူ၍ဆိုသည်။

ဝိဒ္ဓိတ္ထ ပကတိ မနုဿေဟိ အဝိဒိတံ အရိယ ဉာဏ ဒဿန ဝိသယံ ဇာနန္တိ ပဋိ ဝိဇ္ဇန္တိ တေနာယာတိ ဝိဇ္ဇာ။

တေနယ၊ ဤပညာဖြင့်။ ပကတိ မနုဿေဟိ၊ ပကတိ လူသားဖြစ်သော ပုထုဇန်တို့သည်၊ အဝိဒိတံ၊ သိမြင်နိုင် ဘွယ်မဟုတ်သော။ အရိယဉာဏ ဒဿန ဝိသယံ၊ အရိ ယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့်သာ သိမြင်ထိုက်သော အရာကို။ ဝိဒန္တိ-ဇာနန္တိ၊သိကုန်၏။ ပဋိဝိဇ္ဈန္တိ၊ ထိုးထွင်း ရှုရကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိဇ္ဇာ၊ဝိဇ္ဇာမည်၏၊

## ဤဝိဇ္ဇာ,စရဏနှစ်ပါးကို ဥပမာဖြင့် ထင်ရှားစွာ ပြဦးအံ့။

ကျေးငှက်တို့သည် မျက်စိတို့ဖြင့် အရပ်မျက်နှာကို လင်းစေ၍ အတောင်ပန်တို့ဖြင့် ကောင်းကင်သို့ ပျံတက် ၍ ခြေတို့ဖြင့် လက်ကိစ္စ, ခြေကိစ္စတို့ကို ပြီးစေလျက် နှုတ်သီးတို့ဖြင့် သစ်သီး ကြီး,ငယ်တို့ကို ဆိတ်ဆွ ထိုး ဖေါက်ပြီးလျှင် အသက်ထက်ဆုံး တသက်, တသန္တာန် ပတ်လုံး မိမိကိုယ်ကို မွေ့တ စေကြကုန်၏ ''ဤကျေးငှက် ဥပမာ၌ မျက်စိ, အတောင်ပန် ခြေတို့သည် သစ်သီး

အမျိုးစုံသီးသော တောအုပ်ဌာနသို့ ရောက်နိုင်ရန် အကျိုးဌါဖြစ်ကုန်၏။ မျက်စိ, အတောင်ပန့်, ခြေတို့ဖြင့် သစ်သီးတောသို့ သွားရောက် ပျံသန်းနိုင်၏။ နှုတ်သီးတို့သည် သစ်သီး ကြီး,ငယ်တို့ကို ထိုးဖေါက် ဆိတ်ဆွ၍ သစ်သီးအနှစ် သစ်သီး အရသာတို့ကို သုံးဆောင်ခံစားခြင်းအကျိုးဌါ ဖြစ်ကုန်၏။ နှုတ်သီးတို့ဖြင့် သစ်သီးတို့ကို ထိုးဖေါက်ဆိတ်ဆွ၍ အနှစ်အရသာတို့ကို သုံးဆောင်နိုင်ကုန်၏။ အကယ်၍ မျက်စိ, အတောင်ပန့်, ခြေတို့သည် ပျက်စီးချို့တဲ့ ပါကုန်မူ သစ်သီးတောသို့ ရောက်အောင် သွားခြင်းဌါပင် မတတ်နိုင်ကုန်။ ထိုထို အရပ်ဌာနတို့မှာပင်ကျ၍ သေဆုံးကြကုန်လတံ့။ မျက်စိ, အတောင်ပန့်, ခြေတို့ပင်, ရှိကြစေကာမူ နှုတ်သီးမရှိဘဲ, ချို့တဲ့ ပျက်စီး,ကွဲပါလျှင်, သစ်သီးတောသို့ရောက်နိုင်ပါသော်လည်း သစ်သီး ကြီး,ငယ်တို့ကို မသုံးဆောင်နိုင်ကုန်ဘဲ အာဟာရကင်းပြတ် အစာငတ်သဖြင့် သေခြင်းသို့ရောက်ကုန်ရာ၏။

စင်စစ်သော်ကား-မျက်စိ အတောင်ပန့်, ခြေထောက်စုံလင်ပါမှသာလျှင် ကျေးသတ္တဝါ တို့သည် အလိုရှိရာ သစ်သီးတောသို့ပျံသန်း ပေါက်ရောက်၍ သစ်သီး အမျိုးမျိုး၏ အရသာကို ခံစားပြီးလျှင် ပျော်ပျော် ပါးပါး အသက်ရှည်ကြာစွာတည်နေနိုင်ကုန်ဘိသကဲ့သို့ ထို့အတူ

မြတ်စွာဘုရား၏ သာသနာတော် မြတ်၌လည်း စရဏတရား, ဝိဇ္ဇာတရားတို့နှင့် ပြည့်စုံကုန်မှသာလျှင် မဂ်,ဖိုလ်၏ အရသာ နိဗ္ဗာန်၏ အရသာကို သုံးဆောင်ခံစားနိုင်ကြကုန်သည်။ စရဏ, ဝိဇ္ဇာ နှစ်ပါးတို့တွင် တပါးပါး ချို့တဲ့သည်ဖြစ်စေ၊ နှစ်ပါးလုံး ချို့တဲ့သည် ဖြစ်စေ၊ မဂ်,ဖိုလ်, နိဗ္ဗာန်၏ အရသာကို ခံစားနိုင်မည် မဟုတ်ချေ။

ဤဥပမာ၌-ကျေးငှက်တို့၏ မျက်လုံးနှင့် ကုံ,ကာ၏ အကျိုးကို ယုံကြည်သော ကမ္မဿကတာဉာဏ် တည်း ဟူ၍ မှတ်အပ်၏။ အတောင်ပန်, ခြေထောက်တို့နှင့် စရဏ အပင်းအသင်း ဖြစ်သော သီလ, သမာဓိ တရားတို့ တည်း။ နှုတ်သီးနှင့် ဝိဇ္ဇာ အပင်းအသင်း ဖြစ်သော အရိယာတို့၏ ဉာဏ်အမြင် တည်း။

ဝိဇ္ဇာ စရဏ နှစ်ပါးတို့တွင်-အဝိဇ္ဇာသည် လောကိယ ဝိဇ္ဇာ, ပြဗ္ဗဇ္ဇာဝိဇ္ဇာ, ဆုသိဝိဇ္ဇာ, ဗုဒ္ဓဝိဇ္ဇာဟူ၍ လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင် ၁။ လောကိယ ဝိဇ္ဇာ ဆိုသည်ကား၊ သီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်, မဟာသီလခဏ်းတွင် လာရှိသော ဝိဇ္ဇာ အမျိုးမျိုး လောကီအတတ် အမျိုးမျိုးကို ဆိုသည်။

## ထိုဝိဇ္ဇာမျိုးတို့ကား။

၁။ လူတို့၏ ရုပ်အင်္ဂါ, အမူအရာကို ကြည့်ရှု၍ အကျိုး အပြစ်ကို ဟောနိုင်သော အင်္ဂဝိဇ္ဇာ အတတ်။

၂။ တိတ်, နိမိတ်, သိုက်, တဘောင် အမျိုးမျိုး၏ အကျိုး အပြစ်ကို ဟောနိုင်သော နိမိတ္တ ဝိဇ္ဇာ အတတ်၊

၃။ မိုးသည်းကြိုးကျခြင်း၊ ဥက္ကာပျံခြင်း၊ ကြယ်ကြွေခြင်း အမျိုးမျိုးတို့၏ အကျိုး အပြစ်ကို ဟောစွမ်းနိုင်သော ဥပ္ပါတ ဝိဇ္ဇာ အတတ်။

၄။ အိပ်မက် အမျိုးမျိုး၏ အကျိုး အပြစ်ကို ဟောနိုင်သော သုပိန ဝိဇ္ဇာ အတတ်။

၅။ ခြေ, လက် စသည်တို့၌ အမှတ်လက္ခဏာ အမျိုးမျိုးတို့၏ အကျိုး အပြစ်ကို ဟောနိုင်သော လက္ခဏာ ဝိဇ္ဇာ အတတ်။

၆။ ကြွက်, နှောင့်ယှက်မှု၏ အကျိုး အပြစ်ကို ဟောနိုင်သောမူသိကစ္ဆိန္နဝိဇ္ဇာ အတတ်၊

၇။ အင်း, မီးထွန်းခြင်း - မီးပူဇော်ခြင်း အမျိုးမျိုး၏ အကျိုး အပြစ်ကို ဟောနိုင်သော အဂ္ဂိဟောမ ဝိဇ္ဇာ အတတ်။

၈။ သွေးကိုဖေါက်၍ သိဒ္ဓိစီရင်နိုင်ခြင်း ဟူသော လောဟိတ ဟောမ ဝိဇ္ဇာ အတတ်။

၉။ ကျောင်း' အိမ်ဆောက်ရန် မြေခံရွေးခြင်း - မြေရွေးခြင်း အကျိုးအပြစ်ကို ဟောနိုင်ခြင်း ဝတ္ထုဝိဇ္ဇာ အတတ်။

၁၀။ လယ်, ယာတို့၏ အကျိုးအပြစ် အထိအခိုက်ကို သိပွမ်းနိုင်သော ခေတ္တ ဝိဇ္ဇာအတတ်။

၁၁။ တစ္ဆေ, မြေဘုတ် ဘီလူးတို့၏ ဘေးရန် ငြိမ်းအောင် စီရင်နိုင်သောသိဝ ဝိဇ္ဇာ အတတ်။

၁၂။ ဘုတ်သွင်းခြင်း, ဘုတ်နှင်ခြင်း, ဘုတ်စေခြင်းကို ပွမ်းနိုင်သော ဘူတ ဝိဇ္ဇာအတတ်။

၁၃။ နတ်ကွန်းစင်၌ သိဒ္ဓိတင်ခြင်း, မန္တာန်ပိတ်ခြင်း အစရှိသော ဘုရိ ဝိဇ္ဇာအတတ်။

၁၄။ မြွေခေါ်ခြင်း-မြွေဆိပ်ချခြင်း စသော အဟိ ဝိဇ္ဇာ ဝိသ ဝိဇ္ဇာအတတ်။

၁၅။ ငှက်တွန်သံ အမျိုးမျိုးတို့၏ အကျိုး အပြစ်, ကျီးသာခြင်း အချိန့်မဲ့ ကျီးအော်ခြင်း၏ အကျိုး အပြစ်ကို ဟောသော သကုဏ ဝိဇ္ဇာ, ဝါယသ ဝိဇ္ဇာအတတ်။

၁၆။ လူတို့၏ အသက် အပိုင်း အခြားကို အာယု ဒသာဖြင့်ဖြတ်၍ ဟောနိုင်သော ပဏ္ဏတ္တာန ဝိဇ္ဇာ အတတ်။

၁၇။ ပတ္တမြားစသော ကျောက်, ရတနာတို့၏ အင်္ကဲ လက္ခဏာကို ခတ်၍ အကျိုး အပြစ် အမျိုးမျိုးကို ဟောနိုင်သော မဏိ လက္ခဏာ ဝိဇ္ဇာ အတတ်၊

၁၈။ ဆင်-လက္ခဏာ အတတ်, မြင်း-လက္ခဏာ အတတ် ပုရိသလက္ခဏ ဝိဇ္ဇာ အတတ်, ဣတ္ထိလက္ခဏ ဝိဇ္ဇာ အတတ်,စသော လက္ခဏာ ဝိဇ္ဇာအတတ်တို့လည်း ရှိကုန်၏။

၁၉၊ ထိုမှတပါး-လ, ကြတ်ခြင်း၊ နေ, ကြတ်ခြင်း၊ ရာဟု ဖမ်းခြင်း၊ နက္ခတ်တို့၏ ခရီး ဖောက်ပြန်၍ သွား လမ်း လာလမ်းမမှန် သိဟာဓာ, ဗျဿဓာ ကျင့်ခြင်း ဥက္ကာ ပျံခြင်း ကျိဘ်ထွက်ခြင်း။ ကောင်းကင် စည်ကြီး မြည် ဟီးခြင်း၊ မိုးသည်းသား မိုးသည်းတိမ်, မတက်မဆင်ဘဲ ကောင်း ကင်က မြည်ဟီးခြင်းသည် ဒေဝ ဒုန္ဒုဘိခေါ်၏။(ကောင်း ကင်စည်ကြီး မြည်ဟီးသည်ဟု ဆိုလိုသည်။)

“ဒေဝ ဒုန္ဒုဘိတိ သုက္ခ ဝလ္လာဟက ဂဇ္ဇိတံ၊”
သီလက္ခန် အဋ္ဌကထာ။

ဤသို့- ကောင်းကင် တိတ်, နိမိတ် အမျိုးမျိုးတို့၏ အကျိုးအပြစ်ကို ဟောနိုင်သော အာကာသ သျှတ္တရဝိဇ္ဇာ အတတ်။

၂၀။ မြေလှုပ်ခြင်းကို ဟောနိုင်သော ဘူမိစလနဝိဇ္ဇာ အတတ်။

၂၁။ မိုယ်းခေါင်အံ့, မိုးယိုးကောင်းအံ့ဟု ဟောသော ဒုဗ္ဗုဋ္ဌိသုဝုဋ္ဌိ ဝိဇ္ဇာ အတတ်။

၂၂။ အစာပေါအံ့, အစာရှားအံ့ဟု ဟောသော ဒုဘိက္ခသုဘိက္ခဝိဇ္ဇာ အတတ်။

၂၃။ ကပ်တိုက်အံ့ ရောဂါကင်းအံ့ဟု ဟောသော ရောဂ အာရောဂျဝိဇ္ဇာ အတတ်။(ဘယခေမ ဝိဇ္ဇာလည်း ခေါ်၏။)

၂၄။ တိုင်းတာခြင်း ချင့်ချိန်ခြင်း ရေတွက်ခြင်းဟု ဆိုအပ်သော နာနာဂဏန ဝိဇ္ဇာ အတတ်။

၂၅။ ဝိဇ္ဇာကာဝိ၏ အစွမ်းအားဖြင့် ကြံဖန်၍ စာတတ်ထုတ်ဖွဲ့ခြင်း ကဗျာလင်္ကာ ရေးသားခြင်း တည်းဟူသော ကာဝေယျဝိဇ္ဇာ အတတ်။

၂၆။ စကားထာ ဖွက်ခြင်း၊ လောကီ နည်းလမ်းအား ဖြင့်, စကား အထူးအဆန်း ကြံဖန်၍ ပြောဆိုခြင်းဟု ဆိုအပ်သော လောကာယတပိဋ္ဌာ အတတ်။

၂၇။ လက်ထပ် ထိမ်းမြားရန် အချိန်, နေ့, နံစသည်ကို ဟောသော အာဝါဟ-ဝိဝါဟ ဝိဇ္ဇာ အတတ်။

၂၈။ ကွာရှင်းခြင်း, ပြန်၍ပေါင်းခြင်း, ယတြာဆင် ခြင်းကို ဟောသော သံဝရဏ-ဝိဝရဏ ဝိဇ္ဇာ အတတ်။

၂၉။ ဥစ္စာပစ္စည်း တိုးပွားအောင် ဤနေ့ အလုပ်လုပ် ရမည် ဤနေ့ ကြွေးချေးရမည် စသည်ဖြင့် ဟောသော သံကိရဏ-ဝိကိရဏ ဝိဇ္ဇာ အတတ်။

၃၀။ ကင်ပွန်းတတ်ရန် - အိမ်သစ်တက်ရန် ကြက်သ ရေဆောင်ရန်ကို ဟောသော သုဘဂဝိဇ္ဇာ အတတ်။

၃၁။ သူတပါးကို ဘုန်းကြက်သရေ ယုတ်အောင် ဘေးဒဏ်ထိအောင် ဒဏ်ပြန်အောင် စီရင်သော ဒုဗ္ဘဂ ဝိဇ္ဇာ အတတ်။

၃၂။ သား-မရသည်ကို သား,ရအောင် စီရင်သော ဝိရူဠ္ဂဗ္ဘကရဏ ဝိဇ္ဇာ အတတ်။

၃၃။ စကားပြန်လှန်၍ မပြောမဆို နိုင်အောင် တုကျ ေသော ဖြစ်အောင် မေးခိုင်၍ နေအောင် စီရင်သော ဇိဝှါ နိဗန္ဓနဝိဇ္ဇာ, ဟနုသံဟနဝိဇ္ဇာ အဘတ်၊ (၎င်းအဘက်ကို အဟာန္မပာ ခေါ် ဆိုကြ၏။)

၃၄၊ လက်လှည့် ပညာဟု ဆိုအပ်သော ဟတ္ထာဘိ ဇပ္ပနဝိဇ္ဇာ အတတ်။

၃၅။ ပြောသံကို မကြားရအောင် စီရင်သော ကဏ္ဏ ဇပ္ပနဝိဇ္ဇာ အတတ်။

၃၆၊ မှန်တွင် နတ်သွင်း၍ မှန်ကို ကြည့်စေပြီးလျှင် မေးသမျှကို မှန်၌ ထင်သည့်အတိုင်း ပောပြောသော အာဒါသပဉှ ဝိဇ္ဇာ အတတ်။

၃၇။ နတ်ကတော် ဟောပြောခြင်းဟု ဆိုအပ်သော ကုမာရိက ပဉှဝိဇ္ဇာ အတတ်။

၃၈။ နတ်မေးခြင်း, နတ်ဟောခြင်းဟု ဆိုအပ်သော ဒေဝ ပဉှဝိဇ္ဇာ အတတ်။

၃၉။ ပွဲတင်၍ နေကိုးကွယ်ပုံ အစီအရင် တည်းဟူ သော အာဒိစ္စုပဋ္ဌာန ဝိဇ္ဇာ အတတ်။

၄၀။ ထို့အတူ-ဖြည့်ဘွယ် ကုန်းကွယ်ပုံ အစီအရင်ဟု ဆိုအပ်သော မာယာဘုရာဇ္ဇာနဝိဇ္ဇာ အတတ်။

၄၁။ ခံတွင်း စသည်တို့မှ မီးလျှံထွက်အောင် စီရင်ခြင်း တည်းဟူသော အဂ္ဂိထမ္ဘနဝိဇ္ဇာ အတတ်။

၄၂။ ကြွက်သရေခေါ်သည် လိပ်ပြာခေါ်သည်ဟု ဆိုအပ်သော သိရိဝှါယနဝိဇ္ဇာ အတတ်။

၄၃။ နှတ်ကိုးခြင်း, စလောင်းကိုးခြင်း စသော သန္တိကမ္မဝိဇ္ဇာ အတတ်။

ဤသို့စသော အတတ် အမျိုးမျိုးကို လောကီယ ဝိဇ္ဇာခေါ်သည်။ ထိုဝိဇ္ဇာတို့ကို ဗြဟ္မဇာလသုတ် ပါဠိတော်၌ တိရစ္ဆာနဝိဇ္ဇာခေါ်သည်။ (တိရစ္ဆာနဝိဇ္ဇာ ၄၃-မျိုးကို ကောင်းစွာ မှတ်ကြပါ။) ထို့ကြောင့် - ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိန်းမ, ယောကျ်ားဟု ပညတ်တင်စား၍ ခေါ်ထားသော ပုဂ္ဂိုလ်အပေါင်းသည် လောကီယဝိဇ္ဇာ တိရစ္ဆာနဝိဇ္ဇာထဲက လွတ်သောသူဟူ၍တဦးတယောက်မျှ မရှိကြပေ၊ ထို့အတွက် မိမိခန္ဓာကိုယ်ကို ဘာဝိဇ္ဇာထဲကလဲဟု စဉ်းစား၍ ရွေးချယ်ကြရမည်၊ ဘုရားကိုယ်တိုင် ဟောသော ဗြဟ္မဇာလ, သုတ်တော်မြတ်ကြီးကို

ကြည့်ကြကုန်။ (နှင်၏ဖြစ်တွေ၊ နှင့်အခနေ၊ နှင်လေမသိရှာ) ဟုဆိုသည့်အတိုင်း ဖြစ်နေကြမည်။

တိရစ္ဆာနဝိဇ္ဇာ (၄၁) ပြဆိုခဏ်း ဤတွင်ပြီး၏။

၂။ ဗြဟ္မဏဝိဇ္ဇာ ဆိုသည်ကား - ရှေးရှေး လောကီ ပညာရှိကြီးတို့ ပညတ်စီစဉ်၍ ထားခဲ့သည့် ဗေဒင်သုံးပုံကို တတ်မြောက်သော တေဝိဇ္ဇာ ပုဏ္ဏားတို့၏ ဗေဒင်သုံးပုံတို့ ပေတည်း၊ ဤတေဝိဇ္ဇာ ပုဏ္ဏားတို့ကို ရည်၍ ပါဠိတော်၌ တိဏ္ဏံ ဗေဒါနံ ပါရဂူဟူ၍ ဟောတော်မူ၏၊

ဗြဟ္မဏဝိဇ္ဇာပြီး၏။

၃။ ဈာသိဝိဇ္ဇာ ဆိုသည်ကား-ဗုဒ္ဓသာသနာပ, အခါ၌ ဈာန် အဘိညာဉ်ကို ရသော ရဟန်း, ပုဏ္ဏား, ရသေ့, ယောဂီများ၏ သာသနာတွင် ထွန်းကား ဖြစ်ပေါ်သော ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခုဟု ဆိုအပ်သော လောကီ အဘိညာဉ် ငါးပါးတို့ ပေတည်း။

၄။ ဗုဒ္ဓဝိဇ္ဇာ ဆိုသည်ကား- သဗ္ဗညု မြတ်စွာဘုရား၏ သာသနာတော်၌ ထိုဆိုအပ်ခဲ့ ပြီးသော လောကီ အဘိညာဉ် ငါးပါးတို့နှင့်တကွ အထက်၌ ပြဆိုလတံ့

သော ဝိဇ္ဇာ ရှစ်ပါးတို့ပေတည်း။ (ဉာဏ်ပညာ၏ အရာဋ္ဌာန၊ ဉာဏ်၏ ဆိုင်ရာများကို ဝိဇ္ဇာဆိုသည်၊)

ဗုဒ္ဓဝိဇ္ဇာပြီး၏။

စရဏသည်- လောကီစရဏ၊ ပြဟ္မစရဏ၊ ဣသိစရဏ၊ ဗုဒ္ဓစရဏ၊ ဟူ၍ လေးမျိုးရှိ၏၊

၁၊ လောကီစရဏဆိုသည်ကား-လောကီယဝိဇ္ဇာကို တတ်မြောက်ရန် ပရိကံဖြစ်၍ အခြေခံပါဒက သင်ကြားမှု အားထုတ်မှု လေ့ကျင့်တန်သမျှ လေ့ကျင့်မှုများကို ဆိုပေသည်ဟုမှတ်။

၂။ ပြဟ္မစရဏ ဆိုသည်ကား- ဗေဒင် သုံးပုံတို့၏ အခြေခံဖြစ်သော ကမ္မဿကတာဉာဏ်နှင့် ငါးပါးသီလတို့ကို ဆိုသည်ဟုမှတ်။

၃။ ဣသိစရဏ ဆိုသည်ကား- ဣသိဝိဇ္ဇာဟု ဆိုအပ်သော လောကီ အဘိညာငါးပါး၏ ရှေ့အဘို့၌ ကျင့်ကြံ အားထုတ်အပ်ကုန်သော ဆယ်ပါးသီလ၊ ဣန္ဒြိယ သံဝရသီလ၊ ပရိကမ္မ နိမိတ်စသော နိမိတ်သုံးပါး၊ ဈာန်လေးပါး၊ သမာပတ် ၈ပါးတို့ပေတည်းဟု မှတ်။

၄။ ဗုဒ္ဓစရဏ ဆိုသည်ကား- အသက်၌ ပြဆိုလတံ့သော စရဏတရား တဆယ့်ခုနစ်ပါးတို့ ပေတည်း (အခြေခံ အကြောင်းရင်းဖြစ်သော တရားမျိုးကို စရဏ, ဆိုသည်ဟု မှတ်။)

အကြင် ပုဂ္ဂိုလ်တို့မှာ-ကံ, ကံ၏ အကျိုးကို ယုံကြည် သိမြင်နိုင်သော ကမ္မဿကတာ ဉာဏ်ပင် မရှိ၊ ထိုကဲ့သို့ ပုဂ္ဂိုလ်အား အဘယ်မှာ ငါးပါးသီလ ရှိနိုင်ပါအံ့နည်း။ ဈာန်သမာပတ်တရား ရှိနိုင်ရန်မှာ ပြောဆိုဘွယ် မရှိ တော့ချေ။ ထိုထို ပုဂ္ဂိုလ်တို့သည် မျက်စိ ပျက်စီးသော သေူငှက်တို့ကဲ့သို့ သံသရာ လမ်းခရီး၌ အခြေခံ စရဏ တရား ပျက်စီး ကြကုန်သည်ဖြစ်၍ အပါယ်လေးပါးသို့ သာ လားကြရကုန်၏ဟု- မှတ်ကြကုန်။

ဆိုဘွယ်အထူး ရှိပြန်သည်မှာ-စရဏ အသင်းအပင်းသို့ သက်ဝင်သော ပါရမီမျိုး၊ ဝိဇ္ဇာ အသင်းအပင်းသို့ သက်ဝင်သော ပါရမီမျိုးဟူ၍ နှစ်မျိုးရှိ၏။

## (၁) စရဏ အသင်းအပင်းသို့ သက်ဝင်သော ပါရမီဆိုသည်ကား။

ခန္ဓာ, နာမ်, ရုပ်တို့ကို သင်ကြား လေ့လာမှု မရှိ။ ဝိပဿနာတင်မှုတို့မှ ကင်းသော ဒါန သီလ, သမာဓိ,

ဘာဝနာမှုများကို ဆိုသည်။ ကောင်းစွာ မှတ်ခြားချ မှတ်ကြပါ။

## (၂) ဝိဇ္ဇာ အသင်းအပင်းသို့ သက်ဝင်သော ပါရမီဆိုသည်ကား။

ခန္ဓာ, အာယတန, ဓာတ်, စသော အတ္တမှ ဆိတ်သည့် သုညတ တရားတို့ကို ကြားနာခြင်း သင်ကြားခြင်း ဆောင်ချက်ခြင်း ဝိပဿနာတင်၍ အနိစ္စ ဝိဇ္ဇာဉာဏ် ပေါက်အောင် ဆင်ခြင်ပွားများခြင်း, သူတပါးတို့အား ခန္ဓာ, နာမ်, ရုပ် တို့နှင့် စပ်သော သုညတ တရားတို့ကို ဟောကြားခြင်း အစရှိသော ပညာများကို ဆိုသည်ဟု ကောင်းစွာ မှတ်ကြပါ။

အကြင် ပုဂ္ဂိုလ်တို့သည်ကား- ရှေးရှေးသော ဘုရားရှင်တို့၏ သာသနာနှင့် တွေ့ကြုံကြရသောအခါ ဤနှစ်ပါးသော ပါရမီတို့ကို ဖြည့်ကျင့်ဘူးကြလေကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် နောက်နောက် ဘုရားရှင်တို့၏ သာသနာနှင့် တွေ့ကြုံသောအခါ ဝိဇ္ဇာ, စရဏ နှစ်ပါးရုံ နှင့် ယှဉ်သော ပါရမီကို ဖြည့်ဆည်းပူးခြင်း အရင်း အနှီး ရှိကြလေကုန်သောကြောင့် မဂ်ဖိုလ်, တည်းဟူသော အကျိုးထူး ဝိသေသ ဝိမုတ္တိနိဗ္ဗာန်၏ ချမ်းသာ သုခ ကို ခံစားကြလေကုန်၏။ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်,

ခေမာ, ဥပ္ပလဝဏ်စသော ပုဂ္ဂိုလ်ထူးများ အနာထ ပိဏ်, စိတ္တသူကြွယ်, ဝိသာခါ, ဥတ္တရာ, သုဘဒ္ဒါ, ယသောဓရာ စသော ပုဂ္ဂိုလ်ထူးများကဲ့သို့၊ အကျိုးထူး ကို ခံစားနိုင်ကြရန် ပါရမီထိုက်သော ဝိဇ္ဇာ,စရဏ, နှစ်ပါးကို သေချာစွာ မှတ်သား၍ အားထုတ်ကြစေ လိုသည့် သူတော်ကောင်း အပေါင်းတို့။

အကြင် ပုဂ္ဂိုလ်တို့သည်မူကား-ရှေးရှေးသောမြတ်စွာ ဘုရားရှင်တို့၏ သာသနာတော်၌ စရဏ, အသင်းအပင်း သို့ သက်ဝင်သော ပါရမီမျိုးမျှကိုသာ ဖြည့်ကျင့် ဘူးကြ ကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် နောက်နောက်သော ဘုရား ရှင်တို့ကို ဖူးမြင် တွေ့ကြုံ ကြရပါသော်လည်း ဖူးတွေ့ ကြည်ညိုရုံမျှသာ ဖြစ်၍ မဂ်,ဖိုလ်, တည်းဟူသော နိဗ္ဗာန် ချမ်းသာကြီးကို မရနိုင်ကြကုန်။ အဘယ့်ကြောင့်နည်း ဆိုသော် အနိစ္စဝိဇ္ဇာ, ဒုက္ခဝိဇ္ဇာ, အနတ္တဝိဇ္ဇာ, အဆောက် အဦး နိဗ္ဗာန်ရောက်ကြောင်း ပါရမီဆိုက်သော ဝိဇ္ဇာမျိုး စေ့မှ ကင်းဆိတ်ကြသောကြောင့်တည်း။ ထိုသူတို့သည် မြတ်စွာဘုရား ပွင့်တော်မူခိုက်နှင့် တွေ့ကြုံသော အခါ မှာလည်း၊ ကောသလမင်းကြီး, မလ္လိကာ မိဖုယားကြီး တို့ကဲ့ သို့ ကျွတ်တမ်း မဝင်နိုင်ကြပေ။ တပေပေ တဌတ် ဌတ်, နှင့် နေ့ကုန် နှစ်ဖြုန်းနှင့်သာ နေကြ၍ သေကြရလေ တော့ ။ (ထိုအချက်ကြီးများကို များများကြီး စဉ်းစား

လိုက်ကြပါ၊ လွန်စွာ ဝမ်းနည်းဘွယ် ကြောက်လန့်ဘွယ် ကောင်းလှပေသည့် သူတော်ကောင်း အပေါင်းတို့။)

ကောသလ မင်းကြီးသည် မြတ်စွာဘုရားနှင့် အလွန် အကျွမ်းဝင်၏။ မြတ်စွာဘုရားထံသို့ တနေ့ သုံးကြိမ် သွား၍ မပြတ် တရားနာ၏။ ကောသလမင်းကြီးအား အသီးအခြား ဟောကြားတော်မူသော ကောသလ, သံယုတ်ဟူ၍ သံယုတ်တခက်ရှိ၏။ မြတ်စွာဘုရားသည်လည်း ကောသလမင်းကြီး၏ နေပြည်တော်ဖြစ်သော သာဝတ္ထိပြည်မှာ အကြာရှည်ဆုံး သီတင်းသုံးတော်မူ၏။ ကောသလ မင်းကြီးသည် ရာဇကာရုံခေါ်သော ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်း၍ ကျောင်း ဒါယကာကြီးလည်းဖြစ်၏။ သို့ရာတွင် ရှေးရှေးသော ဘဝတို့က အသိ, အလိမ္မာ, ဉာဏ်ပညာ ဝိဇ္ဇာအသင်း အပင်းနှင့် ဆိုင်သော ပါရမီခတ်ခံ နည်းပါးခဲ့သူဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မရချေ။ မြတ်စွာဘုရားနှင့် လွန်စွာ ရင်းနှီး၍ ကျောင်း, ဒါယကာကြီး ဖြစ်ပါလျက်နှင့် ဟင်းမွှေသော ယောက်မကြီးကဲ့သို့ သစ္စာလေးပါး, ဝိမုတ္တိတရား၏ အဆီအနှစ် အရသာ မသိရှာ။ မလ္လိကာ မိဖုရားကြီးလည်း ထို့အတူပင် မြတ်စွာဘုရား၏ နောက်တော်က ထက်ကြပ်ပါ၍ အလုပ်, အကျွေး,ဖြစ်သော သုနက္ခတ္တ ရဟန်းကြီး

လည်း ထို့အတူ ကျွတ်တမ်းသို့ မဝင်နိုင်ဘဲ အမှား ဘက်သို့ ပြေးဝင်ရလေသည်၊ (အထူး မှတ်ကြစေဘို့ သည်။)

အကြင်ပုဂ္ဂိုလ်တို့သည် ရှေးရှေး ဘုရားရှင်တို့၏ သာသနာနှင့် တွေ့ကြုံသော အခါ ဝိဇ္ဇာအသင်းအပင်း ဖြစ်သော ပါရမီ မျိုးစေ့ကိုသာလျှင် ပြုလုပ် ဖြည့်ဆည်း ဘူးကြ လေကုန်၏၊ စရဏ အသင်းအပင်း ဖြစ်သော အလှူပေးခြင်း, သီလ သီတင်း စောင့်သုံးခြင်း, သဒ္ဓါ တရားဖြင့် ပြုသင့်, ပြု ထိုက်သော ဝတ်ကြီး ဝတ်ငယ် တို့ကို ပြုခြင်း, ရိုသေ ကျိုးနွံခြင်း, စသော တရားများ ကို မဖြည့် မကျင့်ကြ လေကုန်။

ထိုပုဂ္ဂိုလ် တို့သည် ဤဘဝမှ စုတေသည် ရှိသော် အပါယ် လေးဘုံတို့၌ နစ်မြုပ် မြောပါးကြကုန်လျက် နောက်နောက် ပွင့်သော ဘုရားရှင်တို့ကိုပင် ဖူးမြင်ရန် အခွင့်ရခြင်းငှါ ခဲယဉ်းကြလေကုန်၏။ အဘယ့်ကြောင့် နည်းဆိုသော် ခုဋ္ဌမြစ်နှင့်တူသော အခြေခံ ဖြစ်သော စရဏတရား အဆောက် အဦးတို့မှ ကင်းကြလေသော ကြောင့်တည်း၊

အပါယ်ဘုံတို့မည်သည် ထိုအပါယ်ဘုံတို့၌ တကြိမ် ကျရောက် သက်ဆင်းမိသည်ရှိသော် အန္တရာယ်တခု

ကို လွန်သော်လည်း ထိုအပါယ်ဘုံမှ လွတ်မြောက်ခြင်းငှါ ခဲယဉ်းကြလေကုန်၏။ အပါယ်သို့ ကျရောက်သော သတ္တဝါတို့မှာ တဆင့်ထက် တဆင့် အပါယ်တွင်း နက်အောင် အပါယ်မျိုးစေ့တို့ကိုသာ ထူထောင်မိလျက် ရှိကြကုန်၏။ ဤအကြောင်းကို ဗာလပဏ္ဍိတ သုတ္တန် ကာဏကစ္ဆ ဩပမ သုတ္တန်ဖြင့် သိအပ်ကုန်၏။ ဝိဇ္ဇာမျိုးစေ့မှသာရှိ၍ စရဏမျိုးမှ ကင်းကြကုန်သော သူတို့သည် နောက်အခါ ဘုရားရှင်တို့၏ သာသနာနှင့် ကြုံကြိုက်ကြ ပါသော်လည်း သာသနာ၏ အရသာကို မခံစားနိုင်သော ဧရာပထနဂါးနှင့် ကပိလ ငါးကြီးတို့ ကဲ့သို့သာ ဖြစ်ကြရလေကုန်၏။ ဧရာပထနဂါးနှင့် ကပိလ ငါးကြီးတို့သည် ရှေး ကဿပဘုရား လက်ထက်တော် အခါတွင် ပိဋကတ်သုံးပုံ၏ ကမ်းတဘက်သို့ ကူးမြောက် ချောက်ချားနိုင်သော ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြရလေကုန်၏။

သို့သော်လည်း - စရဏ တရားတည်းဟူသော မြေထောက် အတောင်ပန်တို့မှ ကင်းရှာကြ ကုန်သောကြောင့် ဒုဂ္ဂတိဘုံ ဘဝ၌ ဖြစ်ရှာကြကုန်လျက် သာသနအငွေ့ အသက်ကိုမျှ မခံစံရှာကြရကုန်။ (လွန်စွာ သနားဘွယ် ကြောက်လန့်ဘွယ် ကောင်းလှပေသည်၊ များများကြီး သတိ ရှိလိုက်ကြပါ သူတော်ကောင်းအပေါင်းတို့။)

သတိ ရှိရန်အချက် သဒ္ဓါထက်သန်လျှင်၊ စရဏဘက်သို့ အားကြီးစွာ ယိုင်၍ပါတတ်၏။ ပညာကြီးလျှင် ဝိဇ္ဇာဘက်သို့ အားကြီးစွာ ယိုင်၍ပါတတ်၏။ သဒ္ဓါသည် ပရဏဂိုဏ်းဝင်ဖြစ်၏။ ပညာသည် ဝိဇ္ဇာဂိုဏ်းဝင်ဖြစ်၏။ သဒ္ဓါနှင့် ပညာသည် ထမ်းပိုးထမ်း ညီမှုခဲ့၏။ စရဏဂိုဏ်းဝင်ဖြစ်သော သဒ္ဓါသည် သံသရာခရီးကို သွားရာ၌ အခြေ အနေတောင် စုံသောကြောင့် ပြောင်ပြောင် လက်လက် ပြည့်ပြည့် စုံစုံ အထက်တန်းဘုံကျနှင့် မညိုးခြယ် ကျင်လည်ခွင့်ကို ကောင်းစွာရရှိစေ၏။ ဝိဇ္ဇာဂိုဏ်းဝင်ဖြစ်သော ပညာသည် နက်နဲသော သဘောအဓိပ္ပါယ်များကို သိကျွမ်း နားလည်စေ၏။ အသိအလိမ္မာ ဉာဏ်ပညာပြည့်စုံမှုကိုဖြစ်စေ၏။

သဒ္ဓါသည်မှုကား - သူဌေးပိုင်း, မင်းပိုင်း တွင် ပြောင်ပြောင် လက်လက် အကျိုးပေး၏၊ သဒ္ဓါတရား၏ တံခွန် အောင်လံတို့ ပေတည်း။အသိအလိမ္မာ ဉာဏ်ပညာ အမျိုးမျိုးကို ထိုးထိုးထွင်းထွင်း တတ်ကျွမ်းမှု ဟူသမျှသည် ဝိဇ္ဇာဂိုဏ်းဝင်ဖြစ်သော ပညာ၏ တံခွန် အောင်လံတို့ပေတည်း။ သို့ဖြစ်၍ နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာဌာနသို့ ဖြောင့်တန်းစွာ ပျံသန်း၍ ဝိချုတ္တိအရသာကို သုံးဆောင်ခံစားကြရန်မှာ စရဏတည်းဟူသော

အခတောင်, ခြေ, လက်တို့နှင့် ဝိဇ္ဇာတည်းဟူသော နှုတ်သီးတို့ကို သန့်စွမ်း အောင်မြင်စွာ မွေးမြူကြကုန်ရာ၏။

စရဏံ ပါဒပက္ခံ ဝိဇ္ဇံ။ တုဏ္ဍံ သမံ သမံ။
ပုရေတွာန ပက္ခေယျံ ဘုဉ္ဇိတုံ အမတံရသံ။ ။

ပါဒပက္ခံ၊ ခြေ, အတောင်ပန်နှင့် တူသော။ စရဏံ၊ စရဏ တရားမျိုးကို၎င်း၊ တုဏ္ဍံသမံ၊ နှုတ်သီးနှင့်တူသော ဝိဇ္ဇံ၊ ဝိဇ္ဇာတရားမျိုးကို၎င်း။ သမံ မရှိသော ညီညွတ်စွာ။ ပုရေတွာန၊ ပြည့်စုံစေ၍။ အမတံရသံ အမြိုက်အရသာကို။ ဘုဉ္ဇိတုံ၊ သုံးဆောင်ခံစားခြင်းငှါ။ ပက္ခေယျံ သံသရာစခန်းမှ ပျံသန်း ကူးမြောက်ကြကုန်ရာ၏။

ဝိဇ္ဇာ, စရဏ, နှစ်ပါး ဖြင့် သံသရာမှ ထွက်မြောက်ကြကုန်သည်ဟု အဋ္ဌကထာ ဆရာကြီးတို့သည်(ဝိဇ္ဇာစရဏသမ္ပန္နော ယောနိယျာတိ လောကတော၊ ဟူ၍ မိန့်ဆိုတော်မူကြကုန်သည်။)

ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည်။ ယေန၊ အကြင် ဝိဇ္ဇာ,စရဏ နှစ်ပါးဖြင့်။ လောကတော၊ လောကမှ။ နိယျာတိ၊ ထွက်မြောက်ကြကုန်၏။

ယခု ဘဝသော်၎င်း၊ ဒုတိယဘဝ နတ်ပြည်, ဗြဟ္မာ့ ပြည်တို့၌သော်၎င်း၊ မဂ်ဖိုလ် တရားတို့ကို လက်ဆုပ်

လက်ကိုင် ရမိစေအံ့ဟူ၍ ထက်သန်သောစိတ်ဖြင့် ဖွဲ့, ကောင်းစွာနှင့် ယောဂါဝစရ ပုဂ္ဂိုလ်ကြီး ပြုလုပ်၍ သမ္မပ္ပဓာန် ဝီရိယဖြင့် မနေမနား စွန့်စွန့်စားစား အား ထုတ်ကြိုးစားကြကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ အတွက် အ ထက်တန်းတရား အနေအားဖြင့် အမ္ဗဋ္ဌသုတ်အစရှိသည့် သုတ္တန်ပေါင်း များစွာတို့၌ ဟောကြားတော်မူအပ်ကုန် သော စရဏတရား ဝိဇ္ဇာတရား တို့သည် ရှိကုန်၏။ အမ္ဗဋ္ဌသုတ်၌ စရဏကိုးပါး, ဝိဇ္ဇာရှစ်ပါးတို့ကို ဟော ကြားတော်မူအပ်ကုန်၏။

ထိုစကားရပ်၌ - စရဏ, ကိုးပါး ဆိုသည် ကား။ ၁။ သီလသံဝရ, ၂။ ဣန္ဒြိယသံဝရ, ၃။ ဘောဇနေ မတ္တညုတာ, ၄။ သတိသမ္ပဇည, ၅။ ဇာဂရိယာနုယောဂ သ, ၆-၇-၈-၉။ ဈာန်လေးပါး ဤလေးပါးတို့ပေတည်း၊ ထို ၉-ပါးတို့တွင် သီလသံဝရဆိုသည်ကား၊ပါတိမောက္ခ သံဝရသီလကို လုံခြုံစွာ စောင့်ထိန်းမှုတည်း။

ဣန္ဒြိယသံဝရဆိုသည်ကား-စက္ခုစသော ဣန္ဒြေတို့ကို လျှပ်ပေါ် လော်လည်ခြင်းမရှိဘဲ ငြိမ်ဆိတ်စွာ စောင့် ထိန်း ချုပ်တည်းမှုတည်း။(မျက်စိ,နား, နှာခေါင်း လျှာ, ကိုယ်, စိတ်တို့ကို အလိုမလိုက်မှု ဆိုလိုသည်။)

ဘောဇနေမတ္တညုတာ ဆိုသည်ကား - အစာဘောဇဉ်ကို သုံးဆောင်မှု၌ အတိုင်းအရှည်ကို သိမှုတည်း(အစား, အသောက် ချိုးခြံမှုဆိုလိုသည်။)

သတိသမ္ပဇည ဆိုသည်ကား-စွဲမြဲခိုင်ကြည်သောသတိနှင့် အရာရာတိုင်းမှာ ဆင်ခြင်တုံတရား ရှေ့သွားပြုမှုပေတည်း၊ (သတိခိုင်မြဲမှု, အဆင်ခြင်ကြီးမှုကို ဆိုလိုသည်။)

ဤ၌-သတိပဋ္ဌာန်လေးပါးကို သတိဟူ၍ယူ၊ သမ္ပဇဉ်တရား လေးပါးကို သမ္ပဇညဟူ၍ ယူလေ။ သတိပဋ္ဌာန်တရား လေးပါးထင်ရှားပြီ။

## သမ္ပဇဉ်ညလေးပါးကို ထင်ရှားစွာပြပေအံ့။

၁။ သာတ္ထကသမ္ပဇဉ်။ ၂။ သပ္ပါယသမ္ပဇဉ်၊ ၃။ ဂေါစရသမ္ပဇဉ် ၄။ အသမ္မောဟ သမ္ပဇဉ်ဟူ၍ လေးပါးရှိ၏။ ထိုတွင် မည်သည့် အမှုကိစ္စမျိုးမဆို ပြုလုပ်မည်ရှိရာ အကျိုးရှိရန် ဆင်ခြင်ဉာဏ် ကြီးမှုသည် သာတ္ထကသမ္ပဇဉ်မည်၏။

သင့်လျော် လျောက်ပတ်ဘွယ် ဖြစ်ရန် ဆင်ခြင်ဉာဏ် ကြီးမှုသည် သပ္ပါယ သမ္ပဇဉ်မည်၏။

မှောက်မှား တွေဝေမှုဘက်သို့ ယိမ်းယိုင် တိမ်းလဲ၍ မသွားစေရန် ဆင်ခြင်ဉာဏ် ကြီးမှုသည်, အသမ္မောဟ သမ္ပဇဉ်မည်၏။

သွား, လာ ကျက်စားရာ၌ တိမ်းပါးချော်ချွတ်ခြင်း မရှိစေရန် ဆင်ခြင်ဉာဏ် ကြီးမှုသည် ဂေါစရ သမ္ပဇဉ်မည်၏။

သတ္ထကောစ အသမ္မောဟော၊
သပ္ပါယော ဂေါစရောတထာ။
စတ္တာရိမာနိ သိက္ခေယျုံ။
သမ္ပဇညာဘိ ဝဏ္ဏကာ။ ။

သတ္ထကောစ၊ အကျိုးရှိရန် ဆင်ခြင်ဉာဏ် ကြီးသော သတ္ထက သမ္ပဇဉ်ရင်း။ အသမ္မောဟောစ၊ မတွေဝေရန် ဆင်ခြင်ဉာဏ်ကြီးသော အသမ္မောဟ သမ္ပဇဉ်ရင်း။ သပ္ပါယောစ၊ သင့်လျော် လျောက်ပတ်ရန် ဆင်ခြင်ဉာဏ် ကြီးသော သပ္ပါယ သမ္ပဇဉ်ရင်း။ တထာ၊ ထို့အတူ၊ ဂေါစရောစ၊ သွားလာကျက်စား, မတိမ်းပါးရန် ဆင်ခြင်ဉာဏ် ကြီးသော ဂေါစရ သမ္ပဇဉ်ရင်း။ ဣမာနိစတ္တာရိ၊ ဤသမ္ပဇဉ် တရား လေးပါး တို့ ကို။ သမ္ပဇညာဘိဝဏ္ဏကာ၊ ဆင်ခြင်တုံ့ တရား အလိမ္မာဉာဏ် ပွားမှုကို ပြုလုပ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်။ သိက္ခေယျုံ၊ ကျင့်ကြံ လေ့ကျက် ကုန်ရာသတည်း။

စတုပစ္စယသန္တောသ ဆိုသည်ကား-ပစ္စည်းလေးပါးတို့၌ ရောင့်ရဲ ဘင်းတိမ် လွယ်မှုပေတည်း။ ဈာန်လေးပါး ဆိုသည်ကား ဧကဂ္ဂတာနည်းအားဖြင့် အပ္ပနာစိတ်တို့၌ရှိသော ပဉ္စမဈာန် (၀) စတုတ္ထဈာန်တို့ ပေတည်း။

ဈာန်လေးပါးမှ တပါးသော ဓမ္မရစဏ, ၄ါးပါးတို့သည် လူ့ဘုံ, နတ်ဘုံ, နိဗ္ဗာန်တို့သို့ ပေါက်ရောက်အောင် ရွက်ဆောင်နိုင်ရန်, ဖြဟ္မာ့ဘုံသို့ မရောက်စေနိုင်ကုန်။ ဈာန်လေးပါးတို့သည်ကား ဗြဟ္မာ့ဘုံ, နိဗ္ဗာန်တို့သို့ ပေါက်ရောက် စေနိုင်ကုန်၏။

ဤစရဏကိုးပါးကို မှတ်ရန် အကျဉ်းဆောင်ပုဒ်။

(သီ, ဣ,န် ဇာဂဇဉ်၊ သန္တောယှဉ်၍၊ လေးအင်ဈာန၊ ဧရဏ, နဝသုတ္တံလာ။)

ဝိဇ္ဇာရှစ်ပါးဆိုသည်ကား- ၁။ ဥာဏဒဿန။ ၂။ မနောမယ်ဣဒ္ဓိ, ဝိဓအဘိညာဉ်,။ ၄။ ဒိဗ္ဗသောတ အဘိညာဉ် ၅။ စေတောပရိယ အဘိညာဉ်,။ ၆။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်။ ၇။ ဒိဗ္ဗစက္ခု အဘိညာဉ်,။ ၈။ အာသဝက္ခယ အဘိညာဉ်။ ဤရှစ်ပါးတို့ပေတည်း။

ထိုရှစ်ပါးတို့တွင်- ရုပ် နာမ် တရားတို့၌ လက္ခဏာယာဉ် သုံးပါးတို့ဖြင့် သိမြင်သော ဝိပဿနာ ဉာဏ်ကို ဉာဏဒဿန ဆိုသည်၊ ထိုဝိပဿနာဉာဏ် အမြင်ကို အနိစ္စဝိဇ္ဇာ ဒုက္ခဝိဇ္ဇာ အနတ္တဝိဇ္ဇာ အားဖြင့် သုံးပါးခွဲ

စေရာ၏။ မိမိ၏ကိုယ်အတွင်း၌ အလုံးစုံမိမိတို့နှင့် အသွင်သဏ္ဌာန်တူသော လိုင်၏အသွင်ကို ဘာန်ဆင်း၍ ကိုယ်တွင်းမှထုတ်၍ ပြုနိုင်သော တံခိုးအစွမ်းကို မနောမယိဒ္ဓိခေါ်သည်။ တံခိုးကြီးသော နတ်မင်းတို့၏ တံခိုးကဲ့သို့ရင်း၊ မဟာဗြဟ္မာမင်းတို့၏ တံခိုးကဲ့သို့ရင်း၊ အဆင်းသဏ္ဌာန်အမျိုးမျိုးကို ဘာန်ဆင်း ခဏခြင်းနတ်ပြည် ဗြဟ္မာ ပြည်သို့သွားရောက်ခြင်း စကြာဝဠာတိုက်တပါးသို့ သွားရောက်ခြင်း၊ မြေအောက်လျှိုးဝင် ကောင်းကင် ပျံတက် ရေထက်နင်းသွားနိုင်ခြင်းစသော တန်ခိုး အမျိုးမျိုးကို ဣဒ္ဓိဝိဓအဘိညာဉ်ခေါ်သည်။ မိမိနေရာက ရပ်တည်၍ အဘိညာဉ် အခြေခံကိုပြု၍ နားထောင်သည် ရှိသော် နတ်ပြည် ဗြဟ္မာ့ပြည်တိုင်အောင် အဝေးအနီး ရှိရှိသမျှ စကားသံ အမျိုးမျိုးတို့ကို ကြားနိုင်သော တန်ခိုး အစွမ်းကို ဒိဗ္ဗသောတ အဘိညာဉ်ခေါ်သည်။ လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့၏ စိတ်,အကြံအစီ အမျိုးမျိုးကို သိနိုင်သော တန်ခိုးအစွမ်းကို စေတောပရိယ အဘိညာဉ်ခေါ်သည်။ (ပရစိတ္တဝိဇာနန, အဘိညာဉ်လည်းခေါ်၏။)

လွန်လေပြီးသော-ရှေးရှေးဘဝ, ရှေးရှေး ကပ်ကမ္ဘာတို့၌ တလောကလုံး၏ ဖြစ်ပျက်မှု အမျိုးမျိုးကို သိစွမ်းနိုင်သော တန်ခိုးကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ခေါ်သည်။ မိမိနေရာ ဌာနကပင် ရပ်တည်၍ အဘိညာဉ်

၏ အခြေခံပြုပြီးလျှင် ကြည့်ရှုဆင်ခြင်သောအခါ စကြာဝဠာအတည့်ဘည့် နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ရှိရှိသမျှသော အကြီး အသေး, အဝေး အနီး ဖြစ်သည့် ရူပါရုံ အမျိုးမျိုးတို့ကို မြင်စွမ်းနိုင်သော တန်ခိုးကို ဒိဗ္ဗစက္ခု အဘိညာဉ်ခေါ်သည်။

ယထာကမ္မူပဂ ဉာဏ်, အနာဂတံသဉာဏ်, အနာဂတံသဉာဏ် များကိုလည်း ဤဒိဗ္ဗစက္ခု အဘိညာဉ်၌သာလျှင် ထည့်သွင်း၍ ရေတွက်အပ်ကုန်၏။

**ယထာကမ္မူပဂ** ဉာဏ်ဆိုသည်ကား - ထိုထိုဘုံဘဝတို့၌ ဖြစ်နေကြကုန်သော သတ္တဝါတို့၏ ရှေးရှေး အတိတ်ကံကို မှန်ကန်စွာသိသော ဉာဏ်ပေတည်း။

စုတူပပါတဉာဏ် ဆိုသည်ကား-ချဘိသောသတ္တဝါတို့ကိုမြင်သည့်ရှိသော် ဤသတ္တဝါတို့သည် ဤမည်သော ဘုံဘဝတို့၌ ဖြစ်ကြကုန်လတံ့ဟူ၍၎င်း၊ ပဋိသန္ဓေ တည်နေသော သတ္တဝါတို့ကိုမြင်လျှင် ဤသတ္တဝါတို့သည် ဤမည်သော ဘုံဘဝမှ လာရောက် ဖြစ်ပွားကြသည်ဟူ၍၎င်း၊ အမှန်အကန် သိသောဉာဏ်ကို ဆိုပေသည်။

**အနာဂတံသဉာဏ်** ဆိုသည်ကား - ဖြစ်လတံ့သော အနာဂတ်ဘဝ အနာဂတ်ကမ္ဘာတို့၌ တလောကလုံး၏ အဖြစ်အပျက်ကို သိသောဉာဏ်ကို ဆိုပေသည်။

အာသဝေါတရား ကုန်ခန်းမှုနှင့် ယှဉ်သောဉာဏ်ကို အာသဝက္ခယဉာဏ်ဟု ဆိုသည်။ ထိုဝိဇ္ဇာ ၇ စ်ပါးတို့တွင် ဝိပဿနာဉာဏ ဒဿနဝိဇ္ဇာနှင့် အာသဝက္ခယ ဝိဇ္ဇာတို့သည်သာလျှင် နိဗ္ဗာန်ရောက်ဝိဇ္ဇာ **အစစ်အမှန်** ဖြစ်ကုန်သည်။

ထို့ကြောင့် ကမ္ဘာပေါ်တွင် ရှိရှိသမျှ လောကီဝိဇ္ဇာပေါင်း များစွာတို့ထက် အတုမရှိ မြတ်သွစွာသော အသင်္ခတ မဟာနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်အောင် ပို့ဆောင်နိုင်သော အရိယာဝိဇ္ဇာ**အစစ်** ဝိပဿနာ ဉာဏ ဒဿနဝိဇ္ဇာနှင့် အာသဝက္ခယဝိဇ္ဇာ ထိုနှစ်ပါးကို ငယ်ထိပ်မှာ သံမှို့နှက်ဘိသကဲ့သို့ ပိုင်နိုင်စွာ ပိုင်းခြား၍ မှတ်ကြပါ။ **အနုပုဗ္ဗဇနအပေါင်း သူတော်ကောင်းတို့**။

ကြွင်းသော - ဝိဇ္ဇာခြောက်ပါးတို့သည်ကား တန်ခိုးဘန်ဆင်းခြင်းစသော လောကီ သိဒ္ဓိလမ်းကိုသာ ထမြောက်ပေါက်ရောက်အောင် ရွက်ဆောင်နိုင်ကြကုန်၏။ (ဤကား-ဝိဇ္ဇာ ၈ ပါး၏ အဓိပ္ပါယ်တည်း။)

**အမွှန်သုတ် စသည်တို့၌လာသော စရဏကိုးပါး ဝိဇ္ဇာ ၈ ပါးတို့ကို ပိုင်းခြားစွာ ဝေဘန်၍ ပြဆိုခဲ့ပြီး၏။**

(မဇ္ဈိမပဏ္ဏာသ တတိယဖြစ်သော သေခပဋိပဒါသုတ်၌ ကား-စရဏ ၁၅-ပါး- ဝိဇ္ဇာ ၃-ပါးဟူ၍ ဟောတော်မူ၏။) ထိုစရဏ ၁၅-ပါးကား ယခင်ပြဆိုပြီး စရဏ ၈-ပါးတွင် သတိသမ္ပဇဉ်နှင့် စတုပစ္စယသန္တောသ နှစ်ပါးကိုပယ်ကြည့်၍ ကြွင်းသော ၇-ပါးတို့အပေါ်မှာ ဇာဂရိယါနုယောဂနှင့် သူတော်ကောင်းတရား ၇-ပါးကိုထည့်၍ စရဏ ၁၅-ပါးဖြစ်သည်။ အစဉ်အားဖြင့် ရေတွက်လျှင် သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနေ မတ္တညုတာ ဇာဂရိယာနုယောဂ, သူတော်ကောင်းတရား ၇-ပါး ဈာန် ၄-ပါးပေါင်းသော် စရဏ ၁၅-ပါးဖြစ်၏။ (သီလသံဝရ စသည်တို့၏ သဘောအဓိပ္ပါယ်ကို ပြဆိုခဲ့ပြီ။)

ဇာဂရိယာနုယောဂ ဆိုသည်ကား-ပျင်းရိမှိုင်တွေခြင်းမှ ကင်းဝေး၍ နိုးကြား ထကြွခြင်းနှင့် ယှဉ်မှုကို ဆိုပေသည်။ (အအိပ်အနေ နည်းပါးမှုကို ဆိုလိုသည်။) သူတော်ကောင်းတရား ၇-ပါးကား ရတနာသုံးပါး၌ ယုံကြည်သက်ဝင်ခြင်းသဒ္ဓါ။ မကောင်းမှုမှရှက်ခြင်း ဟိရီ မကောင်းမှုမှ ကြောက်လန့်ခြင်းသြတ္တပ္ပ။ အကြားအမြင်များခြင်း ဗာဟုသစ္စ။ အားထုတ် ရဲရင့်ခြင်း ဝီရိယ၊ မမေ့ မလျော့ ထင်မြင်အောက်မေ့ခြင်း သတိ၊ ဆင်ခြင်တိုင်းထွာ ကောင်းစွာသိမြင်ခြင်း ပညာ၊ ဤ ၇-ပါးတို့ပေတည်း၊

သီ, ဇန်, ဘောဇာ၊ သဗ္ဗမွာနှင့်၊ ဈာန်မှာလေးပါး၊ ဤဆဲ့ငါး, မှတ်သားစရဏာ။ ။စရဏာ ၁၅-ပါး အကျဉ်းမှတ်ရန် ဆောင်ပုဒ်။

သုတ္တံနှစ်ခုတို့၌ လာသော စရဏ မျိုးတို့ကို တရာ ပေါင်းရုံး၍ ရေတွက်လျှင် စရဏာ ၇-ပါးဖြစ်၏။ စရဏာ ၁၇-ပါးရေတွက်သောအခါ ယင်း ၁၅-ပါးတွင် သတိ သမ္ပဇညနှင့် စတုပစ္စယ သန္တောသကိုထည့်၍ ရေတွက် လေ။

သီ, ဇန်, ဘောဇာ၊သဗ္ဗမွာနှင့်၊ ဈာန်မှာလေးအင်၊ သမ္ပဇည၊ သန္တောသ၊ စရဏာမှတ်-သတ္တရသ်။

ဝိဇ္ဇာသုံးပါး ဆိုသည်မှာ ပုဗ္ဗေနိဝါသ အဘိညာဉ်, ဒိဗ္ဗစက္ခု အဘိညာဉ်, အာသဝက္ခယ အဘိညာဉ်, ဤသုံးပါးတို့ပေတည်း၊ ထို့ကြောင့် သုံးပါးဝိဇ္ဇာ၊, ပု, ဒိ, အာ,ဟု ရှေးဆရာတို့ ဆိုကြကုန်သည်။

ပြဆိုခဲ့ပြီးသော စရဏ, ၁၇-ပါး ဝိဇ္ဇာ၃ှစ်ပါးတို့ နှင့် ပြည့်စုံတော် မူသောကြောင့် မြတ်စွာဘုရားသည် ဝိဇ္ဇာစရဏ သမ္ပန္နောဟူသော ဂုဏ်ထူးဝိသေသကို ရရှိ တော်မူသည်။

(ဝိဇ္ဇာစရဏောတိ သမ္ပန္နတ္တာ ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော)

ဝိဇ္ဇာစရဏောတိ၊ဝိဇ္ဇာစရဏတရားတို့နှင့်။ သမ္ပန္နတ္တာ ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရား

သည်။ ဝိဇ္ဇာ စရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

ထို့ကြောင့် - အဘုမရှိ, မြတ်စွာဘုရား ကိုယ်တော်ကြီးသည် - ကမ္ဘာပေါ်တွင် အတုမရှိ, အရိယာဝိဇ္ဇာ အစစ် အရှင်မြတ်ကြီးဟု သိရှိကြကုန် သူတော်ကောင်း အပေါင်းတို့။

(လောကီ, လောကုတ်, ဝိဇ္ဇာ, စရဏ, ရှင်းတမ်း ၌တွင်ပြီး၏။)

## အထူး သတိပြုရန် အချက်ကြီးများကို ဖေါ်ပြပေအံ့။

လောကီဝိဇ္ဇာ အတတ်မျိုးပေါင်း ၄၃-မျိုးရှိ၏။ ထိုဝိဇ္ဇာ တို့ကို ဖြဟ္မဇာလ သုတ်တော်၌ တိရစ္ဆာနဝိဇ္ဇာဟု ခေါ်၏။

ထို ၄၃-မျိုးကို မိမိတို့ သဘောကျရာ တတ်မြောက်အောင် သင်ကြားပြီးလျှင် ကောက်ကျစ် စဉ်းလဲသော ဥာဏ်ရှိသောသူတို့က ရိုးသား ဖြောင့်မတ်သော ကုန်သွယ်, လယ်လုပ်စားကြသော ဝိဇ္ဇာတို့၏စိတ်ကို တုန်လှုပ် ချောက်ချား သိန့်ငယ်အောင် ထိုသူတို့၏ တံခိုးနှင့် နှမ်နင်း၍ ရိုးသားဖြောင့်မတ်သော ကုန်သွယ်, လယ်လုပ်သောသူများ၏ အသိအနှစ်ဖြစ်သော စည်းစိမ်ဥစ္စာ

များကို အတင်းရုတ်ယူ စားသောက်ကြကုန်၏။ ယခု အခါ မြန်မာနိုင်ငံတော်ကြီးမှာ ထိုကဲ့သို့ နိုင်ရာနိုင်ရာကို အတင်းရုတ်ယူ စားသောက်, စားနေကြသည်ကို ခဏ ခဏ ကြားသိရပေသည်။ စည်းစိမ်ဥစ္စာ ဓနရှင်များမှာ လောကနဂါးမျိုးနှင့် တူပေသည်၊ နဂါးတို့မည်သည့် ဂဠုန်နှင့်မတွေ့မှီသာလျှင် စည်းစိမ်ဥစ္စာ ရတနာအမျိုးမျိုး နှင့် ပြောင်ပြောင် လက်လက် တန်ခိုးထွက်၍ မောင်နိုင်, ကြွားနိုင်သည် ဂဠုန်နှင့်တွေ့သောအခါ နဂါးကို ဂဠုန်ရုတ် အချုပ်ပြုတ်အောင် ပါစေ့မပေါ့ ဆိုသည့်အတိုင်း ဈာန်ဝိဓ အဘိညာဉ်တန်ခိုး ရှိသော ကောက်ကျစ်စဉ်းလဲသော လောကီဝိဇ္ဇာဓိုရ်ကြီးများနှင့် တွေ့သောအခါ နဂါးနှင့် တူသော ဓနရှင်ကြီးတို့မှာ စည်းစိမ်ဥစ္စာ ရှိသမျှကို လောကီ ဝိဇ္ဇာဓိုရ်ကြီးတို့က သူတို့၏ရုပ်ပြောင်း ရုပ်လွှဲ အမျိုးမျိုး တန်ခိုးပြ၍ အချုပ်ပြုတ်အောင် ရုတ်ယူသွားတတ် သည်။ ယခုအခါ ထိုကဲ့သို့အချုပ်ပြုတ်အောင် ရုတ်ယူခံရ သူတွေ ရှိကြပေလိမ့်မည်။ ဘယ်အတွက် ထိုကဲ့သို့ လောကီဝိဇ္ဇာ ကောက်ကျစ်စဉ်းလဲသောသူတို့၏ အနှိပ် စက်ကို ခံနေရသနည်းဆိုသော် အရိယာဝိဇ္ဇာ အစစ် မဖြစ်ကြသေးသည့်အတွက် ဝိဇ္ဇဝိပ္ပလ္လာသက ဖုံးအုပ် နေသောကြောင့် ခံနေကြရပေသည်။

သို့အတွက်-အရိယာဝိဇ္ဇာအစစ် မဟာသောတာပန်, သကဒါဂါမ် အနာဂါမ်, ရဟန္တာဖြစ်အောင် အားထုတ်ကြကုန်သူတော်အပေါင်းတို့။

# မန္တလေးမြို့ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့်ဆွေးခမ်း။

## ထို့ပြင် တရပ်

## ဂန္ဓာရုံဆရာတော်မေးခမ်း။

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် ပစ်ကိုင်းတောင် နေစဉ်အခါ၊ ဂန္ဓာရုံ ဆရာတော်လာ၍ လျှောက်ထားသည်မှာ။ ဘုရားတပည့်တော်သည် ဇုဒ္ဓါနုသတိ ကမ္မဋ္ဌာန်းပေးရာ၊ အားထုတ်သော ယောဂီပုဂ္ဂိုလ် အပေါင်းတို့မှာ၊ ၄-ရက် ၅-ရက် ၇-ရက်နှင့် ဘုရား နိမိတ်များကို ကောင်းမွန်စွာ ရရှိကြပါသည် ဘုရား။ ထို့နောက် ရုပ် နာမ် အဖြစ် အပျက်ကို အရှုခိုင်းသောအခါ၊ ဝိပဿနာဉာဏ် ၁၀-ပါးကို ၇-ရက် ၈-ရက် ၉-ရက် ၁၀-ရက်နှင့် ပေါက်ရောက် ထင်မြင်သော ယောဂီပုဂ္ဂိုလ်တွေ ရှိပါသည်ဘုရား။ (ဝိသုဒ္ဓိမဂ် အလိုက) လွန်စွာ ခက်ခဲကြောင်း ဖြစ်ပါသည်။ ယခု အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့မှာ လွန်စွာ လွယ်နေပါသည် ဘုရားဟု လျှောက်ထား လေသည်။ ထိုအခါ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက အမိန့်ရှိသည်မှာ၊ ဆရာပေးသော ဇုဒ္ဓါနုသတိက ဘယ်လို ပေးသနည်းဟု မေးလေသည်။ ဂန္ဓာရုံ ဆရာတော်က

ဘပည့်တော် ပေးသည်မှာ မဟာဗောဓိ ပင်ရင်း ရွှေပလ္လင်တော်ပေါ် ၌ မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးသည် တင်ပလ္လင်ခွေ၍ မာန်ငါးပါးကို ထွားထွား ညက်ညက် အောင်တော်မူပြီး သစ္စာလေပါး တရားကို ရတော်မူသော မြတ်စွာဘုရား ကိုယ်တော်ကြီးကို မိမိ ရှေ့မှာ စမ္မခံခြင်း၍ ရေတော် ပန်းတော် မီးဟော်များကို ကပ်လှူ၍ ပူဇော်ပြီး မိမိ ရုပ်နာမ် နှစ်ပါးကို အပ်နှင်း၍ နှစ်တော်ထွာ လောက်ကနေ၍ ကောင်းမွန် ရှိသေ လေးမြတ်စွာ ရှိခိုးပြီး အရဟံ အရဟံ ဟု နှလုံးသွင်း နေရမည်ဟု ဆိုင်းပါသည် ဘုရား။ အားထုတ်သော ယောဂီတို့မှာ သက်ဘော် ထင်ရှား နိမ္မိတ ရုပ်ပွားကဲ့သို့ ရောင်ခြည်တော် ခြောက်သွယ်နှင့် တကွ နိမိတ်များကို ကောင်းစွာ ထင်၍ ဖူးတွေ့ကြရပါသည် ဘုရားဟု သျှောက်ထားလေသည်။ ထိုအခါ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက အမိန့်ရှိသည်မှာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် နိမိတ် မထင်ကောင်း ပီတိသာဖြစ်ကောင်းသည်ဟု ဝိသုဒ္ဓိမဂ်၌ လာရှိပေသည်။ ဗုဒ္ဓါနုဿတိဆိုသည်ကား ဘုရားရှင်၏ ဂုဏ်တော်ကို စွဲလမ်းသမှု အာရုံပြု၍ ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း (သတိ)ကို ဗုဒ္ဓါနုဿတိဟု ခေါ်သည်။ ဤဗုဒ္ဓါနုဿတိဟူသော အမည်သည် ဘုရားဂုဏ်လျှင် အာရုံရှိသော သတိ၏ အမည်ပေတည်း။ ထိုဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို

အားထုတ်သော သူတို့သည် ဗုဒ္ဓါနုဿတိ အာရုံကိုသာ ကောင်းစွာ စွဲလမ်း ငြိကပ်သော စိတ်ရှိသည်ဖြစ်၍ ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အစရှိသော မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အဖန် တလဲလဲ အောက်မေ့၍ ပွားများသော သူတို့အား ထိုအခိုက်၌ "ရာဂ" ထကြွ သောင်းကြမ်းသော စိတ်မဖြစ်၊ 'ဒေါသ'ထကြွသောင်းကြမ်းသော'စိတ်'မဖြစ် 'မောဟ' ထကြွ သောင်းကြမ်းသော 'စိတ်' မဖြစ်။ ထိုအခါ၌ ထိုပုဂ္ဂိုလ်၏ စိတ်သည်။ ဘုရား ကျေးဇူးတော်ကို အာရုံပြု၍ ဖြောင့်မတ် တည်ကြည်သည်သာ ဖြစ်၏၊ ဤသို့လျှင်'ရာဂ' စသည် ထကြွ သောင်းကြမ်းခြင်း မရှိသောကြောင့် နီဝရဏတို့ ခွါအပ်ပြီးသော ကမ္မဋ္ဌာန်းသို့ ရှေးရှုသည့် အဖြစ်ဖြင့် ဖြောင့်မတ်သော စိတ်ရှိသော ပုဂ္ဂိုလ်အား ဘုရားရှင်၏ ဂုဏ်ကျေးဇူးသို့ ညွှတ်သော ဝိတက် ဝိစာရ တို့သည် ဖြစ်ကုန်၏။ ဗုဒ္ဓရှင်တော် ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်ကို အဖန် တလဲလဲ ကြံသော တချစ်ဝဲဝဲ ကြံ၍အောက်မေ့သော ပုဂ္ဂိုလ်အား နှစ်သက်ခြင်း ပီတိသည် ဖြစ်၏။ နှစ်သက်သော စိတ်ရှိသူအား ပီတိလျှင် နီးသော အကြောင်းရှိသော ပဿဒ္ဓိကြောင့် ပူပန်ခြင်း ငြိမ်းသော ပုဂ္ဂိုလ်အား ကိုယ်၌လည်း ဖြစ်သော, စိတ်၌လည်း ဖြစ်သော, သုခသည် ထင်ရှားဖြစ်၏။ သုခရှိသူအား ဘုရားဂုဏ်လျှင် အာရုံ

ရှိသည်ဖြစ်၍ ဗိတ်သည့် တည်ကြည်၏။ ဤသို့ အစဉ်အဆိုင်း တခုသော 'ခဏ'၌ ဈာန်အင်္ဂါတို့သည် ဖြစ်ကုန်၏။ ဘုရားရှင် ဂုဏ်တော်တို့၏ နက်နဲ လှသောကြောင့်၎င်း၊ အသူးထူး အပြားပြား များသော ဂုဏ်တော်တို့ကို အောက်မေ့ခြင်းဖြင့် ရတ်ရတ် နစ်နစ် ဖြစ်၍ လေးမြတ်ယုံကြည်သည့် အဖြစ်ကြောင့်၎င်း၊ အပ္ပနာသို့ မရောက်မူ၍ ဥပစာရမျှသာ ဖြစ်သော ဈာန်သည်ဖြစ်၏၊ ထို 'ဥပစာရ' ဈာန်သည် ဘုရားဂုဏ်ကို အဖန် တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် ဗုဒ္ဓါနုဿတိဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ ထို့ကြောင့် 'ဗုဒ္ဓါနုဿတိ'သည် ဗိတိသာ ဖြစ်ကောင်းသည် နိမိတ် မရှိကောင်း သည်ကို ထင်ရှား လှပေသည်။

သို့ရာတွင် ဆရာက 'ပရိကမ်' လုပ်၍ ပေးသောကြောင့် ပေးသော 'ပရိကမ်'နှင့် ထင်သော နိမိတ်နှင့် တွဲပေသည်။ အတုမရှိသော အတိဒ္ဓုဗ္ဘာရုံ ဘုရား နိမိတ်ထင်ခြင်းသည် ကောင်းပေသည်။ ရသောနိမိတ်ကို ဖျက်မပြစ်ကောင်း ဗုဒ္ဓါနုဿတိလို့ ခေါ်လျှင် စာနှင့်မညီမညွတ် ဖြစ်ပေလိမ့်မည်၊ အဆင်းရှိသော ကသိုဏ်းလေးပါးတွင် သွင်း၍ ဗုဒ္ဓကသိုဏ်းလို့ ခေါ်မှ ရသောနိမိတ်နှင့် တွဲမည်ဟု အမိန့်ရှိလေသည်။

ဗုဒ္ဓါနုဿတိ စစ်ခန်းပြီး၏။

## 'ဝိပဿနာ စစ်ခန်း၊'

ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးက မေးသည်မှာ 'ဆရာ' ဉာဏ် ၁၀-ပါး ပေးပုံကို ချောက်ထားစေလိုသည်၊ 'ဂန္ဓာရုံ' ဆရာတော်က တပည့်တော် ပေးသည်မှာ 'သမသန' ဉာဏ်ရှုနည်းကို ဟောပြောပြပါသည်၊ ရှုကြည့်သော ယောဂီတို့မှာလဲ ဟောပြသည့် အတိုင်း ထင်မြင်ကြပါသည်။ ထိုနောက် ဥဒယဗ္ဗယ ဉာဏ် ရုပ် နာမ် ဖြစ်ပျက်ပုံကို ဟောပြပါသည်၊ ရှုကြည့်သော ယောဂီတို့မှာ ရုပ် နာမ် ၏ အဖြစ်အပျက်ကို ကောင်းစွာ ထင်မြင်ကြပါသည်။

ထိုနောက် အဖြစ်ကိုလွှတ်၍ အပျက်ကိုသာ ရှုကြည့်ရမည်ဟု ဟောပါသည် ရှုကြည့်သော ယောဂီတို့မှာ အပျက်ကိုသာ ကောင်းစွာ ထင်မြင်ကြပါသည် ဘုရားဟု လျှောက်ထားလေသည်။

ထိုအခါ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက 'သုတမယ' ဉာဏ်။ 'စိန္တာမယ' ဉာဏ်။ 'ဘာဝနာမယ' ဉာဏ်'။ ဉာဏ် သုံးမျိုးရှိရာတွင် 'ဘာဝနာမယ' ဉာဏ်၊ သဘာဝဓမ္မအဟုတ်အမှန် အစစ်ကို သိရန်မှာ ဒုက္ခအချက်က ထိုင်၍သာကြည့်ရမည်၊ ဒုက္ခအချက်မပိုင်သေးလျှင် သဘာဝဓမ္မ ဘာဝနာမယဉာဏ် အစစ်

မဟုတ် သေးကြောင်းကို သိရမည်။ ဒုက္ခအချက် ပိုင်အောင် ရှေ့သို့တိုး၍ ဗိုလ်ငါးပါး တူမျှအောင် ထား၍ အားထုတ်ရန် တိုက်တွန်းပေးရမည်။

မန္တလေးမြို့၌ရှိသော မြင်းရထား ကသော မြင်းများကို အစာကျွေးသော အခါ "မြက်"ခြောက်ကို စင်း၍၊ ကျွေးကြသည်၊ မြင်းကို "မျက်မှန်စိမ်း"ကြီးကို တတ်၍ ကျွေးလေသည်။ မြင်း၏စက္ခုဝိညာဏ် စိတ်သည် 'မြက်' စိမ်းတွေ ထင်မြင်၍ စားကြသည်။ "မြက်" ဖြူ အခြောက်တွေကို အဟုတ်တကယ် "မြက်"စိမ်းသင် အောင် စက္ခုဝိညာဏ် စိတ်ကို 'မြက်မှန်'' စိမ်းကြီး တတ်၍ လိမ်ကျွေးခြင်းမျှသာဖြစ်သည်။ ပြကတ့ဇာတိ ပေါ်အောင် "မျက်မှန်"စိမ်းကြီးကို ချွတ် ကြည့် လိုက် "မြက်"စိမ်းတွေ ကွယ်ပျောက်၍ ပြကတေ့ ဇာတိ "မြက်"ဖြူတွေကိုသာ အဖြူ အတိုင်း မြင်လိမ့်မည်၊ ထို့အတူ တရား အားထုတ်သော ယောဂီ ပုဂ္ဂိုလ် တို့ ထင်မြင်နေသော ဉာဏ်ဆယ်ပါးသည် သဘာဝ ဓမ္မ အစစ်အမှန် ဟုတ် မဟုတ်ကို ကာမဝိတက် ပြင်းထန်စွာ ဖြစ်ပြီးသည်နောက် ဓိမ္မိတ် ထင်မြင်နေသော ဝိပဿနာ ဉာဏ်ဆယ်ပါးကို ပြန်၍ အားထုတ် ခိုင်းကြည့်ရမည်၊ သမထ - သမာဓိနှင့် "သုတမယ ဉာဏ်, စိန္တာမယ ဉာဏ် တွဲ၍ ထင်နေသောဉာဏ် ဖြစ်နေခဲ့လျှင် ရုပ်နာမ်

၏ အဖြစ် အပျက်ကို ဘာတရမှ ရှာဖွေလို့ မရသည့် ပြင် မိစ္ဆာ ကိုယ်အသွင် သဏ္ဍာန် ကြီးကို မမြင်ရအောင် မှောင်ကြီးအတိ ကြနေ တတ် သည်။ " သို့အတွက် 'ဆရာ့' တပည့်များကို ယခုစမ်းနည်းအတိုင်း စမ်းကြည့်ရမည်၊"

သဘာဝဓမ္မ ဘာဝနာမယ ဉာဏ် အမှန် အစစ်ဖြစ်ခဲ့လျှင် ရုပ် နာမ် အဖြစ် အပျက် မပြောက်တော့ပြီ၊ သို့အတွက် ထိုအချက်ကြီးကို တရားအားထုတ်ကြသော ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့ အထူး သတိပြုရန် အချက်ကြီး ဖြစ်ပေသည်။ ...

## ဝိပဿနာ ဉာဏ်ဆယ်ပါးကို သဘာဝဓမ္မ အမှန် အစစ် ဟုတ် မဟုတ် စစ်ခက်း စစ်ချက်ပြီး၏။

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူသော "အနတ္တ ဒီပနီ ကျမ်း၌" ဝေဒနာခေတ်ကို ဉာဏ်၌ ကွဲအောင် ခွဲ၍ ထိုဒုက္ခ ဝေဒနာကို ဉာဏ်နှင့် ဆုပ်ကိုင်မိအောင် ဖမ်းရမည်၊ ဉာဏ်၌ ဆုပ်ကိုင်မိသောအခါ "ဓမ္မ ဝဝတ္ထာန" ဉာဏ် ဖြစ်၏။ ဓမ္မ ပရိဂ္ဂဟ ဉာဏ်လည်း မည်၏၊ နာမ ရူပ ပရိစ္ဆေဒ ဉာဏ်လည်း မည်၏၊ နာမ်တခြား ရုပ်တခြား ပိုင်းခြား၍မြင်နိုင်သော ဉာဏ်ဟုဆိုလိုသည်။ ဖဿကြောင့်

ဤဝေဒနာ ဖြစ်ပေါ်လာသည့် ထိုထိခိုက်မှု ဟူသော “ဖဿ”မရှိသေးမီ ကိုယ်ခန္ဓာတွင်းမှာ ထိုဝေဒနာရှိ၍ နေသည်မဟုတ်ဟု မြင်လေရာ၏။ ထိုသို့ မြင်သောဉာဏ်သည် ပစ္စယ ပရိဂ္ဂဟ“ ဉာဏ်မည်၏။”ကင်္ခါဝိတရဏ ဉာဏ်လည်း မည်၏။ “ဓမ္မဋ္ဌိတိ” ဉာဏ်လည်း မည်၏။ “ပဋိစ္စသမုပ္ပါဒ”ဉာဏ်လည်း မည်၏။ “ယထာဘူတ”ဉာဏ်လည်း မည်၏။

ဤသို့ ထိခိုက်မှု “ဖဿ”ဟူသော အကြောင်းတရားနှင့် တကွ နာမှု ကျင်မှုဟူသော ဒုက္ခဝေဒနာကို ထင်လင်းအောင် ရှုရာ၏။ အနိစ္စ လက္ခဏာ ဆိုသည်ကား နာမှု ကျင်မှု ဟူသော ဤဒုက္ခ ဝေဒနာသည် “ပဋိသန္ဓေ” အခါမှစ၍ တဘဝလုံး ငါ၏ ကိုယ်ထဲမှာ အမြဲရှိနေသော “နိစ္စ”တရားမဟုတ် “နိစ္စ”တရား ဖြစ်ခဲ့ပြီးအံ့ တဘဝတွင် “ပဋိသန္ဓေ” အခါ၌ တခါသာဖြစ် ပေါ်ရှိရာ၏။ ယခုမှ အသစ် ဖြစ်ပေါ်မှုဟူ၍ မရှိလေရာ။ ထိုသို့သာမဟုတ် ယခု ထိခိုက်မှု “ဖဿ”ကို အစွဲပြု၍ ယခု အသစ်ဖြစ်ပေါ်သော ဥပါဒ်ခွန်းကို ပစ္စက္ခဒိဋ္ဌ မြင်ရ၏။ ထိုသို့ မြင်ရသောကြောင့် ခန္ဓာကိုယ်ထဲမှာ အမြဲပါရှိ၍ နေသော နိစ္စတရား မဟုတ် ထိခိုက်မှု ဟူသော “ဖဿ”ဖြစ်ပေါ်ခိုက် အခါမှသာ ထိုဖဿကို အစွဲပြု၍ ဖြစ်ပေါ်ခါ ဖြစ်ပေါ်ခါ နေသော “အနိစ္စ တရား သာ

တည်း'' အာဂန္တုက တရားသာတည်း၊ တိမ်တိုက် ခြင်း ထိခိုက်မှု ဖြစ်ပေါ် လာနိုင်သောလျှပ်စစ် ရောင် ကဲ့သို့ "ကာယ ပသာဒ" ရုပ်ဟူသော ခြေဘွား ရှိ အတွင်း "အာယတန" နှင့် အရဋ္ဌ ကျောက် ဟူသော ပထဝီ ဖေါဋ္ဌဗ္ဗ "အပ" အာယတနရုပ် ထိခိုက်ကြရာ ကောင်းကင်ကြာ်, မိုယ်း ပေါ်ကြ ကဲ့ သို့ ယခုမှ အသစ် ဖြစ်ပေါ်လာသော တာဝ ကာလိက ဓမ္မသာ တည်း ဟု ဉာဏ်ဝမှာ ထင်လင်းစွာ သိ မြင် ရာ ၏။ ဤကား ပဋိစ္စ သမုပ္ပါဒ် အချက်နှင့်တကွ ဥပါဒ်စွန်းကို အတတ် ဒိဋ္ဌ မြင်သဖြင့် သိရသော အနိစ္စအချက် ပေတည်း။

ထိုနေရာမှာ အရဋ္ဌ ကျောက် ထိခိုက်မှု ဒါန်ချက်နှင့် တကွ ဖသ ဖြစ်ပေါ်မှု ပျောက်ငြိမ်း၍ သွား ပြန် လျှင် နာမ့် ကျင်မှု ဟူသော ထိုဒုက္ခ ဝေ ဒနာ သ ည် အစဉ် **အတိုင်း** ချုပ်ကွယ် ပျောက်ငြိမ်း၍ သွားပြန်၏။ အနာ ပျောက်ပေပြီဟု ဆိုကြကုန်၏ ထို ချုပ်ပျောက်မှု ဟူ သော "ဘင် စွန်း"ကိုလည်း ပစ္စက္ခဒိဋ္ဌ ဉာဏ်ဝမှာ ထင်မြင်အောင် ကြည့်ရာ၏။ "ဘင် စွန်း"ကို ပစ္စက္ခဒိဋ္ဌ မြင်သည်ရှိသော် ချုပ်ပျောက်မှု ဟူသော "ဘင်" ခေါ် သော မရဏသည် အနိစ္စ လက္ခဏာ အစစ် ဖြစ် ပေ ရကား အနိစ္စလက္ခဏာ ကို ကောင်း စွာ မြင် လေ ၏။ ဤကား ဘင် စွန်းကို အတတ် ဒိဋ္ဌ မြင်ရသဖြင့် သိရ

သော အနိစ္စ အချက်ကြီးပေတည်း။ လက်ျာ ခြေဖွား၌ ဒုက္ခ ဝေဒနာကို ဉာဏ်နှင့်ပေါ်၍ ''ဓမ္မဝဝတ္ထာန ဉာဏ်'' ပစ္စယ ပရိဂ္ဂဟဉာဏ်'' ဥဒယဘယ ဉာဏ်''နှင့် တကွ အနိစ္စ ဝိပဿနာဉာဏ် အစီအရင် ပြီး၏။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ရူပနိရောဓ ဂါမိနီ ပဋိပဒါ သေယျထိဒံ သမ္မာဒိဋ္ဌိ (လ) သမ္မာ သမာဓိ၊ ဟူသော စတုတ္ထ ကောသလ္လ ဌာန၌ ပထမ - ဒုတိယ - တတိယ ဌာနတို့၌အဟုတ် မြင်အောင် ကြည့်သော ဉာဏ်သည် ပုဗ္ဗဘာဂ သမ္မာဒိဋ္ဌိ မဂ္ဂင် မည်၏။ ထိုပုဗ္ဗဘာဂ သမ္မာဒိဋ္ဌိ မဂ္ဂင်သည် ကြည့်ရှုဖန် များလှ၍ အလွန် ကြည်လင် ထက်သန် ခြင်းသို့ ရောက်သောအခါ လောကုတ္တရာ သမ္မာဒိဋ္ဌိ ဖြစ်လာ၏။ သမ္မာ သင်္ကပ္ပသည်လည်း ပုဗ္ဗဘာဂ သမ္မာသင်္ကပ္ပ လောကုတ္တရာ သမ္မာသင်္ကပ္ပ ဟူ၍ နှစ်ပါးရှိ၏၊ သမ္မာဒိဋ္ဌိ၏ အခေါ်သဟဲချည်းပေတည်း။ ပြဆိုခဲ့ပြီးသော မီးတောက်မှာအဟောင်း အသစ် ခြားနား၍ သမုဒယမှု နိရောဓမှုကို မျက်စိနှင့်ကြည့်သလို မြင်မှုကား သမ္မာဒိဋ္ဌိတည်း၊ မြင်ကွက်ပေါ်အောင် အချက် ရှာကြံ၍ ပေးတတ်သည်ကား သမ္မာသင်္ကပ္ပတည်း၊ အချက် ရှာကြံမှုကောင်းလှမှ စေ့စပ်လှမှ မြင်ကွက် ပေါ်သည်။ ဤကိုယ်ခန္ဓာ၌ တနေ့ တနေ့လျှင် အခါ များစွာ ကိုယ်ခန္ဓာပြောင်းလဲမှု

အခါချားရွာ ကိုယ်ခန္ဓာ အသစ်သစ် ဖြစ်ပေါ်မှု အခါ များရွာ ကိုယ်ခန္ဓာ အဟောင်း အဟောင်း ချုပ်ပျောက်မှုကို ထင်လင်းစွာ မြင်မှုကား သမ္မာဒိဋ္ဌိ မဂ္ဂင်တည်း၊ ထင်မြင်ကွက် ပေါ်အောင် ရှုကြ၍ ပေးမှုကား သမ္မာသင်္ကပ္ပ ပင်တည်း၊ အဘယ်သို့ အချက် ရှုကြ၍ ပေးသနည်း၊ တမြေတောင်လုံးမှာ နေ့ရှိသမျှ အသက်မွေးမှုကြီးကျယ်ပုံကို သိအပ်ပေသည်။ တနေ့ တနေ့လျှင် နှစ်ထပ် နှစ်ထပ် အစာ ခေါက်ဆွဲ မျိုသွင်း ရမှုကို ပေးသည်။ မိမိဘို့ ဝမ်းမှာ အစာ ပြည့်သောအခါ ကိုယ်ခန္ဓာမှာ ဘယ်လိုနေသည် အစာချေပါး သွားသောအခါ ဘယ်သိုနေသည် အစာဖြတ်လျှင် ဘယ်သို့ဖြစ်သည်ဟု ကိုယ်တွေ့ ဒိဋ္ဌ ထင်ရှား၍ နေသော အချက်တွေ့ကို ဉာဏ်နှင့် ရှုကြ၍ ပေးသည်။ ယခု နေ့မှစ၍ ဇမ္ဗူဒီပါ တကျွန်းလုံး အစာ ရေစာ ဟုံးသုံး ဖြတ်ခဲ့အံ့ ဘယ်အချိန်မှာ ဇမ္ဗူဒီပါ တကျွန်းလုံးသည် အသေတွေ ထပ်ထပ် ကြမ်း၍ သင်းချိုင်းအတိ ဖြစ်လတံ့ ဤသို့ စသည်ဖြင့် အချက်တွေကို ရှုကြ၍ ပေးသည်၊ ထိုင် ခြင်း အဓိယာပုဒ်၌ တိမ်တိုက် တိမ်ခဲတွေ တက်သကဲ့သို့ ရုပ်စု ရုပ်ခဲတွေ အသစ် အသစ် ဖြစ်ပေါ် တိုးတက်၍ လာမှု အသစ် အသစ် ဖြစ်ပေါ်ရာ ဌာနဒ္ဓ လေပြင်း တိုက်၍ တိမ်တိုက် တိမ်ခဲ လွင့်ပျောက်၍ ကုန်သကဲ့သို့ ထိုင်စက ရှိကြသော ရုပ်စု ရုပ်ခဲ ဟောင်း ကြွေပျောက်၍

သွားမှုတို့ကို ထင်လင်းစွာ မြင်မှုကား သမ္မာဒိဋ္ဌိ မဂ္ဂင်၏ ကိစ္စပေတည်း၊ ထိုမြင်မှု အရ ကွက်ပေါ်အောင် ကိုယ်တွေ့ မျက်မြင် ဖြစ်သော အချက်တွေကို ရှာကြံ၍ပေးမှုကား သမ္မာသင်္ကပ္ပ မဂ္ဂင်၏ ကိစ္စပေတည်း။ သမ္မာသင်္ကပ္ပမဂ္ဂင် အချက်ပေးကောင်းမှ သမ္မာဒိဋ္ဌိ မဂ္ဂင် ပွင့်လင်း နိုင်သည်ကို ကောင်းစွာ မှတ်ကြ မည်၊ အ ခွင့်အမျိုးအမျိုးအား လျော်စွာ ကိုယ်ခန္ဓာအတွင်း၌ ရုပ်ခန္ဓာအသစ်ပေါ်မှု အဟောင်း ကွယ်ပျောက်မှုတို့သည် ကိုယ်တွေ့ ဒိဋ္ဌနှင့်တကွ မျက်တောင် တခတ်မျှ ပြတ်စဲသည် မရှိကုန်ပြီ ထိုင်နေ တသုကိုသာ နမူနာခံပြုရ ပြဆိုလိုက်သည်၊ သမ္မာသင်္ကပ္ပ ပြီး၏။ သမ္မာဒိဋ္ဌိ မဂ္ဂင် သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါး တနေ့တခြား တိုးပွား၍ လောကုတ္တရာသို့ ကူးသည်နှင့် တပြိုင်နက် ရှေးရှေးက စိတ်သန္တာန် အစဉ်ပါ၍ လာခဲ့သော ကာယ ဒုစရိုက်မျိုး ဝစီ ဒုစရိုက်မျိုးတို့ကို အကြွင်းမဲ့ သတ်နိုင်သော ခေတ်သုံးခု ပေါ်၍လာ၏။ ယင်း ခေတ်သုံးခုကို သမ္မာဝါစာ မဂ္ဂင် သမ္မာကမ္မန္တ မဂ္ဂင် သမ္မာအာဇီဝ မဂ္ဂင်ဆိုသည်။ သမ္မာဝါယာမ မဂ္ဂင်ကား ဤအလုပ် မသမြောက်သမျှ ငါ မနား၊ ငါ၊ မနေဟု၊ စက်ကုန်လွှတ်သော ဝီရိယတည်း။ ယင်းကို သမ္မပဒါန်လည်း ခေါ်၏ အာတာပလည်း ခေါ်၏။ အာရဒ္ဓခေတ် နိက္ကမခေတ် ပရက္ကမခေတ် ဟူ၍ သုံးပါးရှိ၏။ အာတာပသဒ္ဒါမှာ

ကိလေသာတို့ကို ပူပန် သွေ့ခြောက် စေနိုင်သော ဝီရိယဟု ဘွင့်ကြ၏။ ထိုအလုပ် မထမြောက်သမျှ ရက်လအရှည် မအိပ်မနေ အပူအပြင်း အပန်းခံသော ဝီရိယဆိုသည်။ အကျိုးနှင့်တကွ လုပ်ခွင့် လုပ်လမ်းကို ကြားသိရလျှင် နေ့ခြင်း ညခြင်း ထ၍ လုပ်နိုင်သော ဝီရိယကို အာရဒ္ဓ ဓာတ်ဆိုသည်၊ လုပ်စဉ်အခါ နှောက်ယှက်၍ လာသော ထိန၊ မိဒ္ဓ၊ ကောသဇ္ဇ၊ စသော စိတ်ရတက်တို့ကို ပယ်ဖျက် တွန်းလှန်၍ လုပ်အား သန်သော ဝီရိယကို နိက္ကမ ဓာတ်ဆိုသည်။ အထက်၌ အလုပ်မှ ဆုတ်ရန် စိတ်သန္တာန်မှာ ပေါ်လာသမျှသော ဘေးရန်တို့ကို တွန်းလှန် နင်းနယ်၍ သွားနိုင်သော ဝီရိယကို ပရက္ကမ ဓာတ်ဆိုသည်။ ယခုကာလ၌ ဤဝီရိယမျိုး မရှိကြ၍ ဈာန် မဂ်-ဖိုလ်ကို မရကြသည် ဤဝီရိယမျိုး ရှိသူတို့မှာ ဈာန် မဂ်-ဖိုလ်ကို ရရှိသောသူ ရှိကြပေလိမ့်မည်။ ကမ္မဋ္ဌာန်းမှု၌ တမဟုတ်မျှ မလစ်ရအောင် စိတ်အစဉ်ကို အတွင်း တိုက်တွန်းသော သတိသည် "သမ္မာသတိ" မည်၏။ ကမ္မဋ္ဌာန်း အာရုံကို လွှတ်၍ တပါးသို့ စိတ်မသွားမှုသည် သမ္မာသမာဓိ မည်၏။ ဤခြောက်ပါးသော မဂ္ဂင်တို့သည် လောကီ လောကုတ္တရာ နှစ်ပါးစီ ရှိကြ၏။ ဤ၌ လောကုတ္တရာကို အလိုရှိအပ်၏ ဤရှစ်ပါးသော တရားအပေါင်းသည် မဂ္ဂသစ္စာမည်၏။

ဤ ရှစ်ပါးတွင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝ ဤသုံးပါးကား လောကုတ္တရာဘက်သို့ ကြည့်သောအခါမှ အလိုလို ပေါ်လာသော အင်္ဂါသုံးပါးပေတည်း။ မိမိ ကိုယ်ခန္ဓာ၌ တကိုယ်လုံး သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် မွှေနှောက် ဖေါက်ထွင်းရှုကြည့်ခြင်း ဟူသော ဝိပဿနာ ဘာဝနာမှု၌ကား သမ္မာသတိ-သမ္မာ ဝါယမ-သမ္မာ သမာဓိ-သမ္မာ သင်္ကပ္ပ ဤ လေးပါးသော စက်ကြိုးယာ တို့နှင့်တကွ သမ္မာဒိဋ္ဌိ တည်းဟူသော မီးစက် ရထားကြီးကို ကိုယ် ခန္ဓာတည်းဟူသော, တလိမ့်မျှလောက်သော ရထားလမ်း၌ ‘‘ခံ’’ များမှ ခြေဖျားတိုင်အောင် ဉာဏ်အထင် အမြင်, အတွင်ချတ်စိုင်းပါလျှင်။ ၇-နှစ်ရက်နှင့် လောကုတ္တရာ မဟာနိဗ္ဗာန်ကြီးသို့ဆိုက်သောသူ၊ တလနှင့် ဆိုက်သောသူ၊ တနှစ်နှင့်ဆိုက်သောသူ၊ ၂ နှစ်နှင့် ဆိုက်သောသူ၊ သုံးနှစ်နှင့် ဆိုက်သောသူ၊ လေးနှစ်နှင့် ဆိုက်သောသူ၊ ငါးနှစ်နှင့် ဆိုက်သောသူ ခြောက်နှစ်နှင့် ဆိုက်သောသူ၊ ခုနှစ်နှင့် ဆိုက်သောသူ၊ ဟူ၍ ကျမ်းဂန်တို့၌ အမျိုးမျိုး ဟောတော်မူသည်။ သရဒယ နှစ်မျိုး နိရောဓ နှစ်မျိုး ခွဲ၍ ပြဆိုခဲ့ပြီးသော အရာ၌ ပဋိသန္ဓေ ကိစ္စနှင့် ရုပ် ခန္ဓာပေါ်မှ ချုပ်ငြိမ်းသော ‘‘နိရောဓကား’’ နိဗ္ဗာန်ပင်တည်း။ ဤနိရောဓကို နိဗ္ဗာန် လောကုတ္တရာမြို့ကြီး ဆိုသည်ဟု မှတ်။

ဝေတုဋ္ဌ ကောသလ္လ ဗြှာနပြီး၏။

# အထူးမှတ်တမ်းတင်ရန် အချက်မှာ

## အရိယပ္ပဝေဒိ တေဓမ္မေ သဒါရမတိ ပဏ္ဍိတော။

မန္တလေးမြို့ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ တနှစ်လောက်က (ဆရာတော်သည် စစ်ကိုင်းမြို့ အမတ် ဒေါ်အမာ၏ ခဲပွန်း သူဌေး ဦးမောင်မောင်နှင့် အတူဘက္ကကားနှင့် သွား၍ သက်နိုး သဒိတ် ပရိက္ခယာ ရှစ်ပါးနှင့်ကကွ ထီး တိနပ် မုံ့သေတ္တာ အမျိုးမျိုး အစရှိသော လှူဘွယ်ဝတ္ထုတို့ကို နိဿရဏ စေတနာ ထက်သန်စွာဖြင့် လှူဒါန်း ပူဇော်သွားသော အခါက သိမ်တောင် ဆရာတော် ဘုရားကြီး ဦးမှင်ခဲ ကျန်းမာ ချမ်းသာစွာ ရှိပါ၏လောဟု မေးလေသည်။

ထိုအခါ ဆရာတော်က ဆရာကြီး ဦးမှင်ခဲ ဘဝတပါးပြောင်းသွား ပါပြီဘုရား တပည့်တော်၏ ဦးမင်းဇော် ဖြစ်ပါသည် ဘုရားဟု လျှောက်သောအခါ သာသနာပိုင်ကြီးက ပညာရှိ ပုဂ္ဂိုလ်ကြီးလွန်စွာ နှမြောဘွယ် ကောင်းပေစွ လွန်စွာ နှမြောဘွယ် ကောင်းပေစွ တပည့်တော် နှင့် စံကျောင်းဆရာတော်ဘုရားကြီးထံ စာသင်ဘက် အတူတကွနေ ကြသည်၊ ဆရာကြီးက တပည့်တော်ထက် ဉာဏ်ကောင်းသည် တပည့် တော်ထက်စာတတ်သည်ဟု ပြောပြီး သိမ်တောင်ဆရာတော်အနား ကိုတိုးကပ်ပါဟု ခေါ်၍ ဆရာတော်၏လက်ကို မလွှတ်ဘဲ ကိုင်၍ ဆရာ ကြီး ဦးမှင်ခဲနှင့် တွေ့ရဘိသကဲ့သို့ တင်မှတ်ပေသည်၊ ကမ္မဋ္ဌာန်းတရား ဟောတော်မူပါဟု သာသနာပိုင်ကြီးက ဆရာတော်ကို တောင်းပန် လေသည်။ ထိုအခါ ဆရာတော်က ဆရာတော်ဘုရားကြီး သိပြီးဖြစ်

ပါသည် သည်းခံတော်မူပါဘုရား ဟု အကြိမ်များစွာ တောင်းပန်ပါသော်လဲ မရ၊ လက်ကို မလွှတ်ဘဲ တရားဟောတော်မူပါ တရားဟောတော်မူပါဟု များစွာ တောင်းပန်၍ ဆရာတော်က အင်မကြီး (သိမ်တောင် ဆရာတော်ဘုရားကြီးထံ အားထုတ်ခဲ့သော တရား) (ဒုတိယ လယ်တီဆရာတော်ဘုရားကြီးထံ အားထုတ်ခဲ့သောတရား) (တတိယသောကျွန်တော် ဦးတိလောကထံ အားထုတ်ခဲ့သောတရား) များကို ဟောပြရာ များစွာ သာဓုခေါ်၍ ညဉ့်ကိုဆက် တရားဟောတော်မူပါ ညဉ့်ပါဆက်နာပရစေဟု အကြိမ်များစွာ ထပ်၍ တောင်းပန်လေသည်။

(ထို့နောက် သာသနာပိုင် ဆရာတော်ကြီး အမိန့်ရှိသည်မှာ တပည့်တော်ကို အရှေ့ပြင်) (ဝိဋကတ် သုံးပုံဆောင် ခင်မကန် ဆရာတော်ဘုရားကြီး ဦးခါးက တရား အားထုတ်ရန် အမိန့်ရှိသည်မှာ (နေ့ကို အလောက ကသိုဏ်း ကြည့်) ( ညဉ့်ကို ဖေဟ ဓော ကသိုဏ်း ကြည့်ရမည်၊) (ဥဂ္ဂဟ နိမိတ်) (ပဋိဘာဂ နိမိတ်) လွန်စွာ ရလွယ်သည်ဟု အမိန့်ရှိ၍ ကြည့်ခဲ့ဘူးသည်၊ အမိန့်ရှိသည့်အတိုင်း အားထုတ်သောအခါ ရလွယ်ပေသည်ဟု သာသနာပိုင် ဆရာတော်ဘုရားကြီးက ပြန်၍ အမိန့်ရှိပေသည်။

ထို့နောက် ပြန်လာ၍ တရားဟောတော်မူရန် ထပ်မန်၍ အမိန့်ရှိသောကြောင့် နောက်ထပ် တဖန် သွား၍ တရား ဟောရပြန်လေသည်။ (ထိုအခါ သာသနာပိုင် ဆရာတော် ဘုရားကြီး၏ ရေးသား စီရင်တော် မူသော) (ဂျဋ္ဌတ္တ ဝိနိစ္ဆယ ကျမ်းကြီးနှင့် ဆေး ကျမ်းကြီးများကို ချီးမြှင့်တော် မူလိုက်ပေသည်၊ ယခု ဆရာတော် ရေးသားသော ကမ္မဋ္ဌာန်း၏ လုပ်နည်းများကို သာသနာပိုင် ဆရာတော် ဘုရားကြီးကိုပင် ဟောပြပြီး ဖြစ်ပေသည်။)

# ကမ္ဘာကျော် ပိဋကပါရဂူ ဘွဲ့တံဆိပ်တော်ကို ရတော်မူသော

# ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏

## မိန့်ခွန်းတော်

ယခုအခါ ယောဂီပုဂ္ဂိုလ်တို့ အထူးမှတ်သားရန်ထုံးတရပ်။ ॥
(အတ္တုက္ကံသန) (ပရဝမ္ဘန) အရေးတွေ့စစ် နှိမ်နင်းပုံ

သိမ်တောင်တိုက် စံကျောင်းတော်ကြီး၌ သီတင်းသုံးနေသောအခါ။ (မိတ္ထီလာမြို့) ရေလည် ကျောင်းဘုန်းကြီး ဦးအာဒိစ္စ ကိုယ်တော်နှင့် မြင်းခြံမြို့ ခွန်းလှန်းဝက် စာရေးကြီး ဒါယကာ ကိုဘစံ တို့ပြင် ဦးကဝိနှင့်အတူ တရားအားထုတ်သော ဦးဥ စာရေးတို့သည်၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ခြေတော်ရင်းသို့ လာ၍ ဒါယကာ ကိုဘစံက လျှောက်ထားသည်မှာ၊ တပည့်တော်သည် (ပဌမ)သေကျွတောင် ဦးဘိုးလောက ရေးသော (ပစ္စတ္တ ဝေဒနိယ) စာအုပ်၌ ပါရှိသော ကသိုဏ်းများကို အားထုတ် နည်းအတိုင်း အားထုတ်သောအခါ (ဥဂ္ဂဟနိမိတ်) (ပဋိဘာဂ နိမိတ်) များကို ကောင်းမွန် တည်ကြည်စွာ ရရှိပြီးလျှင်၊ အမှနာ

ဈာန် သမာဓိ ဖြစ်ပါသည်ဘုရားဟု လျှောက်ထားလေ သည်။) ထို့နောက် ဝိပဿနာ အားထုတ်သော အခါ ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူသော အနတ္တ ဒီပနီ ကျမ်း၌ ပါရှိသော ဝေဒနာ ကမ္မဋ္ဌာန်း အားထုတ်သော နည်းအတိုင်း အားထုတ်ပါသည်ဘုရား ထိုအခါ မိမိ ခန္ဓာ၌ ရှိသော ရုပ်တရားတို့သည် နှမ်း များကို အိုးကင်းတွင် လှော်နေဘိသကဲ့သို့ ဖြစ်ဖြစ်နှင့် ဖြစ်ပျက်နေသည်ကို ဉာဏ်၌ ထင်ထင် ရှားရှားကြီး ထင်မြင်နေပါသည်ဘုရား၊ ထို့နောက် ဉာဏ်စဉ်အတိုင်း ရုပ် နာမ်၏ အနိစ္စ သဘာဝ ဓမ္မများကို ကောင်းစွာ ထင်မြင်၍ (အနုလုံ) (ဂေါတြဘူ) (မဂ်ဇော) (ဖိုလ်ဇော) ဖြစ်ပေါ်ပုံများကို အလုံးစုံ ပြည့်စုံအောင် လျှောက် ထားလေသည်။ ထိုအခါ ကျေးဇူးရှင် လယ်တီ ဆရာ တော်ဘုရားကြီးက သာဓု-သုံးကြိမ် ခေါ်တော်မူလေ သည်။

## ထို့နောက် ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်

ဆရာတော်ဘုရားကြီးက အမိန့်ရှိသည်မှာ-ငါ၏ တပည့်များ နောက်ကို (မဂ်ရသည်) (ဖိုလ်ရသည်) ဟု မည်သူကိုမျှ မပြောကြနှင့်၊ ရောဝတီမြစ်ရိုးတလျှောက်

(ပြည်) (ရွှေတောင်) (ကြခင်း) (မြန်အောင်) (ဓနုဖြူ) (ညောင်တုံး) (ကျိုက်လတ်) (ပန်းတနော်) မြို့များမှပ၍၊ (သောတာပန်) (သကဒါဂါမ်) (အနာဂါမ်) အစရှိသော အရိယာတွေများစွာ ပေါ်များကြောင်းကို ဆရာတော်အားများစွာ လျှောက်ထားကြသည်။ လျှောက်ထားသည့်အတိုင်း သောတာပန် သကဒါဂါမ် အနာဂါမ် အစစ်ဟုတ်ကြောင်း မဟုတ်ကြောင်းကို ဆရာတော်ဘုရားကြီး ဆုံးဖြတ်ပေးသနားတော်မူပါမည့်အကြောင်း လျှောက်လွှာတွေများစွာ ဖြစ်နေသည်။ ဖြေသို့ မပြီးနိုင်အောင် များနေသည်ဟု အမိန့်ရှိလေသည်။ (သို့အတွက်-မည်သူ သောတာပန်)(သကဒါဂါမ်)(အနာဂါမ်)(ရဟန္တာ) ဖြစ်ပြီဟု မကျွံမဆုံးဖြတ်ကြနှင့်၊ (အနုသယသဘော သတ္တိ ကလေးသည် လွန်စွာ နူးညံ့သည်ဖြစ်၍)(မဂ်ဖြင့်ချုပ်ပယ်သည်)(မပယ်သည်ကို) လွန်စွာ သိနိုင်ခဲသည်ဖြစ်သောကြောင့် မဆုံးဖြတ်သင့်ကြပေ။ ယောဂီပုဂ္ဂိုလ် တဦးသည် ယခုဘဝ မဂ် ဖိုလ် ကို ရထိုက်သောပါရမီရှိသူလည်း ဖြစ်စေ (သမထ) (ဝိပဿနာ) နှစ်ဖြာသော ကမ္မဋ္ဌာန်းကို သက်စွန့် ကြိုးပမ်း အားထုတ်သော ပုဂ္ဂိုလ်လည်းဖြစ်စေ, ရုပ်နာမ်၏ သဘာဝဓမ္မကို ဉာဏ်ဝယ်မှာ ကောင်းစွာ ထင်မြင်နေသည်လည်းဖြစ်စေ, ထိုယောဂီပုဂ္ဂိုလ်သည် တခါတခါ ရုပ်နာမ်ချုပ်

ငြိမ်းသကဲ့သို့ ဖြစ်၍ အေးငြိမ်းမှုကို တွေ့၍ ခံစားနေတတ်သည်။

ထိုအခါ ယောဂီပုဂ္ဂိုလ်၏ စိတ်မှာ (ဝိတိက္ကမ) (ပရိယုဋ္ဌာန) ကိလေသာတို့သည် ကျွမ်းထင်းသော အမှုအရာ မပေါ်လာနိုင်ဘဲ ကွယ်ငုတ်နေတတ်သည်။ ကိလေသာ ကွယ်ငုတ်လေလေ အေးငြိမ်းမှု တွေ့လေလေ, တွေ့တတ်သည်၊ ထိုအခါ ထိုအေးငြိမ်းမှုကို ဆရာက တကယ် (မဂ်ဖိုလ်) ထင်၍ ဆုံးဖြတ်တတ်သည်၊ ထိုနေရာမှာ ဆရာက စာနှင့် ကိုက်ကြည့်၍ တကယ် ညီညွတ်သည့် ထင်လျှင် (သာဓု-သာဓု-သာဓု) ဟုခေါ်၍ ငါ့ရှင် ရှေ့သို့တိုး၍ အားထုတ်ရမည် (ဖိုလ်ငါးပါးကို ညီမျှအောင်ထား၍ အားထုတ်ရန် အထူး တိုက်တွန်း ပေးရမည်ဟု အမိန့်ရှိလေသည်) ထိုအချက်ကို ပမာဆောင်၍ ပြပေအံ့။ ပင်လုံးကျွတ် အခက်အလက် အညွန့်တွေ ဝေဆာအောင် ပေါ်ထွက်နေသော မဟာဗေါဓိပင်ကြီးကို မြင်သမျှ ရဟန်းရှင်လူ အပေါင်းတို့သည် လွန်စွာ ကြည်နူး ဝမ်းမြောက်စွာ ဖြစ်နေကြဆဲ အခါ တဦးသောသူက ထိုဗေါဓိပင် အညွန့်တွေကို ချိုးဖဲ့ ဖြစ်လေသည်။ ထိုအခါ မဟာဗေါဓိပင်ကြီးမှာ လွန်စွာ အားနည်း သွားလေသည်၊ အညွန့်တွေ ဝေဆာအောင် ရုတ်တရက် ထွက်ပေါ်ခြင်းငှါ မစွမ်းနိုင်

သကဲ့သို့ ထို့နည်းတူစွာ အဆုံးဖြတ် ခံရသော ယောင်္ ပုဂ္ဂိုလ်တို့သည် မဟာပေါဓိပင်ကြီးနှင့် တူလှပေသည်။ အညွန့်တွေ တဝေဝေ ထွက်ပေါ်နေခြင်းသည် မဂ်ဖိုလ် ရထိုက်သော ပါရမီ မဂ်ညွန့် ဖိုလ်ညွန့်တွေနှင့် တူလှပေသည်။ မဂ် ဖိုလ် မဟုတ်ဘဲနှင့် မဂ်ဖိုလ် ထင်မှတ်၍ ဆုံးဖြတ်သော ပုဂ္ဂိုလ်သည် မဟာပေါဓိပင်က အညွန့်တွေကို ချိုးဖြစ်သကဲ့သို့ မဂ်ညွန့် ဖိုလ်ညွန့်တွေကို ချိုးဖြစ်သောသူနှင့် တူလှပေသည်၊

ဆရာက အထင် အမြင် မှား၍ မဂ် ဖိုလ် ဘဲဟု တထစ်ချ ဆုံးဖြတ်လိုက်သည်နှင့် တ ပြိုင် တည်း တပည့် ဆရာ ဆုံးဖြတ်သည့်အတိုင်း တထစ်ချ ယုံကြည်၍ ငါ မဟာသောတာပန် ဖြစ်ပြီ အပါယ် တံခါး ပိတ် ပြီဟု ဟိန်းချ၍ တစခန်း အမော နားနေတတ်သည်။ ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ သောတာပန် အဖြစ်နှင့် ကာမရာဂ အနုသယ ဓာတ်ငုတ်တွေ ပေါ်ပေါက် သောင်းကျမ်း၍ ခံစားနေတတ်သည်။ ယခုဘဝတွင် တကယ် မဂ် ဖိုလ် ရထိုက်သော ပုဂ္ဂိုလ် ဖြစ်ပါလျက်နှင့် ဆရာက အဆုံးဖြတ် ပေးသည့်အတွက် စိတ်ချနေသောကြောင့် ရှေ့သို့ တရား အားထုတ်ရန် ရပ်စဲ သွား တတ် သည်။ သို့အတွက် တပည့်မှာလဲ အကျိုးယုတ် ဆရာ မှာ လဲ မဂ်ညွန့် ဖိုလ်ညွန့်ကို ချိုးဖြစ်ရာ ရောက်သောကြောင့်

အကျိုးယုတ် သို့အတွက် နှစ်ဦးနှစ်ဝ အကျိုးယုတ်ကြမည့်ကို စိုးသောကြောင့် ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးက များစွာ သတိပေး ဆုမ္မတော် မူလေသည်။

တကယ် အရိယာ ထင်မှတ်၍ ဆုံးဖြတ် ပြီးသည့်နောက် အနုသယဓာတ်ငုတ် ပေါ်-မပေါ်-ကံ သုံးပါးသောင်းကြမ်းမှုကို အနည်းဆုံး ခုနှစ်နှစ် စောင့်ကြည့်ရဦးမည်လို့ အမိန့်ရှိလေသည်။

## ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏<br>ဆုမ္မ သြဝါဒသည်၊<br>ဤတွင် ပြီးဆုံးခြင်းသို့ ရောက်၏၊

သိမ်တောင် ဂိုဏ်းလုံးဆိုင်ရာ သြဝါဒါစရိယ ဆည်ကြီး ဆရာတော်သည် အသက်အားဖြင့် (၇၁)နှစ် ဝါတော်အားဖြင့် (၄၇) ဝါရှိပြီ ဖြစ်သောကြောင့် ဖြူစင် ဖြောင့်မတ်သော မေတ္တာ စေတနာဖြင့် ဖြူစင်ဖြောင့်မတ် တည်ကြည်သော ယောဂီ ပုဂ္ဂိုလ်တို့အထူးအကျိုး များကြစေခြင်း အကျိုးငှါ ရေးသား ဖော်ပြလိုက်ပေသတည်း၊




ကမ္ဘာ့လောကနှင့် အပြည့်ရှိသော
ပညာဗဟုသုတ - အသိ အမြင်များကို အနှစ်သာရ ထုတ်ပြ ထားသည်။
အရာရာတွင် ဘယ်လို သိ–မြင်ရသည်ကိုလည်း နည်းချစေသည်။ ။
အမှတ်စဉ် ၁ - ၂ - ၃ - စသဖြင့် ထုတ်ဝေထားသည်။

ရွှေပြည်တန် စာပုံနှိပ်တိုက် ရန်ကုန်မြို့။

# စာပုံနှိပ်လုပ်ငန်းအမျိုးမျိုး

ပါဠိဘာသာ-မြန်မာဘာသာ-အင်္ဂလိပ်ဘာသာ
ကြိုက်ရာစာဖြင့်၊

ကျမ်းဂန်များ-စာအုပ်-စာတမ်းများ
ဖိတ်စာ-ကြော်ငြာစာများ အလုပ်တိုက်သုံး ပုံစံများကို
နိသျှည်းမှန် စံနစ်တကျ

**ခေတ်မှီ-တည်ထွင်၍ ကျွမ်းကျင်စွာ**

**တည်းဖြတ်-ပုံနှိပ်ပေးပါသည်။**

# ရွှေပြည်တန် စာပုံနှိပ်တိုက်

(တုတ်အင်ဆန်း-စန်းပွင့်ကုမ္ပဏီ)

**အမှတ် ၁၂=နှင်းပန်းလမ်း**

**ရန်ကုန်မြို့**